စစ်ကိုင်းတိုင်း၊ စစ်ကိုင်းတောင်ရိုး၊ ပဓာနဦးဆောင်၊ ကျစွာဆရာတော်

# ဘဒ္ဒန္တ လက္ခဏာ



၇၅ - နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်

အမှတ် ၂၃၆၄၃
ရက် ၃၁.၁၀.၂၁

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**စာတည်းအဖွဲ့**
ဆရာပါရဂူ၊ ဆရာချစ်ဦးညို၊ ဒေါ်သန္တာခင်၊
ဆရာသုရဇော်၊ ဆရာမြေလတ်မောင်မြင့်သူ၊
ဆရာကြည်ဇော်ဝင်း၊ ဦးကျော်အောင်မော်(ညှိရင့်)

**ပန်းချီသရုပ်ဖော်**
ကိုကိုနိုင်၊ ကိုဝင်းသိန်း၊ ဝိုင်ဝိုင်ပန်ဦး၊ ကေလတ်၊
သန်းဇော်သစ်၊ ဆက်အောင်တီတီ ၊ နော်(လ်)အိမ်ခန့်၊
တည်တံ့၊ ပိုပို၊ လင်းငြိမ်

**ကာလာခွဲ**
Color King

**မျက်နှာဖုံး-အတွင်းဒီဇိုင်း/ကွန်ပျူတာစာစီ**
ရဲသူအောင်

**စာအုပ်ချုပ်**
ညီညီနှင့် ညီအစ်ကိုများ

**ထုတ်ဝေသူ**
ဒေါ်သန္တာခင်

**ပုံနှိပ်သူ**
ဒေါ်သန္တာခင်
အင်ပါယာပုံနှိပ်တိုက်
(အမှတ်-၀၀၂၊ မြေညီထပ်၊ ရွှေဂုံပလာဇာဝင်း၊ ရွှေဂုံတိုင်)
ဖုန်း-၀၁-၅၅၉၁၄၇၊ ၅၅၉၁၆၀

**စောင်ရေ**
၁၀၀၀

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၅၃၀၀၆၄၁၀၁၀

**အတွင်းခွင့်ပြုချက်အမှတ်**
၅၃၀၀၇၉၁၀၁၀



စစ်ကိုင်းတောင်ရိုး၊ ပဓာနဦးဆောင်၊ စစ်ကိုင်းကျစွာဆရာတော်

# ဘဒ္ဒန္တလက္ခဏ

၇၅-နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်မဂ္ဂဇင်း

# CONTENTS

## ဥယျောဇဉ်


စိန်ရတုစာစောင်ထုတ်ဝေခြင်းအကြောင်းပြစကား


## ဓာတ်ပုံမှတ်တမ်း


ဆရာတော်ဦးလက္ခဏ၏ လက်ဦးဆရာတော်ကြီးများ
ဆရာတော်ဦးလက္ခဏ၏ ဆောင်ပုဒ်
ဆရာတော်ဦးလက္ခဏ၏ နှစ်အလိုက်ထူးခြားဖြစ်စဉ်
ဆွေစဉ်မျိုးဆက်ဇယား
ရေသန့်လုပ်အားဒါနရှင်ဆရာတော်
ဘွဲ့တံဆိပ်တော်ပူဇော်ပွဲအခမ်းအနား
နာဂစ်တွင်လည်းကူ
လှုပ်ရှားဆောင်ရွက်ဆေးရုံအတွက်
နှစ်စဉ်ကျင်းပ ဒုလ္လဘ
ကတောကျေးရွာတွင်ဆွမ်းခံဝင်
သံဃာတော်များနှင့်အတူ
နိုင်ငံရပ်ခြားခရီးစဉ်
ပါရမီကူညီဖြည့်ကြ ဒကာ၊ ဒါယိကာမ


## ကဗျာ


မြတ်အရှင်သို့ကန်တော့ပန်း - မောင်ယဉ်ဦး - ၅
မြတ်မထေရ်သို့ - ထွန်းမြရီ - ၆
မြတ်ဆရာ - နုနုဝင်း - ၇
သီကျူးမကုန်ဆရာ့ဂုဏ် - ရွှေတောမြိုင် - ၈
မထေရ်မြတ်ဇရာဝတီ - ဣန္ဒာနွယ် - ၉
ဗာ - စိုးနိုင် - ၁၀
ပရိတ်ဖျန်းလို့ပဋ္ဌာန်းဝေ - မြေလတ်မောင်မြင့်သူ - ၁၁
သံသရာထဲမှာ - မြင့်သဇင် - ၁၂
ရဟန်းသုံးပါး - မောင်သင်းဝေ - ၁၃
ညီမျှခြင်း - သန္တာမြရီ - ၁၄
တရားရိပ်မှာ - ရန့်အောင် - ၁၅
မြတ်သည့်မနော - မောင်ယဉ်ပန် - ၁၆
မြတ်သာသနာ - ကျော်လင်းဦး - ၁၇
မြတ်ဒါန - သဥ္ဇာမြင့်ယဉ် - ၁၈
အတ္တနရီ - ယဉ်ပန်ဝေ - ၁၉
မှာတမ်း - မောင်ဆွေသစ် - ၂၀
လက်စုံမိုး၍ ရှိခိုးကန်တော့ပါသည် - မောင်ကြည်သာ - ၂၁
ကောင်းကင်တစ်ခု၏ ဂုဏ်သိက္ခာ - မောင်စိုးသစ် - ၂၂
တောင်ကုန်းပေါ်ကသစ်ပင် - နေမျိုး - ၂၃









ဝါးချက် - မောင်သစ်ဦး - ၂၄
နိမ္မာန် - မိုသျှန်း - ၂၅
ဆုတောင်း - ညိုရင့် - ၂၆
အရတော်ဗွ လူ့ဘဝမှာ - ရွှေမင်းသား - ၆၈
ဖြစ်စဉ် - မိုးသက်ဆွေ - ၇၀
အေးရိပ်ငြိမ်စိန်ရတု - တက်လူ - ၁၇၆

## ဆောင်းပါး

ကျူစွာဆရာတော်လေး - ဒေါက်တာပဏ္ဍိတ - ၂၇
ပန်းခင်းသောလမ်းပေါ်ကခြေလှမ်းများ - အရှင်ပုညာနန္ဒ - ၂၉
ကျူစွာနှင့်မိမိ - ဇယမေဒနီအရှင်နန္ဒိယ - ၃၂
သိရီလက္ခဏာမဟာထေရ် - ဥုးမာနိတ - ၃၅
ဘက်ပေါင်းစုံမှ ရှုတိုင်းလှ - အရှင်အဂ္ဂဉာနာဘိဝံသ - ၃၉
ပန်းခင်းသောလမ်းကို ဖန်တီးသူ - အရှင်တေဇ - ၄၄
ခမာဂုဏ်နှင့်ပြည့်စုံစွာ - အရှင်အာဒိစ္စဝံသ - ၄၉
မွန်မြတ်သောဘဝတစ်ခုရဲ့ - ကိုရင်စစ် - ၅၂
အမျိုး-ဘာသာ-သာသနာ တင့်တယ်စေသူ - သဗြူးမြသောင်း - ၅၅
ဓာမဏီနှင့်ထူးမခြား - တက္ကသိုလ်မြတ်သူတိုး - ၆၁
သာဓုခေါ်နိုင်ပါစေသတည်း - မောင်မြတ်ရည် - ၇၁
ဒူးတုပ်လောက်သော ပုဂ္ဂိုလ် - မင်းစော - ၇၄
လက်ဆင့်ကမ်းဂရုဏာ - သီရိဣန္ဒြာ - ၇၈
ဖိစီးမှုနှင့် ဝိပဿနာ - ပါရဂူ - ၈၃
ထူးထူးခြားခြားတရားဦး - ဆောင်းဝင်းလတ် - ၈၅
ဗုဒ္ဓ၏လက်ယာရံသမီးတော် - မြစပ္ပါယ် - ၈၇
အတိတ်ကရင်၌ ထင်ဟပ်ညီတွယ် - တိုက်အုပ်ဘုန်းကြီး - ၉၀
ပုဂံမှဇရာဝတီရေစီးသံ - မောင်ကျော်ဇော - ၉၃
ကရုဏာနှလုံးသား၏ပုံရိပ်များ- အရှင်နန္ဒမာလာဘိဝံသ - ၉၈
ကျူစွာဆရာတော်ဘုရား၏… - သိက္ခာရှင်သုရောဇနု - ၁၀၀
အောင်မြင်မှုနှင့်အထွတ်တင်သော - အရှင်အာဒိစ္စဝံသ - ၁၀၅
ကျူစွာဆရာတော်ရှင်လက္ခဏာ၏… - ငြိမ်းအေးရှင် - ၁၀၈
တစ်ခိုင်လုံးစိန် - ဦးစံရင် - ၁၁၁
ပညာရေးအတွက်ဆောင်ရွက်ချက် - ဦးသန်းထွန်း - ၁၂၀
ရွှေဝတ်ဆံ တတိုင်းမွှေး - ခင်ဆွေဦး - ၁၂၅
ဆွမ်းစားသူများ - ချစ်ဦးညို - ၁၂၉
ဘာအရေးကြီးဆုံးလဲ - ကောင်းသန့် - ၁၃၃



သာသနာရဲ့ အမှိုက်ထုပ် - နန္ဒာမိုးကြယ် - ၁၃၆
ကြည့်ရှုပွားများသဒ္ဒါအားတက် - စိုးဟိန်း(မန်းတက္ကသိုလ်) - ၁၄၁
သံဃာတော်များသက်တော်ရာကျော်ရှည်ပါစေ - ကြည်ဇော်ဝင်း - ၁၄၄
သွားပါများဝါးချက်ရောက် (၂) - ကဲသာ - ၁၄၇
တုထိဝေဒလ္လဂါထာများ - အရှင်ပညာသိရီဘိဝံသ - ၁၅၀
မြတ်စွာဘုရား၏တရားစာအုပ် - ပဋ္ဌသီ - ၁၅၃
ဆရာတော်ဦးလက္ခဏ(သို့မဟုတ်)ဝီရိယ - ဒေါက်တာသံစစ် - ၁၆၅
တရားရှာမှီး တောတောင်ခရီး - မောင်မျိုးအောင် - ၁၆၁
နေလိုလလိုဆရာတော် - ဒေါက်တာချယ်ရီ - ၁၆၆
မြန်မာပြည်တွင် ကြုံခဲ့ရသည့် - ဦးအောင်မင်း - ၁၇၁
ခနရှင်လား ဒါနရှင်လား - ယဉ်မင်းဦး(ဆေးတက္ကသိုလ်) - ၁၈၃
ဝါးချက်ဇီဝိတဒါန - သုဒဿန - ၁၈၆
မြင့်မြင့်တဲ့ကုသိုလ် - တိုးတိုး - ၁၉၃
စိန်ရတုတဲ့လား - နန္ဒာမင်းဝေ - ၁၉၇
သမုဒ္ဒရာကြီးခြားနေသော်လည်း - ရီတာအောင် - ၂၀၂
ကျေးဇူးရှင်ဆရာတော်ဘုရားကြီး - စောမြတ်ကလျာ - ၂၀၄
၇၅ နှစ်ပြည့်သယံသိဒ္ဓိ - အရှင်မာနိတ - ၂၀၉






## ကာတွန်း


သစ်ထွဏ်း - ၁၄၀
ထွဏ်း-မန်း - ၁၆၅
ဘီဂျီ - ၁၇၅


## ဝတ္ထု


အငြိမ်းဓာတ်ဖျန်း မြတ်ရဟန်း - မန္တလာမြလေး - ၂၁၄
ပန်းခင်းသောလမ်းမဟုတ်ပါလေ - ဣန္ဒာနွယ် - ၂၃၈
ဗုဒ္ဓစွမ်းရည်နှင့် ကျွန်ုပ်တို့သားအဖ - မြနှင်းဆီ - ၂၄၃
ကျစွာချောင်ကိုသတိရသည် - သောင်းဝေဦး - ၂၄၇


## စာစောင်ဖြစ်မြောက်ရေးကော်မတီ

### (မြန်မာပြည်အောက်ပိုင်း) ကော်မတီအဖွဲ့

ဆရာပါရဂူ
ဆရာချစ်ဦးညို
ဒေါ်သန္တာခင်
ဆရာသူရဇော်
ဆရာမြေလတ်မောင်မြင့်သူ
ဆရာကြည်ဇော်ဝင်း
ဦးကျော်အောင်မော်(ညိုရင့်)

### (မြန်မာပြည်အထက်ပိုင်း) ကော်မတီအဖွဲ့

ဦးမြသောင်း
ဦးရဲထွန်း
ဆရာညီပုလေး
ဆရာညီစေမင်း
ရေနံ့သာစိုးလှိုင်
ဦးကျော်ရင်မြင့်
လမင်းသစ်
မောင်စိုးအောင်(စလင်း)

# စိန်ရတုစာစောင်ထုတ်ဝေခြင်း အကြောင်းပြစကား

ရှေးရှေးဘဝများစွာက ပြုလုပ်အားထုတ်ခဲ့သော ကုသိုလ်ကောင်းမှုကံ၏ ထောက်ပံ့မှုဖြင့် ရခဲလှသော မနုဿလူသားဘဝကို ရရှိပေပြီ။ ယင်းသို့ ကံကောင်းထောက်မ၍ ရရှိခဲ့ကြသော မနုဿလူသားဘဝမှာ အချိန်ကာလ ခေတ်သမယအလိုက် ကန့်သတ်ထားသောလူတို့၏ သက်တမ်းအလျောက် လူ့ဘဝမှာ ရပ်တည်နေကြရပေသည်။ ယခုဂေါတမမြွယ်ဘွား ဗုဒ္ဓမြတ်စွာဘုရား၏ လက်ထက်တော်မှစ၍ လူတို့၏သက်တမ်းကို အနှစ်တစ်ရာတမ်းဟု သတ်မှတ်ထားကြသည်။ လူ့ဘုံမှာ အနှစ်တရာကြာတိုင်း လူ့သက်တမ်းတစ်နှစ်တစ်နှစ်လျှော့နှင့် တွက်ယူလျှင် ဗုဒ္ဓရှင်ပရိနိဗ္ဗန် စံတော်မူသည့်နှစ်ကစတင်၍ ရေတွက်လာခဲ့တဲ့ သာသနာတော် နှစ်ပေါင်း ၂၅၅၄ နှစ်အတွင်းမှာ လူ့သက်တမ်း ၂၅ နှစ်ကျော် လျော့လာပြီဖြစ်၍ ယခုခေတ်အခါ လူတို့၏ သက်တမ်းကို ပျမ်းမျှတွက်ချက်ကြည့်လျှင် (၇၅) နှစ်တန်းဟု သတ်မှတ်ရပေပြီ။ ယင်းသို့ (၇၅) နှစ်ကာလသည် အလွန်ပင် လျှင်မြန် တိုတောင်းသော အချိန်ကာလကလေးသာ ဖြစ်ပေသည်။

ထို့ကြောင့် မြတ်စွာဘုရားရှင်က ချစ်သားရဟန်းတို့-

အပ္ပံဝတဇီဝိတံဣဒံ = ဤလူတို့သက်တမ်းသည် အနည်းငယ်လေးမျှသာကြာခြောင်း၍ တိုတောင်းလှပေ၏တကားတဲ့။

ဩရံဝဿသတံပိ မီယတိ = လူတို့သတ်မှတ်ထားသော သက်တမ်းအနှစ်တစ်ရာအတွင်း၌ပင်သော်လည်း သေပွဲဝင် ရပေ၏။

ဧအတိစ္စဇီဝတိ = အကယ်၍ ကံကောင်းထောက်မ၍ အနှစ်တစ်ရာထက် ကျော်တက်ပြီး အသက်ရှည်ရစေကာမူ။

မဝေသောဇရသာပိ မီယတိ = အိုလှမက အိုမင်းရွတ်တွလာပြီဆိုလျှင် မလွဲမသွေ သေပွဲဝင်ရမှာပါတကား… လို့ မိန့်ကြားတော်မူခဲ့ပေပြီ။

ယင်းသို့တိုတောင်းလျှင်မြန်လှသော လူ့ဘဝမှာ နေရသည့်အခိုက် အမြဲမပြတ် သိတိချပ်၍ ရှုပွားဆင်ခြင် ရမည့် တရားငါးပါးကို အဘိဏှပစ္စဝေက္ခိတဗ္ဗသုတ်ဖြင့် သတိပေး ဆုံးမတော်မူခဲ့ပေသည်။

ငါ၏ချစ်သား၊ ချစ်သမီးတို့ အမျိုးသမီးဖြစ်စေ၊ အမျိုးသားဖြစ်စေ၊ ရဟန်းယောက်ျားဖြစ်စေ၊ ရဟန်းမိန်းမများ ဖြစ်စေ မည်သူမဆို အမြဲနိစ္စ နေ့ညမပြတ် ဆင်ခြင်ပွားများရမည် တရားငါးပါးရှိပေ၏။

ထိုတရားငါးပါးကား----

၁။ ငါသည် အိုမင်းရင့်ရော်ခြင်းသဘောရှိ၏ အိုမင်းရင့်ရော်ခြင်း သဘောတရားကို မလွန်ဆန်နိုင်ပါတကား၊

၂။ ငါသည် နာခြင်းသဘောတရားရှိ၏ နာခြင်းသဘောတရားကို မလွန်ဆန်နိုင်ပါတကား၊

၃။ ငါသည် သေခြင်းသဘောရှိ၏ သေခြင်းသဘောကို မလွန်ဆန်နိုင်ပါတကား၊

၄။ ငါ၏ချစ်ခင်စုံမက်မြတ်နိုးသူတို့နှင့် သေကွဲသော်လည်းကောင်း၊ ရှင်ကွဲသော်လည်းကောင်း၊ မလွဲမသွေ ကွဲကွာရမှာ ပါတကား၊

၅။ မည်သည့်ပုဂ္ဂိုလ်မဆို မိမိတို့ကိုယ်တိုင် ပြုလုပ်အပ်သောကောင်းမှု မကောင်းမှု ကံတရားသည်လျှင် ကိုယ်ပိုင်ဥစ္စာ ရှိပေ၏၊ ကံသာလျှင်အဆွေအမျိုး၊ ကံသာလျှင်အကြောင်းရင်း၊ ကံသာလျှင်မှီခိုပုန်းအောင်းရာရှိပေ၏ တကားဟု အမြဲမပြတ် ဆင်ခြင်ပွားများရမည်ဟု ဗုဒ္ဓမြတ်စွာဘုရား မိန့်ကြားတော်မူပါသည်။

ယင်းသို့ မိန့်ကြားတော်မူသော ဆင်ခြင်ရှုပွားစရာငါးပါးတို့တွင် အသက် (၇၅) နှစ်ကျော်သို့ ရောက်ရှိနေကုန်သော မည်သည့် ပုဂ္ဂိုလ်မဆို သေခြင်းတရားဆီသို့ ရှေးရှူဦးတည် သွားနေကြသည်ဖြစ်ရာကား မသေမီ အိုခြင်းတရားကို အထူးဆင်ခြင်ရှုပွားသင့်လှပေသည်။

မည်သည့်ပုဂ္ဂိုလ်ဆိုတဲ့အထဲတွင် တစ်ဦးအပါဝင်ဖြစ်သော ဤစိန်ရတုမွေးနေ့ရှင်သည်လည်း အသက် ၇၅ နှစ်ကျော်၍ ၇၆ နှစ်အတွင်းသို့ ကျော်နင်းလာပြီးဖြစ်ရကား သတိသွတ်ပေါ့ မေ့မေ့လျော့လျော့ မနေသင့်တော့ပြီဟု အမြဲနှလုံးသွင်း ဆင်ခြင်ရပေတော့မည်။

ဤနေရာ၌ အနှစ် (၇၅) နှစ်သို့ ရောက်လာသည့် ပုဂ္ဂိုလ်၊ အသင်းအဖွဲ့စသည်တို့ကို စိန်ရတုနှစ်သို့ ရောက်ရှိနေသည့် ပုဂ္ဂိုလ်အသင်းအဖွဲ့ဟု ကဗ္ဗည်းမော်ကွန်းတပ်ကာ ဂုဏ်တင်ပြောဆိုလေ့ ရှိကြပါသည်။

ယင်းစိန်ရတု၏အောက်တွင် ရွှေရတုနှင့်ငွေရတုဆိုတာတွေ ရှိနေပေ၏။ ထိုတွင် အနှစ်အားဖြင့် (၂၅) နှစ်သို့ ရောက်ရှိက ငွေရတု၊ အနှစ်အားဖြင့် (၅၀) နှစ်သို့ရောက်ရှိက ရွှေရတုဟုကင်းပွန်းတပ်၍ ခေါ်ပြောဆိုလေ့ရှိကြပါ၏။ ထို စိန်၊ ရွှေ၊ ငွေ သုံးမျိုးတို့တွင် ရွှေသည် ငွေထက်အရောင်အဆင်း အနှစ်သာရပို၍သာလှပြီး တန်ဖိုးအားဖြင့်လည်း ငွေထက် ရွှေက တန်ဖိုးများစွာထိုက်တန်၏၊ တစ်ဖန်စိန်သည် ရွှေထက် အရောင်အဆင်းအားဖြင့်လည်းကောင်း၊ အနှစ်အသားအားဖြင့်လည်းကောင်း တောက်ပြောင် မာကြောပြီး တန်ဖိုးအားဖြင့်လည်း မနှိုင်းသာလောက်အောင် ထိုက်တန်လှပေသည်။

စိန်၏အရောင်အဆင်းအားဖြင့် တောက်ပြောင်ပုံကို "စိန်အမှောင် ကြောင်အလင်း" ဟူ၍ပင် နှိုင်းယှဉ်၍ ပြောစမှတ် ပြုကြသည်မဟုတ်ပါလား။ နဝရတ်ရတနာကိုးပါးတို့တွင် ကြောင်ဟူသော ကျောက်မျက်ရတနာသည် အလင်းရောင်ရှိသော နေရာ၌ သူ၏အရောင်အသွေးကိုသေချာသိနိုင်၏။ စိန်ရတနာသည်ကား အမိုက်အမှောင်ထဲမှာ ထား၍ ကြည့်ရှုစစ်ဆေးမှ အပြင်မှအလင်းရောင်ကိုယူကာ အမှောင်တွင်းမှ အရောင်အဆင်း၏ တောက်ပြောင်မှုက ပို၍တက်ကြွ ကွန့်မြူးနိုင်ပါ၏။ စိန်ရတနာကို အခြားရတနာများနှင့်အတူ အလင်းရောင်မှာထား၍ ကြည့်က စိန်၏အလင်းရောင်သည် အခြားရတနာများနှင့် ထူးခြားသည်ဟုမထင်ရပေ၊ အမှောင်တွင်းမှာထား၍ကြည့်မှသာ စိန်၏အရောင်က အခြားရတနာ များ၏ အရောင်ထက်ပို၍ သာလွန်တောက်ပသည်ကို သိနိုင်ပေသည်။ အကြောင်းဆိုရသော် စိန်ရတုသည် အနှစ်အသားအားဖြင့် ကျစ်လစ်ခိုင်မာပြီး အနှစ်သာရရှိသော အသားမှ ထွက်ရသောအရောင်ဖြစ်၍ အခြားရတနာများထက် ထူးခြား တောက်ပြောင်နေခြင်းဖြစ်ပေသည်။

စိန်ရတု၏ အနှစ်အသားကျစ်လစ်မာကြောပုံကလည်း အခြားမာကြောသည့် အသားရှိသော မှန်လို အရာဝတ္ထုများကို စိန်ဖြင့်ဆွဲ၍ဖြတ်က ပြတ်တောက်သွားနိုင်၏။ အပေါက်ဖောက်ကလည်း လိုအပ်သလို ဖောက်ထွင်းနိုင်စွမ်းရှိ၏၊

ထိုနည်းတူစွာ မနုဿလူသားတို့သည်လည်း မိမိတို့၏ သန္တာန်၌ သီလ၊ သမာဓိ၊ ပညာဟူသော အနှစ်သာရ ပြည့်ဝရန်နှင့် သီလ၊ သမာဓိ၊ ပညာဂုဏ်ရောင်များ ကွန့်မြူးထွက်ကျလာအောင် ကျင့်ဆောင်ကြရပေသည်။

ယင်း သီလ၊ သမာဓိ၊ ပညာ အနှစ်သာရနှင့်ဂုဏ်ရောင်တို့သည်လည်း သူ့အလိုလို တက်လာနိုင်သည် မဟုတ်ပေ။ တဖြည်းဖြည်း ကျင့်ကြံကြိုးစားပွားများမှသာလျှင် တစ်ဆင့်ထက် တစ်ဆင့်ရင့်သည်ထက်ရင့်၍ ပွင့်လင်းလာမည် ဖြစ်ပေသည်။

ဥပမာအားဖြင့်ဆိုရသော် နှစ်ကာလအတိုင်းအတာရ (၂၅) နှစ်တာကာလသို့ ရောက်ရှိနေသော မနုဿလူသားတစ်ဦးသည် အချိန်ကာလနှင့်အမျှ ကောင်းကျိုးရစေမည့် စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ သာသနာရေးကိစ္စတို့ကို လုပ်ကိုင် ဆောင်ရွက်နေသူဖြစ်လျှင် လုပ်ဆောင်နိုင်သည်နှင့်အမျှ ကြီးပွားတိုးတက်နေမည်သာ ဖြစ်သည်။ သီလ၊ သမာဓိ၊ ပညာတရားတို့ကို ကျင့်ဆောင်အားထုတ်နေသည့် သူတော်စင်ဖြစ်က (၂၅) နှစ်တာကာလကြာသည်နှင့်အမျှ သီလ၊ သမာဓိ၊ ပညာ အနှစ်သာရနှင့် ဂုဏ်ရောင်တို့သည် အစဉ်တောက်ပြောင် ထွန်းပနေသည်ဖြစ်ရကား ငွေရတုနှစ်ဟုသတ်မှတ်ကာ ဂုဏ်ပြုခေါ်ဆိုရမည်ဖြစ်၏။

တစ်ဖန်တစ်ဆင့်တက်၍ အဆက်မပြတ်မှန်မှန် အားထုတ်နေသူဖြစ်ပါမူ အနှစ် (၅၀) သို့တိုင်ရောက်က စီးပွားရေး၊ လူမှုရေးနှင့် ဘာသာရေး၊ သာသနာရေးတို့မှာ တိုးတက်သည်ထက် တိုးတက်ဖြစ်ထွန်းလာပေမည်။ သီလ၊ သမာဓိ၊ ပညာတရား တို့သည်လည်း အနှစ် (၅၀) တာကာလ ကြာငြောင်းလာသည်နှင့်အမျှ အနှစ်သာရတို့သည်လည်း ဆထက်တန်ဖိုးတိုးကာ ခိုင်မာဖြစ်ထွန်းပြီး သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် အရောင်အလင်းတို့

သည်လည်း တောက်ပထွန်းလင်းလာရကား ရွှေရတုနှစ်ဖြင့် ဂုဏ်တင်မြှောက်စား အလေးထားရမည် ဖြစ်ပေသည်။

ထို့ထက်အရှိန်အဝါတက်၍ ဆက်လက်ကြိုးစားပွားများ အားထုတ်လာသူများသည် စိန်ရတနာကဲ့သို့ မိမိတို့၏ လုပ်ဆောင်ချက်များမှာ ပို၍ပို၍ ခိုင်မာတောင့်တင်းပြီး အရောင်အလင်းများ မြူးကြွန့်ထွက်ကြွကာ သီလ၊ သမာဓိ၊ ပညာ ဂုဏ်ရောင်တို့ဖြင့် အတင့်တယ်ကြီးတင့်တယ်နေမည်ဖြစ်ရတကား စိန်ရတုနှစ်ဟုပင် ဂုဏ်တင်မြှောက်စား အလေးထားရခြင်း ဖြစ်ပေသည်။

ဤသဘောတရားတို့ကို အမှန်ဖြစ်သိပညာရှိတို့သည် မိမိတို့ဆောင်ရွက်နေသော အသင်းအဖွဲ့၏ လုပ်ဆောင်ချက်များ တိုးတက်ဖြစ်ထွန်းကာ အများအကျိုး၊ သာသနာအကျိုး သက်ရောက်မှုရှိသည်ကို တွေ့မြင်ရသည့်အခါ အချိန်အခါ နှစ်ကာလ အလိုက် ငွေရတုနှစ်၊ ရွှေရတုနှစ်၊ စိန်ရတုနှစ်ဟု ဂုဏ်ယူဝမ်းသာပီတိတွေ ဖြာကြရပေသည်။

အချို့သောတပည့်များကလည်း မိမိတို့၏ အားထားကိုးကွယ်ရာ ဆရာသမားတို့အား အစဉ်လေးစားကြည်ညို သဒ္ဒါပွားကာ ဆရာသမားတို့၏ကျင့်ဆောင်ချက်တို့ကို ဉာဏ်ဖြင့်ဆင်ခြင် သိမြင်သုံးသပ်၍ မိမိတို့၏ ကျေးဇူးတော်ရှင် ဆရာသမား တို့၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို လေးမြတ်ကော်ရော် ပူဇော်လေ့ရှိကြပေသည်။

တပည့်ရဟန်းရှင်လူတို့၏ အပူဇော်ခံဆရာသမားတို့ကလည်း ကိုယ်တိုင်က တပည့်များ၏ အပူဇော်ခံထိုက်သည့် ဂုဏ်ကျေးဇူးရှိမရှိ ဆင်ခြင်သုံးသပ်၍ ဂုဏ်ကျေးဇူးများမရှိက ရှိအောင် မပြည့်သေးက ပြည့်အောင် ကျင့်ဆောင်သင့်က ကျင့်ဆောင်နိုင်ရပေမည်

အချို့သောပုဂ္ဂိုလ်သူမြတ်တို့သည်ကားမိမိတို့ ဂုဏ်သိက္ခာပေါ်လွင်မှုကို ကြောင်လက်သည်းများကဲ့သို့ သိုဝှက်၍ ကျင့်သုံးတော်မူကြ၏။ ကြောင်များသည် မိမိတို့လက်သည်းကို သာမန်အခါ သိုဝှက်၍ ထားတက်ကြသော်လည်း အရေးအကြောင်းရယ်လို့ ကြုံကြိုက်လာသည့်အခါ မိမိတို့၏ လက်သည်းများကို ထုတ်ဖော်၍ အသုံးပြုကြ၏။ ထိုနည်းတူ ပညာရှိသူတော်ကောင်းတို့သည်လည်း မိမိတို့ဂုဏ်သိက္ခာကို ပေါ်ပေါ်လွင်လွင် ဖြစ်အောင်မနေဘဲ လူသာမန်တို့ကဲ့သို့ နေတတ်ကြသော်လည်း အနီးအကပ် ဆည်းကပ်၍ လေ့လာကျင့်သုံးကြည့်မှသာ ထိုပညာရှိ ပုဂ္ဂိုလ်မြတ်တို့၏ အကျင့်သိက္ခာကို ပို၍လေးစားကြည်ညိုနိုင်ကြကုန်၏။

စိန်ရတနာသည်အများမြင်သာသော အလင်းရောင်ရှိတဲ့နေရာ၌ အခြားရတနာတို့၏ အရောင်နှင့် ထူးခြားသည်ဟု မထင်ရသော်လည်း လူအများမြင်ရာ အလင်းရောင်ကင်းအမှောင်တွင်းမှာ အရောင်အလင်းထွက်ကြွလင်းလက်သည့်ပမာ အကျင့်သိက္ခာတို့၏ အရောင်အလင်းသည် အနီးကပ်ဆည်းကပ်ကျင့်ကြံသူတို့၏ သန္တာန်မှာသာ ကြည်ညိုဆွတ်ပျံ့ဖွယ် မြူးကြွန့်ထွက်ကြွကုန်၏။ ထို့ကြောင့် "စိန်ကဲရွှေကဲထက် လူကဲခပ်ရန် ခက်လှသည်" ဟု ပြောလေ့ပြောထရှိကြသည် မဟုတ်ပါလော။ ပညာရှိသူတော်ကောင်းမှန်က ကြောင်လက်သည်းကဲ့သို့လည်းကောင်း စိန်ရတနာကဲ့သို့လည်းကောင်း အကျင့်သိက္ခာ သိပ်သည်းကျစ်လစ်တော်မူကြကုန်၏။

ကျေးဇူးတော်ရှင် ရွှေကျင်နိကာယဒုတိယမြောက်သာသနာပိုင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက "ရဟန်းကိစ္စ၊ နှစ်ခုရ၍၊ လုံးလအားသည်း၊ ဟိတ်ဟန်နည်း၍၊ ပစ္စည်းမလို၊ စိတ်မတို၊ ခင်ပျို့ကြီးပွားကြောင်း" ဟု မိန့်မှာ ဆုံးမတော်မူသည့်အတိုင်း ဆရာတော်ဘုရားကြီးကိုယ်တော်တိုင်သည် အကျင့်သိက္ခာနှင့် ပတ်သတ်၍ အများသိအောင် ဟိတ်ဟန်မဆောင်ဘဲ သိုသိုဝှက်ဝှက် သိပ်သိပ်သည်းသည်း ကျင့်သုံးတော်မူကြောင်းကို ကျေးဇူးတော်ရှင် မန္တလေးမဟာဝိဇိတာရုံ ဆရာတော်ဘုရားကြီး မိန့်ကြားသည်ကို နာခံမှတ်သားဘူးပါ၏။

သို့ဖြစ်ရကား ဆရာသမားများဘက်က တပည့်များ၏ အပူဇော်ခံထိုက်အောင် ကျင့်ဆောင်နိုင်ရန်နှင့် တပည့်ရဟန်း ရှင်လူများဘက်က သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့်ပြည့်စုံသော ဆရာသမားတို့၏ ဂုဏ်ကျေးဇူးတော်တို့ကို လေးမြတ်ကော်ရော် ပူဇော်ခွင့်ရရှိကြစေရန် စိတ်ရည်သန်လျှက်ကျေးဇူးတော်ရှင် စစ်ကိုင်းကျစွာဆရာတော်ဘုရားကြီး ဘဒ္ဒန္တလက္ခဏ မဟာထေရ်မြတ်၏ သက်တော် (၇၅) နှစ်ပြည့် စိန်ရတုမွေးနေ့မင်္ဂလာအမှတ်တရအဖြစ် စိန်ရတုမဂ္ဂဇင်း စာစောင်ကို ထုတ်ဝေရခြင်း ဖြစ်ပေသည်။

*စိန်ရတုမဂ္ဂဇင်းစာစောင်ဖြစ်မြောက်ရေးတာဝန်ခံ*

*၂၂-၉-၂၀၁၀*

# ဆရာတော်ဦးသေက္ခဏာ၏
# ဆဂင်ဦး ဆရာတော်ကြီးများ



မူလစာချဆရာတော်ဘဒ္ဒန္တဦးအဂ္ဂဝံသာဘိဝံသ
ပေါက်မြိုင် အလယ်တိုက်ကြီး
မန္တလေးမြို့။



ကျစ္စာခေါင်ကို လွှဲအပ်တော်မူခဲ့သော
ကျေးဇူးရှင်
ကျစ္စာဆရာတော်ဘုရား ဦးဝိဇယ



ဒက္ခဏာရာမကျောင်းတိုက်ကြီးကိုလွှဲအပ်တော်မူခဲ့သော
မြင်းခြံခရိုင်၊ ကတောကျေးရွာ
မူလပဓာနနာယကဆရာတော်ကြီး ဦးဥတ္တရ

# မြတ်အရှင်သို့ကန်တော့ပန်း

မောင်ယဉ်ဦး–ခနေဖြူ




သီလအကျင့်၊ သမ္မာရင့်ကျက်
နှီးဖွင့်တမန်၊ ထက်နဘံက
ဆက်ဆံကြိုဆို၊ မြတ်နိုးလိုဘိ
ပင်ကိုယ်မူလ၊ ထင်ကရမို့
ရှင်ပြသဏ္ဍာန်ငြိမ်းစေအံ့။

ဘဒ္ဒန္တလက္ခဏ၊ ဘွဲ့မည်ရယူ
ခနေဝါသီ၊ တောရမည်တည့်
ရာသီစက်ခွင်၊ လှည့်ပတ်ဝင်ခဲ့
မြတ်ရှင်ဆရာတော်ဖြစ်ချေပြီ။

သက်တော်ပွားထည်၊ ရောက်ရှိရွယ်လည်း
ဆိုဖွယ်မရှိ၊ စိတ်အသိက
ဘူမိနက်သန်၊ အခြေခံထား
ကျင့်ကြံကျိုးကုတ်၊ တရားထုပ်ကို
မဆုတ်မနစ်၊ မြတ်နိုးချစ်မိ
အားသစ်ဉာဏ်ရွှင်အေးချေပြီ။

ခမ္မအသိ၊ အံ့ဩဘိခြင်း
အသိထူးမြတ်၊ ခန္ဓာမှတ်စွဲ
ဆောင်အပ်ရှောင်အပ်၊ ပိုင်းခြားထပ်လျက်
စေ့စပ်ကျေပွန်၊ မြတ်အမွန်မို့
အကျွန်ထိပ်တင်၊ ကန်တော့တင်သည်
ငါပင်ရှိခိုး လက်စုံမိုးကာ
ရိုကျိုးသဒ္ဒါ၊ ပွားချေပြီ။

ဩော်…

ကျင့်မြတ်တရား၊ မှတ်ယူပွားဝေ
လူသားမွန်မြတ်၊ ကျင့်စိတ်ဓာတ်နှင့်
သုံးရပ်လောကီ၊ ပဏ္ဍာချိုင့်
အစီမဆုံး၊ တော်ဖြောင့်သုံးတည့်
သီကုံးရေးဖွဲ့၊ လက်ာနွဲ့စေ
ညွှန်းဖွဲ့ဆရာ၊ မြတ်ထေရ်ဝါမို့
ဒီပါကောင်းခြင်း တင့်စေသတည်း။ ။

(ဘဒ္ဒန္တလက္ခဏမဟာထေရ်သို့)

မောင်ယဉ်ဦး–ခနေဖြူ

# မြတ်မထေရ်သို့

ထွန်းမြရီ




သာသနာစက်၊ နေရောင်လက်သို့
ကျောက်ထက်အက္ခရာ၊ ဆရာအကျော်
ကျိုးမျှော်ဆွတ်ရူး၊ မထေရ်ထူးမို့
ရည်စူးကော်ရော်ရှိသည့်တာ။

လောကနည်းပေါင်း၊ နိမိတ်ကောင်းနှင့်
ပျံ့လှောင်းမြတ်မွန်၊ ထမ်းကျေပွန်ရွက်
ရည်သွန်ကြိုးကုပ်၊ တရားထုပ်ဖြင့်
နှစ်ချုပ်ဉာဏ်မြင်၊ မထေရ်ရှင်တည့်
ဦးတင်မြတ်နိုးရှိသည့်တာ။

ဦးလက္ခဏာ၊ အမည်ရလျက်
ကြည်မြသဒ္ဓါ၊ မြကမ္ဗလာဝယ်
ပြည်ရွာချမ့်မြေ့၊ စဉ်ဓလေ့ဖြင့်
သည်နေ့ရက်မြက်၊ ပူဇော်အပ်သည်
သုံးရပ်သာသနာထွန်းသည့်တာ။

မထေရ်မြတ်အရှင်၊ သင်းပျံ့တွင်လိမ့်
ပဲ့ပြင်ဆုံးမ တရားပြခဲ့
ဘဝနေခြည်၊ ထွန်းတင့်ကြည်သို့
ဆယ်လီယုက်မိုး၊ စိတ်ဝယ်နိုးမိ
ရှိခိုးဦးတင်၊ စာဆိုရှင်သည်
လန်းရွှင်သဒ္ဒါတိုးလိမ့်တကား။ ။

ထွန်းမြရီ

# မြွတ်ဆရာ

နုနုဝင်း

နဒီဇရာ ခွေကာဝိုင်းပါတဲ့
ဧယျာကိုင်း ကုန်းမြင့်ချောင်
တုန်းအမြင့်မြင့် သုံးဆင့်မကမြှောင်သည့်
မဟာအတုလရုံသီကျူစွာချောင်။

လောင်းတော်မြွတ်အဆူဆူလျှင်
ကျင့်မှုစဉ် ရှစ်အင်လမ်း
လှစ်ဖြူစင် ခွန်းခြွေဟောပါတဲ့
တောရိပ်သာ မဂ္ဂင်စခန်းကိုဖြင့်
ထက်ဝေယံ သာနှန်းက
စိန်ကြွေနှန်း မြွတ်မဟော်ပင်
ဦးတော်နှိမ်ချရပါဘိတောင်း။

အထူးသော်မမှိန်ဘုန်းရှိန်မြူးပါလို့
ဖူးမြော်ချင်စရာ ဂုဏ်သိဟ်ထူးပါတဲ့
ဦးတော်တင်ကာ တန်ခိုးအရှိန်ကို ဦးနှိမ်သပါရဲ့
ဦးလက္ခဏာကဝိဆရာအမော်
တပည့်တော်တို့ အပေါ်တွင်ဖြင့် သနားအမှန်မငြင်း
နောင်အရှည်မျှော်ရည်လို့ တရားစျာန်သွင်း။

အမှားအမှန်မချွင်းပါဘဲ ဆုံးမသင်
သုံးသပ်ဆင်ခြင်စရာကွဲ့ ဝိပဿနာတရား
ပွားများရှုမှတ် သတိကပ်လို့ မပြတ်နေမည်
နိဗ္ဗာန်ရွှေပြည်ရောက်ရေးဘာပမယွင်း။ ။



နုနုဝင်း

အနန္တကျေးဇူးတော်ရှင်
ကျွှာဆရာတော်ဘုရားကြီး၏ စိန်ရတုဂုဏာပူဇာ
ထူးခြားတဲ့ (ကျွှာ) အရှင်

# "သီကျူးမကုန် ဆရာ့ဂုဏ်"

ရွှေတောမြိုင်-အရှင်ပညာဇောတ

စိန်ရတုရောက်လာ ယခုအခါဝယ်၊
စမ်းရေပမာ၊ မြမာလာသို့၊
မေတ္တာစွမ်းအား မြတ်တရားကြောင့်၊
ဂုဏ်ရည်ပျံ့မွှေး၊ မေတ္တာပေးလျှက်၊
ပြည်သူတမ်းတ၊ ဖူးမဝ
ထူးခြား ကျွှာအရှင်။

ကရုဏာလွှမ်း တရားစွမ်းကြောင့်၊
ငြိမ်းချမ်းကြည်လင်၊ တရားသံမှာ၊ သုတိသာ၍၊
ကြားနာမဝ ငြိမ်းအေးရ၊
ထူးခြား ကျွှာအရှင်။




သုတစွယ်စုံ တရားဂုဏ်ကြောင့် နိုလုံရောက်လာ၊
ဆရာ့ထံဝယ်၊ ပြည်သူအများ တရားပြည့်ဝ၊ နှလုံးလှ၊
ထူးခြား ကျွှာအရှင်။

ဣန္ဒြေအစွမ်း အေးချမ်းလှ၍၊
ရဟန်းရှင်လူ၊ အတုယူကာ၊
သိက္ခာပြည့်ဝ ငြိမ်းအေးရ၊
ထူးခြား ကျွှာအရှင်။

စိန်ရတုမှ ပတ္တမြားတိုင်၊ ရာကျော်တိုင်းလည်း၊
ဂုဏ်ရည်မွှေးပျံ့၊ သင်းရနံ့ကြောင့်၊
လုပ်ကျွေးသူငါ၊ သဒ္ဓါရွှင်ပြ၊ ပွားသိကြ၊
ထူးခြား ကျွှာအရှင်။

တရားကျေးဇူး ဂုဏ်ရည်ထူးကြောင့်၊
သီကျူးမကုန် ဆရာ့ဂုဏ်ကို၊
ပွားထုံအောင်းမှေ့၊ နှလုံးမွေ့လျှက်၊
သတ္တဝါမှန်သရွေ့၊ တရားတွေ့ကာ၊
ပြည်သူအများ အသိပွား၊
ထူးခြား ကျွှာအရှင်။

ရွှေတောမြိုင်-အရှင်ပညာဇောတ

# မထေရ်မြတ် ဇရာဝတီ

**ကုန္ဒာနွယ် ကျစ္စာ**

ဇရာဝတီ
ဝေသီမြင့်မား
လှိုမြောင်ကြားမှ
မြစ်ဖျားခံခဲ့ရပေမင်။

ကျောက်တောင်ကမ်းပါး
ဆည်းကာထားလည်း
စီးမြဲလျှက်သာ
မမှုပါ ဇရာကတော့ စီးမြဲပင်။

သူဖြတ်သန်းရာ
ခရီးတာမှာ
နေဖြာသည်လည်း ကြုံဆဲပါ
မိုးရွာသည်လည်း ဆုံဆဲပါ။

မြစ်မင်းဇရာ
နေဖြာမိုးညံ
လေပြင်းထန်လည်း
အားမာန်ဝင့်ဝင့်
ရှုတိုင်းတင့်သည်
ရဲရင့်ပါဘိ ဇရာဝတီ။

မုန်တိုင်းထန်ထန်
လေဆန်တိုက်တိုက်
မိုက်မိုက်မှောင်မှောင်
ကျောက်တောင်ကမ်းပါး
ဆီးကာထားလည်း
အားမာန်တင်းတင်း
စီးမြဲဆင်းသည်
မြစ်မင်းဇရာပါတကား။



သို့တိုင် လူသားအတွက်
ပဲနှမ်းစပါး
သီးနှံများနှင့်
သစ္စားဖရုံ
သီးနှံစုံကို
ကုံလုံစေသည့် ဇရာဝတီ။

ရွှေပါငါးကြင်း
ငါးမြင်း ငါးခူ
ဖမ်းယူပိုက်ချိ
တံငါသည်တို့
မှီခိုရသည့် ဇရာဝတီ။

သူစီးဆင်းရာ
မြို့ရွာများဆီ
မြေဆီမြေနှစ်
အမွေနှစ်ကို
ပေးရစ်ခဲ့သည့် ဇရာဝတီ။

မထေရ်ဆရာ
ဘဝတာမှာ
ချမ်းသာခြင်းနှင့်
ဆင်းရဲခြင်းတို့
တွေ့လျှင်းကြုံလည်း
မတုန်မဲ့ကင်း
အားမာန်တင်းပြီး
ခရီးဆုံးတိုင်
လျှောက်လှမ်းနိုင်သည်
မြစ်မင်းဇရာ ကဲ့သို့တည်း။ ။

*ကုန္ဒာနွယ်(ကျစ္စာ)*

# ဗာ

စိုးနိုင် မန္တလေးတက္ကသိုလ်



ဝိပါကဝဋ်နဲ့ လူသား
နာပြီ… ဖျားပြီဆိုတော့
ဆရာတော်ဘုရားက၊ ဆေးကုပေးတယ်။

ကိလေသဝဋ်၊ ကမ္မဝဋ်နဲ့လူသား
ဝေဒနာနဲ့ တဏှာကြားမှာ၊ ဗျာမများရအောင်
ဆရာတော်ဘုရားက၊ တရားပြပေးရှာတယ်။

ဆေးနဲ့တရား…၊ တရားနဲ့ဆေး…
ကိုယ်… အေး၊ စိတ်အေး
ပစ္စုပ္ပန်သံသရာအရေး၊ ဉာဏ်နဲ့ချင့်တွေးပြီ
တာဝေးခရောင်းလမ်း၊ မမောမပန်းလျှောက်လှမ်းနေတဲ့
အရှင်လက္ခဏာဘွဲ့မည်ခေါ် ကျေးဇူးရှင်ဆရာတော်…
ပြက္ခဒိန်ရာကျော်အောင်၊ သက်ရှည်ကျန်းမာပါစေသောဝ်…

*တပည့်ကော်…*
*စိုးနိုင်(မန္တလေးတက္ကသိုလ်)*

*ဗာ = နှစ် (၂)*
*၂ မျိုး၊ ၂ ဦး၊ အလုပ် ၂ ခုစသည်…*

# ပရိတ်ဖျန်းလို့ ပဌာန်းဝေ

မြေလတ်မောင်မြင့်သူ




နံနက် နိုးထ၊ အလင်းစသော်
အလှယိုဖိတ်၊ မေတ္တာစိတ်နှင့်
ပရိတ်နေ့စဉ် ငါရွတ်၏။

ပရိတ်ရေချမ်း၊ နှုတ်ဖြင့် ဖျန်း၍
ပဌာန်းဆက်ကာ၊ ငါရွတ်ပါသည်
သတ္တာမဖျက် နေ့စဉ်ဆက်။

ပရိတ်ပဌာန်း
အရိပ်စွမ်းကြောင့်
စိတ်ကြမ်းတွေဝေး၊ စိတ်ယဉ်ကျေးဆောင်
စိတ်အေးအောင်လည်း နေခဲ့၏။

ပဌာန်းပရိတ်
ဆန်းနိမိတ်ကြောင့်၊ အတိတ်လှဆောင်
စိတ်လှအောင်လည်း ပြင်ခဲ့၏။

ကောင်းသည့်အတိတ်
ကောင်းနိမိတ်နှင့်
ပရိတ်ဖျန်းဆွတ်၊ ပဌာန်းရွတ်၍
လွတ်ကင်းအမှောင်၊ အလင်းရောင်၌
ငြိမ်းအောင်လည်းနေ၊ အေးအောင်နေလျက်
သဗ္ဗေသတ္တာ သတ္တဝါတွေ
ချမ်းသာကိုယ်စိတ်မြဲပါစေ
ကောင်းမှုပြုလို့ အမျှဝေ
သာဓုတေးနဲ့ မေတ္တာခြွေ...။ ။

မြေလတ်မောင်မြင့်သူ

# သံသရာထဲမှာ

မြင့်သဇင်

လောကနယ်လွှန်အတ္တကျွံမိ
အားလွန်မောဟ ထင်တိုင်းရလျက်
ထိုမှ တစ်ဖန် ရှုကြပြန်လိမ့်
ကာရံထားပြီး ရှိသော်လည်း။

တစ်နေ့တစ်ရက် ကြမ္မာစက်ဝိုင်း
ရက်ဆက်မနား၊ ရွေ့ရွေ့သွားဆဲ
လှုပ်ရှားနက်ဖြန်၊ သောသောညံဘိ
ရှာကြံကြိုးကုပ်ခဲ့သော်လည်း။

ဖြစ်ပျက်နေ့စဉ်၊ အမှန်မြင်ဖို့
စွမ်းအင်လုံ့လ၊ ပြုသမျှကို
မုချမသွေ၊ ရင်မှာနွေကဲ
ကြည်စေနလုံး၊ ပီတိပြုံးငွဲ
မြတ်ဆုံး နိဗ္ဗာန် ရည်စိတ်သည်တည့်
သည်းခံချင့်တွေး၊ မောလာဘေးကြောင့်
ဝဋ်ကြွေးတုံ့တင် သမ္မစဉ်နှင့်
တော်ဝင်ပန်းများ၊ နွမ်းမသွားပြီ
တည်ထားမွမ်းမံ၊ အသိဉာဏ်ဖြင့်
အားမာန်နိုးကြွ၊ ဆင်ခြင်ကြစို့
လောကအလှပြည့်မင်တည်း။ ။



မြင့်သဇင်

# ရဟန်းသုံးပါး

မောင်သင်းဝေ



ရဟန်းသုံးပါး
တောင်ပေါ်သွား၍
တရားကျင့်ကြံကြစဉ်က

လေတိုက်ခတ်၍
ဖျပ်ဖျပ်လွင့်ပျံ့ အလံတစ်ခု။

တောင်ပေါ်စေတီ
ရင်ပြင်ဆီဝယ်၊ စိတ်ကြည်လန်းဆန်း
ရဟန်းသုံးပါး
စကားစမြည်ပြောဆိုဇာ်။

ပထမရဟန်း။ ။ 'ကြည့်စမ်းကိုယ်တော် လှုပ်ခတ်လွင့်ပျံ့
အလံကလေး'
ဒုတိယရဟန်း။ ။ 'အလံမလှုပ် လေကလှုပ်တာပါ
ကိုယ်တော်ရာ'
တတိယရဟန်း။ ။ 'အလံမလှုပ်၊ လေမလှုပ် ကိုယ်တော်
တို့ စိတ်ကလှုပ်နေတာ'

*မောင်သင်းဝေ*

# ညှိုးမှုန်ခြင်း

သန္တာမြရီ

ပျိုးမြစ်နုနယ်၊ ငယ်သည့်ရွယ်က
ယှက်နွယ်နေမှု၊ ဘဝခုဝယ်
သမုဒယ၊ အစဉ်လှ၍
ရင်မှဖြစ်လာ၊ ကြည်မြစာသား
သံသာကမ်းတိုင် ထိလုပြီ။

ကိုယ်ပျိုးသည့်ပန်း၊ နေထိန္ဓမ်းချင်
လျှောက်လှမ်းနေဆဲ၊ ဂယက်ဝဲမှာ
ညှို့ဆွဲခံရ၊ အတ္တရချိန်
ညှိုးမှုန်ခြင်းသည်၊ ဒုက္ခမည်၏။

လောကခံ၌
ရှင်သန်လာဆဲ၊ ခဏပဲလေ
ဖွဲ့မြဲနေချိန်၊ လောကအိမ်ဝယ်
ကြိမ်ကြိမ်မက်မော၊ မျက်ဖြေတောလည်
စောကြောသိမြင်၊ ဗုဒ္ဓရှင်က
သွန်သင်ဆုံးမ၊ ဩဝါဒဖြင့်
ညွှန်ပြခဲ့ဖူး၊ ရင်မှာရှုးနှစ်
အထူးသိမြင်နိုင်လိမ့်တကား။ ။

သန္တာမြရီ



# တရားရိပ်မှာ

တက္ကသိုလ် – ရန်အောင်




ပုထုဇဉ်များ၊ လျှောက်လှမ်းသွားမင့်
ထွေပြားလမ်းသွယ်၊ ရှိကြမယ်လိမ့်
မှီတွယ်ခိုလှုံ၊ ကကြိုးစုံမှ
အာရုံဖက်တွယ်ရှိပြီထင့်။

ဆယ့်တစ်ပါးမီး၊ လောင်မြိုက်ကြီးနေ
ခါးစည်းခံရ၊ မြင်သမျှကို
ရင်မှာတားဆီး၊ သည်ခရီးဝယ်
အသီးသီးရှု၊ လူနေမှုတွက်
ယခုနက်ဖြန်ရှိပြီထင့်။

လူဆိုသည်မှာ စိတ်ဖြေရာရှာ
ပညာလှုံ့လ၊ ဝီရိယနှင့်
ကြည်မြမနော၊ ဆန္ဒဇောနှစ်
နှစ်မျောဖြစ်မိရှိပြီထင့်။
သြော်...
နွေညမဟူ၊ ပြာယုဂ်တူလည်း
ကြည်ဖြူညီမျှ၊ လူ့ဘဝကို
ဆုံးမသွန်သင်၊ အားမာန်ဝင်လိမ့်
လန်းရွှင်ပီတိ၊ သဒ္ဓါသိဖြင့်
မျှော်မိရော်ရမ်း၊ သာသည့်လမ်းမှာ
စိတ်လန်းဝေဝေ၊ တရားမြေမို့
ကြည်စေနှလုံးပြည့်တကား။ ။

*တက္ကသိုလ်-ရန်အောင်*

# မြတ်သည့်မနော

မောင်ယဉ်ပန်

ဘုံဓမ္မတာ သံသရာထပ်
ရှည်ကြာနိမ့်မြင့် အဆင့်ဆင့်ထိ
မျှော်လင့်ရည်တမ်း၊ ကဗျာပန်းသို့
လန်းဆန်းကြည်လင် ရှိသည့်တာ။
စိတ်စေတသိက်၊ ကမ္ဘည်းနှိပ်လျှက်
နိမိတ်ပုံပြု လောကရှုမြင်
ကောင်းမှုဖြာဖြာ၊ ရတနာမို့
ရင်မှာအေးမြရှိသည့်တာ။
မွန်မြတ်သန့်စင်၊ အသိဝင်လိမ့်
ငါပင်အတ္တ၊ ခဝါချင့်
သီလမြဲမြံ၊ ကျင့်စဉ်မှန်သား
သုံးတည်စေတနာ၊ ဖွံ့ဖြိုးသာတည်
လှူရှာအလှတင့်သည့်တာ။
ဩော်...
လောကီနယ်ပယ်၊ ခိုမှီတွယ်ယှက်
ကျင့်ဖွယ်မြင့်မြတ်၊ ဆုံးဖြတ်တာတ်စွာ
စိတ်ဓာတ်မတ်နိုင်၊ ဆန္ဒပိုင်လိမ့်
အားပြိုင်လွှန်ဆွဲ၊ ပြုံးပျော်ဆဲလေ
အံ့အဲဘနန်း၊ ဘဝလမ်းဝယ်
လျှောက်လှမ်းပီတိ ရှိလိမ့်တကား။ ။

မောင်ယဉ်ပန်



# မြတ်သာသနာ

မြေလတ်ကျော်လင်းဦး



မြတ်သာသနာ၊ ကျွန်းလက်ျာဝယ်
ရှည်ကြာမြင့်မား၊ ကျင့်တရားနှင့်
ထင်ရှားပေါ်ထွန်းရချေပြီ။

ကြည်အေးနိမိတ်၊ အောင်အတိတ်ငဲ့
သောင်းထိပ်ဇမ္ဗူ၊ ကောင်းမှုတူလိမ့်
များလူခပင်း၊ ဩဘာနှင်းဝေ
ပျံ့သင်းလှိုင်လှိုင်၊ ပီတိမြိုင်မို့
မတ်ခိုင်ချမ်းအေး၊ မွေးလှုပြီ။

ဗုဒ္ဓမြွက်ဆို၊ ဟောမိန့်ကြိုခဲ့
ပင်ကိုယ်နှစ်လုံး၊ တော်ပြောင်းသုံးတည့်
မြတ်ဆုံးနိဗ္ဗာန်၊ စိတ်ရည်သန်လျှက်
နာခံကြိုးကုတ်၊ အင်အားထုတ်ခဲ့
ဂုဏ်ပုဒ်ထင်ရှား၊ ကျင့်မြတ်ထားသည်
ပန်းများလန်းပွင့်၊ ဝင့်ချေပြီ။

ဩော်...
မြတ်သည့်လမ်းဖွေး၊ အမြိုက်ဆေးကို
တိုက်ကျွေးအစဉ်၊ သမ္မဇဉ်ဖြင့်
ချစ်ခင်မြတ်နိုး၊ သဒ္ဒါတိုးစွာ
ဖြန့်မိုးပြည့်စုံ၊ လောကီဘုံဝယ်
သင်းထုံမွှေးပျံ့၊ သည်ရနံ့သည်
ခန့်ခန့်တည်ကြည်၊ ကမ္ဘည်းညီမင့်
ပန်းချီမှုန်းသ၊ ပီတိလှသည်
လောက အရာပြည့်စေသော်။ ။

မြေလတ်ကျော်လင်းဦး

# မြတ်ဒါန

သဒ္ဓါမြင့်ယဉ်




မြတ်သည့်အလှူ၊ သဒ္ဓါဖြူတည့်
စိတ်ဟူကိုယ်၄၊ လွန်ရွှင်ပြခဲ့
ရင်မှာလိုက်လှဲ၊ ဘဝထဲမယ်
စွန့်ကြဲလှူဒါန်းရသည်ကို။

သာဓုခေါ်သံ၊ ထက်နဘံထိ
လွင့်ပျံ့ရစ်ဝဲ၊ မစဲဘဲလေ
ရခဲဘိခြင်း၊ လောကခြင်းရာ
ပျံ့သင်းဆောင်ယူရှိသည်ကို။

သာယာသည့်လမ်း၊ အမြိုက်စွမ်းဖြင့်
ပင်ပန်းနွမ်းလျှ၊ ဖြစ်စဉ်ပြရှု
ဆုံးမသွန်သင်၊ ဘုံတစ်ခွင်ဝယ်
တိမ်စင်လသို့တင့်၏တည်း။ ။

*သဒ္ဓါမြင့်ယဉ်*

# အတ္တနရီ

ယဉ်ပန်ဝေ

အတ္တရောင်စုံဖွင့်
နေခြည်မြင့်တဲ့ ပြယုဂ်တစ်ခု
အတုလုပ်လို့ရမလား
အဲဒါစဉ်းစား။

လောကရဲ့အလယ်မှာ
သံသရာအပ်ကြောင်း
အဆိုးအကောင်းကိုသုံးသပ်
ဆုံးဖြတ်မှုအဓိက
အတ္တည။

ဒဏ္ဍာရီပုံရိပ်
ရင်ခုန်စိတ်နွေးထွေး
အားဆေးတစ်ခွက်လို။

မုဒိတာဝန်းကျင်
ခရီးနှင်အတ္တများ
ရွှေ့လျားနေဆဲ။

အဓိပ္ပာယ်ရှိ
ပကတိအခြေအနေများ
စွမ်းအားဖြစ်တည်နေ
သြော်··· ကမ္ဘာကြီးရေ
အတ္တနရီတွေ
အတ္တနရီတွေ
အတ္တနရီတွေ။ ။




ယဉ်ပန်ဝေ

# မှာတမ်း

မောင်ဆွေသစ် မန္တလေး

ငါသေမှသော်...
အုတ်အော် သောင်းပြောင်း မိတ်ဆွေကောင်းတို့
စုပေါင်းရောက်လာ ကရုဏာနှင့်
မေတ္တာစကား ပြောကြားဆုညံ
ဘဝဂ်လျှံလည်း
အမှန်ငါကား မကြားလေတော့တကား...

ငါသေလျှင်မူ...
ချစ်ကြင်ဇနီး သားသမီးတို့
အူသည်းလှိုက်ဖို ငိုကြီးငိုလျှက်
ငါ့ကို တမ်းတ သောကဗျာပါ
ရောက်ကြရှာလည်း
အမှန် ငါကား မသိလေတော့တကား...

ငါသေသည့်နောက်...
ချီးမြှောက်စကား မြွတ်တရားနှင့်
ဓီးပွားဥစ္စာ ပေးကမ်းကာဖြင့်
မသာအလှူ ငွေကြေးကူ၍
ကြည်ဖြူဆပွား မေတ္တာထားလည်း
အမှန် ငါကား မရချေတော့တကား...

ထို့ကြောင့်သာပ
ငါ့ဆန္ဒသည်...
သေမှလှူဒါန်း မပေးကမ်းနှင့်
ရှူးနှမ်းသူလို ငိုယိုမြည်တမ်း မလွမ်းစမ်းနှင့်
တတ်စွမ်းသရွေ့ အောက်မေ့ရည်မှန်း
မျှတန်းပေးဝေ...
ရစေကြောင်းသာ တောင်းပန်ပါ၏။

သို့တပြီးကား...
နှလုံးသားနဲ့ မှာကြားခဲ့ချင်
သံယောဇဉ်ဖြင့်
အစဉ်မဝေး မသေသေးခင်
ရှိန်လေးတွင်းမှာ
ခင်မင်စွာနှင့် ဖြူစင်မေတ္တာ
ပေးဝေပါဟု... ပေးဝေပါဟု...။ ။

မောင်ဆွေသစ်(မန္တလေး)



- ကံကောင်းထောက်မ၍ လူ့ဘဝကိုရခိုက်
  ထိုလူ့ဘဝကို အကျိုးရှိအောင် သုံးပါမည်။
- ကံကောင်းထောက်မ၍ လူ့ခန္ဓာကိုယ်ကိုရခိုက်
  ထိုလူ့ ခန္ဓာကိုယ်ကို အကျိုးရှိအောင် သုံးပါမည်။
- ကံကောင်းထောက်မ၍ လူ့အသိဉာဏ်ကိုရခိုက်
  ထိုလူ့ အသိဉာဏ်ကို အကျိုးရှိအောင် သုံးပါမည်။
- ကံကောင်းထောက်မ၍ လူ့အင်အားကိုရခိုက်
  ထိုလူ့ အင်အားကို အကျိုးရှိအောင် သုံးပါမည်။
- ကံကောင်းထောက်မ၍ လူ့စည်းစိမ်ကိုရခိုက်
  ထိုလူ့ စည်းစိမ်ကို အကျိုးရှိအောင် သုံးပါမည်



# ဆရာတော် ဘဒ္ဒန္တလက္ခဏာ ဆွေစဉ်မျိုးဆက်ဇယား

## ဆရာတော် ဦးလက္ခဏာ၏ အဖိုးဘက်မှ မိသားစုနွယ်ဝင်များ

ဦးမြူ(ကျောက်မြောင်းဝန်)၊ ဦးကူး (အာလကပ္ပနင့်ကန်တော်ဝန်)၊ ဦထူး(တလုပ်နယ်စားကြီး)

**ဦးထူး(တလုပ်နယ်စားကြီး)+ဒေါ်ငွေဘုံ**

- * **ဦးလုံးတင်(အဖိုး)**
- ဦးကံရင်
- ဒေါ်ကံကြီး
  - ဒေါ်သော်
  - ဒေါ်ကျော်
    - ဒေါ်ထွေး
- ဒေါ်မြကြီး
- ဒေါ်လှကြီး

## ဆရာတော် ဦးလက္ခဏာ၏ အဖွားဘက်မှ မိသားစုနွယ်ဝင်များ

**စဝ်စံမိတ်(ညောင်ရွှေစော်ဘွားနွယ်)+ဒေါ်ဖော့ဥ(ရှာရှည်ရွာသူ)**

- ဦးပွင့်
- ဦးမြင့်
- ဦးဆင့်
- ဒေါ်ဆင်
- ဒေါ်ခင်
  - ဒေါ်အေးမြ
  - ဒေါ်အေးရ
  - * **ဒေါ်အေးလှ(အဖွား)**
  - ဒေါ်ထုံ
  - ဦးဘိုးအောင်
- ဒေါ်မှျင်

## ဆရာတော်ဦးလက္ခဏာ၏ မခည်းတော်ဘက်မှ မိသားစုနွယ်ဝင်များ

* ဦးလုံးတင်(အဖိုး) + * ဒေါ်အေးလှ(အဖွား)

- ဒေါ်ဖွားစိန်
- * **ဦးသာထယ်(ခမည်းတော်)**
- ဒေါ်ဒီ
- ဒေါ်ရှိန်
- ဦးဘကြွယ်
- ဦးသွယ်

## ဆရာတော်ဦးလက္ခဏာ၏ မယ်တော်ဘက်မှ မိသားစုနွယ်ဝင်များ

(အဘိုး) ဦးထွန်းအောင် + ဒေါ်မမကြီး (အဖွား)

- * ဒေါ်ဖွားစော
- ဒေါ်အေးထံ
- ဒေါ်အေးစံ
- ဦးစိန်ထွန်း
- ဒေါ်အေးတင်
- ဒေါ်ကြည်တင်

(ခမည်းတော်) ဦးသာထယ် + ဒေါ်ဖွားစော (မယ်တော်)

- **ကျေးစွာဆရာတော်ဦးလက္ခဏာ**
- ဦးမွတ်တား+(ဒေါ်တင်ဝင်း
  - ပြည့်ဖြိုးအောင်

အမှတ် ....
ရက်စွဲ ....

# လက်စုံမိုး၍ ရှိခိုးကန်တော့ပါသည်

မောင်ကြည်သာ တောင်တွင်း

(၁)

မြတ်စွာဘုရားဆိုတာ
အမြိုက်ဆေးကိုပေးတော်မူတဲ့
သမားတော် ဘုရင်ဖြစ်သတဲ့
သစ္စာလေးပါးတရားကို
ကိုယ်တော်တိုင်သိရှိအောင်ပြုလုပ်ပြီး
ဒုက္ခဖိစီးနှိပ်စက်ခြင်းခံရသူတို့အား
ဒုက္ခကင်းငြိမ်းအောင် ကုစားတော်မူသတဲ့
လောကီရောဂါဝေဒနာ ကုသရေးနဲ့လည်း
ပတ်သက်ဆက်နွှယ်နေသတဲ့
ဝမ်းရောဂါဖြစ်ပြီး
ကျင်ကြီးကျင်ငယ်ထဲ လဲလျောင်းနေရှာတဲ့
ဂီလာနရဟန်းကို ကိုယ်တော်တိုင် ဆေးကြောသုတ်သင်
ပေးသတဲ့



(၂)

ဆရာတော်ဟာ
ဗုဒ္ဓအလိုကျ
ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံကိုတည်ထောင်ခဲ့တယ်
ဆရာတော်ဟာ
ဗုဒ္ဓအလိုကျ
ဝိပဿနာဆရာတော်တစ်ပါးဖြစ်ပါတယ်။

(၃)

ဆရာတော်ရဲ့ အဆိုအမိန့်တွေကိုကြည့်ပါအုံး
ကံကောင်းထောက်မ၍ လူ့ဘဝကိုရခိုက် ထိုလူ့ဘဝကို
အကျိုးရှိအောင် သုံးပါမည်။
ကံကောင်းထောက်မ၍ လူ့ခန္ဓာကိုယ်ကိုရခိုက် ထိုလူ့
ခန္ဓာကိုယ်ကို အကျိုးရှိအောင် သုံးပါမည်။
ကံကောင်းထောက်မ၍ လူ့အသိဉာဏ်ကိုရခိုက် ထိုလူ့
အသိဉာဏ်ကို အကျိုးရှိအောင် သုံးပါမည်။
ကံကောင်းထောက်မ၍ လူ့အင်အားကိုရခိုက် ထိုလူ့
အင်အားကို အကျိုးရှိအောင် သုံးပါမည်။
ကံကောင်းထောက်မ၍ လူ့စည်းစိမ်ကိုရခိုက် ထိုလူ့ စည်းစိမ်ကို
အကျိုးရှိအောင် သုံးပါမည်တဲ့
ဘယ်လောက်အားကျအတုယူ စံထားစရာကောင်းပါသလဲ

(၄)

မြန်မာပြည်တွင်း တရားစခန်းများဖွင့်လှစ်
နိုင်ငံခြားတရားစခန်းများဖွင့်လှစ်ပြီး
လက်တွေ့ ဟောကြားပြသ...
ဆရာတော်ရဲ့ ဂုဏ်ထူးဝိသေသများစွာကို
ကြည်ညိုပြီးရင်း ကြည်ညိုရင်း
တပည့်တော်...
လက်စုံမိုး၍ ရှိခိုးကန်တော့ပါသည်ဘုရား...။

(ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ ငွေရတုမဂ္ဂဇင်းပါ
ဆရာပါရဂူရဲ့ 'ဝိပဿနာနှင့် ပရဟိတ' ဆောင်းပါးမှတစ်ဆင့်)

မောင်ကြည်သာ(တောင်တွင်း)

၂၁၇၆၃

# ကောင်းကင်တစ်ခု၏ ဂုဏ်သိက္ခာ

**မောင်စိုးသစ် မန္တလေး**

လှုံ့နေတဲ့ မြစ်ကိုရေမကြီးစေရ
ကမ္ဘာမြေရဲ့ ပတ်ကြားအက်တွေ ရင်ကြားစေ့စေရမယ်
ကြိုးတန်းလမ်းလျှောက်ပြီး ဆပ်ကပ်သမားတစ်ယောက်ရဲ့
ကိုယ့်အသက်ကိုယ် ကာကွယ်စောင့်ရှောက်သလိုမျိုး
ကိုယ့်ရင် ကျင့်တရား ကိုယ်ကာကွယ်စောင့်ရှောက်တယ်
ငါ့၏ရင်မှ ရွှာစေတဲ့မိုးတိုင်း ဆာလောင်မှုမှန်သမျှ ငြိမ်းသတ်
စေရမယ်
တစ်ဦးတည်းသော သားကို မိခင်ကစောင့်ရှောက်စေသလိုမျိုး
ဆရာက များပြားလွန်းတဲ့ တပည့်များအပေါ် တူညီ မေတ္တာ
တစ်ခုတည်းသက်ရောက်စေသလိုမျိုး
ငါ၏ မျက်နှာမူရာ၊ ငါ၏ ကျောဘက်အရပ်၊ ငါ၏ လက်နှစ်
ဘက်ဆန့်တန်းရာ
အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာ၊
အနန္တစကြဝဠာဟူသမျှ
ငါ၏မေတ္တာ ထုံမွှမ်းအေးချမ်းစေသတည်း
ငါ၏မေတ္တာ မွှမ်းထုံလုံခြုံစေသတည်း
ငါ၏မေတ္တာဖြင့် ကမ္ဘာမြေတွင် လာရောက်လည်ပတ်သော
စစ်ပွဲ၊ ရောဂါ၊ ဒဏ်ရာအနာတရနှင့် သဘာဝဘေးအန္တရာယ်များ
ထာဝရထွက်ခွာသွားပါစေ
ငါ၏ မုဒိတာသည် ကောင်းကင်သို့ ချိတ်ဆွဲပြီးဖြစ်၍
ငါ၏ ကောင်းကင်သည် သိက္ခာရှိရှိတည်နေပါကုန်၏။
သင်တို့၏ အိပ်မက်များ ရူးဆွတ်လှည့်ပါကုန်လော့
ပြည့်စေ… ပြုံးစေ… ပျော်စေ
ငါဆုတောင်း၏… ငါသစ္စာဆို၏… ငါသစ္စာတည်၏
ငါ၏ ခံတွင်း ကြာညိုနံ့သင်းစေ…။ ။



**(စစ်ကိုင်းကျွန်း ဆရာတော် ဦးလက္ခဏ၏ စိန်ရတုမွေးနေ့သို့ ပူဇော်ခြင်း)**

*မောင်စိုးသစ်(မန္တလေး)*

# တောင်ကုန်းပေါ်ကသစ်ပင်

နေမျိုး



တောင်ကုန်းပေါ်မှာ ငါရပ်နေတယ်
လေဟာငါ့ရဲ့အရွက်တွေ ငါ့ရဲ့အကိုင်းတွေထဲက
ဖြတ်သန်းသွားတဲ့အခါ
ငါ့အသံကို မင်းကြားနိုင်ပါတယ်
ငါရပ်နေတယ် တောင်ကုန်းပေါ်မှာ။

ဆောင်းရက်တွေဆို
တောင်ခြေကမြို့ကလေး
ရေခဲအင်္ကျီကိုဝတ်လို့
ငါ့တစ်ကိုယ်လုံးလည်း အေးစက်တောင့်တင်းလို့
မင်းရောက်လာမယ်ဆို
ငါ့အကိုင်းအခက်ကိုခုတ်ယူကာ
မီးဖိုနိုင်ပါတယ်
ဒါပေမယ့် မင်းကဘယ်ဆီမှာပါလိမ့်
တောင်းကုန်းပေါ်မှာ ငါရပ်နေတယ်။

နွေရက်တွေမှာ
တောင်ခြေကမြို့ကလေး
ဟင်းလင်းသူ့ပြတင်းတွေ အကုန်ဖွင့်လို့
ကလေးတွေတောင်ကုန်းအပေါ် သီချင်းတကြော်ကြော်
ဟစ်အော်သီဆိုကာတက်လာကြ
ငါ့အရွက်တွေကြွေရပြန်ပေါ့
ငါလေနေရောင်ခြည်ရဲ့ တောက်ပမှုထဲ
ရပ်မြဲရပ်လို့တောင်ကုန်းပေါ်မှာ။

ငါမျှော်နေမိ
လေတဟူးဟူး
တောင်ကုန်းပေါ်မှာ ငါရပ်နေတယ်
ငါ့ရဲ့ပင်စည်မှာ
မင်းအမည်ကို ထွင်းခဲ့ပါ
ဒီနေရာမှာ ငါအမြဲရှိနေမယ်
တိမ်တိုက်တွေ တရွေ့ရွေ့
ငါ့အပေါ်က ဖြတ်သန်းသွားကြ
ငါ့လက်ကိုဝှေ့ရမ်းပြမိတယ်
တောင်ကုန်းပေါ်က သစ်ပင်တစ်ပင်။

နေမျိုး

# ဝါးချက်

မောင်သစ်ဦး မြစ်ခြေ

ငါတို့ ဝေဒနာတွေနဲ့ လာခဲ့ကြတာ
ဝေဒနာဟာ ဧရာဝတီမြစ်ကမ်းက ပိန်းကြာရွက်နဲ့အတူ
စစ်ကိုင်းကံတားဆီ စီးမျောသွား
ငါတို့ကတော့
စေတနာနဲ့ အရိပ်ထိုးပေးထားတဲ့ ခုံတန်းလျားလေးတွေ ပေါ်မှာထိုင်တယ်
ကုန်းထိပ်က လက်ဖက်ရည်ဆိုင်မှာ ကြံရည်တစ်ခွက်နဲ့
လေပြည်သည်းကိုစောင့်တယ်
တောင်ပေါ်က ခေါင်းလောင်းသံကို နားစွင့်ရင်း
ဧရာဝတီရဲ့ အမျှဝေသံမှာ သာဓုစကားပါးလိုက်တယ်။ ။

မောင်သစ်ဦး(မြစ်ခြေ)



# နိမ္မာန်

မိုးသျှန်း



တောင်းတသူသာများ
ကျင့်ကြံသူနည်းပါး။
ရောက်ချင်သူသာများ
ရောက်ရှိသူနည်းပါး။

*မိုးသျှန်း*

# ဆုတောင်း

**ညီရင့်**

သိ၍ သိခြင်း
မသိ၍ သိခြင်း
နီး၍ နီးခြင်း
ဝေး၍ နီးခြင်း
တရားစစ်အမှန် သံသရာဆက်ဆက်
ပြည့်စုံခွင့်နဲ့ ရချင်ရဲ့။ ။

ညီရင့်



၁။ ဤခေါင်းစဉ်ကို ဖတ်မိသူများက ပြုံးမိပေလိမ့်မည်။ အကြောင်းကား စိန်ရတုရောက်နေသူ ဆရာတော်တစ်ပါးအား 'လေး' တပ်ပြီး သုံးထားသည်ကို တွေ့ရသောကြောင့်တည်း။ ရှင်းပါမည် မိမိသုံးထားသော 'လေး' က အသက်ကိုမရည်ရွယ်ပါ။ အရွယ်ကို ရည်ရွယ်ပါသည်။ ဆရာတော်သည် စိတ်ကိုပျော်ရွှင်အောင် ထားတတ်သောကြောင့် ကိုယ်နုနေပါသည်။ ဆရာတော် ကိုယ်တိုင်ကလည်း စိတ်ကိုပြုပြင်ပြီး နေတတ်ကြောင်း အမိန့်ရှိဘူးပါသည်။

၂။ ဆရာတော်ရုပ်ရည်မှာ အနီးကပ်ကြည့်သောအခါ မျက်နှာတော်အနည်းငယ်ရင့်သွားသည်မှအပ လွန်ခဲ့သော နှစ်အစိတ်က အတိုင်းဖြစ်သည်ဟု ထင်ရသည်။ လွန်ခဲ့သော (၂၅) နှစ်ခန့်က မိမိ၏ မိဂဒါဝုန်ကျောင်းထဲမှ ဖြတ်၍ မဟာသုဖောဓါရုံကျောင်းသို့ ကြွသွားသည်ကို ရုတ်ကနဲမြင်လိုက်ရသည်။ ယခုလည်း ထိုပုံသဏ္ဍာန်အတိုင်းပင်တည်းဟုထင်ရသည်။ လူ၏ရုပ်ရည်မှာ ရှိသော အသက်ထက်ပို၍နုသောရုပ်၊ ရှိသောအသက်ထက်ပို၍ရင့်သော ရုပ်၊ ရှိသောအသက်နှင့် လိုက်လျောသောရုပ်ဟု (၃)မျိုးရှိတတ်ရာ၊ ဆရာတော်သည်ရှိသော အသက်ထက်ပို၍ 'နု' သော ရုပ်ပင်ဖြစ်ပေသည်။ ထို့ကြောင့် ဆရာတော်အား 'ဆရာတော်လေး' ဟု သုံးနှုန်းလိုက်ခြင်း ဖြစ်သည်။



၃။ ဆရာတော်သည် စာရေးသူထက် (၁၀) နှစ်ကြီးသော ပုဂ္ဂိုလ်ဖြစ်သည်။ အမှန်ပြောရလျှင် ဆရာတော်သည် စာရေးသူနှင့် အသက်သိပ်မကွာထင်မိသည်။ လျှောက်ထားကြည့်မှ (၁၀) နှစ်ကွာ နေမှန်းသိရသည်။ သားသမီးမြေးတွေနှင့်အတူ ထိုင်နေပါက မည်သူ သည် ဝိသာခါမည်သူသည် သားသမီးမြေးမြစ်များဟု မကွဲကြောင်း စာတွေထဲတွင် ဖတ်မိတုန်းက မယုံချင်သလို ဖြစ်မိတာ နောင်တရ မိသည်။

၄။ ဆရာတော်နှင့် စကားပြောကြရင်းက စကားစပ်လာ၍ ဆရာတော်၏ ဆေးရုံအုပ်ချုပ်ပုံစနစ်ကို လျှောက်ထားကြည့်ရာ။ ဆရာတော်က **စကားပုံတစ်ခုရှိတယ် မဟုတ်လား** ဆရာ တစ်ယောက်၌ ဝါသနာ အနစ်နာ စေတနာဟု နာ (၃) နာ ရှိတယ်ဆိုတဲ့ စကားလေ။ တပည့်တော်ကတော့ သနားကျင်နာမှု ဆိုတဲ့ စတုတ္ထနာ၊ ကိုယ်ချင်းစာနာမှုဆိုတဲ ပဥ္စမနာ ဒီနှစ်နာကို ထပ်ထည့်ပြီး 'နာ' (၅) နာနှင့် အုပ်ချုပ်ပါတယ်ဟု အမိန့်ရှိပါသည်။ ဆရာဝန် ဆရာမများဆိုသည်မှာ ပညာတတ်များဖြစ်၏။ တပည့် ရဟန်းသာမဏေများလို မဟုတ်ပေ။ ထို့ကြောင့် လွယ်ကူသော အုပ်ချုပ်ရေးမဟုတ်မှန်းစာရေးသူက ရိပ်မိ၍ လျှောက်ထားကြည့်မိ ခြင်းဖြစ်သည်။ ဤနေရာ၌ သီတဂူဆရာတော်ဘုရားအမိန့်ရှိသော စကားလေးတစ်ခွန်းကိုလည်း ဆက်စပ်လာ၍ ဖော်ပြသင့်သည်ဟု ထင်၍ဖော်ပြလိုက်ပါသည်။ ဆေးရုံတည်ထောင်ခြင်းမှာ ပြဿနာကို မီးထွန်း၍ရှာခြင်း ဖြစ်သည်။ ထို့ကြောင့်ဆေးရုံနှင့်ပတ်သက်၍ ပြဿနာဖြစ်လာလျှင် ပြဿနာဟုပင်မသတ်မှတ်ခြင်တော့ဟူသော စကားပင်ဖြစ်ပါသည်။ 'အော်... နင်လားဟဲ့ လောကဓံ... လာစမ်း ဟဲ့တွေ့မယ်' ဆိုသော တကယ့်ခံနိုင်ရည်ရှိသော ဆရာတော်ကြီး များပါတကား။

၅။ ဆရာတော်သည် အရာရာကို စွန့်လွှတ်ထားပြီး ဖြစ်နေဟန် တူပါသည်။ ကျောင်းတိုက်ပင် လွှဲထားသည်မှာ အနှစ် (၂၀) နီးပါး ရှိပြီဟုသိရပါသည်။ အရွယ်တင်သော်လည်း အသက်ဟာ အသက်ပင်ဟု သဘောပေါက်ပြီးသားဖြစ်ဟန်တူပါသည်။ ယခုအခါ စိန်ရတုအရွယ်သို့ပင်ရောက်ပြီးဖြစ်၍ စိန်ရတုစိတ်ဓာတ်ရှိနေလိမ့်မည် ဆိုတာလည်း မြေကြီးလက်ခပ်မလွဲရှိနေပါလိမ့်မည်။ ဆိုလိုရင်းမှာ အရွယ်ကတင်နေသော်လည်း စိတ်ဓာတ်ကား ရင့်ကျက်နေလိမ့်မည် ဆိုတာပါ။

၆။ ဆရာတော့်အတွက် မေတ္တာပြုလိုတာကတော့ ဆရာတော် အသက် စိန်ရတုဘက်သို့ နင်းသလို ဆရာတော်တည်ထောင်သော ဆေးရုံလည်း စိန်ရတုဘက် အလီလီနင်းပါစေ။

* * *

*ဒေါက်တာပဏ္ဍိတဝရာဘိဝံသ*

*ပါမောက္ခချုပ် န.ပ.သ (မန္တလေး)*





# ပန်းခင်းသောလမ်းပေါ်က ခြေလှမ်းများ

အရှင်ပုညာနန္ဒ

ဦးဇင်းတို့ ခြေလှမ်းလေးတစ်လှမ်းအောက်မှာ ဆရာတော်ဘုရားကြီးရဲ့ အဖြူရောင်သက်သက်မေတ္တာဂရုဏာတွေနဲ့ခင်းထားတဲ့ အဝါရောင်ပန်းခင်းလမ်းပေါ်မှာ ဦးဇင်းတို့ရဲ့ ခြေလှမ်းတစ်လှမ်းဟာ ဘယ်လောက်များ အဓိပ္ပါယ်ရှိမလဲဆိုတာ ခြေလှမ်းလေး တစ်လှမ်း လှမ်းလိုက်တိုင်း ဦးဇင်းတို့နဲ့နှင့်အတူ တပည့်ဒါယကာ၊ ဒါယိကာမများသိဖို့ အများကြီးလိုအပ်ပါတယ်။ ဦးဇင်းတို့ရဲ့ ဆရာတော်ဘုရားကြီးခင်းထားတဲ့ အဝါရောင်ပန်းခင်လမ်းပေါ်မှ ဦးဇင်းတို့နဲ့အတူ ဒါယကာ၊ ဒါယိကာမများ ခြေလှမ်းတွေ အများကြီး လှမ်းခဲ့ပြီးပါပြီ။

နောင်လည်း ခြေလှမ်းတွေအများကြီးလှမ်းဖို့အတွက် အဝါရောင်ပန်းခင်းလမ်းတွေက ဦးဇင်းတို့မြင်ကွင်းထဲမှာ ပင်လယ်ကြီးကို ကြည့်နေသလို ဦးဇင်းတို့ရဲ့ မျက်လုံးထဲမှာ အဝါရောင်တွေနဲ့ ပြည့်နှက်နေပါတယ်။

အဆုံးဆိုတာမရှိတော့တဲ့ အဝါရောင်ပန်းခင်းလမ်းပေါ်မှာ ဦးဇင်းတို့နဲ့အတူ တပည့်ဒါယကာ၊ ဒါယိကာမများ ရပ်ကြည့်နေဖို့ မဟုတ်ဘူးဆိုတာတော့ ဆရာတော်ဘုရားကြီးရဲ့ တပည့်သာဝကများ သိရှိဖို့လိုအပ်ပါတယ်။

ရပ်မနေဖို့ဆိုတာ သိရှိပြီဆိုရင် နူးညံ့မွေးကြိုင်ပြီး ဖြူစင်တဲ့ လမ်းပေါ်မှာ ဦးဇင်းတို့ရဲ့ ခြေလှမ်းတွေ အဓိပ္ပါယ်ရှိဖို့လိုလာပြီပေါ့။



ဘာကြောင့်လဲဆိုတော့ ဆရာတော်ဘုရားကြီးခင်းထားတဲ့ လမ်းဟာ ဆူးခင်းလမ်းမဟုတ်ဘူးဆိုတာ သိနေလို့ပါ။ ဦးဇင်းတို့ရဲ့ ဆရာတော်ဘုရားကြီးဟာ အဝါရောင်ပန်းခင်းလမ်းတစ်ခုထဲ ခင်းထားတာမဟုတ်ပါဘူး။ အဝါရောင်ပန်းခင်းလမ်းကြီးကိုခင်းနိုင်တဲ့ အကြောင်းရင်းက ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီးဟာ အသီးအပွင့်တွေနဲ့ ဝေဆာနေအောင်လှပတဲ့ ပန်းပင်ကြီးတစ်ပင်ဆိုတာ ပြောပြလို့သိတဲ့ အသိမျိုးမဟုတ်ပါဘူး။

အသီးအပွင့်တွေနဲ့ ဝေဆာနေတဲ့ ပန်းပင်ကြီးဟာ ငှက်ကလေးတွေရဲ့ နေပူဒဏ်၊ မိုးဒဏ်တွေကို မေတ္တာပန်းများနဲ့ ကာကွယ်ပေးတယ်။ လောဘ၊ ဒေါသ၊ မောဟတွေကို မေတ္တာပန်းရနံ့တွေနဲ့ အေးမြစေတယ်။ ခက်ထန်တဲ့လမ်းကိုတော့ မေတ္တာတည်းဟူသော အသီးအပွင့်များဖြင့် လှပစေတယ်။ အရာအားလုံးရဲ့ ဘေးရန်တွေ တပည့်တွေအပေါ်မှာ အောင်မြင်တဲ့ မြင်ကွင်းမျိုးမြင်ရဖို့အတွက် ဒုက္ခပေါင်းများစွာခံပြီး တပည့်တွေရဲ့ အပေါ်မှာ ဆရာတော်ဘုရားကြီးခင်းထားတဲ့လမ်းဟာ အဖြူရောင်နှလုံးသားပိုင်ရှင်ကြီးရဲ့ အဝါရောင်ပန်းခင်းလမ်းပါ။

ဆရာတော်ဘုရားကြီးရဲ့ဘဝဟာ အဝါရောင်ပန်းခင်းနဲ့ အတူ ဝေဆာနေအောင်ပွင့်နေတဲ့ ပန်းပင်ကြီးနဲ့တူတယ်။ အဝါရောင်ပန်းပင်ကြီးရဲ့အောက်မှာ ငှက်ကလေးများသည် ပန်းပင်ကြီးနဲ့တူတဲ့ ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီးရဲ့ ကျေးဇူးကြောင့် ပင်ပန်းမှုမရှိပဲ ပျော်ပျော်ပါးပါး ပရိယတ္တိပညာများကို ချမ်းချမ်းသာသာနဲ့ ဆရာတော်ဘုရားကြီးရဲ့ အဝါရောင်ပန်းပင်ကြီးအောက်မှာ ပရိယတ္တိလမ်းကိုလျှောက်လှမ်းနိုင်ခဲ့ပါတယ်။ ကျေးဇူးကြီးမားလှတဲ့ ဆရာတော်ဘုရားကြီးရဲ့ အရိပ်အာဝါသအောက်မှာ ငှက်ပေါင်းများစွာတို့၏ နှလုံးသားထဲ၌ ဆရာတော်ဘုရားကြီး၏ မေတ္တာစေတ်များဖြင့် ပြည့်နေသည်မှာ အမှန်သာဖြစ်၏။ သို့သော်ဆရာတော် ဘုရားကြီးပေးထားတဲ့ ဩဝါဒရှိ၏။ မင်းတို့ ပရိယတ္တိပညာကို တတ်အောင်သင်၊ တတ်လျှင်ကျင့်ဆိုတဲ့ စကားရှိတယ်မဟုတ်လား။ ဒါကြောင့် မင်းတို့တတွေ ပရိယတ္တိလမ်းဆုံးမှာ ပဋိပတ္တိလမ်းကို လျှောက်လှမ်းကြဆိုပြီး ဆရာတော်ဘုရားကြီးသည် တပည့်ဒါယကာ၊ ဒါယိကာမများအပေါ်၌ သနားဂရုဏာသက်ရောက်၍ သံသရာမှ ထွက်ရာလမ်းကို မီးမောင်းထိုးပြ၏။

ဆရာတော်ဘုရားကြီးခင်းထားသောလမ်းပေါ်မှာ လျှောက်လှမ်းလာကြတဲ့ တပည့်ဒါယကာ၊ ဒါယိကာများကို အဖက်ဖက်မှ ဘာမျှမပူရအောင် ကျောင်းဆောင်တွေ၊ ဆေးရုံတွေ၊ လမ်းတွေ၊ တံတားတွေနဲ့ ပြည့်ပြည့်စုံစုံဘာဆိုဘာမျှ လိုအပ်မှုမရှိအောင် ဖက်ပေါင်းများစွာမှ ပညာမျက်စိ၊ ဉာဏ်မျက်စိများဖြင့် ပြည့်စုံအောင် အဖြူရောင်နှလုံးသားနဲ့ ဖြည့်ဆည်းပေးခဲ့၏။

ထိုမျှလောက်ကြီးမားလှတဲ့ ဂုဏ်ကျေးဇူးတွေကို တပည့်တော်၏ သေးငယ်စွာသော ဉာဏ်ပညာဖြင့် ရေးသားခဲ့၊ ပူဇော်ခွင့်ရသည့်အတွက် အမှားဆိုတာအများကြီးရှိနိုင်ပါတယ်ဘုရား။

ကျေးဇူးတော်ရှင်ဆရာတော် ဘုရားကြီး(မန္တလေး) ဝိဇိတာရုံကနေ စစ်ကိုင်းကိုစရောက်တော့ ဝါးချက်နဲ့ မင်းကွန်းလမ်းဟာ ရေတွေတက်နေပါတယ်။ ငှက်လှေများ၊ သင်္ဘောများဖြင့်သာ သွားလို့လာလို့ရ၏။ ထို့အတူ ဝါးချက်နဲ့စစ်ကိုင်းမြို့ထဲကို သွားမယ်

ဆိုရင်လည်း လမ်းကအောက်လမ်းသာရှိ၏။ ကတ္တရာလမ်းဟူ၍ မရှိသောကြောင့် သွားရေးလာရေးမှာ လွန်စွာပင်ပန်းလှ၏။ ထိုဒုက္ခများသည် ဆရာတော်ဘုရားကြီး၏ ခြေဖဝါး၌ စုတ်ချက်များရေးထိုးသလို ခံစားခဲ့ရပြီး ထိုခံစားချက်များကို ဆရာတော်ဘုရားကြီး၏ ကြင်နာတတ်သော နှလုံးသားမှာ အဓိဋ္ဌာန်ချက်ကလေးများ ဖြစ်လာ၏။

ငါပင်ပင်ပန်းပန်းသွားခဲ့ရတဲ့ ဒီလမ်းတွေဟာ နောင်တစ်ချိန်မှာ ငါ့တပည့်တွေအတွက် ပန်းခင်းသောလမ်းဖြစ်စေရမယ်ဆိုတဲ့ ကြင်နာသနားတတ်သော ဆရာတော်ဘုရားကြီး၏ နှလုံးသားထဲ၌ ပီတိများဖြစ်ပေါ်လာ၏။ ထို့အတူပဲ ပန်းခင်းသောလမ်းတစ်ခုဖြစ်လာပြီဆိုရင် ဆရာတော်ဘုရားကြီး၏ နှလုံးသားထဲမှာ ငါ့တပည့်တွေအတွက် ပရိယတ္တိ၊ ပဋိပတ္တိနှစ်မျိုးလုံး ကျင့်နိုင်အောင် ငါကျောင်းဆောင်တွေထူထောင်ရမယ်။ ရေ၊ မီး ဘာတစ်မျှ မပင်ပန်းရလေအောင် ပြီးပြည့်စုံအောင်လုပ်မယ်ဆိုတဲ့ စိတ်များဖြစ်ပေါ်လာ၏။ ထိုသို့ဖြစ်ပေါ်လာခဲ့ရင် ပရိယတ္တိ၊ ပဋိပတ္တိ နှစ်မျိုးလုံးကျင့်နေကြတဲ့ ငါ့တပည့်သာဝကတွေ၊ ဒါယကာ၊ ဒါယိကာမတွေအတွက် ဆရာတော်ဘုရားကြီးဟာ ဒီလိုပရိယတ္တိ၊ ပဋိပတ္တိကျင့်နေကြတဲ့ ငါ့တပည့်တွေအတွက် ရာသီဥတုကြောင့် ပူတာတို့၊ အေးတာတို့ဖြစ်နိုင်တဲ့ ရောဂါဘယတွေဆိုတာရှိနိုင်တယ် ထိုရောဂါတွေဖြစ်လာပြီဆိုရင် ငါ့တပည့်တွေ ချမ်းချမ်းသာသာနဲ့ ကျင့်ကြံအားထုတ်နိုင်မှာ မဟုတ်ဘူးတဲ့၊ ကဲကြည့်စမ်းပါ။ ဘယ်လောက်များ ဂုဏ်ကျေးဇူးတွေများလိုက်သလဲ။ မေးကြည့်လို့လည်း မသိနိုင်၊ နှိုင်းပြဖို့လည်းမရှိနိုင်။ ပြည်တန်တဲ့ ပတ္တမြားရှိခဲ့ရင်တောင် လောဘ၊ ဒေါသ၊ မောဟတွေပါလာလို့ စိတ်ချမ်းသာမှုဆိုတာ ရှိလာနိုင်မှာမဟုတ်ပါဘူး။ ဆရာတော် ဘုရားကြီးရဲ့ အရိပ်အာဝါသအောက်မှာ နားခိုခွင့်ရခဲ့တဲ့ တပည့်တော်တို့ဘဝတွေဟာ ဘယ်လောက်ပျော်စရာကောင်းသလဲလို့ဆိုတာ ကိုင်ပြစရာမရှိပါဘူး။ ဒီလိုအဘက်ဘက်က ပြည့်ပြည့်စုံစုံနဲ့ တရားကျင့်နိုင်ဘို့အတွက် ဆေးရုံကြီးတည်ထောင်ခဲ့တာ ခုဆိုရင် (၂၅) နှစ်၊ ငွေရတုဆိုတဲ့ ကမ္ဘာလောကကြီးထဲ မော်ကွန်းကျောက်တိုင်ကြီးတစ်ခု အာကာမိုးကောင်းကင်ကြီးရဲ့အထက်မှာ ရဲရင့်ပြတ်သားတဲ့ ဆရာတော်ဘုရားကြီးရဲ့ အဓိဋ္ဌာန် (၅) ချက်နဲ့အတူ ရွှေဝါရောင်စာတမ်းများဖြင့် တည်ထောင်နိုင်ခဲ့ပြီ မဟုတ်ပါလားဘုရား။

* * *

*အရှင်ပုညာနန္ဒ*
*မဟာဝိဇယရုံသီတာသင်တိုက်*
*စစ်ကိုင်တောင်ရိုး၊ ကျစွာချောင်*



ဂယမေဒနီ အရှင်နန္ဒိယ (ဓမ္မာစရိယ၊ ဒီဃဘာဏက)

# ကျစ္စာနှင့် ဝဝ



(၁)

"ကျစ္စာ" ဟူသော အမည်ကို ငယ်စဉ်ကပင်ကြားဖူးနေသည်၊ ရာဇဝင်စာအုပ်ထဲတွင် ပုဂံခေတ် ကျစ္စာမင်းကြီး အကြောင်း တွေ့ရသောကြောင့် ဖြစ်သည်။

ကျစ္စာမင်းကြီးသည် ပရိယတ်စာပေကို ကျွမ်းကျင်သည်ဟု ထင်ရှား၍ စာပေကျမ်းဂန်များကို ပို့ချရေးသားခဲ့သည်ဟု သိရ၏။ တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူတို့ထဲတွင် စာပေပို့ချနိုင်သူနည်းလိမ့် မည်ထင်သည်။ ကျမ်းဂန်ပြုစုနိုင်သူကား ပို၍ပင်နည်းပါးပေလိမ့် မည်။ ကျစ္စာမင်းကြီးမှာ နည်းပါးသော ထိုပုဂ္ဂိုလ်အမျိုးအစားထဲမှ တစ်ယောက်ဟု ဆိုရပေမည်။

ကျစ္စာမင်းကြီးမှာ ကိုယ်တိုင်သာမဟုတ်ဘဲ သမီးတော်ပါ စာပေကျမ်းဂန်ကျွမ်းကျင်သည်ဟု သိရ၏။ သမီးတော်ကလည်း ဖခမည်းတော်လိုပင် စာပေပို့ချလေ့ရှိသတတ်။ နောင်တွင် သမီးတော်ထံ စာလိုက်သူ ရဟန်းလူထွက် တစ်ယောက်နှင့် ထိမ်းမြားပေးစားခဲ့ရာ သမက်တော်မှာ သံပျင်အမတ်ဖြစ်လာသည်။ 'သံပျင် ဋီကာ' ဆိုသော ကျမ်းကိုပင် ပြုစုခဲ့သည်ဟု သိရလေသည်။

ကျွှာမင်းကြီးပြုစုသော 'ပရမတ္ထဗိန္ဒု' 'သဒ္ဒဗိန္ဒုကျမ်း' တို့ကို နောင်အတော်ကြီးလာမှ တွေ့ဖူးသည်။ စာပေကျမ်းဂန်ကျွမ်းကျင်သော တော်ဝင်မိသားစုဟု မှတ်တမ်းတင်ရပေမည်။ ထိုအကြောင်းအရာတို့ကို သိရှိရသောအခါမှစ၍မိမိရင်ထဲတွင် အမည်တစ်ခုစွဲဝင်ကိန်းဝပ်လာခဲ့လေသည်။

ထိုအမည်မှာ -

'ကျွှာ'

(၂)

မိမိသည် ၁၄ နှစ်သားအရွယ်တွင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီဝါဆိုဆရာတော်ဘုရားကြီး (ယခုရွှေကျင်သာသနာပိုင်) ထံ ပညာသင်ရောက်သည်၊ ၁၃၂၅ ခုနှစ်ဆန်းစဖြစ်သည်။

ထိုစဉ်က သက်တော်ရှည်စံကင်းဆရာတော်ဘုရားကြီးသည် သက်တော် ၉၃ နှစ်အရွယ်ဖြင့်ကျန်းမာစွာရှိနေသေးသည်။ မိမိမှာ စံကင်းဆရာတော်ဘုရားကြီးအား အရုဏ်ယာဂုကပ်၊ ဆွမ်းကပ်၊ အချိုပွဲကပ်၊ ညနေပျားရည်(သို့မဟုတ်) စတုမဓုကပ် စသည့် တာဝန်များကို ဆောင်ရွက်ခဲ့ရလေသည်။

သတင်းစာ စာအုပ်နှင့် ပိဋကတ်ကျမ်းဂန်များ ဖတ်ပြရသည့် တာဝန်ကိုလည်း ထမ်းဆောင်ခဲ့ရ၏။ ညညတွင် လိုအပ်ရာရာ ဆောင်ရွက်ပေးရန် ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းတွင် အိပ်စက်ပေးရသည်။

စံကင်းဆရာတော်ဘုရားကြီးအထံ အာဂန္တုဆရာတော်ကြီးများ မကြာခဏကြွလာကြပါသော်လည်း အတူကိန်းစက်သည်ကို မတွေ့ဘူးပါ။ ဖျင်သင်္ကန်းကြီးကို ဝတ်ရုံသော အသားညိုညို ဆရာတော်ကြီးတစ်ပါးကြွလာတော်မူလျှင်ကား အတူကိန်းစက်အတူ ဘုန်းပေးတော်မူကြသည်ကို တွေ့ရ၏၊ စကားပြောလျှင်လည်း အချိန်အကြာကြီးပြောကြသည်။

ည ကိန်းစက်တော်မူသောအခါ စံကင်းဆရာတော်ကြီးက ခုတင်ပေါ်၊ ထိုအာဂန္တုဆရာတော်ကြီးက ခုတင်ဘေးအောက်ကြမ်းပြင်ပေါ်မှာ ကိန်းစက်၍ မကိန်းစက်မီအထိ စကားပြောနေကြလေသည်။ အလွန်ပင်ရင်းနှီးတော်မူကြသည်ဟု မိမိထင်မြင်ခဲ့ပါသည်။

နံနက်အာရုဏ်တက်ချိန်တွင် စံကင်းဆရာတော်ကြီး ဆန်ပြုတ်ဘုဉ်းပေးတော်မူသည်။ ဆန်ပြုတ်ပန်းကန်ထဲသို့ ဟောလစ်မှုန့်ထည့်၍မွှေပေးရသည်၊ ထန်းလျက် အနုဆုပ်ကို ထက်ခြမ်းခွဲပေးရသည်။

အာဂန္တုဆရာတော်ကြီးအတွက်မူ ထန်းလျက်သာ ကပ်ရ၏။ နိုင်ငံခြားဖြစ်မုန့်သမျှ အစား၊ အဝတ်မည်သည့်အရာကိုမဆို သုံးစွဲမှုမပြု၊ မိမိနိုင်ငံဖြစ်ကိုသာ သုံးစွဲတော်မူသည်ဟု သိရလေသည်။

နောင်အခါမှ သိရသည်မှာ အာဂန္တုဆရာတော်ကြီးသည် အခြားပုဂ္ဂိုလ်မဟုတ် ဝံသာနုခေတ်တုန်းက 'ရွှေမျက်မှန်ဦးဝိဇယ' ဟု အလွန်တရာကျော်ကြားတော်မူခဲ့သည့် မျိုးချစ်၊ ပြည်ချစ်၊ သာသနာချစ်ဆရာတော်ကြီးဖြစ်သည် ဟူသတည်။

စံကင်းဆရာတော်ကြီးအထံ ကြွလာတော်မူလေ့ရှိသော အခါ၌မူ 'ရွှေမျက်မှန် ဦးဝိဇယ' ဟု မတွင်တော့ပါ။ စစ်ကိုင်းတောင်ရိုး ကျွှာချောင်ကို အုပ်ချုပ်သီတင်းသုံးနေပြီဖြစ်၍ 'ကျွှာ ဆရာတော်ကြီး' ဟု ကျော်ကြားတော်မူနေပေပြီ။

(၃)

ထိုစဉ်က ဇယမေဒနီဝါဆိုကျောင်းတွင် ကျွှာဆရာတော်ကြီးဟောကြားတော်မူသော ဩဝါဒတစ်ပုဒ်ရှိသည်။ ရကော်ဒါဖြင့် အသံဖမ်းယူထားပြီး မကြာမကြာဖွင့်လေ့ရှိသဖြင့် ကြားဖူးနေသည်။

'အင်းဝခေတ်က ''ဇတော်'' အကျော် ၃ ပါးရှိပါသတဲ့ ('ဆရာတော်' ကို 'ဇတော်' ဟု ဆရာတော်ကြီးက အသံထွက်သည်) 'စာတတ် ငါးခုန်၊ စာကုန် မကျီးတော၊ စာပြော သဲအင်း' ဟုဆိုကြ၏။

ငါးခုန်ဆရာတော်က အလွန်စာတတ်သည်၊ မန်ကျီးတောဆရာတော်က စာအကုန်၊ အစုံကြည့်ဖူးသည်။ သဲအင်းဆရာတော်မှာ စာပြော၊ စာချ အလွန်ကောင်းသည်ဟု ကျော်စောသည်။

တစ်နေ့ ဘုရင့်နန်းတော်ဆွမ်းကပ်ပွဲတွင် ငါးခုန်ဆရာတော် တရားချီးမြှင့်ခါနီး မန်ကျီးတောဆရာတော်က ငါးခုန်ဆရာတော်အား 'ဆရာတော် ပိဋကတ် ၃ ပုံမှာ တပည့်တော်မကြားဘူးတဲ့ စာမရှိ၊ အကုန်ကြည့်ဖူးတယ်၊ တပည့်တော်မကြည့်ဘူးတဲ့စာကို ဟောနိုင်လျှင် တပည့်တော် 'ဆရာ' လို့ ခေါ်မယ်ဟု ပြောသည် ဆို၏။

တရားဟောသောအခါငါးခုန်ဆရာတော်က 'လူ့လောကတွင် ထိန်းသိမ်းရခက်ခဲသောအရာ ၂-ခုရှိသည်၊ ထို ၂-ခုကိုထိန်းသိမ်းနိုင်မှ နိဗ္ဗာန်ကို ရနိုင်သည်၊ ထို ၂-ခုမှာ အရိုးမရှိသော အရာ ၂ ခု ဖြစ်၏၊ တစ်ခုမှာ 'လျှာ'ဖြစ်၍ ၊ နောက်တစ်ခုသည် '---' ဖြစ်ကြောင်း၊ ကိုင်းဆုတောင်းကြကုန်' ဟု ဟော လိုက်သည်ဆို၏။

နန်းတော်ပေါ်မှ ကြွလာ၍၊ အောက်သို့ရောက်သောအခါ မန်ကျီးတောဆရာတော်က 'တပည့်တော် ကြည့်ဖူးတဲ့ စာတွေထဲ မပါတာကို ဟောနိုင်လို့ 'ဆရာ' လို့ ခေါ်ပါပြီ'' ဟု ငါးခုန်ဆရာတော်အားလျှောက်သည်ဆို၏။ အရှင်ဘုရားတို့လည်း အရိုးမပါတာ ၂-ခုကို ထိန်းသိမ်းနိုင်ကြပါစေဟု နိဂုံးချုပ်မိန့်ကြားပါသေးသည်။

ကျွှာဆရာတော်ကြီးသည် စံကင်းဆရာတော်ကြီးထံ မကြာခဏကြွလာတော်မူလေ့ရှိ၏။ မိမိလည်း မကြာခဏဖူးမြင်ပြုစုခွင့်ရ၏။ မိမိရင်ထဲတွင် စွဲဝင်ကိန်းဝပ်နေသော အမည်သည်လည်း ပို၍ ခိုင်မြဲလာ၏။

ထိုအမည်မှာ -

'ကျွှာ'

(၄)

ကျွှာမင်းကြီးမှ စတင်ခဲ့၍ ကျွှာဆရာတော်ကြီးအထိ 'ကျွှာ' ဟူသောအမည်နှင့် ဆက်စပ်ခဲ့ရသည်။ ဆရာတော်ကြီး ပျံလွန်တော်မူပြီးသည့်နောက်တွင်လည်းဆက်စပ်မှုမှာ ပြတ်မသွားပေ၊ ပို၍ပင် နီးကပ်လာသေးသည်ဟု ခံစားမိပေသည်။

အကြောင်းမှာ လက်ရှိ ကျွှာဆရာတော်သည် ဘဒ္ဒန္တ လက္ခဏ အရှင်မြတ်ကြောင့်ပင်။ ဆရာတော်သည် ရွှေကျင်သာသနာပိုင် ဇယမေဒနီဝါဆိုဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်ရာ မိမိနှင့် ဆရာတူ တပည့်ဟု ဆိုနိုင်ပေသည်။ မိမိ၏ ဆရာမြတ်များ ဖြစ်တော်မူကြသော ဦးဣန္ဒာစရိယ၊ ဦးအကံ့ရဉာဏ၊ ဦးပညာဝံသ

(စကျင်-ဒက္ခိဏာရုံ) တို့နှင့် မိတ်ဆွေရင်းများဖြစ်သည်ဟုလည်း သိရသည်။

မိမိဝါဆိုကျောင်းသို့ရောက်သောအခါ ဆရာတော်ကျစွာချောင်သို့ ပြောင်းရွှေ့သွားပြီဟု ထင်ပါသည်။ သို့ရာတွင် ဝါဆိုကျောင်းသို့ မကြာခဏကြွလာလေ့ရှိသဖြင့် မြင်ဖူးနေသည်။ ဆရာများက ပြောပြလေ့ရှိသဖြင့် ဆရာတော့်အကြောင်းကြားဖူးနေသည်။ စကားတော့ မပြောဘူးပါ။

ဝါးချက်ဇီဝိတဒါနဆေးရုံဖွင့်စက မိမိကျစွာချောင်သို့ ရောက်သွားသည်။ ဆေးရုံကလေးမှာ ဖွင့်စသာဖြစ်၍ မကြီးလှသေး။ ဘဝန်ခံဆရာဝန်မှာ ကျော်စွာထက်ဖြစ်သည်။ ထိုစဉ်ကမူ ကျော်စွာထက်ကလည်း စာရေးဆရာဖြစ်စဘဲရှိဦးမည်။ လူနာများ ထိုင်စောင့်ရန် ခုံတန်းလျားလေးနှစ်ခု တွေ့ရသည်။ အလှူရှင်မပေါ်သေးဟု သိရသဖြင့် တန်းလျားဖိုး မိမိလှူခဲ့ပါသည်။ (တစ်ခု ၁၅၀/-၊ နှစ်ခု ၃၀၀/- လှူခဲ့သည်ဟု မှတ်မိနေသည်။)

ဤသည်မှာ ကျစွာချောင်သို့ မိမိပထမဆုံးရောက်ဖူးခြင်းဖြစ်သည်။ နောက်ထပ်လည်း များများမရောက်ဘူးပါ။ နှစ်ခေါက်သာ ရောက်ဖူးပါသည်။ ထိုအချိန်တွင်မူ ဆေးရုံသည် အရှိန်အဟုန်ဖြင့် တိုးတက်နေပေပြီ။ အရွယ်အစားကြီးမားနေသည်။ အထပ်တွေမြင့်နေသည်။ ဆရာဝန်၊ ဆရာမတွေလည်းများပြားနေပေပြီ။

ဆရာတော်၏ ကြိုးပမ်းမှုနှင့် အောင်မြင်မှုကို အားရ ကြည်ညိုလှသောကြောင့် တတ်နိုင်သမျှ ပါဝင်လှူဒါန်းခဲ့ပါသေးသည်။ ကျစွာချောင်မှာလည်း စာသင်တိုက်နှင့် ရိပ်သာနှင့် အလွန်ပင် တိုးတက်နေသည်ကိုတွေ့ရ၏။

ကျစွာတိုက်အုပ်ဆရာတော် ဦးသဒ္ဓမ္မမှာ မိမိ၏မိတ်ဆွေဖြစ်သည်။ ဆေးရုံငွေရတုစာစောင်တွင် မိမိပါဝင်ရေးသားဖြစ်သည်မှာ ဆရာတော်ဦးသဒ္ဓမ္မက တိုက်တွန်းသောကြောင့်ဖြစ်ပါသည်။

'ကျစွာ' ဟူသော အမည်ကို စွဲလမ်းမှု၊ လက်ရှိကျစွာဆရာတော်၏ ပရဟိတလုပ်ငန်းနှင့် ပရိယတ်၊ ပဋိပတ်စွမ်းရည်ကို အားရကြည်ညိုမှု၊ ရင်းနှီးသော ဆရာတော်ဦးသဒ္ဓမ္မ၏ တိုက်တွန်းခြင်းကို လေးစားမှုတို့သည် ဤစာမူကို ရေးဖြစ်သည့် အခြေခံအကြောင်းများဖြစ်ပေသည်။

(၅)

လူ့ဘဝတွင် လူတို့သည် တစ်သက်တာပတ်လုံး အမည်အမျိုးမျိုးကို ကြားဖူး၊ သိဖူး၊ သုံးနှုန်းပြောဆိုဖူးကြ၏။ အမည်အမျိုးမျိုးကြားဖူးကြသော်လည်း ရင်ထဲတွင် စွဲဝင်ငြိကပ်၊ ကိန်းဝပ်သည်အထိ တည်ရှိနိုင်သော အမည်မှာမူ ၄-၅ ခုလောက်သာရှိပါလိမ့်မည်။ မိမိမှာလည်း ထိုသို့သော အမည်မျိုးမှာ အနည်းငယ်သာရှိပါ၏။ အနည်းငယ်သော ထိုအမည်များထဲတွင် ဖော်ပြခဲ့သော အမည်တစ်ခုသည်မူ မိမိဘဝတစ်လျှောက် ယခုအထိ ထဲထဲဝင်ဝင်စွဲစွဲထင်ထင်ပင် အစဉ်တည်ရှိနေ၏။ နောင်တွင်လည်း အစဉ်ထာဝရ တည်ရှိနေပေလိမ့်မည်။

ထိုအမည်မှာ -

'ကျစွာ' ပင်ဖြစ်ပါ၏

ကျစွာဆရာတော်ဘုရားသည် (၇၅) နှစ်မြောက် မွေးနေ့မှစ၍ သက်တော်ရှည်သမျှကာလပတ်လုံး၊ ပရဟိတနှင့် သာသနာပြုလုပ်ငန်းများကို ကျန်းမာရွှင်လန်းစွာ ကြိုးပမ်းထမ်းဆောင် တော်မူနိုင်ပါစေကြောင်း ဆုတောင်း မေတ္တာပို့သလိုက်ရပေသည်။

**(ဤစာမူဖြင့် ကျစွာဆရာတော်နှင့် ဆရာတော်ဦးသဒ္ဓမ္မတို့အား စိန်ရတုမွေးနေ့အမှတ်တရအဖြစ် ကန်တော့အပ်ပါသည်။)**

*ဓယမေဒနီအရှင်နန္ဒိယ*
*အတုလဂုဏ်ရောင်ဓမ္မာရုံကျောင်းတိုက်၊*
*စံကင်းရွာ၊ နေပြည်တော်မြို့။*




ဦးမာနိတသိရိဘိဝံသ

ဤအရှင်သည် စာရေးသူ၏ အရင်းနှီးဆုံး သီတင်းသုံးဖော်ဖြစ်၏။ သက်တော် ၇၅ နှစ် သိက္ခာတော် ၅၅ ဝါ ရရှိနေပြီ။ စာရေးသူက လူဖြစ် လပိုင်းစော၍ ဤအရှင်က ရဟန်းဖြစ် လပိုင်းစောသည်။

ဤအရှင်သည် ၁၃၁၈ ခုနှစ်တွင် စာရေးသူနေထိုင်သော မန္တလေးမြို့ ရွှေကျင်ဂိုဏ်း ဇဟိုဌာနမဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီဝါဆိုကျောင်းသို့ရောက်လာသည်။ ရုပ်သွင် မွန်ရည်သည် ကြည်ညိုဖွယ်ကောင်းသည်၊ အနေအထိုင်သန့်ပြန့်သည်။ စာရေးသူနေသော ဇယမေဒနီဝါဆိုကျောင်းကြီးအောက်ထပ် တောင်ဘက်တန်း အရှေ့ထောင့်တွင် နေရာချင်း ယှဉ်နေရသည်။ ကျောင်းကြီးအောက်ထပ် တောင်ဘက်အပေါက် အရှေ့ဘက်၌ ခုတင် ၃ လုံး၊ အရှေ့ဘက်ဆုံးခုတင်မှာ အရှင်သီရိလက္ခဏအလယ်ခုတင်မှာ စာရေးသူ စာရေးသူ၏ အနောက်ဘက်ခုတင်မှာ ကိုရင်ကြီး သီရိပညာသာမိ ယခုရန်ကုန်မြို့ ဟံသာဝတီကမ္မဋ္ဌာန်းကျောင်းတိုက်အကြီးအကဲ ဆရာတော် ဘဒ္ဒန္တသီရိပညာသာမိမထေရ် (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) တို့ နေကြရသည်။ ထိုနှစ်မှာ ၃-ပါးလုံး အကြီးတန်း အောင်သည်။ နောက်နှစ်ဖြစ်သော ၁၃၁၉ ခုနှစ်တွင် စာချတန်း ၃-ပါး လုံး အတူစာလိုက်ကြ အတူအောင်ကြသည်။

## "ဘဝနှစ်ခု"

ဤသို့ ၂ နှစ်တိုင်တိုင် အတူတူ နေထိုင်လာကြရာမှ ဘဝနှစ်ခုကို ယှဉ်တွဲ သုံးသပ်မိလာသည်။ ဤအရှင် စိတ်ဆိုးသည်ကို ယနေ့ အချိန်အထိ တစ်ခါမျှ မတွေ့ရဖူးပါ။ အမျိုးသမီးများနှင့် စပ်၍ မရိုးသားမှုများ တစ်ကြိမ်မျှ မကြုံရဖူးပါ။ ပစ္စည်းတွယ်တာမှု မရှိ၊ သက်န်းမှစ၍ အသုံးအဆောင်ပေါ်များပြီး အကောင်းစားများကိုသာ သုံးစွဲရသည်။ စာရေးသူက ဂျပန်ဖြစ် ငှ-တန် ပိုင်းလော့ဖောင်တိန်ကိုသာ ကိုင်နိုင်သော အချိန်၌ သူက ပတ်ကား ဖောင်တိန်ကိုင်နေရသည်။ သူ့မှာနေရာထိုင်ခင်းရှိသည်။ လက်ကိုင်ပဝါရှိသည်။ စာရေးသူ ကိုင်၍ပင်မကြည့်ဘူးသော လက်ကိုင်နာရီ ရှိနေသည်။ သူ့၌ ရှိသမျှပစ္စည်းတို့လည်း အကောင်းစား တန်ဖိုးကြီး များသာဖြစ်ပြီး လှူသူများက မြတ်မြတ်နိုးနိုး လှူထားသော ပစ္စည်းများဖြစ်သည်။ စာရေးသူသည် သူ့ပစ္စည်းများကို လိုချင်စိတ် မဖြစ်ခဲ့ပါ။ သူ့မှာရှိသလို ရှိချင်စိတ်လည်း မဖြစ်ခဲ့ပါ။ ယှဉ်တွဲ သုံးသပ်မိခြင်းသာဖြစ်သည်။

စာရေးသူသည် အရာရာကို သုံးသပ်ကြည့်လေ့ရှိ၏။

သူက မျက်နှာချိုသာသည်၊ ခင်မင်သူများသည်။ စာရေးသူက မဟုတ်တာမကြိုက်၊ စိတ်တိုသည်၊ အနားကပ်ချင်သူမရှိ၊ ရှိန်ကြသည်။ မျက်နှာထား တင်းပုံ ဆိုးပုံရသည်။ ငယ်ဆရာရင်းဖြစ်သော မန္တလေးတိုင်း စဉ့်ကူးမြို့နယ် ညောင်ပင်ရွာ မဇ္ဈိမာရုံဆရာတော်ကြီး ဘိုးက္ကန္တာစရိယက "မင်းမျက်နှာကြီးကိုက" ဟု အဆိုခံရဖူးသည်။ စာရေးသူ၌ ဆရာသမားများ ချီးမြှင့်ကြ၍ သင်္ကန်းများရှိသည်။ သို့သော် ဝတ်မည်ဟု ဖြန့်လိုက်သောအခါ ချုပ်ရိုးပြဲများ ဖြစ်နေတတ်သည်။ နေရာထိုင်ခင်းမရှိ၊ ရေသနုပ်သင်းပိုင်ကို နေရာထိုင်အဖြစ် အသုံးပြုရသည်။ လက်ကိုင်ပဝါမရှိ။

## ဒါနနှင့်သံဝိဘာဂ

ဤနေရာ၌ ဆင်ခြင်မိသည်မှာ မရှိမဖြစ် ရဟန်းအသုံးအဆောင်ပစ္စည်းများ သူ့မှာရှိသလို ကိုယ့်မှာလည်းရှိသည်။ သို့သော် သူ့မှာရှိသော ပစ္စည်းများသည် မွန်မြတ်သပ်ရပ်သည်၊ ကိုယ့်မှာရှိသော ပစ္စည်းများသည် ကောင်းသော်လည်း တစ်ခုခု ချွတ်ယွင်းနေတတ်သည်။

ဒါဘာကြောင့်နည်း? အကြောင်းရှိရမည်။

ပစ္စည်းဥစ္စာနှင့်စပ်၍ အကြောင်းရှာလျှင် ဒါနကိုတွေ့ရမည်ဖြစ်၏။ အကြောင်းကား ဒါန။ အကျိုးကွဲပြားခြားနားလျှင် အကြောင်းလည်း ကွဲပြားခြားနားရမည်။ သူ၏ဒါနနှင့် စာရေးသူ၏ ဒါနမည်သို့ ခြားနားနိုင်သနည်း။ ဤသို့ စဉ်းစားသောအခါ စိတ်ထားကို သွားတွေ့ရ၏။ သူ၏စိတ်ထားသည် နူးညံ့၏။ ပြေပြစ်၏။ စာရေးသူကား အရာရာဘောက်ဆတ်ဆတ်။ သို့သော် သနားတတ်သည်။ ဤစိတ်ထားနှစ်မျိုးကို အခြေခံ၍ ဒါနပြုသောအခါ သူ၏ဒါနသည် ဒါနဖြစ်၍ စာရေးသာ၏ ဒါနသည် သံဝိဘာဂသာဖြစ်သည်။

ဒါနဟူသည် ပြင်ဆင်သိုင်းဝိုင်းကာ အလှူခံရွေးပြီး လှူသော အလှူဖြစ်သည်။ သံဝိဘာဂဟူသည် ပြင်ဆင်သိုင်းဝိုင်းမှုမရှိ အလှူ ခံမရွေး စားဖို့သုံးဖို့ထဲမှ 'ရော့၊ အင့်' လုပ်ခြင်းဖြစ်သည်။ ထို့ကြောင့် ရရှိသော ပစ္စည်းချင်း ကွာခြားနေခြင်းဖြစ်သည်။ ထို့ပြင် ဒါန၏ အကျိုးသည် ပစ္စည်း ဥစ္စာပေါ်ခြင်းဖြစ်၍ သံဝိဘာဂ၏ အကျိုးသည် ဩဇာအာဏာရှိခြင်းဖြစ်သည်။ ဤသို့ သဘောပေါက်လာသောအခါ စာရေးသူ၏ တစ်ဖောက်ကန်းစိတ်ထား ပြုတ်သွားသည်။

၄င်းကား 'ရဟန်းဆိုတာ သီလရှိမှုနှင့် စာတတ်ဖို့သာ လိုရင်း' ဟူသော အယူအဆဖြစ်၏။

ဤအယူအဆ ပြုတ်သွားပြီဟု ဆိုရသော်လည်း ဒါနကိုကား လက်တွေ့မပြုဖြစ်သေး။ နောက်နှစ်ပေါင်း ၂၀ နှစ်နီးပါး အကြာ ၁၃၃၈ ခုနှစ်၊ တပေါင်းလ မွေးနေ့ရောက်ခါနီးမှ အောင်မြင်သွား၏။ အောင်မြင်ပုံမှာ ငါ့မွေးနေ့တစ်ခုခုလှူမည်ဟု ဆုံးဖြတ်ပြီး သေတ္တာကို ဖွင့်လိုက်သောအခါ မုဒ့် အိပ်ရာခင်းကြီးမှ တစ်ပါးအခြား လှူစရာ ပစ္စည်းမရှိ ဒါကြောင့် ဒါကိုဘဲ လှူမည်ဟု ဆွဲထုတ်လိုက်၏။ နောက် ဒါကိုတော့ ငါသုံးမည်ဟု ပြန်သွင်း လိုက်၏။ ဤသို့ ၄ ခါ၊ ၅ ခါမျှ သွင်းချည် ထုတ်ချည် လုပ်ပြီးမှ မဟာဝိသုဒ္ဓါရုံတိုက်သစ် တနင်္ဂနွေထောင့် စကြံဆရာတော်ကြီးကို သွားရောက်လှူဒါန်းလိုက်၏။

ဤသို့ ခက်ခက်ခဲခဲ အလှူပွဲကြီး ပြီးသွားသောအခါ အောက် ပါအတိုင်း မှတ်တမ်းရေးထားခဲ့၏။ ဖတ်ကြည့်ကြပါကုန်။

## ငါ၏ ဒါနမှု

"ကျွန်ုပ်သည် သံဝိဘာဂ= ဝေငှမှု မနည်းသော်လည်း ဒါနပြုရန်ကား သတိမရမိ။ ဒါနပြုရန် သတိရလာသည်မှာ အသက် ၄၂ နှစ် ရှိပြီဖြစ်သော ၁၃၃၈ ခုနှစ် တပေါင်းလကမှ ဖြစ်သည်။ သတိရလာသည့် အကြောင်းမှာလည်း မိမိဘဝကို ပြန်လည်သုံးသပ်

မိသောကြောင့်ဖြစ်သည်။ မိမိသည် သူတစ်ပါးအား ဝေငှမှု မနည်းခဲ့သလို မိမိအား မျှတဝေငှရန် အခြားပုဂ္ဂိုလ်တို့က ဦးမလေးခဲ့ကြ။ ဒါကြောင့် မိမိမှာ တန်းစေ့ရုံ ပြည့်စုံမှုရှိသည်။ သို့သော် ဒါနနှင့် သံဝိဘာဂတို့သည် ပြင်ဆင်သိုင်းဝိုင်းမှုရှိမရှိ ကွဲပြားသလို အကျိုး၌လည်း မွန်မြတ်သန့်ရှင်းမှု ရှိမရှိကွဲပြားသည်။ မိမိ၌ရရှိလာသော ပစ္စည်းဝတ္ထုတို့သည် ဦးရေများ၍ တန်ဖိုးမနည်းသော်လည်း မွန်မြတ်သန့်ရှင်းမှုမရှိကြဟု ကျွန်ုပ်ထင်သည်။ ထို့ကြောင့် ငါ ရရှိလာသော ပစ္စည်းဝတ္ထုတို့သည် ဒါန၏ အကျိုးများမဟုတ်ကြ၊ သံဝိဘာဂ၏ အကျိုးများသာဖြစ်သည်ဟု မြင်လာသည်။ ဒါနပြုရန်ကိုလည်း သတိရစိတ်ညွတ်လာသည်။ အကြောင်းများစွာ စုပေါင်းမှ အကျိုးတစ်ခုဖြစ်ပေါ်လာရသည့် ဓမ္မသဘာဝအလျောက် ဒါနဘက်သို့ စိတ်ညွတ်နေသော်လည်း လက်တွေ့မပါမိ။ ၁၃၃၈ ခုနှစ်၊ တပေါင်းလ မွေးနေ့ ရောက်ခါနီးမှ "ဟာ ငါတစ်ခုခု လှူဦးမှပဲ" ဟု အကြံပေါ်ပြီး မိမိ၌ ရှိသော မှုံ့အိပ်ရာခင်းကြီးတစ်ခုကို သက်တော်ရှည် စကြံ့ဆရာတော်ကြီးအား ချက်ချင်းသွားရောက်လှူဒါန်းလိုက်သည်။

## အလှူခံရွေးချယ်မှု

ကျွန်ုပ်အလှူခံ ရွေးမှုမှာ အခြားသူတို့နှင့် မတူဟုထင်သည်။ ကျွန်ုပ်၏ အလှူခံသည် ဂုဏ်ကြီးရန် နာမည်ကြီးရန်မလို၊ ရိုးသား ဖြောင့်မှန်၍ အလှူဝတ္ထုကို မြတ်နိုးစွာ လက်ခံမှုကိုသာ လိုသည်။ ထို့ကြောင့် ဤအချက်နှင့် ကိုက်ညီသော စကြံ့ဆရာတော်ကြီးအား ရွေးချယ်လှူဒါန်းခြင်းဖြစ်သည်။ နာမည်ကြီးသူနောက် တကောက်ကောက်လိုက်နေသော လောက၊ ဂုဏ်ကြီးသူနောက် တကောက်ကောက် လိုက်နေသော လောကမှ ကျွန်ုပ် အလွတ်ရုံးမည်သာတည်း။

ဦးမာနိတသိရိ
၁၃၃၉ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

## ဤအရှင်၏ အဆင့်အတန်း

ဆိုခဲ့ပြီးသည်တို့မှာ ဤအရှင်နှင့် ဆက်စပ်ပြီး စာရေးသူ အမြင် ပြောင်းလာရသည်တို့ကို ဝန်ခံဖော်ပြခြင်းဖြစ်သည်။ ယခု ဤအရှင်၏ ဗုဒ္ဓသာသနာတော်နှင့် တွေ့ကြုံရသည့် အဆင့်အတန်းကို ပြောလိုသည်။

ဤအရှင်၏ ဗုဒ္ဓသာသနာတော်နှင့် တွေ့ကြုံရသည့် အဆင့်အတန်းကို ပြောဆိုရလျှင် "ယခုဘဝမှာပင် သစ္စာ ၄ ပါးကို သိမြင်နိုင်သော အဆင့်ရှိသူဖြစ်သည်" ဟု ပြောလိုသည်။ ဤစကားသည် အထောက်အထားမဲ့ မြှောက်ပင့်သော စကားမဟုတ် အင်္ဂုတ္တရနိကာယ် နဝကနိပါတ် အက္ခဏသုတ်ကို ထောက်ထားပြောဆိုသော စကားဖြစ်သည်။

ထိုသုတ်တော်တွင် ဤဘဝ၌ သစ္စာ ၄ ပါးကို သိမြင်သူဖြစ်နိုင်သည့် နဝမခဏနှင့် ကြုံနေသူအဖြစ်ကို

"ဧကောဝ ခေါ ဘိက္ခဝေ ခဏော စ သမယော စ ဗြဟ္မ စရိယဝါသာယ" ဟု အစချီပြီး

(၁) လောက၌ ဂုဏ်တော် ၉ ပါး နှင့် ပြည့်စုံသည့် ဗုဒ္ဓပွင့်တော်မူခြင်း။

(၂) ထိုဗုဒ္ဓက သမ္မောဓိဂါမီ မဂ်ဉာဏ် ၄ ပါးသို့ ရောက်စေတတ်သည့် တရားကို ဟောတော်မူခြင်း။

(၃) သာသနာထွန်းကားရာအရပ်၌ လူဖြစ်ရခြင်း။

(၄) ထိုသူသည် တိဟိတ်ပဋိသန္ဓေ ပညာနှင့် ပြည့်စုံသူဖြစ်ခြင်းဟု နဝမခဏ အင်္ဂါလေးပါးကို ထုတ်ပြထားသည်။

ဤအရှင်သည် ဗုဒ္ဓဂေါတမ ပွင့်တော်မူရာကာလနှင့် ကြုံနေသည်။ ထိုဗုဒ္ဓဂေါတမက မဟာသတိပဋ္ဌာနသုတ်စသော မဂ်ပေါက်ဖိုလ်ဝင် တရားတော်တို့ကို ဟောတော်မူထားသည်။ သာသနာထွန်းကားရာဒေသ၌ လူဖြစ်ရုံမက ကိုယ်တိုင်သာသနာပြုရဟန်းပုဂ္ဂိုလ်ဖြစ်နေသည်။ ထို့ပြင် ဤအရှင်သည် ဗုဒ္ဓဟောတော်မူသည့် မဟာသတိပဋ္ဌာနသုတ်တော်စသည်တို့ကို ဗုဒ္ဓအလိုတော်ကျသဘောပေါက် ဉာဏ်သက်ရောက်သူဖြစ်သည်။ ထို့ကြောင့် "ဤအရှင်သည် -

"ယခု ဘဝမှာပင် သစ္စာ ၄ ပါးကို သိမြင်နိုင်သော အဆင့်ရှိသူဖြစ်သည်" ဟု ဆိုခြင်းဖြစ်သည်။

## ရခဲလှသည့် သူ့ဘဝ

ဤအရှင်၏ လက်ရှိ ရယူထားသည့် ဘဝသည် မည်မျှခက်ခဲစွာ ရယူထားရသည်ကို မဟာဝဂ္ဂသံယုတ်ပါဠိတော် သစ္စသံယုတ် ပပါတဝဂ် ဒုတိယ ဆိဂ္ဂဠယုဂသုတ်မှ အဆိုတိုင်း ဖော်ပြအံ့။

သေယျထာပိ ဘိက္ခဝေ အယံမဟာပထဝီ ဧကောဒကာ အဿ-စသည်ဖြင့် ဤစကြဝဠာကြီးအတွင်းရှိ မြေအပြင်ကြီး တစ်ခုလုံး ရေပြင်ကျယ်ကြီးဖြစ်နေရာ၏။ ထို စကြဝဠာရေပြင်ကြီး၌ ယောကျာ်းတစ်ယောက်သည် အရှေ့စကြဝဠာ တံတိုင်းမှနေ၍ အပေါက်တစ်ပေါက်သာ ပါသော ထမ်းပိုးတုံးကို ပစ်ချထားရာ၏။ ထိုအခါ ထမ်းပိုးတုံးသည် အရှေ့လေ လာလျှင်အနောက်သို့ လွင့်မျောသွားရာ၏။ အနောက်လေလာက အရှေ့ရပ်သို့ လွင့်မျောရာ၏။ မြောက်လေလာက တောင်အရပ်သို့ လွင့်မျောရာ၏။ တောင်လေလာက မြောက်အရပ်သို့ လွင့်မျောရာ၏။ ဤသို့ အထိန်းအကွပ်မဲ့ လွင့်မျောနေရာ၏။ ထိုရေပြင်ကျယ်ကြီး၌ လိပ်ကန်းကြီး တစ်ကောင်ရှိရာ၏။ သူသည် မျက်စိမမြင်သည့် အလျောက် ဦးတည်ရာသို့ သွားလာ လှုပ်ရှားနေပြီး၊ အနှစ်တစ်ရာ တစ်ရာကြာမှ ခေါင်းဖော်ရာ၏။ ဤသို့ အထိန်းအကွပ်မဲ့ လွင့်မျောနေသည့် ထမ်းပိုးတုံးအပေါက်၌ ဦးတည်မိရာသို့ သွားနေသည့် လိပ်ကန်းကြီးသည် အနှစ်တစ်ရာကြာ၍ ခေါင်းဖော်သောအခါ စွပ်မိရာ၏။

ဤကား အလွန့်လွန် ခဲယဉ်းလှသော တိုက်ဆိုင်ကြုံတွေ့မှုပေတည်း။

"ရဟန်းတို့ အကြင် ကြောင်းကြောင့် လူ့အဖြစ်ကို ရရှိ၏။ ဤရရှိခြင်းသည် အလွန့်လွန်ခဲယဉ်းလှသော ရရှိမှုပေတည်း" ဟု ဗုဒ္ဓ ဟောတော်မူတိုင်းပင် ဤအရှင်၏ တိဟိတ်ပုဂ္ဂိုလ်အဖြစ်ဖြင့် လူ့ဘဝကို ရလာခြင်းသည်လည်း စကြဝဠာ ရေပြင်ကျယ်ကြီး



ကျွန်ုပ်အလှူခံ ရွေးမှုမှာ အခြားသူတို့နှင့် မတူဟုထင်သည်။ ကျွန်ုပ်၏ အလှူခံသည် ဂုဏ်ကြီးရန် နာမည်ကြီးရန်မလို၊ ရိုးသား ဖြောင့်မှန်၍ အလှူဝတ္ထုကို မြတ်နိုးစွာ လက်ခံမှုကိုသာ လိုသည်။ ထို့ကြောင့် ဤအချက်နှင့် ကိုက်ညီသော စကြံ့ ဆရာတော်ကြီးအား ရွေးချယ်လှူဒါန်းခြင်းဖြစ်သည်။ နာမည်ကြီး သူနောက် တကောက်ကောက် လိုက်နေသော လောက၊ ဂုဏ်ကြီးသူနောက် တကောက်ကောက် လိုက်နေသော လောကမှ ကျွန်ုပ် အလွတ်ရုံးမည်သာတည်း။

အတွင်း၌ လိပ်ကန်းကြီးထမ်းပိုးပေါက်ဦးခေါင်း စွပ်မိဖို့ ခဲယဉ်းလှသည့်နည်းတူ ခဲယဉ်းလှစွာ ကြီးကျယ်အားကောင်းလှသော ပါရမီကုသိုလ်အဟုန်ကြောင့် အံ့သြဖွယ်ရာ ထူးခြားလှစွာ ရရှိလာရခြင်းပေတည်း။

## ဗုဒ္ဓပွင့်ရာကာလနှင့် တွေ့ကြုံမှု

ဤအရှင် ဗုဒ္ဓပွင့်ရာကာလနှင့် ကြုံတွေ့ရခြင်းကလည်း အံ့သြဖွယ်ရှိလှ၏။ လောက၌ ဗုဒ္ဓပွင့်ရန်ခဲယဉ်းလှပုံကို ဥပမာဖြင့် ပြဆိုထား၏။ ထိုစကြဝဠာရေပြင်ကျယ်ကြီး၌ တောင်စကြဝဠာ တံတိုင်းအလယ်ဌာနမှနေ၍ လူတစ်ယောက်သည် အပေါက်တစ်ပေါက်သာပါသော ထမ်းပိုးတုံးပစ်ချပြန်၏။ ဤသို့စကြဝဠာ ရေပြင်ကျယ်ကြီး၌ ထမ်းပိုးတုံး ၂ တုံးရှိနေရာ ယူဇနာသိန်းသန်းချီဝေးကွာသော ဌာန ၂ ခုမှ ပစ်ချသော ထမ်းပိုးတုံးတို့အတူတကွ လာဆုံဖို့ ဆိုသည်မှာ ခဲယဉ်းလှ၏။ သို့သော် ကမ္ဘာကြီးပေါင်း အသင်္ချေကြာသောအခါ ဆုံကောင်းဆုံပေလိမ့်မည်။ ထိုသို့ဆုံရုံမျှမက ထမ်းပိုးတုံး ၂ တုံး အထက်အောက် ဆင့်မိလျှက်ဖြစ်နေရပေဦးမည်။ လှိုင်းလေကြီးလှသော စကြဝဠာရေပြင်ကြီး၌ ထိုသို့ဖြစ်ရန်ကား ခဲယဉ်းလှပေ၏။ သို့သော်ကမ္ဘာကြီးအသင်္ချေ ထိုအသင်္ချေပေါင်း မရေမတွက်နိုင်အောင် ကြာသောအခါ ဖြစ်ကောင်းဖြစ်နိုင်ပေမည်။ ထို့ပြင် အပေါက် ၂ ပေါက်ကလည်း တည့်တည့်မတ်မတ်ဖြစ်နေစဉ်မှာ ဦးတည်ရာသွားပြီး အနှစ်တစ်ရာကြာမှ တစ်ခါ ခေါင်းပေါ်သော လိပ်ကန်း၏ခေါင်း စွပ်မိရာ၏။

ဤကား လောက၌ ဗုဒ္ဓတစ်ဆူ ပွင့်တော်မူရဖို့ ခဲယဉ်းလှပုံပမာတည်း။

ဤအရှင်သည် ဤသို့ ပွင့်ပေါ်ရန် ခဲယဉ်းလှသည့် ဗုဒ္ဓပွင့်ရာကာလနှင့်ကြုံနေရ၏။

## ရဟန်းဘဝခဲယဉ်းလှပုံ

ဤအရှင်၏ ရှင်ဘဝ ရဟန်းဘဝ ရယူပြီး ရှင်ရဟန်းတို့၏ သိက္ခာ ၃ ပါး ရဟန်းတရားတို့ကို ပျော်ရွှင်စွာ ကျင့်သုံးနေထိုင်မှုနှင့် စပ်၍ ဥပမာကား "ထိုစကြဝဠာ ရေပြင်ကျယ်ကြီး၌ လူတစ်ယောက်သည် အနောက်စကြဝဠာ တံတိုင်းမှနေ၍ ထမ်းပိုးတစ်တုံးကို ပစ်ချထားပြန်ရာ ဤရေပြင်ကျယ် ၌ ၃ တုံးဆုံဖို့ ကြီးလှသော လှိုင်းလေအကြား အထက်အောက်ဆင့်မိဖို့၊ အပေါက် ၃ ပေါက် တည့်တည့်မတ်မတ်ဖြစ်နေဖို့ ထိုစဉ်မှ လိပ်ကန်းကြီးခေါင်းပေါ်သဖြင့် စွပ်မိဖို့ ခဲယဉ်းလှပုံကို ဉာဏ်ဖြင့် ချိန်ဖွင့်သိကြရ၏။

ထို့ကြောင့် ဗုဒ္ဓက "ရဟန်းတို့ ခဲယဉ်းလှသော လူ့အဖြစ် ဗုဒ္ဓပွင့်တော်မူခြင်းနှင့် ကြုံတွေ့နေစဉ် ရဟန်းဘဝသို့ ရောက်ရှိနေခြင်းဟူသော အကြောင်းညီညွတ်နေစဉ် ဤကား ဒုက္ခ ဤကား သမုဒယ ဤကား နိရောဓ ဤကား မဂ္ဂ ဟု သိရန် အားထုတ်သင့်ကြ၏" ဟု တိုက်တွန်းတော် မူထားပေသတည်း။

* * *

*ဦးမာနိတသိရီဘိဝံသ*



# ရေသန့်လုပ်အားဒါနရှင် ဆရာတော်

















အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
ဘွဲ့တံဆိပ်တော်
ပူဇော်ပွဲအခမ်းအနား







# အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
# ဘွဲ့တံဆိပ်တော်
# ပူဇော်ပွဲအခမ်းအနား











နာဂစ်တွင်လည်းကူ

# ဘက်ပေါင်းစုံမှ ရှုတိုင်းလှ
## (သုံးပဟုတ်)
## အလုံးစုံတင့်တယ် ကြည်ညိုဖွယ်

ယခုတလော ပါဠိဘာသာ ဝိဋကကျမ်းစာတို့ကို ကြည့်ရှုသုံးသပ်ရာ၌ ပါဠိပုဒ် ၂-ခုကို အထူး စိတ်ဝင်စားမိသည်။ စိတ်ဝင်စားခြင်း အကြောင်းမှာလည်း ခေတ်ကာလအခြေနေအရ တွေ့ရှိခံစားရသော မနှစ်မြို့ဖွယ်ရာအာရုံများနှင့် ဆက်စပ်နီးနွယ်နေသောကြောင့် ဖြစ်သည်။ ဘဝသံသရာ ကမ္ဘာလောကအတွင်း မှီတင်းနေကြသော သူသူငါငါ၊ သတ္တဝါဟူသမျှတို့သည် သက်ရှိ သက်မဲ့ ဗဟိဒ္ဓအာရုံ အမျိုးမျိုးတို့နှင့် တွေ့ကြုံဆုံစည်းကာ နေထိုင်ကြရသူချည်းသာ ဖြစ်ကြသည်။ တွေ့ကြုံရသမျှ ဗဟိဒ္ဓအာရုံတို့ကို ဝိပဿနာ ဉာဏ်မြင်ဖြင့် ပီပြင်အောင် မရှုမြင်နိုင်ကြလျှင် အာရုံ၏ ဆွဲဆောင်ရာ နောက်သို့ လိုက်ပါကြရမည်သာ ဖြစ်လေသည်။ ဤကမ္ဘာတွင် လူတို့ နေထိုင်ရာ အိမ်ဂေဟာနှင့် ရေမြေတောတောင် အဆောင်ဆောင် အစားစား၊ သက်မဲ့ အာရုံများသည် ယခုအခါ သတ္တဝါတို့၏ မကောင်းသော ကံကြမ္မာ နှင့် ဥတုရာသီတို့၏



ဖောက်ပြန် ပျက်စီးမှုတို့ကြောင့် ကမ္ဘာအရပ်ရပ်တွင် လေမုန်တိုင်းကျခြင်း၊ မြေပြိုခြင်း၊ လျှော်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်းစသော သဘာဝဘေးဆိုးအန္တရာယ်အမျိုးမျိုးတို့နှင့် တွေ့ကြုံခံစား နေကြရသည်။

ကလိယုဂ် ဆုတ်ကပ်ဖွား ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများသည်လည်း မေတ္တာ၊ ကရုဏာစသော ဗြဟ္မစိုရ်တရားများ ခေါင်းပါး၍ လောဘ၊ ဒေါသစသော ကိလေသာ အယုတ်တရားတို့သာ တိုးပွားနေကြသောကြောင့် တစ်ယောက်နှင့်တစ်ယောက်၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ တိုက်ခိုက်ညှင်းဆဲသတ်ဖြတ်နေကြသည်ကိုသာ နေ့စဉ်နှင့်အမျှ နားမဆံ့အောင် ကြားသိနေရပေသည်။ ထို့ကြောင့် ဤအနိဋ္ဌာရုံအမျိုးမျိုးတို့မှ လွတ်ကင်းအောင်ရှောင်ရှား၍ သာယာစိုပြည်သော ဣဋ္ဌာရုံအမျိုးမျိုးတို့နှင့် တွေ့ကြုံဆုံစည်းရန် ကြံစည်အားထုတ်သောအခါ ပြဆိုခဲ့ပြီး 'သမန္တဘဒ္ဒ (သမန္တဘဒြ)' ဟူသော ပါဠိပုဒ်နှင့် 'သမန္တပါသာဒိက' ဟူသော ပါဠိပုဒ် ၂-မျိုးသည် မိမိ၏ စိတ်အစဉ်တွင် အထင်အရှား ပေါ်လာလေသည်။

သမန္တဘဒ္ဒ (သမန္တဘဒြ) ဟူသည်မှာ ကောင်းမြတ်သော သက်ရှိ၊ သက်မဲ့အရာဝတ္ထု တစ်ခုခုကို ရှုမြင်တွေ့ရှိသောအခါ 'ထက်ဝန်းကျင် (ဘက်ပေါင်းစုံ) မှ ကောင်းမြတ်တင့်တယ် နှစ်သက်ဖွယ်ရှိ၏' ဟု အဓိပ္ပာယ်ညွှန်ပြသောပုဒ် ဖြစ်သည်။ ထို့အတူ ပင် သမန္တပါသာဒိကဟူသောပုဒ်သည်လည်း 'ထက်ဝန်းကျင် (အလုံးစုံ) ပြည့်စုံတင့်တယ် ကြည်ညိုဖွယ်ရှိ၏' ဟူသော အဓိပ္ပာယ်ကို ညွှန်ပြသည်။ ထို့ကြောင့် အနိဋ္ဌာရုံပေါင်းစုံ လွှမ်းခြုံနေသော ဤကမ္ဘာလောကကြီး၌ အဆိုပါ ပါဠိပုဒ် ၂ မျိုးတို့က ဖော်ပြနေသော 'ဘက်ပေါင်းစုံမှ လှပတင့်တယ် နှစ်သက်ဖွယ်ရှိသော အာရုံမျိုးနှင့် အလုံးစုံတင့်တယ် ကြည်ညိုဖွယ်ရှိသော အာရုံမျိုး' ကို ဣဋ္ဌာရုံလိုလားသည့် သူတော်စင်မှန်သမျှ တောင့်တနေသည်မှာသေချာလှပါပေသည်။

ဘက်ပေါင်းစုံမှ ရှုတိုင်းလှ၍ အလုံးစုံတင့်တယ် ကြည်ညိုဖွယ်ကိုဆောင်သော ဣဋ္ဌာရုံမျိုးကို တွေမြင်ရှုစားလိုပါသည်ဟု ဆိုလျှင် ဗုဒ္ဓမြတ်စွာ သာသနာတော်ကိုသာ အထူးအရေးထားကာ ရှုစားရပေမည်။ အဘယ်ကြောင့်ဆိုသော် စကြဝဠာ ကမ္ဘာလောက ကုဋေတစ်သိန်းအတွင်း၌ ဗုဒ္ဓမြတ်စွာနှင့် ယှဉ်ပြိုင်နိုင်သော ရူပကာယ နာမကာယ ပိုင်ရှင်ပုဂ္ဂိုလ်ဟူ၍ တစ်စုံတစ်ယောက်မျှ မရှိသောကြောင့်တည်း။ ဗုဒ္ဓမြတ်စွာသည် မနှိုင်းယှဉ်အပ်သော ဘုန်းတော်ကံတော်ပါရမီတော်တို့ကြောင့် ၃၂-ပါးသော လက္ခဏာတော်ကြီး, ၈၀-သော လက္ခဏာငယ်တို့နှင့်တကွ ခြောက်သွယ်သော ရောင်ခြည်တော်တို့ဖြင့် တန်ဆာဆင်ထားအပ်သည့် လူမမီ, နတ်မမျှ ဗြဟ္မာပင် မတုပနိုင်သော ရူပကာယနှင့်ပြည့်စုံတော်မူပေသည်။ ထိုပြင်တစ်ဝ ဝါသနာနှင့်တကွသော တစ်ထောင့်ငါးရာ ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်နေသောကြောင့် အတုမရှိသော နာမကာယ ပိုင်ရှင် ပုဂ္ဂိုလ်မြတ်ကြီးလည်းဖြစ်ပေသည်။

မြတ်စွာဘုရားဟောကြားတော်မူအပ်သော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် အရေအတွက်ရှိသည့် တရားတော်များနှင့် မြတ်စွာဘုရား၏ တပည့်သားသံဃာတော်များသည်လည်း သမန္တဘဒ္ဒ၊ သမန္တပါသာဒိကဂုဏ် ပြည့်စုံကြွယ်ဝသော တရားတော်၊ သံဃာတော်များသာ ဖြစ်တော်မူကြပေသည်။ ထို့ကြောင့် အဋ္ဌကထာသစ်ကျမ်းပြုဆရာ အရှင်မဟာဗုဒ္ဓဃောသသည် အရှင်မြတ်ရေးသားစီရင်အပ်သော အဋ္ဌကထာသစ်ကျမ်းများတွင် အထူးအလေးအမြတ်ပြုအပ်သော ဝိနည်းပါဠိတော်ငါးကျမ်းအဖွင့် အဋ္ဌကထာကျမ်းကြီး (၄-တွဲ) ကို အကြောင်း ၉-ချက်ပြကာ 'သမန္တပါသာဒိကာ' ဟူ၍ အမည်သညာပေးထားလေသည်။ အင်းဝခေတ် ကျမ်းပြုအကျော်

> "သာယာညို့မှိုင်း၊ မြို့စစ်ကိုင်းမှ
> ရှုတိုင်းအံ့ရာ
> မြောက်မျက်နှာဝယ်
> မကွာယှဉ်မှီး ကျော်တိုပြီးသား
> မြစ်ကြီးခွေကာ
> ထွေထွေပြာလျက်၊ ရောကမ်းစွန်း
> မြင့်သွန်းသွန်းလျှင်
> ကွန့်ရွှန်းကျက်သရေ
> လက်လက်ဝေ၍
> တက်နေပုံဆောင်
> စစ်ကိုင်းတောင်ကား
> ဖျိုင်းရောင်အသွေး
> ဖြူဖြူဖွေးလျက်
> ညစ်ကြေးပယ်ခွာ၊ သူတော်စွာတို့
> ခေမာမျို့ရိပ်၊ ကူးတို့ဆိပ်တည်း။"



ဆရာတော် အရှင်မဟာအရိယဝံသသည်လည်း အရှင်မြတ်ရေးသားစီရင်အပ်သော ဇာတ်တော်ကြီး ၁၀-ဖွဲ့ ပါဠိတော်၊ အဋ္ဌကထာလာ ပါဠိပုဒ်များကို သုတ်သင်ရှင်းလင်းရာ 'ဇာတကဝိသောဓနံ' ကျမ်း၏ နိဂုံး၌ 'သမန္တပါသာဒိကမဟာအရိယဝံသတ္ထေရေန ရစိတံ ဒသဇာတကဝိသောဓနံ နိဋ္ဌိတံ' ဟူ၍ အရှင်မြတ်၏ ဘွဲ့အမည်ကို 'သမန္တပါသာဒိက' ဟူသော ဝိသေသနဂုဏ်ပုဒ်ဖြင့် အထူးပြုကာ ရေးသားထားသည်ကို တွေ့ရှိရပေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အလယ်ပိုင်းဒေသ၌ ရှေး နှစ်ပေါင်းများစွာကပင် အလွန်ထင်ရှား လူသိများသော စစ်ကိုင်းတောင်ရိုးသည် တောင်ထွက်ပေါင်း ၃၇ ခုတို့ဖြင့် လွှမ်းခြုံထားသည့် အပြင် ဘုရားသားကျော် ရဟန်းတော်၊ သာမဏေများ သီတင်းသုံးရာ ကျောင်းတိုက်တာများ၊ သူတော်၊ သီလရှင်၊ သီတင်းသည်များ တရားမွေ့ကာ နေထိုင်ရာချောင်များနှင့် အလွန်ကြည်ညိုဖွယ်ရာ စေတီများဖြင့်လည်း တန်ဆာဆင်ထားသောကြောင့် သမန္တဘဒ္ဒ၊ သမန္တပါသာဒိကဂုဏ်နှင့် အထူးပြည့်စုံသည်ဟု ဆိုရပေမည်။ ယခုအခါ စစ်ကိုင်းတောင်ရိုး၌ ချောင်နှင့် ကျောင်းတိုက်တာပေါင်း ၅၀၀ ကျော် ၆၀၀ ခန့်မျှရှိ၍ စေတီပေါင်း ၃၀၀ ကျော် ၄၀၀ ခန့်မျှ ရှိကြောင်း သိရှိကြည်ညိုရပေသည်။ စစ်ကိုးတောင်ရိုးရှိ ကျောင်းတိုက်များ၏ ကျောင်းဆောင်တို့သည် နတ်ဘုံဗိမာန်တမျှ ခမ်းနားသိုက်မြိုက်လှသည်ဟု ဆိုကြသည်။ စေတီတော်များသည်လည်း အသစ်တစ်ဖန် မွမ်းမံပြင်ဆင်ထားသဖြင့် အလွန်ပင် ကြည်ညိုဖွယ်ရာ သမန္တဘဒ္ဒ၊ သမန္တပါသာဒိကဂုဏ်ကို ဆောင်တော်မူကြပါပေသည်။ ထို့ကြောင့် စာဆိုရှင်ပညာရှိတို့က-

'သာယာညို့မှိုင်း၊မြို့စစ်ကိုင်းမှ၊ ရှုတိုင်းအံ့ရာ၊ မြောက်မျက်နှာဝယ်၊ မကွာယှဉ်မှီး၊ ကျော်တိပြီးသား၊ မြစ်ကြီးခွေကာ၊ ထွေထွေဖြာလျက်၊ ဧရာကမ်းစွန်း၊ မြင့်သွန်းသွန်းလျှင်၊ ကွန့်ရှုန်းကျက်သရေ၊ လက်လက်ဝေ၍၊ တက်နေပုံဆောင်၊ စစ်ကိုင်းတောင်ကား၊ ဖျိုင်းရောင်အသွေး၊ ဖြူဖြူဖွေးလျက်၊ ညစ်ကြေးပယ်ခွာ၊ သူတော်စွာတို့၊ ခေမာမှီ့ရိပ်၊ ကူးတို့ဆိပ်တည်း။' (ဧယာစလပို့) ဟူ၍ စပ်ဆိုတော်မူကြည်သည်။

စစ်ကိုင်းတောင်ရိုးသည် တောင်ထွက်ပေါင်း ၃၇ ခုတို့ဖြင့် ရှုချင်ဖွယ်ရာ တန်ဆာဆင်ထားသောကြောင့် စကြဝဠာ ကမ္ဘာတိုက်ပေါင်း တစ်သောင်းအတွင်း၌ အလွန်ပင် တွေ့ကြုံခဲလှသော တောင်မြတ်ဖြစ်သည်။ စစ်ကိုင်းတောင်ရိုးကို ရဟန်း၊ ရှင်၊ လူပြည်သူအများက အထူးစိတ်ဝင်စားကာ အသိအမှတ်ပြုနေကြသည်မှာ တောင်ရိုးကြီး၏ တောနှင့်တောင်နှင့် သဘာဝကျကျ ပဏာရအောင် တည်ရှိနေခြင်း၊ ဧရာဝတီမြစ်ကြီးနှင့် မြစ်ကမ်းစပ်တို့၏ ရှုမခန်းဖွယ် တင့်တယ်လှပနေခြင်းတို့ကြောင့်ဖြစ်လေသည်။ တောင်ထွတ်ပေါင်း ၃၇ ခုတို့မှာ မြင့်မောက်ခန့်ထည်သော တောင်ထွက်ပေါင်း ၂၀၊ မျက်စဉ်းညှိုအရောင် အဥ္စနတောင်ထွက် ၂ ခု၊ ဣန္ဒာသယတောင်ထွက် ၃ ခု၊ အရှေ့၊ အနောက်ဖီလာဆီးကာနေသော တောင်ဖီလာတောင်ထွက် ၃ ခု၊ ချုံပိတ်ပေါင်းတို့ဖြင့် ရှုမညောင်းသည့် ဝလ္လာဂီရိတောင်ထွက် ၄ ခု၊ စစ်ကိုင်းတောင်ရိုး၏ အနောက်ဘက်အစွန်ရှိ အပရန္တတောင်ထွက် ၅ ခုတို့ ဖြစ်လေသည်။ ဤသို့သော အကြောင်းအရာတို့ကို ကောင်းစွာသိရှိ ဆင်ခြင်မိသော စာဆိုကဝိပညာရှိတို့က -

'သုံးဆယ်ခုနစ်ချက်၊ ဗောဓိပက်နှင့်၊ လိုက်ဖက်ညီတောင်း၊ တောင်ထွက်ပေါင်းဖြင့်၊ တစ်သောင်းတိုက်ပေါ်၊ ရခဲလှော်၏၊ အဟော်ဝတ၊ ကြားရုံမျှနှင့်၊ ရေးကဆည်းပူး၊ ပါရမီထူးတည့်။ ရောက်ဖူး၊ မြင်ဖူး၊ ထိုနှစ်ဦးကား၊ ချီးကျူးဆုံးငှာ၊ မစွမ်းရာဘူး' (ဧယာစလပို့) ဟူ၍ တစ်မျိုး -

'မြင့်မောက်ခန့်ထည်၊ တောင်နှစ်ဆယ်နှင့်၊ နှစ်သွယ်အဥ္စန၊

သုံးမျှကုန္တာ၊ တောင်ဖီလာလည်း၊ သချာထိုနှံး၊ လေးလုံးစီကာ၊ ဝလ္လာဂီရိ၊ ငါးရှိအပရန်၊ သချာကန်သော်၊ မှတ်ရန်ပြုပြု၊ သုံးဆဲ့ခုနှစ်တောင်၊ ရှိမြောင်နိမ့်မြင့်၊ အဆင့်ဆင့်ဖြင့်၊ တင့်တင့်တယ်တယ်၊ ဆန်းတကြယ်ရှင့်' (ဇေယာစလယို) ဟူ၍ တစ်သွယ် နှစ်သက်ဖွယ်ရှိအောင် ရေးသား စပ်ဆိုတော်မူကြသည်။

ဤသို့ စစ်ကိုင်းတောင်၏ မြင့်ခေါင်တင့်တယ် ဂုဏ်အသွယ်သွယ်တို့ကို ပြဆိုပြီး၍ ယခုအခါ ကျူစွာချောင် ကျူစွာဆရာတော်ဘုရား၏ ပရိယတ္တိ၊ ပဋိပတ္တိဂုဏ်ရည်တို့နှင့် သာသနာပြုစွမ်းရည်တို့ကို ရေးသားဖော်ပြရန် အခွင့်ရောက်လာပေသည်။ ကျူစွာဆရာတော်ဟု ဆိုရာ၌ ယခုရေးသားဖော်ပြမည့် ကျူစွာဆရာတော်သည် ကျူစွာချောင် ကျူစွာကျောင်းတိုက်၏ အဘယ်နှစ်ပါးမြောက် ဆရာတော်ဟူ၍ ပြဆိုရန်မလွယ်ကူလှပေ။ အဘယ့်ကြောင့်ဆိုသော် စစ်ကိုင်းတောင်သာသနာသည် ဘုရားရှင်ရွှေလက်ထက်မှ စတင်ဖြစ်ပေါ်လာသည်ဟု သမိုင်းဆရာတို့ဆိုသကဲ့သို့ ကျူစွာချောင် ကျူစွာကျောင်းတိုက်သည်လည်း နှစ်ရာပေါင်းများစွာ ကြာညောင်းခဲ့ပြီဖြစ်သောကြောင့်တည်း။ ကျူစွာချောင်၏ နှစ်ပေါင်းများစွာ ကြာညောင်းခဲ့ကြောင်းကို ချောင်၏ အမည်ကပင်ဖော်ပြလျက်ရှိပေသည်။ ကျူစွာဟူသောအမည်သည် မြန်မာမင်းတစ်ပါးပါး၏ အမည်သာဖြစ်ဖွယ်ရှိရာ ယင်းကျူစွာမင်းသည် ပုဂံဆက်ကျူစွာမင်းနှင့် စစ်ကိုင်းဆက်ကျူစွာမင်းဟူ၍ ၂ ပါးသာရှိရာ ဤချောင်၌ စစ်ကိုင်းဆက် ကျူစွာမင်းသာဖြစ်ပေသည်။ ဤကျူစွာချောင်ကို စတင်တည်ထောင်လှူဒါန်းခဲ့သော ကျူစွာမင်းသည် စစ်ကိုင်းမြို့တည် အသင်္ခယာစောယွမ်း၏ သားတော်ကြီးဖြစ်၍ သက္ကရာဇ် ၇၀၁ ခုနှစ်တွင် နန်းတက်သော စတုတ္ထစစ်ကိုင်းမင်းဖြစ်သည်။ ကျူစွာမင်းသည် 'သိရီ တြိဘဝနာဒိတျပဝရ ဓမ္မရာဇာ' ဟူသော ဘွဲ့ကိုခံယူ၍ ဇေတဝန်ရွှေကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းတော်မူသည်။ ထိုအခါမှစ၍ ကျူစွာချောင်၊ ကျူစွာကျောင်းတိုက်ဟူသော အမည်သည် ပေါ်လွင်ထင်ရှားလာသည်။ ကျူစွာချောင်၊ ကျူစွာကျောင်းတိုက်၏ သက်တမ်းသည် နှစ်ပေါင်း ၆၇၁ နှစ်ခန့်ရှိပြီးဖြစ်သောကြောင့် ထိုကျောင်းတိုက်ကို အုပ်ချုပ်သော ဆရာတော်အစဉ်အဆက်ကို အပြည့်အစုံ ညွှန်ပြရန်မှာ မလွယ်ကူသောကိစ္စဖြစ်ပေသည်။

ယခုလက်ရှိ ကျူစွာဆရာတော်ဘဒ္ဒန္တလက္ခဏမထေရ်မြတ်သည်ကား ပိဋကကျမ်းဂန် လွန်စွာတတ်မြောက်တော်မူ၍ လောကီ၊ လောကုတ္တရာ ဗဟုသုတအဖြာဖြာတို့နှင့် ပြည့်စုံတော်မူသော မြန်မာနိုင်ငံ လွတ်လပ်ရေးခေတ်၌ 'ရွှေမျက်မှန်ဆရာတော် ဦးဝိဇယ' ဟု ထင်ရှားတော်မူသည့် ကျူစွာဆရာတော်ဘုရားကြီးအထံတော်မှ လောကီ၊ လောကုတ္တရာမွေအမွေ ဆက်ခံသော ဆရာတော်ဖြစ်သည်။ ဆရာတော်ဘဒ္ဒန္တလက္ခဏသည် မန္တလေးတိုင်း၊ မြင်းခြံမြို့နယ် ကတောရွာ ခမည်းတော် ဦးသာထယ်+မယ်တော်ဒေါ်ဖွားစောတို့မှ ၁၂၉၇ ခုနှစ်၊ ဦးတန်းခူးလဆန်း ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။ ဆရာတော်လောင်းလျာသူငယ်သည် ၁၁ နှစ်သားအရွယ် ၁၃၀၈ ခုနှစ်တွင် ရှင်သာမဏေအဖြစ်သို့ရောက်၍ ၁၃၁၆ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်နေ့တွင် ရဟန်းမြတ်အရှင်လက္ခဏအဖြစ်သို့ရောက်တော်မူသည်။ အရှင်လက္ခဏသည် ကတောရွာ ဒက္ခိဏာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဥတ္တရ မထေရ်အထံတွင် ပိဋကအခြေခံကျမ်းစာများနှင့်တကွ ပါဠိ၊ အဋ္ဌကထာ အချို့တို့ကိုပါ သင်ယူပြီးနောက် မန္တလေးမြို့၌ ထင်ပေါ်ကျော်ကြားသော ဆရာတော်များနှင့် စစ်ကိုင်းတောင်ရိုးတွင် ထင်ရှားသော ဆရာတော်များအထံတွင် အထက်၊ အောက်ကျမ်းဂန်အရပ်ရပ်ကို နှံ့စပ်အောင် သင်ယူပြီးလျှင် ၁၃၁၉/၂၀ ခုနှစ်များ၌ အစိုးရသာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့နှင့် မဟာဝဂ္ဂါဒိပါဠိပါရဂူဘွဲ့တို့ကို ရရှိတော်မူခဲ့သည်။

အရှင်လက္ခဏသည် စာမေးပွဲအောင်ပန်းအသီးသီးရရှိပြီးနောက် ၁၃၂၀ ခုနှစ်တွင် မန္တလေးမြို့ ၆၈ လမ်း ပတ်ကုန်းပျော်ဘွယ်ရပ် မဟာဝိဇိတာရုံကျောင်းတိုက်၌ ပဓာနနာယက ဥပဇ္ဈာယ်ဆရာတော် ဘဒ္ဒန္တဝါသန မဟာထေရ်နှင့်တိုက်အုပ်ဆရာတော်နောင်တော် ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသတို့၏ ခြေတော်ရင်း၌ နေထိုင်ကာ တိုက် သားတပည့်များအား စာပေပို့ချပေးတော်မူသည်။ ၄ နှစ်တာမျှ စာပေပို့ချပြီးနောက် ၁၃၂၄ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး ကျူစွာချောင် ဆရာတော်ကြီး ဘဒ္ဒန္တဝိဇယအထံတော်၌ ဝတ်ကြီး ဝတ်ငယ်များကို ပြုစုလျက် သက္ကတဘာသာ၊ ဟိန္ဒီ၊ ဗင်္ဂါလီ၊ အင်္ဂလိပ်စသော ဘာသန္တရပညာများကို လေ့လာ ဆည်းပူးတော်မူသည်၊ အရှင်လက္ခဏသည် ၁၃၂၉



ခုနှစ်တွင် ကျောင်းဆရာတော်ကြီး ဘဒ္ဒန္တဝိဇယ ပျံလွန် တော်မူရာ ကျောင်းကျောင်းတိုက်ကို လက်ခံရယူကာ နာယက ဆရာတော်အဖြစ် စိုးမိုးအုပ်ချုပ်တော်မူရသည်။ ထိုအချိန်၌ ဆရာတော်အရှင်လက္ခဏသည် သက်တော် ၃၃/၃၄ နှစ် အရွယ်တော် ဖြစ်လေသည်။

ဆရာတော်အရှင်လက္ခဏသည် ငယ်စဉ်အခါ သာမဏေဘဝမှ စ၍ သက်တော် ၃၀ ကျော်ထေရအရွယ်ရောက်သည့်တိုင်အောင် ဆရာကောင်း၊ ဆရာမြတ်တို့အထံတွင် သကသမယပာူသော ပိဋကကျမ်းစာပါဠိ၊ အဋ္ဌကထာ၊ ဋီကာများနှင့် သမယန္တရပာူသော သက္ကတ၊ ဟိန္ဒီ၊ ဗင်္ဂါလီ၊ အင်္ဂလိပ်စသော ဘာသန္တရတို့၌ လိမ္မာကျွမ်းကျင်ပညာရှင်အဖြစ်သို့ရောက်အောင် အပတ်တကုတ်ကြိုးစားအားထုတ်တော်မူခဲ့သည်။ ဤသို့ ပရိယတ္တိအရာ၌ ဆရာတစ်ဆူ တံခွန်ထူနိုင်သော ဆရာတော်အရှင်လက္ခဏသည် ဤမျှဖြင့် အားရတင်းတိမ်ခြင်းမရှိသေးဘဲ ပဋိပတ္တိအရာ၌လည်း ဆရာတစ်ဆူ တံခွန်ထူတော်မူလိုသည်။ ထို့ကြောင့် ၁၃၃၄ ခုနှစ် သက်တော် ၃၈ နှစ်အရွယ်တွင် ရန်ကုန်မြို့ သာသနာ့ရိပ်သာ မဟာစည်ဆရာတော်ဘုရားကြီးနှင့် အရှင်ပဏ္ဍိတာဘိဝံသ စသော ကမ္မဋ္ဌာနာစရိယနာယကဆရာတော်များအထံတွင် သတိပဋ္ဌာန် ဝိပဿနာတရားတော်တို့ကို ကျေနပ်အားရသည်အထိ အားထုတ်ခံယူကျင့်သုံးတော်မူခဲ့သည်။ တစ်ဆက်တည်းပင်ယောဂီများအား တရားစစ်ဆေးနည်းနိဿရည်းကိုလည်း ထိုဆရာတော်များအထံမှာပင် နာခံသင်ယူတော်မူခဲ့သည်။ ယင်းသို့ အစစအရာရာပြည့်စုံအောင် အားထုတ်သင်ယူပြီးနောက် ဆရာတော် အရှင်လက္ခဏမထေရ်သည် မဟာစည် ဆရာတော်ဘုရားကြီး၏ ဆန္ဒအရ ၁၃၄၅ ခုနှစ်မှ ၁၃၄၉ ခုနှစ်တိုင်အောင် မဟာစည်သာသနာ့ရိပ်သာကြီး၌ နာယကကမ္မဋ္ဌာနာစရိယ ဆရာတော်အဖြစ်ဖြင့် သီတင်းသုံးနေထိုင်တော်မူခဲ့သည်။

ဤသို့လျှင် ကျောင်းဆရာတော်သည် မိမိအတွက် အဖက်ဖက်မှ ပြည့်စုံလုံလောက် ပါရဂူမြောက်အောင် အားထုတ်ဆည်းပူးတော်မူပြီးနောက် ရဟန်း၊ ရှင်၊ လူ သာသနာဝင် သူတော်စင်များအတွက် ပရိယတ်၊ ပဋိပတ်လုပ်ငန်းတို့ကို နှေးညံမနား ကြိုးစားအားထုတ်တော်မူသည်။ ပဋိပတ္တိသာသနာအတွက် ၁၃၄၃ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး ကျောင်းချောင်၌ 'မဟာအတုလရံသီ ဓမ္မရိပ်သာ' ကို တည်ထောင်ဖွင့်လှစ်တော်မူသည်။ ပရိယတ္တိသာသနာအတွက် ၁၃၅၀ ခုနှစ်မှစ၍ စစ်ကိုင်းတောင်ရိုး ကျောင်းချောင်၌ 'မဟာဝိဇယရံသီစာသင်တိုက်' ဟု ကမ္ပည်းတပ်ကာ ပရိယတ္တိ စာသင်တိုက် တိုးချဲ့ဖွင့်လှစ်တော်မူသည်။ ၁၃၆၂ ခုနှစ်တွင် ရန်ကုန် မြို့ ဒဂုံမြို့သစ် (အရှေ့ပိုင်း) အမှတ် (၄) ရပ်ကွက်၌ 'သီရိလက္ခဏာရာမ ဒဂုံ သာသနာ့ရိပ်သာကြီး' ကိုလည်း ဖွင့်လှစ်တော်မူပြန်သည်။ ဤသို့လျှင် ကျောင်းဆရာတော်သည် ပရိယတ္တိ၊ ပဋိပတ္တိလုပ်ငန်းတို့ကို ကိုယ်တော်တိုင် ဆုံးခန်းတိုင်ရောက် ပေါက်မြောက်အောင် လေ့လာဆည်းပူးတော်မူခဲ့ပြီး ပရိယတ္တိ၊ ပဋိပတ္တိသာသနာနှစ်ရပ် အရှည်ခံ၍ တည်တံ့ရစ်အောင် အစွမ်းကုန်ကြိုးစားအားထုတ်တော်မူသည်။ ဆရာတော်အားထုတ်တော်မူသည့်အတိုင်းပင် ကျောင်းချောင် မဟာဝိဇယရံသီစာသင်တိုက်ကြီး၌ စာသင်သံဃာတော် ၆၀/၇၀ မျှ စာသင်၊ စာချပြုကာ သီတင်းသုံးနေတော်မူကြသည်။ ရိပ်သာကြီး ၂ ခုတို့၌ ယောဂီသူတော်စင်များ အဆက်မပြတ် ဝိပဿနာကမ္မဋ္ဌာန်းတရားကို ကြိုးပမ်းအားထုတ်နေကြသည်ကိုလည်း တွေ့ရှိရပေသည်။ ဤဆောင်းပါးအစ၌ ဖော်ပြခဲ့သော သမန္တဘဒ္ဒ၊ သမန္တပါသာဒိက ဂုဏ်တို့ဖြင့် လွှမ်းခြုံထားသည့် ကျောင်းဆရာတော် ဘုရားသည် ဤမျှမြင့်မြတ်ခက်ခဲသော သာသနာပြုလုပ်ငန်းတို့ကို ကြိုးပမ်းဆောင်ရွက်တော်မူနိုင်ခြင်းမှာ ဆရာတော်၏ အလွန်စွဲမြဲသော ဖော်ပြပါ အဓိဋ္ဌာန်ချက်တို့ကြောင့် ဖြစ်လေသည်။

- ကံကောင်းထောက်မ၍ လူ့ဘဝကို ရခိုက် ထိုလူ့ဘဝကို အကျိုးရှိအောင် သုံးပါမည်။

- ကံကောင်းထောက်မ၍ လူ့ခန္ဓာကိုယ်ကို ရခိုက် ထိုလူ့ခန္ဓာကိုယ်ကို အကျိုးရှိအောင် သုံးပါမည်။

- ကံကောင်းထောက်မ၍ လူ့အသိဉာဏ်ကိုရခိုက် ထိုလူ့အသိဉာဏ်ကို အကျိုးရှိအောင် သုံးပါမည်။

- ကံကောင်းထောက်မ၍ လူ့အင်အားကိုရခိုက် ထိုလူ့အင်အားကို အကျိုးရှိအောင် သုံးပါမည်။

- ကံကောင်းထောက်မ၍ လူ့စည်းစိမ်ဥစ္စာကို ရခိုက် ထိုလူ့စည်းစိမ်ဥစ္စာကို အကျိုးရှိအောင် သုံးပါမည်။

### နိဂုံးချုပ်

ဤကား မိမိသိရသမျှ ကျောင်းဆရာတော် အရှင်လက္ခဏမဟာထေရ်မြတ်၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်ဖြစ်သည်။ ဆရာတော်၏ ပရိယတ္တိ၊ ပဋိပတ္တိဂုဏ်ရည်များနှင့် သာသနာပြုစွမ်းရည်တို့ကား ရေးသား၍ မကုန်နိုင်ပါပေ။ ပုံစံပြရသော် ၁၃၃၈ ခုနှစ်က ဆရာတော် စီစဉ်ထုတ်ဝေခဲ့သော ကျောင်းဆရာတော်ဘုရားကြီး၏ 'ဝံသာနုရက္ခိတ ရွှေမျက်မှန် ဦးဝိဇယ' အမည်ရှိ စာစောင်၌ အလွန်ပြောင်မြောက်သော လောကီ၊ လောကုတ္တရာ ဗဟုသုတ အဖြာဖြာတို့ကို အံ့သြဖွယ်ရာ တွေ့ရှိရသည်။ ဆရာတော်၏ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဂုဏ်ပြုပူဇော်ပွဲ၌ ထုတ်ဝေအပ်သော 'မြင့်မြတ်သော နှလုံးလှမေတ္တာရှင်' အမည်ရှိ စာစောင်၌ ဆရာတော်၏ ပရိယတ္တိ၊ ပဋိပတ္တိဂုဏ်ရည်များနှင့် ပြည်တွင်းပြည်ပ သာသနာပြုစွမ်းရည်များ၊ ပရဟိတဆောင်ရွက်ချက်များကို ဖတ်မကုန်၊ မှတ်မကုန်အောင် ပြည့်စုံစွာ တွေ့ရှိရသည်။ ၁၃၇၁ ခုနှစ် (၂၀၀၉) က ထုတ်ဝေလိုက်သည့် 'ဝါးချက် ဇီဝိတဒါနသံဃာ့ဆေးရုံငွေရတုမဂ္ဂဇင်း' နှင့် 'ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ လှုပ်ရှားမှုသမိုင်း' အမည်ရှိ စာစောင်တို့၌ ဆရာတော်၏ လောကတ္ထစရိယာ ကျင့်ကြံအားထုတ်ပုံမှာ ပညာရှင်သူတော်စင်မှန်သမျှ ပြောပြမပြီး၊ အံ့ချီးမကုန်အလွန်ပင်ပြည့်စုံလှပါပေသည်။ ဤသည်တို့ကို ထောက်ရှုက ကျောင်းဆရာတော်သည် အလွန်ကြီးမြတ်သော ဗောဓိဆုကြီးတစ်ဆူဆူကို ရယူတော်မူကာ အငြိမ်းဓာတ်ဘုံနန်း၌ စံမြန်းတော်မူမည့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ဖြစ်ကြောင်း သိသာထင်ရှားပါသတည်း။

* * *

*အရှင်အဂ္ဂဉာဏာဘိဝံသ*
*စည်ရှင်နာယကဆရာတော်*
*စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်၊*
*မန္တလေး*



အရှင်တေဇ (ဒဂုံရိပ်သာ)

# ပန်းခင်းသောလမ်းကို ဖန်တီးပေးသူ

လောကမှာ လမ်းအမျိုးမျိုးရှိ၏။ ရှိတဲ့အတိုင်းလည်း လျှောက်လှမ်းနေကြရ၏။ မလွဲမသွေ လျှောက်လှမ်းနေရ၏။ ကောင်းတဲ့လမ်းကို ဖောက်လုပ်တဲ့သူက ကောင်းတဲ့လမ်းကနေ လျှောက်လှမ်းသွားရသလို မကောင်းတဲ့လမ်းခင်းပြီး မကောင်းတဲ့ လမ်းဖောက်လုပ်တဲ့လူတွေက မကောင်းတဲ့လမ်းကိုလျှောက်လှမ်းနေရမှာပါ။ ကောင်းတဲ့လမ်းလျှောက်လှမ်းသူတွေက **"ပန်းခင်းသောလမ်း"** လို့ပြောကြသလို၊ မကောင်းတဲ့လမ်းလျှောက်လှမ်းသူတွေက **"ဆူးခင်းသောလမ်း"** လို့ ပြောဆိုကြသည်။ ထို့အတူပဲ သုဂတိလမ်း၊ ဒုဂ္ဂတိလမ်း၊ အကုသိုလ်လမ်း၊ ကုသိုလ်လမ်းများရှိ၏။



သုဂတိဖြစ်တဲ့ နတ်ရွာ၊ နိဗ္ဗာန်လမ်းအထိဖောက်လုပ်တဲ့ သူတွေကတော့ ပန်းခင်းသောလမ်းကနေ ကိုယ်လိုရာခရီးအရောက် သွားနိုင်၏။ ဒုဂ္ဂတိလမ်း၊ အကုသိုလ်အပွါယ်လေးပါးရောက်စေနိုင်တဲ့ လမ်းဖောက်လုပ်ထားတဲ့သူတွေကတော့ ဆူးခင်းသောလမ်းမှာ ဆိုးဆိုးရွားရွားအန္တရာယ်တွေကြားကနေ ကိုယ်လိုရာခရီးကိုလျှောက် လှမ်းသွားရ၏။ ဦးဇင်းတို့ ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီးဟာ ဖြင့် လမ်းကောင်းလမ်းမြတ်ကို ဖောက်လုပ်ပြီး နတ်ရွာ၊ နိဗ္ဗာန်အထိ ကြိုးစားအားထုတ်တော်မူ၏။ တပည့်သံဃာတော်တွေ၊ ဒါယကာ၊ ဒါယိကာမတွေကိုလည်း ပန်းခင်းသောလမ်းဖန်တီးပေးပြီး နတ်ရွာ၊ နိဗ္ဗာန်လမ်းအထိ မြတ်ဗုဒ္ဓရဲ့ တရားတွေဟောကြားပြသပေးတော်မူ၏။

ယခုဆိုလျှင် ဦးဇင်းတို့ရဲ့ ကျေးဇူးတော်ရှင် ကျူစွာ ဆရာတော်ဘုရားကြီးဟာ ငွေရတု၊ ရွှေရတုကျော်လွန်ကာ စိန်ရတုဆီသို့ ရောက်ခဲ့လေပြီတကား။

အမှန်အတိုင်း ဝန်ခံရလျှင် ဦးဇင်းတစ်ခါမျှ ဝတ္ထု၊ ဆောင်းပါးအစရှိတာတွေ မရေးခဲ့ဘူးပါ။ ယခုဦးဇင်းတို့ရဲ့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး စိန်ရတုမွေးနေ့ပူဇော်ပွဲ၊ စိန်ရတုကျောင်းဆောင်တော်ကြီး ရေစက်ချပွဲကို မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ ကတောရွာမှာ စည်စည်ကားကား ကျင်းပပြုလုပ်တဲ့ပွဲမှာ မဂ္ဂဇင်းစာအုပ်တဲ့ ရှင်အပါး (၆၀) ဝတ်ပွဲမှာ ကံကောင်းထောက်မစွာနဲ့ ရှင်သာမဏေ ပြုခွင့်ရ၏။

ဦးဇင်းတို့ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးဟာ နှစ်စဉ်နှစ်တိုင်း ရှင်သာမဏေ၊ ဒုလ္လဘရဟန်း၊ သီလရှင်တို့ကို ရဟန်း ဒါယကာ၊ ရှင်ဒါယိကာအဖြစ် ပဉ္စယာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟနှစ်ပါးတို့ဖြင့် သာသနာ့ဘောင်သို့ သွတ်သွင်း၍ချီးမြှောက်ခဲ့ပါသည်။

သာသနာ့ဘောင်သို့ရောက်ပြီး လက်တွေ့ကျကျ၊ အခြေခံ သတိပဋ္ဌာန်၊ ဝိပဿနာ၊ ဘာဝနာတရားတွေကို ဒုလ္လဘရဟန်းနှင့် ရှင်သာမဏေ၊ သီလရှင်တို့ကို တရားအားထုတ်စေခဲ့ပါသည်။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ ချီးမြှောက် ထောက်ပံ့မှုဖြင့် စစ်ကိုင်းတောင်ရိုး၊ ကျူစွာချောင်၊ မဟာဝိဇယရံသီ စာသင်တိုက်မှာ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဆိုတဲ့ သာသနာသုံးပါး ထဲမှာ ပရိယတ္တိဆိုတဲ့ သင်အံပို့ချခြင်းသာသနာကို စတင်ခဲ့ရပါသည်။

ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတော်ကြီးမားလှပါ၏။

ပဋိပတ္တိအကျင့်လည်း နံနက် (၁) ကြိမ်၊ ညနေ (၁) ကြိမ် တရားထိုင်ရ၏။



ထုတ်ဝေမယ်လို့ သက်ဆိုင်ရာပုဂ္ဂိုလ်တွေဆုံးဖြတ်တော့ တစ်ကြိမ်တစ်ခါမျှ စာမရေးဘူးသေးတဲ့ ဦးဇင်းအတွက် ဆရာတော်ဘုရားကြီးရဲ့ စိန်ရတုပွဲမှာ ဆောင်းပါးတစ်ပုဒ် ပူဇော်ခွင့်ကြုံရလိုက်ပါပြီ။

စစ်ကိုင်းတောင်ရိုး၊ ကျူစွာချောင် မဟာဝိဇယရံသီစာသင်တိုက်သို့ ၁၃၅၇ ခုနှစ်၊ နယုန်လပြည့်ကျော် (၁) ရက်နေ့၊ ညနေခင်းရောက်သည်။

အဲဒီအချိန် ကျူစွာချောင်၊ မဟာဝိဇယရံသီစာသင်တိုက်အတွင်း စာသင်သားသံဃာ အရေအတွက် (၄၀) ပါးလောက်ရှိ၏။ ဦးဇင်းရဲ့အသက် (၁၁) နှစ်သာရှိပါသေးသည်။ အစိုးရ စတုတ္ထတန်းအောင်လို့ ပဉ္စမတန်းတက်မဲ့အချိန်။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက ၁၃၅၆ ခုနှစ်၊ ဦးတန်းခူးလပြည့်နေ့မှာ အသက် (၆၀) ပြည့်မွေးနေ့ကို နှစ်စဉ်ဆိုသလို ဇာတိရပ်ရွာဖြစ်တဲ့ မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ ကတောရွာ၊ ဒက္ခိဏာရာမကျောင်းတိုက်အတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပ

ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်း အရိပ်အာဝါသအောက်မှာနေရဟာ အေးမြပြီး သပ္ပါယလေးပါးမျှတမှုရှိပါ၏။

ဦးဇင်းတို့ ဗုဒ္ဓမြတ်စွာ မိန့်ကြားတော်မူခဲ့သည့် သပ္ပါယလေးပါးမျှတမှုရှိရင် တစ်နေရာတည်းမှာ ရဟန်းကိစ္စပြီးနိုင်၏လို့ မိန့်မှာတော်မူခဲ့၏။

သပ္ပါယလေးပါးဆိုတာ

၁။ ဥတုသပ္ပါယ
၂။ ဘောဇနသပ္ပါယ
၃။ ပုဂ္ဂလသပ္ပါယ
၄။ ဓမ္မသဝန (အာဝါသ) သပ္ပါယ ဆိုပြီးတော့ လေးပါးရှိပါတယ်။

၁။ ဥတုသပ္ပါယ

စစ်ကိုင်းတောင်ရိုး၊ ကျူစွာချောင်မှာ ဥတုသပ္ပါယညီမျှတယ်၊ အေးချမ်းသာယာတယ်၊ နေလို့ထိုင်လို့ကောင်းတယ်။

ပရိယတ္တိအနေနဲ့လည်း စာသင်တိုက်ရှိတယ်။ ပဋိပတ္တိကျတော့လည်း ဆရာတော်ဘုရားကြီးက ရိပ်သာလည်းဖွင့်လှစ်ထားတယ်၊ ''ပရိယတ္တိမကင်းသောပဋိပတ္တိ'' ဆိုပြီးတော့ တွဲလျက်ဖွင့်လှစ်ထားတယ်။

## ၂။ ဘောဇနသပ္ပါယ

စစ်ကိုင်းတောင်ရိုး၊ ကျူရွာချောင်မှာ ဘောဇနဆွမ်းအာဟာရ ပစ္စည်းအတွက် ပူပင်ကြောင့်ကြစရာမလို၊ နံနက်အရုဏ်ဆွမ်းကိစ္စအတွက် ဆရာတော်ဘုရားကြီးက ပိဏ္ဍပါတ် ခုတင်ဆောက်တည်နိုင်းပြီး ဝတ်နိပါဒ်အနေနဲ့သာ အာရုဏ်ဆွမ်းခံကြွရတယ်။ နေ့ဆွမ်းကိစ္စအတွက် ဆွမ်းခံထွက်စရာမလို ဘောဇနသပ္ပါယမျှတမှုရှိတယ်။ သင့်လျှော်မျှတသော အစာအာဟာရရရှိပြီး ဆွမ်းကိစ္စအတွက် ပူပင်ကြောင့်ကြမှုမရှိတဲ့အတွက် စာပေသင်ယူတဲ့နေရာ၊ တရားဘာဝနာအားထုတ်တဲ့နေရာ၊ ကြောင့်ကြစိုက်စရာမလို ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းပြီး စာပေသင်ကြားခွင့် တရားအားထုတ်ခွင့်ရနိုင်တဲ့နေရာ ကျောင်းတိုက်ကြီးပါပဲ။

## ၃။ ပုဂ္ဂလသပ္ပါယ

ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီးက စာသင်သား



သံဃာ၊ ကျောင်းရှိသံဃာအားလုံးကို မိသားစုပုံစံအတိုင်း နေထိုင်စေတယ်၊ မိသားစုပုံစံဆိုတော့ တစ်ယောက်နဲ့တစ်ယောက် ရိုင်းပင်းကူညီမှုရှိတယ်။ စိတ်တူကိုယ်တူ သင့်တင့်ညီညွတ်မှုရှိတယ်။ အဲဒီလို သင့်တင့် ညီညွတ်အောင် နေရမယ်လို့ ဩဝါဒပေးပြီးဆုံးမတော်မူတယ်။

ဥပုသ်နေ့ရောက်တော့လည်း သံဃာတွေအားလုံး စုဝေးစေပြီး နံနက်ခင်းသန့်ရှင်းရေးလုပ်ရတယ်။ ညပိုင်းဘုရားဝတ်ပြုပြီး ဩဝါဒကထာပေးတော်မူပါတယ်။ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး အမြဲဆုံးမလေ့ရှိတဲ့ ''တတ်အောင်သင်၊ တတ်လျှင်ကျင့်'' ဆိုတဲ့ စကားကို အကျယ်ချဲ့ဆုံးမတော်မူလေ့ရှိပါတယ်။

''တတ်အောင်သင်'' ဆိုတာ မြတ်စွာဗုဒ္ဓမိန့်ကြားတော်မူခဲ့တဲ့ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာအဖွင့်အစရှိတဲ့ စာပေဗဟုသုတတွေကို တတ်မြောက်အောင်သင်ကြားရမယ်။

''တတ်လျှင်ကျင့်'' ဆိုတာ အဲဒီပါဠိ အဋ္ဌကထာ၊ ဋီကာ အဖွင့်အစရှိတာတွေ၊ သင်ပြီးတတ်ပြီးသား စာပေဗဟုသုတတွေ အတိုင်းလိုက်နာကျင့်သုံးရမှာပါ။ အဓိကဆိုလိုရင်းက ပရိယတ္တိတတ်ကျွမ်းပြီး ပဋိပတ္တိကျင့်သုံးတတ်အောင် (တစ်နည်း) သတိပဋ္ဌာန်ဝိပဿနာတရားတွေ လက်တွေ့ကျကျ ကျင့်သုံးတတ်အောင် ခွဲခြားပြီးဆုံးမတော်မူခဲ့ပါတယ်။

သတိပဋ္ဌာန်ဝိပဿနာတရားကို ကိုယ်တိုင်ကျင့်ကြံပွားများ အားထုတ်နိုင်ပြီဆိုတာနဲ့ ဒါယကာ၊ ဒါယိကာမတွေကို သင်နည်း၊ ကျင့်နည်းတွေ မျှဝေပေးနိုင်လိမ့်မယ်လို့ ဆုံးမဩဝါဒပေးတော်မူပါတယ်။ မိမိတို့ တရားရဖို့ သင့်လျော်သော ပုဂ္ဂိုလ်နဲ့ ပေါင်းသင်းပြီး သင့်လျော်သောဆရာတော်ဘုရားကြီးတွေကို ဆည်းကပ်ကိုးကွယ်နိုင်ပြီဆိုလို့ရှိရင် ပစ္စုပ္ပန်၊ တမလွန်နှစ်တန်သော ကောင်းကျိုးချမ်းသာရနိုင်၏။

## ၄။ ဓမ္မဿဝန သပ္ပါယ

စစ်ကိုင်းတောင်ရိုး၊ ကျူရွာချောင်မှာ ဓမ္မဿဝန သပ္ပါယကို အထူးပြောနေစရာမလို၊ ရောက်ဖူးတဲ့ ရဟန်းရှင်လူတိုင်း မျက်မြင်ပါပဲ။ နှစ်စဉ်ဆိုသလို တန်ခူးလရောက်တိုင်း တရားစခန်းဖွင့်ပြီး အနယ်နယ် အရပ်ရပ်က ဒါယကာ၊ ဒါယိကာမတွေ၊ ယောဂီသူတော်စင်တွေ လာရောက်တရားအားထုတ်နေကြတယ်။ နှစ်စဉ် (ဝါခေါင်လ)၊ ဩဂုတ်လ (၈) ရက်နေ့ဆိုရင် ပါမောက္ခဆရာဝန်ကြီးတွေ လာရောက်အားထုတ်ကြတယ်။ တရားစခန်းဖွင့်လှစ်ပေးတယ်။ (ပြာသိုလ) ဇန်နဝါရီလ လဆန်းပိုင်းဆိုရင် ပြည်ပနိုင်ငံခြားသားတွေကို လက်တွေ့ကျကျမြတ်ဗုဒ္ဓရဲ့ သတိပဋ္ဌာန်ဝိပဿနာတရားတွေ ဟောကြားတော်မူတဲ့ ဦးဇင်းတို့ရဲ့ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးဟာ လောကအကျိုး၊ သာသနာအကျိုး၊ နှစ်ဖြာသောအကျိုးတရားတွေ ပေးစွမ်းတဲ့ ဆရာတော်ဘုရားဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့စရိုက်နှင့် ကိုက်ညီမှုရှိတဲ့ တရားတွေ လက်တွေ့ဟောပြောပြသနေတဲ့ အတွက်ကြောင့် ဦးဇင်းတို့ရဲ့ ကျောင်းတိုက်ကြီးဟာ ဓမ္မဿဝန သပ္ပါယနှင့်လည်း ပြည့်စုံနေတယ်။

ယနေ့ပင်လျှင်၊ နိဗ္ဗူခြင်သို့ ရောက်လျှင်လိုငြား
ရှင်လူများတို့၊ လေးပါးသပ္ပါယ်ရခဲ့ပါမူ
လျှင်စွာရတ်ချည်း၊ တစ်ထိုင်တည်းဖြင့်



ဖြည့်ဆည်းဝိပသ်၊ အရဟတ်တိုင်
ဆိုက်ရောက်နိုင်သည့် ကြီးခိုင်လုံ့လရှိဖို့တည်း။
(ကျစ္စာဆရာတော်)

## (တစ်နည်း) အာဝါသ သပ္ပါယ

စာသင်သား၊ သံဃာတော်တွေ သီတင်းသုံးဖို့အတွက်နဲ့ ယောဂီသူတော်စင်တွေ သီတင်းသုံးဖို့ ကျောင်းတိုက် အဆောက်အဦးတွေဆောက်စရာနေရာမရှိအောင် ပြည့်စုံလှ၏။ စာသင်သားတွေ၊ ယောဂီသူတော်စင်တွေ၊ ကျောင်းကံတိုက်တာ၊ အဆောက်အဦအတွက် ဘာမှုကြောင့်ကြစိုက်စရာမလို ချမ်းချမ်းသာသာ သီတင်းသုံးနေထိုင်နိုင်၏။ ထို့အတွက်ကြောင့် (အာဝါသ သပ္ပါယ) အနေနဲ့ သင့်လျော်လျောက်ပတ်လှ၏။

သာသနာတော်ကြီးအတွက် စွမ်းစွမ်းတမံထမ်းဆောင်ပြီး လောကအကျိုး၊ သာသနာတော်အကျိုး တရားတွေနေ့မအား၊ ညမနားကြိုးစားတော်မူပြီး သာသနာပြုတော်မူတဲ့ ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီး စိန်ရတုမက ပတ္တမြားရတု၊ ရာပြည့်၊ ရာကျော်တိုင် သက်တော်ရှည်ပါစေလို့ အကြိမ်ကြိမ်အခါခါဆုတောင်းရပါတယ်။ ဒါကြောင့် တပည့်၊ ဒါယကာ၊ ဒါယိကာမတွေအတွက်ကတော့ ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးတရားတွေ ဘယ်လိုမှ ဆပ်လို့မကုန်နိုင်အောင်ဖြစ်ရပါတယ်။

"ပေးဆပ်မကုန်ဆရာ့ဂုဏ် ယုံကြည်ကြရမည်၊
စွမ်းနိုင်သမျှ ဆပ်ပါမှ ဘဝတိုးတက်မည်"

"သစ်တစ်ပင်ကောင်းတော့ ငှက်တစ်သောင်းနားခို" ဆိုတဲ့စကားအတိုင်း ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးဟာ ပျံခါစငှက်၊ ပျံနေတဲ့ငှက်၊ ပျံနိုင်ပြီဖြစ်တဲ့ ငှက်အပေါင်းတို့ရဲ့ မှီခိုအားကိုးရာ စိမ်းစိမ်းစိုစို သစ်ပင်ကြီးသဖွယ်ပါပဲ။

ဒုလ္လဘောပုရိသဇညော၊ နသော သဗ္ဗတ္ထ ဇာယတိ။
ယတ္ထ သော ဇာယတိ ဓီရော၊ တံကုလံ သုခ ဧဓတိ။
(ဓမ္မပဒ ၃-၁၉၃)

**ပုရိသာဇညော** - ယောက်ျားကောင်းအာဇာနည်ကို၊ **ဒုလ္လဘော** - ခဲယဉ်းသဖြင့် ရအပ်၏။ (ဝါ) ရခဲ၏။ **သော** - ထိုယောက်ျားကောင်းအာဇာနည်သည်၊ **သဗ္ဗတ္ထ** - အလုံးစုံသောအရပ်အလုံးစုံသောအမျိုး၌၊ **နဇာယတိ** - မဖြစ်ထွန်းနိုင်၊ **ဓီရော** - မတုန်မလှုပ် အမြော်အမြင်ပညာဉာဏ်ရှိသော၊ **သော** - ထိုယောက်ျားကောင်းအာဇာနည်သည် **ယတ္ထ** - အကြင်အမျိုးကောင်း၌ **ဇာယတိ** - ဖြစ်ထွန်း၏။ **တံကုလံ** - ထိုအမျိုးသည် **သုခံ** - ချမ်းသာခြင်းသို့ရောက်သည်ဖြစ်၍ (ဝါ) ချမ်းသာခြင်းရှိသည်ဖြစ်၍ **ဧဓတိ** - ကြီးပွား၏။

ယောက်ျားကောင်းအာဇာနည်တစ်ယောက် ဖြစ်ထွန်းပေါ်ပေါက်ဖို့ရာ အလွန်အင်မတန်ခဲယဉ်းလှ၏။ အရပ်ဒေသနေရာတိုင်းမှာ ပညာရှိသောယောက်ျား အာဇာနည်ပုဂ္ဂိုလ်မဖြစ်ပေါ်နိုင်။

အကြင်အရပ်ဒေသ၊ မြို့ရွာဌာနမှာ ပညာရှိယောက်ျားအာဇာနည်ပုဂ္ဂိုလ်ဖြစ်ထွန်းပေါ်ပေါက်လာ၏။ ပညာရှိယောက်ျားကောင်းအာဇာနည်ဖြစ်ထွန်းပေါ်ပေါက်လာတဲ့ အမျိုးအရပ်ဒေသမှာ လောကီချမ်းသာ လောကုတ္တရာချမ်းသာများရရှိနိုင်၏။ ပို့ဆောင်နိုင်၏။

မြတ်စွာဘုရားရှင် ဓမ္မပဒပါဠိတော်မှာ အရှင်အာနန္ဒာကို

မိန့်ကြားတော်မူ၏။

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်အာနန္ဒာမထေရ်၏ ပြဿနာမေးလျှောက်ခြင်းကို အကြောင်းပြု၍ တရားတစ်ပုဒ်မိန့်ကြားတော်မူလေ၏။

အရှင်အာနန္ဒာမထေရ်သည် တစ်နေ့သောအခါ သန့်ရှင်းတဲ့နေရာတစ်ခုမှာထိုင်ပြီး၊ အာဇာနည်ဆင်သည် ဆဒ္ဒန်ဆင်မင်းမျိုး၌လည်းကောင်း၊ ဥပေါသထဆင်မျိုး၌လည်းကောင်း၊ အာဇာနည်မြင်းသည် သိန္ဓောမြင်းမျိုး၌လည်းကောင်း၊ နွားလားဥသဘ အာဇာနည်သည် ဒက္ခိဏာပထအရပ်၌ဖြစ်၏ဟု မြတ်စွာဘုရားရှင်သည် ဆင်၊ မြင်း၊ အာဇာနည်ဖြစ်ရာ အရပ်ဒေသစသည်တို့ကို ဟောတော်မူ၏။ ယောကျ်ားကောင်းအာဇာနည်ပုဂ္ဂိုလ်သည်ကား အဘယ်အရပ်၌ဖြစ်၏ဟု အရှင်အာနန္ဒာမထေရ်သည် ကြံစည်မိလေ၏။

အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားရှင်ထံချဉ်းကပ်ရှိခိုးပြီး တင့်တယ်ကောင်းမြတ်လျှောက်ပတ်သော နေရာအရပ်၌ထိုင်လျက် ကြံစည်မိသောအကြောင်းအရာများကို မေးလျှောက်တော်မူ၏။ အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားအား ရှေ့နည်းအတိုင်းလျှောက်၏။ ချစ်သားအာနန္ဒာ ယောကျ်ားကောင်းအာဇာနည်ပုဂ္ဂိုလ်သည် အလုံးစုံသောအရပ်၌မဖြစ်၊ အဖြောင့်အားဖြင့် ယူဇနာသုံးရာ၊ အလျားရှည်သောအပြန့်အားဖြင့် ယူဇနာနှစ်ရာ့ငါးဆယ်၊ အဝန်းအားဖြင့် ယူဇနာကိုးရာအတိုင်းရှည်သော မဇ္ဈိမအရပ်ဒေသ၌ဖြစ်သော်လည်း သာမန်မျိုး၌ဖြစ်တဲ့အဖြစ်မျိုးမဟုတ်၊ မြတ်သောအမျိုး၊ များသောဥစ္စာအနှစ်ရှိသော ခတ္တိယမဟာသာလမင်းမျိုး၊ ဗြဟ္မဏမာသာလ ပုဏ္ဏားမျိုးတို့တွင် တစ်ပါးပါးသော အမျိုး၌ဖြစ်၏ဟု မိန့်ကြားတော်မူလေ၏။

ဦးဇင်းတို့ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးဟာ မြတ်သောအမျိုးမှာဖြစ်ပြီး မြင့်မြတ်သောမထေရ်ကြီး တစ်ပါးဖြစ်ရကား မြန်မာတွင်သာမက ကမ္ဘာအရပ်ရပ်ထိအောင် ဗုဒ္ဓရဲ့ လက်တွေ့ကျတဲ့သတိပဋ္ဌာန်ဝိပဿနာဘာဝနာတရားစခန်းကြီးတွေ ဖွင့်လှစ်ပြီး သာသနာ့အာဇာနည်ထေရ်ရှင်တစ်ပါးပီပီ သာသနာတော်ကြီး နေလို လလို ထွန်းလင်းတောက်ပအောင်ကြိုးစားတော်မူ၏။ ယောကျ်ားကောင်းအာဇာနည်ပုဂ္ဂိုလ်မြတ်တစ်ပါး ဖြစ်တဲ့အတွက် ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီးကို အမှီပြုနေကြတဲ့ ရဟန်းရှင်လူပြည်သူပြည်သားအားလုံး လောကီလောကုတ္တရာ နှစ်ဖြာသော ချမ်းသာသုခကို ရရှိနေကြ၏။

ဒါကြောင့် လောကီလောကုတ္တရာနှစ်ဖြာသော ချမ်းသာသုခအကျိုးစီးပွားများ ရရှိခံစားချင်သူတိုင်း ပညာရှိသူတော်ကောင်းများကို ရွေးချယ်ဆည်းကပ်သင့်၏။ ဒါမှသာလျှင် လောကီ၊ လောကုတ္တရာနှစ်ဖြာသော ချမ်းသာသုခရရှိမှာ အမှန်ဖြစ်၏။

**“ချမ်းသာစေကြောင်း၊ နည်းကောင်းညွှန်ကာ**
**ခုနှောင်အကျိုး မြော်ကိုးတတ်ရှာ၊**
**ပညာရှင်မြတ်၊ ဆည်းကပ်သူမှာ**
**အကျိုးရှိ၊ တိုး၏မင်္ဂလာ။”**

ပညာရှိသူတော်ကောင်းကို ဆည်းကပ်တဲ့သူမှာ ချမ်းသာစေမယ့်နည်းကောင်းလမ်းကောင်း ပစ္စက္ခ၊ တမလွန်နှစ်တန်သော ကောင်းကျိုးများရရှိအောင် စွမ်းဆောင်ပေး၏။ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးနှင့် ပြည့်စုံတဲ့ ပညာရှိသူတော်ကောင်းများကို မှီဝဲဆည်းကပ်တတ်ဖို့ လိုအပ်ပါတယ်။ ဒါမှသာလျှင် မတိမ်းမစောင်းပဲ လမ်းဖြောင့်လမ်းမှန် ဧကန်မုချရောက်ရှိပါလိမ့်မည်။

* * *

*အရှင်တေဇ (ဒဂုံရိပ်သာ)*
*သိရိလက္ခဏာရာမဒဂုံသာသနာ့ရိပ်သာ*
*အမှတ်(၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)*



# ခမာဂုဏ်နှင့်ပြည့်စုံစွာ ကျစွာတေရိမပဟာ

အရှင်အာဒိစ္စဝံသ(မအူမြေ)



၁၃၇၂ ခု၊ နယုန်လဆန်း၊ ၁၂ ရက်၊ ညနေ ၆ နာရီအချိန် ကိုမြင့်သိန်းရောက်လာပြီး လွှပ်စစ်မီတာ စာရွက်ဆက်ကပ်ပြီး ‘ကျူစွာ ဆရာတော်၏ သက်တော် ၇၅ နှစ်ပြည့် စိန်ရတု ပူဇော်ပွဲကို ဒါယကာ၊ ဒါယိကာမများစုပေါင်းပြုလုပ်ကြမှာ၊ စိန်ရတု အထိမ်း အမှတ်အဖြစ် မဂ္ဂဇင်းစာအုပ်လဲထုတ်ဦးမှာဘုရား၊ အရှင်ဘုရားလဲ ဆောင်းပါးတစ်ပုဒ်လောက်ရေးပါဦး’ ဟု လျှောက်ထား၏။ အမှန် အတိုင်းဝန်ခံရလျှင် ကျူစွာဆရာတော်ကို စာရေးသူနှစ်ခါ၊ သုံးခါသာ ဖူးတွေ့ဖူးသည်။ ထိုစဉ်က စာရေးသူက သာမဏေငယ်ဘဝ၊ ဥပဇ္ဈာယ်မဟာသစ်ဝင်ဆရာတော်ဘုရားကြီးနှင့် ပစ္ဆာသမဏေအဖြစ် ပါသွား၍ ဖူးတွေ့ဖူးခြင်းဖြစ်သည်။ ဆရာတော်၏ စိန်ရတုပွဲတော် မှာ ဆရာတော်နှင့် ဆက်နွယ်သောအကြောင်းအရာများကိုရေးရမည် ဖြစ်သည်။ မည်သည့်အကြောင်းအရာကို ရေးရလျှင်ကောင်းမည်နည်း ဟု စဉ်းစားသောအခါ ရေးစရာအချက်အလက်ကိုရှာမရဖြစ်နေသည်။

စာရေးသူက ဆရာတော်၏ အဆုံးအမဩဝါဒများ အလိုရှိ ကြောင်း ကိုမြင့်သိန်းအား ပြောသောအခါ ‘ဆရာတော်နှင့် ပတ်သက်တဲ့ အကြောင်းအရာ ပါသည် ဖြစ်စေ မပါသည် ဖြစ်စေ ဓမ္မရေးရာ ဆောင်းပါး ဆိုလဲ ရပါတယ် ဘုရား’ ဟု လျှောက်ထား၏။ စာရေးသူ၏ ခံယူချက်က ထိုသို့မဟုတ် သက်ဆိုင်ရာ ပုဂ္ဂိုလ်၏ အကြောင်းအရာ မပါဘဲ မရေး လို၊ သက်ဆိုင်ရာ ပုဂ္ဂိုလ်၏ ဘာသာ သာသနာ အတွက် စွမ်းစွမ်းတမံ ဆောင်ရွက် ပြုလုပ်ထားသည့် အကြောင်း အရာများ (သို့မဟုတ်) အဆိုအမိန့် ဩဝါဒအဆုံးအမများကို ခံစားခြယ်မှုန်းပြီး ရေးချင်သည်။ သို့မှသာ သက်ဆိုင်ရာ ပုဂ္ဂိုလ်ကို ဂုဏ်ပြုရာ ရောက်မည်။ ပူဇော်ရာ ရောက်မည်ဖြစ်သည်။



ထိုသို့ အခက်အခဲဖြစ်နေစဉ် စာသင်သား ဘဝက သောတုဇနတစ်ပါး ဟာသနှော၍ အနက်ပေးပြသော ပါဠိတစ်ပုဒ် ကို သွားသတိရမိသည်။ သာသနာ့ဝန်ထမ်းရှင်ရဟန်းများအတွက် မြတ်ဗုဒ္ဓပညတ်တော် မူခဲ့သော ဝိနည်းသိက္ခာပုဒ်အပေါင်းမှာ အကျဉ်းအားဖြင့် (၂၂၇) သွယ်ရှိသည်။ သိက္ခာပုဒ်အများစုတွင် ‘ယောပနဘိက္ခု’ ဟူသော ပါဠိပုဒ်ဖြင့်အစချီထားသည် ၄င်း ‘ယော ပန ဘိက္ခု’ ကို မှန်ကန် စွာ မြန်မာပြန်လျှင် ‘အကြင်ရဟန်းသည်’ ဟု ပြန်ရမည်ဖြစ်သည်။ ယင်းသောတုဇနအရှင်ကတော့ ထိုသို့မဟုတ် ‘ဘိက္ခု-ရဟန်း၊ ယော-ခက်လှချည့်၊ ပန-ဘယ့်နှယ်လုပ်ရပါ့မလဲ’ ဟု မြန်မာပြန်လေသည်။ အားလုံးအတွက် ရယ်မောစရာ စကားလေး တစ်ခွန်းဖြစ်ခဲ့ရပါသည်။ အခုလဲ ‘ကိုမြင့်သိန်းရယ်၊ ခက်လှချည့်၊ ဘယ်လိုရေးရပါ့’ ဟု ရင်ထဲမှာ အသံတိတ်စကားလုံးများဖြင့် ပြောနေမိ၏။

## အခန်း-၂

ကျူစွာဆရာတော်၏ ဘာသာ သာသနာလုပ်ငန်းတွေကို လေ့လာကြည့်လျှင် ဆရာတော်သည် ပရဟိတလုပ်ငန်းတွေ လုပ်ရ တာကို အထုံဝါသနာပါတာကိုတွေ့ရမည်ဖြစ်သည်။ ဇီဝိတဒါန သံဃာ့ဆေးရုံ တည်ထောင်ပြီး ဆရာတော်ကြီးများ၏ တာဝန်ပေး ချက်အရ ပဓာနဦးဆောင်ဆရာတော် အဖြစ်တာဝန်ယူကာ ဆေးရုံ တိုးတက်ရာ၊ တိုးတက်ကြောင်း ဆောင်ရွက်တော်မူခြင်း၊ ကမ္မဋ္ဌာန်း ရိပ်သာများတည်ထောင်ကာ ဝိပဿနာတရားများကို ပြသပေးတော် မူခြင်းစသည်တို့ကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါသည်။

ပရဟိတလုပ်ငန်းဆိုသည်မှာ လူအများနှင့် ဆက်ဆံရသော လုပ်ငန်းရပ်ဖြစ်သည်။ လူအမျိုးမျိုး နတ်အမျိုးမျိုးဆိုသလို ပုဂ္ဂိုလ် ပေါင်းစုံ၊ စရိုက်ပေါင်းစုံနှင့် အမြဲ ထိတွေ့ဆက်ဆံရသော လုပ်ငန်း ဖြစ်၍ ခန္တီပါရမီနှင့် ပြည့်စုံရမည်ဖြစ်သည်။ ခန္တီ၏နောက်တွင် ကပ် လျက်ပါသော စွမ်းရည်များမှာ စိတ်ရှည်ရခြင်း၊ နားလည်ပေး ရခြင်း၊ ခွင့်လွှတ်တတ်ရခြင်း၊ သဘောထားကြီးရခြင်း၊ အမြင် ကျယ်ရခြင်း၊ အကောင်းမြင်ဝါဒ ရှိခြင်းစသည်တို့ ဖြစ်သည်။ ခန္တီသည် အဓိဝါသန ခန္တီ၊ အနုလောမခန္တီဟု ၂ ပါး ရှိသည်။ သဘောထား ရင့်ကျက် သူတို့ သန္တာန်မှာ ရှိသော ခန္တီသည် အဓိဝါသန ခန္တီ ဖြစ်၏။ အဓိ-မိမိအပေါ်၌၊ ဝါသန-တည်နေစေခြင်းကို အဓိဝါသနခန္တီဟုခေါ်သည်။

မြေကြီးသည် မိမိအပေါ်မှာ အညစ်အကြေးတွေ ပစ်ပစ်၊ အမှိုက်တွေပစ်ပစ်၊ ဘာတွေပစ်ပစ် မြေကြီးကဘာမှပြန်လှန်မပြော၊ တွန်းဖယ်မပစ်၊ ပစ်သမျှအရာတွေကို ခံထားလိုက်၏။ ထို့အတူ အဓိဝါသနခန္တီ-နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် သူများရန်စလို့ ပြန်ပြီး ရန်မမူ၊ သူများစော်ကားတာကို လက်တုံ့မပြန်၊ ပြောသမျှ၊ ပြုသမျှ ကျူးကျော်စော်ကားသမျှကို အရှိအတိုင်းထားလိုက်နိုင်ခြင်းဖြစ်၏။ ခန္တီမရှိသူသန္တာန်၌ သီလ၊ သမာဓိ၊ ပညာများဖြစ်လေ့မရှိ၊ ထို့ကြောင့် ခန္တီသည် သီလ၊ သမာဓိ၊ ပညာ၏ အခြေခံအကြောင်းရင်းဖြစ်သည်။ ကုသိုလ်လုပ်ငန်းမှန်သမျှသည် ခန္တီစိတ်ရှိသူမှသာ ပြုလုပ်လို့ရသည် ဖြစ်၍ ကုသိုလ်လုပ်ငန်းတိုင်းနှင့် ဆက်နွယ်လျက်ရှိသော တရားလည်း ဖြစ်သည်။ ခန္တီသည်အဒေါသ (မေတ္တာ)ပြဋ္ဌာန်းသော ကုသိုလ် တရားစု၏ အမည်ဖြစ်ရာ အားလုံးခန္တီတရားလက်ကိုင်ထားနိုင်လျှင် အချင်းချင်းရန်ဖြစ်ခြင်း၊ ကွဲပြားခြင်းမရှိဘဲ သင့်တင့်ညီညွတ်ကာ လောကကြီးသာယာနေမည်ဖြစ်သည်။ လုပ်ငန်းတိုင်းလည်း အောင်မြင်နေမည်ဖြစ်သည်။ သာယာအေးချမ်းသော ခေတ်တိုင်း၊ နေရာတိုင်း၊ အောင်မြင်နေသော လုပ်ငန်းတိုင်းမှာ ခန္တီတရားထွန်း

ကားလျက်ရှိ၏။ ဝါးချက်သံဃာ့ဆေးရုံကြီးအောင်မြင်တိုးတက်နေခြင်း၊ သာယာနေခြင်းသည် ပဓာနဦးဆောင်ကျွှာ ဆရာတော်ဘုရားကြီး၏ အဓိဝါသနခန္တိကို လက်ကိုင်ပြု၍ ဦးဆောင်နေမှုကြောင့်ဖြစ်သည်။

## အခန်း-၃

ကျွှာဆရာတော်သည် မိမိ၏ ဂေါစရဂါမ်ရွာမှ ကလေးများ၏ ပညာရေးနိမ့်ကြနေမှု၊ မဖွံ့ဖြိုးမှုတို့ကို အထူးစိုးရိမ်ကြောင့်ကြတော်မူပါသည်။ ပညာရေးဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်လိုသောစိတ်ဆန္ဒ ဆရာတော်၏ နှလုံးသားထဲမှာ တဖွားဖွားဖြစ်ပေါ်နေပါသည်။ မဟာသစ်ဝင်ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိနေတော်မူစဉ်က ကလေးများ၏ ပညာရေးနှင့် ပတ်သက်ပြီး အောက်ပါအတိုင်း လျှောက်ထားဖူးသည်ဟု သိရသည်။

ကျွှာဆရာတော် - ဆရာတော် တပည့်တော် (ကျွှာချောင်) ရောက်တာ နှစ်ပေါင်း ၂၅ နှစ်ကျော်ပြီဘုရား၊ ဒီရွာကဘွဲ့ရတဲ့ ကလေးဆို ၂ ဦးပဲတွေ့ဖူးတယ်ဘုရား။

မဟာသစ်ဝင်ဆရာတော် - အရှင်ဘုရားက ၂၅ နှစ်ကျော်ပဲရှိသေးတာ၊ တပည့်တော်ဒီ (မဟာသစ်ဝင်ချောင်) ရောက်တာ နှစ်ပေါင်း ၆၀ ကျော်ပြီ၊ ဒီရွာကဘွဲ့ရတဲ့ကလေး ၃ ဦးပဲရှိတယ်။ ဒါပေမဲ့ တစ်ဦးက ဒီရွာသားမဟုတ်ဘူး။

ကျွှာဆရာတော် - တပည့်တော်စွမ်းနိုင်တဲ့အချိန်၊ ကလေးများ၏ ပညာရေးကို တိုးတက်အောင် လုပ်ချင်တယ်ဘုရား။

မဟာသစ်ဝင်ဆရာတော် - လုပ်ပါ ကြိုးစားပါ။ အရှင်ဘုရားတို့လို စွမ်းနိုင်တဲ့ ပုဂ္ဂိုလ်တွေ၊ လူငယ်တွေလုပ်တော့ ပိုအောင်မြင်တာပေ့ါ။ တပည့်တော်တို့ကတော့ အရွယ်ကြီးပြီ မလုပ်နိုင်တော့ဘူး ကြိုးစားပြီးလုပ်ပါ။ အောင်မြင်ပါလိမ့်မည်။

ဆရာတော်သည် မဟာသစ်ဝင်ချောင်ဆရာတော် ဘုရားကြီး၏ တိုက်တွန်းအားပေးတော်မူခြင်း၊ မိမိကိုယ်တိုင်လည်း ဆရာတော်ဘုရားကြီး၏ ထံတော်မှာ ကတိကဝတ်ပြုခဲ့ခြင်းတို့ကြောင့် (....) ရွာမှ မူလတန်းကျောင်းဟောင်းကို ဖျက်၍ ရွာသစ်တွင် ကျောင်းအင်္ဂါရပ်နှင့်ပြည့်စုံသော မူလွန်ကျောင်းဆောင်သစ်တစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ ကျောင်းဟောင်းနေရာတွင် ဆေးရုံဝန်ထမ်းများအတွက် အဆောင်များဆောက်လုပ်လိုကြောင်း ခွင့်တောင်းသောအခါ ရ.ယ.က အဖွဲ့နှင့် ရွာသူရွာသားများက 'ကျွှာဆရာတော်က နယ်ချဲ့တယ်၊ ကျောင်းဟောင်းနေရာလိုချင်လို့ ရွာသစ်မှာကျောင်းဆောင်အသစ်ဆောက်ပေးတာ၊ စေတနာရှိလို့ မဟုတ်ဘူး' စသည်ဖြင့် အမနာပ ပြောဆိုဝေဖန်ကြပါသည်။ ဆရာတော်သည် ပညာရှိသူတော်ကောင်းပီပီ ခွန်းတုံ့မပြန်သည်းခံတော်မူပြီး မိမိလုပ်ဆောင်ရမည့် လုပ်ငန်းများကို အစဉ်တစိုက်လုပ်ဆောင်တော်မူပါသည်။ ယခုအခါ ဆရာတော်၏ ကျေးဇူးကြောင့် ကလေးများ၏ ပညာရေးဖွံ့ဖြိုးတိုးတက်နေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နေရပါသည်။ မဟာသစ်ဝင်ဆရာတော်ဘုရားကြီးသာ သက်တော်ထင်ရှားရှိဦးမည်ဆိုလျှင် အဟောထာ - ဩော်ကောင်းလေစွ။ အစ္ဆရိယံဝတ - လက်ဖျစ်ခတ်တီး အံ့ချီးထိုက်ပါပေစွ၊ အဗ္ဘုတံဝတ - မဖြစ်စဖူး ထူးဆန်းပါပေစွ ဟု အံ့ဩချီးမွမ်းတော်မူပါလိမ့်မည်။

## အခန်း-၄

တစ်ချိန်က ဝန်းသိုမြို့ ခန္တီးဆရာတော်ဘုရားကြီး မြို့တစ်မြို့ သို့ရောက်သောအခါ မြို့နေလူထုက အကြီးအကျယ်ကြည်ညိုပူဇော်ကြ၏။ အဲဒါကို နယ်ခံဆရာတော်တစ်ပါးက မနာလိုဖြစ်သတဲ့၊ ဆရာတော်ကြီးအား မြို့ပေါ်ရှိဆရာတော်များက လာရောက်ကန်တော့ ကြသောအခါ မနာလိုတဲ့ ဆရာတော်လဲ အတူပါလာသတဲ့ ရောက်တဲ့အခါ ဆရာတော်ကြီးနဲ့ရော၊ မနာလိုတဲ့ ဆရာတော်နဲ့ရော နှစ်ဦးလုံး ရင်းနှီးတဲ့ ဆရာတော်တစ်ပါးက 'ဒီကိုယ်တော်က ဆရာတော်ကို မနာလိုဖြစ်နေတယ်ဘုရား' ဆိုပြီး ပွင့်ပွင့်လင်းလင်းလျှောက်ထားသတဲ့။

အဲဒီအခါ ဆရာတော်ကြီးက မနာလိုဖြစ်နေတဲ့ ဆရာတော်ကို ကရုဏာသက်တဲ့ မျက်လုံးနဲ့ကြည့်ပြီး အေးအေးသက်သာပဲ ဩဝါဒတစ်ခုပေးလိုက်ပါတယ်။

'ဆရာတော်လေး... ကြက်တွေ၊ ဘဲတွေပဲ မွေးချင်မွေးပါ။ ဣဿာမစ္ဆရိယကိုတော့ မမွေးနဲ့၊ ဘာကြောင့်လဲဆိုတော့ အကုသိုလ်ဖြစ်တာချင်း၊ အပါယ်ကျတာချင်းတူပေမဲ့ ကြက်တွေ၊ ဘဲတွေ၊ မွေးတာက ကြက်ဥ၊ ဘဲဥတွေစားပြီးမှ အပါယ်ကျတာ၊ ဣဿာမစ္ဆရိယမွေးတာကျတော့ ဘာမှ မစားရဘဲ အပါယ်ကျတာကြောင့်ပဲ' ဟု ဩဝါဒပေးလိုက်၏။

ခန္တီးဆရာတော်ကြီး၏ ဩဝါဒသည် ကျေးဇူးမတင်၊ အပြစ်မြင်လွယ်သော ဣဿာ မစ္ဆရိယသမားတွေ အထူးသတိထားရမဲ့ စကားတရပ်ဖြစ်ပါသည်။

အကောင်းမမြင်၊ အဆိုးမြင်နေသော ပုဂ္ဂိုလ်များ၊ ကျေးဇူးမတင်၊ အပြစ်တင်လိုသော ပုဂ္ဂိုလ်များအား ပြောချင်ပါသည်။ ကြက်၊ ဘဲတွေပဲမွေးကြပါ၊ ဘဝသံသရာတလျှောက်နစ်မွန်းရတဲ့ ဣဿာ၊ မစ္ဆရိယတရားတွေကိုတော့ မမွေးကြပါနဲ့ဟု...။

* * *

*အရှင်အာဒိစ္စဝံသ(မအူမြေ)*





# မွန်မြတ်သော ဘဝတစ်ခုရဲ့ သိဟနာဒ

ကိုရင်စစ် (စစ်ကိုင်း)

ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် (၁၇) နှစ်မြောက်သော အခါ ကမ္ဘာ့အနောက်ခြမ်း ဂရိပြည် အေသင်မြို့၌ ဒဿန ပညာရှင် ကြီး ဆိုကရေးတီးကို ဖွားမြင်သည်။ ဘုရားရှင်အောက် အသက် (၉၇) နှစ် ငယ်သော ထိုဒဿန ပညာရှင်ကြီးက ''လူဖြစ်လာသော သူများသည် မိမိကိုယ်ကို ပြန်လည်ကြည့်ရှု သုံးသပ်ခြင်းမှ မပြုဘူးဆိုလျှင် လူဖြစ်ကျိုး မနပ်'' ဟု ဆိုသည်။

ဘုရားရှင်၏ ဆုံးမလမ်းညွှန်မှုနှင့် မတွေ့ကြုံသော အနောက် တိုင်း ပုဂ္ဂိုလ်များက အင်မတန် ကောင်းမွန်သော 'ဘဝဒဿန' တစ်ခုဟု ခံယူသည်။ အရှေ့တိုင်း ပုဂ္ဂိုလ်များကလည်း ဘုရားအဆုံး အမနှင့် လျော်ညီရကား လက်ခံအသိအမှတ် ပြုကြသည်။

လောကကြီး၌ လူအ၊ လူနု၊ လူဖျင်းတွေကသာများ၏။ တစ်နေ့ဝင် တစ်နေ့ထွက် ကာလယန္တရားကြီး လည်ပတ်လျက် အချိန်တွေသာ ကုန်သွားသည်။ ကာလက ဝါးမြိုသွားသည်။ တစ်နေ့တာ ရရှိရမည့် ကုသိုလ် (အမှုကောင်းလုပ်မှု) ဥစ္စာ၊ ပညာ၊ ဘာမျှ မယူမိ မရရှိပဲ နမော်နမဲ့ ကာလကုန်သွားသည်က များသည်။

မိမိပြုနေမှုသည် လောကကြီးအတွက် အဖျက်လုပ်ငန်းတွေလား၊ အကျိုးပြုလုပ်ငန်းတွေလားဟု မစဉ်းစား၊ မတွေးတောသော ပုဂ္ဂိုလ်တွေ ဘာသိဘာသာနေသူတွေကသာများသည်။

အမှန်မှာ မိမိနေထိုင်သော လောကကြီးအတွက် လနေ့နေ မြစ်ချောင်းတွေ၊ သစ်ပင်တွေကပင် ကျေးဇူးပြုပေးနေသေးသည်ဆိုလျှင် ထိုသက်မဲ့တွေထက် တန်ဖိုးကြီးသည်ဟု ဆိုရသော လူသားကား ဘာကြောင့် အကျိုးမပြုဘဲ အချည်းနှီး နေရအံ့နည်း။ ဆင်၊ မြင်း၊ နွား စသော အသိသိမ် သတ္တဝါများကပင် ကျေးဇူးပြုပေးနေသေးသည်ဆိုရင် ထိုထက်အသိနက်သည်ဟု ဆိုရသော လူသားကား ဘာ့ကြောင့် အကျိုးမပြုဘဲ အချည်းနှီး နေရအံ့နည်း။

နိုင်ရာတာဝန်ထမ်းလျက် ကျေးဇူးပြုကြရပေမည်၊ လောကကြီးမှ ဘာတွေယူသွားနိုင်မလဲ၊ လောကကြီးကို ဘာတွေထားရစ်နိုင်မလဲ၊ ထိုအသိ၊ ထိုအတွေးကို ရရှိစေရန် ဆိုကရေးတီးက ဘဝဒဿနကို မိန့်သည်ဟု မြင်ပါသည်။

မိမိဘဝကို ပြန်လည်သုံးသပ်လျက် ငါဘာလဲလို့ သိရှိအောင် နိုးကြားမှ ထိမိအောင်ကြိုးစားမှသာ လူတော်လူကောင်းတွေ ပေါ်လာ မည်ဖြစ်သည်။ လောကကြီး သာယာလှပလာမည်။

မြတ်ဗုဒ္ဓက 'အခြားသူများ၏ ကောင်း၊ မကောင်း အမှုတွေ ကို မကြည့်မရှုပါနှင့် မိမိကောင်း မကောင်းအမှုကိုပဲ ကြည့်ရှုပါ' သံသရာကြီးတန်း လျှောက်နေစဉ် သူတစ်ပါးအပြစ်ကို မကြည့်ပါ နှင့် ကိုယ့်ကိုယ်ကိုယ်ပဲကြည့်ပါ၊ ဟန်ချက်ညီအောင် ထိန်းပါ၊ သူများ ကြည့်နေရင် ကြိုးတန်းပေါ်မှ လိမ့်ကျပါလိမ့်မည်ဟု ချဲ့ထွင်၍ ရွှေကျင်ဆရာတော်ကလည်း မိန့်သည်။

ထိုဗုဒ္ဓမိန့်ဆိုချက်သည် ဆိုကရေးတီးထက် (၆၂) နှစ် လောက်ရှေးကြသည်၊ ကိုယ့်ဘဝကိုပဲကြည့်ပါ။ ငါကောင်းတာ လုပ်နေလား၊ မကောင်းတာလုပ်နေလားကြည့်ပါ၊ စိစစ်ပါ၊ ပြုပြင်ပါ၊ လမ်းမှန် လျှောက်ပါဟု ဆိုလိုသည်။

လောကကြီးသည် ကိုယ့်အပြစ်ကိုမြင်ဖို့ ခဲယဉ်းသလောက် သူတစ်ပါးအပြစ်ကို မြင်လွယ်ရကား သူတစ်ပါးအပြစ်ကို မကြည့်ဘဲ ကိုယ့်အပြစ်ကိုဘဲ ကြည့်ပါ၊ ဆင်ခြင်ပါ၊ ပြန်လည်သုံးသပ်ပါဟု လမ်းညွှန်ခြင်းဖြစ်သည်။

ပရဟိတရေ မဟာလူသားဟု ဆိုရမည့် ကျွစာဆရာတော်သည် အများအကျိုး သယ်ဆောင်ပေးရမှု၌ မွေ့လျော်ပျော်ပိုက်၏၊ နှစ်ခြိုက်၏၊ အားရကျေနပ်၏၊ ပရဟိတအပေါ် မိမိဘဝကို မြှုပ်နှံထားနိုင်သူဖြစ်၏။

စစ်ကိုင်းတောင်ရိုး၌ သီတင်းသုံးဖော်များအတွက် ဇီဝိတဒါန ဆေးခန်း ဆေးရုံကို စတင်ဆောင်ရွက်သည်၊ ဘုန်းကံပါရမီပြည့်မီသော ပုဂ္ဂိုလ်ထူး၏ ဆောင်ရွက်မှုသည် စေတနာမှန် အရင်းခံကာ ဝီရိယထန်သဖြင့် အောင်မြင်သည်၊ တိုးတက်သည်၊ ကျယ်ပြန့်စည်းကားသည်၊ စစ်ကိုင်းတောင်တန်း အရှေ့ဘက်ခြမ်းသာမက တောင်ရိုးကြီးတစ်ခုလုံးနှင့် လက်လှမ်းမီရာ ဒေသအားလုံး ယုံကြည်စွာ အားကိုးမှု ပြုလာရသည်။

ကျွစာဆရာတော်သည် ပရဟိတ ဇီဝိတဒါန လုပ်ငန်းတွေ စိတ်ပါဝင်စား၍ ဆောင်ရွက်လာနိုင်အောင် ရှေ့ဆောင်လမ်းပြသည်။

ဆရာတော်၏ ပင်ကိုဗီဇစိတ်ဓာတ်သည် သူတော်ကောင်းဓာတ်ဖြင့် ထုံမွမ်းထား၍ တန်ဖိုးကြီးသည်ဖြစ်ရာ သွားလာခက်ခဲမှုကို လွယ်ကူချောမွေ့အောင် စတင်ဦးဆောင်လမ်းဖောက်သည်၊ ယနေ့ တွေ့မြင် နေရသည့် စစ်ကိုင်း၊ မင်းဝံ လမ်းမကြီးကို အခြေတည် ဓားမဦးချ စတင်ဆောင်ရွက်သည်။

စစ်ကိုင်းတောင်တန်း အရှေ့ဘက်ခြမ်း မြစ်ကမ်းတစ်လျှောက် ကတ္တရာခင်းလမ်းပေါ်ပေါက်လာသည်။ စစ်ကိုင်း၊ မင်းကွန်း၊ ဆက်သွယ်မှုလမ်း ကောင်းမွန်လာ၍ သာသနာရေး၊ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးလာသည်။

ဤကား တန်ဖိုးကြီးမားသော စိတ်ဓာတ်ပိုင်ရှင်၏ တန်ဖိုးကြီးမားသော လုပ်ငန်းသာဖြစ်သည်။

"ပညာတင့်မှ လူမျိုးမြင့်မည်" ဟု ခံယူချက်ရှိသော ဆရာတော်သည် ပညာရေးကိုလဲ ဦးစားပေးဆောင်ရွက်ခဲ့သည်၊ ဝါးချက်ကျေးရွာနှင့် မိမိဇာတိ ခတောကျေးရွာများ၌ (၅)ဧကစီ ကျယ်ပြန့်သော မြေများဝယ်ယူ၍ ခေတ်မီ ကစားကွင်း၊ သောက်ရေကန်၊ ရေလှောင်း အိမ်သာများ ပါဝင်စေလျက် စာသင်ကျောင်းများဆောက်လုပ်သည်၊ ပညာဒါနအဖြစ် ကျောင်းဝတ်စုံ၊ ကျောင်းသုံး စာအုပ်များ၊ နှစ်စဉ်လှူသည်၊ လူနေမှု ဘဝတစ်ခုအတွက် ပညာရေးမှစ၍ ပြုစုပျိုးထောင်ပေးသည်၊ ပညာဖြင့် အထက်တန်းပေါက်ရောက်အောင် ကူညီသည်၊ အားပေးသည်၊ ဤသို့ အထက်တန်းကြတဲ့ ပရဟိတ လုပ်ငန်းတွေမှာ ဆရာတော် အစဉ်မွေ့လျော်သည်။

ကျေးဇူးရှင် ကျွစာ ရွှေမျက်မှန် ဆရာတော်ကြီးကို ဂုဏ်ပြုသည့်အနေဖြင့် အမည်တော်ထာဝရထင်ကျန်ရစ်လိုသည့် အနေဖြင့် စစ်ကိုင်းတောင်ရိုး၌ 'မဟာဝိဇယရံသီ' ဘွဲ့ချီလျက် စာသင်တိုက် တည်ထောင်ဦးစီးသည်။ သာသနာကို အခြေအမြစ်ကပင် စတင်တည်ဆောက်သည်။ ထမ်းဆောင်သည်၊ ချီးမြှောက်သည်၊ ဤသို့ သာသနာတော် တည်တံ့မှုအတွက် စနစ်တကျ တည်ဆောက်နိုင်သည်မှာ ထူးခြားသော ပါရမီရှင်၏ ထူးထူးခြားခြားဖြစ်တည်မှုများသာဖြစ်သည်။

ကိုယ်တိုင် ဦးစွာ ပထမ တရားနည်းလမ်းကျ စံမီသည်အထိ မဟာစည် ဆရာတော် ဆရာတော်ဦးပဏ္ဍိတာဘိဝံသထံတော်၌ သင်ယူအားထုတ်သည် ဘဝခန္ဓာကို ဝိပဿနာ ဉာဏ်မီးမြိုက်၍ သုံးခွက်တစ်ခွက်တင်ကြိုသည် တရားအဆီ ဖြစ်တည်လာသောအခါ ဒကာ-ဒကာမများအတွက် တရားအဆီဖြင့် ယစ်နိုင်၊ မွေ့နိုင်၊ ဘဝနိုင်အောင် မဟာအတုလရံသီ မွေ့ရိပ်သာကို တည်ထောင်သည်၊ အောင်မြင်သည်၊ ဝိဝေကဌာန စစ်ကိုင်းမြေမှာ ဆင့်ကာဆင့်ကာ ချဲ့ထွင်လာသည်မှာ ငြိမ်းချမ်းအေးမြသော မဟာပရိဂုဏ်ကြီးပင်ဖြစ်လာသည်၊ ထို့ပြင် ရန်ကုန်မြို့၊ လှိုင်လွင်မြို့များ၌ ထာဝရမွေ့ရိပ်သာကြီးများ တည်ထောင်ဖွင့်လှစ်၍ ဓမ္မဖြင့်ဘဝကိုလမ်းပြသည်၊ ဓမ္မဖြင့်ဘဝကိုလွှမ်းခြုံသည်၊ ဓမ္မဆီမီးကို ထွန်းညှိသည်။

အေးမြသော လရောင်ခြည်ဖြင့် တွေ့ထိရသော လူကြီး

လူငယ်မရွေး တောဆိုရင်း မြူးပျော်နိုင်ကြသည်ဆိုရင် ထိုထက်အေးမြသော အပူအားလုံးကို ငြိမ်းချုပ်စေနိုင်သော ဓမ္မအအေးစက် ရောင်ခြည် အောက်ဝယ် လူသားအားလုံးဓမ္မသုခဖြင့် ပျော်နိုင်ကြပေမည်၊ ထို အပျော်မျိုးကို ဝေငှရာ 'မဟာအတုလရှံသီ ဓမ္မရိပ်သာကြီး' ဖြစ်ပေသည်။

ပြည်တွင်း ပြည်ပ တရားစခန်းပွဲများဖြင့် လောကကြီးကို ငြိမ်းချမ်းစေသည်၊ လောကရဲ့ ဦးဆောင်စိတ်ကို တင့်တယ်စေသည်။

ညွတ်ရုံးလာသူ အားလုံးအတွက် ဆရာတော်သည် သင်ကြားမှုဖြင့် အသိပြည့်ဝစေသည်၊ ကျင့်ကြံမှုဖြင့် အသိတိကျစေသည် ဖြစ်ရာ သာသနာအတွက် တက်စုံလှော်၍ ဘက်စုံတော်စေမည့် ရှေ့ဆောင်ကောင်းဖြစ်သည်။

ဤသို့ အဘက်ဘက်၌ ထက်ထက်မြက်မြက် ပေါ်ပေါက်အောင် အလုံးစုံခင်းခဲ့သော လောကကြီးအတွက် ဓမ္မဂုဏ်သင်းခဲ့သော ဓမ္မကွက်စုံခြယ်ခဲ့သော ဆရာတော်သည် မိမိဘဝ အခြေအနေ အရပ်ရပ်ကို ပြန်လည်ကြည့်ရှု သုံးသပ်လျက် အဓိဋ္ဌာန်စကားကို သီဟနာဒ အနေအားဖြင့် ကြွေးကျော်ခဲ့ပါသည်၊ နှုတ်တစ်ရာစာတစ်လုံးအဖြစ် ခိုင်ခိုင်မာမာ ထွင်းထုခဲ့ပါသည်။

၁။ ကံကောင်းထောက်မ၍ လူ့ဘဝကိုရခိုက် ထိုလူ့ဘဝကိုအကျိုးရှိအောင် သုံးပါမည်။

၂။ ကံကောင်းထောက်မ၍ လူ့ခန္ဓာကိုယ် ရခိုက် ထိုလူ့ခန္ဓာကိုယ်ကို အကျိုးရှိအောင် သုံးပါမည်။

၃။ ကံကောင်းထောက်မ၍ လူ့အင်အားကို ရခိုက် ထိုလူ့အင်အားကို အကျိုးရှိအောင် သုံးပါမည်။

၄။ ကံကောင်းထောက်မ၍ လူ့အသိဉာဏ်ကို ရခိုက် ထိုလူ့အသိဉာဏ်ကို အကျိုးရှိအောင် သုံးပါမည်။

၅။ ကံကောင်းထောက်မ၍ လူ့စည်းစိမ်ဥစ္စာကို ရခိုက် ထိုလူ့စည်းစိမ်ဥစ္စာကို အကျိုးရှိအောင် သုံးပါမည်။

**မြတ်ဗုဒ္ဓက 'အခြားသူများ၏ ကောင်း၊ မကောင်း အမှုတွေကို မကြည့်မရှုပါနှင့် မိမိကောင်း မကောင်းအမှုကိုပဲ ကြည့်ရှုပါ' သံသရာကြိုးတန်း လျှောက်နေစဉ် သူတစ်ပါး အပြစ်ကို မကြည့်ပါနှင့် ကိုယ့်ကိုယ်ကိုယ်ပဲ ကြည့်ပါ၊ ဟန်ချက်ညီအောင်ထိန်းပါ၊ သူများ ကြည့်နေရင် ကြိုးတန်းပေါ်မှ လိမ့်ကျ ပါလိမ့်မည်ဟု ချဲ့ထွင်၍ ရွှေကျင်ဆရာတော် ကလည်း မိန့်သည်။**



အဘယ်မျှ အထက်တန်းကျသည့် ရဲရင့်တဲ့ စကားဖြစ်ပါသနည်း၊ ရှက်ဆောင်မှုတွေက သက်သေတည်၍ အာမဏ္ဍိဘင်းကို ငြင်းပယ်စရာ မရှိပါ။

အထက်တန်းကျသော အရှင်မြတ်တို့၏ စကားသည် ဤသို့ ဤနှယ်သာဖြစ်ပါသည်၊ အပြောနှင့် အလုပ် ညီစေသည်သာဖြစ်သည်၊ ပြောလျှင် လုပ်၍ လုပ်တာကိုသာ ပြောဆိုသော ဆရာတော်ဖြစ်သည်။ ဤသို့သော ဆရာတော်၏ ဘဝသည် အားရကျေနပ်စရာ အတိဖြစ်သည်။ ဘယ်အလုပ်မျိုးကိုပဲ လုပ်လုပ် မိမိလုပ်တဲ့ အလုပ်ကြောင့် မိမိကိုယ်ကို တန်ဖိုးထားနိုင်ရမည်၊ လေးစားနိုင်ရမည်ဟုဆိုလျှင် ဤဖြစ်စဉ်မှတစ်ပါး အခြားရွေးစရာ မရှိတော့ပြီ။

ကောင်းမှုဆုဆု၊ ပြု ပြုသူကား
ကြည်ဖြူရွှင်ပြ၊ ခု ဘဝ၌
ပြုရသည်မှာ၊ ဝမ်းမြောက်စွာနဲ့
နောင်ခါ ဘဝ၊ အကျိုးရလည်း
သုခကိုမြင်၊ ဝမ်းမြောက်ပင်တည်း
သို့လျှင် နှစ်ဖက်၊ ကောင်းကျိုးထွက်သဖြင့်
ကိုယ့်တွက် ခုနောက်၊ အားကိုးလောက်သည်
မကြောက်နေရဲ၊ သေရဲတည်း... ဟု ကြွေးကျော်

အသေရဲသည့် တောင်မြို့ ဆရာတော်ဘုရားကြီးအား ကျေကျေနပ်နပ် သေသေသပ်သပ် ထောက်ခံမှုပြုနိုင်သည့် ဘဝ၊ ဤပုဂ္ဂိုလ်၏ ဤလူပြည်သို့ ဤခါလာခြင်းသည် ဤကမ္ဘာ၊ ဤသာသနာအတွက် အဖက်ဖက်တိုးတက်ဖို့ ကောင်းကျိုး ဆောင်ဖို့ 'ဆုံမှတ်' သာဖြစ်ပါသတည်း။ ။

* * *

*ကိုရင်စစ် (စစ်ကိုင်း)*
*၁၇-၇-၂၀၁၀*

# စာတမ်းဖတ်ကြား




ရှမ်းပြည်တောင်ပိုင်း ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက်၌ ကျင်းပအပ်သော ရွှေကျင်နိကာယဂိုဏ်းလုံးကျွတ်
အစည်းအဝေးပွဲကြီး၌ ကျွဗ္ဗာဆရာတော်ကိုယ်တိုင်ရေးသားတင်သွင်းသော "ရွှေကျင်ဆရာတော်များ၏ ပရိယတ္တိဂုဏ်ရည်စာတမ်း" ဖတ်ကြားနေပုံ

## ပ်ရှားဆောင်ရွက်ဆေးရုံအတွက်

တီဘီဆောင်ဖွင့်ပွဲ
သုခဝတီဦးစိန်တင်+ဒေါ်ခင်ညွန့်မေ





ဖွင့်ပွဲ၌ ပဓာနဦးဆောင်ဆရာတော်မှ
ဆောက်လုပ်ရခြင်းနှင့် ဖွင့်လှစ်ခြင်းအကြောင်းကို
ဩဝါဒစရိယဆရာတော်များထံလျှောက်စဉ်

ဝါးချက်ဆေးရုံသို့ ကူမဲမြို့မှ အသက် ၃ နှစ်အရွယ် မောင်ကျော်စိုးလွင်ကို
ဂျပန်နိုင်ငံအိုကာရာမာ ကလေးအထူးကုနှင့် နလုံးအထူးကုဆေးရုံအုပ်ကြီး
ဒေါက်တာအာအိုရာမာမှ ဆေးရုံကြီးသို့ သွားရောက်၍ လည်ပင်းအကြိတ်ကို
ကုသရာ၌ ဆရာတော်သို့ တင်ပြလျှောက်ထားပုံ





အထူးခွဲစိတ်ခန်းသုံး ဆောက်လုပ်ရာ၌
မန္တလေးမြို့မှ ခွဲစိတ်အထူးကုဆရာဝန်ကြီးများနှင့်
ပဓာနဦးဆောင်ဆရာတော်တို့ ညှိနှိုင်း









နှစ်စဉ်ကျင်းပ

ဥညှဘာနှင့် ကထိန်ဒါန













၁၃၆၂ ခု သီတင်းကျွတ်လဆုတ် ၂ ရက် (၁၄-၁၀-၂၀၀၀) နေ့
ရန်ကုန်မြို့ မြန်မာ+နီပေါ သီလရှင်ကျောင်းတိုက်
ပဋ္ဌမအကြိမ်မြောက် မဟာသတိပဋ္ဌာန်တရားစခန်းပွဲမှတ်တမ်း


ကတောကျေးရွာတွင်
ဆွမ်းခံဝင်

# အမျိုး-ဘာသာ-သာသနာ-တင့်တယ်စေသူ

သမြိုးမြသောင်း




အမျိုးဘာသာ သာသနာတင့်တယ်စေသူ = ဆိုရာ၌ အမျိုးကို တင့်တယ်စေသူ၊ ဘာသာကို တင့်တယ်စေသူ၊ သာသနာကို တင့်တယ်စေသူဆိုသည့် သုံးဝါကျကို ပေါင်းစပ်ထားသည့် ဝါကျတစ်ခုဖြစ်သည်။ အမျိုးဆိုသည်ကား မြန်မာလူမျိုးကိုဆိုလို၍ ဘာသာ ဆိုသည်ကား ဗုဒ္ဓဘာသာ၊ သာသနာဆိုသည်ကား ဗုဒ္ဓသာသနာတော်ကို ရည်ညွှန်းသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်၌ လူဦးရေသန်းငါးဆယ်ကျော်ရှိရာ အချို့သူတို့သည် မြန်မာလူမျိုးကို ကမ္ဘာ့အလယ်တင့်တင့်တယ်တယ်ဖြစ်အောင် စွမ်းဆောင်နိုင်ကြကုန်၏။ အချို့သူတို့သည် မြန်မာလူမျိုးကိုငင်း၊ ဗုဒ္ဓဘာသာကိုငင်း၊ ကမ္ဘာ့အလယ်ပေါ်လွင်ထင်ရှားအောင် စွမ်းဆောင်နိုင်ကြကုန်၏ ထူးထူးခြားခြားကြီးစွမ်းဆောင်ရည်ရှိကြသူတို့မှုကား အမျိုး-ဘာသာ-သာသနာ သုံးမျိုးလုံးကို ပေါ်လွင်သည်ထက် ပေါ်လွင်အောင် ထင်ရှားသည်ထက် ထင်ရှားအောင် တင့်တယ်သည်ထက် တင့်တယ်အောင် ပြုလုပ်တော်မူကြသည်။

အနည်းငယ်ချဲ့၍ ဆိုပါဦးအံ့။ ဗုဒ္ဓခေတ် ဗုဒ္ဓလက်ထက် မြန်မာနိုင်ငံတော်၌ မြန်မာလူမျိုးတဖုဿ ဘလ္လိက ကုန်သည်ညီနောင်နှစ်ယောက်တို့ ပေါ်ပေါက်ခဲ့ဖူး၏။ သူတို့သည် အတုလဿခင် ဘုရားရှင်အား တက်ရက်တစ်ခုသော နံနက်တွင် မုန့်ဆွမ်းကပ်လှူခွင့်ရခဲ့ကြသည်။ ထိုပွဲ၌ ရှင်တော်ဗုဒ္ဓက ဆွမ်းအနုမောဒနာတရားဟောကြားရာ ဆွမ်းဒကာညီနောင် နှစ်ယောက်တို့သည် ကမ္ဘာ့အလယ် ဗွေဆော်ဦးပဌမဆုံး သရဏဂုံတည်သူများအဖြစ် ဓာတ်ဂိဘွဲ့ထူးကြီးဖြင့် ထူးထူးခြားခြား ချီးကျူးဂုဏ်ပြုခြင်းခံခဲ့ရပေသည်။

သို့ဖြစ်၍ ထိုတဖုဿ ဘလ္လိကညီနောင် နှစ်ယောက်တို့သည် မိမိကိုယ်ကို မြန်မာနိုင်ငံဖွား မြန်မာနိုင်ငံသား မြန်မာလူမျိုးများအဖြစ်ဖြင့်လည်းကောင်း၊ ဗုဒ္ဓဘာသာ ဗုဒ္ဓသာသနာတော်ကို အထူးယုံကြည် ဆည်းကပ်ကိုးကွယ်သူများအဖြစ်ဖြင့်လည်းကောင်း အထူးသဖြင့် အမျိုးဘာသာ သာသနာတော်ကြီးကို ဂုဏ်ဒြပ်ရှိရှိ တင့်တင့်တယ်တယ်ဖြစ်အောင် ပြုလုပ်နိုင်သူများအဖြစ်ဖြင့် ပိဋကတွင် ဗုဒ္ဓကိုယ်တိုင် မော်ကွန်းတင် ခံထားရသူများဖြစ်သည်။ သူတို့သည် သာသနာတော်ကြီး တင့်တယ်အောင် ထူးထူးခြားခြားဆောင်ရွက်နိုင်ခဲ့ကြပေသည်။

ပုဂံခေတ် အနော်ရထာမင်းကြီးလက်ထက် ရဟန္တာရှင်အရဟံမထေရ်မြတ်ကြီး မြန်မာနိုင်ငံ၌ ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည်။ ထိုအချိန်က မြန်မာနိုင်ငံတော်၌ မြန်မာမင်းများအပါအဝင် မြန်မာများမှာ အရည်းကြီးဂိုဏ်းဝင် မိစ္ဆာဝါဒီဝင် ပုဂ္ဂိုလ်များရဲ့ လွှမ်းမိုးခြင်းခံထားရချိန်ဖြစ်သည်။ အမျိုးဘာသာ သာသနာအမှောင်ကျနေရုံမျှမက အရည်းကြီးဂိုဏ်းဝင်တို့ကြောင့် လူမျိုးများလည်း အနိမ့်ဆုံး အဆင့်အောက်တန်းကျရောက်နေချိန်ဖြစ်သည်။

ယခုလို အမျိုးဘာသာ သာသနာ ရုပ်ပျက်ဆင်းပျက် မတင့်မတယ် ကွဲရဲ့ဖွယ်ဖြစ်နေချိန်မှာ ရဟန္တာ အရှင်အရဟံမထေရ်မြတ်ကြီး ဤနိုင်ငံတော်၌ ပေါ်ပေါက်လာခြင်းသည် နေမင်း - လမင်းကြီးများလို လူတို့အနေဖြင့် အမျိုးဘာသာ သာသနာရေးရာများ၌ ထာဝစဉ် အလင်းဓာတ်ကြီးများရနေအောင် ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု ဆိုနိုင်ပေသည်။

မှန်ပါသည်။ အရှင်အရဟံမထေရ်မြတ်ကြီးသည် လူမျိုးရေး၊ ဘာသာရေး၊ သာသနာရေး အရေးသုံးပါးကို ရှေ့တန်းတင်လျက် တိုင်းပြည်သခင် အနော်ရထာဘုရင် မင်းမြတ်ကြီးကို အရေးသုံးပါးအပေါ် အမြင်ကြည်လင်အောင် မျက်စိပွင့်စေခဲ့သည်။ ကိုယ်ဖြစ်စေချင်သည့် ပုံစံမျိုးရောက်အောင် ပုံသွင်းပေးခဲ့သည်။ စိတ်တိုင်းကျဖြစ်သောအခါ ရှင်အရဟံမထေရ်မြတ်သည် အနော်ရထာမင်းမြတ်ရဲ့ အကူအညီကိုရယူပြီး ဆရာဒကာ ဟန်ချက်ညီညီလက်တွဲလျက် အရည်းကြီးဂိုဏ်းဝင် မှန်သမျှအားလုံးကို လူထွက်စေခြင်း စသည်ဖြင့် နှိပ်ကွပ်ခြင်းမျိုးစုံတို့ဖြင့် နှိမ်နင်းဖျက်ဆီးပစ်နိုင်ခဲ့သည်။

ယခုလို ဆောင်ရွက်နိုင်မှုတို့ကြောင့် အမျိုးဘာသာ သာသနာ အရေးသုံးပါး ယနေ့တိုင် တင့်တင့်တယ်တယ် ရပ်တည်နိုင်ခြင်း နေနိုင်ခြင်းဖြစ်သည်။ အထူးသဖြင့် စာပေမြင့်မှ အမျိုးဘာသာ သာသနာတင့်တယ်သည် ဆိုသည့်အတိုင်း အမျိုးဘာသာ သာသနာ တင့်တယ်ကြောင်းဖြစ်သည့် စာပေသည် ပုဂံခေတ်တွင် အမြင့်ဆုံးဖြစ်ခဲ့သည်။ ပုဂံခေတ်က အမျိုးသားရေးယဉ်ကျေးမှု၊ ဘာသာရေးယဉ်ကျေးမှု၊ သာသနာရေးယဉ်ကျေးမှုတို့သည် ယနေ့တိုင် လွှမ်းမိုးလျက် ရှိနေသေးသည်။ ထို့ကြောင့် ရှင်အရဟံမထေရ်မြတ်ကြီးနှင့် အနော်ရထာမင်းကြီးတို့သည် အမျိုးဘာသာ၊ သာသနာအရေးသုံးပါးတို့ကို လူသားတို့နေထိုင်ရာ ကမ္ဘာအလယ်မှာ တင့်တင့်တယ်တယ်ဖြစ်အောင် ထူးထူးခြားခြား စွမ်းဆောင်နိုင်သူအဖြစ် မော်ကွန်းတင်ခံထားရသူများဖြစ်သည်။

ထိုမှတစ်ဖန် ကိုလိုနီခေတ် (၁၇-၄-၁၉၃၅) ခုနေ့တွင် ဖွားမြင်တော်မူပြီး ၁၃၀၉ ခုလွတ်လပ်ရေးရခါစခေတ်ဦးပိုင်းတွင် မြင်းခြံမြို့၊ ကတောကျေးရွာကြီး၌ ရှင်လက္ခဏ အရှင်မြတ် ပေါ်ပေါက်ခဲ့သည်။ ရှင်လက္ခဏသည် ကတောရွာဒက္ခိဏာရာမကျောင်းဆရာတော်ဘုရားကြီးဘဒ္ဒန္တဥတ္တရထံ ပိဋကအခြေခံ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ညဝါဝိနည်းစသည်တို့ကို သင်ယူရုံမျှမက ဇာတ်တော်ကြီးများ ဖွဲ့ဆိုနိုင်သည်အထိ ဗေဒင်ပညာပါ စနစ်တကျ သင်ယူခဲ့သည်။

ထို့နောက် စစ်ကိုင်းတောင်ရိုး၊ ရတနာမာရ်အောင်ချောင်သို့ ပြောင်းရွှေ့လာပြီးလျှင် ပိဋကအခြေခံစာများကို ဆက်လက်သင်ကြားရာ အစိုးရပဌမငယ်၊ ပဌမလတ်တန်းများကို ရှင်သာမဏေအဖြစ်နှင့် အောင်မြင်ခဲ့သည်။ ပညာတက္ကသိုလ်မန်းဗဟိုရ်လို့ ဆိုရသည့် မန္တလေးရွှေမြို့တော်သို့ တစ်ဖန်ပြောင်းရွှေ့ပြီးလျှင် စုဒ္ဓသမရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရုဝိသုဒ္ဓါရုံ ဝါဆိုဆရာတော်ဘုရားကြီးခြေတော်ရင်းသို့ ဝင်ရောက်ခိုလှုံပြန်သည်။ ထိုဆရာတော်ဘုရားကြီးထံတော်မှ အစိုးရပဌမကြီးတန်း၊ ဓမ္မာစရိယတန်းများကို မြန်မာဂုဏ်ထူးကျမ်းနှင့် အောင်မြင်တော်မူခဲ့သဖြင့် သုံးဝါအရ (၁၃၁၉-ခုနှစ်က) သာသနာဓဇသိရီပဝရဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

ထိုမှတစ်ဖန် မူလဥပဇ္ဈာယ်ဆရာတော် ဖြစ်တော်မူသည့် မန္တလေးမြို့ ကျမ်းပြုအကျော် မဟာဝိဇိတာရုံဆရာတော် ဘုရားကြီးဘဒ္ဒန္တဝါသန ထံပြောင်းရွှေ့နေထိုင်ပြီးလျှင် ငယ်သားများကို စာပေပို့ချရင်း ပါဠိပါရဂူတန်းကို လေ့လာပြီး ဝင်ရောက်ဖြေဆိုရာ သာသနဓဇဓမ္မာစရိယ ဒီဃနိကာယ ပါဠိပါရဂူ ဘွဲ့တံဆိပ်တော်ရရှိတော်မူပြန်သည်။ ထိုအချိန်မှစတင်၍ မဟာဝိဇိတာရုံကျောင်းတိုက်၌ နေထိုင်လျက် စာသင်သားတို့အား နေ့ဝါ၊ ညဝါ၊ စာဝါများ ပို့ချပေးကာ စာချဘုန်းကြီးတာဝန်ကို ထမ်းဆောင်တော်မူခဲ့သည်။

ထို့နောက် မဟာဝိဇိတာရုံ ဆရာတော်ဘုရားကြီး အမိန့်အရ ၁၃၂၄-ခု ကဆုန်လတွင် မန္တလေးမှ စစ်ကိုင်းတောင်ရိုးကျွဲစာချောင်သို့ ပြောင်းရွှေ့ခဲ့ရပြန်သည်။ ကျွဲစာဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိဇယ မဟာထေရ်မြတ် အထံတော်၌ သက္ကတ၊ ဘင်္ဂလီ၊ နာဂရီနှင့် အင်္ဂလိပ်

**နေမင်းကြီးသည် အရောင်ဖြန့်ဝေ ပေးနေသော်လည်း နေ့အခါ၌သာ တင့်တယ်မှု ဂုဏ်ကို ဆောင်နိုင်၏။ လမင်းကြီးသည် ထို့အတူ ညဥ့်အခါ၌သာ တင့်တယ်မှုဂုဏ်ကို ဆောင်နိုင်၏။ ကျစ္စာဆရာတော်ကား နေ့ ညမဟူ သာသနာ့တာဝန်ကို ငါ့တာဝန်၊ သာသနာ့ အလုပ်ကို ငါ့အလုပ်ဟု ခံယူတော်မူထားသဖြင့် မြတ်ဗုဒ္ဓ သာသနာတော်၏ ဂုဏ်ကျက်သရေ အမြဲတင့်တယ်နေအောင် ဆောင်ရွက်တော် မူနေသည်။**




စာပေတို့ကို သင်ယူဆည်းပူးတော်မူခဲ့သည်။ ကျစ္စာဆရာတော်ဘုရားကြီး ၁၃၂၉-ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်နေ့ ဘဝနတ်ထံစံလွန်တော်မူသဖြင့် အရှင်လက္ခဏာသည် ကျစ္စာတိုက်အုပ်အဖြစ်မှ ကျစ္စာဘုန်းကြီးကျစ္စာဆရာတော်လေးအဖြစ် ရောက်ရှိသွားတော့သည်။ ထိုအချိန်မှစ၍ စာသင်သားများကို တိုးချဲ့လက်ခံပြီးလျှင် ကျစ္စာချောင်ကို ပရိယတ္တိစာသင်တိုက်အဖြစ် တည်ထောင်ဖွင့်လှစ်လိုက်သည်။ ဤပုံဤနည်း ပရိယတ်အလုပ်ဖြင့် အရှင်လက္ခဏာသည် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးအား ပူဇော်သည့်အနေဖြင့် တင့်တယ်မှုရှိနေအောင် စတင်လုပ်ဆောင်လိုက်ခြင်းဖြစ်သည်။

ကျစ္စာဘုန်းကြီး အရှင်လက္ခဏာသည် သာသနာပြု အလုပ်လုပ်ရာတွင် ပရိယတ်သက်သက်မျှဖြင့် အောင်မြင်မှုရရန်ခဲယဉ်းပေလိမ့်မည်။ ပဋိပတ်လက်တွဲလျက် ပဋိပတ်အလုပ်ကို အကူအညီယူမှသာ အောင်မြင်သည့် သာသနာပြုအလုပ်ဖြစ်မည်ဟု ခံယူတော်မူသဖြင့် ၁၃၃၄ ခုနှစ်၌ ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာကြီးသို့ ကြွရောက်ပြီးလျှင် မဟာစည်ဆရာတော်ဘုရားကြီးနှင့် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးပဏ္ဍိတာဘိဝံသ (ယခုရွှေတောင်ကုန်းဆရာတော်ကြီး) ထံ သတိပဋ္ဌာန်တရားများကို လက်တွေ့အားထုတ်တော်မူခဲ့သည်။

ထို့နောက် ကျစ္စာစာသင်တိုက် အထက်ပိုင်းကို မဟာအတုလရံသီဓမ္မရိပ်သာ အမည်ဖြင့် ဖွင့်လှစ်ပြီးလျှင် ကျစ္စာချောင်ကို အထိုင်ထား၍ ပရိယတ်၊ ပဋိပတ်လက်တွဲလျက် ပြည်တွင်းပြည်ပ အနှံ့အပြား စာသင်တိုက်တွေ ကမ္မဋ္ဌာန်းရိပ်သာတွေ တည်ထောင်ဖွင့်လှစ်ပြီး အားကြိုးမာန်တက် သာသနာပြုအလုပ်တွေ ဆောင်ရွက်တော်မူနေသည်။ ဤသို့ဖြင့် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးကို တင့်တယ်သည်ထက် တင့်တယ်အောင် တစ်ဆင့်တင်၍ လုပ်ဆောင်တော်မူနေခြင်းဖြစ်သည်။

နေမင်းကြီးသည် အရောင်ဖြန့်ဝေပေးနေသော်လည်း နေ့အခါ၌သာ တင့်တယ်မှုဂုဏ်ကို ဆောင်နိုင်၏။ လမင်းကြီးသည် ထို့အတူ ညဥ့်အခါ၌သာ တင့်တယ်မှုဂုဏ်ကိုဆောင်နိုင်၏။ ကျစ္စာဆရာတော်ကား နေ့ညမဟူ သာသနာ့တာဝန်ကို ငါ့တာဝန် သာသနာ့အလုပ်ကို ငါ့အလုပ်ဟု ခံယူတော်မူထားသဖြင့် မြတ်ဗုဒ္ဓသာသနာတော်၏ ဂုဏ်ကျက်သရေအမြဲတင့်တယ်နေအောင် ဆောင်ရွက်တော်မူနေသည်။ သို့သော် ကျစ္စာဆရာတော်၏ ဆောင်ရွက်ချက်ကို ဤမျှဖော်ပြရုံနှင့် မပြည့်စုံသေး ဘက်ပေါင်းစုံ နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားဆောင်ရွက်တော်မူနေပုံကို ဖော်ပြမှသာ ပြည့်စုံမည်ဖြစ်၍ ဖော်ပြရန် လိုအပ်လာပေသည်။

ကျစ္စာဆရာတော်သည် သက်တော်လေးဆယ်ကျော် ငယ်ငယ်ရွယ်ရွယ် ၁၃၄၀/၁၉၇၈ ခုနှစ်လောက်ကစ၍ ဝါးချက် ဇီဝိတဒါနသံဃာ့ဆေးရုံထက် ရှစ်နှစ်လောက်စောပြီး စစ်ကိုင်း-မင်းကွန်းလမ်း လမ်းဖောက်လုပ်ရေး စီမံကိန်းကြီးချပြီး ဆောင်ရွက်တော်မူခဲ့သည်။ သာယာဝတီဆရာတော်၊ မဟာသစ်ဝင်ဆရာတော်၊ မြတောင်ဆရာတော်၊ ဇမ္ဗူထိန်လင်းဆရာတော်၊ ဝိဇ္ဇာဒပ္ပဏဆရာတော်၊ ဓမ္မရက္ခိတဆရာတော်၊ ဝိပဿနာဆရာတော်၊ သဒ္ဓမ္မောဒယဆရာတော်စသော ဆရာတော်ဘုရားကြီးတို့၏ ဩဝါဒလမ်းညွှန်မှုကို ခံယူကြပြီးလျှင် ဟံသာဂီရိဆရာတော်၊ ပါဠိကာရီသုံးခွဆရာတော်၊

ရတနာမာန်အောင်ဆရာတော်၊ ကျွှဲစာဆရာတော်၊ လေးကျွန်းသာယာ ဆရာတော်၊ ကမ္ဘောဇဆရာတော် စသည်ပါဝင်သည့် သံဃာ့အလုပ်အမှုဆောင်အဖွဲ့ကြီးကို ဖွဲ့စည်းကာ ဝါးချက်ဒေသ ကျေးရွာအုပ်စုများမှ ရှာမိ၊ ရှာဖ လူကြီးများပါ အဖွဲ့အစည်းတွင် ပါဝင်စေပြီး လမ်းဖောက်လုပ်ရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်တော်မူခဲ့ကြသည်။

အဖွဲ့ရဲ့ ရည်ရွယ်ချက်မှာ "သာသနာရေး၊ လူမှုရေး၊ မနေးဖွံ့ဖြိုးစေရမည်" ဆိုတဲ့ ဆောင်ပုဒ်ကို ရှေ့တန်းတင်ပြီး (သာသနာရေး လူမှုရေးတွေ ဖွံ့ဖြိုးစေရန်ရည်ရွယ်ချက်ဖြင့်) ဆရာဒကာလက်တွဲညီညာစွာဖြင့် လမ်းဖောက်လုပ်ရေးလုပ်ငန်းကြီးကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ကြသည်။ ကျောက်ကြမ်းလမ်းချောဖြစ်သည်။ ကတ္တရာလမ်းချောအဖြစ်သို့ မရောက်သေးပေ။

၁၉၉၄ ခုနှစ်တွင်မှ သရက်ပင်ဆိပ် သောတပန်ဈေးလေးမှ ဝါးချက်နယ်မြေအထိ လမ်းပိုင်းကို ကျွှဲစာဆရာတော်က အကုန်အကျခံ၍ စစ်ကိုင်းမြို့ ခ-ယ-ကနှင့် မြို့နယ်စည်ပင်သာယာတို့၏ အကူအညီဖြင့် ကတ္တရာလမ်းချောခင်းပြီး လှူဒါန်းခဲ့ကြသည်။

တစ်ဖန်မင်းကွန်းမှ ဝါးချက်နယ်မြေ ကတ္တရာလမ်းချောအထိလမ်းပိုင်းကို မင်းကွန်းတိပိဋကဆရာတော်များမှ ကတ္တရာလမ်းချောဖြစ်အောင် ခင်းကျင်းလှူဒါန်းကြသည်။ သို့ဖြစ်၍ ယခုအခါ စစ်ကိုင်းမြို့မှ မင်းကွန်းသို့ဆောင်း၊ နွေ၊ မိုးမရွေး နေ့ည (၂၄) နာရီ လုံးလုံး ပြည်တွင်းပြည်ပ ရဟန်းရှင်လူပြည်သူအပေါင်းတို့ ယာဉ်မျိုးစုံကြီးငယ် အသွယ်သွယ်တို့ဖြင့် လွယ်ကူစွာ သွားလာနိုင်ကြပြီ။ ဤသည်မှာ လူမှုရေးဖွံ့ဖြိုးမှုအတွက် ပထမဆုံး အောင်မြင်မှုရလာဘ်ပင် ဖြစ်သည်။

ထို့ပြင် လောကီစီးပွား/လောကုတ္တရာစီးပွားကို ရှာဖွေရာ၌ မိမိရည်ရွယ်ချက် အောင်မြင်ရန်အရေး ရှေးဦးစွာ မိမိနေထိုင်ရာအရပ် ပတိရူပဒေသဖြစ်ဖို့ ရွေးချယ်ကြရသည်။ ရွေးချယ်ရာတွင် ကျန်းမာရေးအထောက်အကူပြုဆရာဝန်/ဆရာမ ဆေးရုံ၊ ဆေးခန်း တစ်ခုခုရှိ/မရှိ ရွေးချယ်ကြရသည်။ သို့ဖြစ်၍ လမ်းပေါက်ရုံနှင့် မပြည့်စုံသေး။ ပတိရူပဒေသအင်္ဂါနှင့်ညီညွတ်စေရန် ဆေးခန်း၊ ဆေးရုံရှိရန် လိုအပ်နေကြောင်း ရိပ်စားမိသဖြင့် ကျွှဲစာဆရာတော်သည် ဆေးခန်း၊ ဆေးရုံတစ်ခုခုဖြစ်ထွန်းပေါ်ပေါက်ရန် ပြင်းပြသောဆန္ဒတော်ရှိနေပေသည်။

ထိုအခိုက် သူတော်ကောင်း၊ နတ်ကောင်းမ ဆိုသလို နတ်ကောင်းတွေက တမင်ဖန်တီးလိုက်လေသလားမသိ။ များမကြာခင် ညနေခင်းမှာ စစ်ကိုင်းတောင်ရိုး၌ လေပြင်းမုန်တိုင်းကြီး ကျရောက်ခဲ့ပေသည်။ သစ်ပင်ကြီးတွေလဲ အိမ်တွေပြို အမိုးတွေလန်ဖြစ်ကုန်သည်။ ထိုအထဲ ယခုဆေးရုံနေရာရှိ ဇရပ်ကြီးနှစ်ဆောင် ညောင်ပင်ကြီးနှစ်ပင် ပြိုလဲပျက်ဆီးကုန်တော့သည်။ သာယာဝတီကျောင်း၊ သာယာဝတီဆရာတော်ဘုရားကြီး ဘဒ္ဒန္တအာစိဏ္ဏ မဟာထေရ်က ကျွှဲစာဆရာတော်အား ခေါ်ယူပြီး ယခုလေတိုက်၍ ပျက်စီးသွားသည့် ဇရပ်ကြီးနေရာတွင် ဆေးရုံ၊ ဆေးခန်းတစ်ခုခုဖြစ်အောင် ဆောင်ရွက်ပေးပါ။ တပည့်တော်တွင် မြေနေရာကို ဂရမ်နှင့်တကွ အရှင်ဘုရားအား အပြီးအပိုင် လှူဒါန်းပါမည်။ အရှင်ဘုရားဖြစ်အောင် သာလုပ်ပါဟု ပြောပြီး စာချုပ်စာတန်းနှင့်တကွ မြေနေရာကို လှူဒါန်းတော်မူသည်။

ကျွှဲစာဆရာတော်သည် မြေနေရာကို အလှူခံပြီး ချက်ခြင်းပင် ၁၉၈၁ ခုနှစ် ဧပြီလမှာ သာယာဝတီဆရာတော်၊ မဟာသစ်ဝင်ဆရာတော်၊ မြတောင်ဆရာတော်၊ မင်းကျောင်းဆရာတော် စသောဆရာတော်သံဃာတော်များနှင့် စစ်ကိုင်းမန္တလေးမှအရေးပါသည့် ပုဂ္ဂိုလ်များကို ဖိတ်ကြားပြီး အစည်းအဝေးပွဲ ပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေးပွဲမှ ဩဝါဒစရိယဆရာတော်ကြီးများ ကြီးမှူးပြီး သံဃာ့အမှုဆောင်အဖွဲ့၊ ကြီးကြပ်ထောက်ပံ့ရေးအလုပ်အမှုဆောင်အဖွဲ့ ဆိုပြီး အဖွဲ့များဖွဲ့စည်းပြီးလျှင် ဆေးရုံစတင် ဆောက်လုပ်ခဲ့ကြသည်။

သုံးနှစ်လောက်ကြာသောအခါ ၁၉၈၄ ခုအောက်တိုဘာလ (၂၀) ရက်နေ့တွင် စစ်ကိုင်းတောင်ရိုး ဝါးချက်ကျေးရွာ၌ ဇီဝိတဒါန သံဃာ့ဆေးရုံဟူသောအမည်ဖြင့် ဆေးရုံလေးစတင် ဖွင့်လှစ်နိုင်ခဲ့သည်။ ထိုစဉ်က ဆရာဝန်၊ စာရေးစသည်ဖြင့် ဝန်ထမ်း (၅) ဦးနှင့် စတင်ခဲ့ရပြီး နံနက် (၈) နာရီမှ ညနေ (၄) နာရီထိ နေ့ပိုင်း အချိန်ပြည့် ဖွင့်လှစ်ကုသပေးနိုင်ခဲ့သည်။ ဤသည်မှာ လူမှုရေးဖွံ့ဖြိုးမှုအတွက် ဒုတိယမြောက် အောင်မြင်မှုရလဒ်ဟု ဆိုရတော့မည်။

၁၉၉၀ ပြည့်နှစ်တွင်မူ အပြင်လူနာလောက်သာ ကုသပေးနေသည့်အဆင့်မှ ၂၄ နာရီပြည့် အတွင်းလူနာလက်ခံကုသပေးသည့် ဆေးရုံအဖြစ် ပြောင်းလဲကာ တိုးချဲ့ခဲ့ပြန်သည်။ ဤသို့ဖြင့် တစ်ဆင့်ခြင်း တစ်ဆင့်ခြင်းတိုးတက်ဆောင်ရွက်ခဲ့ရာ တောင်မြောက်အလျား (၃၂၇) ပေ၊ အနံ (၄၀) ပေ လေးထပ်ဆောင်ကြီးအဖြစ် ဖန်တီးထားနိုင်ပြီး ပြည်တွင်းပြည်ပ သံဃာတော်ပေါင်းစုံဖြင့် လူမျိုးပေါင်းစုံ၊ ရောဂါပေါင်းစုံကို ကုသပေးနေသည်။ လူတွေကလည်း ဆေးရုံကို အားကိုးမှုတွေ များလာနေသည်။



**ပြည်တွင်း ပြည်ပဆရာဝန်များရဲ့ သန္တာန်မှာ ကိုယ့်ဆေးရုံ ဆေးခန်းလို ငွေရလိုမှု လောဘအညစ်အကြေးတွေ မပါတော့ဘဲ ရောဂါပျောက်ကင်းစေချင်တဲ့ စေတနာ၊ မေတ္တာ၊ ကရုဏာတရားတွေဖြင့်သာ လှမ်းခြုံလျက် ကုသပေးနေကြတယ်။ နောက်ပြီးတော့ ဆေးရုံတည်ထောင်ထားတော်မူတဲ့ ဦးဆောင်ဆရာတော် အမှူးပြုတဲ့ သံဃာ့အမှုဆောင်အဖွဲ့ ဆရာတော်ကြီးတို့ရဲ့ သန္တာန်တော်မှာလည်း ရောဂါဝေဒနာပျောက်ကင်းစေချင်တဲ့ စေတနာ၊ မေတ္တာ၊ ကရုဏာဖြင့်သာ အမြဲလှမ်းခြုံ လျက် နေတော်မူကြတယ်။ ဒါကြောင့် ဆေးချင်းတူရင်တောင် ဝါးချက်ဆေးရုံဆေးက ပို၍အာနိသင်ထူးခြားမယ်။**

၂၀၁၀ ခု မေလ (၁) ရက် (၁-၅-၂၀၁၀) ရက်နေ့က မန္တလေးမြို့ ရဲမွန်တောင် မ-၃၆/၁၅ နေ ဦးစိန်မင်း+ဒေါ်ခင်ပြုံးရီတို့ မိသားစု စစ်ကိုင်းတောင်ရိုး (ဝါးချက်) ဇီဝိတဒါနသံဃာ့ဆေးရုံသို့ လာရောက်ကြပြီး ရွှေရတုမင်္ဂလာရက်မြတ်နေ့အလှူမင်္ဂလာအဖြစ် အလှူငွေ ဆေးပဒေသာပင်အတွက် ကျပ်ငါးသိန်း၊ နဝကမ္မပဒေသာအတွက် ကျပ်တစ်သိန်းစုစုပေါင်း ကျပ်ခြောက်သိန်း လှူဒါန်းကြသည်။

တစ်ဆက်တည်း စာရေးသူက အနီးအနားမန္တလေးမှာ ဆေးရုံကြီးတွေရှိနေပါလျက် ဝါးချက်ဆေးရုံသို့ တက်ရောက်ကုသချင်တာက ဘယ်လိုအမြင်ရှိလို့ပါလဲဟု ဦးစိန်မင်းအား မေးမိသည်။ ထိုအခါ ဦးစိန်မင်းက လာရောက်ကုသပေးနေကြတဲ့ ပြည်တွင်းပြည်ပဆရာဝန်များရဲ့သန္တာန်မှာ ကိုယ့်ဆေးရုံ၊ ဆေးခန်းလို ငွေရလိုမှု လောဘအညစ်အကြေးတွေ မပါတော့ဘဲ ရောဂါပျောက်ကင်းစေချင်တဲ့ စေတနာ၊ မေတ္တာ၊ ကရုဏာတရားတွေဖြင့်သာ လှမ်းခြုံလျက် ကုသပေးနေကြတယ်။ နောက်ပြီးတော့ ဆေးရုံတည်ထောင်ထားတော်မူတဲ့ ဦးဆောင်ဆရာတော်အမှူးပြုတဲ့ သံဃာ့အမှုဆောင်အဖွဲ့ ဆရာတော်ကြီးတို့ရဲ့ သန္တာန်တော်မှာလည်း ရောဂါဝေဒနာ ပျောက်ကင်းစေချင်တဲ့ စေတနာ၊ မေတ္တာ၊ ကရုဏာဖြင့်သာ အမြဲလှမ်းခြုံလျက် နေတော်မူကြတယ်။ ဒါကြောင့် ဆေးချင်းတူရင်တောင် ဝါးချက်ဆေးရုံဆေးက ပို၍ အာနိသင်ထူးခြားမယ်။ ရောဂါဝေဒနာ သက်သာပျောက်ကင်းလွယ်မယ်လို့ ယုံကြည်တဲ့အတွက် ယခုလို ဝါးချက်ဆေးရုံကို အားကိုးလိုခြင်း ဖြစ်ပါတယ်ဟု ဦးစိန်မင်းက ရှင်းလင်းပြောကြားပါသည်။

ဆရာစိန်မင်းယုံကြည်သလို ပြည်တွင်းပြည်ပမှ လာရောက်လုပ်အားဒါန ပေးလှူနေကြသည့် ဆေးပညာရှင်အများစုကလည်း စေတနာ၊ မေတ္တာတို့ရဲ့ စွမ်းအားကား နောက်ဘဝသို့ပင် မဆိုင်းတော့ပဲ ယခုလောလောဆယ် ပစ္စုပ္ပန်မှာပင် ကောင်းကျိုးတွေပေးသည်ဟု ယုံကြည်ကြကြောင်း၊ ဆရာဝန်တစ်ဦးက သူတို့ ကိုယ်တွေ့ပြောပြ၍ သိရပါကြောင်း စာရေးသူက ပြန်လည်ပြောကြားရသည်။

တစ်ရက်တွင် ဤအကြောင်းအရာတွေ ကျူစွာဆရာတော်ကြီးအား လျှောက်ထားမိရာ တရားဂုဏ်တော်တွေထဲမှာ သန္ဒိဋ္ဌိက၊ အကာလိက ဂုဏ်တော်တွေ ပါနေတာပဲ။ သန္ဒိက= ကိုယ်လုပ်ရင် ကိုယ်ရတာပဲ။ အာကာလိက အကျေးစနစ်မဟုတ်။ လက်ငင်းအကျိုးပေးတဲ့ အလုပ်တွေပဲ။ တရားတော်တွေပဲ။ ဘာများဆန်းနေသလဲဟု ဆရာတော်ကအမိန့်ရှိပြန်ရာ စေတနာ၊ မေတ္တာ တရားတော်တို့ရဲ့ အံ့မခန်းဂုဏ်ကို တွေမြင်ရ၍ ဝမ်းသာမဆုံးအောင်ခံစားမိရသည်။

ယခုဦးစိန်မင်းတို့လို ဓမ္မသဘော၊ ဓမ္မနိယာမတွေကို ယုံကြည်သူတွေ များလာနေမှုကြောင့်လို ထင်မိပါသည်။ ဆေးရုံမှာ လူမစည်ကောင်းရာအရပ်ဖြစ်သော်လည်း ဆေးရုံအားကိုးသူတွေများလာနေပါသည်။ အလားတူ အခြားတစ်ဖက်မှလည်း နေ့စဉ် လာရောက်လှူဒါန်းသူတွေ၊ ဆေးဝါးပစ္စည်းလှူဒါန်းသူတွေ၊ ဆေးရုံသုံး ပစ္စည်းကိရိယာများလှူဒါန်းသူတွေ၊ အဆောက်ဦ လှူဒါန်းသူတွေလည်း များလာနေပါသည်။

ဤသို့ဖြစ်ရသည်မှာ လူအများစုရဲ့ သန္တာန်ယုံကြည်မှုသဒ္ဓါတရားတွေ တစ်မဲ့စိမ့် တိုးပွားနေခြင်းကြောင့်ဖြစ်သည်။ ဟိမဝန္တာ တောင်ကြီးကိုအမှီပြုပြီး သစ်ပင်ကြီးငယ် အသွယ်သွယ်တွေ နေ့စဉ် စည်ပင်ကြီးပွား နေကြသလို ကျူစွာဆရာတော်ဘုရားကြီးကို တစ်နည်းအားဖြင့် ကျူစွာဆရာတော်ကြီးရဲ့ သာသနာအလုပ်တွေကို မျက်မြင်ကိုယ်တွေ့မြင်နေကြ၍ ယုံကြည်မှုသဒ္ဓါတရားတွေ တစ်မဲ့စိမ့် တိုးပွားနေကြခြင်းဖြစ်သည်။ ဤနည်းဖြင့်လည်း ကျူစွာ ဆရာတော်ကြီးသည် သာသနာ့ဂုဏ်ရောင်ကို ထွန်းပြောင်အောင် ဆောင်ရွက်နေခြင်းဖြစ်သည်။

ထို့ပြင် နယ်မြေဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရာ၌ လမ်းဖောက်ရုံ၊ ဆေးရုံဆောက်လုပ်ရုံမျှဖြင့် ပြည့်စုံပြီဟု မဆိုနိုင်သေးတဲ့အတွက် အထိုက်အလျောက် ပြည့်စုံမှုရအောင် အရေးပါအရာရောက်တဲ့ ပညာရေးစီမံကိန်းတစ်ခု တိုးချဲ့ဖော်ဆောင်ရပြန်သည်။ သို့ဖြစ်၍ ၁၉၉၉ ခုနှစ်က စစ်ကိုင်းတောင်ရိုး၊ ဝါးချက်ကျေးရွာ၌ မူလတန်းကျောင်းကို မူလတန်းလွန်ကျောင်းဖြစ်အောင် ဆောင်ရွက်ပြီးနောက် အလယ်တန်းကျောင်းခွဲဖြစ်နိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပေသည်။

ဆီမီးခုံမြို့နယ် ကတောကျေးရွာ၌လည်း မူလတန်းကျောင်းမှ မူလတန်းကျောင်းလွန်အဖြစ်၄င်း၊ မူလတန်းကျောင်းလွန်မှ အလယ်တန်းကျောင်းခွဲအဖြစ်၄င်း အသီးသီးရရှိအောင်ဆောင်ရွက်ပြီးနောက် ဆရာတော်ကြီးသည် အလယ်တန်းကျောင်းဖြစ်အောင် ဆက်လက်စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကျူစွာဆရာတော်ကြီးရဲ့ အထူးအံ့ဩဖွယ်ကောင်းလှသည့် ကမ္မာမှာ ရှားမှရှား ပညာရေးစီမံကိန်းကြီးတစ်ခု ရှိသေးသည်။ အခြားမဟုတ်ပါ။ နောင်အခါ (ဝါးချက်) ဇီဝိတဒါနသံဃာ့ဆေးရုံ၌

ဆေးရုံမှ မွေးထုတ်ပေးသည့် ဆရာဝန်နှင့်ဆရာ/ဆရာမများဖြင့် ကုသပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။ ယခင်က ဆေးရုံမှ အကူသူနာပြုများကို ရွေးချယ်ပြီး ဆေးရုံ၏ ထောက်ပံ့ငွေဖြင့် အစိုးရ သူနာပြုသင်တန်းကျောင်းသို့ ပို့လွှတ်ကာ သင်တန်းဆင်းလက်မှတ် ရအောင် စီစဉ်ပေးခဲ့သည်။ ပေးနေသည်။

ယခုအခါ တိုးချဲ့ပြီးလျှင် ဂုဏ်ထူးတွေများစွာဖြင့် ဆယ်တန်းကို ထူးချွန်စွာအောင်မြင်ပါလျက် ငွေကြေးအခက်အခဲကြောင့် ဆေးကျောင်းမတက်နိုင်သူတွေ ရှိနေပါသည်။ ထိုသူများတွင်မှ ရွေးချယ်စိစစ်ပြီး ဆေးကျောင်းသို့ပို့ထားရာ ဆေးကျောင်းတွင် ပထမနှစ်ကျောင်းသားမှ စတုတ္ထနှစ်ကျောင်းသားအထိ မျိုးဆက်သစ်ဆရာဝန်များပေါ်ပေါက်အောင် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ မကြာခင်သော နှစ်များအတောအတွင်း စစ်ကိုင်းတောင်ရိုး၊ (ဝါးချက်) ဓီဝိတဒါန သံဃာ့ဆေးရုံမှ မွေးထုတ်ပေးသည့် နိုင်ငံတော်အားအကျိုးပြုမည့် ငယ်မွေးခြံပေါက် ဆရာဝန်၊ ဆရာမများ နှစ်စဉ်မပြတ် ဆက်တိုက် ပေါ်ပေါက်လာဖွယ်ရာ ရှိပေသည်။ ထို့ကြောင့် ဆရာတော်ကြီးရဲ့ ပညာရေးစီမံကိန်းကြီးမှာ အထူးအံ့သြဖွယ် ကောင်းလှပါသည်။

ဤဖော်ပြအပ်ခဲ့ပြီးသော အကြောင်းအရာများကို သုံးသပ်ကြည့်မည်ဆိုပါလျှင် ကျစ္စာဆရာတော်ကြီးသည် လူမှုရေး အလုပ်တွေကိုသာ ဦးစားပေးလုပ်ဆောင်နေသည်ဟု ထင်မှတ်ဖွယ်ရှိပေသည်။ ထိုသို့ကား မဟုတ်ပါပေ။ ဆရာတော်သည် လူမှုရေးအလုပ်တွေကို သွားရင်းဟန်လွှဲသဘော သာမည အလုပ်မျှသာဟု သဘောထားတော်မူသည်။ သာသနာတော်၏ အဓိကပန်းတိုင် အဓိကရည်ရွယ်ချက်ဖြစ်သည့် လက်တွေ့ကျင့်သုံးမှု ပဋိပတ်အလုပ်တွေကိုသာ ဦးစားပေး လုပ်ဆောင်ပေးနေတော်မူသည့် အရှင်မြတ်ကြီးတစ်ပါးသာ ဖြစ်သည်ဆိုတာ ထင်ထင်ရှားရှားကြီး သိမြင်နိုင်ကြပါသည်။

မှန်ပါသည်။ ၂၀၁၀ ခုနှစ် ဇန်နဝါရီလမှစ၍ ဒီဇင်ဘာလကုန်အထိ ကျစ္စာဆရာတော်၏ တစ်နှစ်တာအတွင်း ပြည်တွင်းပြည်ပ တရားပွဲစဉ်များကို ကြည့်လိုက်ပါလျှင် တစ်ရက်မျှ အားလပ်မှုဆိုတာမရှိပါ။ ဆရာတော်သည် ရှင်လူအများ သာသနာ့ အရသာ ခံစားနိုင်စေရန် ပဋိပတ်တရားကိုသာ အဓိကထား ဦးစားပေး ရှေ့တန်းတင်ဆောင်ရွက်နေသည့် အရှင်မြတ်ကြီးတစ်ပါးသာ ဖြစ်သည်ဆိုတာ ထင်ထင်ရှားရှားကြီး သိမြင်နိုင်ကြပါသည်။

ဤသည်မှာလည်း ထင်ရှားရာမျှသာ ဖော်ပြရခြင်းဖြစ်သည်။ ကျောင်းပွဲ၊ ဘုရားပွဲ၊ ရှင်ပြုအလှူပွဲ၊ သာရေးပွဲ၊ နာရေးပွဲများ၌ ကြားဖြတ်အစီအစဉ်ဖြင့် နေ့တရား၊ ညတရားဟောပြော ပြသရသည့် ပွဲများလည်း များစွာရှိသေးပါသည်။ ထို့ကြောင့် ကျစ္စာဆရာတော်ကြီးအား ရှင်လူအများ သာသနာ့အရသာ ခံစားနိုင်စေရန် ပဋိပတ်တရားကိုသာ ရှေ့တန်းတင်ဆောင်ရွက်နေသည့် အရှင်မြတ်ကြီးဟု ဆိုရခြင်းဖြစ်ပါသည်။

ကျစ္စာဆရာတော်ကြီးသည် ထိုသို့ လောကုတ္တရာရေးရာကိုသာ ရှေ့တန်းတင် ဆောင်ရွက်နေသော်လည်း တိုင်းသူပြည်သား ရှင်လူအများတို့အား အကျိုးဖြစ်ထွန်းမည်ဟု ယုံကြည်တော်မူပါလျှင် လောကီရေးရာ လူမှုရေးစသည်တို့ကိုလည်း မလွှတ်တမ်း ဆောင်ရွက်ပေးတော်မူသည်သာ ဖြစ်သည်။

သို့ဖြစ်၍ ကျစ္စာဆရာတော်ကြီးသည် အမျိုးသားရေး၊ ဘာသာရေး၊ သာသနာရေး၊ လူမှုရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည့် အရေးပေါင်းစုံရှိရာ ထိုအရေးပေါင်းစုံကို ဘက်ပေါင်းစုံ၊ နည်းလမ်းပေါင်းစုံတို့ဖြင့် ဖြည့်ဆည်းပေးတော်မူလျက် ကြုံခဲလှစွာသော မြတ်ဗုဒ္ဓသာသနာတော်ကြီးကို လောကလူသားတို့နေထိုင်ရာ လောကကြီးအလယ်၊ လောကလူသားတို့ မှီခိုအားထားရာ သာသနာတော်ကြီးအလယ်မှာ အထူးတလည် အဆင့်အတန်းမြင့်မြင့် တင့်တယ်မှုရှိစေပြီး နေလိုလလို သာသနာ့ဂုဏ်ရောင် ထွန်းလင်းတောက်ပြောင်နေအောင် စွမ်းဆောင်နိုင်သော၊ စွမ်းဆောင်နေသော အရှင်မြတ်ကြီး ဖြစ်ပါကြောင်း မော်ကွန်းတင်ရပေသတည်း။

* * *

*သမြုံးမြသောင်း*

**တက္ကသိုလ်မြတ်သူတိုး** (ဝါးချက်ဆေးရုံ အမှုဆောင်)

# “ ဓာမကာဒ်နှင့် ထူးမခြား ”

စစ်ကိုင်းတောင်ရိုး ဝါးချက်ကျေးရွာ “ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးကြီး” အောင်မြင်စွာတည်ဆောက်ဖွင့်လှစ်ရပ်တည်ခဲ့သည်မှာ (၂၅) နှစ်တာကာလကို ဖြတ်ကျော်ပြီး ဤဆေးရုံကြီး၏ “ငွေရတုသဘင်ကြီးကို အောက်တိုဘာ ၁၈-၁၉-၂၀ ရက်များတွင် ခမ်းနားစွာကျင်းပခဲ့ပါတယ်။ (၃) ည ဆက်တိုက် တရားပွဲများကျင်းပပြီးလျှင်၊ မန္တလေးမြို့မတေးဂီတအဖွဲ့ကြီးနှင့် မြိုင်မြိုင်ဆိုင်ဆိုင် ဆိုကတီးမှုတ်ရင်းနဲ့ မိခင်ဇရာဝတီက ပရိသတ်များနဲ့အတူ ချီးကျူးဂုဏ်ပြုခဲ့ကြတာ စာရေးသူရဲ့ တစ်သက်တာ အမှတ်ရစရာ ပန်းချီကားချပ်ကြီးတစ်ခုပါပဲ။

ဆေးရုံတည်ပြီး ဦးစွာပထမ စစ်ကိုင်း-ဝါးချက်-မင်းကွန်း ကားလမ်းမကြီးကို ဦးစွာပထမ ကျစွာချောင်ရဲ့ ပဓာနနာယက၊ ဒီဆေးရုံကြီးရဲ့ ဦးစီးနာယက ဆရာတော်က ကြပ်မတ်ဦးဆောင်ပြီး ဒီလမ်းတွေကို တာဝန်ယူ ဆောင်ရွက်ဖောက်လုပ်ခဲ့တာပါ။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ လူတန်းစားအမျိုးမျိုး အလုပ်တာဝန်အလီလီ၊ ဆရာဝန်အဖုံဖုံ၊ သူနာပြုအလှယ်လှယ်တွေနဲ့ ပေါင်းသင်းဆက်ဆံပြီး ဆရာတော်ကိုယ်တိုင် စိတ်ရှည်သည်းခံ၊ နွံတာခံပြီး ထက်သန်သော ဖွဲ့နှဲ့ကြိုးပမ်း



ဆောင်ရွက်ခဲ့ရတာပါ။ ဒီအကြောင်းအရာတွေကို ဆရာတော်နဲ့ အနီးကပ်ဆုံး တယ်လီဖုန်း၊ တိုင်ကပ်နာရီ၊ စာရေးစားပွဲနဲ့ အပြည့်ပြည့်၊ အနယ်နယ်၊ အရပ်ရပ်က ပို့နေတဲ့ ဖက်(စ်)တွေက အသိဆုံးပါ။

စာရေးသူတို့နဲ့ ဆရာတော် (နီးနီးကပ်ကပ်) ဆိုလို့ မကြာခဏ မတွေ့ရပါဘူး။ အခမ်းအနားပွဲ၊ ဝါဆို၊ ကထိန်၊ ဆေးရုံ စည်းဝေးစတဲ့ ပွဲတွေရှိမှ တွေ့ရတာပါ။ ဒါပေမယ့် ဆရာတော်ကို တွေ့ဆုံကြုံကြိုက်ဖူးလိုက်ရတဲ့ အခါတိုင်း (ဥပမာ) အရည်အသွေး ကောင်းလှတဲ့ ပန်းသီးတစ်လုံးကို ကိုင်တွယ်ကြည့်ရှုလိုက်ရသလို၊ ယဉ်သန့်ခံ့ညားစွာ အပြုံးရိပ်တွေဖြတ်သန်းသွားနေတဲ့ ဆရာတော့် မျက်နှာတော်ကို နှစ်လိုဖွယ်ဖူးမြင်ရင်း ချိုသာသော အသံတော်ကိုပါ ကြားရစမြဲ၊ ဆိုလိုရင်းကတော့ ဆရာတော်ကို ဖူးတွေ့လိုက်တိုင်း အမောလဲပြေ၊ အားအင်တွေလဲပြည့် စိတ်လဲချမ်းသာရတာ အမြဲ ထာဝစဉ်ပါ။ ဒီနေရာမှာ ကျောင်းဆရာတွေသုံးတဲ့ 'ပီတိကိုစား အားရှိပါ၏' ဆိုတဲ့ ဆောင်ပုဒ်စကားချပ်ကို သွားသတိရမိပါတယ်။ ဒါပေမယ့် ဒီဆောင်ပုဒ်လောက်နဲ့ ဆရာတော်ကို နှိုင်းယှဉ်စံပြုရတာ မလုံလောက်သေးဘူးလို့ ထင်ပါတယ်။

စာရေးသူငယ်စဉ်က စာသင်ကြားခဲ့တဲ့ (အထက ၄ အလုံ) ကျောင်းမှာ ကျောင်းအုပ်လုပ်သွားတဲ့ ဆရာကြီးဦးဘကြိုင်ကို သွားသတိရမိပါတယ်။ ဆရာကြီးဟာ ဘယ်တော့မှ ကျောင်းသားတွေကို ရိုက်မောင်း၊ ပုတ်မောင်းနဲ့ ဆုံးမလေ့မရှိပါဘူး။ ဒါပေမယ့် ဆရာကြီးကို မြင်ရင်စိတ်ထဲက ဘယ်လိုကြောက်မှန်းမသိပါဘူး။ ကျွန်တော်တို့တွင်မက ၄-၅-၆ တန်းသင်တဲ့ ဆရာ၊ ဆရာမတွေပါ ကြောက်နေကြတာ။ အဲဒါဟိုတုန်းက ဒါဘာကြောင့်လဲဆိုတာ နနယ်တဲ့ဦးနှောက်နဲ့မတွေးတတ်ခဲ့ပါဘူး။ အသက် (၂၀) ကျော် တက္ကသိုလ်မှာ ဘွဲ့ရခါနီးမှ 'ဥပဒိသမ္ပတ္တိ' နဲ့ပြည့်စုံလို့ ဆိုတာ သိရတာပါ။ ဒီလိုပါပဲ ဥပဒိသမ္ပတ္တိ နဲ့ ပြည့်စုံတဲ့ ဆရာတော်ကို စိတ်ထဲကအမြဲလို ကြောက်ရွံ့မိပါတယ်။ ဘယ်လိုပြောဆို ဆုံးမဦးမှာ ပါလိမ့်ဆိုတဲ့အတွေးမျိုးနဲ့ကို ကြောက်နေမိတာ ဒါပေမယ့် အတွေး အခေါ်ကောင်းလွန်းတဲ့ ဆရာတော်ဟာ လူတွေရဲ့ စိတ်ဓာတ်အားလုံးကို သိနေပါတယ်။ ဒါဟာလဲ ဆရာတော်ရဲ့ ထူးခြားချက်တစ်ခုပါပဲ။

ဆရာတော်ရဲ့ တည်ဆောက်ပြုပြင်မှုအကြောင်း ပြန်ဆက်ချင်ပါတယ်။ အဲဒီ စစ်ကိုင်း-ဝါးချက်-မင်းကွန်း ကားလမ်းက ဆရာတော်နဲ့အဖွဲ့၊ ဌာနဆိုင်ရာလူကြီးများအဖွဲ့တို့ လက်တွဲ ပူးပေါင်းဆောင်ရွက်ခဲ့ကြတာပါ။ ဒါပေမယ့် အဲဒီလမ်းတွေ မိုးဒဏ်၊ မြစ်ရေလွှမ်းတဲ့ဒဏ်၊ ကားအသွားအလာများတဲ့ဒဏ်ကြောင့် လမ်းတွေ ခဏခဏ ပျက်စီးကြပါတယ်။ ဒါပေမယ့် ဆရာတော်နဲ့ ဌာနဆိုင်ရာ အဖွဲ့အစည်းတွေက မညည်းညူစတမ်း၊ လက်မလျှော့စတမ်း၊ အခုပျက်အခုပြင်စနစ်နဲ့ ကြိုးပမ်းလုပ်ဆောင်ခဲ့တာ ယနေ့အထိပါပဲ ဒီအချက်ကို ကြည့်ရင် ဆရာတော့် ဇာမဏီစိတ်ဓာတ်ကို ရင်ထဲက ကြည်ညိုလို့ မဆုံးပါဘူး။

တစ်ဆက်တည်းမှာပဲ ဆရာတော်ရဲ့ ရုပ်ပိုင်းဆိုင်ရာကို နည်းနည်းတင်ပြချင်ပါတယ်။ ဆရာတော့်ကို စာရေးသူ ၁၉၇၄ လောက်က စတင်ဖူးတွေ့မြင်ဖူးခဲ့တာပါ။ စာဖတ်သူတို့ ဆရာတော့် ရုပနိကာယ် ကိုဓာတ်ပုံနဲ့ရော အပြင်မှာပါ ဖူးမြင်ပြီးဖြစ်ကြလို့ အထွေအထူးမပြောချင်ပါဘူး။ စာရေးသူအမြင် ဆရာတော့် ဥပမိ ရုပ်ရည်ဟာ လူသာမန် (လူဖြောင့်လူချော) ရုပ်ရည်မျိုးတင် မက ပါဘူး။ အမြဲသပ်ရပ်သန့်ရှင်းပြီး စိတ်ဓာတ်နိုင်မာသန်စွမ်းတဲ့ ရုပ်ရည်ပါ။ ဒါ့အပြင် 'ကရုဏာ' တရားနဲ့ ပြည့်ဝတဲ့ မျက်လုံးတော် တစ်စုံကိုလည်း ပိုင်ဆိုင်ထားပါသေးတယ်။ ဆရာတော့်ကို ဖူးမြင်စ သက်တော် (၄၀) ကျော်လောက်ကတည်းက မျက်မှန်နဲ့ပါ။ အမြင် အာရုံကွဲပြားမှုနည်းလို့ဖြစ်မှာပါ။ ဒါပေမယ့် အဲဒီမျက်လုံးအားနည်းတဲ့ အကြောင်း ဆရာတော် တစ်ခါမှ မမိန့်ဖူးပါဘူး။ မျက်မှန်ကြားက ပေါ်ထွက်လာတဲ့ မျက်လုံးအစုံက အရာရာကို အမြဲတမ်း ရင်ဆိုင် ရဲတဲ့ အားမာန်ပြည့်ဝတဲ့ မျက်လုံးတစ်စုံပါ။ အဲဒီမျက်လုံးအစုံနဲ့ပဲ 'ပါဠိပါရဂူ' ဘွဲ့ကို ဆွတ်ခူးနိုင်ခဲ့လို့ စာရေးသူရင်ထဲက အံ့မခန်း ကြည်ညိုမိပါတယ်။

အဲဒီမျက်လုံးတစ်စုံနဲ့ပဲ ဝိပဿနာရှုမှတ်ပွားများခဲ့တာပါ။ စာရေးသူ ၁၉၇၄ ခုမှာ မြန်မာစာနဲ့ဘွဲ့ရပါတယ်။ အဲဒီနှစ်လောက်က စပြီး ဆရာတော်ဟာ ရန်ကုန်မဟာစည်ကမ္မဋ္ဌာန်းတိုက်မှာ 'ဝိပဿနာ နည်းပြဘွဲ့ကို ခံယူပြီး' ကမ္မဋ္ဌာန်းယောဂီပေါင်းများစွာကို တရားစစ် တရားဟောပြီး ယထာဘူတကျကျ' ဆိုဆုံးမပြနိုင်ခဲ့ပါတယ်။ အဲဒီ ယောဂီတွေကလည်းဆရာတော် တရားစစ်တာ၊ သိမ်မွေ့နက်နဲလွန်းလို့ တရားစစ်ချိန်မြန်မြန်ရောက်ပါစေလို့တောင် ဆုတောင်းနေကြပါသတဲ့။ အဲဒါတွေက ကရုဏာရှင် ဆရာတော်ရဲ့ အောင်မြင်မှုလှေကားထစ်တွေပါပဲ။

အဲဒီယောဂီတွေကလဲ သာမန်ထဲက မဟုတ်ပါဘူး။ တကယ်လေးနက်ထင်ရှားတဲ့ ပုဂ္ဂိုလ်တွေပါ။ ဥပမာ စိန်ဘရားသား ဒေါ်ကြည်ကြည်၊ ဖျာပုံဒေါ်မြနွယ်၊ မိုးကုတ်ဒေါ်ဒေါ်အုန်း၊ ဒေါ်ခင်စိန်၊ ရွှေနေဒေါ်ခင်ကြည်၊ ဒေါ်ခင်စော၊ ဒေါ်မိုးသိမ့်၊ ဒေါ်အေးအေးကြည်၊ ဒေါ်ခင်သန်းမြင့်၊ ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်ဆည်၊ ဒူးရင်းသီးဦးစိုးမြင့် စသဖြင့် တခြားမဖော်ပြတဲ့ ပုဂ္ဂိုလ်တွေလဲ အများကြီးပါ။ အဲဒီ ယောဂီတွေဟာ သာသနာ့ အာဇာနည်တွေပါ။ ၁၉၉၀ ခု၊ နောက်ပိုင်းမှာ နိုင်ငံတော်က ချီးမြှင့်တဲ့ သာသနာရေးဆိုင်ရာဘွဲ့တံဆိပ်တွေ အသီးသီးရရှိခဲ့တဲ့ ထူးချွန်ပုဂ္ဂိုလ်တွေပါ။ ဒီနေရာမှာ စာရေးသူ စိတ်အာရုံထဲဝင်လာတဲ့ အတွေးတစ်စုက ရုပ်ပိုင်းဆိုင်ရာ အမြင်အာရုံထက် စိတ်ပိုင်းဆိုင်ရာမြင်အာရုံ စူးရှထက်မြက်တဲ့ ဆရာတော်ရဲ့ အမြင် အာရုံထူးကိုလည်း ချီးကျူးပူဇော်လိုက်မိပါတယ်။

စောစောက တင်ပြခဲ့သလို ဆရာတော်သည် ၁၉၇၀ မှ ၁၉၈၄ ထိ ၁၄ နှစ်တာ ရန်ကုန်မဟာစည်ရိပ်သာတရားနည်းပြ အဖြစ် တာဝန်ယူခဲ့ရာက ၁၉၈၄ ခုနှစ်လောက်မှာ အခု ဆေးရုံ ဆောက်မည့် 'ဝါးချက်' ရေဆိပ်နေရာကို 'သာယာဝတီချောင် ဆရာတော်က ယခုကျစ္စာချောင်ဆရာတော် 'ဦးလက္ခဏ' ကို လွှဲ အပ်လှူဒါန်းပါတယ်။ ဒီနေရာမှာ ဆရာတော်ရဲ့ စိတ်ကူးဉာဏ်ကို လျှပ်တစ်ပြက်မြင်လိုက်ရပါတယ်။ ဆရာတော်တွေးမိတာက ဒီနေရာ မှာ ဒီအတိုင်းမြေလွတ်ထားခဲ့ရင် တံငါသည်တွေ၊ ငါးဖမ်းလှေတွေနဲ့ ငါးတင်၊ ငါးချရာ၊ ငါးဈေးတန်းဖြစ်သွားတော့မှာပဲ။ ဒီလိုတော့ အဖြစ်မခံဘူး။ မြေလှူရတဲ့သူလည်းအကျိုးမရှိ၊ လက်ခံတဲ့ မိမိအဖို့ လည်း အကျိုးရှိမှာမဟုတ်ဘူး။ အကျိုးရှိရှိ ကျေးဇူးများမည့် အလုပ်ကိုလုပ်မှပဲ ဆိုပြီး ဆရာတော် စိတ်စွမ်းဉာဏ်စွမ်းနဲ့ အကြံ

ထုတ်တော်မူပါတယ်။

'အင်း… ဒီနေရာမှာ ရဟန်းသံဃာ၊ သီလရှင်ဆိုတဲ့ စစ်ကိုင်းတောင်ရိုးရဲ့ သာသနာ့တံခွန်' သဖွယ် ကြည်ညိုဖွယ်၊ သာသနာပြုနေတဲ့ ပုဂ္ဂိုလ်တွေအတွက် ဆေးခန်း (ပထမ) နောက် ဆေးရုံ(ဒုတိယ) ဆောက်လုပ်ဖွင့်လှစ်နိုင်ခဲ့ရင် အလွန်ကောင်းမယ်၊ ဒါကို မုချဧကန်ရုပ်လုံးပေါ်အောင် ဆောင်ရွက်ခဲ့ရင် ရဟန်း သံဃာ သီလရှင်များအတွက် အသက်ချမ်းသာရာရမည့် 'ဇီဝိတဒါန' လုပ်ငန်းကြီးဖြစ်မယ်။ မဖြစ်ဖြစ်အောင် ငါဆောင်ရွက်ရမယ်။ ဆရာ-ဒကာ လက်တွဲရင် မလွဲမသွေ အောင်မြင်ပေလိမ့်မယ် ဆိုတဲ့ ဉာဏသမ္ပယုဂ် စွမ်းအားကိုလည်း စာရေးသူတွေ့မြင်လိုက်ရလို့ အတိုင်းမသိ ဝမ်းသာပီတိဖြစ်ခဲ့ရပါတယ်။

ဒီနေရာမှာ စာရေးသူရဲ့ အမြင်နဲ့ ရေးပြချင်တာက ဆရာတော် ဟာ အရာရာတိုင်းအပေါ် သည်းခံနိုင်မှုရယ်၊ ဖွဲ့သန်သန်နဲ့ ဒေါက်တာကျော်စွာထက်ပါ။

ဒီအချိန်မှာ ဆရာတော်ရဲ့ရင်ထဲက ပီတိတွေကို ဥပမာ (ငယ်) နဲ့ ဖော်ပြရရင် ဧရာဝတီမြစ်ထဲက လှိုင်းကြပ်ခွပ် ကလေး တွေလိုပဲရှိနေလိမ့်မယ်ဆိုတာ စာရေးသူခန့်မှန်းလိုက်မိပါတယ်။ ဆရာတော်လုပ်ဆောင်ချက်ကို ပြန်ကောက်ရရင်၊ ရန်ကုန်မဟာစည် တိုက်မှာ 'ကမ္မဋ္ဌာနာစရိယ' တာဝန် ၆ နှစ် ထမ်းဆောင်ပြီးမှာ မိမိသတင်းသုံးတဲ့ စစ်ကိုင်းတောင်ရိုး ကျစ္စာချောင်ကိုပြန်ကြွ၊ မဟာဝိဇယရံသီ စာသင်တိုက်မှာ ပြန်လည်ကြီးကြပ် တာဝန်ယူ ပြန်တော့ ဝန်းကျင်အနီးနားချောင်တွေက ဆရာတော်ကြီးတွေ ဝမ်းသာအားတက်ကြရတယ်။ သို့ကလိုပဲ 'မဟာစည်ရိပ်သာမှာ တရားအားထုတ်ခဲ့ကြတဲ့ ရန်ကုန်က ယောဂီတွေ စုစုညီညီလိုက်ပါ ခဲ့ပြီး ဒီဆေးရုံကြီး ဆောက်ဖို့စည်းဝေးခေါ်ကြ၊ တိုင်ပင်ကြနဲ့အမှူ ဆောင်ရွေးပွဲပါအောင်မြင်ပြီးမြောက်ခဲ့ပါတယ်။ ဒါဟာ ဝိပဿနာရဲ့



ဆရာတော်ဟာ အရာရာတိုင်းအပေါ် သည်းခံ နိုင်မှုရယ်၊ ဖွဲ့သန်သန်နဲ့ မဖြစ်မနေ ဖြစ်အောင် လုပ်တတ်တဲ့ စိတ်တန်းခိုးရှင်တစ်ဦး ဖြစ်တာကို ပြောချင်တာပါ။ လူပေါင်း ထောင်သောင်းနဲ့ ဆက်ဆံရတယ်။ ဆင်းရဲချမ်းသာမရွေး အလေးပေး ဆက်ဆံတတ်တာရယ်။ မိမိထက် သိက္ခာ ဝါစဉ် ကြီးမြင့်တဲ့ ဆရာတော်တွေအပေါ် အရေးထား လေးစားစွာ ဆက်ဆံတတ်သလို ကိုရင်ငယ်လေးတွေကို လည်း အစဉ်တစိုက်ပြုစု ပျိုးထောင်ပေးတတ်တာကို လည်း တွေ့ရပါသေးတယ်။ ဆိုလိုရင်းက ဆရာတော်ဟာ မိမိရဲ့ ရည်ရွယ်ချက်ကို ဘယ်တော့မှ နောက်မဆုတ် တတ်ပါဘူး။ 'ငုတ်မိသဲတိုင်' စိတ်ဓာတ်မျိုး အမြဲရှိသူပါ။

မဖြစ်မနေ ဖြစ်အောင် လုပ်တတ်တဲ့ စိတ်တန်းခိုးရှင်တစ်ဦးဖြစ်တာကို ပြောချင်တာပါ။ လူပေါင်းထောင်သောင်းနဲ့ ဆက်ဆံရတယ်။ ဆင်းရဲ ချမ်းသာမရွေး အလေးပေး ဆက်ဆံတတ်တာရယ်။ မိမိထက် သိက္ခာဝါစဉ် ကြီးမြင့်တဲ့ ဆရာတော်တွေအပေါ် အရေးထား လေးစားစွာ ဆက်ဆံတတ်သလို ကိုရင်ငယ်လေးတွေကိုလည်း အစဉ်တစိုက်ပြုစု ပျိုးထောင်ပေးတတ်တာကိုလည်း တွေ့ရပါ သေးတယ်။ ဆိုလိုရင်းက ဆရာတော်ဟာ မိမိရဲ့ ရည်ရွယ်ချက်ကို ဘယ်တော့မှ နောက်မဆုတ်တတ်ပါဘူး။ 'ငုတ်မိသဲတိုင်' စိတ်ဓာတ်မျိုး အမြဲရှိသူပါ။ ဒါကြောင့် ၁၉၈၄ ခုနှစ်မှာ ဇီဝိတဒါန ဆေးခန်းဖွင့်တယ်၊ အင်္ဂလိပ်ဆေးဝါးနဲ့ တိုင်းရင်းမြန်မာဆေးဝါးနဲ့အတူ အရိုးအကြောရောဂါရှင်တွေကိုပါ တိုင်းရင်းဆေးနဲ့ ကုသပါတယ်။ ဦးဆုံးဆေးခန်းရဲ့ ဆရာဝန်လေးက (စာရေးဆရာဖြစ်လာမည့်) စွမ်းပကားလို့ ဆိုနိုင်ပါတယ်။ မိမိနဲ့ တစ်ပါးသူများစွာတို့ရဲ့ သက်ရှည် ကျန်းမာရေးက အလွန်အရေးကြီးနေတာကိုး။

၁၉၈၈ ခုနှစ်မှာ အုတ်မြစ်ချပြီး ဆေးရုံကြီးကို ဆရာတော် ကိုယ်တိုင် စနစ်တကျဦးစီးပြီး ကျွမ်းကျင်တဲ့ ဆောက်လုပ်ရေး အင်ဂျင်နီယာတွေနဲ့ ကျနသေချာစွာဆောက်လုပ်ခဲ့လို့ ၁၉၉၀ ခုနှစ်၊ မေလမှာ 'ဝါးချက်ဇီဝိတဒါနသံဃာ့' ဆေးရုံကြီးကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဆေးရုံဖွင့်ပွဲနေ့က ဆရာတော်၊ အမှုဆောင်၊ အလှူဒါယကာတွေရဲ့ မျက်နှာကိုယ်စီကို စာရေးသူလိုက်ကြည့်မိတဲ့ အခါ (ဥပမာအားဖြင့်) တောင်ရိုးမှာ အမြဲထာဝစဉ် မွေးကြိုင်စွာ ပွင့်လန်းနေကြတဲ့ တရုတ်စကားပန်းပွင့်တွေလို ဆရာတော်နဲ့ အမှုဆောင်ဒါယကာတွေရဲ့ မျက်နှာဟာလဲ လန်းဆန်းမွှေးကြိုင်နေ၊ ဆေးရုံကြီးကလည်း ခန့်ညားထယ်ဝါကျက်သရေရှိလိုက်တာ။ အဲဒီ



တုန်းက ဆရာတော် အသက်တော် (၅၆) နှစ်ပဲရှိသေးတယ်။ ဖျတ်လတ် သန်မာသွက်လက်ပြီး သက် (၄၀) ရွယ်လောက် ဖျတ်လတ်လှုပ်ရှားဆောင်ရွက်နိုင်ခဲ့တာ အံ့ဩဖွယ်တွေ့ရပါတယ်။ ရင်ထဲမှာလည်း လန်းဆန်းကြည်လင် ပီတိတွေ တစ်စိမ့်စိမ့်ဝင်ခဲ့ပါတယ်။

ဝိရိယတော်နဲ့ လုပ်ဆောင်ချက်ကာလတွေကို ဆန်းစစ်ကြည့်ရင် ဆရာတော်ကျစ္စာချောင်မှာ ပရိယတ္တိစာပေပို့ချတယ်။ နောက် ရန်ကုန်မဟာစည်ရိပ်သာမှာ (၆) နှစ်တာ ကမ္မဋ္ဌာန်းနည်းပြအဖြစ် အမှုထမ်းတယ်။ စုစုပေါင်း (၁၅) နှစ်တာ၊ စာပေပရိယတ္တိတာဝန်၊ ဝိပဿနာ တာဝန်ယူခဲ့တယ်။ နောက် ဝါးချက်ဆေးရုံကြီးကို တည်ထောင်ဖွင့်လှစ်ပြီးချိန်မှအစ တာဝန်ယူဆောင်ရွက်ခဲ့တာ (၂၅) နှစ်ဆိုတော့ စုစုပေါင်း နှစ် (၄၀) ကာလကို မဆုတ်မနစ် ဖွဲလုံ့လဝိရိယနဲ့ တာဝန်ယူဆောင်ရွက်ခဲ့တာကို လွန်စွာပဲ ကြည်ညို လေးစားဖွယ်ကောင်းလှပါတယ်။ ဒီဆေးရုံကြီး ကျေးဇူးကြောင့် ထောင်သောင်းချီတဲ့ ဝေဒနာဖုံဖုံ၊ ရောဂါစုံစုံခံစားပြီး၊ လာရောက်ပြသ၊ ကုသပြီး ရောဂါပျောက်ကင်းချမ်းသာခြင်း ရရှိကြတဲ့ လူနာတွေဆိုရင် ဆရာတော်နဲ့တကွ ကုသပေးကြတဲ့ အထွေထွေရောဂါကုဆရာဝန်၊ ပါရဂူကြီးတွေကို ကျေးဇူးအထပ်ထပ်တင်နေကြသံတွေကြားနေရပါတယ်။ ထိုနည်းတူ ဆရာတော်နဲ့ ထပ်တူ လက်တွဲညီကြတဲ့ ထက်၊ အောက်မြန်မာပြည်ဆေးရုံအမှုဆောင်တွေကိုလည်း အလွန့်အလွန်ကျေးဇူးတင်စရာကောင်းလှပါတယ်။

ဆရာတော်ရဲ့ နှစ် (၄၀) သက်တမ်းတစ်လျှောက်မှာ ဆရာတော်ကြိုးပမ်းလုပ်ကိုင်ခဲ့ရတဲ့ တာဝန်တွေက အကြီးစားတွေပါ။ လူမျိုး (၁၀၁) ပါးနဲ့ ဆက်ဆံ၊ လောကဓံကို ကြံ့ကြံ့ခံရင်း နှစ် (၄၀)ခရီးကို မညည်းညူစတမ်းချီတက်ခဲ့တာလေ၊ ဆရာတော်နဲ့အတူ နိုင်ငံတော်/ဌာနဆိုင်ရာ အဖွဲ့စည်းအသီးသီးတွေကလည်း ပံ့ပိုးကူညီလို ဆေးရုံ အမှုဆောင်တွေကလည်း (ဆေးပဒေသာပင်) အလှူငွေကောက်ခံခြင်း၊ ဆေးရုံသုံး(ခွဲစိပ်ခန်းဆိုင်ရာ အူလမ်းကြောင်းကြည့်ကိရိယာ၊ အာထရာဆောင်းစက်) စက်မျိုးစုံအလှူခံခြင်း၊ စာရင်းကိုင်၊ စာရင်းစစ်တို့မှ အလှူငွေစာရင်းအတိအကျရငွေ၊ သုံးငွေစာရင်းအတိအကျ ထုတ်ပြန်ခြင်း ဆေးရုံအတွက်အလှူခံရသမျှကို အတွင်းရေးမှူး ဒေါ်မြင့်မြင့်ကြည် မှ ဦးဆောင်ပြီး ဘဏ္ဍာရေးမှူး၊တွဲဘက်အတွင်းရေးမှူးတွေက စာရင်းချုပ်ကိုင်ပြီး နာယက၊ဥက္ကဋ္ဌများကို တစ်လတစ်ကြိမ်တင်ပြ၊ ရသုံးစာရင်းတွေစနစ်တကျ မှတ်တမ်းပြုကြနဲ့ အဲဒီလောက်တော်တဲ့ အမှုဆောင်တွေပါ။ အဲ· ဆရာတော် ဩဝါဒအတိုင်း တစ်သဝေမတိမ်းလုပ်ဆောင်ကြ။ ဆရာတော်ကလည်း အမှုဆောင်တွေလုပ်သမျှ စိစစ်ပြီး သာဓုခေါ်ရင်းပြုံးရွှင်စွာနဲ့လက်ခံတော်ရှာတော့၊ ဘယ်လောက်များ အတွဲညီလိုက်ဖက်ကြသလဲလို့၊ အရင်းခံကတော့ တစ်ဦးစေတနာ တစ်ဦးအပေါ်ရောင်ပြန်ဟပ်တာပါပဲ။

၂၀၀၀ ခုနှစ် လောက်ကတည်းက ဒီဝါးချက်ဆေးရုံမှာ ထူးခြားတဲ့အကြောင်းအရာတွေပေါ်ပေါက်ခဲ့တယ်။ ဒါကတော့ နိုင်ငံခြားက ပါရဂူ၊ ဆရာဝန်တွေရောက်ရှိလာပြီး လေ့လာကြရင်းက စေတနာထက်သန်ပြီး ပေါ်လာခဲ့တဲ့ မဟာကုသိုလ်ကျောက်တောင်ကြီး ပမာပါ။ ဒီကုသိုလ်ရဲ့ နောက်ဆက်တွဲရလဒ်က အဲဒီနိုင်ငံခြားအထူးကု ဆရာဝန်ကြီးတွေကိုယ်တိုင်၊ သူ့လ၊ သူ့အချိန်တိုင်း မှန်မှန်လာရောက်ပြီး အခမဲ့ကုသပေးကြသလို၊ ဆေး၊ ဆေးပစ္စည်း၊ ဓာတ်မှန်နဲ့ဆိုင်ရာပစ္စည်းတွေပဲလှူဒါန်းသွားခဲ့ကြတာပါ။ ဒီကုသိုလ်ရေသောက်မြစ်ရဲ့ အကျိုးတရားက မြန်မာပြည်သား နိုင်ငံခြားရောက်ဆရာဝန်တွေ မြန်မာပြည်ကို ခေတ္တပြန်ပြီး အနားယူချိန်မှာ အူလမ်းကြောင်းကြည့်မှန်ပြောင်း၊ လည်ချောင်းမှ ခန္ဓာကိုယ်အောက်ပိုင်းထိ ကြည့်နိုင်တဲ့ အာထရာဆောင်းစက်၊ သွား၊ သွားနဲ့ပါတ်သက်တဲ့ထုံဆေး၊ ပလာစတာကအစ၊ တကူးတက ရှာရှာဖွေဖွေ သယ်လာပြီး လှူကြတဲ့ ကုသိုလ်ရှင်တွေပါ။ စာရေးသူကိုယ်တိုင် သူတို့အလှူပွဲကို တက်ရောက်ခဲ့လို့ ဒီလိုမြင်တွေ့ သိရှိခွင့်

ရခဲ့တာပါ။

ဒီနေရာမှာ သတိရလို့ အချိန်နဲ့ ပတ်သက်တဲ့ ဆရာတော့် စရဏကို တင်ပြချင်ပါတယ်။ ဆရာတော်က အမြဲလိုလိုအချိန်နဲ့ ပတ်သက်ပြီး အချိန်မဖြုန်းဖို့၊ အချိန်ကို အကျိုးရှိရှိလက်တွေ့ကျကျ တန်ဖိုးရှိစွာ အသုံးချဖို့ မိတ်ဆွေ ဒကာ၊ ဒါယိကာမတွေကို ဆုံးမလေ့ ရှိပါတယ်။ တစ်နေရာရာမှာ အလုပ်တစ်ခုခုလုပ်နေတာကို ဆရာတော် မြင်တွေ့ချင်ပါတယ်။ ဆရာတော်ကိုယ်တိုင် စနစ်တကျ အချိန် ကန့်သတ်ပြီး တာဝန်အလီလီ ထမ်းရွက်ရင်းနဲ့ နှစ် (၄၀) လုံးလုံး မနားမနေ ဇာမဏီစိတ်ဓာတ်နဲ့ လုပ်ဆောင်ခဲ့လို့ ဒီလိုဆေးရုံကြီးကို အောင်မြင်တိုးတက်အောင် အုပ်ချုပ်နိုင်ခဲ့တာပါ။

၂၀၀၀ ခုနှစ် နှစ်ဦးပိုင်းလောက် မျက်နှာစုံညီစည်းဝေးတစ်ခု မှာ ဆရာတော် ဩဝါဒမိန့်ခွန်းချွေပါတယ်။ 'ရန်ကုန်အမှုဆောင် ယောဂီတွေ' စစ်ကိုင်းတောင်ရိုး 'ကျွဲစွာချောင်' မှာ တရားအားထုတ် ဖို့ မလာရောက်နိုင်တဲ့ အခက်အခဲအတွက် 'ရန်ကုန်မှာ ရိပ်သာ တစ်ခုဆောက်လုပ်ဖွင့်လှစ်ဖို့ အာသီသရှိကြောင်းပါ။ အမှုဆောင် (ယောဂီ) တွေကလည်း ဝမ်းမြောက်ဝမ်းသာ လက်ခံကြတယ် ဒီလိုနဲ့ ရိပ်သာမြေနေရာရှာကြပါတယ်။ လပိုင်းအတွင်းမှပဲ ဒဂုံအရှေ့ ပိုင်းက မြေလွတ်မြေသန့်တစ်ကွက်ရှာတွေ့ခဲ့ပါတယ်။ ဦးပုည စာချိုးထဲက 'မြေတလင်းသဲမွေ့ရာ နတ်လာလို့ ခင်းသည့်နှယ်၊ နေခင်းလဲသာပေ့' ဆိုသလို မြေကလဲ ညီညာလို့၊ သန့်ရှင်းသပ်ရပ် ပြုပြင်လိုက်တော့၊ ရိပ်သာမြေကွက်ကောင်းကြီးတစ်ခု ဖြစ်သွား ပါရော။ အဲဒါ အလှူရှင်ဒကာ၊ အမှုဆောင်တွေ၊ ဝိုင်းဝန်းလှူဒါန်း ကြလို့ ငါးနှစ်တာအတွင်း၊ ဝိသာခါ (၂) ထပ်ကျောင်းဆောင်ကြီး သိမ်တော်၊ ဗောဓိပင်နှင့် ရွှေပလ္လင်နှင့်တကွ၊ ဆွမ်းစားကျောင်းဆောင် ကြီးပါ ပြီးစီးခဲ့ပါတယ်။ ဒီရိပ်သာကြီးတစ်ဆောင်ပြီးစီးတာနဲ့ နွေကြီး ရက်ကြီး အခါရက်တွေမှာ (၁၀) ရက်၊ (၁၅) ရက်၊ တစ်လ ကြာတဲ့ တရားစခန်းတွေဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဆေးရုံအမှုဆောင် အဖွဲ့ဝင်တွေ အားလုံးလိုလို တရားအားထုတ်နိုင်ကြပါတယ်။ တစ်သက်တာ ခန္ဓာကျန်းမာစေဖို့ ဆေးရုံကြီးတည်ဆောက်ခဲ့တဲ့ ဆရာတော်သည် ဒကာ၊ ဒါယိကာမတွေရဲ့ တစ်သံသရာလုံး ဝဋ် (၃) ပါးကင်းလွတ်ပြီး သန္တိသုခ နိဗ္ဗာန်ထိပို့ဆောင်ပေးတာ မြင်လိုက် ရလို့ ရင်တွင်းပီတိနဲ့ ဆရာတော့်ကျေးဇူးတော် အနန္တကို ဦးချ လိုက်မိပါရဲ့။

(၂၀၀၈) ခုနှစ် (မနှစ်) က စစ်ကိုင်း ကျွဲစွာချောင် ကထိန်ပွဲမတိုင်မီတစ်ရက်က အမှုဆောင် (၅) ဦး၊ ဆရာတော့် ကျောင်းမှာ ဆရာတော့်ကို ဝတ္တု၊ သင်္ကန်းကပ်လှူအပြီးမှာ အလှူရှင် (နာယက) ဒေါ်ခင်ဝင်းမေက ဆရာတော်ကိုလျှောက်ပါတယ်။

'ဆရာတော် ဘုရား နောင်နှစ်မှာ သက်တော် (၇၅) နှစ်ပြည့်မှာလားဘုရား' ဆရာတော်က 'ဟုတ်တယ်ဒကာမကြီး ဘုန်းကြီးအခု (၇၄) နှစ်ရှိပြီ၊ နောင်နှစ် (၇၅) နှစ်မှာ မွေးနေ့အလှူ အဖြစ် ဘုန်းကြီးရှိသမျှထဲက (ပစ္စည်းလေးပါးစုံ) လှူဒါန်းဖို့ ဆုံး ဖြတ်လိုက်ပြီ'

'အရှင်ဘုရား (၁၀) နှစ်တစ်ကြိမ်အလှူလုပ်နေတာ တပည့် တော်သိပါ့ (၈၀) ကျမှလုပ်ပေါ့ဘုရား' ဆရာတော်က

'ဒကာမကြီးတို့အမြင်မှာ ဘုန်းကြီးကျန်းမာရေး ကောင်း တယ်လို့ ထင်နေတာ ခုဘုန်းကြီးဖြစ်နေတာ ရှေ့လှမ်းလိုက်ရင် နောက်ကို လန်လန်ကျချင်တယ်'

ဒေါ်တင်ဝင်းမေက သဘော ကျလွန်းလို့ တဟားဟား ရယ်ရင်း 'ဆရာတော်ဘုရားကလဲ မိန့်တတ်၊ တပည့်တော်ကလဲ အရီခပ်သန်သန်နဲ့ ကောင်းပါတယ်ဘုရား၊ အလှူ ဦးတာ အကောင်းဆုံးပါပဲ'

'ဟုတ်တယ်လေ အသေမဦးခင် အလှူဦးအောင် လုပ်ရ မယ်၊ ကဲ ခုထဲက ဖိတ်လိုက်ပြီ (၂၀၁၀) မတ်လထဲမှာလုပ်မယ် ဒကာမကြီး။

❦ ❦ ❦

စစ်ကိုင်းတောင်ရိုးကျွဲစွာချောင် မဟာဝိဇယရံသီ စာသင် တိုက် ပဓာနနာယက ဝါးချက်ဇီဝိတသံဃာ့ဆေးရုံ၏ ပဓာနဦးဆောင်၊ ရန်ကုန်ရှိ သီရိလက္ခဏာရာမ ဒဂုံသာသနာ့ရိပ်သာ၏ ပဓာနနာယက၊ ဘွဲ့ (၃) ဘွဲ့ပိုင်ရှင် ဆရာတော် ဦးလက္ခဏ၏ (၇၅) နှစ်ပြည့် စိန်ရတုပူဇာ ဝိဇတမင်္ဂလာအတွက် ခေါင်းထဲတွင် စီရရီပေါ်လာတာ တွေကို အထက်ပါအတိုင်း စာရေးသူမှတ်တမ်းတင်ခဲ့ပါတယ်။

အတွေးမဆုံးခင် စာရေးသူ 'အမေ' က 'ဟိုနေ့က အမေ့ဆောင်းပါး ကူးဖို့ပေးထားတာပြီးပြီလားကွ'

'ဟုတ်ကဲ့ပါ မေမေ လျှောက်လွှာစာမျက်နှာနဲ့ (၇) မျက်နှာ ကူးပြီးပါပြီ။'

'အေး မင်းရော စာကြမ်းက စာချော ကူးပြီးပြီလား။ လုပ်… လုပ် မလုပ်ရင် မပြီးဘူး လုပ်မှပြီးတာ အပျင်းထူမနေနဲ့ ကြားလား'

'ဟုတ်ကဲ့ပါ မေမေ'

❦ ❦ ❦

(၂၀၀၉) ခု၊ အောက်တိုဘာ (၁၈) ရက်၊ (ရန်ကုန်အဖွဲ့) ဆေးရုံအမှုဆောင်တွေ ကျင်းပတဲ့ ကထိန်ပွဲမှာ ဆရာတော်ကိုယ်တိုင် ဦးစီးကျင်းပကထိန်ခင်းခဲ့ပါတယ်။ ပြီးမှ နံနက်စာကျွေးပါတယ်။ နံနက်စာ စားပြီးကျောင်းဝင်းကြီးရဲ့ အရိပ်ကောင်းကောင်း အပင်ကြီး တစ်ပင်အောက်မှာ ခေတ္တခြေညောင်းလက်ဆန့်ဖြင့် အနားယူနေခိုက် အသံတစ်သံကြောင့် နံဘေးကိုလှမ်းကြည့်လိုက်တော့ ဆရာဝန်မကြီး ဒေါ်ချယ်ရီဖြစ်နေသည်။ ဒေါ်ချယ်ရီက

'ဆရာဦးမြတ်သူတိုးလား၊ သေချာအောင်မေးတာနော်၊ ကျွန်မစောစောထဲက ဆရာ့ကို လှမ်းကြည့်နေတာ'

'ဟုတ် ဟုတ်ကဲ့ ခင်ဗျ ဒေါက်တာ ဒီနေရာမှာ ထိုင်နေ တာ (၄၅) မိနစ်လောက် ရှိပြီထင်တယ်'

'ဟုတ်ပါတယ်ရှင် ကျွန်မနည်းနည်း လုပ်စရာလေးရှိလို့ ခု (၁၂:၁၀) မိနစ်နော် (၁၂:၄၅) မိနစ်ကျရင် ဆရာတော့်အခန်းဝ ကနေ တံခါးချက်ကလေးလှပ်ပြီး ဆရာတော်ကိုတိုးတိုးခေါ်လိုက်ပါ အပြင်ထွက်ကြွလာပါလိမ့်မယ်နော် ရှင်'

'ဟုတ်ကဲ့ပါ ဒေါက်တာ ကျွန်တော်သေချာလုပ်ပေးပါ့မယ် ဆရာမကိစ္စရှိတာလုပ်ပါ'

'ကျေးဇူးပဲဆရာ ဆရာတော့်နှလုံးလည်ပတ်မှုမှန်မမှန်

ကျွန်မ ဆောင်ရွက်ပေးနေချိန်မို့ပါ' 'ဟုတ်ကဲ့ပါ ဆရာမ' ပြောရင်း ဆရာတော့် နှလုံးဝေဒနာအပေါ်အတွေးဝင်လိုက်မိတယ်။

အော်… ဆရာတော့်မှာ နှလုံးရောဂါရှိနေပြီဆိုပါလား။ ဒီလိုအခြေအနေမျိုးမှာ ဒီလောက်အလုပ်တွေများများကို အချိန်မီ လည်ပတ်အောင် လုပ်နိုင်တဲ့၊ ခိုင်မာထက်သန်သော ဆရာတော်ရဲ့ "ဓာမဏီ" စိတ်ဓာတ်ကို ရင်ထဲက ကြည်ညိုလိုက်ရင်းက အပူလှိုင်းကြီးတစ်လုံး ရင်ဝကနေဖြတ်စီးသွားတဲ့ ဝေဒနာ ခံစားလိုက်ရပါတယ်။ (နေ့လယ် (၁) နာရီထိုးခါနီး (၁၀) မိနစ်အလို ဆရာတော်ကျောင်းတွင်းမှ တံခါးချက်ဖွင့်သံနဲ့အတူ တံခါးဝမှ အပြင်သို့ကြွလှမ်းလာသော ဆရာတော်ကို တအံ့တဩ တွေ့လိုက်ရတယ်။ ဆရာတော့်အနား ပြေးသွားဝတ်ပြုရင်း။

'ဆရာတော်ဘုရား အချိန်မှန်ထွက်လာတာပဲနော်။ ဒေါ်မြင့်မြင့်ကြည်တို့အဖွဲ့တော့ ကားတစ်စီးနဲ့ ဟံသာဂီရိ ကို တက်သွားပါပြီဘုရား။ တပည့်တော်ကတော့'

'အင်းလေ… ငါ့ကားနဲ့မင်းလိုက်ခဲ့လေ။ နောက်ကား တစ်စီးကျန်သေးတယ်၊ ဒေါ်ခင်သန်းမြင့်တို့အဖွဲ့ကျန်သေးရင် ခေါ်ဖို့ သွားနှိုးဆော်ဦးမယ်'

'တင်ပါ့ဘုရား'

ဟံသာဂီရိချောင်အမြင့်ကို စတက်နေပြီ။ ဆရာတော်က စာရေးသူကို 'ဒကာတိုးရေ၊ မြတောင်ဆရာတော် စည်းဝေးကို ကြွသွားပြီလား'

'မှန်ပါ ဒီနေ့ မြတောင်ချောင်က လဲ ကထိန်တဲ့ဘုရား၊ ပူဇော်ပွဲလဲ ရှိတော့ အစည်းအဝေးနောက်ကျမယ် ထင်ပါ့ဘုရား'

'အင်း… ဒါလဲ ဟုတ်တာပဲ။ စည်းဝေးခန်းမ ရောက်မှ ဖုန်းနဲ့ ဆက်သွယ်ရဦးမယ်'

ၐ ၐ ၐ

ဟံသာဂီရိချောင်ကို ရောက်ပြီး မိနစ် (၂၀) ကြာတွင် စည်းဝေးစတင်သည်။ အခန်းနားမှူးမှ အစီစဉ်ဖတ်ကြားပြီး ကျူစွာ ဆရာတော်မိန့်ဆိုရန် အစီစဉ်ရောက်ပြီ။ ဖိုင်တွဲတစ်ထပ်ဖြင့် ကိုယ်ခန္ဓာ ကြံ့ခိုင်သန်မာစွာ မိနစ် (၂၀) ခန့်မိန့်ခွန်းပြောသည်။ ပြီးမှ နာယက ဆရာတော် (ဟံသာဂီရိ) အားဖိတ်ခေါ်လိုက်သည်။ ဟံသာဂီရိ ဆရာတော်မကြွနိုင်ပါတဲ့။ ဒါကို ကျူစွာဆရာတော်က စည်းဝေးလာ သူတို့ကို

'အင်း ဟံသာဂီရိဆရာတော် ဒီစည်းဝေးခန်းမကိုကြွဖို့ ကုလားထိုင်ပေါ်က ထလိုက်တာ ခါးကြောညပ်ပြီး ခါးမလှည့်နိုင်လို့၊ မကြွနိုင်ကြောင်းလာလျှောက်ပါတယ်။ ယခုရှိတဲ့ ဆရာတော်များနဲ့ပဲ စည်းဝေးကိုဆက်ပါမယ်'

ဆရာတော်၏ သည်းခံစိတ်ရှည်မှုကို ရင်ထဲက ချီးကျူးလိုက် မိတယ်။

ၐ ၐ ၐ

၂၀၀၉ ခုနှစ်၊ ကျူစွာချောင်ကထိန်ကြီးလဲပြီးပြီ၊ အောက်တိုဘာ (၂၀) ရက်ညမှာ မြို့မတေးဂီတကဖျော်ဖြေလို့၊ အောက်တိုဘာ ၁၅/၁၆/၁၇ (၃) ညပေါင်းတရားပွဲ (၃) ပွဲ၊



ဆေးရုံကြီးဘေးနားက ဆင်ထားတဲ့ မဏ္ဍပ်ပုံကြီးကလဲ စေတီပုံ။ အဲဒီနောက်နားမှာလဲ ခတ်ပုံပြပွဲကလဲ စနစ်တကျ၊ ခတ်ပုံတိုင်းလိုလိုမှာ ဒီဂရီမျက်မှန်ပါးလေးနဲ့ ဆရာတော့်ပုံတွေ။ ကျောက်သားပကတိ စစ်ကိုင်းတောင်ရိုးကြီးရဲ့ မာကြောကျစ်လျစ်မှုလိုပဲ ဆေးရုံကြီးကလဲ ကြံ့ခိုင်တောင့်တင်းစွာနဲ့ ဆရာတော်ကလဲ ကိုယ်စိတ်နှစ်ပါးလုံး အားမာန်သွင်းပြီး ကြံ့ခိုင်မှုအပြည့်။

၁၉၈၄ ခုနှစ်မှ စတင်အားထုတ်ခဲ့သော ကျွှာ ပခာန ဆရာတော်သည် နှစ်ပေါင်း (၂၅)ကျော်သက်တမ်းကို အောင်မြင်စွာ ကျော်ခဲ့ပြီးပါပြီ။ သို့ပေမဲ့ ယခုအချိန်ထိ မရပ်မနားကြိုးစားနေတုန်းပါ။ ကံကောင်းထောက်မ လူ့ဘဝကို ပြည့်ဝစွာ အသုံးချခြင်းပါ။ ဆရာတော် သက်တော် (၄၀) မတိုင်မီ စာဝါများပို့ချ၊ တစ်ခါ မဟာစည်ရိပ်သာမှာ ကမ္မဋ္ဌာန်းနည်းပြ၊ ဤခန္ဓာ ရခိုက် အကျိုးရှိစွာ ခန္ဓာဉာဏ်စိုက်၍ ယထာဘူတဉာဏ်တော်ကြီးကို ရရှိအောင် အားထုတ်ခဲ့ပြန်တယ်။ ဒီခန္ဓာဉာဏ်စိုက်လိုက်တော့ မိမိရထားတဲ့ အသိဉာဏ်ကိုသုံးပြီး ဝိပဿနာဉာဏ်စဉ်တွေရရှိပြန်တာပေါ့။ နေ့စဉ်နေ့တိုင်း ဆွမ်း၊ ဆေးစတဲ့ ဘောဇနအာဟာရတွေကြောင့်ရရှိလာတဲ့ ခွန်အားတွေကို ဉာဏ်နှင့်ယှဉ်ပြီး အသုံးချလိုက်တော့ ဆေးခန်း၊ ဆေးရုံကြီးနဲ့အတူ သီရိလင်္ကာဏာရာမဒဂုံသာသနာ့ရိပ်သာကြီးပေါ်လာရပြန်တယ်။ လောကအကျိုး၊ ဓမ္မအကျိုး (၂)ဖြာသော အကျိုးတရားတွေနဲ့ ပြည့်စုံလိုက်တာ။ ဒီဆေးရုံကြီးနဲ့ ဒီရိပ်သာကြီးအတွက် ပါရမီရှင် (အမှုဆောင်) ဒါယကာ အပေါင်းကလည်း မိမိတို့ရှေးဘဝကဒါနမျိုးစေ့တွေကြောင့်ရလာကြတဲ့ စည်းစိမ်ဥစ္စာတွေကို တပ်ငြိခြင်းကင်းတဲ့ သဒ္ဓါတရားတွေနဲ့လှူလိုက်ကြတာ ဆေးရုံလည်ပတ်ငွေကလည်း သိန်းရာချီ၊ ဒဂုံသာသနာရိပ်သာကြီးကလည်း သိန်းထောင်ချီ… ဩော် ဝိုင်းဝန်းလှူဒါန်းခဲ့ကြတာ။ ခုချိန်မှာ ပြီးပြည့်စုံသလောက်ရှိနေပါပြီ။ ဘာများလိုအပ်ပါသေးသလဲ။ အဲ… လိုအပ်တာလေးတွေ ရေးပြပါရစေ။

ပထမအချက် ဆရာတော်ကျန်းမာအသက်ရှည်ဖို့ပါ။ ဒုတိယအချက် အမှုဆောင်ဒကာ၊ ဒါယိကာမကြီးတွေ ကျန်းမာဖို့ပါ။ တတိယကတော့ ဒီဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံကြီးပုံမှန်ဆေးဝါး၊ ငွေကြေးတွေ တောင့်တင်းစွာနဲ့ လည်ပတ်ဖို့နဲ့ ဒဂုံသာသနာ့ရိပ်သာကြီးမှာ သီတင်းသုံးတဲ့ သံဃာတော်များ ကျန်းမာ ပြည့်စုံစွာနဲ့ ရိပ်သာကြီးမှာ တရားစခန်းတွေ ဖွင့်နိုင်ပြီး ဝိပဿနာ တရားတွေ အားထုတ်နိုင်ရင်း ခန္ဓာဉာဏ်ရောက်နိုင်ကြဖို့ပါပဲ။ ဒါဆို ဆရာတော်ကြီးပမ်းခဲ့သမျှ အမှုဆောင်ဒကာတွေ ဆောင်ရွက်ခဲ့သမျှ ရည်မှန်းခဲ့တဲ့ ပန်းတိုင် အသီးသီးကို ရောက်ရှိပါပြီ။ အရေးကြီး တစ်ခုသာ လိုအပ်တာပါ။ အဲဒါကတော့ ဒီဆေးရုံကြီးနဲ့ ထက်/အောက် မြန်မာပြည်အမှုဆောင်၊ နာယက လူကြီးများ၊ အဖွဲ့ဝင်များပါမကျန် ဆရာတော် အာသီသအရှိဆုံး ဝိပဿနာတရားအပတ်တကုတ် ကြိုးပမ်းအားထုတ်ရင်းနဲ့ အရိယာနွယ်ဝင် ပုဂ္ဂိုလ်များဖြစ်ကြဘို့ပါပဲလို့ စာရေးသူစိတ်ထဲဘွားခနဲ ပေါ်လာပါတယ်။

ၛ ၛ ၛ

အောက်တိုဘာ (၂၆)၊ ၂၀၀၉ မှာ ဆရာတော် စစ်ကိုင်းမှ ရန်ကုန်ကို မနက်ပိုင်းရောက်ပါတယ်။ ဒကာတစ်ဦးအိမ်မှာ ဆွမ်းစားပြီး (၁၂:၃၀) မှာ စာရေးသူတို့ အိမ်ကို ကြွလာတယ်။ အဘွားလေး ဒေါ်လှကြီး (၁၉၈၄ ဆေးခန်း၌ စတင်လှူခဲ့သူ)နဲ့ ကျန်ရစ်သော ဝတ္တုကံ (၃၆) သိန်းကျော် ဆရာတော်ကို ရေစက်ချလှူတဲ့ပွဲပါ။ ဆရာတော်ကြွရောက်အလှူခံပြီး ရေစက်ချ ပေးတော်မူပါတယ်။ တရားအချုပ်ကတော့ 'ဒါနပြုတဲ့နေရာမှာ စင်ကြယ်သန့်ရှင်းစွာ ထူးချွန်ပြောင်မြောက်စွာ လှူတတ်ဖို့နဲ့ သဒ္ဓါတရားထက်သန်စွာ လှူတတ်ဖို့' အဓိက ဟောကြားခဲ့ပါတယ်။ အလှူပြီးတဲ့အခါ ညနေလေကြောင်းနဲ့ နိုင်ငံခြားခရီးစဉ်ဆက်ဖို့ ဆရာတော်မိန့်ပါတယ်။ စာရေးသူက ဆရာတော့်နား ဦးနိုက်ကန်တော့နှုတ်ဆက်တော့ ဆရာတော်က 'ဒကာတိုး မင်းလဲ ဆောင်းပါးရေးဦး၊ ဘုန်းကြီးမွေးနေ့ ပွဲရက်က သိပ်မလိုတော့ဘူး (၂၀၁၀) မတ်လထဲမှာ ဒကာမကြီး ဒေါ်တိုးတိုးကိုလဲ သတိပေးလိုက်ဦး ဟုတ်ပြီလား'

'တင်ပါ့ဘုရား မေမေရော၊ တပည့်တော်ပါကြိုးစားပြီးရေးပါ့မယ်ဘုရား၊ ဆရာတော်ကို ရိုသေစွာဦးတင်ပါတယ် ဘုရား'

နှုတ်လည်းဆက်၊ ဆရာတော့်ကားလဲ ခြံပြင်ထွက် ကားဘီး တလိမ့်လိမ့်ထွက်သွားတော့ရင်ထဲမှာ တသိမ့်သိမ့်လှုပ်ရှားလှိုက်ခုန်ရင်း မျက်ဝန်းမှ မျက်ရည်သွယ်သွယ်ကျလာတယ်။ အတွေးတစ်ခုကလဲ ချက်ချင်းပေါ်လာတယ်။

'ဩော်… ဆရာတော် အသက် (၇၅) နှစ်ပြည့်တဲ့တိုင် ရှိနေပါသေးလား။ ငါ အခုအသက် (၆၀) မှာ ခန္ဓာတစ်ခုလုံး ရောဂါတွေ၊ အနာတွေ တစ်ခုပြီးတစ်ခု ပေါ်လိုက်ဖြစ်လိုက်နဲ့ အင်း ငါ (၇၅) နှစ်မှ နေရပ့ါမလား။ ဒီ (၇၅)နှစ်ထိ အသက်မသေသေးရင် အများအကျိုးရှိမဲ့ ဘယ်လို အလုပ်တွေလုပ်ရင်ကောင်းမလဲ။ ဒီကြားထဲလူမှုရေးတွေ ချည့်လုပ်နေလို့လဲ မပြီးသေးဘူး အပါယ်မကျဖို့၊ အရိယာအဆင့်ရောက်ဖို့၊ ကျင့်ကြံအားထုတ်ဖို့ကလဲ ငါ့မှာ လိုသေးတယ်၊ သီလလုံခြုံတယ်ထား၊ သမာဓိရမှ၊ သမာဓိရမှ ဉာဏ်(ပညာ) စခန်းရောက်၊ မဂ်ပေါက်ဖိုလ်ပေါက် ခရီးရောက်မှ သံသရာပြတ်မှာ အင်းဒုက္ခတွေ အတောမသတ်နိုင်တဲ့ လူ့ဘဝကြီးထဲက ထွက်ခွာပြီး မိမိမသေခင် တရားဘာဝနာရှုမှတ်ဆင်ခြင်ပြီး နေထိုင်သွားဖို့ အလွန်ကောင်းတဲ့ စစ်ကိုင်းတောင်ရိုး ကျွှာချောင်ကြီးကိုပဲ မျက်စိထဲမှာ မျက်ဝါးထင်ထင် မြင်မိလိုက်ရပါတော့တယ်။

(မွေးနေ့ရှင်ဆရာတော်အားရိုသေစွာ ဦးခိုက်လျှက်)

ဆုတောင်း -

ကျွှာ ဆရာတော်အသက်ရှည်၍ အနာကင်းပါစေရန် ရည်သန်လျှက် ဆရာတော်အတွက် "ဤဇာမဏီနှင့် ထူးမခြား" အမည်ရှိတဲ့ (၇၅) နှစ်ပြည့်မွေးနေ့ အမှတ်တရ ဤဆောင်းပါးနှင့်အတူ ဇာမဏီပုဂ္ဂိုလ်ကျော်ဆရာတော်နှင့်တကွ တောင်ရိုးရှိ ဆရာတော် သံဃာတော်များနှင့် ထက်/အောက် မြန်မာဆေးရုံအမှုဆောင်များအား ရိုသေစွာ ဦးခိုက်လျှက်။

* * *

*တက္ကသိုလ်မြတ်သူတိုး*
*(ဝါးချက်ဆေးရုံအမှုဆောင်)*



# အရဟော်စွ လူ့ဘဝမှာ

(ကဗျာချင်း)

ငွေမင်းသား [စစ်ကိုင်း]

ကံကောင်းထောက်မ လူ့ဘဝရရှိလာ
ဖြစ်လာလူ့ဘဝ အရဟော်ချိန်မှာ
ကုသိုလ်၊ ပညာ ဥစ္စာမျိုးမျိုး
တစ်နေ့ဖို့ရာ ကိုယ်တွက်တာ
သေချာရအောင် ကြိုးစားပါစို့လေး။

လူသည်သေမျိုး အစိုးမရ
ခန္ဓာရက မုချသေရမှာ
ဤလူ့ခန္ဓာ ရလာသည့်ခိုက်
လောက, သံသရာ ကောင်းကျိုးဖြာ
ခန္ဓာနိဗ္ဗူ ဆိုက်စေဖို့လေး။

ပျော်လိုက်ပါးလိုက် ဟားတိုက်ချိန်တွေကုန်
သိဉာဏ်နည်းပါး ယွင်းမှားဤလူ့ဘုံ
အိပ်စားကာမဂုဏ် ချိန်ကုန်မဲ့က
ဤလူ့ခန္ဓာ လူ့ဗလာ
များစွာ နစ်မွန်း ရသည်တည့်လေး။



ဤလူ့ဘဝ အရတော်ဆုံးခါ
ပရ, ကိုယ်ကျိုး နှစ်မျိုးရှိကြရာ
အများတွက်တာ သုံးပါးအားအင်များ
လူရော နတ်ပါ နှစ်သက်မှာ
လူ့ရွာကောင်းကျိုး ပွားမည့်တည့်လေး။

လူ့ရွာတစ်လွှား စီးပွားရှာဖွေကာ
ချမ်းသာတိုးပွား ကြီးမားစည်းစိမ်ဖြာ
အများတွက်တာ လိုရာသုံးစွဲ
ပစ္စုပ်, သံသာ ဤနှစ်ဖြာ
ဂုဏ်ဝါရောင်ရှိန်ကဲမည်တည့်လေး။

ဘုံဘဝထဲ ရှုဆပါ - ဓမ္မဖော်ဆောင်တိုးပွားရည်။

ကြုံရခဲ လူ့ဘဝမှာ အရတော်အောင် ကြိုးစားမည်။

**(ပခာနုဦးဆောင်ကျွှာ ဆရာတော်၏ ဩဝါဒတော်ကို မှီးပါသည်)**

*ရွှေမင်းသား (စစ်ကိုင်း)*



# ဖြစ်စဉ်

မိုးသက်ဆွေ



ပုပ်လုဆဲဆဲ ငါ့ရဲ့ ကိုယ်ကောင်ကြီးကို
ငါ့ရဲ့ နာမ်ရုပ်က…
မဖြစ်စလောက်အစွမ်းတွေနဲ့
အသက်ငွေ့ငွေ့ သွင်းနေတတ်လေရဲ့။

ဖြစ်နေကျ
အဆီအငေါ် မတည့်မှုတွေကြားထဲက
ပျက်နေကျ
ငါဟာ…
နိရောဓ အိပ်မက်ကို
စမ်းတဝါးဝါးမက်မိလေတယ်။

မိုးသက်ဆွေ



**မောင်မြတ်ရည်** (မန်းတက္ကသိုလ်)

# သာစုခေါ်နိုင်ပါစေသတည်း

‘သင်သေသွားသော်
သင်ဖွားသောမြေ
သင်တို့မြေသည်
အခြေတိုးမြင့်
ကျွန်ကောင်းသင့်၏...’

ကျွန်တော်သည် ကျွန်တော့်သူငယ်ချင်း တာဝန်ထမ်းဆောင်ရာ ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံသို့ ရောက်ရှိခိုက် အထက်ပါ ကဗျာ ကလေးကို သတိရလိုက်မိပါသည်။

ကဗျာဆရာကြီးဇော်ဂျီ၏ ကဗျာတစ်ပိုင်းတစ်စ ဖြစ်ပါသည်။ ဆရာကြီးက ဤကဗျာဖြင့် မိမိမွေးဖွားရာ၊ ကျင်လည်ရာ၊ မိမိရပ်ရွာ၊ မိမိနိုင်ငံအတွက် တိုးတက်ရာတိုးတက်ကြောင်း ဆောင်ရွက်ပေးနိုင်သည့် သားကောင်းတစ်ယောက်ဖြစ်စေရန် တိုက်တွန်းထားခဲ့၏။ ဤသို့သော သားကောင်းများထွက်ပေါ်ခဲ့သော် အမိမြေက ဂုဏ်ယူ ဝမ်းသာဖြစ်ရှာပေလိမ့်မည်။

လူတို့သည် အတ္တဟိတ အတွက် ဆောင်ရွက်ရန် လက်မနှေး ကြသော်လည်း ပရဟိတအတွက် ဆောင်ရွက်ရန်ကိုမူ ဝန်လေးတတ်ကြ၏။ အချို့ကမူ ပရဟိတ အတွက် အခိုက်အတန့် ဆောင်ရွက်ပေးနိုင် ကြသော်လည်း ရေရှည်ထာဝရ ဆောင်ရွက် နိုင်စွမ်း မရှိကြချေ။ အများအကျိုးအတွက် မိမိဘဝကို နှစ်မြှုပ်ကာ အားကြိုးမာန်တက် ဆောင်ရွက်နိုင်ကြသူများကား ရှိတော့ရှိပါ သည်။ သို့သော် ရှားပါးလှပါ၏။ ထိုသူ များကား လူကောင်းလူချွန် သူတော်မွန်များ သာဖြစ် ကြပါသည်။

လူတို့သည် အတ္တဟိတအတွက် ဆောင်ရွက်ရန်လက်မနှေး ကြသော်လည်း ပရဟိတအတွက်ဆောင်ရွက်ရန်ကိုမူ ဝန်လေးတတ်ကြ၏။ အချို့ကမူ ပရဟိတအတွက်အခိုက်အတန့်ဆောင်ရွက်ပေးနိုင်ကြသော်လည်း ရေရှည်ထာဝရဆောင်ရွက်နိုင်စွမ်းမရှိကြချေ။ အများအကျိုးအတွက် မိမိဘဝကို နှစ်မြှုပ်ကာ အားကြိုးမာန်တက် ဆောင်ရွက်နိုင်ကြသူများကား ရှိတော့ရှိပါသည်။ သို့သော် ရှားပါးလှပါ၏။ ထိုသူများကား လူကောင်းလူချွန်သူတော်မွန်များသာဖြစ်ကြပါသည်။



ဤဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံတည်ရှိရာ ဝန်းကျင်တစ်ဝိုက်သို့ ကျွန်တော်ငယ်စဉ်က သွားခဲ့လာခဲ့ဖူးသည်။ ဝါးချက်ကျေးရွာအနောက်ဘက် တောင်ထိပ်ပေါ်တွင် ပတ္တမြားစေတီရှိ၏။ ပတ္တမြားစေတီ ဘုရားပွဲကျင်းပချိန် (တော်သလင်းလပြည့်) တွင် လည်းကောင်း၊ ပယ်ငါးဆယ်၊ မြေတိုင်ကျေးရွာများရှိ ကျွန်တော့်သူငယ်ချင်းများရှိရာ အလည်အပတ်သွားသည့်အခါတွင် လည်းကောင်း၊ ဤနေရာကိုဖြတ်သန်းသွားရစမြဲပင်။ သို့သော် ထိုအချိန်က သွားရလာရလွယ်ကူသော နေရာမဟုတ်ပါ။ ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိသော်လည်း လမ်းကောင်းကောင်းမရှိ။ မြစ်ရေကျချိန်တွင် မြစ်ကမ်းတစ်လျှောက်မှ ခြေကျင်လျှောက်ရ၏။ ရေကြီးချိန်တွင် တစ်တောင်တက်တစ်တောင်ဆင်းဖြင့် ခရီးပြင်းနှင်ရ၏။ အမြင်နီးသော်လည်း ခရီးဝေးသကဲ့သို့ဖြစ်၏။ ပင်ပန်းကြီးစွာ သွားရပါသည်။ ယခုဆေးရုံတည်ရှိရာသည် တောင်စောင်းတောင်ကမ်းပါးယံဖြစ်၏။ သစ်ပင်ခြုံနွယ်တို့ဖြင့် ဖုံးလွှမ်းတည်ရှိခဲ့၏။

ယခုတော့ ပြောင်းလဲခဲ့ပြီ။ ယခင်က သစ်ပင်ခြုံနွယ်တို့ ဖုံးလွှမ်းရာ တောင်ကမ်းပါးယံတွင် ကြီးမားခံ့ညားသော ဆေးရုံအဆောင်ကြီးက ဝင့်ထယ်စွာတည်ရှိနေသည်။ ဧရာဝတီမြစ်ရေပြင်သည် ဆေးရုံအဆောင်ကြီးကို ဦးခိုက်ဝပ်စင်းလျက်ရှိ၏။ မြစ်ပြင်ကို ဖြတ်သန်းလာသော အေးမြလတ်ဆတ်သည့် သဘာဝလေပြည်လေညင်းတို့ကလည်း သံဃာ့ဆေးရုံ၏ ကျန်းမာရေးလိုအပ်ချက်ကို ကူညီထောက်ပံ့ပေးလျက်ရှိသည်။ ဆေးရုံရှေ့မှ ကတ္တရာလမ်းကလည်း စစ်ကိုင်းမင်းကွန်းဆက်သွယ်ရေးကို လွယ်ကူလျင်မြန်စေခဲ့ပြီ။

ယခင်က စစ်ကိုင်းတောင်ရိုးမြောက်ပိုင်း (တောင်တန်း၏ အရှေ့ခြမ်းတစ်ခွင်) မှ သူတော်စင်ရဟန်းသံဃာများ ကျန်းမာရေးအတွက် လိုအပ်လာပြီဆိုလျှင် စစ်ကိုင်းမြို့သို့ အရောက်သွားနိုင်ရန်ပင် လှည်းအတန်တန်၊ လှေအဆင့်ဆင့်ဖြင့်ခက်ခဲစွာသွားကြရ၏။ ယခုတော့မူ ထိုသို့သောဆင်းရဲအပေါင်းမှ ကင်းဝေးခဲ့ပြီ။ လွယ်ကူချမ်းသာစွာဖြင့် ဝါးချက်ဇီဝိတဒါနဆေးရုံတွင် ကုသမှုခံယူနိုင်ကြပြီဖြစ်သည်။ ဗုဒ္ဓသာသနာတော်၏အကျိုးကို စဉ်ဆက်မပြတ် ထမ်းဆောင်နေကြသော ရဟန်းသံဃာတို့ ရောဂါကင်းကွာ

သက်ရှည်စွာဖြင့် စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်စေဖို့ ကြီးစွာသော အထောက်အကူပေးရာဌာနကြီးအဖြစ် ရပ်တည်လျက်ရှိပေပြီ။

ကျွန်တော်သည် ဆေးရုံကြီးကိုကြည့်ရင်း ကြည်နူးပီတိဖြစ်ရသည်။ ဝမ်းသာမဆုံးဖြစ်ရပါသည်။ အတိတ်နှင့် ပစ္စုပ္ပန်အခြေအနေနှစ်ရပ်ကို ဆက်စပ်တွေးမိရင်း အံ့သြဝမ်းသာဖြစ်မိသည်။ ဤသို့သော ဆောင်ရွက်မှုမျိုးသည် နတ်လူသာဓုခေါ်စရာပင် မဟုတ်ပါလော။

ဤမျှကြီးမားသော ကုသိုလ်တော်အစုစုကို ကျွန်ုပ်ဆရာတော်ဦးဆောင်ကာ အောင်မြင်အောင်ဆောင်ရွက်တော်မူခဲ့၏။ ၁၉၈၀ ခုနှစ်လောက်ဆီက စတင်ခဲ့သော ဆရာတော်၏ စိတ်ကူးနှင့်စေတနာသည် ၁၉၈၄ ခုနှစ်တွင် ပီပြင်စွာ ရုပ်လုံးပေါ်ခဲ့ပြီဖြစ်သည်။ ထိုကာလများအတွင်း ဆရာတော်စိုက်ထုတ်ခဲ့သော ဝီရိယစွမ်းအားကို ခန့်မှန်းကြည့်နိုင်ပါသည်။ တောင်တက်တောင်ဆင်းများလှ၍ ကြမ်းတမ်းခက်ခဲသော ခရီးကို လွယ်ကူသော လမ်းဖြစ်အောင် ပြုပြင်၍ ကတ္တရာခင်းပေးခဲ့ပြီ။ ရဟန်းသံဃာနှင့် သူတော်စင်သီလရှင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သော ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ပေါ်ထွန်းလာခဲ့ပြီ။ ရဟန်းသံဃာများသာမက မည်သူမဆို လူမျိုးမရွေး၊ ဘာသာမရွေး လာရောက်ကုသနိုင်ကြလေပြီ။ အထူးကုဆရာဝန်ကြီးများကအလှည့်ကျလာရောက်၍ ဒါနပြုကာ ကုသပေးနေကြပါသည်။ မြန်မာတိုင်းရင်းဆေးခန်းလည်း တွဲဖက်ဖွင့်လှစ်ပေးထားသည်။ လူ့ဘဝအတွက် အကြီးမားဆုံးလိုအပ်ချက်ကို စေတနာအပြည့်ဖြင့် ဖြည့်ဆည်းပေးနေခြင်းသည် မွန်မြတ်သော အလှူဒါနပင်ဖြစ်တော့သည်။

ထိုမျှသာမက ရောဝတီမြစ်ကမ်းဘေးတောင်စွယ် တောင်ကုန်းများပေါ်တွင် တည်ရှိကြသော ဝါးချက်၊ အာလောင်၊ ပယ်ငါးဆယ်၊ ထန်းတောကျေးရွာတို့မှာ မြစ်နှင့် နီးပါလျက်ရေအခက်ကြုံကြရသည်။ မြစ်မှရေကို သယ်ယူရန် မလွယ်ကူလှပေ။ ထိုရွာများသို့ ဇီဝိတဒါနဆေးရုံမှ ရေစက်ဖြင့် မောင်းကာ ရေဖြန့်ဝေပေးလျက်ရှိပါသည်။ ရေသည်အသက်ရှင်ဖို့၊ အေးမြလန်းဆန်းစေဖို့အတွက် အလိုအပ်ဆုံးပင်ဖြစ်တော့သည်။

ဆရာတော်က အမိမြေ၏ သားထူးသားမြတ်တစ်ပါးပင်ဖြစ်၏။ ဆရာဇော်ဂျီ၏ ကဗျာထဲကလိုပင် မိမိ၏ စွမ်းဆောင်ချက်သည် အမိမြေကိုအခြေတိုးမြှင့် ကောင်းကျိုးတို့ဖြင့် တင့်တယ်စေခဲ့ပြီဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်ဆရာတော်၏ စေတနာ၊မေတ္တာ၊ဖွဲ့လုံ့လဝီရိယနှင့် တပည့်ဒကာ၊ ဒါယိကာမအပေါင်းတို့၏ ထက်သန်သော စေတနာဖြင့် စဉ်ဆက်မပြတ်ထောက်ပံ့မှုတို့ကြောင့် စစ်ကိုင်းတောင်မြောက်ပိုင်း (အရှေ့ခြမ်း) ရောဝတီမြစ်ကမ်းတွင် သမိုင်းတင်ထိုက်သည့် ဇီဝိတဒါနသံဃာဆေးရုံကြီး ပေါ်ပေါက်ရပ်တည်လျက်ရှိနေပေပြီ။

ကျွန်တော်သည် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးကို ကြည့်ရင်းဆရာတော်၏ဂုဏ်ကျေးဇူး၊ ဒကာ၊ ဒါယိကာမတို့၏ စေတနာတို့ကိုတရေးရေးမြင်ယောင်မိရာမှ ရင်းတွင်းဝယ်ခံစားလာရသော ကြည်နူးမှုပီတိလှိုင်းတို့ကြောင့် ကဗျာတစ်ပုဒ်ရေးဖွဲ့ကာ ဂုဏ်ပြုလိုက် မိပါသတည်း။

ကျွန်ုပ် ချောင်ဖွေ့ဝနာစခန်းဆီက
ဘဝ တကျော့အမောင်သွေ့ခွာဖို့မှန်းပါလို့
ကို… ခေမာနန်းလိုတဲ့ လှမ်းမှဲ့ပြင်။
အော်… ဒိပေမဲ့ သာပေ့
သဏ္ဍာဝါတွေကို ငဲ့ပါလို့
ညွှန်းဖွဲ့စရာတာအရှည်ပ
ဘယာအထွေထွေ ကွာစေဝေးတဲ့ပြင်
မာပါစေ အတာရေလို အေးစေဖို့
ဆေးရုံတော်တည်ထောင်ပြုမယ်တဲ့
မြော်မြင်ကာ သူရည်စူးရှာခဲ့
အော်… ထူးတဲ့အရှင်။

ကျွန်ုပ်ချောင်ထေရ်ဆရာမြတ်ရယ်က
အဆ ရာထောင် စေတနာခက်တွေနဲ့
မြတ်ဘုန်းတော်သမ္ဘာပြည့်ပေသဖို့
အသိသဟာဆွေ၊ တပည့်ဒကာတွေ ညီညာဝိုင်းကာပ
သမိုင်းအောင်မြေမှန်တဲ့၊ စစ်ကိုင်းတောင်ခြေကမ်းပါးယံမှာဖြင့်
မကြာအမြန် ဆေးရုံဆောက်ပြန်တော့
အော်… မှန်းသလောက်၊ စခန်းပေါက်ခဲ့ပြီဖို့
ဝမ်းမြောက်စရာပေ့ တစ်သက်တာပင်
အထက်အညာတစ်ခွင်ဤမြေရဲ့ မိတာန်ထီး။
ကိုကွယ်… မပျက်တာဝစဉ် တည်နေ့မယ် ဗိမာန်ကြီး။

ဝိတိရယ်ဖြာ…
ဇီဝိတဒါနတန်ခိုးရယ်ကြောင့်
တောင်ရိုးတစ်ခွင် ဝှပျော်ဝင်တဲ့
သူတော်စင်ထေရ် ရဟန်းတို့မှာဖြင့်
လန်းလန်းဖြာဖြာ ဝမ်းပန်းတသာနဲ့သာပ
ကျန်းကျန်းမာမာ သာသနာမှုငဲ့ပြင်
ချမ်းချမ်းသာသာ ဘဝနာရှုနိုင်သဖို့
မကြာယခု ပဋ္ဌနာပြု… ပြုပြီး
အော်… သာဓု… သာဓု ခေါ်နိုင်ပါစေသတည်း။ ။

* * *

*မောင်မြတ်ရည်(မန်းတက္ကသိုလ်)*

မင်းစော(တောင်သမန်)

# “ဒူးတုပ်လောက် ပုဂ္ဂိုလ်”



စွမ်းဆောင်ရည် အားကောင်းလေ ထူးခြားထက်မြက်မှု ကြီးမားလေပါပဲ။ ပုဂ္ဂိုလ်တစ်ယောက်က နယ်ပယ်တစ်ခုမှာ ထင်ရှားကျော်ကြားနေတယ်ဆိုရင် သူ့မှာထူးခြားထက်မြက်မှုရှိနေမယ်။ အဲဒီထက်မြက်မှုကိုရအောင် သူဘယ်လောက်စွမ်းဆောင်အားထုတ် နေပါသလဲ။ နည်းနည်းစဉ်းစားကြည့်ဖို့ ကောင်းပါတယ်။

မြတ်ဗုဒ္ဓ လက်ထက်တော်က ထူးခြားထက်မြက်သူများကို ဧတဒဂ်ဘွဲ့ထူးပေးတော်မူခဲ့တာတွေ ရှိပါတယ်။ ဧတဒဂ်ဆိုတာ 'အဲဒီ နေရာမှာတော့ သူအသာဆုံးပဲ၊ သူ့ထက်သာသူ မရှိဘူး' လို့ အဓိပ္ပာယ်ရပါတယ်။ ဧတဒဂ်ရပုဂ္ဂိုလ်များကို ကြည့်လိုက်ရင် ဒီဘွဲ့ထူးနဲ့ ထိုက်တန်အောင် စောစောပိုင်းကတည်းက ပါရမီတော်တွေ လုပ်ဆောင်ဖြည့်ဆည်းခဲ့ရတာ၊ ဆုတောင်းဆုယူ ပြုခဲ့ရတာတွေ မြင်ရမယ်။ အဲဒီ စောစောပိုင်း လုပ်ဆောင်မှုများဟာလည်း စွမ်းဆောင်ရည်တွေပါပဲ။ သတိပြုစရာကောင်းတာက သူတို့မှာ ရှေးအကြောင်းကောင်းမှု ပါရမီတွေအပြင် လောလောဆယ် မျက်မှောက်

ကာလမှာလည်း စွမ်းဆောင်ရည် အားကောင်းခဲ့ကြတယ်ဆိုတာပါ။

ဘုရားလက်ထက်တော်က ဧတဒဂ်ဘွဲ့ထူးရ ပုဂ္ဂိုလ်ကျော်များကို လေ့လာကြည့်ကြရအောင်။

အရှင်အနုရုဒ္ဓါမထေရ်ဟာ ဒိဗ္ဗစက္ခုအဘိညာဉ်အရာမှာ အသာဆုံးဆိုတဲ့ ဧတဒဂ်ဘွဲ့ထူးရတော်မူတယ်။ ဘွဲ့ထူးနဲ့ ထိုက်တန်အောင်လည်း အရှင်မြတ်ကြီးဟာ ဆွမ်းဘုဉ်းပေးချိန်ကလွဲရင် ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ သတ္တဝါတွေကို ကြည့်တော်မူနေတာပါတဲ့။

အရှင်စူဠပန်မထေရ်ကတော့ စိတ်နဲ့ဖန်ဆင်းတဲ့ နေရာမှာ ဧတဒဂ်ရတယ်။ တခြားရဟန်းတော်တွေက ဖန်ဆင်းနိုင်လှ သုံးလေးပါးပဲ။ ပြီးတော့လည်း ရုပ်ပုံတူလှုပ်ရှားမှုတူတဲ့ နိမ္မိတရုပ်တွေပဲ ဖန်ဆင်းနိုင်တာပါ။ အရှင်စူဠပန်မထေရ်ကတော့ တစ်ပါးနဲ့တစ်ပါး ရုပ်ဆင်းမတူ လှုပ်ရှားပုံမတူတဲ့ နိမ္မိတရဟန်းပေါင်းတစ်ထောင်ကို ဝီထိစိတ် တစ်ခုထဲမှာပဲ ရအောင် ဖန်ဆင်းတော်မူနိုင်တယ်။

တောကျောင်းနေပုဂ္ဂိုလ်များမှာ ဧတဒဂ်ရတာကတော့ အရှင်ခဒိရဝနိယရေဝတမထေရ်ပါ့။ တခြားပုဂ္ဂိုလ်တွေ တောကျောင်းနေတဲ့အခါ သစ်ပင်တောအုပ်၊ ရေမိုး၊ ဆွမ်းခံရွာ အဆင်ပြေတဲ့တောကို ရွေးပြီးတော့မှနေတယ်။ အရှင်မြတ်ကတော့ ဘာမှရွေးမနေဘဲ ကျတ်တီးမြေကျောက်စရစ်တော မညီမညာနဲ့ ဆူးခြုံတွေပေါများတဲ့ ရှားပင်တောမှာ သီတင်းသုံးပါတယ်။

ဝီရိယရှိတဲ့ နေရာမှာ အရှင်သောဏက ဧတဒဂ်ရတယ်။ သူများတွေက ဝီရိယလျော့နေတာကို တိုးအောင်လုပ်ကြရပေမဲ့ အရှင်မြတ်ကတော့ ဝီရိယတွေ များလွန်းလို့ လျှော့လျှော့ပေးနေရပါသတဲ့။

သဒ္ဓါတရားနဲ့ ရဟန်းပြုလာကြသူတွေထဲမှာ အရှင်ရဋ္ဌပါလက အမြတ်ဆုံးအသာဆုံး။ မိဘတွေဆီက ရဟန်းပြုခွင့်ရဖို့ရာ ထမင်း ၁၄ နပ် အငတ်ခံပြီးမှ ရခဲ့တာနော်။

နေရာထိုင်ခင်းစီစဉ်တဲ့နေရာမှာ အရှင်ဒဗ္ဗကဧတဒဂ်ရသူ။ နေရာပြင်ထားပေးပုံက ထေရ်စဉ်ဝါလိုက်လည်း ကျရမယ်။ အကျင့်တူ စိတ်တူသဘောတူရဟန်းချင်းလည်း ကပ်လျက်ဖြစ်နေရမယ်။ အဝေးကနေ အာဂန္တုရဟန်းတွေ လှမ်းမှာထားတဲ့အတိုင်းလည်း စိတ်တိုင်းကျခင်းကျင်းပေးနိုင်တယ်။ စိတ်ရင်းကောင်းသလို နေရာခင်းတဲ့နေရာမှာလည်း လိမ္မာကျွမ်းကျင်တော်မူပါတယ်။

ဘုရားမြတ်စွာကို အလုပ်အကျွေးပြုနေတဲ့ ရဟန်းတော်တွေအများကြီးရှိတဲ့အထဲက ဧတဒဂ်ရတာကတော့ ညီတော်အရှင်အာနန္ဒာပါ။ နေ့စဉ်နဲ့အမျှ ဘုရားကို ရေပူရေချမ်းဆက်ကပ်တယ်။ ဒန်ပူဆက်ကပ်တယ်။ ခြေဆုပ်လက်နယ်ပြုတယ်။ ဂန္ဓကုဋီတိုက်နဲ့ ပတ်ဝန်းကျင်ကို တံမြက်လှည်းသန့်ရှင်းတယ်။ ဘုရားနဲ့ပတ်သက်တဲ့ ဝေယျာဝစ္စအကုန်လုပ်နေတဲ့ ကြားက 'ဘာလုပ်ပေးရရင်ကောင်းမလဲ' လို့ စဉ်းစားပြီး ဘုရားရှင်ရဲ့ အနီးအပါးမှာပဲ နေတယ်။ ညရောက်ရင် ဆီမီးတိုင်လေးကိုင်ပြီး ဂန္ဓကုဋီတိုက်ကို ကိုးကြိမ်လှည့်တယ်။ အိပ်ပျော်သွားခဲ့သော် ဘုရားခေါ်တော်မူတဲ့အခါ ပြန်မထူးနိုင်မှာစိုးလို့ တစ်ညလုံး ဆီမီးတိုင်ကို မလွှတ်တမ်းကိုင်တာပါသတဲ့။

လှူပုဂ္ဂိုလ်တွေထဲက 'ဒါယကာဧတဒဂ်' ရသူကတော့ ဇေတဝန်ကျောင်းဒကာကြီး အနာထပိဏ်ပါ။ ပေးလှူတတ်တာ ဒါယကာတဲ့။ နေ့စဉ်နေ့တိုင်း စာရေးတန်ဆွမ်း၊ ပက္ခိကသတ်ဆွမ်း၊ စာရေးတန်ယာဂု၊ ပက္ခိကသတ်ယာဂု၊ ဓုရသတ်ဆွမ်း၊ အာဂန္တုကဆွမ်း၊ ဂမိကဆွမ်း၊ ဂိလာနဆွမ်း၊ ဂိလာနုပဋ္ဌာကဆွမ်းကိုးမျိုးကို တစ်မျိုးမှာ သံဃာတော် ငါးရာစီအတွက် စီစဉ်ပေးလှူပါတယ်။ အိမ်မှာ ရဟန်းတော်တွေ ထိုင်ဖို့ နေရာငါးရာလည်း အမြဲခင်းထားတယ်။ ကျောင်းတော်ကို တစ်နေ့သုံးကြိမ်ရောက်တယ်။ သွားတဲ့

**ခုဋ္ဋုတ္တရာ ကျွန်မရတဲ့ တေဒဂ်က ဗဟုသုတတေဒဂ်တဲ့။ အကြားအမြင်များတဲ့နေရာမှာ အမျိုးသမီးတွေထဲတော့ သူအသာဆုံး။ ကံအကြောင်းမလှလို့ ကျွန်မဖြစ်နေရပေမဲ့ သောတာပန် အရိယာမကြီး။ သေက္ခပဋိသမ္ဘိဒါဉာဏ်ရတယ်။ သာမာဝတီမိဖုရားနဲ့ မောင်းမငါးရာ သောတာပန် တည်ကြတာ ခုဋ္ဋုတ္တရာရဲ့ တရားကို နာရလို့ပါ။ တိပိဋကစရ ပိဋက သုံးပုံဆောင် ကုတိဝုတ်ပါဠိတော်ဆိုတာ ခုဋ္ဋုတ္တရာ ပြန်ဟောတဲ့ တရားတွေ စုစည်းထားတာပါပဲ။**

အချိန်အခါကိုလိုက်ပြီး ယာဂု၊ ဆွမ်း၊ အဖျော်၊ ပန်း၊ ဆီမီးလှူစရာ တစ်ခုခုတော့ အမြဲပါတယ်။ လက်ဗလာနဲ့ လုံးဝမလာဘူး။ ရာဇဂြိုလ်ကနေ သာဝတ္ထိ ၄၅ ယူဇနာခရီး ဘုရားကြွလာတော့ မပင်ပန်းရအောင် တစ်ယူဇနာရောက်တိုင်း တစ်သိန်းတန်ကျောင်းတော် ဆယ်ဆောင်စီ ဆောက်လှူတယ်။ ဇေတဝန်ကျောင်းတော် ဆောက်တော့ မြေဖိုးက ၁၈ ကုဋေ၊ ကျောင်းဆောက်တာ ၁၈ ကုဋေ၊ ကျောင်းရေစက်ချပွဲမှာ လှူတာက ၁၈ ကုဋေ။ ဒီလိုဒကာမျိုးဟာ 'ဒါယကာဧတဒဂ်' မရထိုက်ပေဘူးလား။ ဒီလိုလှူနေပေမဲ့ အနာထပိဏ်က ရွှေတောင်ကြီးလည်းမပေါက်၊ မိဘမျိုးရိုးလည်း ကြွယ်ဝိုးကြွယ်ဝကြီးမဟုတ်ပါဘူး။ ရောင်းဝယ်လုပ်ကိုင်စားရတဲ့ ကုန်သည်သူဌေးပါ။

မြတ်ဗုဒ္ဓ ဝေရဉ္ဇာမှာ ဝါကပ်တော်မူတော့ ဘုရားရှင်နဲ့ သံဃာ တော်တွေ မုယောဆန်ကြမ်း မဖြစ်စလောက်အာဟာရလေးနဲ့ တစ်ဝါ တွင်းလုံး ရပ်တည်တော်မူခဲ့ကြရှာပါတယ်။ ဝါကျွတ်လို့ ကပိလဝတ်နေပြည်တော် နိဂြောဓာရုံကျောင်းကို ကြွလာတဲ့အခါ မဟာနာမ်သာကီဝင်မင်းက တစ်နှစ်တိတိ အာဟာရပြည့် အရသာ

ရှိတဲ့ ဘောဇဉ်ငါးပါး၊ စတုမဓုဆေးတွေ ပြည့်ပြည့်စုံစုံဆက်ကပ်တယ်။ နောက်ထပ်လည်း ဟိုက ဒီက ကြွလာကြတဲ့ ရဟန်းသံဃာတွေကို ဘောဇဉ်ငါးပါး စတုမဓုဆေးတွေ ကပ်နေတုန်းပါပဲ။ ဒီတော့ မဟာနာမ်သာကီဝင်မင်းကြီး 'ပဏီတဒါယကာဧတဒဂ်' ရတယ်။

ဘုရားကို ပုဂ္ဂိုလ်စွဲကြည်ညိုတဲ့နေရာမှာတော့ သမားတော်ကြီး ဇီဝကကအသာဆုံး။ သူက ဘုရားနဲ့ နီးနီးနေရအောင်လို့ သူ့



သရက်တော ဥယျာဉ်ကြီးကို ကျောင်းတိုက်ကြီး ဆောက်လှူတယ်။ စက္ကာပဇ္ဇောတမင်းကြီး ဆေးကုခအဖြစ်ပူဇော်တဲ့ အတိုင်းမသိ ထိုက်တန်တဲ့ သိဝိတိုင်းဖြစ် ပုဆိုးနဲ့ အရံပုဆိုးတစ်ထောင်ကိုပါ လှူတယ်။ 'ဘုရားရှင် သုံးဆောင်တော်မူတဲ့ ပစ္စည်းတိုင်းဟာ သူ့အလှူချည်းဖြစ်စေရမယ်' လို့ ကြံရွယ်ထားပါသတဲ့။

အမျိုးသမီးတွေထဲက အလှူအရာမှာ 'ဒါယိကာဧတဒဂ်' ရတဲ့အထိ ထူးချွန်တဲ့သူကတော့ ကျောင်းအမကြီး ဝိသာခါပေါ့။ သူ့ရဲ့ မင်္ဂလာဦးဝတ်စုံလည်းဖြစ် ပွဲနေပွဲထိုင်ဝတ်နေကျလည်းဖြစ်တဲ့ မဟာလတာတန်ဆာကြီးကိုရောင်းပြီး ပုဗ္ဗာရုံကျောင်းကြီးဆောက်လှူတယ်။ သံဃာတော်တွေကို မိုးရေခံသင်္ကန်း၊ အာဂန္တုကဆွမ်း၊ ဂမိကဆွမ်း၊ ဂိလာနဆွမ်း၊ သူနာပြုဆွမ်း၊ ဆေးဝါး၊ ယာဂု၊ ဘိက္ခုနီမတွေအတွက် ရေသနုပ်သင်္ကန်းလှူဒါန်းခွင့်တွေကို ဆုရှစ်မျိုးအဖြစ် ဘုရားထံတောင်းခံခဲ့သူပါ။ အနာထပိဏ်အိမ်လိုပဲ ဝိသာခါအိမ်ကလည်း မနက်မိုးလင်းတာနဲ့ သင်္ကန်းရောင်တပြောင်ပြောင်နဲ့ သံဃာတော်တွေအတွက် အမြဲတံခါးဖွင့်ထားတဲ့အိမ်။ ဆွမ်းပွဲအရံသင့်၊ နေရာထိုင်ခင်း အဆင်သင့် ကျောင်းတော်ကို တရားနာသွားရင်လည်း ဆေးပစ္စည်း၊ အဖျော်ရှစ်မျိုးစတဲ့ လှူစရာ အမြဲပါတယ်။

သူနာပြု ဧတဒဂ်ရတဲ့ အမျိုးသမီးလည်းရှိပါတယ်။ သူက သုပ္ပိယာတဲ့။ ဂိလာနရဟန်းတစ်ပါးအတွက် လိုအပ်နေတဲ့ စွတ်ပြုတ်ရည်လုပ်ဖို့ရာ သားငါးဘယ်မှာမှ ဝယ်ခြမ်းမရတော့ မိမိပေါင်သားကို လှီးဖြတ်ပြီး စီမံပေးခဲ့တာတဲ့။

မတုန်လှုပ်တဲ့ သဒ္ဓါတရားရှိတဲ့နေရာမှာ ဧတဒဂ်ရသူကတော့ ကာတိယာနီဆိုတဲ့ အမျိုးသမီးကြီးပါ။ သူ တရားပွဲရောက်နေတုန်း အိမ်မှာ သူခိုးတွေ ဝင်ဖို့ ပြင်နေပြီလို့ လာပြောတဲ့ အိမ်ဖော်တွေကို 'ငါတရားနာတာ ပျက်အောင်မလုပ်ပါနဲ့' လို့ပဲ ပြန်ပြောလိုက်ပါတယ်။ တရားပွဲကတော့ ထမသွားခဲ့ပါဘူး။

ဧတဒဂ်ဘွဲ့ရပုဂ္ဂိုလ်စာရင်းမှာ ရဟန္တာမထေရ် (၄၁) ပါး။ ရဟန္တာထေရီမ (၁၃) ပါး၊ လူဥပါသကာ (၁၀) ယောက်ပါတယ်။ မင်း၊ သူဌေး၊ သူကြွယ်၊ ကုန်သည်အစုံပါပဲ။ ဥပါသိကာမလည်း (၁၀) ယောက်။ မိဖုရား၊ မင်းသမီး၊ သူဌေးကတော်ကနေ ခုဇ္ဇုတ္တရာလို ကျွန်မျိုးအထိအလွှာစုံပါတယ်။ ဧတဒဂ်ဘွဲ့ထူးပေးတဲ့နေရာမှာ အမျိုးအနွယ်မခွဲခြားဘဲ အရည်အချင်းကိုသာ ကြည့်တော်မူတာ ထင်ရှားပါတယ်။

ခုဇ္ဇုတ္တရာ ကျွန်မရတဲ့ ဧတဒဂ်က ဗဟုသုတဧတဒဂ်တဲ့။ အကြားအမြင်များတဲ့နေရာမှာ အမျိုးသမီးတွေထဲတော့ သူ့အသာဆုံး။ ကံအကြောင်းမလှလို့ ကျွန်မဖြစ်နေရပေမဲ့ သောတာပန် အရိယာမကြီး။ သေက္ခပဋိသမ္ဘိဒါဉာဏ်ရတယ်။ သာမာဝတီမိဖုရားနဲ့ မောင်းမငါးရာသောတာပန်တည်ကြတာ ခုဇ္ဇုတ္တရာရဲ့ တရားကို နာရလို့ပါ။ တိပိဋကရေ ပိဋက သုံးပုံဆောင် ဣတိဝုတ်ပါဠိတော်ဆိုတာ ခုဇ္ဇုတ္တရာ ပြန်ဟောတဲ့ တရားတွေ စုစည်းထားတာပါပဲ။

ဧတဒဂ်ဘွဲ့ရခြင်းအကြောင်းကို ခြုံကြည့်လိုက်ရင် ရှေးဘဝဆုတောင်းနဲ့ ကောင်းမှုပါသလို ယခုဘဝမှာလည်း ထူးထူးကဲကဲ အားထုတ်လုပ်ဆောင်မှုတွေကိုလည်းတွေ့ရပါမယ်။ ထူးချွန်ထက်မြက်ပြီးထင်ရှားကျော်ကြားတဲ့ပုဂ္ဂိုလ်ဖြစ်ချင်ရင် သူများထက်ပိုကြိုးစားရတာပဲ။

ဘုရားမြတ်စွာ ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက်ပိုင်း 'ဘုရားသာ ထင်ရှားရှိရင် သူ့ကို ဧတဒဂ်ပေးမှာပဲ' လို့ ပြောကြရတဲ့အထိ ထူးချွန်တဲ့ ပုဂ္ဂိုလ်တွေရှိခဲ့ပါတယ်။ သာကေပြရရင် ကုန်းဘောင်ခေတ်မှာ ကျော်ကြားခဲ့တဲ့ ညောင်ကန်ဆရာတော် ဦးဖုမ်ပါ။ ဆရာတော်ရဲ့ စာပေပိဋကနိုင်နင်းပုံကြောင့် 'ဖုမ်စဖုမ်လယ်ဖုမ်ဆုံး' လို့ ဆိုရိုးပြုခဲ့ကြရတယ်။ ဗုဒ္ဓမြတ်စွာဘုရား၊ အဋ္ဌကထာဆရာတော်၊ အရှင်မဟာဗုဒ္ဓဃောသ၊ ဆရာတော် ဦးဖုမ်ရယ်လို့ ဗုဒ္ဓသုံးဆူအဖြစ် တင်စားမိန့်ဆိုခဲ့ကြတယ်။ ဆရာတော်က ဋီကာ၊ နိဿယစတဲ့

ကျမ်းပေါင်းများစွာ ရေးခဲ့ပါတယ်။ ခုခေတ်မှာလည်း ဆရာတော့် စာတွေ ဩဇာညောင်းတုန်း။

မန္တလေးဘုရားကြီးတိုက်မှာ ဆရာတော်ကဗျာနန်ဆိုတဲ့ တစ်ခေတ်တစ်ခါက ကျော်ကြားခဲ့ဖူးတယ်။ ဆရာတော့ကဗျာတွေ ရပ်ာန်းသာမဏေစာသင်စာချလောကမှာ ကိုးကားရွတ်ဆိုပြောပြလေ့ ရှိကြပါတယ်။ ဆရာတော်ရဲ့တပည့် ချမ်းသာကြီးဆရာတော် အရှင်နန္ဒမဥ္ဇူက အလင်္ကာရဗ္ဗမေဒိနီကျမ်းပဏာမမှာ 'ဂုရုမူလကံ = ကျောက်ထီးတန္တြဲအလေးပြုအပ်သော ဆရာမြတ်လျှင် အကြောင်းရင်းရှိသော (ဝါ) ရွှေပြည်မန္တလာ ဒက္ခိဏာ၌ သညာမည်ဟီးဘုရားကြီးတိုက် သမိုက်နာမံ ကဗျာနန်ခေါ် ဆရာတော်၏ ပြယုဂ်ကဗျာပါရှိသော' လို့ ဖော်ပြခဲ့ပါတယ်။

ကဗျာနန်ဆရာတော်က ဆရာတော်ဦးရစ်ကို လေးချိုးကဗျာဖွဲ့ဆိုဂုဏ်ပြုလိုက်ပုံက…

*ဦးဗုဓ် ဦးဗုဓ်နှင့် ဒူးတုပ်လောက်ပုဂ္ဂိုလ်။*
*ဘဂဝါမတိ ပါဠိအဋ္ဌကထာနှင့်*
*ထိုထိုဋီကာ သူနှံ့စပ်၊ ကျမ်းထက်ရွှေကိုယ်။*
*တို့သူငါမှီခို၊ ကြည်ညိုဖို့အရှင်။*
*ဘုရားရှိလျှင်လ၊ အများတပည့်တွင် ဧတဒဂ်*
*လက်ရှိရသင့်။*

ဖြစ်ပါတယ်။ 'ဘုရားသာရှိလျှင် ဧတဒဂ်ပေးမှာပဲ' လို့ ညွှန်းဆိုနေကြတာတွေ ဒီခေတ်မှာလည်း ကြားဖူးမှာပါ။ ပရဟိတကိုပဲ သူ့အတွက်ဟိတလို့ ထင်စွဲလုပ်ဆောင်နေကြသူတွေရှိပါတယ်။ ကျန်ကောင်းကျန်ရာ သူ့ကိုယ်ပိုင်လို့ ဆိုရမည့် 'နာမည်တစ်လုံး' ဟာလည်း စံပြုစရာ အများပိုင်သာလျှင် ဖြစ်နေပါတော့တယ်။

* * *

*မင်းစော (တောင်သမန်)*



သီရိဒါန္တြာ(ဒဂုံရိပ်သာ)

# လက်ဆင့်ကမ်းဂရုဏာ

(အခန်း-၁)

၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်၊ ဧရာဝတီတိုင်းမှာ "နာဂစ်" မွေသွားသည်။ မြန်မာပြည်မှာ မကြုံစဖူး အပျက်အစီး အများဆုံး၊ လူအသေအပျောက်အများဆုံး အထိနာဆုံး နာဂစ်က ဧရာဝတီတိုင်းကို နိုင်ထက်စီးနင်း အနိုင်ကျင့်သွား၍ အားမရသေးလားမသိ။ ရန်ကုန်တိုင်း ရန်ကုန်မြို့ အပါအဝင် မြို့ရွာအတော်များများကိုပါ ဝင်မွေသွား၏။ ဧရာဝတီလောက် အခြေအနေမဆိုးသည့်တိုင် သူ့အတိုင်းအတာနှင့်သူတော့ အတော်ခံလိုက်ရသည်။ အဲသည့်မြို့တွေ ကျေးရွာထဲမှ ဒဂုံမြို့သစ် အရှေ့ပိုင်းသည်လည်း အလွှးအလဲ။

(အခန်း-၂)

ဒဂုံမြို့သစ်၊ အရှေ့ပိုင်းရှိ သီရိလက္ခဏာ ဒဂုံသာသနာ့ရိပ်သာ ၂၀၀၈ ခု၊ မေလ ၂ ရက်နေ့ ညသန်းခေါင်ကျော် အချိန် နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေချိန် ပြင်းပြင်းထန်ထန် တိုက်ခတ်လိုက်သော လေပြင်းအရှိန်ကြောင့် အခိုင်အခန့် ကျောင်းကြီးပင် သိမ့်သိမ့်တုန်သွားသည်။ ပိတ်ထားသော တံခါးများ လေအရှိန်ကြောင့် ပွင့်ထွက်သွားသည်။ လေနှင့်အတူ မိုးရေတွေကျောင်းထဲပြေးဝင်လာ၏။ သံဃာများထိတ်လန့်တကြားဖြစ်ကုန်သည်။ ကိုရင်တစ်ပါးက ပွင့်ထွက်သွားသော တံခါးကို ပြေးပိတ်၏။ ပိတ်မရ ကိုရင်ပါ လေထဲပါမသွားရအောင် ဦးဇင်းမွှေက ဆွဲထားရသည်။ ကျောင်းထဲမှာ မိုးရေတွေအပြည့်၊ လျှပ်စစ်မီးပျက်သွား၏။ မိုးရေထဲမှာ သံဃာတော်တွေက မှောင်အတိ။ "ဦးဇင်းတွေနဲ့ ကိုရင်တွေ တစ်နေရာထဲစုနေကြ" ဦးဇင်းမွှေ၏ အော်ပြောသံက မိုးသံလေသံကို ဖောက်ထွင်းပေါ်လာ၍ သံဃာအားလုံး ရေစိုထဲမှာတစ်နေရာထဲ စုဝေးနေကြ၏ အပြင်ဘက်မှာတော့ လေပြင်းကမာန်ထနေဆဲ။ ကျောင်းခေါင်မှာ တပ်ဆင်ထားသော သွပ်ပန်း၊ ပန်းဆွဲများ လေနှင့်အတူ



လွင့်ပါသွားပြီး သွပ်ပြားများလန်သွား၏ ကျောင်းအနီးရပ်ကွက်မှ အိမ်များပြိုကျသံ၊ သစ်ပင်ကြီးများလဲပြိုသံများ လေနှင့်အတူ လွင့်ပျံလာသည်။ သွပ်ပြားများ၊ ကျောင်းဆောင်တံတိုင်းနံရံ၌ ထိမိသော အသံများ ကမ္ဘာပျက်သည့်အလား ဝုန်းဒိုင်းကြဲနေ၏။ 'ရပ်ကွက်ထဲက လူတွေတော့ ဒုက္ခတွေပြီထင်ပါရဲ့' ဦးဇင်းမမွှ၏ မှောင်ထဲမှ ကရုဏာသံကို ကြားလိုက်ရသည်။ ဟုတ်၏။ အလွန်ထုထည်ကြီးမားပြီး အခိုင်အခန့်တည်ဆောက်ထားသော ကျောင်းကြီးပင် လေဒဏ်၊ မိုးဒဏ်ကို အလူးအလဲခံနေရပါလျှင် သာမာန်ပျဉ်ထောင်အိမ်များ တဲအိမ်များသည် တွေးဝံ့စရာမရှိတော့။ ရပ်ကွက်ထဲမှာကလည်း အထုအထည်တိုက်များကအရှားသား၊ ဆင်းရဲသားရပ်ကွက်ပေမို့ ပျဉ်ထောင်အိမ်နှင့် တဲအိမ်များသာ။

(အခန်း-၃)

အမှောင်ထုပျောက်၍ အလင်းရောက်ပြီ။ မိုးကတော့ သဲနေဆဲ၊ လေကတော့ အရင်ကလို ဒေါသမာန်ဟုန်မပြင်းတော့။ ဦးဇင်းမမွှသည် ကျောင်းအပြင်သို့ထွက်ကြည့်သည်။ မြေပြင်ကိုမမြင်ရ။ ရေလွှာထုက ကျောင်းပရဝဏ်ကိုလွှမ်းမိုးထား၏။ ကျောင်းအပြင်ရပ်ကွက်သို့ အကြည့်ကရောက်သွား၏ 'ဘုရား ဘုရား ဒုက္ခပါလား'

အိမ်တွေ ပြိုလဲနေ၏ သစ်ပင်ကြီးတွေက မြေမှာ ဘုန်းဘုန်းလဲလျက်။ ဓာတ်မီးတိုင်တွေက လဲတဲ့တိုင်ကလဲ၊ ယိုင်တဲ့တိုင်ကယိုင်၊ မြေပြင်မှာက ရေအဖွေးသား ဦးဇင်းမမွှသည် အနိဋ္ဌာအာရုံ မြင်ကွင်းများကို မြင်ရင်း ဂရုဏာသက်စွာနှုတ်မှ ငြီးတွားမိခြင်းဖြစ်သည်။

"အရှင်ဘုရား၊ တပည့်တော်တို့ကို ကယ်တော်မူပါဘုရား" ဦးဇင်းမမွှသည် အသံလာရာဆီသို့ ကြည့်မိသည်။ လူအုပ်ကြီး ပါလား။ တစ်ချို့ကလေးကို ရင်ခွင်ထဲတွင် ပိုက်လျက်၊ အချို့က ကလေးငယ်များ လက်ဆွဲလျက် အားလုံး မိုးရေတွေနှင့် ရွှဲဆိုနေ၏။

"တပည့်တော်တို့ အိမ်တွေပြိုကုန်လို့ အရှင်ဘုရားကျောင်းမှာ ခိုလှုံခွင့်ပြုပါဘုရား" ဦးဇင်းမမွှ၏ နှလုံးသားဝယ် ဂရုဏာ ယိုဖိတ်မှုကြောင့် မျက်ရည်များပင်ဝေ့ဝဲသွား၏။ "လာကြ လာကြ လွတ်တဲ့ နေရာမှာ သင့်သလိုနေကြပေရော့" ဦးဇင်းမမွှ၏ ခွင့်ပြုမှုကြောင့် ဒုက္ခသည်များ ကျောင်းတွင်းသို့ ရောက်လာကြ၏။ ဦးဇင်းမမွှ၏ ကျောင်းတွင်းကျယ်ဝန်းခိုင်ခန့်သော အဆောက်အဦးသုံးကျောင်းရှိ၍ ထိုသုံးကျောင်းလုံး၌ ဒုက္ခသည်များက အပြည့်နေရာယူကြ၏။ ဦးဇင်းမမွှမျက်လုံးကိုဝေ့ကြည့်ပြီး လူဦးရေကို ခန့်မှန်းကြည့်၏။ ၂၅၀ နှင့် ၃၀၀ လောက်ရှိမည်ထင်သည်။ ဦးဇင်းမမွှသည် ခိုလှုံရောက်ရှိလာသည့် ဒုက္ခသည်များကို မေတ္တာဂရုဏာ ကြီးမားစွာဖြင့် လိုက်လံအားပေးစကား ပြောကြားခဲ့သည့်အတွက် တစ်ခဏအားဖြင့်တော့ ငြိမ်းချမ်းသွားမည်မှာ မုချမလွဲနိုင်။ မော်ကွန်းမဝင် ကမ္ပည်းမတင်ပါဘဲနှင့် သီရိလက္ခဏာရာမဒဂုံသာသနာ့ရိပ်သာသည် လေဘေးဒုက္ခသည် စခန်းတစ်ခု ဖြစ်ခဲ့ပါလေသကော။

(အခန်း-၄)

မိုးကရွာလို့ကောင်းဆဲ။ မိုးသံလေသံတွေကမကောင်းဆိုးဝါးသတ္တဝါတွေရဲ့ ဝိုင်းဖွဲ့သီဆိုသည့် တေးသံလိုနားကြားပြင်းကပ်စရာဆူညံနေ၏ ဒီအသံတွေနှင့်အပြိုင်ထွက်ပေါ်လာသည့် အသံများက ကလေးငယ်များ၏ ငိုသံများ၊ ကျောင်းမှာလာရောက်ခိုလှုံနေကြရသည့် လေဘေးဒုက္ခသည်များ၏ ရင်သွေးငယ်များ၏ ငိုရှိုက်သံများဖြစ်ပါ၏။ ဦးဇင်းမမွှသည်အော်ဟစ်ငိုရှိုက်နေကြရသည့် ကလေးများဆီလျှောက်လှမ်းသွားသည်။ ငိုသံတွေ၊ ရှိုက်သံတွေနှင့်အတူ မိခင်များ၏ အငိုတိတ်ရန် နှစ်သိမ့်သည့် အသံများကို ဦးဇင်းမမွှနားလည်လိုက်သည်။ သူ့ရင်ထဲမှာလည်း ဂရုဏာစိတ်တွေ ယိုဖိတ်သွား၏။ ကြည့်စမ်း တစ်ညလုံးတစ်မနက်လုံးသူတို့တစ်တွေ ဘာမှ မစားရရှာကြသေးပါလား။

'ဦးဇင်းတွေ ကိုရင်တွေ ကျောင်းသားတွေ လာကြစမ်းဟေ့' ဦးဇင်းမမွှ၏ ခေါ်သံကြောင့် အားလုံးစုရုံးရောက်ရှိလာကြသည်။ ဘာများပြောမလဲဟု အားလုံးကနားစွင့်နေကြ၏။

'ကိုဥက္ကာ မင်းတို့ ထမင်းချက်လို့ဖြစ်မလား' သည်လောက်လေတွေက တိုက်ခတ်နေတာ။ နေရာအနှံ့မိုးရေတွေက မင်းမူထား၍ စိုရွှဲနေတာ ထမင်းကိုဘယ်လိုပုံစံနဲ့ချက်လို့ရမှာလဲ။ ပြီးတော့ ချက်စရာထင်းချောင်းတွေက ရေတွေစိုရွှဲနစ်လို့ သာလို့တောင်ခက်သေး။ ဦးဇင်းမမွှသည် တုန့်ပြန်ပြောဆိုမည့်အပြောကို နားစွင့်မိ၏။ သူဖြစ်စေချင်သည့် ဆန္ဒတွေကြောင့် သူ့မျက်လုံးအစုံတောက်ပဝင်းလက်နေရှာ၏။ ဒါကို သူ့တပည့်ကိုဥက္ကာသိသည်။ သူ့ဆရာဦးဇင်းမမွှ၏ ဆန္ဒကိုလည်း မဖြစ်မနေဖြည့်ဆည်းပေးရမည်။ ခက်နေတာ မိုးထဲရေထဲလေတိုက်ဆဲမှာ ထမင်းအိုးတည်ဖို့ မဆိုထားနှင့် ဖယောင်းတိုင်ကလေးတစ်တိုင် မီးစွဲရန်ပင်အလွန်ခက်ခဲသည့် မုန်တိုင်းကာလ။

"တပည့်တော်တို့ဖြစ်အောင် ဆောင်ရွက်ပါ့မယ်" အဖြေစကားက ဦးမမွှ ရင်ထဲမှ မီးတောက်ကိုငြိမ်းအေးသွားစေသည်။ သည်လောက်များပြားသည့် လူများအတွက် အနည်းဆုံးဆန်နှစ်အိတ်တင်းရေအားဖြင့် ၃၂ ပြည်ခန့်။ ဘယ်လိုနည်းဘယ်လိုပုံစံဖြင့် သည်ဆန်တွေကို ထမင်းဖြစ်အောင်လုပ်ရပ့ါ။ ကိုဥက္ကာနှင့် သူ့အပေါင်းအသင်းများ တိုင်ပင်ရသည်။ ဘယ်လောက်ပဲခက်ခဲပါစေ။ သည်ဒုက္ခသည်တွေရဲ့ ဆာလောင်မွတ်သိပ်နေတာကို သူတို့ဖြေသိမ့်နိုင်ကြမည်မှာ မလွဲ။

"ထမင်းရရင်တောင် ဟင်းကလိုသေးတယ်"

ဦးဇင်းမမွှကကျောင်းရှိ ရဟန်းငယ်များကို ဟင်းချက်စရာကျောင်းမှာ ဘာများရှိသေးဟု စုံစမ်း၏ ကျောင်းမှာက ဆန်ဆီ၊ ဆားမှလွဲ၍ဘာမှမရှိ။ "ဦးဇင်းတွေငါနဲ့လိုက်ခဲ့ ဦးမြဝင်းဆိုင်မှာ စားစရာရှိတာ သွားယူကြရအောင်" ဦးဇင်းမမွှ၏ စကားကြောင့် အားလုံးအံ့အားသင့်သွား၏ သည်မိုးသည်လေသည်ရေတွေနဲ့ ဘယ်လိုလုပ်ပြီး အပြင်ထွက်လို့ရမှာလဲ။

"လာကြဟေ့ မြန်မြန်သွားကြမယ်"

မိုးကရွာလို့ကောင်းဆဲ ကျောင်းထဲမှာနေတုန်းက လေပြင်းမုန်တိုင်းအားလျော့သွားပြီဟု ထင်ခဲ့သည်။ အပြင်ဘက်ရောက်တော့မှ လေကကြမ်းဆဲ။ ဦးဇင်းမမွှသည် ဦးဇင်း ၂ ပါးကျောင်းသား ၂ ယောက်နှင့်အတူ မိုးရေထဲထွက်ခဲ့၏။ ထီးမပါ၊ ဖိနပ်ဗလာနှင့် ရေတွေက ဒူးဆစ်ခန့်မြုပ်နေ၏။ လေပြင်းက တချက်မွှေ့လိုက်လျှင်

လှုပါလှုပ်ပါသွားမတတ် ပြင်းထန်၍ ဦးဇင်းမွှေကို သူတပည့်တွေက တွဲထားကြ၏။ ရပ်ကွက်ထဲမှာက ထင်ထားတာထက် အခြေအနေ ဆိုး၏ သစ်ပင်ကြီးတွေက လဲပြိုကျပြီးလမ်းပေါ်မှာ တုံးလုံး ပက်လက်။ ကားလမ်းဘေးက ရေမကုက္ကိုလ်ပင်ကြီး ခမြာလဲ အမြစ်ကလှန်ပြီး မြေမှာလဲလျောင်းနေသည်ကို အံ့သြစွာမြင်ရပါ၏။ လမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်အိမ်များသည်လည်း ပြိုသည့် အိမ်ကပြို အမိုးအကဲတွေ လွင့်ပျောက်နေသည့် အိမ်တွေကလည်း မြင်မကောင်း ရှုမကောင်း။ ဖိနပ်မပါသည့် ခြေထောက်များ ရေထဲမှာ ငုတ်လျှိုးနေသည့်အိမ်မိုးသွပ်ပြားကို သတိထားလျှောက်နေရ သည်လည်း တစ်ဒုက္ခ။

"တံခါးဖွင့်ပေးပါဦးဗျို့ ဒီမှာဦးဇင်းကိုယ်တိုင်ကြွလာလို့ပါ" ဟု ကျောင်းသားတွေရဲ့အသံကတော်တော် ကျယ်ပါ၏ သို့သော် မိုးသံလေသံနှင့်မို့ တော်တော်နှင့် မကြား ဆိုင်ရှင်ဦးမြဝင်းက တံခါးဖွင့်ပေးမှ ဆိုင်ထဲရောက်ကြ၏ ဦးဇင်းမွှေတို့ အုပ်စုကား ရေတွေ စိုရွှဲခိုက်ခိုက်တုန်လျက် ဦးမြဝင်းနှင့် ဦးဇင်းမွှေတို့က ဆရာရင်း ဒကာရင်း သူကြည်ညိုသည့် ဦးဇင်းကိုသည်ပုံစံမြင်ရတော့ ဦးမြဝင်း က စိတ်မကောင်း၊ ဦးဇင်းမွှေကတော့တည်ငြိမ်လွန်းသည်။ ခိုက် ခိုက်တုန်ချမ်းနေသည်မှန်သော်လည်း အိန္ဒြေမပျက်ဦးမြဝင်းဆိုင်မှာ စားစရာငါးသေတ္တာဘူးများ၊ ငါးခြောက်၊ အာလူးစားရတာ မှန်သမျှ ယူခဲ့၏။ ဒုက္ခသည်တွေ၏ ဆာလောင်မွတ်သိပ်မှုကို ဖြေဖျောက် နိုင်သည် ဖြစ်မည်မို့ ဦးဇင်းမွှေရင်သည် ပီတိဖြင့် အေးမြနေပါ၏။



(အခန်း-၅)

ကိုဥက္ကာတို့ ကောင်းမှုဖြင့် ထမင်းတွေလဲကျက်ပြီး ကျောင်းမှာ စိုက်ထားသည့် လေဒဏ်ကြောင့် မြေခနေသည့် ဘူးစင်မှ ဘူးသီးများက ငါးသေတ္တာထဲမှာ ငါးများနှင့်ဖူးစာဖက်၍ ဒုက္ခသည် များအတွက် ဟင်းတစ်ခွက်အဖြစ် တင့်တယ်စွာနေရာရလိုက်သည်။ စေတနာသဒ္ဓါတရားက ချက်ချင်းအကျိုးပေးသည်ထင့် ပဲပြုတ်သည် တစ်ဦးက သူမနက်ရောင်းရန်ပဲပြုတ်ထားသည့် ပဲပြုတ်တစ်တောင်း ကိုလာလှူ၏။ ဟင်းရံ အင်အားတိုးသွားတာပေါ့။ ဦးဇင်းမွှေနှင့် သူ့တပည့်ကျော်များ၏ စီမံချက်ပြုတ်ထားသော ထမင်းနှင့်ဟင်းသည် ဘာမှဖွယ်ဖွယ်ရာရာမရှိ။ သို့သော် ထိုထမင်းနှင့်ဟင်းတွင် ဦးဇင်းမွှေ နှင့် သူ့တပည့်များ၏ မေတ္တာဂရုဏာတရားတွေပါ ပေါင်းစပ်၍လား မသိ စားသုံးသူဒုက္ခသည်တွေ မြိန်ရှက်စွာစားနေကြသည့် မြင်ကွင်း ကို ကြည့်ရင်း ဦးဇင်းမွှေ၏ ရင်၌ ပီတိလှိုင်းတွေကြောင့် မျက်ရည် များ သူ့မျက်လုံး၌ တွဲခိုနေသည်ကို သတိပြုမိ၏။ ဘာပဲဖြစ်ဖြစ်ပေါ့။ တစ်မနက်စာ အာဟာရဒါနတော့ အောင်မြင်ခဲ့ပြီးမဟုတ်ပါလား။

ဝမ်းလည်းသာမိ၏။ အံ့လဲသြရသည်။ ဘယ်သူတွေက သတင်းကြား၍လားမသိ နေ့ခင်းဖက်တွင် လေဘေးဒုက္ခသည်များ စားသုံးရန် ဟင်းသီးဟင်းရွက်များ ပဲ၊ ငါးခြောက်နှင့်အာလူး၊ ငါး သေတ္တာဘူးနှင့် ခေါက်ဆွဲထုတ်များ လာရောက်လှူဒါန်းကြ၏။ သည်တော့လဲ ဦးဇင်းမွှေတို့အဖို့ လေဘေးဒုက္ခသည်များအတွက် ညနေစာ အတွက်ရော နောက်တစ်နေ့အတွက်ပါ ဖူလုံပြည့်စုံသွား၏။



(အခန်း-၆)

နာဂစ်အမည်တွင်လေသော မုန်တိုင်းသည် လူသားများကို ညှင်းဆဲ ဖျက်ဆီး၍ အားရသွားသည်မို့ တစ်လောကလုံးငြိမ်သက်သွား၏။ လဲပြိုနေသော သစ်ပင်ကြီးများက လမ်းမအပေါ် အတုံးအရုန်း။ ရန်ကုန်တစ်မြို့လုံးနီးပါး ကားများအသွားအလာ လုံးဝမရှိ။ တယ်လီဖုန်းလဲဆက်မရ။

နာဂစ်အလွန်နှစ်ရက်မြောက်နေ့ယာယီဒုက္ခသည်စခန်း ဒဂုံရိပ်သာမှာ ခိုလှုံနေကြသော မိသားစုများ အိမ်ပြန်ကြပြီ။ လာရောက်ခိုလှုံကြသော ဒုက္ခသည်အများစုမှာ ဆင်းရဲသားမိသားစုများသာ ဖြစ်ကြ၏။ အိမ်ပြန်ရသည့်တိုင် စားစရာနတ္ထိ။ ချက်စရာဆန်မရှိ၊ ပိုဆိုးတာက အိုးခွက်၊ ပုဂံတွေက မုန်တိုင်းရဲ့ ဖျက်ဆီးခြင်းကိုခံလိုက်ရခြင်းပင်။

သည်မိသားစုများအတွက် ဦးဇင်းမွေ့စိတ်မကောင်း။ သူတို့၏ စားသောက်ရေးအဆင်ပြေစေရန်အတွက်နည်းလမ်းရှာ၏။ အမျိုးမျိုးကြံစည်၏။ ကျောင်းမှာကလည်း စုဆောင်းထားခဲ့သည့် ဆန်အိတ်တွေကလည်း အိတ်ခွံများအဖြစ် ပြောင်းလဲသွားပြီ။ ဦးနောက်ခြောက်ပါဘိ။

"ဦးဇင်းဘုရား ဧည့်သည်ရောက်နေပါတယ် ဘုရား" ကိုရင်လေးတစ်ပါးက လာလျှောက်၍ ဖတ်လက်စ စာအုပ်ကို စာအုပ်စင်ပေါ်တင်ပြီး ဧည့်ခန်းကိုလာခဲ့၏။

"How are you U-Zin"

"နေကောင်းရဲ့လားဦးဇင်း"

ရောက်ရှိလာသည့် ဧည့်သည်များက နိုင်ငံခြားသူ တိတိကျကျပြောရရင် "အိုင်ယာလန်" နိုင်ငံသူ။ ဦးဇင်းမွေ့၏ ယောဂီများပြီးတော့ ဦးဇင်းမွေ့၏ ပညာသင်တပည့်၊ သူတို့နှစ်ဦးသည် မြန်မာစကားကို အလွန်တတ်ချင်ကြသည်။ သို့ဖြစ်၍ အင်္ဂလိပ်စကားပြောကျွမ်းကျင်သော ဦးဇင်းမွေ့ထံမြန်မာစကားကိုသင်ယူကြ၏ ယခုအခါ သူတို့သည် မြန်မာစကားကို ကျွမ်းကျင်စွာမတတ်သေးသည့်တိုင် လူတစ်ဖတ်သားနားလည်အောင်တော့ ပြောဆိုင်နိုင်သည့်အဆင့်သို့ တတ်ကျွမ်းနားလည်နေပြီဖြစ်၏။ တစ်ယောက်က "မာဂရက်" နောက်တစ်ယောက်က "ကတ်သရင်း" သူတို့ နှစ်ဦးလုံး မြန်မာကို ချစ်ကြ၏။ မြန်မာလေ့ကို မြတ်နိုး၏။ ထို့ကြောင့်လည်း ဦးဇင်းမွေ့က မာဂရတ်ကို "မနှင်းဆီ" ကတ်သရင်းကို "မစံပယ်" ဟု မြန်မာအမည်လှလှပေးထား၏။ ထိုနာမည်များကို သူတို့လွန်စွာနှစ်သက်ကြ၍ သူတို့၏ မူလအမည်များကိုပင် ခေါ်ဝေါ်သည်ကို မကြိုက်ကြတော့။

"နာဂစ်မုန်တိုင်းတိုက်တုန်းက ဦးဇင်းကို စိတ်ပူတယ် ခုလိုဘာမှမဖြစ်တာတွေ့တော့ ဝမ်းသာတယ်"

"ကျေးဇူးတင်ပါတယ် မနှင်းဆီနဲ့မစံပယ်" သူတို့၏ စိုးရိမ်မှုကို ဖော်ပြ၍ ဦးဇင်းမွေ့ကကျေးဇူးစကားဖြေကြားပြီး ဦးဇင်းမွေ့က ဆက်လက်၍ မိမိတို့အားလုံးဘေးကင်းကြောင်း။ သို့သော် မိမိရပ်ကွက်မှာ မုန်တိုင်းဒဏ်ခံရ၍ လူတွေဒုက္ခရောက်နေကြောင်း စားစရာမရှိ နေစရာမရှိ၍ မိမိတို့ကပင် စောင့်ရှောက်ထားရ ကြောင်းကို မြန်မာလိုတစ်မျိုး အင်္ဂလိပ်လိုတစ်ဖုံ ရှင်းပြရာ နှစ်ဦးလုံး စုတ်တသသဖြင့် ဝမ်းနည်းနေကြ၏။ သူတို့ကဆက်ပြီး မိမိတို့သည် ခရစ်ယာန် ဘာသာဝင်များဖြစ်သော်လည်း ဦးဇင်းတို့၏ လူမှုရေးကူညီမှုအတွက် ဝမ်းမြောက်ကြောင်း လှူလှူချင်စာနာစိတ်ဖြစ်၍ ဒုက္ခသည်များ၏ စားသောက်ရေးအတွက် ငွေသားလှူဒါန်း လိုကြောင်း ဦးဇင်းကပင် ဆောင်ရွက်ပေးစေလိုကြောင်း ပြောပြီး ဦးဇင်းမွေ့အား ငွေငါးသိန်းပေးလှူသွား၏။

(အခန်း-၇)

ရပ်ကွက်ထဲမှ လူမှုဝန်ထမ်းစိတ်ဓာတ်အပြည့်ရှိသော ပုဂ္ဂိုလ်များ လူငယ်မောင်မယ်တို့ကို ခေါ်ယူပြီး ရပ်ကွက်ထဲမှ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများနှင့် မိသားစုစာရင်းများ ကောက်ခံစေပြီး ထိုအိမ်ထောင်စု လူဦးရေအလိုက် ထမင်းထုတ်များပေးဝေလှူဒါန်းစေ၏။ နံနက်တစ်ကြိမ် ညနေတစ်ကြိမ် တစ်နေ့ နှစ်ကြိမ် လုပ်အားပေးချက်ပြုတ်ကြသူများက တက်ကြွစွာ ပျော်ရွှင်နေကြသလို ထမင်းထုတ်များပေးဝေနေသူများက ပီတိအဟုန်ဖြင့် ရွှင်လန်းတက်ကြွနေ၏။ ထမင်းထုတ် လက်ခံရရှိကြမည့်လူများကလည်း စနစ်တကျတန်းစီလျက် အလှူရှင်မနှင်းဆီ၊ မစံပယ်နှင့်သူတို့၏ဆရာ ဦးဇင်းမွေ့တို့၏ နှလုံးသားများ ဂရုဏာစိတ်ယိုဖိတ်ကာ မျက်ရည်ပင် ကျမိတော့၏။

ဤသို့ စနစ်ကျခြင်း၊ စည်းကမ်းရှိခြင်း အထူးသဖြင့် လုပ်ဆောင်ချက်တိုင်း စေတနာသဒ္ဓါတရားထားရှိခြင်းတို့ကြောင့်ပင် အလှူရှင်မနှင်းဆီနှင့် မစံပယ်က ခရစ်ယာန်လူမှုအသင်းဖြင့် ဆက်သွယ်ကာ အပတ်စဉ်ဆန်ဝေရန် ငွေဆယ်သိန်းလက်ခံရရှိခဲ့ပါ၏။ ဒါတွင်မက ရပ်ကွက်ထဲတွင် လျှပ်စစ်မီးပြတ်တောက်ခဲ့သဖြင့် သောက်ရေ သုံးရေများအခက်အခဲတွေ့ပြန်၏။ ဒါကိုလည်း ကျောင်းမှ




ရေစက်မောင်းပြီး ရေပေးဝေခဲ့သည်။ ဦးဇင်းမွှေတို့ ကျောင်းကြီးကား သောက်သုံးရေခပ်ကြသူများ ထမင်းထုတ်လာရောက် ထုတ်ယူသူများနှင့် စည်ကားနေ၏။ ဤသို့ တစ်ပတ်လျှင် ၁၀ သိန်း ဆန်အိတ် ၅၀ မှ ၆၀ အတွင်း လှူဦးရေ ၈၀၀ ကို ၇ ကြိမ်တိုင်ဝေငှ ပေးနိုင်ခဲ့၏။

ကျောင်းများစတင်ဖွင့်လှစ်သည့် ဇွန်လအတွင်း လေဘေးဒဏ်ခံကျောင်းတစ်ကျောင်းဖြစ်သော ဒဂုံအရှေ့ရှိ အ.လ.က (၃) သို့လည်း ဗလာစာအုပ်ဒါဇင် ၁၀၀ ကိုလည်း ဦးဇင်းမွှေတို့ ဦးစီး၍ လှူဒါန်းခဲ့ရာ ကျောင်းဆရာ၊ ဆရာမများ ကျောင်းသူ၊ ကျောင်းသားများ ကျေးဇူးတင်ဝမ်းမြောက်နေကြသည်ကိုလည်း ဦးဇင်းမွှေက ပီတိဖြစ်ရသည်။

(အခန်း-၈)

ပြန်တွေးကြည့်မိတော့လည်း မိမိတို့ ဦးစီးဆောင်ရွက်ပြုလုပ်ခဲ့သော လူမှုရေး ကူညီမှုကား ကြီးကျယ်မြင့်မြတ်ကြောင်း ဦးဇင်းမွှေ ယုံကြည်သည်။ ကြည့်လေ တကယ်ဆင်းရဲပြီး ကွန်းခိုရာမဲ့ လူအပေါင်းကို အစာလဲကျွေးခဲ့၏။ နေစရာလဲပေးခဲ့၏။ သူတို့ ရင်ထဲကသောကတွေကိုလည်း ဖြေဖျောက်ပေးနိုင်ခဲ့၏ အလှူရှင်များ လှူဒါန်းသည့် ငွေကြေးကား ကျပ်သိန်း ၁၀၀ ခန့် စင်စစ်တော့ သည်လို အလှူမျိုးကို လှူဖြစ်နိုင်ရန် အခြေတည် အစပျိုးလိုက်သည်က ငွေကြေးရုပ်ဝတ္ထုပစ္စည်းများမဟုတ် ရင်ထဲက လှိုက်လှိုက်လှဲလှဲ ဖြစ်ပေါ်ခဲ့သော စေတနာမေတ္တာနှင့် ဂရုဏာတရားသည်ပင် ဦးဇင်းမွှေထံ ကိန်းအောင်းပြည့်ဝနေစေရန် ပြုစုပျိုးထောင်ပေးသူက သူ၏ မြတ်ဆရာမဟာထေရ် သူ့ဆရာသည်အားလုံးသော သူအပေါင်းတို့၏ ကောင်းကျိုးချမ်းသာရေးကိုသာ ရှေးရှု၏။ သူ၏ စေတနာ မေတ္တာ ဂရုဏာတော်ဖြင့် လူအပေါင်း၏ သောကပရိဒေဝမီးများကို ငြိမ်းစေ၏။ ဆရာ၏အရိပ် ဆရာ၏ မေတ္တာ ဂရုဏာ စေတနာ တရားတို့သည် ဦးဇင်းမွှေထံသို့ လက်ဆင့်ကမ်းခဲ့၏ ဆရာမထေရ်၏ ဩဝါဒများထဲမှ ဦးဇင်းမွှေ၏ ရင်ထဲနှလုံးသားတွင်းသို့ သန္ဓေတည်ခဲ့သော ဩဝါဒကို ဦးဇင်းမွှေ၏ နှုတ်ဖျားမှ အသံထွက်ရွက်ဆိုကာ ဆရာမထေရ်အား အနူးအညွတ် ဦးခိုက်ရှိခိုးလိုက်ပါ၏။

'ဗြဟ္မစိုရ်တရား ၄ ပါးဆိုတာ မေတ္တာ၊ ဂရုဏာ၊ မုဒိတာ၊ ဥပေက္ခာသည် တရားကို ကျင့်သုံးတဲ့သူဟာ မြင့်မြတ်သူပဲ။ သည် ၄ ပါးထဲမှ ဂရုဏာဆိုတဲ့ တရားကိုကျင့်သုံးပြီဆိုရင် လောကကို အကျည်းတန် အရုပ်ဆိုးစေတဲ့တရားကို ကွေ့ကွင်းပျောက်သွားမှာ အမှန်ပဲ။ ဂရုဏာဆိုတဲ့ တရားကိုယ်ကိုက ကိုယ်ဆင်းရဲ စိတ်ဆင်းရဲပြီး အားငယ်တဲ့သူတွေ ဆင်းရဲနွမ်းပါးတဲ့သူတွေ ခိုကိုးရာမဲ့သူတွေ သူတို့တတွေခံစားနေရတဲ့ ဒုက္ခအပေါင်းကို သူတို့နှင့်ထပ်တူခံစားနိုင်ရမယ်။ အဲသည်လို မျှဝေခံစားပြီး ရင်ထဲကသည်ဒုက္ခဆင်းရဲ အပေါင်းမှ လွတ်မြောက်ရာကိုလဲ နည်းလမ်းရှာကြံနေရမယ်။ နောက်ဆုံး လွတ်မြောက်ရန်ကိုယ့်ကိုတိုင် ကာယကံမြောက် ပါဝင်ဆောင်ရွက်ရမယ်။ သည်အချက်တွေနှင့် ပြည့်စုံနေပြီဆိုရင် ကိုယ်လဲ ငြိမ်းချမ်းမယ်။ တစ်ဖက်သားလဲ အေးချမ်းမယ်။ လူတိုင်းသာ ဂရုဏာတရားတွေနဲ့ ပြည့်နေပြီဆိုရင် လောကကြီးဟာ သိပ်သာယာသွားမယ်။ သိပ်လှသွားမယ်။ သိပ်ချစ်စရာကောင်းသွားမယ်။ ထို့ကြောင့် လူတိုင်းလူတိုင်း ဂရုဏာ တရားကို ထားနိုင်ကြပါစေ'

* * *

မဟာထေရ်ကျူးစွာဆရာတော်၏ 'စိန်ရတု' မွေးနေ့အား ဝုဏ်ပြုပူဇော်ပါသည်။

*သီရိကျူမြ(ဒဂုံရိပ်သာ)*



၉-၈-၁၉၉၄
VTSH အတွင်းလူနာဆောင်အတွင်းသို့ ၁၃၅၆ ဝါခေါင်လတွင်
သာသနာပိုင် ရွှေဟသ်ာဆရာတော်ကြီး လှည့်လည်ကြည့်ရှုစဉ်
ကျစ္စာဆရာတော်နှင့် ဆေးရုံအုပ် ဒေါက်တာ ဦးလင်းမောင်တို့က
လှည့်လည်ပြသစဉ်



# သံဃာတော်များနှင့်အတူ



၉-၈-၁၉၉၄
ရွှေဟသ်ာဆရာတော်ကြီး ဝါးချက်ဗီဝိတဒါနသံဃာ့ဆေးရုံအတွင်းသို့
လှည့်လည်ကြည့်ရှုစဉ်



မလေးရှားနိုင်ငံ ပီနံမြို့ MBMC ကမ္မဋ္ဌာန်းဌာန၌ နံနက်တိုင်း
၅ နာရီမှ ၆ နာရီထိ ရဟန်းတော်များအား
ဝိနည်းစည်းကမ်းများပို့ချဟောကြားနေစဉ်
၁၉၈၄



# နိုင်ငံရပ်ခြားခရီးသွားစဉ်


အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီ၌
ဝစ်သမိုင်းပြတိုက်ရှိ ဥယျာဉ်တစ်ခု၌
ဆရာတော်ကြွရောက်လေ့လာစဉ်
(၁၉၉၈ ခုနှစ်)


MERCED လေဆိပ်၌





LA လေဆိပ်မှ MERCED သို့ အသွား


ထိုင်းနိုင်ငံ အယုဒ္ဓယမြို့ရှိ
ဝပ်အင်းရေကန်ကြီးအနီး ဆရာတော်အမှတ်တရ


မလေးရှားနိုင်ငံ၊ ပီနံမြို့ (M.B.M.C) ကမ္မဋ္ဌာန်းဌာန
ကမ္မဋ္ဌာနာစာရိယ ကျစ္စာဆရာတော်နှင့် တရားအားထုတ်ကြသော
ယောဂီများ ဓမ္မာရုံကြီးရှေ့၌ အမှတ်တရ (၁၉၈၄ ခုနှစ်)


U.S.A, MERCED (CA) မြို့
YOSEMITY တောင်ကြားဒေသ (၁၂-၅-၂၀၀၇)




# ပါရဂူ

## ဖိစီးမှုနှင့်ဝိပဿနာ

လူပေါင်းများစွာတို့ကို ဒုက္ခပေးသော စိတ်ပိုင်းဆိုင်ရာ ခံစားမှုတစ်ခုရှိသည်။ ယင်းခံစားမှုကို ဖိစီးမှု (stress) ဟုခေါ်သည်။

ဖိစီးမှုကို လျှော့ချရန်အတွက် ခြေလှမ်းမှာ ဘာဝနာ တရားဖြင့် စိတ်ပိုင်းဆိုင်ရာ အလေ့အကျင့်ကောင်းကို ကျင့်ကြံ ပွားများ အားထုတ်ခြင်း ဖြစ်သည်။ သင့်တင့် လျှောက်ပတ်သော အစာကို စားခြင်းအားဖြင့်လည်းကောင်း၊ သန့်ရှင်းစင်ကြယ်စွာ ထားခြင်းအားဖြင့်လည်းကောင်း၊ မိမိတို့၏ ကိုယ်ခန္ဓာကို ဂရုပြု သကဲ့သို့ ဖိစီးမှုကိုလျှော့ချရန်အတွက် ခြေလှမ်းကိုလှမ်းရခြင်း ဖြစ်သည်။ စိတ်အတွက်လည်း သင့်တင့်လျှောက်ပတ်သောစိတ် အစာကျွေးခြင်းနှင့် သန့်ရှင်းစင်ကြယ်စွာထားခြင်း လိုအပ်သည်။ စိတ်သည် ထိန်းချုပ်ကွပ်ကဲမှုမရှိသည့် အခြေအနေ၌ အဟိတ်သာ တရား (သို့မဟုတ်) အကြမ်းဖက်မှုကို အကြီးအကျယ် ပြုလုပ် တတ်သည်။ သို့သော်လည်း ထိန်းချုပ်ကွပ်ကဲပြီး တည်ငြိမ်မှု ရအောင်လုပ်သည့်အခါ ကြီးမားသော နှစ်သက်ရွှင်လန်းခြင်းကို ဆောင်ကြဉ်း လာလိမ့်မည်။



**ချေးငှားထားသောငွေဖြင့် ကူးသန်းရောင်းဝယ်ရေးလုပ်သူသည် ကုန်ကူးသန်းရောင်းဝယ်မှု အောင်မြင်လာသောအခါ အကြွေးကိုလည်း ပြန်ဆပ်နိုင်သည်။ မိမိနေ့စဉ်သုံးကိစ္စများအတွက်လည်း ငွေကို ဖောဖောသီသီ သုံးစွဲနိုင်သည်။ ယင်းကဲ့သို့သော လူသည် နောက်ပိုင်း၌ စိတ်ချမ်းသာမှု အကြီးအကျယ် ရရှိသည်။**

ဗုဒ္ဓမြွှန်း၌ စိတ်တည်ငြိမ်မှု သမထနှင့် တရားအမြင်ပေါက်မြောက်မှု ဝိပဿနာနည်းလမ်းနှစ်မျိုးကို ညွှန်ကြားပြောပြထားသည်။ ပထမနည်းလမ်းသည် ကျိုးကန်းတောင်မှောက်ကမောက်ကမဖြစ်နေသောစိတ်ကို တည်ငြိမ်အေးချမ်းမှု ရရှိသွားအောင်လုပ်ခြင်း ဖြစ်ပြီး ဒုတိယနည်းလမ်းမှာ ကိုယ်ကာယနှင့် စိတ်နှလုံး၏ သဘာဝအမှန်ကို သိရှိနားလည်ခြင်း ဖြစ်သည်။ နည်းလမ်း နှစ်မျိုးလုံးပင် ဖိစီးမှု ပျောက်ကွယ်သွားရန်အတွက် ထူးထူးခြားခြား အကူအညီပေးသည်။ အနှောက်အယှက် အဟန့်အတား ၅ မျိုးကြောင့် ဖြစ်ပေါ်လာသော စိတ်အခြေအနေကို လျော့ပါးသွားရန်အတွက် ဗုဒ္ဓက ဥပမာ ၅ မျိုး၏ အကူအညီဖြင့် ညွှန်ကြားဟောပြထားသည်။ ဝိပဿနာ ဘာဝနာပွားများသော ပုဂ္ဂိုလ်သည် စိတ်ပေါ့ပါး သွက်လက်မှု အကြီးအကျယ်ရရှိပြီး မိမိ ရွက်ထားရသော ဝန်ထုပ်ဝန်ပိုးကြီး ပြုတ်ကျသွားသလို ဖြစ်သည်။

ယင်းအခြေအနေကို ဥပမာ ၅ မျိုးဖြင့်ဖော်ပြထားသည်။ ပထမဥပမာမှာ ဤသို့ဖြစ်သည် ချေးငှားထားသောငွေဖြင့် ကူးသန်းရောင်းဝယ်ရေးလုပ်သူသည် ကုန်ကူးသန်းရောင်းဝယ်မှု အောင်မြင်လာသောအခါ အကြွေးကိုလည်း ပြန်ဆပ်နိုင်သည်။ မိမိနေ့စဉ်သုံးကိစ္စများအတွက်လည်း ငွေကိုဖောဖောသီသီ သုံးစွဲနိုင်သည်။ ယင်းကဲ့သို့သောလူသည် နောက်ပိုင်း၌ စိတ်ချမ်းသာမှု အကြီးအကျယ်ရရှိသည်။ ဒုတိယ ဥပမာအရ ဖော်ပြသော လူမှာ ကြာရှည်လေးမြင့်စွာ ရောဂါဝေဒနာ ကပ်ရောက် ခံစားနေရသူဖြစ်ပြီး နောက်ဆုံး၌ ရောဂါဝေဒနာ ကင်းရှင်း ပျောက်ကွယ်သွားလျက် စားကောင်းသောက်ကောင်းများကို စားပြီးလျှင် အားအင်ပြည့်ဖြိုးလာသည်။ ယင်းကဲ့သို့ပုဂ္ဂိုလ်မျိုးသည် အကြီးအကျယ် ပေါ့ပါးသွက်လက်သွားသည်။

တတိယ ဥပမာမှာ အကျဉ်းထောင်ထဲတွင် ကြာရှည်လေးမြင့်စွာအကျဉ်းခံရပြီးသည့်နောက် အကျဉ်းထောင်က လွတ်လာပြီး လွတ်လပ်မှုအရသာ ခံစားရသော ပုဂ္ဂိုလ်ဖြစ်သည်။ ပဉ္စမ ပုဂ္ဂိုလ်မှာ အစာရိက္ခာပြတ်လပ်နေသော ထိတ်လန့်ကြောက်ရွံ့ဖွယ် သဲကန္တာရ၌ လမ်းပျောက်နေသူဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် ဘေးရန်ကင်းသော နေရာရောက်သောအခါ အကြီးအကျယ် လွတ်လပ်မှုအရသာကို ခံစားရသည်။

အနှောက်အယှက်အဟန့်အတား ၅ မျိုးကြောင့် ဖြစ်ပေါ်လာသော ဖိစီးမှု စိတ်နှလုံးထဲက ပျောက်ကွယ်သွားသောအခါ ယခု ပြသောဥပမာများ၌ ပြဆိုထားသော လူများအနေနှင့် နှစ်သက်ဝမ်းမြောက်မှုကိုရသကဲ့သို့ ပီတိသောမနဿ အပြည့်ရရှိသွားသည်။ ဖိစီးမှုကျော်လွှားသွားစေရန် အကောင်းဆုံး အကျိုးအရှိဆုံး နည်းလမ်းမှာ ဝိပဿနာ ဘာဝနာကျင့်ကြံအားထုတ်ခြင်း ဖြစ်သည်။

* * *

*ပါရူ*

# ထူးထူးခြားခြားတရားဦး

ဆောင်းဝင်းလတ်




လူနတ်ဗြဟ္မာ ဟူသော စကားရှိပါသည်။ ဗြဟ္မာကြီးများထဲတွင် သဟမ္ပတိ ဗြဟ္မာလည်း ပါဝင်ပါသည်။ ဝိနည်း မဟာဝါပါဠိတော် နိဿယတွင် ရွှေမင် ဆရာတော်က ပထမဈာန်ဘုံ၌ ဖြစ်သော ပထမဈာန်ဘုံသားထဲတွင် သဟမ္ပတိဗြဟ္မာကြီးလည်း ပါဝင်ကြောင်း ရေးသားဆိုမိန့်ခဲ့ဖူး ပါသည်။ မူလ ပဏ္ဏာသအဋ္ဌ ကထာပရာဘဝသုတ် အဖွင့်၌လည်း အဆိုပါ ဗြဟ္မာကြီးသည် ပထမဈာန်ကို ရကြောင်း၊ ပထမဈာန်ဘုံ၌ အသင်္ချေယျကပ်လုံး အသက်ရှည်သော ဗြဟ္မာဖြစ်ကြောင်း ဖွင့်ဆိုထားပါသည်။ သို့ရာတွင် သုတ္တနိပါတ် အဋ္ဌကထာ ကောကာလိယသုတ် အဖွင့်၌မူ အဆိုပါ ဗြဟ္မာကြီးသည် အနာဂါမိဖိုလ်ကိုရ၍ သုဒ္ဓါဝါသဘုံ၌ ဖြစ်သည်ဟု ဆိုထားပါသည်။ သဟမ္ပတိ ဗြဟ္မာကြီးကား ကဿပမြတ်စွာဘုရားရှင်လက်ထက်၌ သဟကမည်သော ပထမဈာန်ရ ရဟန်းတော်တစ်ပါး ဖြစ်ခဲ့ပါသည်။ ထိုဘဝမှ စုတေမနေ ပျံလွန်တော်မူသောအခါ သဟမ္ပတိ ဗြဟ္မာဖြစ်လာပါသည်။

ဂေါတမမြတ်စွာဘုရားရှင် လက်ထက်ရောက်တော်မူသောအခါ ဘုရားရှင်သည် ရာဇာယတနလင်းလွန်းပင်ရင်း၌ ခုနစ်ရက်ပတ်လုံး သမ္မာပတ်ကို ဝင်စားတော်မူကာ နေထိုင်ပါသည်။ သတ္တာဟစံတော်မူရာတွင် နောက်ဆုံးနေရာဌာနလည်း




**"ငါထိုးထွင်း၍ သိအပ်ရအပ်သော တရားတော်သည် အလွန်နက်နဲသိမ်မွေ့ပြီး သူတစ်ပါးတို့ သိနိုင်ဖို့ ခဲယဉ်းပါ၏။ သတ္တဝါအပေါင်းတို့ကား ကာမဂုဏ်ငါးပါး၌သာ လိုက်စားပျော်ပါးနေကြ၏။ ငါ ဟောကြားသော်လည်း တရားတော်ကို မြင်နိုင် သိနိုင်ဖို့ မလွယ်ကူပါ။ ငါ ပင်ပန်းရုံသာ ရှိပါလိမ့်မည်"**

ဖြစ်ပါသည်။ ခုနစ်ရက်ပြည့်သောအခါ ကုန်သည် ညီနောင်နှစ်ဦးရောက်လာကာ ပျားမုန့်ဆုပ် ဆွမ်းကပ်လှူကြပါသည်။ တပုဿနှင့် ဘလ္လိကတို့ ညီအစ်ကိုဖြစ်ပါသည်။ သူတို့ လှူဒါန်းသော ဆွမ်းကို ဘုရားရှင်ဘုဉ်းပေးတော်မူပါသည်။ ထို့နောက် ဗောဓိညောင်ပင်၏ အရှေ့ဘက်ရှိ အဇပါလညောင်ပင်ရင်းသို့ ပြောင်းရွှေ့နေထိုင်တော်မူပါသည်။ ခုနစ်ရက်ပတ်လုံး ဝိမုတ္တိချမ်းသာကို ခံစားပါသည်။ ထိုကဲ့သို့ နေထိုင်ရာတွင် ဘုရားရှင်၏ စိတ်ထဲ၌ ...

"ငါထိုးထွင်း၍ သိအပ်ရအပ်သော တရားတော်သည် အလွန်နက်နဲသိမ်မွေ့ပြီး သူတစ်ပါးတို့ သိနိုင်ဖို့ ခဲယဉ်းပါ၏။ သတ္တဝါအပေါင်းတို့ကား ကာမဂုဏ်ငါးပါး၌သာ လိုက်စားပျော်ပါးနေကြ၏။ ငါဟောကြားသော်လည်း တရားတော်ကို မြင်နိုင် သိနိုင်ဖို့ မလွယ်ကူပါ။ ငါပင်ပန်းရုံသာရှိပါလိမ့်မည်"ဟု အတွေးပေါ်ပေါက်ပါသည်။ ထို့ကြောင့် တရားမဟောရန် ကြံစည်တော်မူခဲ့ပါသည်။ ဂေါတမမြတ်စွာဘုရားရှင်၏ အကြံအစည်ကို သိသူမှာ သဟမ္ပတိဗြဟ္မာကြီးဖြစ်ပါသည်။ ဗြဟ္မာကြီးက နဿတိဝတဘောလောကော... ဤလောကကြီး ပျက်စီးပါတော့မည်ဟု တွေးဆကာ ဟစ်ကြွေးကာ စကြဝဠာတိုက်တစ်သောင်း၌ နေထိုင်ကြသည့် နတ်ဗြဟ္မာအပေါင်းအား ဆင့်ခေါ်လိုက်ပါသည်။ မြင်းမိုရ်တောင်လောက် ကြီးမားသည့် ရတနာပန်းကုံးကြီးကို သယ်ဆောင်ကာ ဘုရားရှင်ရှေ့မှောက်သို့ ရောက်လာကြပါတော့သည်။ ရတနာပန်းကုံးဖြင့် ပူဇော်ပါသည်။ ဒေသေတု ဘန္တေဘဂဝါ၊ ဓမ္မံဒေသေတု သုဂတော ဂါထာကို ရွတ်ဆိုပါသည်။ အရှင်ဘုရား တရားဟောတော်မူပါ။ မဂရောဇ်တိုင်း၌ ပုရာဏကဿပအစရှိသော တိတ္ထိတို့သည် ဘုရားမဟုတ်ပါဘဲနှင့် ဘုရားဟုပြောဆိုကာ များစွာသော သတ္တဝါတို့အား လှည့်ဖျားလျက်ရှိနေကြပါပြီ။ မိစ္ဆာဝါဒကို ပြနေကြပါပြီ။ ထို့ကြောင့် ကိလေသာအညစ်အကြေးကင်းသော မြတ်စွာဘုရားမှ တရားစည်ကြီးကို တီးခတ်၍ နိဗ္ဗာန်တံခါးကို ဖွင့်ပေးတော်မူပါဘုရား။ အပါယ်တံခါးကို ပိတ်ပေးတော်မူပါဘုရား။ ကျွတ်ထိုက်သော သတ္တဝါတို့အား တရားမိုး သွန်းဖြိုး ပေးတော်မူပါဘုရားဟု ဗြဟ္မာကြီးက လျှောက်ထားပါတော့သည်။ ပထမအကြိမ် လျှောက်ထားခြင်း၊ ဒုတိယအကြိမ်လျှောက်ထားခြင်း၊ တတိယအကြိမ် လျှောက်ထားခြင်းတို့ကို ဘုရားရှင်က ငြင်းပယ်ပါသည်။

ဣန္ဒြိယပရောပရိယတ္တိဉာဏ်တည်းဟူသော ဗုဒ္ဓစက္ခုဖြင့် လောကကြီးကို ကြည့်တော်မူပါသည်။ ဘုရားရှင်၏ ပညာမျက်စိ၌ ကိလေသာနည်းပါးသော သတ္တဝါ၊ သဒ္ဓါထက်သန်သောသတ္တဝါ၊ ဣန္ဒြေရှိသော သတ္တဝါ၊ တမလွန်ဘဝမှာ ကြုံတွေ့ရမည့်ဘေးဒုက္ခကို ကြိုတင်တွေးသော သတ္တဝါ၊ အသိပညာအလွယ်တကူ ရနိုင်သော သတ္တဝါ၊ မရနိုင်သောသတ္တဝါတို့ကို ဘုရားရှင်မြင်တော်မူပါသည်။ ထိုသို့ မြင်တော်မူသည့်အခါကျမှ ဂေါတမ မြတ်စွာဘုရားရှင်က သဟမ္ပတိဗြဟ္မာကြီးအား "သတ္တဝါတို့အတွက် ငါဘုရားတရားဟောကြားပေးပါမည်"ဟု မြွက်ကြားတော်မူပါသည်။ ဗြဟ္မာကြီးလည်း အလွန်ပင်ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ဘုရားရှင်အားရှိခိုး၍ လက်ယာရစ် လှည့်ပတ်ပူဇော်ပြီး ဗြဟ္မာ့ပြည်သို့ ပြန်သွားခဲ့ပါသည်။ ထို့နောက် ဂေါတမမြတ်စွာဘုရားရှင်သည် တရားဦးကို ဟောကြားရန်အတွက် မိဂဒါဝုန်တောသို့ ကြွတော်မူကာ ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဟောကြားတော်မူခဲ့ပါသတည်း။ ဓမ္မစကြာတရားဦးဖြစ်ပါသတည်း။

* * *

*ဆောင်းဝင်းလတ်*

ကျမ်းကိုး။ ။ သဟမ္ပတိဗြဟ္မာ၊ စာ ၆၁၊ မြန်မာ့စွယ်စုံကျမ်း။ အတွဲ - ၁၃။

# ဗုဒ္ဓ၏ လက်ယာတော်ရံ သမီးတော်

မြစပါယ်




ညို့ညို့မှိုင်းမှိုင်း တောင်ကြီးငါးလုံးဖြင့် ကာရံထားသော ပတ်ဝန်းကျင်တစ်ဝိုက်တွင် မြူနှိုးတွေဝေလျှက်ရှိပေသည်။ လမ်းမကြီးများပေါ်တွင် လူတွေ ဥဒဟိုသွားလာ၍ စည်ကားလှသော ရာဇဂြိုဟ်မြို့တော်၊ ရာဇဂြိုဟ်မြို့၏ အရှင်သခင်ကား ဗိမ္ဗိသာရမင်းကြီးပင်ဖြစ်သည်။

မြတ်စွာဘုရားရှင် တရားကျင့်ကြံရန် တောထွက်တော် မူလာကတည်းက သူနှင့် ဆုံခဲ့ဖူးသည်။ ဘုရားရှင် အဖြစ်သို့ ရောက်တော်မူခဲ့လျှင် သူ့တိုင်းပြည်သို့ ဦးစွာကြွလာခဲ့ပါရန် ပင့်လျှောက်တော်မူခဲ့ဖူးသည်။

ဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပြီး နောက်ပါရန်ဟန်းတစ်ထောင်ကျော်ဖြင့် သူ့တိုင်းပြည်သို့ ကြွရောက် ချီးမြှင့်ခဲ့ပြီးဖြစ်သောကြောင့် သူကိုယ်တိုင် မြတ်စွာဘုရား သာသနာတော်၌ မတုန်မလှုပ်သက်ဝင်ယုံကြည်သော

သောတာပန်အရိယာ အဆင့်သို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။

မြတ်စွာဘုရား၏ သာသနာတော်ကို ရာဇဂြိုဟ်ပြည်ကြီးတွင် နေရောင်လရောင်လို ထွန်းတောက်လျှက် မြတ်ဗုဒ္ဓသာသနာတော်သို့ အမျိုးလေးပါးတို့သည် ဘိက္ခု၊ ဘိက္ခုနီ အဖြစ်သို့ ဝင်ရောက်ခိုလှုံလျှင် ရှိကြသည်။

ဗိမ္ဗိသာရမင်းကြီး လှူဒါန်းထားသော တာဝတိံသာနတ်ပြည်မှ နန္ဒဝန်ဥယျာဉ်အလား ကြီးကျယ်ခမ်းနားသော ဝေဠုဝန်ကျောင်းတော် ဂိဇ္ဈကုဋ်တောင်ခြေမှာ သမားတော်ကြီး ဇီဝက လှူဒါန်းထားသော သရက်ဥယျာဉ်ကျောင်းတော်တို့တွင် မြတ်စွာဘုရားနှင့်တကွ သံဃာတော်အရှင်မြတ်များ သီတင်းသုံးလျက် ရှိတော်မူကြသည်။

ဝေဠုဝန်ကျောင်းတော်နှင့် မလှမ်းမကမ်းတွင် ဘိက္ခုနီအရှင်မတို့ သီတင်းသုံးသော ဘိက္ခုနီကျောင်းတော်ကြီးတွေလည်း ရှိကြသည်။

ဘိက္ခုနီ ကျောင်းတော်ကြီးအတွင်းတွင်တော့ . . .

"ဒီကနေ့ ခေမာထေရီအရှင်မကလေး တရားဟောမယ်တဲ့" ဟူသော သတင်းစကားသည် ဘိက္ခုနီ ကျောင်းတော်ကြီးတွင်သာမက ရာဇဂြိုဟ်မြို့ထဲတွင်ပါ တစ်ခဏချင်း ပျံ့နှံ့သွားပါတော့သည်။

ညနေချမ်းအချိန်တွင် ဘိက္ခုနီ သံဃာနှင့်တကွ လူပရိသတ်တို့ လွန်စွာများပြားလျက်ရှိသည်။ တရားဟော ပလ္လင်ထက်တွင် ဦးပြည်းမှာ စိမ်းဖန့်ဖန့်ဝါဝင်းသောအသားအရေ မျက်နှာတော်မှာ တည်ငြိမ်အေးချမ်းလျက် မျက်လွှာကိုချထားပြီး ပုဆစ်တုပ်ကလေးထိုင်လျှက် သင်္ကန်းတော်နှင့် လွန်စွာသပ္ပာယ်တော်မူသော ခေမာထေရီအရှင်မလေးကို တရားနာပရိသတ်အားလုံးမှ နှမြောတသစွာ စုတ်တသပ်သပ်ဖြင့် ဖူးမြော်နေကြသည်။ ထိုအချိန်တွင်ပဲ ခေမာထေရီမလေး၏ အသံတော် ပေါ်လာသည်။

"ဘိက္ခုနီ အရှင်မတို့ဘုရား တပည့်တော် ဒီဘဝတွင် ဖြစ်ပျက်ခဲ့ရသော တပည့်တော်မ၏ အပါဒါန်ကို ဟောကြားတော်မူပါရစေဘုရား။ တပည့်တော်မဟာ မဒ္ဒတိုင်း သာဂလမြို့ မင်းမျိုး၌ ပဋိသန္ဓေကို ယူခဲ့ပါတယ်။ တပည့်တော်ကို ခေမာဟူသော အမည်ကို မှည့်ခေါ်ပြီး အရွယ်ရောက်လာသောအခါ လှပသော အရေအဆင်းရှိသောကြောင့် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီး၏ နန်းတော်သို့ အဂ္ဂမဟေသီ ဒေဝီမိဖုရားကြီးအဖြစ်သို့ သွားရောက်ခဲ့ရပါတယ်။ အရှင်မတို့ဘုရား။

တပည့်တော်မဟာ အလှအလွန်ကြိုက်တဲ့အတွက် တစ်လောကလုံးမှာ မိမိအလှဆုံးဟု အထင်ရောက်ပြီး တသသ တကြွကြွနှင့် မှန်ရှေ့မှ မခွာနိုင်အောင်ဖြစ်ခဲ့ရပါတယ်ဘုရား။ မောင်တော် ဘုရင်ကြီးဟာ တပည့်တော်ကို မြတ်စွာဘုရား၏ ဝေဠုဝန်ကျောင်းတော်ကြီးသို့ သွားစေချင်ပေမယ့် တစ်ခါမှ မတိုက်တွန်းခဲ့ပါ။ တစ်နေ့သောအချိန်မှာ ရာဇဂြိုဟ်မှာ ထင်ရှားသော သီချင်းရေးဆရာ၊ နာမည်ကြီးအဆိုတော်တို့ဟာ တပည့်တော်ရှေ့မှောက်သို့ ရောက်လာကြပါတယ်ဘုရား။ တပည့်တော် တစ်ခါမှ မကြားဘူး၊ မမြင်ဘူးသော ဝေဠုဝန်ကျောင်း အရံစီမံချီးမွမ်းခြင်းနှင့် စပ်ကုန်သော ဥယျာဉ်တော်ကြီးအကြောင်းကို သီဆိုတီးမှုတ်ကြသည်မှာ အလွန်

**တပည့်တော်မဟာ အလှအလွန်ကြိုက်တဲ့ အတွက် တစ်လောကလုံးမှာ မိမိအလှဆုံးဟု အထင်ရောက်ပြီး တသသ တကြွကြွနှင့် မှန်ရှေ့မှ မခွာနိုင်အောင် ဖြစ်ခဲ့ရပါတယ် ဘုရား။ မောင်တော် ဘုရင်ကြီးဟာ တပည့်တော်ကို မြတ်စွာဘုရား၏ ဝေဠုဝန်ကျောင်းတော်ကြီးသို့ သွားစေချင်ပေမယ့် တစ်ခါမှ မတိုက်တွန်းခဲ့ပါ။ တစ်နေ့သောအချိန်မှာ ရာဇဂြိုဟ်မှာ ထင်ရှားသော သီချင်းရေးဆရာ နာမည်ကြီးအဆိုတော်တို့ဟာ တပည့်တော် ရှေ့မှောက်သို့ ရောက်လာကြပါတယ်ဘုရား။**



ကောင်းသောကြောင့် အဆိုအတီးသမားတွေကို တပည့်တော်မများစွာ ဆုချ လိုက်ပါတယ်။ တပည့်တော်မဟာ ထိုဥယျာဉ်ကို မသိသည့်အတွက် မေးမြန်းကြည့်လိုက်တဲ့အခါမှာ မောင်တော်ဘုရင်ကြီးလှူထားသည့် ဝေဠုဝန်ဥယျာဉ်တော်ကြီးဖြစ်နေသည်ကို သိရှိခဲ့ရပါတယ်။ မင်းကြီးသည် တပည့်တော်မကို ဝေဠုဝန်ဥယျာဉ်ကျောင်းတော်သို့ အလွန်သွားစေချင်သည်ကို ရိပ်မိသိရှိခဲ့ရပါတယ်။

ဘိက္ခုနီအရှင်မတို့ဘုရား မြတ်ဗုဒ္ဓသည် ရုပ်အဆင်းလှခြင်း၏ အပြစ်ကို ဖော်ပြဟောကြားလေ့ရှိကြောင်း ကြားသိရတဲ့အတွက် မြတ်စွာဘုရား၏ ထံပါး မျက်မှောက်သို့ သွားရောက်ဖူးမြော်ခြင်းကို အမျိုးမျိုးပဲ ရှောင်ခဲ့ပါတယ်။

တပည့်တော်မဟာ ဝေဠုဝန်ဥယျာဉ်တော်သို့ ရံရွေတော်များနှင့်တကွ ထွက်လာခဲ့ပါတယ်။ သီချင်းထဲမှာ ရေးဖွဲ့ထားသည့်အတိုင်း လွန်စွာ သာယာဖွယ်ရှိသည်ကို လှည့်ပတ်ကြည့်ရှုပြီး မြတ်ဘုရားကို ဖူးမြော်ကန်တော့ရန် ကျောင်းတော်သို့ သွားရောက်ခဲ့ပါတယ်။ မြတ်ဘုရားဟာ ပရိသတ်အလယ်၌ သီတင်းသုံးနေထိုင်တော်မူ၍ တရားကို ဟောကြားတော်မူလျက်ရှိနေပါတယ် မြတ်ဗုဒ္ဓ၏ ဘေးနားတွင် ယပ်လေခတ်လျက် အလွန်အဆင်းလှသော မိန်းမပျိုလေးကိုတွေ့မိပြီး တပည့်တော်မဟာ ကြံဆဆင်ခြင်ခဲ့မိပါတယ်။

မြတ်စွာဘုရားသည် ရုပ်အဆင်းလှခြင်း၏ အပြစ်ဒေါသကို ဖော်ပြဟောကြားသည်ဟု ပြောဆိုကြကုန်တယ်။ ဤမိန်းမသည်လည်း မြတ်ဘုရား၏အထံတော်၌ ယပ်လေခပ်လျက်တည်ရှိနေတယ်။ ငါသည် ဤမိန်းမ၏ အဆင်းရူပ လှပနှစ်မြို့ဖွယ်ကို တစ်ဆယ့်ခြောက်စိတ်စိတ်၍ တစ်စိတ်ကိုမှ မမှီနိုင်ချေ။ ငါသည် ဤသို့သဘောရှိသော အဆင်းလှသော မိန်းမကို ရှေးရှေးကပင် မတွေ့မြင်ဖူးပေ။ မြတ်စွာဘုရားကို မဟုတ်မမှန်သောစကားဖြင့် ပြောကြားစွပ်စွဲကြကုန်ယောင်တကားဟု ကြံဆဆင်ခြင်ခဲ့မိပါတယ်။ တပည့်တော်မဟာ ဤသို့ ကြံမိပြီး မြတ်စွာဘုရား တရားဟောရာဂါထာအသံကိုလည်း နားမဝင် မအောက်မေ့နိုင်။ အဆင်းအလွန်လှသော ထိုမိန်းမကိုသာ စိမ်းစိမ်းကြည့်ရှုနေခဲ့မိပါတယ်။ တပည့်တော်မဟာ ထိုမိန်းမကို ကြည့်ရှုနေရင်း ပထမတစ်ဆယ့် ခြောက်နှစ်အရွယ်၊ ထို့နောက် အသက်နှစ်ဆယ်အရွယ်၊ ထိုမိန်းမ၏ တစ်ကြိမ်သားဖွားသော ရုပ်အဆင်းအရွယ်၊ အလယ်အလတ် ရှိသော ရုပ်အဆင်း၊ အိုမင်းကြီးရင့်သော ရုပ်အဆင်းတို့ကို တွေ့မြင်ရ ပြီး ထိုမိန်းမ၏ သေလွန်ပြီးမှ ပုပ်ပွဖူးရောင် ပိုးကောင်လောက်ထသည်၏ အဆုံး၌ အရိုးမျှကြွင်းသည်ကို တွေ့မြင်ခဲ့ရပါတယ်။

ထိုအခါ တပည့်တော်မသည် တစ်မှုဟုတ်ချင်း ဖောက်ပြန်ဖြစ်ချုပ် ထိုမိန်းမရုပ်ကို မြင်ရ၍ ဤသို့ သဘောရှိသည်လည်းဖြစ်သော ဤရုပ်အဆင်းသည် တစ်မှုဟုတ်ချင်းဖြင့်သာလျှင် ကုန်ခြင်း၊ ပျက်ခြင်းသို့ရောက်ရ၏။ ဤရုပ်အဆင်း၌ အနှစ်သာရဘာမျှ မရှိချေတကားဟုတစ်ဖန်ကြစည်ခဲ့မိပြန်ပါတယ်ဘုရား။

ထိုအချိန်မှာပဲ မြတ်ဗုဒ္ဓသည် တပည့်တော်၏ နာမည်ကို ခေါ်တော်မူ၍ "အိုခေမာမိဖုရား အသင်သည် ဤအရုပ်အဆင်း၌ အနှစ်သာရရှိ၏ဟု ကြံစည်ဘိတယ်။ ယခုအခါ၌ ထိုရုပ်အဆင်း၏ အနှစ်သာမရှိသောအဖြစ်ကို ကြည့်ရှုပါလော့ဟု မိန့်တော်မူပြီး ထိုဂါထာလေးကို ဟောတော်မူပါတယ်။"

အာတုရံ အသုစိံ ပူတိံ၊ ပဿခေမေ သမုဿယံ၊
ဥဂ္ဃရန္တံ၊ ပဂ္ဃရန္တံ အဘိပတ္ထိတံ။

"အိုခေမာမိဖုရား" နာကျင်တတ်သော မစင်မကြယ် ပုပ်ပေါင်နေသော အရိုးများမြောင် စိုက်ထောင်အပ်သော၊ ပျို့အန်တတ်၍ အောက်သို့ ယိုစီးထွက်ကျတတ်သော ဤကိုယ်ကာယကို ကြည့်ရှုလော့။ လူမိုက်တို့သည် အလွန်လိုချင်တောင့်တအပ်၏"

မြတ်ဗုဒ္ဓ၏ တရားဒေသနာ ထိုဂါထာ၏ အဆုံးမှာ တပည့်တော်မဟာ သောတာပတ္တိဖိုလ်ကို ဆိုက်ရောက်ခဲ့ပါတယ် အရှင်မတို့ဘုရား။ ထိုအခါ မြတ်စွာဘုရားက တပည့်တော်မကို "အိုချစ်သမီးခေမာ" "ဤသတ္တဝါတို့သည် ရာဂဖြင့် တပ်အပ်ကုန်သည်ဖြစ်၍၊ ဒေါသဖြင့် ပြစ်မှား ဖျက်ဆီးအပ်ကုန်သည်ဖြစ်၍၊ မိန်းမောတွေဝေကုန်သည်ဖြစ်၍ မိမိ၏တဏှာအလျဉ်ကို အစဉ်ရှောင်ခွာကောင်းစွာ လွန်မြောက်ခြင်းငှာ မစွမ်းနိုင်ကုန်။ တွေကြုံဖြစ်ရာ ထိုတဏှာအလျဉ်သာလျှင် မခွာတတ်ဘိ ကပ်ငြိရကုန်တော့သည်သာတည်း"ဟု မိန့်တော်မူ၍ ထိုဂါထာကို ဟောကြားတော်မူခဲ့ပါတယ်။

*ယေ ရာဂရတ္တာ နုပတန္တိ သောတံ။*
*သယံ ကတံ မက္ကဋကောဝ ဇာလံ။*
*ဧတမ္ပိ ဆေတွာန ဝဇန္တိ ဓီရာ။*
*အနပေက္ခိနော သဗ္ဗဒုက္ခံ ပဟာယ။*

အကြင်သတ္တဝါတို့သည် ရာဂဖြင့် တပ်မက်ကုန်၏။ ထိုသတ္တဝါတို့သည် ပင့်ကူသည် မိမိပြုအပ်သော ပိုက်ကွန်သို့ ပိုးနှံ ယင်ကောင်ကျဆောင်ဘိသကဲ့သို့ ဤအတူသာလျှင် မိမိပြုအပ်သော တဏှာအလျဉ်သို့ အဖန်တလဲလဲ ကျရောက်ကုန်၏။ ရဲရင့်သော ပညာရှိတို့သည် တဏှာအနှောင်အဖွဲ့ကိုလည်း ဖြတ်တောက်၍ ဆင်းရဲအားလုံးကို အရဟတ္တမဂ်ဖြင့် ပယ်စွန့်၍ သွားကြကုန်၏။

တရားဒေသနာတော်၏ အဆုံးမှာတော့ . . .

မြတ်စွာဘုရားသည် မင်းကြီးအား "မင်းကြီး ခေမာမိဖုရားအား ရဟန်းပြုရန် သို့မဟုတ် ပရိနိဗ္ဗာန်ပြုရန် သင့်၏" ဟု မိန့်တော်မူပါသည်။ မင်းကြီးက "ဘုန်းတော်ကြီးသော မြတ်စွာဘုရား ထိုခေမာမိဖုရားကို ရဟန်းပြုပေးတော်မူပါဘုရား ပရိနိဗ္ဗာန်ပြုခြင်းဖြင့် မသင့်မြတ်သေးပါ" ဟု လျှောက်ထားပါသည်။

ထိုအခါ တပည့်တော်မသည် ရဟန်းအဖြစ်သို့ ရရှိတော်မူခဲ့ပြီး လက်ယာတော်ရံ အဂ္ဂသာဝကအဖြစ်သို့ ရရှိတော်မူပါသည်။ ဘိက္ခုနီအရှင်မတို့ဘုရား . . .။

* * *

မြစ်ပါယ်

တိုက်အုပ်ဘုန်းကြီး

# အတိတ်က ရင်ခွင်
# ထင်ဟပ်ငြိတွယ်လာခဲ့ရသည့်ပုံရိပ်များမှ



**ဝိနီလော မင်္ဂလော နာဂေါ**
**အသောဝိ မင်္ဂလော တထာ**
**နရော နာရီ သမဏောစ**
**ဝိနီတော မင်္ဂလော သဒါ**

ဝိနီတော၊ ဆုံးမ၍ ယဉ်ကျေးပြီးသော။ နာဂေါ၊ ဆင်ပြောင်ကြီးသည်။ မင်္ဂလော၊ အံ့ချီးဖွယ်ရာ လွန်စွာမင်္ဂလာ ဖြစ်၏။ တထာ၊ ထို့အတူ။ ဝိနီတော၊ ဆုံးမ၍ ယဉ်ကျေးပြီးသော။ အသောဝိ၊ မြင်းသည်လည်း။ မင်္ဂလော၊ အံ့ချီးဖွယ် ရာ မင်္ဂလာရှိ၏။ တာထာ၊ ထို့အတူ၊ ဝိနီတော၊ မြတ်စွာဘုရား အဆုံးမကို ရ၍ ယဉ်ကျေးပြီးသော(ဝါ)ဝိနည်းတရားတော် နှင့် လျော်ညီစွာ ကျင့်ကြံနေသော။ နရောစ၊ ယောကျ်ားသည်၎င်း။ နာရီစ၊ မိန်းမသည်၎င်း။ သာမဏောစ၊ ရဟန်းသည်၎င်း။ သဒါ၊ အခါခပ်းသိမ်း။ မင်္ဂလော၊ အံ့ချီးဖွယ်ရာ လွန်စွာ မင်္ဂလာရှိ၏။

ငယ်စဉ်ကာလ စာသင်သားဘဝ၌ ဆရာတော်ကြီးများ ဩဝါဒပေးသောအခါ နာကြားခဲ့ရသော ဂါထာတစ်ပုဒ်အား ပြန်လည် ရွတ်ပွားနေစဉ် ကျောင်းပေါ်သို့ တပည့်လူပျိုတော်ဘိသိက်ဆရာ မောင်မျိုးအောင်(ကိုကိုလွင်) ရောက်လာသဖြင့် ရွတ်ပွားနေသည့် စာသားခဏထား၍ နှုတ်ဆက်မိပါသည်။

တိုက်အုပ် — ဟ …မျိုးအောင်ကြီး စာရွက်တွေ တစ်ပွေ့တစ်ပိုက်နဲ့ ဘယ်လှည့်လာသတုံး။

မျိုးအောင် — မှန်ပါ့… ဆရာတော်ဘုရားကြီး၏ တာဝန်ပေးချက်အရ စိန်ရတုမင်္ဂလာအလှူပွဲမှာ သီဆိုမယ့် သီချင်း စာရွက်များနှင့် ရတု၊ တေးထပ်ပြီးတော့ ဆောင်းပါးတစ်ပုဒ်ပါ ဘုရား။

တိုက်အုပ် — အံမာ … တယ်များတဲ့ စာတွေပါလား၊ မင်းကတော့ ဘိသိက်ဆရာ ကွက်စိပ်ဆရာ လူပျိုတော်လေးဆိုတော့ သီချင်းတွေ၊ ဆောင်းပါးတွေ ရေးတတ်တာပေါ့ကွာ။ ငါ့လဲ ဆရာတော်ကြီးရဲ့ စိန်ရတုအမှတ်တရ မဂ္ဂဇင်းမှာ ဆောင်းပါးရေးဖို့ တပည့်တွေ ဒကာ၊ ဒါယိကာမတွေ မိတ်ဆွေတွေက လျှောက်ထားကြတယ်ကွ။ ငါက ကလေးတွေ စာချပေးတတ်တာနဲ့ သူတကာ ရေးတဲ့စာတွေသာ ဖတ်တတ်တာ ဆောင်းပါးတစ်ပုဒ်ရေးဖို့ကျတော့ ဉာဏ်က မထွက်ဘူးလေကွာ။ ဒီဘက်က စာဖိုင်တွဲက များလှချည့်လား ဟကောင်ရ။

မျိုးအောင် — မှန်လှပါဘုရား၊ သက်တော် (၇၅)နှစ်ကျော်လို့ စိန်ရတုပွဲသဘင်မှာ ဆရာတော်ဘုရားက တပည့်တော်ကို အထူး တာဝန်ပေးအပ်ထားပါတယ် ဘုရား။ အလှူဒါနပွဲ အားခဲလာကြတဲ့ ပရိသတ်ကို အကျိုးရှိရလေအောင် သဒ္ဒါတရားတွေ ထက်သန်လာအောင် အနှာမဲ့သူ ရှင်ဗာကူဇာတ်ကို မင်းတတ်တဲ့ ကွက်စိပ် ပညာရပ်နဲ့ ဧည့်ခံရမယ်ဆိုလို့ ရေးထားတဲ့မူကြမ်းတွေပါ ဘုရား။ ဒါနဲ့ ဘုန်းဘုန်းခုနက ရွတ်နေတာ ဘာဂါထာပါလဲဘုရား။

တိုက်အုပ် — တို့များ ငယ်စဉ် စာသင်သားဘဝ ဆရာတော်ကြီးများ ပေးခဲ့တဲ့ ဩဝါဒကထာပါကွာ။ ကိုယ်က လူကြီးဖြစ်လာတော့ တပည့်တွေကို ဆရာတော်ကြီးများရဲ့ ဩဝါဒနဲ့ ပြန်လည် ဖောက်သည်ချ ဆုံးမရတာပေါ့။

မျိုးအောင် — ဟာ… ဒါဆို ဘုန်းဘုန်း၊ အဲဒီ ဩဝါဒအခြေခံပြီး ဆောင်းပါးတစ်ပုဒ် ရေးထည့်ပေါ့ဘုရား။ တိုက်အုပ်ဘုန်းတော်ကြီး တစ်ပါးအနေနဲ့ ရေးသင့်ပါတယ်ဘုရား။ ဒါနဲ့ ဆရာတော်ကြီးရယ် … ဘုန်းဘုန်းရယ် ဘယ်အရွယ်က သီတင်းသုံးခဲ့ကြတာလဲ ဘုရား။

တိုက်အုပ် — တို့များငယ်စဉ် (၁၂)နှစ် ဝန်းကျင်လောက်က စပြီး အတူ သီတင်းသုံးလာတာပဲ။ ဆရာတော် ညွှန်ကြားပို့ချ ဆုံးမတာတွေ တစ်သဝေမတိမ်း လိုက်နာပြီး အရာရာမှာ ရှိသေစွာနဲ့ ဆရာတော်ရဲ့ အေးမြတဲ့ အရိပ်အောက်မှာ ကြီးပြင်းခဲ့ရတာ။ (၆၅)နှစ် အရွယ်တောင် ရောက်လာပေါ့ကွာ။

မျိုးအောင် — ဒါဆို ဆရာတော်ဘုရားကြီးရဲ့ ထူးခြားချက်တွေ လုပ်ဆောင်ချက်တွေ မှတ်မိသမျှချရေးပေါ့ဘုရား။

တိုက်အုပ် — ဟကောင်ရ… ဆရာတော့် ထူးခြားချက်တွေသာ ရေးမယ်ဆိုရင် ဝတ္ထုစာအုပ် ၄-၅-၆ အုပ်လောက်တောင် ဆုံးမှာ မဟုတ်ဘူးဟ။

မျိုးအောင် — သူများတကာနဲ့ မတူတဲ့ အကြောင်းအရာ တစ်ခုခုကိုပေါ့ ဘုရား။ ဆောင်းပါးဆိုတော့ အကုန်တော့ မရေးနဲ့ပေါ့ ဘုရား။

တိုက်အုပ် — သူတကာနဲ့ မတူ တစ်မူ ထူးခြားတာကတော့ အမှန်ပဲကွ။ ငယ်စဉ်ကာလထဲက ခုချိန်ထိ ရေချိုးချိန်ကလွဲလို့ အပေါ်ရုံ ဧကသီချပြီးနေတာ မတွေ့ဖူးပါဘူး။ ရာသီဥတု ဘယ်လောက် ပူအိုက်နေပါစေ။ ကိုရင်ဘဝကနေ ယနေ့ အချိန်ထိ သမဏ သာရုပ္ပနဲ့ ပြည့်စုံတယ်ကွ။ ဧကသီကင်းပြီး မနေခဲ့ဖူးပါဘူး။

မျိုးအောင် — ဘုန်းဘုန်းရယ်၊ ဒါဟာ အများနဲ့မတူတဲ့ ထူးခြားချက်ပေါ့ ဘုရား။ နောက် ထူးခြားချက်လေးတွေ မိန့်ပါဦးဘုရား။

တိုက်အုပ် — နောက် ထူးခြားချက်ကတော့ မွန်းလွဲနေတာနဲ့ ရေနွေးကြမ်းတောင် မဘုဉ်းပေးတော့ဘူးကွ။ ပိုပြီးထူးခြားတာက ကွမ်း၊ ဆေးလိပ်တို့ကိုတော့ ဘယ်အခါမှ မစားသုံးဘူးကွ။ ရှေးဆရာတော်ကြီးများကဲ့သို့ ဝိနည်းနှင့်အညီ ဘုရား သာသနာတော်အတွက် ထိန်းသိမ်း စောင့်ရှောက်ပြီး နေထိုင်တယ်လေ။ ငယ်စဉ် ကိုရင်ထဲက တရားဟောတာလည်း ကောင်းတယ်ကွ။ ဗေဒင်ဆိုတာလည်း ဆရာတော်က သိပ်မှန်တာ။ ဒါပေမဲ့ ဆရာတော်ဗေဒင်တတ်တာ ဘယ်သူမှ မသိကြ

ဘူး။ လာဘ်လာဘဆိုတာလည်း ငယ်စဉ်ကတည်းက ပေါများသကွ။ သူတစ်ပါးတောင် ဆွမ်းတွေ၊ သင်္ကန်းတွေ ပြန်လှူပစ်ရတယ်။

မျိုးအောင် မှန်ပါ့ ဘုရား၊ အလှူခံ ပုဂ္ဂိုလ်တစ်ပါးက အလှူပေးပုဂ္ဂိုလ်တစ်ပါး ဖြစ်ဖို့ဆိုတာ တော်တော်ရှားတဲ့ ခေတ်ပါပဲ ဘုရား။

တိုက်အုပ် ပြောရရင် အရှည်ကြီးပဲကွ။ မှတ်မိသမျှလေး ပြောရရင် တစ်ခါတုန်းက အလှူတစ်ခုမှာ တော်တော်တန်ဖိုးကြီးတဲ့ သင်္ကန်းတစ်စုံ ငါ အလှူခံရလာသကွ။ အရောင်အသွေးလေးကလည်းကောင်း ရာသီဥတုနဲ့လည်း အင်မတန်မျှတ၊ တန်ဖိုးကလည်း ကြီးဆိုတော့ ငါ စဉ်းစားတာပေါ့ကွာ။ ငါ့အပေါ်မှာ ကျေးဇူး အင်မတန်များတဲ့ ဆရာတော်ကို ငါ မြတ်နိုးတဲ့ ဒီသင်္ကန်း သွားလှူမယ်ဆိုပြီး ဆရာတော် ဝတ်စေချင်တဲ့ ဆန္ဒနဲ့ သွားလှူတာ ဆရာတော်က အလှူခံပြီး ရိုရိုသေသေနဲ့ သင်္ကန်းလေး ကြည့်ပြီး ငါ့ကို ပြန်လှူတယ်။ ပြီးတော့ မိန့်တယ်။ လှူတယ်ဆိုတာ မိမိက မြတ်မြတ်နိုးနိုး တန်ဖိုးထားတဲ့ ပစ္စည်းကို နှစ်သက်ရွှင်လန်းခါ လွတ်လွတ်စွန့်လှူ ဒါဆို အကျိုးပေး သိပ်ကောင်းတယ်လို့ မိန့်သကွ။ ငါကွာ ‥ မျက်ရည်ကျမတတ် ခံစားပြီး ဆရာတော်နားက ပြန်လာခဲ့ရတယ်။

မျိုးအောင် မှန်ပါ့ဘုရား။ အရှင်ဘုရားတို့ သူတော်ကောင်းနဲ့ အနီးကပ်နေထိုင် သီတင်းသုံးခွင့်ရတာဟာ ကံကောင်းတာပေါ့ ဘုရား သပ္ပုရိသူပနိဿယ အမှီရတာ ကံထူးတာပေါ့ဘုရား။

တိုက်အုပ် အေး … မင်းလည်း ကြားဖူးမှာပေါ့။ ရှေးစကားတစ်ခုမှာ အမှီကောင်းလျှင် တစ်ချက်ဆိုတာလေ။ လောကီအရာဌာနမှာ အမှီတစ်ချက်ကောင်းလိုက်တာနဲ့ ကြီးပွား ချမ်းသာနိုင်သလို လောကုတ္တရာ အရာမှာ ဘုရားရှင်ဒေသနာကြည့်တော့ မဟာဝဂ္ဂသံယုတ် ပါဠိတော်မှာ မိန့်ကြားထားတယ်ကွ။ ရဟန်းတို့ အရုဏ်တက်ခြင်းသည် နေထွက်ခြင်း၏ ရှေ့ပြေးနိမိတ်ပဲလို့ ဟောခဲ့သကွ။ ညီတော်အာနန္ဒာက မြတ်စွာဘုရားကို လျှောက်တယ်လေ။ မိတ်ကောင်း ဆွေကောင်းကို အမှီရခြင်းသည် အရိယမဂ်တရားရဖို့ ခရီးတစ်ဝက် ရောက်ပါပြီ ဘုရားလို့ လျှောက်တယ်လေ။ မိတ်ကောင်း ဆွေကောင်းကို အမှီရခြင်းသည် အရိယမဂ် တရားရဖို့ ခရီးတစ်ဝက်ရောက်ပါပြီ ဘုရားလို့ လျှောက်တော့ မြတ်စွာဘုရားက ချစ်သားအာနန္ဒာ ဒီလို မပြောနဲ့ကွ။ မိတ်ကောင်းဆွေကောင်းကို အမှီရသူဟာ အရိယာမဂ်ရဖို့ ခရီးလမ်းဆုံးရောက်တာနဲ့ အတူတူပဲလို့ မိန့်တော်မူတယ်။ ခုလည်း မင်းတို့ ငါတို့ ဆရာကောင်း သမားကောင်း မိတ်ဆွေကောင်းကို မှီရခြင်းဟာ လောကုတ်၊ လောကီနှစ်လီ အကျိုးရှိတာပေါ့ကွာ။ တို့များ ဆရာတော်ကြီးရဲ့ စိန်ရတုပွဲမှာ သာသနာပြုကိစ္စ၊ ပရဟိတအကျိုးဆောင် ကိစ္စအဝဝမှာ လုံ့လထား ကြိုးစားနေတဲ့ ဆရာတော် အသက်ရာကျော်ရှည်စေကြောင်း အနာရောဂါကင်းရှင်းစေကြောင်း ဝိုင်းဝန်းဆုတောင်းရမှာပေါ့ကွာ။

မျိုးအောင် မှန်ပါ… တပည့်တော်ကတော့ စိန်ရတုမင်္ဂလာပွဲမှာ တပည့်တော်တတ်တဲ့ ပညာရပ်နဲ့ ပူဇော်ခွင့်ရတာကိုပဲ ဝမ်းသာ ကြည်နူးနေမိပါတယ်ဘုရား။ ဆရာတော်ကြီးက စာသင်တိုက်တွေ၊ ကမ္မဋ္ဌာန်းကျောင်းတွေ၊ စာသင်ကျောင်းတွေ၊ ရေတွင်း ရေကန်၊ စေတီဘုရား၊ ဆေးရုံဆေးခန်း စုံနေအောင် နေရာအနှံ့ လှူဒါန်းတော်မူလေတော့ ဆရာတော်ကြီးနဲ့ လက်တွဲပြီး သာသနာပြုကြတဲ့ တပည့်ဒကာ၊ ဒါယိကာမတွေ၊ စေတနာ၊ သဒ္ဓါတရား တိုးပွားအောင် အကျိုးလည်းရှိအောင် ကတောရွာက အနုပညာချစ်တဲ့ ရွာသူ၊ ရွာသားတွေလည်း နားထောင်ရအောင်ဆိုပြီး ဗာကုလသုတ္တန်ကို ပရိနိဗ္ဗာန်စံသည်အထိ တပည့်တော် မှုကြမ်းရေးထားတာလေးဖတ်ပြီး စိစစ်ပါဦးဘုရား။ ဇာတ်ထုပ်လိုဆိုတော့ ဒိုချင်း၊ ဒွေးချိုး၊ လေးချိုးတွေ၊ ရယ်စရာ၊ ဟာသ မကျန်ရအောင် ရေးထားတာ ဘုန်းဘုန်း ဖတ်ပြီးရင် ဆရာတော်ကြီးသွားကပ်ရဦးမယ်ဘုရား…။ လိုတိုးပိုလျှော့ပေါ့။ ပြီးမှ တပည့်တော် အရကျက်ရမှာ။ နောက်နေ့မှ လာယူတော့မယ်ဘုရား။ တပည့်တော်ကို ခွင့်ပြုပါဦးဘုရား။

* * *

တပည့်ဖြစ်သူ ဘိသိက်ဆရာလေး ဝတ်ချ၍ ပြန်သွားသောအခါ အထက်ပါ ဆရာတော်ကြီးများ၏ ဩဝါဒကထာအား ပြန်လည်ရွတ်ပွားရင်း ကျေးဇူးရှင် ကျွဆွာ ဆရာတော်ကြီး၏ မိမိအပေါ် ငယ်စဉ်ကစ ယနေ့တိုင်အောင် စောင့်ရှောက်ကျွေးမွေးခဲ့သည့် ဂုဏ်ကျေးဇူးအနန္တကို ပြန်လည်ဆင်ခြင်သုံးသပ်ရင်း လက်အုပ်မိုး၍ ဆရာတော်ကြီး သီတင်းသုံးရာ သန်းကြွယ်သူစံကျောင်းဘက်သို့ အာရုံယူ၍ ရှိခိုး ကန်တော့လိုက်မိပါတော့သတည်း။

* * *

*တိုက်အုပ်ဘုန်းကြီး*

*ကျွဆွာချောင်၊ စစ်ကိုင်းတောင်ရိုး။*

# ပုဂံရွာမှ ဧရာဝတီရေစီးသံ

အလွမ်းသီချင်းရေးတဲ့

မောင်ကျော်စော




၂၀၀၅ ခုနှစ် မေလထုတ် "မောင်သိန်းဆိုင်၏ ပုဂံမြို့သူ" (ဒုတိယအကြိမ်) ကို ဆောင်းပါးရေးရန် အကြောင်းတစ်ခုရှိသောကြောင့် ကျွန်တော်ပြန်ဖတ်နေမိသည်။ ပုဂံမြို့သူကို ဝတ္ထု၊ သီချင်းများ ရေးခဲ့စဉ်က စိတ်ကြိုက် အဖြစ်ရွေးချယ်ခဲ့သည့် ပုဂံမြို့သူဆိုသည့် နာမည်လေးမှာ အထူးအားရဖွယ်တစ်ခုလည်းဖြစ်ပါသည်။ ပုဂံမြို့သူကို ဖတ်နေစဉ်ကာလ ဂျာနယ်တစ်ခုမှ ညီငယ်တစ်ယောက်က ဆောင်းပါးတစ်ပုဒ်ရေးပေးဖို့ပြောလာသည်။

ဘယ်လိုအကြောင်းအရာမျိုး ရေးပေးရမှာလဲဆိုတော့ ဘာသာရေးနှင့်နှီးနွယ်မှုဆိုင်ရာ အကြောင်းအရာ တစ်ခုခုဟုဆိုသည်။ ဖတ်နေသည့်စာအုပ်နှင့် တိုက်ဆိုင်မှုဟုပဲဆိုရမလား၊ ပုဂံဆိုသည့် အကြောင်းက ခေါင်းထဲမှာ တွဲလွဲခိုနေသည်။ တစ်သက်မှာတစ်ခါသာ ရောက်ဖူးခဲ့သည့် ပုဂံကိုလည်း လွမ်းနေမိပြန်သည်။

ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားဖို့ဆိုသည့် ရယ်ရွယ်ချက်ကို ဦးတည်၍ ပုဂံပြည်၊ ပုဂံရွာသို့ ရောက်ရှိလာသည့် ရှင်အရဟံမထေရ်မြတ်၏ ရုပ်ပုံလွှာကလည်း တစ်ဖြည်းဖြည်းနှင့် မျက်လုံးထဲမှာ ပေါ်လာသည်။

အမှန်တော့ ပုဂံသည်ပြည်ကြီးတစ်ခုဖြစ်သလို ရွာကြီးတစ်ရွာလည်း ဖြစ်သည်ဟူ၍ နှောင်းခေတ်စာရေးဆရာ၊ ကဗျာဆရာတို့က ကင်ပွန်းတပ် ခေါ်ဝေါ်ခဲ့ကြသည်။ ကမ္ဘာကြီးတောင်မှ ရွာကြီးတစ်ရွာ ဖြစ်လာပြီဟု ဆိုကြလေရာ ပုဂံရွာကပင် နှစ်ပေါင်းများစွာ ပိုစော နေဦးမည် ဖြစ်သည်။

ပုဂံအကြောင်းကို ပြန်တွေးမိတိုင်းပြည့်ရှင်အနော်ရထာမင်းကြီးမှ စတင်၍ ကျန်စစ်သားမင်း၏ တည်ကြည်ရင့်ကျက်သည့် မျက်နှာအနေအထား သဒ္ဒါရိုကျိုးစွာရှိခိုးနေဟန်ရှိသည့် ရှင်အရဟံရုပ်တုတို့သည်လည်း ထိုခေတ်ထိုအခါက ခေတ်ခေါင်းဆောင်နှစ်ဦး၏ အမြွှတ္တသဏ္ဍာန်ကိုဖော်ကျူးနိုင်စွမ်းရှိသည်ဟု အထင်ရောက်မိသည်။

ပုဂံမြို့သူကို ဖတ်ရသည်မှာ ဇာတ်လမ်း ဇာတ်အိမ် နိုင်မာပြီးသားမို့ ဝတ္ထု၏ အနေအထားမှာ ပီပြင်မှုရှိလှသည်။ ထိုအကြောင်းထက် ပုဂံခေတ်၏ ကျက်သရေရှိပုံ၊ အားမာန်သတ္တိရှိပုံတို့က အထူးပင်အားရစရာဂုဏ်ယူစရာတို့ဖြင့် ဝတ္ထုကို တန်ဆာဆင်ထားသည်မှာ လက်ကချမရ၊ မြန်မာမှန်လျှင် ပုဂံကိုတော့ ရောက်ဖူးရမည်ဟု အဆို ရှိခဲ့သည်။ ဒါကလည်း မြန်မာလူမျိုးတွေအတွက် တွန်းထိုးအားမာန်ပေးသော စကားတစ်ခုဖြစ်သည်ဟူ၍ ယုံကြည်ထားမိလိုက်သည်။ ကျွန်တော့်ရင်ထဲမှာတော့ ပုဂံကိုသွားနေချင်စိတ်ပေါက်နေမိသည်။ ဗုဒ္ဓသာသနာစတင်ထွန်းကားရာအရပ်ဟူ၍လည်း အထင်အရှားတင်စားအခေါ်ခံရသည့်ပုဂံ။ အမှန်တရားကို လက်ကိုင်ထားပြီး ကိုယ်ချင်းစာတရားဖြင့် စီမံအုပ်ချုပ်တတ်သည့် မင်း။ ရေငတ်တုန်းရေတွင်းတွေ့ရသည့် ပြည်သူများ၊ တရားမေ့ဖြင့် အများလှအောင်အားရပါးရ တရားပြတတ်သည့် ရှင်အရဟံမထေရ်မြတ် ကြုံအပ်ချိန်မို့ ကြုံဆုံရသည့် သုံးဦးသုံးဖလှယ် ဒါန၊ သာသနာတော်ကလည်း လှလာချိန်အခါသမယ၊ မုဆိုးမပင် ဘုရားတည်နိုင်သော ကာလဟူ၍ ဖြစ်ခဲ့သည်။

ခုကာလများအထိပင် ရန်ကုန်ကိုရောက်ဖူးချင်သည်ထက် ရန်ကုန်ကရွှေတိဂုံဘုရားကို ဖူးမြော်ချင်သည့်တောရွာများမှ သနားစရာ ပြည်သူများပင် ကျန်ရှိနေသေးသည်။ ပုဂံဆိုသည်မှာလည်း အထက်အညာအရပ်မှာဆိုတော့ ပို၍ပင်ပေးကွာနေကြလေရာ ခများတွေအတွက် ကဗျာတွေစပ် သီချင်းတွေစပ် အားပေးချင်သေးသည်။

"ဇရာဝတီ မြစ်လယ်ဆီမှ ဖူးတွေ့မြင်ရ ရွှေစည်းခုံစေတီ စိမ်းမြမြ တောအုပ်အလယ်မှာ ရွှေတောင်ကြီး ပေါက်နေသလို ရွှေရောင် တဝင်းဝင်းမြင်ရ အထင်ကရသပ္ပာယ်လှသည့် စိတ်က ရည်ရူး ဖူးမဝ ဦးချကန်တော့မိပါသည်..."

ဪ... မျှော်ကြည့်လေတိုင်း ပုဂံမြေ...

ဧရာဝတီသည် ပုဂံမြို့ကို ရစ်ကာ ပိုက်ကာ ငြိမ့်ငြိမ့်သာသာ စီးဆင်းနေသည်။ ဧရာဝတီရေစီးသံကို ယနေ့တိုင်ကြားနေရဆဲလည်း ဖြစ်သည်။ ထိုစဉ်အခါက ကြာခဲ့ပြီဖြစ်သော ပုဂံမြို့ဟောင်း နေရောင်မှာ တောတောင်အရိပ်၊ ဖါဖိတ်ဖိတ်တဝင်းဝင်း ရွှေအဆင်းနှင့် မြင်ကွင်းကြည့်လေရာရာ ဘုရားပုထိုး ဂူတွေ ကျောင်းတွေနှင့် ပြည်နှက်နေသည့်ပုဂံမြေ၊ ပုဂံမြို့ဟောင်း။ အားတက်ဖွယ်လည်းကောင်း၊ ကြည်နူးဖွယ်လည်းကောင်း၊ လွမ်းဆွတ်ဖွယ်လည်းကောင်း၊ သည်အကြောင်းများကပင် ပုဂံ၏ တက်ကြွသောကျက်သရေပို၍ ပို၍ ဆွတ်ပျံ့စေခဲ့သည်။

မြန်မာပြည်၏ ပထမနိုင်ငံတော်မှာ ပုဂံဖြစ်သည်။ တွေးလိုက်တိုင်း ဆိတ်ငြိမ်နေသော ပုဂံမြို့ဟောင်းမှာ လှုပ်ရှားအသက်ဝင်လာနေသည်ဟု ထင်မြင်နေမိသည်။

*စေတီနဲ့ တန်ဆောင်း၊ ဆည်မြောင်းနဲ့ စပါးနှံ*
*ရွှေပေါက္ကံ ပြည်တစ်ကြောမှာ ပေါချင်တိုင်း ပေါတဲ့ပြင်*
*ဝ ပြောတဲ့ သာသနာ ခေါင်လောင်းသံ ညံမစဲရယ်နဲ့*
*ပုဂံပွဲသာလျှန်းလို့ လာသူလာသွားသူသွား*
*လယ်တွင်းသား ပြည်တော်သား အသည်းသား မင်းမှုထမ်း*
*တစ်စိတ်ဝမ်း တစ်လက်ညီ ပြည်ရေးကို ဖြိုင်တူချီကြတော့*
*ပြည်တော်မြတ် ပွဲတင်သံ ဘဝင်ကပြန့်ပါရော...*
*(ဇော်ဂျီ)*

နှစ်ပေါင်းများစွာ ဝေးကွာခဲ့ပြီဖြစ်၍ ညှိုးနွမ်းနေသော ပုဂံ၊ သောကရောင်လွှမ်းနေသော ပုဂံ၊ လွမ်းဆွတ်ကြေကွဲနေသော ပုဂံ၊ တသဝမ်းနည်းစရာ ပုဂံကို ပြန်လည်ရှင်သန်နိုးထလာအောင် တပ်လှန့်ပေးခဲ့သည့် ဆရာဇော်ဂျီ၏ ဂန္ထဝင်ကဗျာရှည်။ ယခုတော့လည်း ပုဂံသည်အလွမ်းကိုမေ့နေမည်။ ပူဆွေးသောကတို့လည်း ပြယ်နေမည်၊ ကြေကွဲခြင်းသည်လည်း အဝေးသို့လွင့်စင်စေမည်ဆိုသော ရည်ရွယ်ချက်ဖြင့် ဆရာဇော်ဂျီအားမြှင့်ရေးခဲ့သည်ဟု ထင်သည်။ သို့သော် ပုဂံ၏ ကြေကွဲမှုအသွင်အလား သရုပါ တံခါးကတော့ ပြနေသည်။

*မြန်မာပြည်သည် တို့ပြည်*
*မြန်မာစာသည် တို့စာ၊ မြန်မာစကားသည်တို့စကား*

ခုတော့ ကြွားနိုင်ဝါနိုင်ဦးမလား မစဉ်းစားနိုင်။ သို့တိုင် ဘူးဘုရားမှာတော့ ပုဂံမြို့၏ အမှတ်အသားသဖွယ်ပေါ်မှမြင်ရသည့် ပုဂံရှုခင်းသည်ကား ပုဂံ၏အဆုံးအစ ဖြစ်သည်ကိုတော့ သတိရနေမိပါသည်။

မည်သို့ပင်ဖြစ်စေ ပုဂံမြို့ဟောင်း၏ အားတက်စရာ၊ ဂုဏ်ယူစရာ၊ ဝင့်ကြွားစရာရွှင်လန်းစရာ၊ ကြေကွဲစရာတွေနှင့် ပြည့်နှက်နေခဲ့သည်က အမှန်။ ညောင်ဦးဘက်၌တည်ရှိသည့် ရွှေစည်းခုံစေတီကို ဖူးမြော်ရသဖြင့် အနော်ရထာမင်းကို တမ်းတမိသည်ဟူ၍ သရေမင်းကျော်က ပုဂံစာအုပ်မှာ ရေးသားခဲ့ဖူးသည်။ ဆရာတွေရောက်ရှိခဲ့သည့် ထိုအချိန်က ပုဂံမှာ အိုမင်းခဲ့ပြီဟု ဆိုသည်။ စင်စစ်တော့လည်း ရာစုနှစ်ပေါင်းမြောက်မြားစွာ ကြာမြင့်ခဲ့ပြီဖြစ်လေရာ ပုဂံသည်လည်း မမှတာကို မလွန်ဆန်နိုင်ခဲ့။ ကျွန်တော့်စိတ်ထဲက ပုဂံကတော့ နုပျိုဆဲ။ ပုဂံပွဲဆိုတာက စစ်မတိုင်မီခေတ်အထိ အတော်ကို စည်ကားခဲ့သေးသည်ဟုလည်း ကြားရသည်။ ပုဂံက မြကန်သည်လည်း ခုတိုင် အေးမြကြည်လင်စွာ နာမည်ရှိလျက် တင့်တယ်နေတုန်းပဲထင်သည်။ တစ်နှစ်စာရေသိုလှောင်နိုင်သဖြင့် ပုဂံသားတို့အတွက် စိုက်ပျိုးရေ အေးမြနေမည်ဖြစ်သည်။

*"မြကန်သာ တောင်ကျ ချောင်းတေး ရေဝင်ပြေးလျက်*
*ရေအေးကြည်စွာ ကန်ပိုင်မာလျက် ကြာပေါင်းထုံထုံ*
*ငှက်မျိုးစုံသည် ဘုံဝတီသာကနန္ဒာလော တူစဟုစွာ..."*

ပုဂံ၏ အတိတ်စုံ နိမိတ်ပုံတို့သည် ဆက်လက်သွားလျှင် ရှိသည့် ခေတ်များစနစ်များနှင့် ပူးတွဲဆက်နွှယ်နေဖို့တော့ အရေးကြီး

မည်ထင်သည်။

*"လှည်းဝင်ရိုးသံ တညံညံနှင့်*
*ပုဂံဘုရား ဖူးမြော်သွားက*
*ဘုရားမစုံ နေသာကုန်မည်"*

ဆရာကြည်အောင်က သည်လိုဆိုပြီး သည်သို့ဆက်ပြောခဲ့သည်။

*"ပုဂံနှလုံး ရေးထုံးသိမှ ယဉ်ကျေးမှုနှင့်*
*အနုပညာ သာသနာတည့်*
*ပုဂံခွန်အား ဓားနှင့်စိုက်ခင်း စည်းလုံးခြင်းတည့်*
*နှလုံးမွန်၍ အားခွန်လက်မောင်း ယောက်ျားကောင်းသို့*
*ရှေးဟောင်းပုဂံ ပြည် ပေါ်တွင်မှာ နိုင်ငံသစ်ထူ*
*ဦးစွန်းလူခဲ့ ပြည်သူ ညီညွတ်သည်တကား..."*

ကြည့်သော်... ပုဂံသည် အဆုံးအစမရှိသော အလှအပတို့ဖြင့် ပေါင်းစည်းရုံးကာ မြန်မာ့နေရာဟောင်းဖြစ်ခဲ့ပါ၏။ ကမ္ဘာတည်သရွေ့ မြန်မာပြည်ဝလေ့ မမေ့သာသည်မှာ ပုဂံသာဖြစ်ချေတော့၏။

ဘုရားမတင် နတ်မတင် လူတွင်ပန်းဆယ်မျိုးဆိုသည့် အတိုင်းလည်း ပုဂံ၏ အနုပညာလက်ရာများသည် ပုဂံ၏ သာသနာတော်နှင့်အတူ ထွန်းကားပြန့်ပွားခဲ့ပါ၏။ ပုဂံသို့မဟုတ် မြန်မာ၏ ယဉ်ကျေးမှု တိုးတက်ကြွယ်ဝမှုသည် အညွန့်လည်းဝေခဲ့သလို ခေတ်နှင့်အညီ အခွန့်လည်းရှည်ခဲ့သည်။ ပုဂံ၌ အမှန်တရားသည် အမြဲတည်ရှိနေခဲ့သည်မှာ ထိုမင်းထိုကာလ၏ နိမိတ်ပုံပင်ဖြစ်သည်။

မြန်မာမှန်လျှင် ပုဂံကိုတော့ ရောက်ဖူးရမည်ဆိုသလို သာသနာတော်နှင့် အနုပညာတည်တံ့ပေါက်ဖွားခဲ့သော ပုဂံကိုညှော်စူး၍ ခြေသုတ်ပုဆိုး မြေခွယ်ကျိုးပမာ တန်ဖိုးအရင်းအမြစ်တည်ရာနေရာဟု သတ်မှတ်ပြီး ဂုဏ်ယူစရာ ပုဂံ၏ ခြေတော်ရင်းသို့ ဝပ်ဆင်းဦးခိုက်နေရပါမည်။ သစ္စာတရားသည် ယုံကြည်ချက်၏ ဖြောင့်မှန်သော ပြယုဂ်မဟုတ်လား။

ပုဂံစာအုပ်တွင် ဆရာဇေယျရေးခဲ့သော 'ညောင်ဦးတစ်ဝိုက်' ဆိုသည့် ဆောင်းပါးထဲမှ စာပိုဒ်ကလေးကိုလည်း သတိရနေမိသည်။

'ဂူပြောက်ကြီးမှ ထွက်ခွာလာသည့်အချိန်တွင် နေကလေးရှိလျက် ဇရာဝတီမြစ်ဟာစ်ဖက်ကမ်း တန့်ကြည်တောင်ဘက်သို့ ရော့ဆင်းနေသည်ကိုတွေ့ရ၏။ ချက်ချင်းလိုလိုပင် အမှုဒိဂရီလျော့ကျသွားလျက် လေပြည်ကလေးတဖြူးဖြူးတွင် နှမ်းခင်း၊ ပြောင်းခင်းများအကြား မြင်းလှည်းကလေး တငြိမ့်ငြိမ့် စီးသွားရသည်မှာ ချစ်ဖွယ်ကောင်းလှ၏။ အနောက်သို့ ကြည့်သော် ဝင်လုဆဲဆဲ နေရောင်နုနုကလေး ဟပ်နေသော ရွှေတပင်းဝင်းနှင့် ရွှေစည်းခုံစေတီတော်ကြီးကို ဖူးမြင်ရ၏။ ကျွန်တော်တို့လာနေသော သဲဖြူလမ်းအောက် စေတီပြို စေတီပျက်များအကြား လေသိမ်းရာသို့ တယိမ်းယိမ်း တန့်နွဲ့နေကြသော နှမ်းပင်နုနုနှင့် ပြောင်းပင်အိုကလေးများကို မြင်ရ၏။ တစ်ခါတစ်ရံ ခပ်ဝေးဝေး ထနောင်းပင် စုကလေးဆီမှ ချိုးကူသံလိုလိုလည်း ကြားယောင်မိ၏။ ပြိုပျက်နေသော ပုဂံပြည်၏ သာယာမှုသည် ကျွန်တော်တို့အား လွှမ်းခြုံလျက်ရှိ၏ ပုဂံခေတ်သက်များသည် ကျွန်တော်တို့ စိတ်တွင်းသို့ စိမ့်ဝင်ပျက်ရှိ၏။ ရှေးပုဂံမြို့ဟောင်းကြီး၏ တည်ငြိမ်သောအရောင်များကို ခံစားနေရသဖြင့် လေသံမျှပင် မထွက်ပဲ အားလုံးငြိမ်သက်နေသည့် သဘ္ဘာနိဂ အတွေးကိုယ်စီထဲမှာ ရှိနေခဲ့ကြပါ၏။

ရေဒီယိုထဲမှ ထွက်လာသည့် 'တင်နီးလေးနှင့် ခင်ယုမေ' တို့၏ စုံတွဲတေး 'ချစ်ခရီးဇရာ' သည် ပုဂံစာအုပ်ထဲမှ ရေသည်ဟု ကိုလေးလွင်က ပြောဖူးသည်။



နှစ်ပေါင်းများစွာ ဝေးကွာခဲ့ပြီဖြစ်၍ ညှိုးနွမ်းနေသော ပုဂံ၊ သောကရောင်လွှမ်းနေသော ပုဂံ၊ လွမ်းဆွတ်ကြေကွဲနေသော ပုဂံ၊ တသဝမ်းနည်းစရာ ပုဂံကို ပြန်လည် ရှင်သန်နိုးထလာအောင် တပ်လှန့်ပေးခဲ့သည့် ဆရာဇော်ဂျီ၏ ဂန္ထဝင်ကဗျာရှည်၊ ယခုတော့လည်း ပုဂံသည် အလွမ်းကို မေ့နေမည်၊ ပူဆွေးသောကတို့လည်း ပြယ်နေမည်၊ ကြေကွဲခြင်းသည်လည်း အဝေးသို့လွင့်စင်စေမည်ဆိုသော ရည်ရွယ်ချက်ဖြင့် ဆရာဇော်ဂျီ အားမြင့်ရေးခဲ့သည်ဟုထင်သည် သို့သော် ပုဂံ၏ကြေကွဲမှုအသွင်အလားသရုပ် တံခါးကတော့ ပြနေသည်။



'လေပြည်လေး တဖြူးဖြူး ပြောင်းခင်းလေးတွေ တငြိမ့်ငြိမ့်လူး ဇရာဝတီဖြစ်ရေသင်ဖြူး၊ လှေကလေးလှော်ကာကြည်နူးခွန်းတုံ့လှယ်စကားနဲ့မြူး၊ ရည်စူး ဒီတန်ခူးပေါင်းကြရန်တို့နှစ်ဦး မြတ်စိန္တေထုံဖူး'

မရမ်းစေ့ရောင်နုနု ဗေဒါပွင့်ကလေးတွေကိုတော့ မောင်ဆယ်ကာခူးရပေဦးမည်၊ သီးချင်းကလေးသည် ဇရာဝတီမြစ်ထဲမှပင် ဖူးပွင့်လာသည်ထင်ရသည်။

သည်လိုပဲ မြန်မာသီချင်းအဟောင်းထဲမှ အကောင်းတွေကိုဆက်လက်တည်ရှိစေချင်သည်။ ''မြန်မာ့နေရာဟောင်းကို အောက်မေ့အတန်တန်'' ဆိုသည့် ကိုတင်အောင်သန်းသီချင်းသည်လည်း ပြည့်ညွန်းနေသည်။ မြန်မာ၏ ရိုးသားဖြူစင်သော လက္ခဏာနှင့် ရာဇဝင်အမှတ်အသားတို့သည် ခေတ်ပြားသီချင်းများ၌ပင် လွှန့်လူး ပျော်ဝင်လျက် ရှိနေစေချင်သည်။ အညွှန့်တဝေဝေနှင့် အခွန့်ရှည်ရှည်ရှိခဲ့သော ပုဂံကတော့ မြန်မာမှန်လျှင် ပုဂံကိုလွမ်းတတ်မှ အသက်ရှည်မည်ဟု ဆိုနေသယောင်။

ထို့အတူ ပုဂံသို့ရောက်ပြီး အာနန္ဒာဘုရားကို မဖူးမြင်ရပါက ပုဂံသို့ ရောက်သည်ဟု ဆိုနိုင်အံ့မထင်ပါ။ အာနန္ဒာဘုရားသည် ဗုဒ္ဓဘာသာဝင်တို့အတွက် အထူးကြည်ညိုဖွယ်ရာ သပ္ပာယ်လှသောကြောင့်သာမက ရှေးဟောင်းယဉ်ကျေးမှုကို လေ့လာဆည်းပူးသူတို့အတွက် ယဉ်ကျေးမှုသိုက်မြုံ ကြီးပမာ ဖြစ်သောကြောင့်ဟု 'ပုဂံမြို့သူ' ထဲကဆိုခဲ့သည်။ အာနန္ဒာဘုရားကိုဖူးမြင်ရပါက

*''ဉာဏ်မြင့်ကြီးထွား ပုဂံသားတို့*
*ဘုရားပုထိုး လိုဏ်ဂူမိုးလျှက်*
*တတ်မျိုးစုံစွာ ဗိသုကာဖြင့်*
*လက်ရာဆန်းကြယ်သောက်ကြ၏''*

ကြည်အောင်၏ ကဗျာ၊ မင်းယုဝေကဗျာကလည်း အမှတ်ရစရာ။

*''သည်နေရာဝယ် ညီညာကြိုးစား ပုဂံသားတို့*
*အများကျိုးပြု ယဉ်ကျေးမှုကို*
*အထု နိုင်မာတည်ခဲ့၏'*

ပုဂံမြို့သူကလည်းဆက်လက်ပြောပြန်ပါသည်။

'ပုဂံသူ ပုဂံသားဆိုတိုင်းလည်း အထင်ကြီးဖို့က မဖြစ်နိုင်ပါ။ ဘုရား မြင်ဖန်များတော့ ရိုးတယ်ဆိုတာလိုပဲ ပုဂံသူ ပုဂံသားအဖို့ ပုဂံက ဂူတွေကျောင်းတွေ ဘုရားတွေဟာ ဘာမှ မဆန်းသလိုရှိနေတတ်တယ်။ ပုဂံယဉ်ကျေးမှုပေါ်ဘယ်လိုမှ သဘောမပေါက်ကြတဲ့ လူတွေ တစ်ပုံတပင်ကြီးပါပဲ။ ကျွန်တော်တို့ လူမျိုးကိုယ်၌ကလည်း ရှေးဟောင်းယဉ်ကျေးမှုတို့ဘာတို့အပေါ် စိတ်မဝင်စားတတ်ကြတာ ဘာသိဘာသာနေတတ်တဲ့ နမူနာတစ်ခုပဲ၊ နိုင်ငံခြားသားတွေအဖို့ ဆိုရင် ပုဂံဟာ မြန်မာတစ်ယောက်ထက်ပိုပြီး အံ့ချီးစရာကောင်း စိတ်ဝင်စားစရာကောင်းနေလိမ့်မယ်ထင်တယ်' အဲဒါက ကျွန်တော်မြင်ဖူးကြုံဖူးတာကို ထည့်တွက်ပြောရတာ'

မောင်သိန်းဆိုင်ရေးသည့် 'ပုဂံမြို့သူ' ထဲမှာတော့ ပုဂံသူပုဂံသားဆိုလျှင် ပုဂံကို ရွှေချထားလိမ့်မည်လို့ ဖော်ပြထားသည်မှာ ကျေနပ်စရာတစ်ခု။

ရှင်အရဟံမထေရ်မြတ်၏ သာသနာတော်ထားရှိအပ်သည့် တရားကံ တရားသဏ္ဍာန်ကလည်းမသေး။ အနော်ရထာပုဂံပေါ်ထားရှိခဲ့သည့် စိတ်ဓာတ်ဘုန်းကံကလည်း အခိုင်အမာ။ ကျန်စစ်သားနှင့် သားတော်ရာဇကုမာရတို့၏ ပုဂံအပေါ် ရည်ရွယ်ထားရှိခဲ့သည့် စေတနာ မေတ္တာသန့်ပြန့်မှုကလည်း ရိုးသားနိုးကြားပြီး အဘိုးအဘွားပုဂံစိတ်ဓာတ်ကလည်း အံ့ချီးလောက်စရာ။ ကြည့်လိုက်ပါလားကျန်စစ်သား၏ မေတ္တာ စေတနာ ကရုဏာတရား အလွန်ကြီးမားစွာ တွေ့ရပါ၏။

''မိမိ၏ ယာလက်တော်ဖြင့် ဆန်စပါးစသော စားဖွယ်သောက်ဖွယ်တို့ကို ပေးအပ်ကျွေးမွေးမည်။ လက်ဝဲတော်ဖြင့် အဝတ်ပုဆိုးအဆင်တန်ဆာတို့ကို ပေးအပ်ဆင်ယင်မည်။ ပြည်သူအပေါင်းပင် အမိရင်ခွင်၌ရှိသော သားငယ်ကဲ့သို့ အေးချမ်းသာယာစွာ ရှိစေ

**"မိမိ၏ ယာလက်တော်ဖြင့် ဆန်စပါး စသော စားဖွယ် သောက်ဖွယ်တို့ကို ပေးအပ် ကျွေးမွေးမည်။ လက်ဝဲတော်ဖြင့် အဝတ် ပုဆိုး အဆင်တန်ဆာတို့ကို ပေးအပ် ဆင်ယင်မည်။ ပြည်သူအပေါင်းပင် အမိရင်ခွင်၌ရှိသော သားငယ်ကဲ့သို့ အေးချမ်းသာယာစွာ ရှိစေရမည်။"**

ရမည်။"

မင်းနှင့် ပြည်သူ ရည်တူညီတူ ကြည်ဖြူခဲ့လေသော ပုဂံ။ ထိုခေတ်၏ ထွန်းကားခဲ့သော ကဗျာတစ်ပုဒ်သည်ပင် ကြားနာတတ်သော နားအဖို့ ထာဝရကျူးရင့်ကာ နေပေတော့မည်။ ဩော်လေ မင်းနှင့်ပြည်သူ ရည်တူ ညီတူ ကြည်ဖြူခဲ့လေသော ထွန်းပလင်းဟန် အို… ပုဂံ။

*"တရားငယ်မှန်*
*ရှင်မြတ်ကယ်ထေရ်အရဟံနဲ့*
*ပြည်ပုဂံနော်ရထာဘုန်းငွဲပြင်*
*ပြည်လုံးညီညာတော့*
*ဤကမ္ဘာမှာ မြန်မာရယ်လို့ ဝင့်ခဲ့သတဲ့။*
*သည်မင်းသည်ပြည်ထောင်ဖြင့်*
*မလေးမောင်ချစ်မငြီးနိုင်ဘု*
*ရွှေညီးခုံ ခြေတော်ရင်းဆီက*
*ခေတ်ဟောင်းစံ ပုဂံသီချင်းကိုဖြင့်*
*ညှင်းဆိုခဲ့ပြောင်း…"*

*(ဇော်ဂျီ)*

ဆိုခဲ့ပြီးသလို ဧရာဝတီမြစ်ကြောင်း ပတ်၍ စိုက်၍ စီးဆင်းနေသော ပုဂံရွာ ပုဂံမြို့ဟောင်းမှာ ကြည်ညိုစရာ ကြည်နူးစရာတွေက များပါပေသည်။ ကြည်ညိုစရာဆိုသည်မှာ သပ္ပာယ်လှသော ရှေးဟောင်း ဘုရားစေတီများဖြစ်၍ ကြည်နူးစရာဆိုသည်မှာ နိုင်ငံသစ်တည်ခဲ့သော ရှေးခေတ်ပုဂံသားတို့ဖြစ်သည်။ ကြည်ညိုစရာကိုဖူး၍ ကြည်နူးစရာကို တွေးရသည်မှာ ဖူး၍ တွေး၍ကုန်နိုင်ပါတော့မည်လားဟု ဆရာဇော်ဂျီက အောက်မေ့မိသည်ဟု ဆိုသည်။

ဆရာမင်းသုဝဏ်ကို ဝန်ခံစကားပြောကြားသွားခဲ့သူက ဦးသန့်။

ဤသို့ ခမ်းနားကြီးကျယ်သာ အုတ်မြစ်ဖြစ်သည့် 'အရိမဒ္ဒနာ' ပေါက္ကာရာမ ပုဂံပြည်ကြီးကို ကျွန်တော်တို့နှင့်အတူ ဦးသန့်သည် ညနေအိမ်အပြန်တွင် 'ပုဂံကိုလာရမယ်ဆိုတော့ ကျွန်တော်မကြည်နူးမိပါဘူး၊ အခုရောက်လာလို့ တွေ့ရတော့မှ မရောက်ပဲများ သေသွားရရင်၊ ခက်ရချည့်ရဲ့လို့ အောက်မေ့မိတယ်' ဝန်ခံပြောသွားဦးသန့်စကားဟု ဆိုသတည်း။

ဩော်… သက်ကြီးစကား သက်ငယ်ကြားရ အားတော့ ရမိလိုက်သည်။ ဧရာဝတီ၏ လွမ်းမောရိပ် ပုဂံ၏ အတိတ်ကလည်း စာရေးဆရာအောင်စိုးပြောသလို ဖြစ်နေမလား။

*"ပုဂံသားတို့*
*ဝင့်ကြွားပပ ခေါင်းပေါင်းသလျှက်*
*အေးမြစိုပြည် ငါတို့မြေသည်*
*မင်းနေပြည်စစ် နောင်တွင်ရစ်လိမ့်*
*ရွှန်းသစ်သမိုင်း နတ်နှင့်နှိုင်းသည်*
*ဆိုတိုင်း တင့်တယ်ပေသည်တကား"*

*ပုဂံသားတို့ ဝင့်ကြွားမပ*
*မှေးမှိန်ကြ၍ ရာဇဌာနီ*
*မင်းနေပြည်လည်း တစ်လီပျက်ပြုန်း*
*ရွာနိဂုံးသို့ ယူကျုံးမရရောက်ခဲ့သတည်း။*

*ကွေ့ကွေ့ဝိုက်ဝိုက်*
*ထွေးပိုက်စုံဆင်း မြတ်မင်းဧရာ*
*မပြောသာနှင့် သည်မှာဘုရား*
*သည်နားပြိုပျက် ကြုံရချက်ကို*
*ကျမျက်ရည်ဖိတ် ငိုမတိတ်၍*
*ပြည့်သိပ် မြစ်ပြင် ဖွေးဖွေးတကား။*

*ရီဝေတဲ့မှိုင်း မြူမင်းဆိုင်းသည်*
*ရှစ်တိုင်းဌာန ငိုဟန်တကား…"*

*(အောင်စိုး-၁၉၅၅)*

ပုဂံရွာမှ ကြားနေရဆဲ မြင်ရဆဲဖြစ်သည့် ဧရာဝတီ ရေစီးသံကဖြင့် ပုဂံရွာ ပုဂံမြို့ကို ကွေ့ဝိုက်စီးဆင်းလျှက်ပင်ရှိနေသေးတာကတော့ လွမ်းစရာပဲကောင်းနေသေးတော့သည်။ ။

*အလွမ်းသီချင်းရေးတဲ့*
*မောင်ကျော်အေး*

**အရှင်နန္ဒမာလာဘိဝံသ**

# ကရုဏာနှလုံးသားတော်ပုံရိပ်များ

စစ်ကိုင်း၊ မင်းကွန်း မင်းဝံတောင်တန်းကြီးများသည် ဧရာဝတီမြစ်ကြီး၏ အနောက်ဘက်ကမ်းမှာ တည်ရှိကြပြီး လွန်ခဲ့သည့် နှစ်ပေါင်းများစွာမှ အစပြု၍ စေတီ ပုထိုး တည်ထား ကိုးကွယ်ရာ ဌာနကြီးဖြစ်၏။ ရှေးယခင်မှ အစပြု၍ သူတော်စင်များ တရားဓမ္မဖြင့် ခိုအောင်းရာ တောင်ရိပ်တောင်စောင်း တောရကျောင်းများ တည်ရှိရာ ဌာနကြီးလည်း ဖြစ်သည်။

ယနေ့ခေတ်မှာမူ ဘုရားကျောင်းကန်များ တိုးတက်များပြားလာပြီး တောင်ရိုးပျော် ရဟန်းသာမဏေ သူတော်သီလရှင် အရေအတွက်လည်း တစ်နေ့တခြား တိုးပွားလျက်ရှိသည်။ ""ခန္ဓာရလာခြင်းသည် ရောဂါရလာခြင်းသာဖြစ်သည်"" ဟူသော ဓမ္မအမြင်နှင့်အညီ ခန္ဓာနှင့် ရောဂါသည် အစဉ်တွဲနေသောအရာဖြစ်သည်။

ခန္ဓာရထားသူတိုင်း အကြောင်း(၈)မျိုးကို အခြေခံကာ ရောဂါဖြစ်လာတတ်ကြောင်း သံယုတ္တနိကာယ် သီဝလာသုတ္တန်မှာ ပါရှိ၏။

ပိတ္တံ သေမှံ စ ဂါတောစ၊ သန္နိပါတာ ဥတုနိစ။
ဝိသမံ ဩပက္ကမိကံ၊ ကမ္မဝိပါလောန အဋ္ဌမီ။

ဆိုသည့်အတိုင်း ရောဂါဖြစ်ကြောင်းတရား (၈)မျိုးရှိသည်။ ထို(၈) မျိုးမှာ (၁)သည်းခြေ (၂)သလိပ် (၃)လေ (၄)သည်းခြေ-သလိပ်-လေ ၃ ခုအပေါင်း (၅)ဥတုဖောက်ပြန်မှု (၆)ပုရိယာပထ မမျှမတ နေထိုင်မှု (၇)ရောဂါဖြစ်စေတဲ့ လုံ့လပယောဂ (၈)ကံတရားတို့ပင် ဖြစ်၏။

အကြောင်းတစ်မျိုးမျိုးကြောင့် ရောဂါရလာလျှင် ထိုရောဂါသက်သာအောင် ပျောက်ကင်းအောင် ကုသကြရ၏။ ရောဂါရလာသောပုဂ္ဂိုလ်နိယသည် ရောဂါဒဏ်ဖြင့် ဒုက္ခခံနေကြရ၏။ ထိုပုဂ္ဂိုလ် မျိုးကို ""ဂိလာနပုဂ္ဂိုလ်"" ဟု ခေါ်ကြ၏။ မမာမကျန်း ပင်ပန်းဆင်းရဲ၏။ ပြုစုစောင့်ရှောက်မည့်သူ အကူအညီဆေးဝါး ဓာတ်စာ လိုအပ်၏။ တောရိပ်တောင်စောင်း ကမ္မဋ္ဌာန်းကျောင်းမှာ နေထိုင်ကြသည့် ပုဂ္ဂိုလ်များအဖို့ သူနာပြု ဆေးဝါးဓာတ်စာ ဆိုသည်မှာ အလှမ်းကွာသည့် အရာများသာဖြစ်၏။





မမာမကျန်း မရွှင်လန်းဘဲ ပင်ပန်းဆင်းရဲရှာကြသည့် ဂိလာနပုဂ္ဂိုလ်များအတွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးလိုကြသည့် စွမ်းဆောင်နိုင်သော ဆရာတော် (၂)ပါး ဦးဆောင်ကာ စစ်ကိုင်းတောင်ရိုးကြီး၏ အရှေ့ဘက်ခြမ်း၌ ဝါးချက် ဇီဝိတဒါန သံဃာ့ဆေးရုံ၊ အနောက်ဘက်ခြမ်း၌ သီတဂူအာယုဒါန သံဃာ့ဆေးရုံတို့ကို အသီးသီးတည်ထောင်ထားကြ၏။ ကရုဏာနှလုံးသား၏ ပုံရိပ်အလား ခံ့ညားစွာ ပေါ်လာသည့် ဆေးရုံကြီး ၂ ရုံက ``ဂိလာနုပဋ္ဌာန`` လုပ်ငန်းကို ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြပေသည်။

``ပရဒုက္ခေ သတိ သာဓူနံ ဟဒယကမ္ပနံ ကရောတီတိ ကရုဏာ`` ဆိုသည့်အတိုင်း ပရဒုက္ခကို ကြားသိရတိုင်း နှလုံးသားကို ကိုင်လှုပ်တတ်သော ကရုဏာရှင် ဆရာတော် ၂ ပါးမှာ သီတဂူဆရာတော်နှင့် ကျွစာဆရာတော်တို့ပင် ဖြစ်ပေသည်။

သက်တော်ရွယ်တော် မတိမ်းမယိမ်း အသက် ၇၀ ကျော်ကြပြီး ဖြတ်ကြသော ဤဆရာတော်ကြီး ၂ ပါးတွင် ကျွစာဆရာတော်ကြီးက အနည်းငယ်ကြီးပေသည်။ ၁၃၇၂ ခုနှစ်၊ တန်ခူးလတွင် ကျွစာဆရာတော်သည် သက်တော် (၇၅)နှစ်သို့ ရောက်ရှိခဲ့ပြီဖြစ်၏။

စာရေးသူ ငယ်ရွယ်စဉ် ရှင်သာမဏေဘဝကပင် ကျွစာဆရာတော်ဖြစ်လာမည့် အရှင်လက္ခဏကို သိကျွမ်းခင်မင်ရင်းနှီးခဲ့ပါသည်။ စာရေးသူ၏ အထက်တစ်ယောက်ခြား နောင်တော်ဖြစ်သည့် ကျောင်းကုန်းဆရာတော် ဒီဃဘာဏကအရှင်ဥတ္တရနှင့် အရှင်လက္ခဏတို့မှာ သက်တူရွယ်တူဖြစ်ကြသည်။ ခင်မင်ရင်းနှီးကြသည့် မိတ်ဆွေရင်းများလည်း ဖြစ်ကြသည်။

ကျွစာ ဆရာတော်အရှင်လက္ခဏသည် ဥပဓိသမ္ပတ္တိနှင့် ပြည့်စုံရုံမျှမက သပ်ရပ်သန့်ရှင်းစွာ နေထိုင်တတ်၏။ အပြောအဆိုယဉ်ကျေးပြီး အနုပညာ ဓာတ်ခံရှိသူဖြစ်သည်။ ပိဋကတ်စာပေနှင့် အင်္ဂလိပ်၊ သက္ကတ၊ ပါဠိဘာသာတို့ကို လေ့လာဆည်းပူး ထားသူဖြစ်၏။ အရာရာတွင် ဗဟုသုတရှိသူဖြစ်၏။

မဟာဝိဇယရုံသီစာသင်တိုက်ကြီးကို တည်ထောင်၍ ပရိယတ္တိပညာကို ဖြန့်ဖြူးပေး၏။ ကိုယ်တိုင် ပဋိပတ္တိအလုပ်ကို ကျင့်ကြံကြိုးကုတ်အားထုတ်ကာ ပြည်တွင်းပြည်ပ တရားစခန်းများ ထူထောင်ပြီး ပဋိပတ္တိသာသနာပြန့်ပွားအောင် ဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်းမှာသာမက ပြည်ပမှာပါ ထင်ရှားသော ကမ္မဋ္ဌာနာစရိယဆရာတော်တစ်ပါးဖြစ်ပါသည်။

ကျွစာဆရာတော်ကြီးသည် ထင်ပေါ်ကျော်ကြားသော ``အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ`` ဘွဲ့ရ ဆရာတော်ကြီးတစ်ပါးဖြစ်သည်။ ထင်ပေါ်ကျော်ကြားမှုကြောင့် ရရှိလာသော လာဘ်လာဘဖြင့် ပုဂ္ဂလ ဓမ္မ အကျိုးပြုလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်လျက်ရှိသည်။ အချိန်မှန် ရွာသွန်းသောမိုးရေကို အမှီပြုတောတောင်ရှိသစ်ပင် ဝါးပင်တွေ ကြီးထွားရသကဲ့သို့ ကျွစာဆရာတော်ကြီးကို အမှီပြု၍ ရဟန်းရှင်လူ ပုဂ္ဂိုလ်များစွာ ချမ်းသာသုခရရှိနေကြပေသည်။

လူသားများတွင် ရောဂါ ၂ မျိုးရှိ၏။ ကာယိကရောဂါနှင့် စေတသိကရောဂါတို့ဖြစ်၏။ စေတသိကရောဂါကို ကုစားရန် ကျွစာချောင်၌ ကမ္မဋ္ဌာန်းကျောင်းများ ရှိ၏။ ကာယိကရောဂါ ကုစားရန် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးရှိ၏။ ဤ ၂ မျိုးသည်ပင် ကျွစာ ဆရာတော်ကြီး၏ ကရုဏာနှလုံးသား၏ပုံရိပ်များ ဖြစ်ပေသတည်း။

*(ဤဆောင်းပါးစာဖြင့် ကျွစာဆရာတော်၏ သက်တော် ၇၅ နှစ်မြောက် စိန်ရတုမွေးနေ့အမှတ်တရ ပူဇော်ပါ၏။)*

အရှင်နန္ဒမာလာဘိဝံသ
မဟာသုဗောဓာရုံကျောင်းတိုက်
စစ်ကိုင်းမြို့။



# ကျွန်ုပ်ဆရာတော်ဘုရား၏ ကျွန်ုပ်ကျောင်း

သိက္ခာရှင်သုမေဓာစန္ဒာ



စာရေးသူ လွန်ခဲ့သော ငါးနှစ်ခန့်မှာ အထက်မြန်မာပြည်သို့ ပထမဆုံးအကြိမ်ရောက်ခဲ့ဖူးပါသည်။ ထိုအချိန်က မန္တလေးမြို့တွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး တာဝန်ထမ်းဆောင်နေသော ဦးလေးဖြစ်သူ ဗိုလ်မှူးချုပ်ဦးနေဝင်းသည် မန္တလေးတွင် တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း အောက်မြန်မာပြည်မှ အမျိုးများ ဘုရားလာဖူးကြရန် ဖိတ်ခေါ်ထားပါသည်။ ထို့ကြောင့် စာရေးသူတို့ ညီအစ်မလည်း အထက်အညာဒေသ မန္တလေးသို့ ခရီးထွက်ခဲ့သည်။

မိမိစိတ်အထင်မှာ အထက်အညာဒေသဆိုတာ မိုးခေါင်ရေရှား အမြဲခြောက်သွေ့နေတာပဲဟု စိတ်ထဲမှာ ထင်ခဲ့ပြီး အထက်အညာဒေသ မန္တလေးစစ်ကိုင်းကို လာဖို့ဆိုလျှင် တစ်ခါမှ စိတ်မဝင်စားခဲ့ပါ။ ယခုတော့ မိမိစိတ်အထင်နှင့်အမြင် တခြားစီဖြစ်ခဲ့ရပါပြီ။ မန္တလေးကို ပထမဆုံးခြေချမိတော့ နိုင်ငံခြား မြို့တစ်မြို့ကို ရောက်နေသလို စိတ်မှာ ထင်ခဲ့ရပြီး တိုးတက်ဖွံ့ဖြိုးသော တိုက်တာအိမ်ရာများနှင့်တကွ မန္တလေးတောင်နန်းတော်နှင့် ကျုံးရေပြင်က ကြည့်လို့ မဝနိုင်သည့် ရှုခင်းတစ်ခုပင်။

နန်းတွင်း စစ်တပ်ထဲမှာရှိသော ဦးလေး ဗိုလ်မှူးချုပ်နေဝင်း+ဒေါ်နန်းအေးမြဲအိမ်တွင် နားကြပြီး မန္တလေး မဟာမြတ်မုနိဘုရားသို့ သွားရောက်ဖူးမြော်ပါသည်။ ထို့နောက် နန်းတွင်းမှာရှိသော မြနန်းစံကျော် ရွှေနန်းတော်သို့ သွားရောက်လေ့လာသည်။ မင်းတုန်းမင်းနှင့် စကြာဒေဝီမိဖုရားကြီးတို့၏ ရုပ်တုများကို တွေ့ရသည့်အပြင် နန်းတော်ကြီးကို ရှေးမူမပျက် ဆောက်လုပ်ထားသည်မှာလည်း ကြည့်မဝနိုင်ပါ။ သားတော် သမီးတော်များ ဆော့ကစားခဲ့သော ပန်းခြံကလည်း စိမ်းလန်းစိုပြည် သာယာကျယ်ဝန်းပြီး မျက်စိပသာဒဖြစ်လျှက်ရှိသည်။ ထို့နောက် မင်းတုန်းမင်းကြီး နေခဲ့သော ရွှေကျောင်းတော်ကြီး၏ ရှေးဟောင်း ကနုတ်လက်ရာများကလည်း အံ့မခန်းပင်။ မန္တလေးမြို့သည် ရှေးဟောင်းနေရာဒေသနှင့် ရှေးဟောင်းအနုပညာများ ပေါများသော ဒေသတစ်ခုအဖြစ်တွေ့ရှိခဲ့ရသည်။

ထို့နောက် စစ်ကိုင်းဘက်သို့ ကူးခဲ့ပြီး စစ်ကိုင်းတံတားပေါ်မှ စစ်ကိုင်းတောင်ရိုးကို လှမ်းကြည့်လိုက်သည့်အခါ တောင်ပေါ်မှာ စကားဝါပန်းပွင့်ကလေးများ ကြဲချထားသလို ရွှေရောင်ဝင်းနေသော စေတီပုထိုးများကလည်း အများအပြားပင်။ ထို့ကြောင့် စစ်ကိုင်းတောင်တန်းကြီးကို လှမ်းပြီး လက်အုပ်ချီလိုက်မိပါသည်။ ထို့နောက် မိမိတို့ စီးလာသော ကားကလေးသည် စစ်ကိုင်းမြို့ထဲသို့ ဝင်ရောက်လာပါသည်။ လမ်း၏ တစ်ဖက်တစ်ချက်တွင် ဘုန်းတော်ကြီးကျောင်းပေါင်း မြောက်မြားစွာကို အံ့သြဖွယ်ရာတွေ့ရှိရ၏။ မိမိသည် အောက်မြန်မာပြည် နေရာဒေသအနှံ့အပြားတော်တော်များများ ရောက်ရှိခဲ့ဖူးပြီး စစ်ကိုင်းလို ဘုန်းကြီးကျောင်းပေါများသော မြို့ကို မတွေ့ခဲ့ရပါ။ ထို့ကြောင့်ပင် မန္တလေး စစ်ကိုင်းကို သာသနာ့ဦးသျှောင်မြို့များအဖြစ် သတ်မှတ်ထားကြသည်။ စစ်ကိုင်းတောင်ရိုးမှ ဘုန်းကြီးကျောင်းပေါင်း များစွာကို ဖြတ်ကျော်လာခဲ့ပြီးနောက် ကျူစွာဆရာတော်ဘုရားကို ဦးတိုက် ဂါရဝပြုဖို့ရန် ကျူစွာချောင်းကို ရောက်ရှိခဲ့သည်။

ထို့နောက် ဆရာတော်ဘုရားကို ရှိခိုးဂါရဝပြုပြီးနောက် မိမိတို့အဖွဲ့သည် ကျူစွာချောင်ရှိ မဟာဝိဇယရုံသီတာသင်တိုက်နှင့် မဟာအတုလရုံသီဓမ္မရိပ်သာတို့ကို လှည့်ပတ်ကြည့်ရှု လေ့လာသည်။ တောင်ပေါ်တွင် ဆရာတော်၏ လှသန္တာစံကျောင်းတော်၊ (ယခုအခါ သန်းကြွယ်သူစံကျောင်းပါ ရှိနေပါပြီ။) ပိဋကတ်တိုက်တော်၊ မြတ်ဘုရား၏ ခြေရာတော်၊ သံဃာတော်များ သီတင်းသုံးဖို့ရန် အာဂန္တုကျောင်းဆောင်၊ ဘုရားစေတီ ပုထိုးများ၊ မဏ္ဍပ်ကြီး သိမ်ကျောင်း ထို့နောက် တောင်အောက်တွင် စာသင်သားသံဃာတော်များ သီတင်းသုံးဖို့ရာ နှစ်ထပ်ကျောင်းဆောင်များ နှစ်ထပ်ဆွမ်းစားကျောင်းတော် ဆွမ်းချက်ဆောင်နှင့် ဝေယျာဝစ္စများနေဖို့ အဆောင်များ ဧည့်သည်များ တည်းဖို့ အဆောင်များဖြင့်လွန်စွာ ကျယ်ဝန်းပါသည်။

ထို့အပြင် တောင်အလယ်ပိုင်းနှင့် တောင်ပေါ်ပိုင်းတွင် အများနေ ယောဂီဆောင်ကြီး(၉)ဆောင်နှင့် တစ်ပါးနေ ကမ္မဋ္ဌာန်းကျောင်းပေါင်း (၇၀)ကျော်လောက် ရှိပြီး တောင်လယ်တွင် ယောဂီများ တရားထိုင်ဖို့အတွက် ကြီးမားလှပသော သုံးထပ်ခွဲ ဓမ္မာရုံတော်ကြီးမှာ ကမ္မဋ္ဌာန်းကျောင်းဆောင်များဖြင့် လွန်စွာ ပန်းရလျှက်ရှိသည်။

မိမိတို့အဖွဲ့သည် ဆရာတော် တည်ထောင်ထားသော ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံသို့ လေ့လာဖို့အတွက် ရောက်ရှိသွားပါသည်။ ဆေးရုံမှာ ဧရာဝတီမြစ်ဘေးတွင် တည်ဆောက်ထားသဖြင့် သန့်ရှင်းလတ်ဆတ်သော လေကောင်းလေသန့်ရရှိသည့်အပြင် ကြီးမားကျယ်ဝန်းသော ဧရာဝတီမြစ်ပြင်ကျယ် တစ်ဖက်ကမ်းတွင် မန္တလေးတောင် မန္တလေးမြို့နှင့်တကွ လွမ်းမောဖွယ်ရာရှမ်းတောင်တန်းကြီးကိုပါ လှမ်းမြင်ရသဖြင့် အံ့မခန်းလှပသော သဘာဝပန်းချီကားတစ်ချပ်ကို ကြည့်ရသလိုပင် ဆေးရုံတက်သူ လူနာများအဖို့ ရောဂါတစ်ဝက်ကို သက်သာစေပါသည်။

ရန်ကုန်မှလာသူ မိမိအဖို့ ဆေးရုံကြီးကို မြင်ရသည်မှာ ရန်ကုန်မြို့မှ အထူးကုဆေးရုံကြီးအလား အနံ့အသက်ကင်းလျှက် သန့်ရှင်းသပ်ရပ်မှုကို တွေ့ရှိခဲ့ရသည်။ သွားဌာနတွင်လည်း သွားကုသစရိတ် ဈေးကြီးပေမယ့် ဆရာတော် သံဃာတော် ဆရာကြီးဆရာလေးများကို အခမဲ့ လက်မလည်အောင် ကုသပေးလျှက်ရှိပြီး ပစ္စည်းကောင်းများကိုပဲ အသုံးပြုတာ တွေ့ရှိရသည်။ မျက်စိကုဌာနတွင်လည်း နိုင်ငံခြားမှ မျက်စိအထူးကုဆရာဝန်ကြီးများအလှည့်ကျ လာရောက်ကုသပေးလျှက်ရှိသည်ကို တွေ့ရှိခဲ့ရသည်။

လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ့်လေးနှစ်လောက်က ကျူစွာဆရာတော်ဘုရား ရန်ကုန်မဟာစည်ရိပ်သာကြီးတွင် သီတင်းသုံးစဉ် စာရေးသူ မိခင်သည် ထိုရိပ်သာကြီးတွင် နှစ်လ ဆရာတော်ထံတွင် ဉာဏ်စဉ်တရားနာသည်အထိ တရားအစစ်ခံပြီး သေသေချာချာ အားထုတ်ခဲ့ပါသည်။ ထို့နောက် တရားမှ ထွက်ပြီးသည့်အခါတွင်လည်း မိခင်သည် ဆရာတော်ကို သွားရောက်ကန်တော့လေ့ရှိပြီး မိမိပါလိုက်သွားလေ့ရှိသည်။ ထိုစဉ်က မိမိမှာဆယ်တန်းကျောင်းသူပင်ရှိသေးသည်။ မိခင်မှ သူမ၏ ကမ္မဋ္ဌာန်းဆရာနှင့် မိတ်ဆက်ပေးခဲ့သည်။ မိခင်မှ "ဒါ တပည့်တော်ရဲ့သမီးငယ်လေးပါ ဘုရား၊ သမီးက သီလရှင် သိပ်ဝတ်ချင်တာ၊ ဒီနှစ် ဆယ်တန်းဖြေမှာပါဘုရား။ ဆယ်တန်းမအောင်ရင် သီလရှင်

အပြီးဝတ်တော့မှာပါ” ဟု ဆရာတော်ကို လျှောက်နေပါသည်။ ဆရာတော်ဘုရားမှ “ဒီနှစ် (၁၀)တန်း စာမေးပွဲအောင်မှာပေါ့” ဟု မိန့်တော်မူလိုက်ပါသည်။ အဲ့ဒီနှစ်မှာပဲ စာရေးသူ ဆယ်တန်း အောင်မြင်ခဲ့ပါသည်။

မိမိငယ်စဉ် (၁၁)နှစ်သမီး အရွယ်ကတည်းကပင် သီလရှင်ဘဝကို အပြီးဝတ်ချင်ခဲ့သည်။ မိခင်ကြီးမှ စာရေးသူ ဘွဲ့တစ်ခု ရမှ သီလရှင်ဘဝ ခွင့်ပြုမည်ဆိုသောကြောင့် ရန်ကုန်တက္ကသိုလ်မှ ဘွဲ့တစ်ခု ရပြီးချိန်မှာ သီလရှင်ဘဝကို ရောက်ခဲ့သည်။ မိခင်ကြီးသည် အင်မတန်မှ စည်းကမ်းကြီး၍ မိမိတို့ ငယ်စဉ်ကတည်းကပင် အစစအရာရာ စည်းကမ်းတကျဖြစ်အောင် အနေအထိုင် အပြောအဆိုများကို ဆုံးမလေ့ရှိသည်။ ဖခင်မှာလည်း လက်နက်ကိုင်တပ်ဖွဲ့မှအရာရှိဖြစ်၍ စည်းကမ်းကြီးသူတစ်ဦးပင်။

တရား သတင်းမွေးလှသည်။ မိမိတို့ ညီအစ်မ သီလရှင်ဘဝသို့ မကူးပြောင်းမီ ဝတ်ကြောင်ဘဝကတည်းက ဆရာတော်၏ တရားပွဲများဆိုလျှင် မလွတ်တမ်း နာလေ့ရှိခဲ့သည်။

စာရေးသူ၏ ဖခင် ပြည်ထဲရေးဝန်ကြီးဌာနမှ အငြိမ်းစားယူလိုက်သောအခါ ရန်ကုန်တိုင်း၊ ဒဂုံမြောက်ပိုင်းမြို့နယ်တွင် ခြံတစ်ကွက်ရရှိခဲ့သည်။ ဆရာတော်သည်လည်း ဒဂုံအရှေ့ပိုင်းမြို့နယ်တွင် သိရီလက္ခဏာရာမ ဒဂုံသာသနာ့ရိပ်သာကြီးကို တည်ထောင်တော်မူလိုက်သည်။ ထိုအခါ စာရေးသူတို့ မိသားစု၏အိမ်သည် ဆရာတော်ဘုရား၏ ဒဂုံရိပ်သာနှင့် နီးသောကြောင့် အလွန်ဝမ်းသာကြရပြန်ပါသည်။ မိမိတို့ မိသားစု ဝမ်းသာကြရသည့်အတိုင်း မောင်လေးသည် ဆရာတော်၏ ကျေးဇူးကြောင့် ရဟန်းဘဝသို့ ရောက်ခဲ့ပြီ။ ထို့ပြင် အစ်ကိုလတ်လည်း ရဟန်းဖြစ်ခဲ့ပြီ။ မိခင်မှာ



မိမိသည် (၁၁)နှစ်သမီးအရွယ်တွင် သီလရှင် အပြီး မဝတ်နိုင်ခဲ့။ သို့သော် မိခင်ကြီးမှ တရားစခန်း စတင်ဝင်ခိုင်းခဲ့သည်။ ထိုအချိန်က (၁၀)ရက် တရားမှတ်ခဲ့ရသည်။ အလယ်တန်းကျောင်းသူ ဘဝလေးမှစ၍ အထက်တန်းကျောင်းသူ၊ တက္ကသိုလ်ကျောင်းသူဘဝတို့မှ ဘွဲ့ရသည်အထိ နှစ်တိုင်း မိခင်မှ ရက်ရှည်တရားစခန်းများပါဝင်စေခဲ့သည်။ ဖခင်ကြီးသည် ရန်ကုန်ပြည်ထဲရေးဝန်ကြီးရုံးတွင် တာဝန်ထမ်းဆောင်စဉ်က (ယခု ရန်ကင်းစင်တာနား) ဌတ္တာလစ်ဈေးနားတွင် တိုက်ခန်းရသောကြောင့် ထိုနေရာသည် ဟာမစ်တစ်ရှိ ရန်ကုန်မဟာစည် သာသနာ့ရိပ်သာကြီးနှင့် အလွန်နီးကပ်လေသည်။ ထို့ကြောင့် ကျေးဇူး ဆရာတော်ဘုရား ရန်ကုန်မဟာစည် သာသနာ့ရိပ်သာတွင် နာယက ကမ္မဋ္ဌာနာစရိယဆရာတော်အဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်ကာလမှာ စာရေးသူတို့ မိသားစုသည် ဆရာတော်၏ လမ်းညွှန်မှုအောက်တွင် တရားအားထုတ်ခွင့်ရခဲ့ခြင်းပင်။ ထိုစဉ်က ဆရာတော်သည် ယောဂီများကို တရားစစ် တရားဟောရာတွင် တော်သောကြောင့် မဟာစည်ကမ္မဋ္ဌာန်းလောကတွင် အလွန်

သားသမီး (၇)ဦးတွင် သားနှစ်ဦး သမီးနှစ်ဦး ရဟန်းဘဝ သိက္ခာရှင် (သီလရှင်)ဘဝ ရောက်သွား၍ ဝမ်းမြောက်၍ မဆုံးနိုင်တော့ပါ။ မိခင်သည် ဆရာတော်ထံတွင် တရားအားထုတ်ခဲ့စဉ်က သူမ၏ အသွေးအသားများကိုပါ သာသနာတော်ကို ပေးလှူချင်သောစိတ် ဖြစ်ပေါ်ခဲ့သည်ဟု ပြောခဲ့ရာ ယခု သူမ၏သွေးသားဖြစ်သော သားသမီး (၄)ဦး သာသနာ့ဘောင်ထဲ ရောက်၍ သူမ၏ဆန္ဒပြည့်ဝ၍ အလွန်ဝမ်းသာကြောင်း ခဏခဏပြော၍နေပါတော့သည်။

ယခုအချိန်မှာတော့ စာရေးသူတို့ ညီအစ်မနှစ်ပါးသည် ကျေးဇူးဆရာတော်ဘုရား၏ မေတ္တာရိပ်ကို ခိုလှုံလျက် ကျေးဇူးချောင် မဟာအတုလရံသီ ဓမ္မရိပ်သာ တောင်အလယ်ပိုင်းတွင် ရှိသည့် ဂုဏ်ရှိန်မြင့်ကျောင်းဆောင်တွင် နေထိုင်၍ ပရိယတ္တိ ပဋိပတ္တိ အလုပ်များကို လုပ်ဆောင်လျက် ရှိသည်။ မနက်၊ နေ့လယ်၊ ညပိုင်းတို့တွင် စာသင်သား ကိုရင်လေးများ၏ စာအံသံ၊ စာတက်သံ ဘုရားဝတ်တက်သံတို့ကို ကြားရသည်မှာ စိတ်ကို အထူးကြည်နူးစေသည်။

ထို့အပြင် စာရေးသူတို့ ကျောင်းနှင့် မျက်စောင်းထိုးတွင် နေထိုင်ကြသည့် ဂျပန်ဆရာဝန်ကြီး ယော်ရှိအိုကနှင့် မန်နေဂျာ ဦးသိန်းဇော်ဦးဆောင်သည့် ဂျပန်နှလုံးသား (Japan heart)စေတနာ့ဝန်ထမ်းအဖွဲ့မှ ဂျပန်ဆရာဝန် ဆရာမလေးများသည် နံနက်တိုင်း တောင်ပေါ် တောင်အောက်မကျန် တံမြက်စည်းလှည်းကြသဖြင့် သန့်ရှင်းလျက်ရှိသည်။ သူတို့သည် ဆေးရုံသို့ မသွားမီ ဓမ္မာရုံတွင် စုပေါင်းပြီး တရားလည်း ထိုင်ကြရသည်။ နံနက်စောစောပိုင်းတွင် သူတို့လေးတွေ၏ သာယာရွှင်ပြုံးသော "မင်္ဂလာပါ" ဟု နှုတ်ဆက်သံ၊ တံမြက်စည်းလှည်းသံများကို ကြားရသည်မှာလည်း ကြည်နူးစရာပင်။

ကျစ္စာချောင်သည် ဧရာဝတီမြစ်ကမ်းပါးမှ တိုက်ခတ်လာသော လေနုအေးများကြောင့် သန့်ရှင်းလတ်ဆတ်လျက်ရှိပြီး လေအဝေ့တွင် ပါလာသော ယင်းမာ၊ တောင်သဇင်၊ ဇလပ်၊ ကြက်ရုံးပန်းရနံ့များသည်လည်း မွှေးကြိုင်လျက်ရှိကြကာ သီတင်းကျွတ်ပြီဆိုလျှင် ကျစ္စာချောင်၌သာ တွေ့ရလေ့ရှိသော ဒုဇလီအမည်ရှိ အဝါရောင် ပန်းပွင့်ကလေးများသည် အစီအရီဖူးပွင့်ဝေဆာလျက်ရှိပေတော့သည်။ အဝါရောင်သည် သာသနာ့အထိမ်းအမှတ်အရောင်ပင်ဖြစ်၍ ထိုပန်းကလေးများသည် ကျစ္စာဆရာတော်ဘုရား၏ ပရိယတ္တိ ပဋိပတ္တိ သာသနာ့အလုပ်များကို ပူဇော်နေသယောင်ပင်။

သာယာလှပသော ကျစ္စာချောင်ကို ပြုပြင်ဖန်တီးတော်မူသော ကျစ္စာဆရာတော်ဘုရားသည် ကာယိကဋ္ဌေ၊ ဝစီကဋ္ဌေ လွန်စွာကြီးမားတော်မူ၍ ဝါဝင်းသောအသားအရေနှင့် ထူးခြားသော ဥပမိ ရုပ်ပိုင်ရှင်ဖြစ်ပြီး အလွန်ပါရမီထူးသော မထေရ်တစ်ပါးလည်း ဖြစ်ပေသည်။ ထို့ကြောင့် ဆရာတော်၏ ဘဝနှင့် သာသနာပြုလုပ်ငန်းကို လေ့လာကြည့်မိသောအခါ ဆရာတော်ဘုရားကို မန္တလေးတိုင်း မြင်းခြံခရိုင် ကတောကျေးရွာနေ ခမည်းတော်ဦးသာထယ်၊ မယ်တော် ဒေါ်ဖွားစောတို့မှ ၁၂၉၇ ခု ဦး တန်ခူးလဆန်း (၁၅)ရက် (၁၉၃၅ ခု ဧပြီလ (၁၇)ရက်) ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်ခဲ့ပြီး ၁၉၄၇ ခု မြင်းခြံခရိုင် ကတောရွာ ဒက္ခိဏာရာမကျောင်းတိုက် ဆရာတော် ဦးဥတ္တရ၏ ဥပဇ္ဈယ်ကို ခံယူကာ (၁၂)နှစ်အရွယ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

၁၉၅၁ ခုမှာ ကတောရွာ ဒက္ခိဏာရာမကျောင်းတိုက်မှ စစ်ကိုင်းတောင်ရိုး ရတနာမာရ်အောင်ချောင်သို့ ပရိယတ္တိစာပေသင်ယူရန် ကြွရောက်ခဲ့ပြီး ၁၉၅၄ ခု၊ ဇွန်လ၊ တနင်္ဂနွေနေ့တွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၊ (၆၈)လမ်း၊ မဟာဝိဇိတာရုံကျောင်းတိုက်မူလ ပဓာန နာယကချုပ်ဆရာတော် ဘဒ္ဒန္တဝါသနမဟာထေရ်၏ ဥပဇ္ဈယ်ကို ခံယူပြီး ရဟန်းဖြစ်တော်မူသည်။ ၁၉၅၆ ခုမှ ၁၉၅၉ ခုအထိ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဒေးဝန်းရပ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ခုယမေဒနီ ဝါဆိုကျောင်း၌ ဗုဒ္ဓပိဋကတ်စာပေများကို သင်ယူခဲ့ပါသည်။

ဆရာတော်သည် နိုင်ငံတော်အစိုးရ ပါဠိပထမပြန် စာမေးပွဲ၌ ပထမငယ်တန်းကို ၁၉၅၃ ခု နယုန်လ၊ ပထမလတ်တန်းကို ၁၉၅၄ ခု၊ တပေါင်းလ၊ ပထမကြီးတန်းကို ၁၉၅၆ ခုနှစ် ပါဠိဓမ္မာစရိယတန်းကို ၁၉၅၇ ခု၊ ပါဠိ ပါရဂူတန်းကို ၁၉၆၁ ခုမှာ အသီးသီးအောင်မြင်တော်မူခဲ့သည်။ မဟာဝိဇိတာရုံကျောင်းတိုက်၌ စာသင်သား သံဃာများအား ပရိယတ္တိစာပေများကို (၃)နှစ်တိုင် သင်ကြားပို့ချပေးခဲ့သည်။

ထို့နောက် သက်တော်(၂၇)နှစ်အရွယ် ၁၉၆၂ ခု၊ မေလမှာ မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက်မှ စစ်ကိုင်းတောင်ရိုး ကျစ္စာချောင်သို့ ကြွရောက်ခဲ့ပြီး ကျစ္စာဆရာတော်ဘုရားကြီး ဦးဝိဇယထံမှ သက္ကတ၊ ဘင်္ဂလီ၊ နာဂရီနှင့် အင်္ဂလိပ်စာပေတို့ကို ဆည်းပူးသင်ယူတော်မူခဲ့ပြန်သည်။ ၁၉၆၇ ခု ဇန်နဝါရီလ၌ ကျစ္စာဆရာတော်ဘုရားကြီး ဦးဝိဇယက ပျံလွန်တော်မမူမီ ဆရာတော်ဦးလက္ခဏအား ကျစ္စာချောင်ကို လွှဲအပ်ပေးတော်မူခဲ့၍ ကျစ္စာချောင်၏ ကျောင်းထိုင်ဆရာတော်ဖြစ်လာခဲ့ပါသည်။ သက်တော်(၃၂)နှစ်အရွယ် ကျောင်းထိုင်ဆရာတော်ဖြစ်တော်မူသည့်နေ့မှစ၍ ကျစ္စာချောင်၌ မဟာဝိဇယရုံသီစာသင်တိုက်ကို တည်ထောင်ပြီး စာသင်သား ရဟန်းသာမဏေတို့အား ပရိယတ္တိစာပေတို့ကို သင်ကြားပို့ချ



တော်မူခဲ့သည်။ သက်တော် (၃၇)နှစ်အရွယ် ၁၉၇၂ ခုနှစ်၌ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာသို့ ကြွရောက်၍ မဟာစည်ဆရာတော် ဘုရားကြီးနှင့် ဆရာတော်ဦးပဏ္ဍိတာဘိဝံသ (ယခု ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်) တို့၏ ထံတော်၌ သတိပဋ္ဌာန်တရားတို့ကို လက်တွေ့အားထုတ် ကျင့်ကြံတော်မူခဲ့သည်။

ဆရာတော်သည် ၁၉၇၂ ခုမှစ၍ စစ်ကိုင်းတောင်ရိုး ကျွဲဗွာရချောင်၌ မဟာအတုလရံသီဝမ္မရိပ်သာကို တည်ထောင်ပြီး ပြည်တွင်းပြည်ပမှ ရဟန်းရှင်လူယောဂီများအား သတိပဋ္ဌာန်တရားတော်ကို လက်တွေ့ဟောကြားပြသ၍ ပဋိပတ္တိ သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပြီး ၁၉၈၄ ခုမှ ၁၉၈၈ ခုအထိ ရန်ကုန် မဟာစည် သာသနာ့ရိပ်သာ၌ နာယက၊ ကမ္မဋ္ဌာနာစရိယ အဖြစ် ပြည်တွင်းပြည်ပ ရဟန်းရှင်လူ ယောဂီများအား သတိပဋ္ဌာန်တရားတော်ကို လက်တွေ့သင်ကြားပြသ၍ ပဋိပတ္တိသာသနာ့တာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။

၁၉၈၈ ခုမှ ယခုအချိန်အထိ စစ်ကိုင်းတောင်ရိုး ကျွဲဗွာရချောင် မဟာဝိဇယရံသီစာသင်တိုက်နှင့် မဟာအတုလရံသီ ဓမ္မရိပ်သာတို့၌ စာသင်သား ရဟန်းသာမဏေများနှင့် ပြည်တွင်းပြည်ပ ရဟန်းရှင်လူ ယောဂီများအား သတိပဋ္ဌာန်တရားတော်များကို လက်တွေ့ဟောကြားပြသသည့်အပြင် ဆရာတော်သည် မြန်မာပြည်တွင်း တရားစခန်းများကို စစ်ကိုင်းတိုင်း မန္တလေးတိုင်း ပဲခူးတိုင်း ရန်ကုန်တိုင်း ရှမ်းပြည်နယ် ကရင်ပြည်နယ်တို့၌ တရားစခန်းဌာန (၂၀)ကျော်တို့ကို ဖွင့်လှစ်၍ သတိပဋ္ဌာန်တရားတော်များကို လက်တွေ့ဟောကြားပြသလျက်ရှိသည်။

ဆရာတော်သည် နိုင်ငံခြားတရားစခန်းများကို ၁၉၈၆ ခုမှ စ၍ ယနေ့အထိ မလေးရှား၊ စင်္ကာပူ၊ ထိုင်း၊ နီပေါနိုင်ငံတို့၌ လည်းကောင်း၊ ဩစတြေးလျနိုင်ငံ (ဘရစ်စဘိန်၊ ဆစ်ဒနီ၊ ကင်ဘာရာ၊ မဲလ်ဘုမ်း၊ ပါသ်) မြို့များ၌ လည်းကောင်း၊ အမေရိကန်နိုင်ငံ (ဟာဝိုင်အီ၊ ကာလီဖိုးနီးယား၊ အရီဇိုးနား၊ ဂျော်ဂျီယာ၊ ဖလောရီဒါ၊ ဝါရှင်တန်ဒီစီ၊ နယူးယောက်၊ အီလီနွိုင်း၊ အီလီနွိုက်စ် ပြည်နယ်)တို့၌ လည်းကောင်း၊ ကနေဒါနိုင်ငံ၊ ပိုလန်နိုင်ငံတို့၌လည်းကောင်း တရားစခန်းများကို လက်တွေ့ဟောကြားပြသတော်မူလျက်ရှိသည်။

ဆရာတော်သည် ရဟန်းရှင် လူ ပြည်သူအများ ချမ်းသာ လွယ်ကူစွာ သွားလာနိုင်စေရန် စစ်ကိုင်းမြို့မှ ဝါးချက် မင်းကွန်းဒေသသို့ သွားရန် ကားလမ်းကို ၁၉၇၈ ခုနှစ်၌ စစ်ကိုင်းတောင်ခြေအရှေ့ဘက် ဧရာဝတီမြစ်ကမ်းတစ်လျှောက်မှ ဆရာတော်ကိုယ်တိုင် ကြီးကြပ်လျက် စတင်ဖောက်လုပ်ခဲ့ပြီး ၁၉၉၄ ခုနှစ်၌ ကတ္တရာခင်းလမ်း အဖြစ် ဖောက်လုပ်လှူဒါန်းခဲ့သည်။ ထို့နောက် ဆရာတော်သည် ရဟန်း သာမဏေသီလရှင်များ ကျန်းမာစွာ သာသနာ့တာဝန်ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ၁၉၈၄ ခု၊ အောက်တိုဘာ (၂၀)ရက်နေ့တွင် ဝါးချက် ဇီဝိတ ဒါန သံဃာ့ဆေးရုံကြီးကို ဆောက်လုပ်တည်ထောင်ဖွင့်လှစ်ကာ ဆရာတော်၊ သံဃာတော်၊ သီလရှင်များအား အခမဲ့ ဆေးဝါးကုသပေးလျက်ရှိသည်။

ဆရာတော်သည် ဝါးချက်ကျေးရွာနှင့် ကတောကျေးရွာများမှ ကျောင်းသား ကျောင်းသူများ၏ ပညာရည်မြင့်မားရေးကို ရည်ရွယ်ကာ ၁၉၉၆ ခုမှစ၍ ဝါးချက်ကျေးရွာနှင့် ကတောကျေးရွာများရှိ အစိုးရ အခြေခံပညာ မူလတန်းကျောင်းကို (၅) ဧကစီ ကျယ်ဝန်းသော မြေနေရာများကို ဝယ်ယူ၍ ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးခဲ့သည်။ ထို့ပြင် ကျောင်းသူ ကျောင်းသားများ ဆရာ ဆရာမများအတွက် သောက်သုံးရေကန် ခေတ်မီ အဆင့်မြင့် ရေလှောင်အိမ်သာနှင့် ဘောလုံးကစားကွင်းများကို ဆောက်လုပ်ပေးခဲ့သည်။ ထိုသို့ အခြေခံအဆောက်အဦများကို ဆောက်လုပ်လှူဒါန်းပေးခဲ့ရုံမက ကျောင်းသူကျောင်းသားများအား ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများ၊ ကျောင်းလခများနှင့် ကျောင်းဝတ်စုံများကိုပါ လှူဒါန်းထောက်ပံ့လျက်ရှိပါသည်။

ယခုအခါ ကျွဲဗွာဆရာတော်သည် စစ်ကိုင်းတောင်ရိုး ကျွဲဗွာရချောင် မဟာဝိဇယရံသီစာသင်တိုက်နှင့် မဟာအတုလရံသီ ဓမ္မရိပ်သာ၊ ရန်ကုန်မြို့ သိရီလက္ခဏာရာမ ဒဂုံသာသနာ့ရိပ်သာ၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်မြို့ သိရီလက္ခဏာရာမ လွိုင်လင်ပရိယတ္တိဓမ္မရိပ်သာ၊ ပြင်ဦးလွင်မြို့ သိရီလက္ခဏာရာမ အောင်ချမ်းသာဓမ္မရိပ်သာတို့၌ အလှည့်ကျ သီတင်းသုံးလျက်ရှိပြီး ၁၃၇၂ ခု၊ တန်ခူးလတန်း (၁၅)ရက်နေ့၊ (၂၀၁၀ ခု၊ ဧပြီလ (၁၇)ရက်) ဗုဒ္ဓဟူးနေ့တွင် သက်တော် (၇၅)နှစ်ပြည့် စိန်ရတုမှသည် သက်တော်ရာကျော်အထိ ပရိယတ် ပဋိပတ် သာသနာ့တာဝန်များနှင့် ပြည်တွင်းပြည်ပ၌ ဗုဒ္ဓသာသနာပြန့်ပွားရေးတို့ကို ထမ်းဆောင်နိုင်ပါစေကြောင်း စာရေးသူတို့ မိသားစုမှ ဆုမွန်ကောင်းတောင်းလျက်ရှိနေပါတော့သည်။

* * *

*သိက္ခာရှင် သုရောစနာ B.A-English(ပထမကြိုး)*
*မဟာအတုလရံသီ ဓမ္မရိပ်သာ*
*ကျွဲဗွာချောင်၊ စစ်ကိုင်းတောင်ရိုး*

အရှင်အာဒိစ္စဝံသ(ဆားလင်းကြီး)

# အောင်မြင်မှု အထွတ်တင်သော
# စိန်ရတုခရီး

မြန်မာသက္ကရာဇ် (၁၃၇၁) ခုနှစ် တန်ဆောင်မုန်းလဆန်း (၃) ရက်၊ ခရစ်နှစ် (၂၀၀၉) ခုနှစ် အောက်တိုဘာလ (၂၁) ရက်နေ့ ထိုနေ့သည်ကား စစ်ကိုင်းတောင်ရိုး၊ ဝါးချက်ဇီဝိတဋ္ဌာန သံဃာ့ဆေးရုံကြီး (၂၅) နှစ်ပြည့် ငွေရတု အခါတော်နေ့ဖြစ်သည်။ ဇီဝိတသံဃာ့ဆေးရုံကြီးရှေ့တွင် ဆောက်လုပ်ထားသော ငွေရတု မဏ္ဍာပ်ကြီး၌ နံနက် (၈) နာရီတွင် ငွေရတုအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ စုံညီစွာတက်ရောက်ကြသည်။ စာရေးသူလည်း တက်ရောက်ခွင့်ရခဲ့ပါသည်။



ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၏ ပဓာနဦးဆောင် ကျူစွာဆရာတော် ဘဒ္ဒန္တလက္ခဏ (ဒီဃနိကာယပါဠိပါရဂူ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အရှင်မြတ်နှင့် တဒင်္ဂမျှ တွေ့ခွင့်ရခဲ့သည်။ သက်တော် (၇၅) နှစ်ပြည့် စိန်ရတုမဂ္ဂဇင်းထုတ်မည့်သတင်းကို တစ်စွန်းတစ်စမျှ ကြားခဲ့ရသည်။ ထိုသတင်းကိုကြားခဲ့ရသဖြင့် ဆရာတော်အား ဂုဏ်ပြုသောအားဖြင့် ဆောင်းပါးရေးရန် ဆန္ဒဖြစ်ပေါ်လာခဲ့ပါသည်။ ထိုဆန္ဒကြောင့် ယခုဆောင်းပါးလေးကို ရေးမိပါသည်။

၂

ကျူစွာဆရာတော်လောင်းလျာကို မန္တလေးတိုင်း မြင်းခြံခရိုင် ကတောကျေးရွာတွင် မြန်မာသက္ကရာဇ် (၁၂၉၇)ခုနှစ် ဦးတန်ခူးလဆန်း (၁၅) ရက်။ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူခဲ့သည်။ ယခု မြန်မာသက္ကရာဇ် (၁၃၇၁) ခုနှစ်တွင် (၇၅) နှစ်ပြည့်ခဲ့လေပြီ။

ယနေ့မျက်မှောက်ခေတ်တွင် (၂၅)နှစ် ငွေရတု၊ နှစ် (၅၀) ပြည့်ရွှေရတု၊ (၇၅) နှစ်ပြည့် စိန်ရတုသဘင်ကို ဆင်ယင်ကျင်းပကြသည်။

(၂၅) နှစ်ပြည့်စုံမှုဖြင့် ငွေရတုသဘင်၊ အသက် (၅၀) ပြည့်ရုံမှုဖြင့် ရွှေရတုသဘင်၊ (၇၅) နှစ်ပြည့်ရုံမှုဖြင့် စိန်ရတုသဘင်တို့ကို ဆင်ယင်ကျင်းပသင့်ပါသလော၊ မိမိအကျိုးပရဟိတလောကအကျိုးကို မဆောင်ရွက်ဘဲ (၂၅) နှစ်ပြည့် ငွေရတု၊ နှစ် (၅၀) ပြည့် ရွှေရတု၊ (၇၅) နှစ်ပြည့် စိန်ရတုသဘင်ပွဲကို ဆင်နွှဲကျင်းပခြင်းကား အနှစ်သာရကင်းမဲ့သော ရတုပွဲများသာ ဖြစ်ပေမည်။ ဗုဒ္ဓရှင်တော်မြတ်က ရဟန်းများ အမြဲမပြတ် ဆင်ခြင်ရန် ပစ္စဝေက္ခဏ အဘိဏှသုတ်တော်ကို ဟောကြားတော်မူခဲ့ပါသည်။ ထိုသုတ်တော် (၈) ခု မြောက်တွင်

**"ကထံ ဘူတဿမေ ရတ္တိ ဒိဝါ ဝိတိ ဝတ္တန္တိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ"**

= "ငါသည် အဘယ်အမှုအလုပ်တို့ကို ပြုလုပ်၍ နေစဉ် ညဉ့်နေ့တို့သည် ကုန်လွန်ရန် သွားကုန်သနည်းဟု ဆင်ခြင်ရမည်ဟု ဟောတော်မူခဲ့သည်။ ကျူစွာဆရာတော်၏ဘဝကို ကြည့်လျှင် ဘဝတစ်လျှောက်လုံး အားရကျေနပ်ဖွယ်အချိန်များကို ကုန်လွန်ခဲ့ပါသည်။ အကျိုးရှိရှိ အချိန်ကို အသုံးချခဲ့ပါသည်။ အသက် (၁၂)နှစ်သားအရွယ် ကတောရွာ ဒက္ခိဏာရာမ ဆရာတော် ဦးဥတ္တမရကို ဥပဇ္ဈာယ်ပြု၍ သာမဏေဘဝသို့ ရောက်ခဲ့သည်။ သာမဏေဘဝဖြင့်ပင် စစ်ကိုင်းတောင်ရိုး ရတနာမာရ်အောင်ချောင်သို့ ရောက်ခဲ့သည်။ ပရိယတ္တိစာပေများကို ကြိုးစားသင်ယူခဲ့သည်။

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပါသနမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ (၁၃၁၆)ခုနှစ် ဝါဆိုလဆန်း (၄)ရက် တနင်္ဂနွေနေ့တွင် မြင့်မြတ်သော ပဉ္စင်းဘဝသို့ ရောက်တော်မူခဲ့သည်။ ရတနာမာရ်အောင်ချောင်၌ ပထမငယ်တန်း၊ ပထမလတ်တန်းကို အောင်မြင်ခဲ့သည်။ (၁၃၁၆) ခုနှစ်မှ (၁၃၆၈) ခုနှစ်အထိ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဓမ္မမေဒနီ ဝါဆိုကျောင်းဆရာတော် (ဗုဒ္ဓသမရွှေကျင်သာသနာပိုင်) အဘိဓမ္မမဟာရဋ္ဌဂုရု ဝါဆိုဆရာတော်ထံ ဆည်းကပ်၍ ပရိယတ္တိစာပေများ ကြိုးစားသင်ယူခဲ့ရာ ပထမကြီးတန်း နှင့် ဓမ္မာစရိယတန်း အောင်မြင်၍ သာသနဓဇ သိရိပဝရဘွဲ့ကို ရရှိခဲ့သည်။ (၁၃၅၈ခုနှစ်မှစ၍ (၁၃၆၂)ခုနှစ် အထိ) (၅)နှစ်တိုင်တိုင် မဟာဝိဇိတာရုံတိုက် စာသင်သား ရဟန်းသာမဏေများအား ပရိယတ္တိစာပေများ ပို့ချပေးခဲ့သည်။ မိမိအတွက်လည်း ကြိုးစားအားထုတ်ခဲ့ရာ (၁၃၆၂)ခုနှစ်တွင် ပါဠိပါရဂူ ဓမ္မာစရိယတန်းကို ဝင်ရောက်ဖြေဆိုရာ သာသနဓဇဓမ္မာစရိယ ဒီဃနိကာယပါဠိပါရဂူဘွဲ့ကို ရရှိတော်မူသည်။ ဤသို့ ဂန္ထဓုရတာဝန်ကို အတ္တပရနှစ်ဝအကျိုးအားကြိုးစွမ်းဆောင်ခဲ့သည်။

**ကျူစွာချောင်သို့**

မဟာဝိဇိတာရုံ ဆရာတော်ဘုရားကြီး၏ လမ်းညွှန်ချက်ဖြင့် စစ်ကိုင်းတောင်ရိုး ကျူစွာချောင်သို့ (၁၃၆၂) ခုနှစ်တွင် ရောက်ရှိခဲ့သည်။ ကျူစွာချောင်ဆရာတော်ဘုရားကြီးကား ရွှေမျက်မှန် ဦးဝိဇယဟု နိုင်ငံရေးလောကတွင် ထင်ရှားလှသည်။ ဆရာတော်သည် မျိုးချစ်စိတ်ဓာတ်ထက်သန်ပြင်းပြ၍ နိုင်ငံရေးလောကတွင် ပါဝင်ခဲ့သော်လည်း ဆရာတော်သည် ပါဠိပိဋကတ်စာပေကိုသာမက သက္ကဋ၊ ဘင်္ဂလီ၊ နာဂရီနှင့် အင်္ဂလိပ်စာပေများကို တတ်ကျွမ်းတော်မူသည်။ အရှင်လက္ခဏသည် ကျူစွာဆရာတော်ဘုရားကြီးထံ သက္ကဋ၊ ဘင်္ဂလီ၊ နာဂရီ၊ အင်္ဂလိပ် စာများကို အခြေခံရအောင် သင်ယူခဲ့သည်။ ဤသို့ ဘာသန္တရစာပေများကို သင်ကြားခဲ့သဖြင့် နိုင်ငံခြားသာသနာပြုခရီးများကို အောင်မြင်စွာစွမ်းဆောင်နိုင်ခြင်း ဖြစ်သည်။ ကျူစွာဆရာတော်ဘုရားကြီးသည် အရှင်လက္ခဏ၏ သာသနာရေးစိတ်ဓာတ်နှင့် သာသနာပြုနိုင်မည့် စွမ်းရည်ကို ယုံကြည်တော်မူသည်။ ထို့ကြောင့်ပင် ပျံလွန်တော်မူခါနီးအချိန်တွင် ကျူစွာချောင်ကြီးကို အပြီးအပိုင် လွှဲအပ်တော်မူခဲ့သည်။ ကျူစွာချောင်ကြီးကို လွှဲအပ်ခံရခြင်းကား အရှင်လက္ခဏ၏ အတ္တဟိတ ပရဟိတ လောကတ္ထစရိယ သာသနာပြုလုပ်ငန်းကြီး အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပန္နက်ချပေးခြင်း လမ်းဖွင့်ပေးလိုက်ခြင်းပင်ဖြစ်ပါသည်။

လောကဥ္စ အတ္တဟိတအတွက် ဆောင်ရွက်လိုသော ဆန္ဒစွမ်းအားကား လူတိုင်းတွင်ရှိပါသည်။ ပရဟိတလူသားတို့ အကျိုးကို ဆောင်ရွက်လိုသော စေတနာ၊ ဆန္ဒကား လူတိုင်းတွင် မရှိပါပေ။ ဆရာတော်အရှင်လက္ခဏ၏ နှလုံးသားတွင်ကား အတ္တဟိတထက် ပရဟိတလူသားတို့၏ အကျိုးကို ဆောင်ရွက်လိုသော စေတနာ ဆန္ဒ မေတ္တာတရားများကား လွှမ်းမိုးနေသည်ဟု ဆိုရပေမည်။ ဆရာတော်၏ ပရိဟိတလူသားတို့အတွက် စွမ်းဆောင်ချက်ကို ဆရာတော်၏ ဘဝထေရုပ္ပတ္တိကို အပြည့်အစုံ လေ့လာမှသာ သိရှိနိုင်ပေမည်။ ဆရာတော်၏ ဘဝအထ္ထုပ္ပတ္တိကို ပြည့်စုံစွာ မသိ၍ ဤဆောင်းပါးတိုလေးတွင် ဖော်ပြဖို့ရန် မစွမ်းနိုင်ခဲ့ပေ။ သို့သော် သိရှိရသမျှ ပရဟိတလုပ်ငန်းတို့ကို တစေ့တစောင်းမျှ တင်ပြလိုပါသည်။

ဆရာတော်သည် ကျူစွာချောင်၌ ကျောင်းထိုင်ဘုန်းကြီးဖြစ်သောအခါ စာသင်ဘဝရဟန်းသာမဏေများအား ပါဠိပထမပြန်စာမေးပွဲ ငယ်၊ လတ်၊ ကြီးတန်းနှင့် ဓမ္မာစရိယတန်းအထိ စာဝါများပို့ချပေးသည်။



"ပဋိပတ္တိအဖုံးမပါသော ပရိယတ္တိရေအိုးသည် ပိုးကျနိုင်သည်" ဟူသော ရှေးဆရာတော်များ၏ အဆိုအမိန့်ကို အလေးအနက်ထားကာ ဆရာတော်များ၏ အဆိုအမိန့်ကို အလေးအနက်ထားကာ ဆရာတော်အရှင်လက္ခဏသည် ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာသို့ ကြွရောက်၍ မဟာစည်ဆရာတော်ဘုရားကြီးနှင့် ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ(ယခု ပဏ္ဍိတာရာမရွှေတောင်ကုန်း) ဆရာတော်တို့ထံ သတိပဋ္ဌာန်ပဋိပတ်ကျင့်စဉ်များကို လက်တွေ့အားထုတ်ခဲ့သည်။ သာမညအားထုတ်ခဲ့သည် မဟုတ်ပေ။ ကိုယ်တိုင်ကမ္မဋ္ဌာနာစရိယဖြစ်အောင် အားထုတ်ခဲ့သည်။ ထို့ကြောင့် ပင်နိုင်ငံတော်က အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တော်ကို ဆက်ကပ်ခြင်းခံတော်မူရသည်။

### ဘဝမှတ်တိုင်များ

ကျူစွာဆရာတော် အရှင်လက္ခဏသည် ဘဝတစ်လျှောက်တွင် မေ့ပျောက်မရနိုင်သော ဘဝသမိုင်းမှတ်တိုင်များကိုလည်း အခိုင်အမာစိုက်ထူခဲ့သည်။

ကျောင်းထိုင်ဆရာတော်ဖြစ်သော (၁၃၂၉)ခုနှစ်မှာပင် ကျူစွာချောင်ကို မဟာဝိဇယရံသီ စာသင်တိုက်အဖြစ် တည်ထောင်၍ စာသင်သားများအား ပရိယတ္တိစာပေများကို ပို့ချပေးတော်မူသည်။ ဝါးချက်ရွာမှ စစ်ကိုင်းသို့သွားရန် ခရီးကား ခက်ခဲလှသည်။ ကျန်းမာရေးမပြည့်စုံသောအခါ တစ်ခက်တခဲ သွားလာရသည်။ ဝါးချက်ရွာသူရွာသားများက ဆရာတော်အား လျှောက်ထားကြသည်။ "တပည့်တော်တို့ ဝါးချက်ရွာမှာ စစ်ကိုင်း-မင်းကွန်းသို့ သွားရန် ခက်ခဲလှပါသည်။ ဆရာတော်ဦးဆောင်ပြီး လမ်းပြင်တော်မူပါ။ (တပည့်တော်များလုပ်အားဖြင့် ကူညီပါမည်"ဟု လျှောက်ထားကြလေသည်။ ဆရာတော်သည် "သာသနာရေး လူမှုရေး ဖွံ့ဖြိုးတိုးတက်စေရမည်"ဟူသော ရည်ရွယ်ချက်ဖြင့် ဝါးချက်မင်းကွန်း စစ်ကိုင်းကားလမ်းကို (၁၃၄၀)ပြည့်နှစ်တွင် ဇရာဝတီမြစ်ကမ်းတစ်လျှောက်တွင် ဦးဆောင်ဖောက်လုပ်ခဲ့သည်။ (၁၃၅၆)ခုနှစ်တွင် ကတ္တရာခင်းလမ်းအဖြစ် ဖောက်လုပ်ခဲ့ရာ သွားလာရေးမှာ သွယ်ကူချောမွေ့သွားသည်။ လူသားတို့ အကျိုးပြုဘဝသမိုင်းမှတ်တိုင်ကို စိုက်ထူခဲ့ခြင်းဖြစ်ပါသည်။

ဝါးချက်ဒေသ၌ နေထိုင်ကြသူများမှာကျန်းမာရေး မကောင်းပါက စစ်ကိုင်းမြို့ ဆေးရုံသို့သွား၍ ကုသရန် ခဲယဉ်းလှပါသည်။ ဆရာတော်ကြီးများလည်း ထို့အတူဖြစ်ပါသည်။ ဆရာတော်ကြီးများက ဆရာတော်အရှင်လက္ခဏ၏ စွမ်းဆောင်နိုင်သော သတ္တိကို ယုံကြည်တော်မူကြသည်။ ထို့ကြောင့်ပင် ဩဝါဒပေး၍ တိုက်တွန်းတော်မူကြသည်။

ပရဟိတစိတ်ဓာတ်နှင့် စေတနာ၊ ဆန္ဒ၊ မေတ္တာမ[illegible] ကြီးမားလှသော ဆရာတော်အရှင်လက္ခဏ [illegible] အနံ ၂၈ပေရှိ လူနာခုတင်(၅)ခုတင်ဆံ့ ဆေးရုံလေး [illegible] ပြီး (၁၉၈၄)ခုနှစ် အောက်တိုဘာ [illegible] ကုသပေးခဲ့သည်။ (၂၅)နှစ်ပြည့်သော ယခုအချိန်တွင်ကား ခုတင် (၅၀) ဆံ့ ရောဂါစုံကုသပေးနိုင်သော အဆင့်မြင့်ဓမ္မဝိတာဒါန သံဃာ့ဆေးရုံကြီးဖြစ်လာပါသည်။

လူသားတိုင်း အားထားရမည့် ပရဟိတလောကတ္ထစရိယ လူသားတို့ အကျိုးပြုဘဝသမိုင်းမှတ်တိုင်ကြီးကို အောင်မြင်စွာ စိုက်ထူလိုက်ခြင်းဖြစ်ပါသည်။ ဆရာတော်သည် ရုပ်ခန္ဓာ၌ ဖြစ်ပေါ်လာသော ရောဂါဝေဒနာများကိုသာ ကုသပေးခဲ့သည်မဟုတ်ပေ။ ဘဝသံသရာအဆက်ဆက်က ပါလာသော နာမ် ခန္ဓာ၌ စွဲကပ်နေသော လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာရောဂါ ဝေဒနာများကိုလည်း ကုသပေးတော်မူသည်။

စစ်ကိုင်းတောင်ရိုး ကျူစွာချောင်၌ (၁၃၃၄)ခုနှစ်တွင် မဟာအတုလရံသီဓမ္မရိပ်သာကို တည်ထောင်၍ တရားဟော တရားပြခဲ့သည်။ (၁၃၆၄) ခုနှစ်တွင် ရန်ကုန်မြို့ သီရိလက္ခဏာရာမ ဒဂုံသာသနာ့ရိပ်သာကို တည်ထောင်၍ တရားဟော တရားပြခဲ့သည်။ ဘဝသံသရာက ကိန်းအောင်းလာသော ကိလေသာအနာဆိုးများကို သတိပဋ္ဌာန် ဆေးဖြင့်တိုက်ကျွေးကုသခြင်းဖြစ်သည်။ နိုင်ငံခြားတိုင်းပြည်များသို့ ကြွရောက်၍ တရားဟော တရားပြခဲ့သည်။

ဤကား… စာရေးသူသိသမျှ တစေ့တစောင်းမျှသော ပရဟိတလုပ်ငန်းများဖြစ်သည်။ ဆရာတော်သည် ငယ်ရွယ်စဉ်က စ၍ အတ္တဟိတ ပရဟိတလုပ်ငန်းတို့ကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာ "ငါသည် အဘယ်အမှုအလုပ်တို့ကို ပြုလုပ်၍နေစဉ် ညဉ့်နေ့တို့သည် ကုန်လွန်၍ သွားကုန်သနည်း"ဟု ဆင်ခြင်လျှင် အားရဖွယ် ကျေနပ်ဖွယ်ကောင်းလှပါသည်"

ဆရာတော်၏ (၇၅)နှစ်ပြည့် စိန်ရတုခရီးကား အောင်မြင်မှု သရဖူကို အထွဋ်တင်ထားသောခရီးပါတကား။

* * *

*အရှင်အာဒိစ္စဝံသ(ဆားလင်းကြီး)*



## ငြိမ်းအေးရှင် (အရှင်ကုသလ)

ကျွစ္စာဆရာတော်အရှင်လက္ခဏ

၏

အမှတ်တံဆိပ်ပုံရိပ် လက္ခဏာ

အသွင်အပြင်များ

မျက်မှောက်ခေတ်ကာလတွင် စစ်ကိုင်းမင်းကွန်းဒေသကို **အများနှင့်မတူ** တစ်မူထူးခြားဂုဏ်ရည်မြင့်မားသော ဒေသဟုဆိုရပါတော့မည်။ ထိုအကြောင်းကိုဆိုရသော် မိုးမိတ်ကုန်းမြေ တိပိဋကနိကာယ ကျောင်းတော်နှင့် မင်းကွန်းဓမ္မနာဒကျောင်းတိုက်တို့၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဆဋ္ဌသံဂီတိဝိသဇ္ဇကတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ မဟာထေရ်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိနာယက ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဒေါက်တာအရှင်ဉာဏိဿရမဟာထေရ်၊ ကျွှာချောင်နှင့် ဝါးချက်ဆေးရုံတို့၏ ဦးစီးပဓာနနာယက ကမ္ဘာ့ဗုဒ္ဓသာသနာပြု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ပါဠိပါရဂူအရှင် လက္ခဏမဟာထေရ်(၃)ပါးတို့ ပေါ်ထွန်းရာမြေဖြစ်သောကြောင့် စစ်ကိုင်းမင်းကွန်းဒေသကို အများနှင့်မတူ တစ်မူထူးခြားဂုဏ်ရည်မြင့်မားသော ဒေသဟုဆိုရတော့၏။

ပဏ္ဍိတ်တော်ဝင် ထိုပညာရှင် (၃)ပါးတို့ စစ်ကိုင်းမင်းကွန်း ဒေသဝယ် "နေတစ်ဆူလ" အလားပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား ဖြစ်ပေါ်လာခဲ့သောကြောင့် ထိုအရပ်ဒေသသည် ဋ္ဌာနီအရှင်မြတ်(၃)ပါးကို အမှီပြု၍ ဋ္ဌာနအရပ်ဒေသမှာလည်း ဂုဏ်ရည်ဖြိုးမောက် တင့်တယ်ခြင်းသို့ ရောက်ရတော့၏။ တစ်နည်းဆိုရသော် ထိုအရှင်မြတ် (၃) ပါးတည်းဟူသော အာဇာနည်ပုဂ္ဂိုလ်များ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သောကြောင့် ထိုအရပ်ဒေသရှိ ရဟန်းရှင် လူများ အခြားရပ်ဝေးဒေသရှိ ရဟန်းရှင်လူများမှာ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်း သုခ(၂)ပါးကို ရရှိခံစားနိုင်ကြ၏။ ထိုအရှင်မြတ် (၃) ပါးတို့၏ ဂုဏ်ကျေးဇူးကား အတိုင်းမသိကြီးမားလှပါပေ၏။

ထိုအရှင်မြတ် (၃)ပါးတို့၏ ဂုဏ်ရည်ထူးခြားကျေးဇူးအများကို မြင်လည်းမြင်ရ၊ ကြားလည်းကြားသိရ၊ ကိုယ်တွေလည်းခံစားခဲ့ရ၊ အခြားပုဂ္ဂိုလ်များလည်း ကိုယ်တိုင်ကိုယ်ကျ ထိတွေ့ခံစားခဲ့ရသောကြောင့် အထူးဆိုဖွယ်ရာမလိုပါပေ။

သို့သော် တတိယမြောက်ဆရာတော် အရှင်လက္ခဏမဟာထေရ်နှင့် စပ်လျဉ်း၍ကား မဆိုမဖြစ် ဆိုမှဖြစ်ပါလို့မ်မည်။ အဘယ်ကြောင့်ဆိုသော် ဤဆောင်းပါးရေးရခြင်းသည်ပင် ဆရာတော်အရှင်လက္ခဏမဟာထေရ်မြတ်၏ Diamond Jubilee ခေါ် (၇၅) နှစ်မြောက် စိန်ရတုသဘင်အတွက် ရည်ညွှန်းသောကြောင့်ဖြစ်ပါသည်။

စိန်ရတုသဘင် မွေးနေ့ပိုင်ရှင်ဖြစ်တော်မူသော ကျွှာဆရာတော် အရှင်လက္ခဏ မဟာထေရ်မြတ်၏ "လက္ခဏ"ဟူသော ဘွဲ့တော်တံဆိပ် ခပ်နှိပ်ကျေညာသည့်အတိုင်း ထိုဆရာတော် အရှင်လက္ခဏမဟာထေရ်၏ အမှတ်တံဆိပ်ပုံရိပ် လက္ခဏာအသွင်အပြင်များဖြစ်ပေါ်လာခဲ့သောနေရာမှာ . . .

မြန်မာပြည်မြောက်ဖျားအရပ်ဒေသတွင်ရှိသော မေခ၊ မလိခမည်သောမြစ်နှစ်မြွှာပေါင်းဆုံရာမှ စတင်စီးဆင်းလာလျက် မြန်မာပြည်၏ အသက်သွေးကြောသဖွယ်ဖြစ်သော မြစ်ကြီး၏ အမည်သညာမှာ "ရေဇလာနဒီဧရာဝတီ" ဖြစ်လေ၏။ ထိုဧရာဝတီမြစ်ရေသည် အထက်အညာအရပ်မှ စီးဆင်းလာ၍ ရှုတိုင်းတင့်မောသာဖွယ်ပြောသည့် ညို့ညို့မှိုင်းမှိုင်း တောင်တော်စစ်ကိုင်းနှင့် ရွှေရည်၊ ငွေရည်၊ ထုံးရည် သင်္ကန်းအစုံလွှမ်းနေသော ဘုရားပုထိုး၊ စေတီ၊ ဂူကျောင်း၊ ပြဿဒ် တန်ဆောင်းမြတ်များကို ဦးခိုက်ပူဇော်ပြီးကာမှ အောက်အကြေသို့ တစ်ဖန် စုံဆင်းလေ၏။

ထိုဧရာဝတီမြစ် စီးဆင်းလာရာ စစ်ကိုင်းတောင်တော်၏ အရှေ့ဘက်ကမ်းပါး ဝါးချက်မည်သောဒေသတွင် "ဇီဝိတဒါန"ခေါ် လူမမာတို့၏ အသက်ကို ကယ်တင်ပေးလှူရာဖြစ်သော ဝါးချက်ဆေးရုံကြီးတည်ရှိလေ၏။

ထိုဝါးချက်ဆေးရုံကြီးမှာ ရပ်ဝေး၊ ရပ်နီးရှိ များစွာသော ရဟန်းရှင်လူ လူမမာများစွာတို့၏ အားထားရာမှီခိုရာ အသက်ဇီဝိတ်ခြွေကို ရှင်သန်စေရာဋ္ဌာနကြီးတစ်ခုဖြစ်၏။

ဇီဝိတဒါနခေါ် အသက်ကိုပေးလှူရာ ဝါးချက်ဆေးရုံကြီး အဘယ်ပုံ အဘယ်နည်း ပေါ်ထွက်လာလေသနည်း၊ ဝိဇ္ဇာဇော်ဂျီတပသီတို့ ဆေးကြိမ်လုံးဖြင့် ရိုက်သောကြောင့် ပေါ်လာလေသလော သို့မဟုတ် လက်ညှိုးညွှန်က လိုရာရစေနိုင်သော နတ်သိကြားများ ဖန်ဆင်းစီရင်မှုကြောင့် ပေါ်လာလေသလော၊ ထိုသို့မဟုတ်ပါ။ အမှန်စင်စစ် ဆေးရုံကြီးကို ပေါ်ထွက်လာစေသူမှာ ဝိဇ္ဇာဇော်ဂျီတပသီများလည်းမဟုတ်၊ နတ်သိကြားဗြဟ္မာများလည်းမဟုတ်၊ လူသားနွယ်ဝင်ကျွှာချောင်သခင် လက္ခဏမဟာထေရ်အရှင်သာတည်း။

ထိုဆရာတော်မှာ ဝိဇ္ဇာဇော်ဂျီတပသီများကဲ့သို့ ဆေးကြိမ်လုံးလည်းမရှိ လက်ညှိုးညွှန်ပြလိုရာရစေနိုင်သော နတ်သိကြားဗြဟ္မာများလည်းမဟုတ်၊ ထိုသို့ပင်မဟုတ်သော်လည်း ဆရာတော်၏ အတွေးအကြံဉာဏ်ရည်ကွန့်မြူးရာမှ စတင်ပေါ်ပေါက်လာသော ဆေးရုံကြီးဖြစ်၍ ဆရာတော်၏ အတွေးအကြံဉာဏ်ရည်တို့မှာ ဝိဇ္ဇာဇော်ဂျီတပသီတို့၏ လိုတရဆေးကြိမ်လုံးပမာ အစွမ်းထက်မြက်လှ၏ဟုဆိုနိုင်ပါသည်။

ထိုမှတစ်ဖန် ဆရာတော်၏ ကံ၊ ဉာဏ်၊ လုံ့လ၊ ဝီရိယ အစွမ်းတို့ကြောင့် ရှေးယခင်က ဇရပ်အို ဇရပ်ပြိုနေရာတွင် ဝါးချက်ဆေးရုံပေါ်ထွက်လာခြင်းဖြစ်၏။ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်များ ပေါ်လာသောအခါ ဆေးရုံငယ်မှ ခေတ်မီဆေးရုံကြီးဖြစ်လာရတော့၏။

ထိုဝါးချက်ဆေးရုံကြီးမှာလည်း ဆရာတော်အရှင်လက္ခဏမဟာထေရ်မြတ်၏ အမှတ်တံဆိပ်ပုံရိပ်လက္ခဏာ အသွင်အပြင်တစ်ခုပင်ဖြစ်လေ၏။

ထိုဆေးရုံကြီးဝယ် လူမမာပေါင်းများစွာ၏ အသက်ကို လာဘ်မယူ၊ ငွေမဖက်၊ စေတနာသဒ္ဓါသက်သက်ဖြင့် လူမမာများစွာတို့၏ အသက်ကို သေမင်းလက်မှ ကယ်တင်ဆေးကုသနေသော စေတနာ့ဆရာဝန်၊ ဆရာမများမှာလည်း ဆရာတော် အရှင်လက္ခဏမဟာထေရ်မြတ်၏ အမှတ်တံဆိပ် ပုံရိပ်လက္ခဏာ အသွင်အပြင်တချို့ဖြစ်လေ၏။

ထိုဝါးချက်ဆေးရုံကြီးတွင် တက်ရောက်ကုသနေသော လူမမာရောဂါသည်ပေါင်းများစွာမှာလည်း ဆရာတော် အရှင်လက္ခဏမဟာထေရ်မြတ်၏ အမှတ်တံဆိပ်လက္ခဏာ အသွင်အပြင်တချို့ဖြစ်လေ၏။

ထိုဆေးရုံကြီးနှင့် ဆေးပစ္စည်းများ၊ ကုသရေးစက်ကိရိယာများ လှူဒါန်းကြသော စေတနာရှင်၊ ဒါနရှင်၊ ရဟန်းရှင်လူများမှာလည်း ဆရာတော်အရှင်လက္ခဏမဟာထေရ်မြတ်၏ အမှတ်တံဆိပ်

ပုံရိပ်လက္ခဏာ အသွင်အပြင်တချို့ဖြစ်လေ၏။

ရှေးယခင်က အသွားအလာ လွန်စွာခက်ခဲ၍ လမ်းမည်ကာမတ္တဖြစ်သော စစ်ကိုင်း-မင်းကွန်းကားလမ်းကိုလည်း ကတ္တရာလမ်းဖြစ်အောင် ဆောင်ရွက်ပေးတော်မူ၏။ ထိုစစ်ကိုင်း-မင်းကွန်းကားလမ်းမှာလည်း ဆရာတော်အရှင်လက္ခဏ မဟာထေရ်မြတ်၏ အမှတ်တံဆိပ်ပုံရိပ်လက္ခဏာအသွင်အပြင်တချို့ဖြစ်လေ၏။

မြင်းခြံခရိုင်၊ ကတောကျေးရွာအစိုးရ အခြေခံပညာပုံမှန်အလယ်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲအဖြစ်တိုးချဲ့ ပညာသင်ကြားနိုင်စေရန် သိန်း (၅၀၀)တန် (၂)ထပ်ကျောင်းဆောင်သစ်နှင့် (၁၂)ခန်းတွဲတစ်ထပ်ကျောင်းဆောင်များကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့၏။ ထိုစာသင်ကျောင်းများမှာလည်း ဆရာတော်အရှင်လက္ခဏ မဟာထေရ်မြတ်၏ အမှတ်တံဆိပ် ပုံရိပ်လက္ခဏာအသွင်အပြင်တချို့ဖြစ်လေ၏။

ရန်ကုန်မြို့၊ သီရိလက္ခဏာရာမ ဒဂုံသာသနာ့ရိပ်သာနှင့် ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့၊ ကန်ဦးတောရကျောင်းတိုက်၊ သီရိလက္ခဏာရာမလွိုင်လင်ပရိယတ္တိဓမ္မရိပ်သာတို့မှာလည်း ဆရာတော်အရှင်လက္ခဏမဟာထေရ်၏ အမှတ်တံဆိပ် ပုံရိပ်လက္ခဏာအသွင်အပြင်တချို့ဖြစ်လေ၏။

ငှင်းတို့သာမက ကျစ္စာချောင် မဟာဝိဇရံသီစာသင်တိုက်နှင့် ဆရာတော်ကိုယ်တိုင်လည်း အားထုတ်ခဲ့၊ သူတစ်ပါးတို့ကိုလည်း ဟောကြားညွှန်ပြဆိုဆုံးမခဲ့သော ဓမ္မဒေသနာဘာဝနာများသည်လည်း ဆရာတော်အရှင်လက္ခဏမဟာထေရ်မြတ်၏ အမှတ်တံဆိပ်ပုံရိပ်လက္ခဏာအသွင်အပြင် တချို့ဖြစ်လေ၏။

ဤသို့ စသည် စသည်ဖြင့် ဆရာတော် အရှင်လက္ခဏ မဟာထေရ်မြတ်၏ အမှတ်တံဆိပ် ပုံရိပ်လက္ခဏာအသွင်အပြင်များမှာ ရေးမကုန် ပြောမကုန်အောင်များပြားလှသောကြောင့် ဤသို့ စသည် "အာဒိ" သဒ္ဒါတပ်၍ ရေးမှတ်ပြောဆိုမှသာ ရနိုင်ပါလိမ့်မည်။

ထိုအမှတ်တံဆိပ်ပုံရိပ်လက္ခဏာအသွင်အပြင်များစွာကို ဖန်တီးတော်မူသော ဆရာတော်အရှင်လက္ခဏမှာ ဆိုခဲ့ပြီးသည့် အကြောင်းများကြောင့် "လက္ခဏ" ဟူသော ဘွဲ့ပုံတံဆိပ်ပုံရိပ်သွင်ပြင်အနက်အဓိပ္ပာယ်နှင့် လျော်ညီသောအရှင်ဖြစ်ပါပေ၏။

ထိုဆရာတော်အရှင်လက္ခဏ သို့မဟုတ် ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံနှင့် ဆေးပစ္စည်းများ၊ ဆရာဝန်ဆရာမများ၊ လူမမာရောဂါသည်များစွာတို့၏ အသက်ကို ကယ်တင်မှုများ၊ စေတနာရှင်ဒါနရှင်များ၊ ကျစ္စာချောင်ကျောင်းတိုက်နှင့် တရားဘာဝနာများကို ပေါ်ထွက်လာအောင် လှုပ်ရှားရှင်သန်စေခဲ့သော မထေရ်ထူး၊ မထေရ်မြတ်သည်များမကြာမီ သက်တော်(၇၅)နှစ်ပြည့်ဖြစ်သော Diamond Jubilee ခေါ် စိန်ရတုသဘင်ကာလသို့ ရောက်ရှိပေတော့မည်။

ဆေးရုံကား Silver Jubilee ခေါ် ငွေရတု (၂၅)နှစ် ဆရာတော်ကား Diamond Jubilee ခေါ် စိန်ရတု (၇၅) နှစ် ငွေရတု၊ စိန်ရတု (၂)ရပ်ပေါင်းလျှင် နှစ် (၁၀၀)ရသောကြောင့် ဆရာတော် အရှင်လက္ခဏ မဟာထေရ်မြတ်သည် လူတို့၏ သက်တမ်းပြည့်နှစ် (၁၀၀) သို့မဟုတ် ထို့ထက် အလွန်ရှည်ကြာအောင် နေထိုင်ရမည် ဟူသော အတိတ်နိမိတ်ရောက်လေ၏။

သူတစ်ပါးတို့၏ အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့သော ကုသိုလ် စေတနာကံတရားကြောင့် ဆရာတော် အရှင်လက္ခဏမှာ သက်တော် (၁၀၀) သို့မဟုတ် (၁၂၀) ရှည်မည်မှာလည်း ဆရာတော်ပြုခဲ့သော ကုသိုလ်ကံတရားအတိုင်းဖြစ်လေ၏။

ဆရာတော်ဘုရားအရှင်လက္ခဏ မဟာထေရ်မြတ်၏ Diamond Jubilee ခေါ် သက်တော် (၇၅)နှစ်ပြည့် စိန်ရတုသဘင် အထိမ်းအမှတ် မွေးနေ့ပွဲတော်မင်္ဂလာတွင် ဤဆောင်းပါးဖြင့် ဂုဏ်ပြုထောပနာ ချီးကျူးလွှာဆို၍ဘုန်းအထူး၊ ကံအထူး၊ အကြံဉာဏ်အထူးတို့ဖြင့် ပြည့်စုံသော ဆရာတော်ဘုရားအရှင်လက္ခဏ မဟာထေရ်၏ ကြီးမားများမြောင်လှသော သာသနာ့တာဝန်၊ လောကတာဝန် ဝန်ထုပ်ဝန်ပိုးကြီးများ ထမ်းဆောင်နိုင်သည်ကို အားကျကြည်ညိုအတုယူလိုလျက် မိမိတို့ကား ဆရာတော်ကဲ့သို့ မစွမ်းဆောင်နိုင်သောကြောင့် ရဟန်းရှင်လူ လူမမာအပေါင်းတို့၏ မှီခိုအားထားရာ ဆရာတော်အရှင်လက္ခဏာမဟာထေရ်မြတ်သည် အသက်ရာကျော်ရှည်တော်မူကာ သာသနာလောက(၂)ဌာနသော အကျိုးစီးပွားချမ်းသာများကို အားကြိုးမာန်တက် စိတ်မပျက်ဘဲ အဖက်ဖက်မှ အချက်ကျကျဖြင့် ပြည့်စုံအောင် ဆောင်ရွက်နိုင်ပါစေသောဟု ရှိခိုးဝန္ဒနာ ဆုမွန်ပတ္ထနာသာပြုလိုက်ပါတော့၏။

**စိရံ ဌာတု မဟာထေရော၊ အယျ လက္ခဏသညိတော။**
**ရောဂိတာနံ ဗဟူနဉ္စ၊ သုခါယ စ ဟိတာယ စ။**
**(ပဏ္ဏာဝတ္တဂါထာ)**

အယျ လက္ခဏသညိတော- ရှေးရှေးယခင်၊ ဆရာတော်အရှင်တို့က အရှင်လက္ခဏ မည်နာမဖြင့်၊ သတ်မှတ်သညာ၊ ခေါ်ဆိုအပ်ပါပေသော၊ မဟာထေရော- မဟာဗွေ ထေရော မဟာထေရောဟု၊ မိန့်ဟောဖျူပွတ်၊ ဝစနတ်သဒ္ဒါ၊ ကျမ်းဂန်လာ၍၊ သာသနာလောက၊ နှစ်ဌာနဥ္၊ များစွာအထူး၊ ဂုဏ်ကျေးဇူးတို့ကြောင့်၊ ချီးကျူးကော်ရော်၊ ပူဇော်ပေအပ်၊ ကျေးဇူးတော်ရှင် မဟာထေရ်မြတ်သည်၊ ရောဂိတာနံ (ဇဗ)ဖြာ၊ ဘေးရောဂါတို့ ကျင်နာခံခက်၊ နှိပ်စက်သည့် ဒဏ် လူးလဲခံရ အဖေ၊ အမေတ၍ နေရကုန်သော ရောဂါသည် အပေါင်းတို့၏ သုခါယစ (ဇဗ)ဖြာ၊ ဘေးရောဂါမှ ကောင်းစွာထမြောက် ချမ်းသာရောက်လျက် အာရောဂျဂုဏ် ပြည့်စုံစေခြင်း အကျိုးငှာလည်းကောင်း၊ ဗဟူနဉ္စ - ရပ်ဝေးရပ်နီး အသီးသီးမှ ခိုမှီးလာသူ ရဟန်းရှင်လူများစွာသော သူတို့၏လည်း၊ ဟိတာယစ- လောကီလောကုတ္တရာနှစ်ဖြာစီးပွား အကျိုးများစေခြင်းငှာလည်းကောင်း၊ စိရံ- လူတို့သက်တမ်း၊ ရာကျော်လွှမ်းအောင်၊ ဝါ-အာယုအသက်။ ရာကျော်တက်လျက်၊ မပျက်ရှည်ကြာ၊ ၁၂၀ ကာလတိုင်အောင်၊ ဌာတု ဇီဝတု-ကိုယ်ရောစိတ်ပါ ဘယာမသန်း၊ ရွှင်ကြည်လန်းလျက် ကျန်းကျန်းမာမာ လန်းလန်းဖြာကာ တည်လာဖန်ဖန်ရှင်သန်ပါစေသတည်း။ ဝါ-စက္ကူ၊ သောတ၊ ဃာန ဇိဝှာ၊ ကာယ၊ ဇီဝိတ၊ ခြောက်ဝဏ္ဏန္ဒြေ၊ အထွေထွေတို့၊ မသွေတိုးတက်၊ တန်ခိုးထက်သည့်၊ မိုးနတ်ပမာ ကောင်းစွာတည်ပြန်ရှင်သန်ပါစေသတည်း။

* * *

*ဦးမြအေးရှင်(အရှင်ကုသလ)*
*ပါဠိပါရဂူ (ထနောင်းကန်ထီလာ)*



# [illegible]

## ဦးစံရင်(အင်ဂျင်နီယာ-မြန်မာ့)



ဆရာတော်အသက် (၇၅) နှစ်ပြည့်ပြီးဖြစ်လို့ စိန်ရတု အထိမ်းအမှတ် ပူဇော်ပွဲပြုလုပ်မယ်။ အမှတ်တရမဂ္ဂဇင်း တစ်စောင် လည်း ဝေဝေဆာဆာ ပြည့်ပြည့်စုံစုံနဲ့ ပူဇော်ကြမှာမို့ စာတမ်း တစ်စောင်ရေးပါလားလို့ ကျစ္စာတိုက်အုပ်ဘုန်းကြီး ဦးသဒ္ဓမ္မက တိုက်တွန်းပါတယ်။ ကျွန်တော်သည် စာရေးတာထက် စာဖတ်တာ ကိုပဲ ပို၍ဝါသနာထုံသူပါ။ တစ်နည်းဆိုရလျှင် သူများခူးခပ်ပြီးသား ပြင်ဆင်ပြီးသားကိုမှ မိမိစိတ်ကြိုက်ရွေးပြီး အရသာသင့် သုံးဆောင် တတ်သူပါ။ ခုမှ ခူးခတ်ပြင်ဆင်တဲ့ကိစ္စမှာ ကိုယ်ကစရမှာဆိုတော့ အချိုးကျကျနဲ့ အစဉ်ချောဖို့ကတော့ လိုနေမှာပေါ့။ ဆရာတော်နှင့် နှစ်ပေါင်း (၂၅) နှစ်ကျော် အဆက်မပြတ် ထိတွေ့နေသူ ဖြစ်သော် လည်း ဆရာတော်၏ တည်ဆောက်ရေးလုပ်ငန်းများ၌သာ စိတ်ဝင် တစား ပါဝင်ခဲ့ပြီး အချိန်ကုန်ခဲ့တာပါ။

အမျိုးဘာသာ သာသနာအကျိုးအတွက် အသက် (၇၅) နှစ်တိုင်တိုင် စွမ်းစွမ်းတမံ နေ့မအား၊ ညမအားဆောင်ရွက်နေသည့် သာသနာ့အာဇာနည် ပုဂ္ဂိုလ်ကျော်ပါရမီတစ်ပါး၏ စွမ်းရည်ဂုဏ်ရည် တွေကို စာတမ်းတိုတစ်စောင်လောက်နဲ့ ဘယ်လိုမှ ပြည့်စုံအောင် ဖော်ပြနိုင်စွမ်းမရှိပါ။ "တောင်ယံမှာ ဗျိုင်းပျံသလို" Bird's eye View သာ အနိုင်နိုင် တစ်စိတ်တစ်ပိုင်းလောက်သာ တင်ပြနိုင်မှာ ဖြစ်ပါတယ်။

ဤနေရာ၌ ဆရာတော်၏ ဘဝပုံရိပ်တချို့ကို ပြန်လည်၍ အနည်းငယ်ဖော်ပြလိုပါသေးသည်။ သို့မှလည်း ဆရာတော်ငယ်စဉ်ဘဝကပင် သမ္မတ္တိစက်လေးပါးနှင့် ပြည့်စုံခဲ့ပုံ မှီခိုမှီဝဲခဲ့ရတဲ့ ကျေးဇူးရှင်ဆရာသမားများ၏ ဂုဏ်ရည်တွေကိုပါ ပြန်လည်၍ အမှတ်လည်း ရစေ၊ ပူဇော်ရာလည်း ကျစေတယ်လို့ ထင်လို့ပါ။

**စက် (၄) ပါးသရုပ်**

၁။ ပတိရူပဒေသဝါသော - သင့်တင့်လျောက်ပတ်သော အရပ်၌ နေရတာက စက်တစ်ပါး။

၂။ သပ္ပုရိသသံဝါသ - သူတော်ကောင်းကို မှီဝဲရတာကလည်း စက်တစ်ပါး။

၃။ အတ္တသမ္မာပဏိဓိ - မိမိကိုယ်ကို ကောင်းစွာတည်ဆောက်ထားတာက စက်တစ်ပါး။

၄။ ပုဗ္ဗေစကတပုညတာ - ရှေးဘဝ ရှေးကာလ၌ ပြုခဲ့ဖူးသော ကောင်းမှုရှိတာက စက်တစ်ပါး။

အဲဒီစက်လေးပါးပါပဲ၊ အဲဒီစက်လေးပါးနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေမှာ စက်တွေက ထပ်ခါထပ်ခါလည်နေတယ်။ ဒီစက်လေးပါးနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေဟာ စီးပွားဥစ္စာ ရတနာတွေနဲ့ ကြီးကျယ်ခြင်း၊ စီးပွားချမ်းသာတွေနဲ့ကြီးပွားချမ်းသာစွာ နေရတယ်လို့ ဆိုလိုပါတယ်။ (မဟာစည်ဆရာတော်)

**မျိုးရိုးဇာတိ**

ဆရာတော်ကို ကြီးမြတ်တဲ့ ဗုဒ္ဓဘာသာများဖြစ်ကြတဲ့ အလွန် ရိုးသားကြတဲ့ တောင်သူကြီးမျိုးရိုးမိဘနှစ်ပါးမှ မြင်းခြံခရိုင်၊ ကတောရွာကြီးမှာမွေးဖွားခဲ့ပါတယ်။ ကတောရွာကြီးဆိုတာကလည်း ကုန်းလမ်း၊ ရေလမ်းနဲ့ မြို့ကြီး၊ ပြကြီးတွေကို အလွယ်တကူ ကူးသန်းရောင်းဝယ်သွားလာလို့ရတဲ့ ရွာကြီးပါ။ ရေ၊ မြေသြဇာကောင်းလွန်းလို့ စီးပွားဖြစ်ထွန်းတဲ့ ဒေသပါ။ ဒါကြောင့် ဆရာတော်ဟာ ငယ်စဉ်ဘဝတည်းကိုက ပတိရူပဒေသဝါသစက်နှင့် ပြည့်စုံလာတဲ့ သူလို့ဆိုရပါမယ်။

**စစ်ကိုင်းသို့**

ရှင်သာမဏေငယ်ဘဝဖြင့် သာသနာ့ထွန်းကားရာ စစ်ကိုင်းတောင်ရိုး ရတနာမာန်အောင်၌ ရတနာမာန်အောင်ဆရာတော် (ယခု မဟာဝိဇိတာရုံဆရာတော်) ထံ မှီခိုရင်း အခြေခံ ပရိယတ္တိစာပေများကို သင်ယူခဲ့ရာ ငယ်+လတ် အောင်မြင်ခဲ့သည်။ ဝိဇိတာရုံဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘဝကို ရရှိခဲ့၏။

**မန္တလေးသို့**

ပဉ္စင်းငယ်ဘဝဖြင့် မန္တလေးမဟာအောင်မြေမြို့နယ်၊ ရွှေကျင်ဂိုဏ်း၏ ဗဟိုရုံအချက်အချာဖြစ်တဲ့ အနောက်ဝိသုဒ္ဓါရုံတိုက် အဘိဓဇဝါဆို ဆရာတော်ကို မှီခိုရင်း အထက်တန်း စာပေများကို သင်ယူခဲ့ရာ မြန်မာစာ ဂုဏ်ထူးဖြင့် 'သီရိပဝရဓမ္မာစရိယ' အောင်မြင်ခဲ့သည်။ ထိုစဉ်ကပင် ရွှေကျင်သာသနာပိုင် အဘိဓဇစံကင်းဆရာတော်ဘုရားကြီးနှင့် ယခုသာသနာပိုင် အဘိဓဇဝါဆိုဆရာတော်ဘုရားကြီးနှစ်ပါးတို့၏ ကြီးမားလှတဲ့ ဘုန်းရိပ်ကံရိပ်ကို မှီခိုခဲ့ရသည်။ ထို့နောက် ဘုန်းကံကြီးမားသူတို့၏ အောင်မြေဖြစ်တဲ့ မဟာဝိဇိတာရုံ ကျောင်းတိုက်သို့ စာချဘုန်းကြီးဘဝနှင့် ဆရာတော်ကို ကျေးဇူးဆပ်ရင်း အဆင့်မြင့် "ပါဠိပါရဂူဘွဲ့" ကို ဖြေဆိုအောင်မြင်ခဲ့သည်။

ပရိယတ္တိနယ်ပယ်၌ နေလိုလလို ထင်ရှားကြတဲ့ အဂ္ဂမဟာ ပဏ္ဍိတ ပေါက်မြို့ဆရာတော်၊ အဘိဓဇမဟာသဒ္ဓမ္မဇောဒယ ဆရာတော်- ဇေယျာသိန် ဘဒ္ဒန္တပညိန္ဒာဘိဝံသဆရာတော်၊ အဘိဓဇဒေးဝန်းဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ မင်္ဂလာဗိမာန်ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ ဝိဇိတာရုံဆရာတော်တို့ထံ တပည့်ခံ၍ စာဝါလိုက်ခဲ့ပါတယ်။ ဒါလောက်ဆို ကျွဲစွာဆရာတော်ရဲ့ ပရိယတ္တိအခြေခိုင်ပုံကို ခန့်မှန်းလောက်ပါပြီ။

သူတော်ကောင်း၊ ဆရာကောင်းကို မှီဝဲရတယ်ဆိုတဲ့ သပ္ပုရိသသံဝါသစက်နှင့် ပညာသင်ဘဝမှာ ပြည့်စုံခဲ့တယ်။

**ဝိဇိတာရုံမှ ကျွဲစွာချောင်သို့**

ကျွဲစွာဆရာတော်ဘုရားကြီးက ဝိဇိတာရုံဆရာတော်ကြီးဆီကို စာရေးပြီး ဦးဇင်းတစ်ပါးလှမ်းတောင်းပါတယ်။ ငါ့ဆီကို မင်းဆီက ရဟန်းတစ်ပါးလွှတ်ပေးပါ။ အဲဒီရဟန်းက ဥပမိရုပ်ကောင်းရမယ်။ စိတ်ကောင်းရှိရမယ်။ စာလဲတတ်ရမယ်။ အထူးသဖြင့် ငါ့ရဲ့ အိမ်တော်ပါ သီလရှင်တွေနဲ့ နေနိုင်တဲ့၊ သည်းခံနိုင်တဲ့ ဦးဇင်းတစ်ပါး ငါ့ဆီပို့လို့ ရေးလိုက်ပါတယ်။

ဝိဇိတာရုံဆရာတော်ကြီးက ဆရာတော်လိုချင်တဲ့ အရည်အချင်းနဲ့ ပြည့်စုံတဲ့ ဦးဇင်းကတော့ တစ်ကျောင်းလုံးထဲမှာ ဒီတစ်ပါးပဲ ရှိတာယ်ဆိုပြီး ဦးဇင်းဦးလက္ခဏကို ကျွဲစွာဆရာတော်ကြီးလက်ထဲ အပ်လို့ ကျွဲစွာချောင်ကို ရောက်တော့တာပေါ့။

ရှေးရွှေကျင်ဆရာတော်ကြီးတွေဟာ တပည့်ရွေး၊ တပည့်မွေးရာမှာ အလွန်ဂရု အလေးထားလေ့ရှိကြပါတယ်။ ဒါ့ကြောင့် အဆက်ဆက် တိုးတက်ကြီးပွားကြတာ ဖြစ်ပါတယ်။ ကျွဲစွာဆရာတော်ကြီး တပည့်မွေးတတ်တာနဲ့ ပတ်သက်ပြီး မကြာခဏ ပြောလေ့ပြောထရှိ တဲ့ စကားတစ်ခုရှိတယ် -

'တောထွက် တောင်ပြန်၊ နွားကျစ်သိုး (ဒို့လက်မခံ) လက်မခံနဲ့၊ လက်ခံသော်က၊ အပျက်များ၏ တလင်းပျက်ချင် ဆူးလေပေါက်၊ ကျောင်းပျက်ချင် တောထွက်ရောက်'

တောင်ပြန် = ခဏခဏ လူထွက်လိုက်ဝင်လိုက် ပြုနေသောရဟန်း

နကျစ်သိုး = ဆိုးပေနေတဲ့ လူပျိုကြီး/ငယ်များကို ဆိုလိုတာ ပါ။

ကျွဲစွာဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်းကိုလည်း ဖော်ပြလိုပါတယ်။

**ကျွဲစွာဆရာတော်ဘုရားကြီး (ရွှေမျက်မှန်ဦးဝိဇယ)**

အိမ်မဲမြို့ ဦးရွှေဖူး+ဒေါ်အေးမြတို့မှ ၁၂၅၀ ခုနှစ်၌ ဖွားမြင်သည်။ ၁၂၆၉ နှစ်တွင် ဝိမလာလင်္ကာရကဝိဓဇမဟာ ဓမ္မရာဇဂုရုတံဆိပ်တော်ရ သုံးဆယ်မြို့၊ မောင်းထောင်းဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်သည်။

ဆန်းနီသသယ ကျမ်းပြုအရှင်သီရိကုမာရ၊ စစ်ကိုင်းတောင်

ရိုး အတိသုဒ္ဓါရုံဆရာတော်၊ မိုးထားဆရာတော်ဦးပညိန္ဒ စသည်တို့ထံ မာဂဓ၊ သက္ကတ ကျမ်းများ သင်ယူတော်မူခဲ့သည်။ စစ်ကိုင်းတောင်ရိုး၊ ကျွဲစွာချောင်၌ကြာရှည်စွာ သီတင်းသုံးတော်မူ၏။ မာဂဓ၊ သက္ကတ စာပေများ ရေးသားပြုစုတော်မူခဲ့သည်။ ဆရာတော်သည် လောကဓမ္မနှစ်ဌာနလုံး၌ အထူးစောင့်ရှောက်လျှက် စစ်ကိုင်းသာသနာဝင်၌ ထင်ရှားတော်မူသည်။

ဆရာတော် ဦးလက္ခဏသည် တစ်ဖက်ကစာချရင်း ကျွဲစွာ ဆရာတော်ဘုရားကြီးထံမှ မာဂဓ၊ သက္ကတ အင်္ဂလိပ်စသည့် ဘာသန္တရ စာပေများကို အခြေခံကောင်းကောင်းနှင့် တတ်ကျွမ်းအောင် သင်ယူခဲ့တယ်။ ဆရာတော်ကြီးသည် သိမ်နှင့်စပ်လျှင် အလွန်ကျွမ်းကျင် နိုင်နင်းလှ၏။ ဆရာတော်ဦးသီလာနန္ဒာဘိဝံသ၊ ရတနာမာန်အောင်ဆရာတော်ဦးဗြဟ္မဝံသ (ယခုလူပြန်တော်ဆရာကြီး(သဗြုးမြသောင်း) နှင့် ကျွဲစွာဆရာတော်ကို ပြန့်ကြီးချောင်သိမ်သမုတ်ရာ၌ သိမ်နှုတ်နည်း နည်းမျိုးစုံ လက်ထပ်သင်ပေးခဲ့၏။

'ပညာလိုလားသော သူတော်ကောင်းတို့၏ ဆန္ဒသည် သင် ကြားနာယူနည်းခံမှတ်သား၍ အားရတင်းတိမ်သည်ဟူ၍ မရှိချေ။ ထိုအတူ နည်းနိဿယခံယူခွင့်ကြုံတိုင်း လက်မလွှတ်စေပဲ နည်းနာ ခံယူလေ့ရှိ၏။' ဟူသော သာသနာပိုင် ရွှေဟသာ်ဆရာတော်ဘုရားကြီး၏ အဆိုအတိုင်း လိုက်နာကျင့်သုံးခဲ့သောကြောင့် ဆရာတော်သည် သာသနာမှာ ရေ့တန်းကနေ အလုပ်လုပ်မည့် ပုဂ္ဂိုလ်တွေအတွက် ထိုက်သင့်တဲ့ စာပေဆိုင်ရာဘွဲ့ထူး၊ ဂုဏ်ထူးတွေ လက်ဝယ်ပိုင်ပိုင် ရရှိထားခဲ့တယ်။

တစ်ဆင့်ပြန်၍လည်း ပို့ချခြင်းဆိုတဲ့ 'ကိုယ်ပသာသနာ' ပြန့် ပွားအောင် ပရိယတ်ကို အားပေးခဲ့သည်။ စသည်တို့ကား ဆရာတော်ရဲ့ စာသင်စာချငယ်ဘဝ ပုံရိပ်တချို့ပါပဲ။

## ဆရာတော်နှင့် ပဋိပတ္တိသာသနာ

ကျွဲစွာဆရာတော်သည် ကျောင်းထိုင်ဘုန်းကြီးဘဝဖြင့် ပရိယတ္တိသာသနာကို စွမ်းနိုင်သ၍ ပြုစုစောင့်ရှောက်ရင်း သက်တော် (၄၈-၄၉) နှစ်ခန့်မှာ ပဋိပတ္တိသာသနာကို မှတ်တိုင်တစ်တိုင် စိုက်ထူလိုသောဆန္ဒဖြစ်ပေါ်မိ၏။ ယခင် ခပ်စောစောကတည်းကိုက ပဋိပတ္တိဘက်သို့ ခြေချလိုသော်လည်း မူလကျွဲစွာ ဆရာတော်ဘုရားကြီး၏ဆန္ဒကို မလွန်ဆန်လိုသောကြောင့်ဖြစ်၏။ ကျွဲစွာဆရာတော်ဘုရားကြီးက မင်း.... ပဋိပတ္တိဘက်ကူးပြီး ရိပ်သာဖွင့် ကမ္မဋ္ဌာန်းဆရာမလုပ်ချင်နဲ့၊ ကမ္မဋ္ဌာန်းဆရာဆိုတာ တစ်ဆက်ပဲကြီးပွားတာ။



ပရိယတ္တိဆိုရင် အဆက်ဆက်ကြီးပွားတာ၊ ဥပမာ မစိုးရိမ်တိုက်ကို ကြည့်လို့ မိန့်ဆိုဖူးတယ်။

ယခု ဆရာတော်ဘုရားကြီးကလည်း ပျံလွန်တော်မူပြီးဖြစ်၍ တစ်ကြောင်း၊ အသက်အရွယ်ကလည်း တရားရာကောင်းတဲ့ ဉာဏ်ရည်အကောင်းဆုံးအချိန် ဖြစ်၍လည်းကောင်း၊ ယခင်မူလ ရည်ရွယ်ရင်း ဆန္ဒကို စတင်အကောင်အထည်ဖော်တော့၏။

## ကျွဲစွာမှမဟာစည်သို့

ရန်ကုန်မဟာစည်သာသနာ့ရိပ်သာသို့ ကြွရောက်ပြီး ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးနှင့် တပည့်ကြီးဖြစ်သူ ဦးပဏ္ဍိတာ ဘိဝံသ (နောင်ရွှေတောင်ကုန်းပဏ္ဍိတာရာမဆရာတော်) တို့ထံ မှီခို နည်းခံ၍ သတိပဋ္ဌာန်ကျင့်စဉ်များကို အထူးကြိုးစား၍ အားထုတ်ခဲ့တယ်။ မကြာခင်မှာပဲ ဆရာတော်ကြီးများ၏ စိတ်

ဟိုင်းကျူ ညီ ကဗျာစဉ်တရားများကို နာရ၏။ ဆရာတော်ကြီးများထံမှ တရားပြနည်း၊ တရားစစ်နည်း၊ တရားဟောနည်းများကို ထပ်မံ၍ လက်ဆင့်ကမ်း နိုင်သည်အထိ သင်ယူခဲ့၏။

မဟာစည်ရိပ်သာကြီး၌ပင် နာယက အဖြစ်ဖြင့် လည်းကောင်း၊ ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့်လည်းကောင်း တရားဟော တရားပြဆရာတော်ကြီးများ ကျေနပ်လောက်အောင် ဆောင်ရွက်ခဲ့တယ်။ သင်တန်းသား ယောဂီအဖြစ်တက်ရောက်၍ ပေါက်ရောက်စွာ အားထုတ်ပြီးတစ်ဆက်တည်းကိုပဲ သင်တန်းနည်းပြ ကမ္မဋ္ဌာနစရိယ အဖြစ်ဖြင့် ထိုရိပ်သာကြီး၌ပင် ဆရာတော်ကြီးများ၏ အလိုကျ ပြန်လည်၍ ဟောပြောသင်ပြနိုင်သည်မှာ သာမန်ပုဂ္ဂိုလ်တို့၏ အရာမဟုတ်ပေ။ ပါရမီရှင်တို့၏ အလုပ်သာတည်း။ ဤ၌ မိမိကိုယ်တိုင် စမ်းဝင်ပြီး လက်တွေ့ အားထုတ်ဖူးသူဖြစ်ပါက ပို၍ သဘောပေါက်ပါလိမ့်မည်။

## ကျွဆွာဆရာတော် ပဋိပတ္တိဂုဏ်ရည်

ကျွဆွာဆရာတော်၏ ပဋိပတ္တိဂုဏ်ရည်ကို ခန့်မှန်းရာ၌ ကျွဆွာဆရာတော်၏ ပဋိပတ္တိ ဆရာစဉ်ဆက် အခြေအနေကို အရင်ဦးစွာ တင်ပြမှသာ 'ဆရာကောင်းတပည့် ပန်းကောင်းပန်' ဆိုသကဲ့သို့ တစ်ထပ်တည်းကျမည် ဖြစ်ပါတယ်။

## ကျွဆွာဆရာတော်၏ ပဋိပတ္တိဆရာစဉ်ဆက်အခြေအနေ

ကျွဆွာဆရာတော်၏ ဆရာသည် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ဖြစ်ပါတယ်။ ရွှေတောင်ကုန်း ဆရာတော်၏ဆရာသည် ကျေးဇူးရှင်မဟာစည်ဆရာတော်ကြီး ဖြစ်တယ်။ မဟာစည်ဆရာတော်၏ ပဋိပတ္တိဆရာသည် မူလမင်းကွန်း ဇေတဝန်ဆရာတော်ကြီးဖြစ်သည်။ မူလမင်းကွန်း ဇေတဝန် ဆရာတော်သည် မင်းကွန်းအလယ်တောရဆရာတော်ကြီး မ မှာထံ တွင် ပဋိပတ်ကို ဆရာနည်းကျကျ တပည့်ခံ ကျင့်သုံးခဲ့တယ်။ အလယ်တောရဆရာတော်ကြီးသည်လည်း သီးလုံးဆရာတော်ကြီး၏ ပဋိပတ်နှင့် ပတ်သက်၍ တပည့်ရင်းကြီးဖြစ်ခဲ့တယ်။

ယင်းအစဉ်အဆက်အရ အထက်မှအောက်သို့ အစဉ်ချသော် သီးလုံးဆရာတော်မှ အလယ်တောရဆရာတော်၊ အလယ်တောရ ဆရာတော်ကြီးမှ မူလမင်းကွန်းဇေတဝန်ဆရာတော်၊ မူလမင်းကွန်း ဇေတဝန်ဆရာတော်ကြီးမှ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်၊ မဟာစည်ဆရာတော်ကြီးမှ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း ဆရာတော်၊ ပဏ္ဍိတာရာမရွှေတောင်ကုန်း ဆရာတော်ကြီးမှ ကျွဆွာ ဆရာတော်ဘုရား၏ အစဉ်အဆက်မပျက်မယွင်း ဆင်းသက်လာခဲ့ပေတယ်။

အစဉ်အဆက်လာ ဆရာတော်ကြီးများကို တစ်ပါးချင်း ... ၏ အကြောင်းအရာများကို စဉ်းစားလေ့လာကြည့်သော အခါ ရှေးမြန်မာ ... ကြီးများ အစဉ်အလာ သတ်မှတ်သုံးစွဲ ပြောဆိုခဲ့သည့် ... ရိုးမြောင်းရိုးသာ တိမ်ကောသည် လူမျိုး မတိမ်ကောနိုင် ... တစ်ခွန်းကို အထူးပြုရမှာဖြစ်တယ်။

မှန်ပါ ... ချောင်းများ၊ မြောင်းများသည် ရေစီးရေလာ နှစ်ပေါင်းကြာသွား ... ရေစီးထဲမှ သဲများ၊ နုံးများ အမှိုက်သရိုက်များ မျောပါလာ၍ တင်ကျန်သောကြောင့်လည်းကောင်း၊ ကမ်းစပ်မှ မြေများရေစီးအဟုန်ခတ်မိ၍ ပြိုဆင်းလာသောကြောင့် လည်းကောင်းတဖြည်းဖြည်းရွံ့များ၊ မြေများပြည့်ပို့လာကာ တိမ်ကောသွားတတ်ပါတယ်။

သို့သော် လူမျိုးမှာမူကား အသိပညာတရား အရင်းခံထားသောကြောင့်လည်းကောင်း၊ အဆင့်ဆင့်အဆက်ဆက် အသိပညာ၊ အတတ်ပညာ၊ အကျင့်ပညာများကို လက်ဆင့်ကမ်းပေးတတ် ယူတတ်ကြသောသဘောရှိသောကြောင့်လည်းကောင်း တိမ်ကော ပျောက်ကွယ် မသွားဘဲ တည်ရှိနေတတ်ပါတယ်။

ဤ အဓိပ္ပာယ်ကို ရည်ရွယ်၍ ရှေးမြန်မာပညာရှင်ကြီးများက - 'ချောင်းရိုးမြောင်းရိုးသာ တိမ်ကောသည် လူမျိုး၊ မတိမ်ကောနိုင်'ဟု ဆိုရိုးပြုခဲ့ကြခြင်းဖြစ်ပေမည်။ ပိုမိုပေါ်လွင် ထင်ရှားအောင် မဟာစည် ဆရာတော်ကြီးမှစ၍ ရေးသားဖော်ပြပါအံ့။

## ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးသည် သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးစုံ ပြည့်စုံ လုံလောက်ပြောင်မြောက် လှပေသည်။ ပရိယတ်၊ ပဋိပတ်နှစ်ရပ် စွယ်တော်စုံသည့် ဆရာတော်ကြီး ဖြစ်သည်။ သာသနာတွင် နေလတစ်ဆူ လွန်စွာကျော်ကြား ထင်ရှားတော်မူသည်။ မြတ်စွာဘုရားသာသနာကို ပရိယတ်၊ ပဋိပတ် အလုပ်နှစ်ရပ်တို့ဖြင့် ချီးမြှောက်ပူဇော် တော်မူခဲ့သည့် ပုဂ္ဂိုလ်မြတ် ဖြစ်ပေသည်။

ပရိယတ်အရာမှာလည်း မိမိကိုယ်တိုင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ဗုဒ္ဓစာပေအထွေထွေကို ကျေပွန်အောင် လေ့လာ တော်မူခဲ့သည်။ တပည့်စာသင်သား ရဟန်းများကိုလည်း သင်ယူ စေရန် အထူးအားပေးတော်မူ၏။

ပဋိပတ်အရာမှာလည်း အကျင့်သီလကိုပြည့်ဝစင်ကြယ်စွာ ကျင့်သုံးရုံမျှမက သထုံမင်းကွန်းဇေတဝန်တောရနည်းဖြင့်၊ သမထ ဝိပဿနာ သတိပဋ္ဌာန်တရားများကို တောရဆောက်တည်၍ စွမ်းစွမ်းတမံ ကြီးစွာသော လုံ့လဖြင့် ကျင့်ကြံပွားများ အားထုတ်တော် မူခဲ့သည်။

ဆရာတော်ကြီးသည်ကား ထူးထူးခြားခြား 'တစ်ခေတ် တစ်ယောက်' ဆိုစလောက်သည့် ပုဂ္ဂိုလ်မြတ်သာတည်း။ သီလ၊ သမာဓိပညာတို့နှင့် ကုံလုံပြည့်ဝအောင် ဖြည့်ကျင့်ကာ သာသနာ့ ဂန္ထဝင်များတိုင်းပြည်အုပ်ချုပ်မင်းလုပ်သော နိုင်ငံတော်အကြီးအကဲများ တိုင်းပြည်လူထုကို လက်တွေ့ကျင့်သုံးနိုင်အောင် ရန်ကုန် မဟာစည်သာသနာ့ရိပ်သာကြီးကို တည်ထောင်၍ လူမျိုးမရွေး၊ ဘာသာမရွေး၊ သတိပဋ္ဌာန်တရားရေအေးကို တိုက်ကျွေးတော်မူခဲ့ သည်။ နိုင်ငံအနှံ့ မဟာစည်သြဝါဒခံ တရားရိပ်သာများကို ဖွင့်လှစ် အားပေးခဲ့သည်။ နိုင်ငံခြားတိုင်းပြည်အသီးသီးသို့လည်း သွားရောက် သာသနာပြုမျိုးစေ့ပျိုးခဲ့သည့်အတွက် ကမ္ဘာနှင့် ချီ၍ ကျေးဇူးများ သော ဆရာတော်ကြီးဖြစ်သည်။

နောက်လာနောက်သားများမှတ်သား ကျင့်သုံးနိုင်ကြစေရန် ကျမ်းဂန်စာပေများကို များပြားစွာ ပြုစုထားခဲ့ပေသည်။ ယင်းသို့ သမိုင်းတွင်၍ မော်ကွန်းတင်ရလောက်အောင် သာသနာတော်ကို

ကျင့်သုံးပြုစုတော်မူခဲ့သော မဟာစည် ဆရာတော်ကြီးမှာ ပဏ္ဍိတာရာမတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်တို့ထပ်ဆင့် ကိုယ်စား ပွားလိုက်ပေသည်။

**ပဏ္ဍိတာရာမ ရွှေတောင်ကုန်းဆရာတော်ဘုရားကြီး**

ပဏ္ဍိတာရာမရွှေတောင်ကုန်း ဆရာတော်ဘုရားကြီးသည် မဟာစည်ဆရာတော်ဘုရားကြီး၏ အရိုက်အရာကို ဆက်လက်ခံယူနိုင်သည့်အားလျော်စွာ သာသနာကို နေဝန်းလဝန်းထွန်းလင်းသည့် ပမာတောက်ပစေခဲ့ပါသည်။

ပရိယတ်၊ ပဋိပတ်တရားများကို ကိုယ်တိုင် အားထုတ်သည့်အပြင် တပည့်ရဟန်းသံဃာတို့အားလည်း ကြိုးစားစေသည်။ မတိမ်းမယိမ်းရအောင် သွန်သင်ဆုံးမ တည့်မတ်စောင့်ရှောက်ပေသည်။ နောင်လာနောက်သားများ အဆက်ဆက် လေ့ကျင့်သင်ကြားပွားများနိုင်ကြစေရန် ကျမ်းပေါင်းများစွာကိုလည်း ပြုစုတော် မူခဲ့သည်။

ပဲခူး၊ မော်လမြိုင်၊ ပြင်ဦးလွင်တို့၌ ပဏ္ဍိတာရာမရွှေတောင်ကုန်း သာသနာ့ရိပ်သာခွဲများကိုလည်း စနစ်တကျ ဖွင့်လှစ်ထားပေသည်။ ပြည်ပတိုင်းပြည်များတွင်လည်း ကိုယ်ပိုင်သာသနာ့ ရိပ်သာများစွာတို့ကို ဖွင့်လှစ်ထားပေသည်။ ကမ္ဘာအရပ်ရပ် ဘာသာပေါင်းစုံ လူမျိုးပေါင်းစုံတို့ကို သတိပဋ္ဌာန်တရားရေအေးတိုက်ကျွေး နှလုံးစိတ်ဝမ်း အေးချမ်းစေပါသည်။ ဗုဒ္ဓဝါဒ သတိပဋ္ဌာန်းတရားကို ကမ္ဘာအနှံ့ထိုးဖောက် ထွန်းလင်းစေခဲ့သည်။ ကမ္ဘာကျော် ပဋိပတ္တိတံခွန်ဆရာတော်ကြီးဖြစ်ပါပေသည်။ ယနေ့တိုင် ထင်ရှားကျော်ကြားသော ကမ္ဘာ့သာသနာပြုပုဂ္ဂိုလ်မြတ်ကြီး တစ်ပါးအနေဖြင့် ရှေ့တန်းက ရပ်တည်နေပါသည်။ ပဏ္ဍိတာရာမရွှေတောင်ကုန်း ဆရာတော်ဘုရားကြီးမှ ကျစ္စာဆရာတော်ကြီးသို့ ထပ်ဆင့်ပွားပြန်သောအခါ -

**ကျစ္စာဆရာတော်ကြီး၏ အခြေအနေ**

ကျစ္စာဆရာတော်သည် "အာစရိယပရမ္ပရာ သိဿနုသိဿာ" ခေါ် ဆရာစဉ်ဆက် အသိပညာ၊ အတတ်ပညာ၊ အကျင့်ပညာများကို ကြားနာမှတ်သား သင်ယူလေ့လာခဲ့ရသောကြောင့်လည်းကောင်း၊ ထိုသို့ ဆရာတော်ကြီး၏ သီလ၊ သမာဓိပညာနည်းနာနယအစဝကို တိတိကျကျ ချီးမြှင့်ပေးအပ်ခြင်းကို ခံယူရသောကြောင့်လည်းကောင်း ကျစ္စာဆရာတော်ဟု ထင်ရှားကျော်ကြားလေတော့သည်။

ထိုဆရာတော်ကြီးများကဲ့သို့ ပရိယတ်၊ ပဋိပတ်တရားတို့ကို ကိုယ်တိုင် အားထုတ်သည့်အပြင် တပည့်များ၊ ရဟန်းသံဃာတို့အားလည်း ကြိုးစားစေသည်။ နောင်လာနောက်သားများ အဆက်ဆက် မှတ်သားကျင့်သုံးနိုင်ကြစေရန် ကျမ်းဂန်စာပေ များစွာကိုလည်း ပြုစုတော်မူပေသည်။

ပုံနှိပ်ပြီးသော ကျမ်းစာများကို လက်လှမ်းမီသမျှ တင်ပြရလျှင် -

(၁) ရွှေမျက်မှန်ဦးဝိဇယ။
(၂) မနုဿ လူသားတရားတော်။
(၃) အမျိုးသမီးစွမ်းဆောင်ရှင်တရားတော်။
(၄) ကိုးကွယ်ရာမှန်မှ ချမ်းသာရတရားတော်။
(၅) အပြစ်မြင်မှ နိဗ္ဗာန်ရတရားတော်။
(၆) The Dawn of Wisdom
(၇) ဝေနာနုပဿနာတရားတော်။
(၈) အရွယ်သုံးပါးကုသိုလ်ပွားတရားတော်။



(၉) ကြံ့တိုင်းအောင်ဆောင်တိုင်းမြောက် သိဒ္ဓိပေါက်တရားတော်။
(၁၀) ဘဝပြည့်စုံငြိမ်းချမ်းစေရာ သီလကထာတရားတော်။
(၁၁) မိဘကျေးဇူးနှင့် သားကောင်းသမီးမြတ်။
(၁၂) ဝိပဿနာဆရာတော်ဘဒ္ဒန္တဝိမလ၏ ပဋိပတ္တိဂုဏ်ရည်။
(၁၃) ဇီဝိတဒါနဆေးပဒေသာပင် အလှူတရားတော်နှင့် ကြိုက်ရာရွေးချယ် လမ်းလေးသွယ်တရားတော်။

ယခု သက်တော် (၇၅) နှစ်တိုင် ဆက်လက်၍ မိမိကိုယ်တိုင် ကမ္မဋ္ဌာန်းရိပ်သာများ၊ ပြည်တွင်းပြည်ပ တရားစခန်းမြောက်မြားစွာ တည်ထောင်ဖွင့်လှစ်ပြီး သာသနာပြုနေဆဲ တရားပြနေဆဲပါ။

ပဋိပတ်ဆိုတဲ့ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်အကျင့်မြတ်ကို ကျင့်သုံးခြင်းဆိုတဲ့ "ကိုယ်တွင်းသာသနာ" ခိုင်မာအောင် လက်တွေ့အားထုတ်တယ်။ ပြန်လည်၍လည်း သင်ကြားဖြန့်ဝေပေးတယ်။

""စာပေကောင်းကွာ၊ အကျင့်မှာ၊ ဘယ်+ညာတိမ်း၍ယိမ်းတတ်သည်



စာပေလည်းသင်၊ ကျင့်စဉ်လည်းဖြည့်၊ ကိုယ်သိသမျှ၊ ဖြန့်ဝေမှ၊ လောက+သာသနာ၊ ကြီးပွားမည်။

တတ်အောင်လည်းသင်၊ ကောင်းအောင်လည်းကျင့်၊ တစ်ဆင့် ဖြန့်ဝေ၊ သာသနာ့ကျက်သရေ"" ဆိုတဲ့ အဂ္ဂမဟာပဏ္ဍိတအဝေရာ ရာမရန်ကင်းဆရာတော်၏ ညွှန်းဆိုချက်များဟာ ဆရာတော်ကြီးတို့နှင့် တစ်ထပ်တည်း ကျနေသလိုပါပဲ။

ပရိယတ်မကင်းသော မှန်မြတ်လှသည့် ဓမ္မအမွေအနှစ်ပဋိပတ်လုပ်ငန်းကြီးကို ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီး၏ ဩဝါဒတော်အတိုင်း စည်းကမ်းနှင့်အညီ ဆက်လက်၍ သည်ပိုးဆောင်ရွက်နေပေတယ်။

## တရားဟောစွမ်းရည်

ကျစ္စာဆရာတော်သည် ဟောရေးပြောရေး၌ ဓမ္မကထိကကဲ့သို့ စွမ်းရည်ထက်မြတ်သော ပါရမီရှင်တစ်ပါးဖြစ်ပါတယ်။ စာတတ်သလောက် ဟောတတ်၊ ပြောတတ်၏၊ ဟောတိုင်းလဲ စာစုံ၏။ စာစုံသလောက် အာဝဇ္ဇန်းကလည်းသွက်တော့ ဆွဲဆောင်မှုအားထက်တော့တာပေါ့။ စာပေကျမ်းဂန်နှင့် ပတ်သက်လျှင် ဆရာတော်၏ ပိဋကတ်ဝမ်းတိုက်တွင်းမှ တူးတိုင်းထွက်၊ ဖော်တိုင်းပေါ် အဖိုးတန်ရတနာတွေ မကုန်နိုင်၊ မခန်းနိုင်၊ အပြောအဟော၌လည်း အသံကောင်းလျှာသွက်တော့ ဝိပဿနာတရားလေးလေးကြီးကိုပင် တရားနာယူပရိသတ်ကတော့ ပျင်းရမှန်းငိုက်ရမှန်းမသိ၊ တစူးစူးတစိုက်စိုက်နှင့် တင်းတိမ်တယ်မရှိ၊ အားရတယ်မရှိကြပါ။ ဆရာတော်၏ တရားပွဲတော်ကိုသာ နားစွင့်၍ နေကြပါတယ်။ သို့သော် ဆရာတော်မှာကား တတ်သောဟန်နှင့် မာန်လည်းမဝင့်ခဲ့ပေ။ လကိုနှုန်းထွေ နေကိုနှိုင်းချင့် မြေနှင့်တူစွာကျင့်၍သာ နေထိုင်ခဲ့တယ်။

## အားလုံးကျေနပ်တဲ့ပုဂ္ဂိုလ်

ဒါကြောင့် ဆရာတော်ဟာ ပရိယတ်၊ ပဋိပတ် ထိပ်ခေါင်တင် ဆရာတော်ဘုရားကြီးများရဲ့ အားကိုးအားထား လောက်တဲ့ ပါရမီရှင် တပည့်ကြီးတစ်ပါးပါ။ အနှစ်ချုပ်ဆိုရရင် ကျစ္စာဆရာတော်ဟာ တပည့်ဘဝတုန်းကဆရာများက အားရကျေနပ်တဲ့ပုဂ္ဂိုလ်၊ ဆရာဘဝကျတော့ တပည့်များက အားရကျေနပ်တဲ့ပုဂ္ဂိုလ်၊ သီတင်းသုံးဖော် အချင်းချင်း အားရကျေနပ်ကြတဲ့ပုဂ္ဂိုလ် ကိုးကွယ်ဆည်းကပ်ကြတဲ့ ဒကာ+ဒါယိကာမတွေကလည်း အားရကျေနပ်တဲ့ပုဂ္ဂိုလ်လို့ ဆိုချင်ပါတယ်။

ဤသို့ လောကီလောကုတ် အမျိုးဘာသာ၊ သာသနာအကျိုးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် ဟောတုသမ္ပဒါရဲ့ အကျိုးဆက်အဖြစ် ဖလသမ္ပဒါလို့ခေါ်ရမယ့် နိုင်ငံတော်က အားရကျေနပ်လို့ ""အဂ္ဂမဟာကမ္မဋ္ဌာနစရိယ"" ဘွဲ့ထူးနှင့် ""အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ "" ဘွဲ့ထူးဂုဏ်ထူးတွေကို ထိုက်တန်စွာ ဆက်ကပ် ပူဇော်ခြင်းကို ခံယူတော်မူတယ်။

ထိုကြောင့် ကျစ္စာဆရာတော်နှင့် ကျေးဇူးရှင်ပရိယတ္တိ

ဆရာတော်ကြီးများနှင့် ကျေးဇူးရှင်ပဋ္ဌိပတ္တိ ဆရာတော်ကြီးများ တို့သည်ကား 'တစ်နိုင်လုံးစိန်' ဟု ဆိုရလောက်အောင် သာသနာပြု နေကြတယ်။

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော် သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင် ဆရာတော်ဖြစ်တဲ့ မန္တလေးမြို့ မဟာဝိဇိတာရုံဆရာတော် ဦးဝိစာရိန္ဒာဘိဝံသ (သာသနာ့ဓဇသီရိပဝရဓမ္မစရိယ၊ သကျသီဟဓမ္မာစရိယ) ဟာ ဆရာတော်ရဲ့ ဆွေမျိုးရင်းချာ နောင်တော်ဖြစ်ပါတယ်။ အဂ္ဂမဟာကမ္မဋ္ဌာနစရိယ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ဩဝါဒစရိယ ဆရာတော် ဦးဇဋိလ (သာသနာ့ဓဇသီရိပဝရဓမ္မာစရိယ၊ ပါဠိပါရဂူ) ဟာ ကျွဲစွာ ဆရာတော်ရဲ့ ညီတော်ဖြစ်ပါတယ်။ ကတော့ရွာဇာတိဖွားမိသားစု သားချင်းများ ဖြစ်ကြပါတယ်။ ဒါကြောင့် ဆရာတော်တို့ မိသားစု ဟာလည်း 'တစ်နိုင်လုံးစိန်' ဟု ဆိုရလောက်အောင် 'ပါဠိပါရဂူ' များအနေဖြင့် နေကြပါတယ်။

## ထူးကဲသောဝိပဿနာနှင့် အားကိုးထိုက်တဲ့ ကလျာဏမိတ္တ ကျွဲစွာ ဆရာတော်

ဝိပဿနာအကြောင်းအရာကား ဤဗုဒ္ဓသာသနာတော်၌ အထူးကဲဆုံးတရားဖြစ်ချေသည်။ ဗုဒ္ဓရှင်မြတ်တော်ဘုရားသည် ဒက္ခိဏာဝိဘင်္ဂသုတ်၌ တရားအမျိုးမျိုး၏ အကျိုးကြီးမားပုံကို ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားတော်မူရာတွင်

ဒါနကုသိုလ် အမျိုးမျိုးထက် သရဏဂုံ ကုသိုလ်က အကျိုး ကြီးမားသည်။ သရဏဂုံကုသိုလ်ထက် သီလကုသိုလ်က အကျိုး ကြီးမားသည်။ သီလကုသိုလ်ထက် သမထကုသိုလ်က အကျိုးကြီးမားသည်။ သမထကုသိုလ်ထက် ဝိပဿနာကုသိုလ် အကျိုးကြီးမားသည်ဟူ၍ ဝိပဿနာကုသိုလ်က အကျိုးကြီးမား ဆုံး ဖြစ်ကြောင်း၊ ဖော်ပြဟောကြားထားသည်ကို ဖတ်ရှု တွေ့မြင် နိုင်ပါတယ်။

ယင်းသို့ တရားအကျိုးတရားအကြီးမားဆုံးဖြစ်သော ဝိပဿနာကုသိုလ်သည် ဤဗုဒ္ဓသာသနာတော်၌ အထူးမြတ်ဆုံးဖြစ်ပေတယ်။

သာသနာတော်အတွင်း၌ တွေ့ဆုံကြုံကြိုက်ခွင့် ရလာသော ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် သာသနာတော်တွင်းဖြစ် အထူးမြတ်ဆုံး ဝိပဿနာကုသိုလ်ကို ရရှိကြစေရန် ကြိုးစားအားထုတ် ပြုလုပ်ကြရန် သင့်တော်လှပါတယ်။

ဤနေရာ၌ မေးဖွယ်ရာစကားတစ်ရပ် ရှိနိုင်ပါတယ်။ ဝိပဿနာ ကုသိုလ်ထူးကို ရချင်လိုချင်ပါတယ်။ ဘယ်လိုများ ရှာဖွေရပါမည်နည်း။ ဘယ်စာအုပ်တွေဖတ်ပြီး ဘယ်ပုဂ္ဂိုလ်ဆရာများ ကို လုံးဝအားကိုး ရမည်နည်း ဟူ၏ မေးဖွယ်ရှိပါတယ်။

ပြည့်ပြည့်စုံစုံနှင့် လိုရင်းကျကျ ဖြေဆိုပြပါမည်။ ဆက်လက် ရှုစားတော်မူပါ။ ဝိပဿနာရှုနည်း စာအုပ်အမျိုးမျိုး ထွက်ပေါ်နေသော ခေတ်ဖြစ်ပါတယ်။ ဖော်ပြ၍ မကုန်လောက် အောင် များပြားလှပါတယ်။ သူ့နည်းနှင့်သူတော့ အကောင်းများသာ ဖြစ်မည်ဟု ယုံကြည် ပါတယ်။

ဤ၌ စာလေးနေမည်စိုးသောကြောင့် စာအုပ်ကောင်းတွေ ရွေးချယ်မှုကို ခေတ္တဖယ်ထားကာ ဆရာကောင်းရွေးပုံကို ဦးစားပေး ဖော်ပြလိုသောကြောင့် ဖြစ်၏။ သင်၏ ဉာဏ်မီသ၍ကိုသာ ရွေးချယ် ဖတ်ရန်ကိုသာ တိုက်တွန်းပါရစေ။

နည်းခံအားကိုးထိုက်သည့် ဆရာအရည်သွေးကောင်းကို တော့ ကျေးဇူးရှင်မဟာစည်ဆရာတော် ဘုရားကြီးစိတ်ကြိုက် ရွေးချယ်စေလိုတဲ့ စွမ်းရည်ပေတံနှင့် မီမမီ တိုင်းတာကြည့်ရအောင်။ ဆရာမရှိပဲ စာတွေ့နှင့်အားထုတ်လျှင် မသွားဖူးသောခရီးကို တစ်ယောက်ထဲသွားရသကဲ့သို့ ယုံမှားမကင်းသောကြောင့် ခပ်ဆဆ ဖြစ်၍လည်းနေတတ်သည်။ ထို့ကြောင့် သာမန်ပုဂ္ဂိုလ်သည် အားပေး ကူညီမည့် ဆရာမရှိ အားထုတ်လျှင် ဝိပဿနာဉာဏ်ထူးမဂ်ဖိုလ် တရား ထူးများကို ချောမောစွာရရန် မလွယ်ကူလှပေ။ သို့ဖြစ်၍ မဂ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်သိရသည့်တိုင်အောင် တကယ်တမ်း အားထုတ်လိုသော သူတော်ကောင်းတို့သည် "ယထာ ဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော"

" မှန်ကန်စွာသိရန် ဆရာကိုရှာရမည် " - ဟူသော နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်နှင့်အညီ ကျကျနန အားထုတ်ဖူး၍ ဝိပဿနာဉာဏ်စဉ် မဂ်ဖိုလ်ပစ္စဝေက္ခဏာ ဉာဏ်တို့နှင့်တကွ ဖိုလ်ဝင် စားပုံအထိကျမ်းဂန်နှင့်ညီစွာ ညွှန်ပြနိုင်သော ကလျာဏမိတ္တ ဆရာသမားထံ နည်းခံ၍ အားထုတ်ကြပါလေ။

စိတ်ကောင်းနှလုံးကောင်းရှိတဲ့ပုဂ္ဂိုလ်၊ ပရိယတ္တိလည်း ပြည့်စုံတဲ့ပုဂ္ဂိုလ်၊ ဟောရေး ပြောရေးမှာလည်း စွမ်းဆောင်နိုင်တဲ့ အရည်ချင်းရှိတဲ့ ပုဂ္ဂိုလ်ဖြစ်စေရပါမယ်။ (မဟာစည်ဆရာတော်)

ကလျာဏမိတ္တရာအဖြစ် သံသယကင်းစွာ ကျွဲစွာဆရာ တော်ကို အားကိုးရမှာဖြစ်တယ်။ ဒါအပြင် ပြည်တွင်း၊ပြည်ပ တရား စခန်းပေါင်း (၂၅) ခုကျော်ကို နှစ်ပေါင်း (၂၅)နှစ်တိုင်တိုင် တစ်ပါး တည်း ဦးဆောင်ဖွင့်လှစ်၍ တစ်ပါးတည်းနေ့စဉ်ရက်ဆက် တရားပြ နေသည်မှာ ယခုတိုင်အောင်ပါပဲ။ ဒီကြားထဲမှာ ပဏ္ဍိတာရာမ ဆရာတော်ကိုယ်စား နိုင်ငံခြားသွား၍လည်း တစ်ခါတစ်ရံ တရား သွားပြရသေး၏။ မကြာမကြာလည်း အလှူရေစက်ချ တရားများ ဟောရသေးတယ်။ ဆရာတော်ရဲ့ နေ့စဉ်ဝတ်ကတော့ နံနက် သီလကထာ ဟော၊ နေ့တရားစစ်၊ ညအလုပ်ပေးတရားဆက်ဟော စသည်တို့ဟာ ဆရာတော်ရဲ့ တစ်နေ့ပုံမှန်အလုပ်ပါပဲ။ အခုအသက် (၇၅) နှစ် တိုင်တိုင် မြန်မာပြည်အနှံ့ အထက်-အောက်၊ စုံ-ဆန်၊ တိုင်းနှင့် ပြည်နယ်သို့လည်း အနှံ့ခြေဆန့်၊ ပြည်ပတိုင်းပြည် အလီလီ သို့လည်း လွန်းပျံထိုးသွားသလို တစ်ဆက်တည်း မရပ်မနား သွားရောက် တရားပြနိုင်သည်မှာ သာမန်ပုဂ္ဂိုလ်တို့ မလုပ်နိုင်သော အရာပင်ဖြစ်၏။

နိုင်ငံပေါင်းစုံ ဘာသာပေါင်းစုံမှ လူမျိုးပေါင်းစုံတို့ကို ကျေနပ်လောက်အောင် တရားဟောပြနေဆဲပါ။ ဒါကြောင့် ဆရာတော်ဟာ အထက်ဆရာ့ ဆရာကြီးများကဲ့သို့ ကမ္ဘာ့ ဗုဒ္ဓ သာသနာပြု အကျော်အမော်ပုဂ္ဂိုလ်မြတ်ကြီးတစ်ပါးပါ။ ဝိပဿနာ အရာမှာ စွယ်စုံမုံသောက်သည်ဟု ဆိုရလောက်သည်။

ထို့ကြောင့် လိုရင်းတိုရှင်းဆိုရရင်ဖြင့် ဝိပဿနာ ကုသိုလ် ထူးကို ရချင်လိုချင်ရင်တော့ သင်ယောဂီတို့ရဲ့ လက်တစ်ကမ်း သာသာမှာရှိကြတဲ့ ကျွဲစွာဆရာတော်ကြီး၏ တရားစခန်းများမှာ



အမြန်ဆုံး ဝင်ရောက်တရားအားထုတ်လိုက်ပါ။ ကျစ္စာဆရာတော်ကြီး၏ အလုပ်ပေးတရားတော်ကို ရိုသေစွာ နာယူပြီး ကြိုးစားအားထုတ်ဖို့ပါပဲ။

ဝိပဿနာဟူသည် 'အတိတ်ကိုလည်းတွေး၍ အစဉ်မလိုက်နှာ၊ အနာဂတ်ကိုလည်း မျှော် ဆ၍တောင့်တမနေရာ၊ အတိတ်တရားကား ချုပ်ပျောက်သွားလေပြီ၊ အနာဂတ်တရားများ မရောက်လာသေးချေ။ ထိုထိုခဏ ပစ္စုပ္ပန်ကာလရှိ တရားကိုသာ လောဘဖြင့် ငြိကပ်ဆွဲဆောင်မှုမရှိဘဲ မဖြစ်ဘဲနှင့် ပညာရှိသည် ပွားများရာ၏' ဟူ၍ မြင့်လှရင့်လှသည့် ဝိပဿနာရှုနည်းကို လက်တွေ့သိမြင် လာပါလိမ့်မည်။

ဤနေရာ၌ ဆင်းရဲအလုံးစုံမှ ကျွတ်လွတ်ရာဖြစ်သော နိဗ္ဗာန်ကို လျှော့ပေါ့စွာ အားထုတ်၍မသိနိုင်၊ မရောက်နိုင်ပေ၊ အနည်းငယ်သောစွမ်းအားဖြင့် မသိနိုင်၊ မရောက်နိုင်ပေ။ ကြီးကျယ်သော စွမ်းအားဖြင့် လေးနက်စွာ နှလုံးသွင်းပြီး တင်းတင်းရင်းရင်း ပြည့်ပြည့်ဝဝ အားထုတ်နိုင်ဖို့တော့ လိုပါသည်လို့ (မဟာစည်ဆရာတော်ကြီး) က အထူးဆိုပါ၏။

'တရားအားထုတ်သောသူထက် ပါရမီရှိသူ၊ ကံကောင်းသူကား လောက၌မရှိပြီဟုသာ ယုံကြည်၍ ကိုယ့်အလုပ်ကိုသာ တွင် တွင်ကြီး အားထုတ်ကြရာ၏' ဟူ၍ (တိပိဋကဆရာတော်ကြီး) က ထပ်ဆင့်အားပေးသေးသည်တို့မှာ အကွက်ကျလှပါပေသည်။

**စကြာမင်း၏ ပတ္တမြား**

*ဒုလ္လဘော ပုရိသာဇညော၊*
*န သော သဗ္ဗ တ္ထ ဇာယတိ။*
*ယတ္ထ သော ဇာယတိ ဓီရော၊*
*တံ ကုလံ သုခ မေဓတိ။*

ယောကျ်ားအာဇာနည် လူရည်ချွန် ယောကျ်ားမြတ်သည် ပေါ်ပေါက်နိုင်ခဲ၏။ နေရာဌာနတိုင်း၌ မပေါ်ပေါက်နိုင်၊ အကြင်အမျိုး၊ အကြင်အရပ်၌ လူရည်ချွန်ယောကျ်ားဖြစ်ပေါ်ထွန်း၏ ၄င်းဖြစ်ပေါ်ထွန်းရာ ဌာနပေါ်ထွန်းရာအမျိုးသည် တစ်မျိုးလုံး၊ တစ်ဆွေလုံး၊ တစ်ပြည်လုံး ကြီးပွားချမ်းသာ မင်္ဂလာနှင့် ပြည့်စုံစေနိုင်၏ ဟူသော စာဆိုနှင့်အညီ ကျစ္စာဆရာတော်သည် ပထမဦးစွာ မြင်းခြံခရိုင်၊ ကတောရွာ၌ ပေါ်ထွန်းလာပေသည်။ ရွာရှိ စာသင်ကျောင်းကြီး (၂) ဆောင်လုပ်၍ မူလတန်းလွန်ကျောင်း ဖြစ်စေခဲ့တယ်။

ထို့နောက် (ပေ-၃၀၀×၃၀) နှစ်ထပ်နံကပ် ကျောင်းဆောင်ကြီး ထပ်မံဆောက်လုပ်၍ အလယ်တန်းကျောင်း ဖြစ်စေခဲ့ပါတယ်။ အခါအားလျော်စွာ ကျောင်းစာအုပ်များ တူညီဝတ်စုံများကိုလည်း ထောက်ပံ့ပေးခဲ့ပါတယ်။

ဒုတိယကိုယ်ပွားအဖြစ် ဆရာတော်သည် စစ်ကိုင်းတောင် မြောက်ဖျား ဝါးချက်ရွာအနီး ကျစ္စာချောင်ဟု ထပ်မံပေါ်ပေါက်လာပါတယ်။ 'သစ်ပင်မြစ်ချောင်း၊ နို့ကောင်းနွားမ၊ ဤကာယကား၊ သူများအကျိုး၊ သယ်ပိုးအံ့ဌာ၊ သီးခါတန်သီး၊ စီးမြဲစီးလျက်၊ ဒီးဒီးယိုကျ၊ ကျိုးဆောင်ရ၏' ဟူသော (နီတိကျမ်းလာ) စကားအတိုင်း ကျစ္စာဆရာတော်အနေနဲ့ ငါ့ရဲ့ခန္ဓာကိုယ်ဟာ သူတစ်ပါးကျေးဇူးပြုခြင်း အကျိုးငှာသာလျှင် (ဝါ) ပရဟိတအတွက် သက်သက်သာလျှင် ဖြစ်ပါစေလို့ အဓိဋ္ဌာန်နဲ့ သာသနာပြုနေပါတယ်။

၁။ ကွေ့ကောက်ကျဉ်းမြောင်းပြီး ကြမ်းတမ်းသော မြေလမ်းမှ ဖြောင့်ဖြူးပြီး ချောမွေ့သော ကတ္တရာလမ်းအဖြစ်သို့ရောက်အောင် စစ်ကိုင်း၊ မင်းကွန်းလမ်းကို ဦးဆောင်ပြီး ဖောက်လုပ်ခဲ့ပါတယ်။

၂။ ပညာရေးအတွက် ဝါးချက်မှ မူလတန်းလွန်ကျောင်း (၂) ကျောင်းကိုဆောက်လုပ်ခဲ့တယ်။ နွမ်းပါးသူများကိုလည်း စရိတ်ထောက်ပံ့ပေးခဲ့တယ်။

## ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ

ဝါးချက်ကျေးရွာရဲ့တောင်ဖျား ကျူစွာချောင်မြောက်ဘက် တခေါ်သာသာအကွာမှာ ခုတင် (၁၀၀) ဆန့် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးကို အရှေ့ဘက်ဧရာဝတီမြစ်ကို မျက်နှာပြု မင်းဝံတောင်ကြီးကို နောက်ခံထားပြီး ဝါရင့်သမားတော်ကြီး အပြည့်အစုံနဲ့ တောင်ရိုးပျော် သူတော်စင်ရဟန်း၊ သံဃာ၊ သီလရှင်တို့၏ ကျန်းမာရေးလိုလေသေးမရှိ စောင့်ရှောက်၍ အခမဲ့ ကုသပေးနေတဲ့ ဆေးရုံတစ်ရုံပါ။

မန္တလေးပြည်သူ့ဆေးရုံကြီးမှ ဌာနမှူး၊ ပါမောက္ခများကိုယ်တိုင် ဦးဆောင်ပြီး တပည့်ကြီးများနှင့် အပတ်စဉ်လာရောက် ကုသနေတယ်။ ကျွမ်းကျင်သော ဂျပန်ဆရာဝန်များကလည်း ပင်တိုင်ထိုင်၍ ကုသပေးနေတယ်။ အခါအားလျော်စွာ နိုင်ငံခြားတိုင်းပြည်မှ သက်ဆိုင်ရာကျွမ်းကျင် ဆရာဝန်ကြီးများကလည်း လာရောက်ကုသဒါနပြုကြပါတယ်။ တိုင်းရင်းဆေးခန်းပါ ပူးတွဲထားပါသဖြင့် တိုင်းရင်းဆေးပညာနဲ့လဲ ကုသနေပါပြီ။ အထူးသဖြင့် အပ်စိုက်ကုသပိုင်းမှာလည်း အလွန်အောင်မြင်ပါတယ်။ ဆရာတော်ကြီး သီလရှင်ဆရာကြီးများ အားကိုးဆုံးကတော့ သွားအထူးကုအဖွဲ့ပါ။ Super အဖွဲ့လို့ ခေါ်ရမှာဖြစ်ပါတယ်။ နေ့လယ်စာကို ညနေ (၂) နာရီ (၃) နာရီကျမှ စားရတဲ့အဖွဲ့ပါ။

ဆေးရုံအုပ်ကြီးနှင့် ဆေးရုံဝန်ထမ်းတွေကလည်း တာဝန်ကျေနွေးထွေးကြတော့ ဘက်စုံထောင့်စုံ ပြည့်စုံတဲ့ ဆေးရုံဖြစ်လာတော့တာပေါ့။

ဒါကြောင့် ဆရာတော်တည်ထောင်တဲ့ (ဝါးချက်) ဇီဝိတဒါန သံဃာ့ဆေးရုံရဲ့ ကောင်းသတင်းဟာ မြန်မာပြည်တွင်သာမက နိုင်ငံခြားကိုပါကျော်ပြီး ကြားရသူတိုင်း မုဒိတာပွားနေရတာပေါ့။ အားကိုး၍ လာရောက်ကုသ သူတွေများလာလေလေ ဝန်ဆောင် စရိတ်တွေကလည်း အလိုလို တက်လာပါတယ်။ ပြည့်သူ့ဆေးရုံကြီးတို့၏ ထုံးစံအတိုင်း ဘယ်လိုပဲဖြည့်ဖြည့် မပြည့်တဲ့ အိုးကြီးနဲ့ တဖြည်းဖြည်းတူလာပါတော့တယ်။

ဆရာတော်ကြီးရဲ့ အာမခံဆေးရုံ ကြီးကြပ်ထောက်ပံ့ရေးအဖွဲ့တွေကလဲ ပရဟိတ စွမ်းအားရှင်များပီပီစွမ်းသလောက်တော့ ကြိုးစားဖြည့်တင်းပေးနေပါတယ်။ ဒါကြောင့်ဆေးရုံကြီးကို ရေရှည်တည်မြဲအောင် အစဉ်ဂရုပြုစောင့်ရှောက်နေကြပါသော ထက်/အောက်မြန်မာပြည် ဂုဏ်ထူးဆောင်နာယကကြီးများ၊ ကြီးကြပ်ထောက်ပံ့ရေး နာယကကြီးများ၊ ကြီးကြပ်ထောက်ပံ့ရေးအဖွဲ့ဝင်များ၊ ဆေးဝါးကုသရေး (ဂိလာနုပဋ္ဌာက) အဖွဲ့၊ ဘဏ္ဍာရှာကြံရေးအဖွဲ့၊ ပြည်တွင်းပြည်ပ ဝတ္တုငွေအလှူရှင်၊ ပစ္စည်းအလှူရှင်များ လုပ်အားဒါနအလှူရှင်များဟာ တကယ်တော့ 'တစ်နိုင်လုံးစိန်' ဟုဆိုလောက်ပါပေတယ်။

## စိတ်ကျန်းမာရေးစောင့်ရှောက်ပုံ

ကျန်းမာမှုသည် ကိုယ်ကျန်းမာမှုနှင့် စိတ်ကျန်းမာမှုဟု နှစ်ခုရှိ၏။ ကိုယ်ကျန်းမာမှုအတွက် ဆေးဝါးကုသမှုဖြင့် အကျိုးပြုသလို စိတ်ကျန်းမာမှုအတွက် ဆရာတော်သည် ကျူစွာချောင်၊ မဟာအတုလရံသီဓမ္မရိပ်သာ၊ ကမ္မဋ္ဌာန်းဌာနတို့ကို ဖွင့်လှစ်ထား၏။ တရားဟော၊ တရားပြ၊ တရားကျင့်စေခြင်းဖြင့် စိတ်ကျန်းမာမှု အကျိုးတရားများကို ဖြစ်ပွားစေ၏။ 'ပဏ္ဍိတတို့၊ ဓနမူကား၊ နည်းပြားပစေ၊ တွင်းထွက်ရေသို့၊ ဗိုလ်ခြေအားလုံး၊ သောက်သုံးချမ်းသာ၊ ပြီးတတ်စွာရှင့်' (မဃဒေဝပိုဒ် - ၂၅၄) ဆိုတဲ့ မဃဒေဝလင်္ကာအတိုင်း ဆရာတော်စုဆောင်းထားတဲ့ ပရဟိတလောကီ-ါနတွေ ပရိယတ္တိ ပဋိပတ္တိစတဲ့ လောကုတ္တရာဒါနပစ္စည်းတွေဟာ တွင်းထွက်ရေလိုပဲ ဘယ်လိုပဲ ခပ်သုံးသောက်သုံးသော်လည်း အများအတွက်အကျိုး၊ ကိုယ်တွက်အကျိုးပြုနေ ချမ်းသာနေမှာ ဖြစ်ပါတယ်။ တွင်းထွက်ရေလို မကုန်နိုင်၊ မခမ်းနိုင်ပဲ ပြန်လည် ပြည့်နေမှာ ဖြစ်ပါတယ်။

ဆရာတော်၏ ထူးမြတ်သော ပရိယတ္တိဂုဏ်၊ ပဋိပတ္တိဂုဏ်တို့နှင့် လောက+သာသနာနှစ်ဖြာကောင်းကျိုးပွားတတ် တိုးအောင်လွန်ကဲထူးမြတ်သော သဒ္ဓါဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတို့ဖြင့် သည်ပိုးဆောင်ရွက်တော်မူခဲ့သည့်ဂုဏ်တို့၏ အရှိန်အဟုန်သည် အသက် (၇၅) နှစ် စိန်ရတုအချိန်တွင် ရပ်တန့်၍ မနေဘဲ ဒီရေအလား အရှိန်မြင့်မားစွာနဲ့ ပဌာန်းမြားနယ်သို့ပင် ဝင်ရောက်နေလေပြီ။

ကျူစွာဆရာတော်ကြီးအား လေးကျွန်းသနင်း စကြာမင်း၏ ပဌာန်းမြားရတနာကြီးသဖွယ် စိတ်အာရုံဝယ် ထင်မြင်၍ လာပါတယ်။ စကြာမင်း၏ ပဌာန်းမြားသဖွယ် ထင်မြင်လာပုံမှာ မင်းကြီး၏ ပဌာန်းမြားရတနာသည် နောက်ကျနေသော ရေဟူသမျှကို အထူးကြည်လင်စေကာ မိမိတည်ရာ ပတ်ဝန်းကျင်တစ်ယူဇနာအတွင်း၌ ထူးကဲသော အလင်းရောင်ကို ပေးတတ်သကဲ့သို့ သုံးလောကသနင်းတရားမင်း ဘုရား၏ သားရင်းစစ်စစ်ဖြစ်တော်မူသော ကျေးဇူးရှင်ကျူစွာဆရာတော်ဘုရားကြီးသည်လည်း လောဘ၊ ဒေါသ၊ မောဟ အစရှိသော ကိလေသာ မြူအနယ်တို့ဖြင့် နောက်ကျုနေသော ရှင်လူအပေါင်းတို့၏ စိတ်အစဉ်၌ သဒ္ဓါတရား အကြည်ဓာတ်ကို ဖြစ်ပွားစေကာ အသိဉာဏ် အလင်းရောင်ကိုပေးတော်မူသဖြင့် လေးကျွန်းသနင်း စကြာမင်းကြီး၏ ပဌာန်းမြားရတနာနှင့် မခြားတစ်မူ အလွန်တူတော်မူပါပေတယ်ဟု ထင်မြင်ယူဆရပါသတည်း။

* * *

*ဦးစံရှင်(အင်ဂျင်နီယာ-မြန်မာ့မှု)*



ဦးသန်းထွန်း

# ကျွာဆရာတော်ဘုရားကြီး၏

# ပညာရေးအတွက်ဆောင်ရွက်ချက်များ

ကျွှာဆရာတော်ဘုရားကြီးသည် သာသနာတော်ကြီး အရှည်တည်တံ့ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သော ပရိယတ္တိ လုပ်ငန်းကြီးကို မိမိ၏ ကျောင်းများဖြစ်သည့် စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုးရှိ ကျွှာချောင်နှင့် ဓမ္မသုခချောင်၊ ရန်ကုန်မြို့ရှိ သီရိလင်္ကာရာမဒဂုံရိပ်သာနှင့် ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်မြို့ရှိ သီရိလင်္ကာရာမ ကျောင်းတိုက်တို့တွင် ကိုရင်နှင့် ရဟန်းများကို ဆရာတော်၏ တပည့်သံဃာများက ဗုဒ္ဓစာပေ ကျမ်းဂန်များကို သင်ကြားပေးလျှက်ရှိပါတယ်။ ဆရာတော်ဘုရားကြီးသည် သက်တော် (၅၀) ကျော်မှစပြီး ယခုအချိန်ထိ ပဋိပတ္တိလုပ်ငန်းကြီးကို ဖိဖိစီးစီးလုပ်ကိုင် ဆောင်ရွက်လျက်ရှိပါတယ်။ ဆရာတော်ဘုရားကြီးသည် သက်တော် (၇၅) နှစ်ပြည့်ပြီ ဖြစ်သော်လည်း ပြည်တွင်းတွင် စစ်ကိုင်း၊ မတ္တရာ၊ စဥ့်ကူး၊ ရွှေဘို၊ ရှမ်းပြည်နယ်တောင်ပိုင်းရှိ လွိုင်လင်၊ နမ့်ဆန်၊ ပဲခူးတိုင်းအတွင်းရှိ ဆပ်သေ၊ မြို့လှ၊ ကရင်ပြည်နယ်ရှိ မြဝတီမြို့များသို့ နှစ်စဉ်ကြွရောက်ပြီး တရားစခန်း (၁၆) ခု ဖွင့်လှစ်၍ ဝိပဿနာတရားများ ဟောပြောပြသပြသမြဲဖြစ်ပါတယ်။ ပြည်ပနိုင်ငံများဖြစ်သော အမေရိကန်ပြည်ထောင်စု (U.S.A) နှင့် သြစတြေးလျ (Australia) နိုင်ငံများသို့လည်း နှစ်စဉ်ကြွရောက်ပြီး တရားစခန်း (၁၂) ခုဖွင့်လှစ်၍ ပဋိပတ္တိသာသနာပြုလျက် ရှိပါတယ်။ ထို့ကြောင့် ကျွှာဆရာတော်ဘုရားကြီးကို ကမ္ဘာ့ပြည်တွင်း၊ ပြည်ပ သာသနာပြု ဆရာတော်ဘုရားကြီးအဖြစ် သိသူများပါတယ်။

ကျွှာဆရာတော်ဘုရားကြီးသည် ပရိယတ္တိ၊ ပဋိပတ္တိ လုပ်ငန်းများကိုသာ ကြိုးစားလုပ်ဆောင်နေခြင်း မဟုတ်ပါ။ လူမှုရေးလုပ်ငန်း အမြောက်အမြားကိုလည်း စနစ်တကျဇောက်ချပြီး လုပ်ကိုင် ဆောင်ရွက်ပါတယ်။ ကျွှာဆရာတော်ဘုရားကြီးသည် စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုးရှိ (ဝါးချက်) ဓိဝိတဒါနသံဃာ့ဆေးရုံကြီးကို ဦးစီးတည်ထောင်ပြီး ၁၉၈၄ ခုနှစ် အောက်တိုဘာလ (၂၀) ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါတယ်။ ယခုအခါ ဆေးရုံ၏ သက်တမ်းသည် (၂၅) နှစ်ပြည့်ခဲ့ပြီးဖြစ်ပြီး ပြည်တွင်းမှာသာမက ပြည်ပနိုင်ငံ အချို့ တွင်ပါ ကျော်ကြားသည့် ဆေးရုံကြီးဖြစ်ပါတယ်။ သံဃာ၊ သီလရှင်၊ လူပုဂ္ဂိုလ်အများ မှီခိုအားထားနေသည့် ဆေးရုံကြီးလည်း ဖြစ်ပါတယ်။

ဆရာတော်ဘုရားကြီးသည် ကျန်းမာရေး လုပ်ငန်းသာမက ဝါးချက်ရွာဦးမှ သရက်ပင်ဆိပ်အထိ ကတ္တရာ လမ်းခင်းခြင်း၊ ဘုရား၊ စေတီ၊ ပုထိုးဟောင်းများ ပြုပြင်ခြင်း၊ စစ်ကိုင်းတောင်ရိုး မြောက်ပိုင်းရှိ ကျေးရွာများသည် ကျောက်မြေများဖြစ်ရာ အဝီစိရေတွင်းတူးရန် ခက်ခဲခြင်းကြောင့်လည်းကောင်း၊ ယခုအခါကျေးရွာ (၄) ရွာသို့ ရေပိုက်လိုင်းများသွယ်ပေးပြီး ရေတင်စက်ကြီးများဖြင့် ရေဖြန့်ဝေခြင်းလုပ်ငန်း စသည့် လူမှုရေးလုပ်ငန်းများစွာကို လုပ်ဆောင်လျက် ရှိပါတယ်။

ဆရာတော်ဘုရားကြီးသည် မိမိ၏ လူမှုရေး လုပ်ဆောင်ချက်များကို လူအများသိရှိပြီး ကျော်ကြားဖို့ထက် မိမိလုပ်ဆောင်ပေးမှုကြောင့် လူအများအကျိုးရှိပြီး စိတ်ချမ်းသာကြသည်ကိုသာ လိုလားတော်မူပါတယ်။ ထို့ကြောင့်လည်း ဆရာတော်ဘုရားကြီး၏ လူမှုရေး လုပ်ဆောင်ချက်များကို သိသူများမှာ နည်းပါးလှပါတယ်။

**ဆရာတော်ဘုရားကြီးသည် ကျန်းမာရေး လုပ်ငန်းသာမက ဝါးချက်ရွာဦးမှ သရက်ပင်ဆိပ် အထိ ကတ္တရာ လမ်းခင်းခြင်း၊ ဘုရား၊ စေတီ၊ ပုထိုးဟောင်းများ ပြုပြင်ခြင်း၊ စစ်ကိုင်းတောင်ရိုး မြောက်ပိုင်းရှိ ကျေးရွာများသည် ကျောက်မြေများ ဖြစ်ရာ အဝီစိရေတွင်းတူးရန် ခက်ခဲခြင်းကြောင့် လည်းကောင်း၊ ယခုအခါကျေးရွာ (၄) ရွာသို့ ရေပိုက်လိုင်းများသွယ်ပေးပြီး ရေတင်စက်ကြီး များဖြင့် ရေဖြန့်ဝေခြင်းလုပ်ငန်းစသည့် လူမှုရေး လုပ်ငန်းများစွာကို လုပ်ဆောင်လျက်ရှိပါတယ်။**

ကျွန်တော်တင်ပြလိုသည်မှာလည်း ထိုလူသိနည်းလှသော ဆရာတော်ဘုရားကြီး၏ လူမှုရေးလုပ်ငန်း လုပ်ဆောင်မှုများထဲမှ ပညာရေးအတွက် လုပ်ဆောင်ပေးနေသည့် လုပ်ငန်းဖြစ်ပါတယ်။ ကျွှာဆရာတော် ဘုရားကြီးထံသို့ အလုပ်လုပ်ရန် ၁၉၉၆ ခုနှစ်တွင် ကျွန်တော်ရောက်ခဲ့ပါတယ်။ နိုင်ငံခြားသားများ တရားစခန်းကို ကျွှာချောင်တွင် ပထမအကြိမ် စတင်ဖွင့်လှစ်ခဲ့သော နှစ်ဖြစ်ပါတယ်။ (ဝါးချက်) ဓိဝိတဒါနသံဃာ့ဆေးရုံ၏ ပထမအကြိမ် အကူသူနာပြုသင်တန်း စတင်ဖွင့်လှစ်သော နှစ်လည်းဖြစ်ပါတယ်။ ပို၍ ထူးခြားသည်မှာ တရားစခန်းဝင်သွားသော နိုင်ငံခြားသားယောဂီများသည် ကျွှာဆရာတော်၏ မေတ္တာ၊ ကရုဏာအပြည့်ဖြင့် ဆောင်ရွက်နေသော ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေကောင်းရေသန့်ရရှိရေးနှင့် ဘုရား၊ စေတီပုထိုးဟောင်းများ ပြုပြင်ရေးလုပ်ငန်းကြီး (၅) ရပ်ကို အထူးနှစ်ခြိုက် သဘောကျပီတိဖြစ်ကာ မိမိတို့လည်း ထိုလုပ်ငန်းကြီးများ ဆောင်ရွက်ရာတွင် ငွေကြေးထောက်ပံ့ခြင်းဖြင့် ကုသိုလ်ပါဝင်ခွင့် ပြုပါရန် ဆရာတော်ကြီးထံ ခွင့်ပန်ကြရာ ဆရာတော် ဘုရားကြီးမှ ဝမ်းမြောက်ဝမ်းသာ ခွင့်ပြုခဲ့ပါတယ်။ ထိုအချိန်မှစ၍ ၄င်းယောဂီများသည် 'မေတ္တာဒါန' စီမံချက်ဟု စနစ်တကျဖွဲ့စည်းပြီး နှစ်စဉ်ပညာရေးနှင့် ကျန်းမာရေးအတွက် ထောက်ပံ့လာခဲ့ရာ ယနေ့တိုင် ဖြစ်ပါတော့တယ်။

ကျွှာဆရာတော်သည် ယခင်က မိမိရရှိသော နဝကမ္မအလှူငွေဖြင့်သာ ကျောင်းနေချင်သော်လည်း ဆင်းရဲ၍ ကျောင်းမနေနိုင်သော ကလေးများ၊ (၁၀) တန်းအောင်ပြီး ငွေကြေးချို့တဲ့၍ တက္ကသိုလ်ပညာရေးကို ဆက်လက် မသင်ကြားနိုင်သော ကျောင်းသား/ ကျောင်းသူအချို့လောက်ကိုသာ ထောက်ပံ့နိုင်ခဲ့ပါတယ်။ ၁၉၉၆ ခုနှစ်မှစ၍ ပြည်တွင်းပြည်ပမှ ထောက်ပံ့လှူဒါန်းလာ



မှုများကြောင့် ဆရာတော်သည် ပညာရေးအတွက် လှူဒါန်း ထောက်ပံ့မှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ .

ပထမဦးဆုံး ဝါးချက်ကျေးရွာကွက်သစ်တွင် မြေ (၃) ဧက ကျော်ဝယ်ပြီး ကျပ်သိန်းပေါင်းများစွာ အကုန်ကျခံ၍ ရေမီး၊ အပြည့်အစုံပါသည့် သွပ်မိုး၊ အုတ်ကာ၊ ကျောင်းဆောင်သစ်ကြီး တစ်ဆောင်၊ ရေလှောင်ကန်တစ်ကန်၊ ငါးခန်းတွဲ ရေလောင်း အိမ်သာများ၊ ကျောင်းဥယျာဉ်နှင့် အားကစားကွင်းတို့ကို တည်ဆောက်ပေးခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ဝါးချက်ကျေးရွာရှိ ကျောင်းနေအရွယ် ကလေးအားလုံးကို ကျောင်းအပ်စေပြီး ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ပြဋ္ဌာန်းစာအုပ်၊ စာရေးကိရိယာ၊ ကျောင်းလခနှင့် ပညာရေးဌာနသို့ပေးသွင်း ရမည့် ငွေကြေးအားလုံးကို ဆရာတော်မှ ထောက်ပံ့ လှူဒါန်းပါတယ်။ ကျောင်းသားမိဘများမှ မိမိကလေးကို ကျောင်းအပ်သည့် တာဝန်သာ ယူရပြီး ကုန်ကျစရိတ် အားလုံးကို ကျွှစာဆရာတော်ဘုရားကြီးက တာဝန်ယူ ထောက်ပံ့ပေးပါတယ်။ ဤကဲ့သို့ ဆရာတော်ဘုရားကြီး၏ ပညာရေးအတွက် ပြည့်ပြည့်စုံစုံ ထောက်ပံ့ပေးမှု ကြောင့် ယခင်အစိုးရမူလတန်းကျောင်းဟောင်းတွင် နှစ်စဉ် ကျောင်းသား/သူ (၁၀၀) ကျော်ခန့်သာရှိခဲ့ရာမှ ယခုဆိုလျှင် ကျောင်းသား/သူ (၄၀၀) ကျော်အထိရှိလာပါတယ်။ ကျောင်းသား/သူဦးရေ များပြားလာသည့်အတွက် လက်ရှိကျောင်းဆောင်ဖြင့် မလုံလောက်သောကြောင့် ကျွှစာဆရာတော်ဘုရားကြီးသည် ငွေကျပ်သိန်းပေါင်းများစွာ ထပ်မံအကုန်အကျခံပြီး ကျောင်း ဆောင်သစ်ကြီးတစ်ဆောင်ကို ၂၀၀၀ ခုနှစ်တွင် ထပ်မံဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။ ဆရာတော်သည် ဝါးချက်ကျေးရွာရှိကလေးတိုင်း မိမိဆောက်လုပ်လှူဒါန်းထားသည့် ကျောင်းတွင် မူလတန်းပညာသာမက အလယ်တန်းပညာအထိ သင်ယူနိုင်ရန်ကြိုးစားခဲ့ရာ ယခုအခါ သတ္တမတန်းအထိ သင်ယူနိုင်သည့် အစိုးရမူလတန်း လွန်ကျောင်းအဆင့်သို့ ရောက်ရှိခဲ့ပါတယ်။ ကျောင်းသား/သူ (၄၀၀) ကျော်၊ ဆရာ/ဆရာမ(၁၄)ဦး၊ ကျောင်းဆောင်ကြီးနှစ်ဆောင်၊ ကျောင်းဟောင်းကို ရွှေ့ပြောင်းဆောက်လုပ်ထားသည့် ကျောင်းတစ်ဆောင်နှင့် အားကစားကွင်း၊ ပန်းဥယျာဉ်၊ ရေလှောင်ကန်၊ ရေလောင်းအိမ်သာတို့ဖြင့် သန့်ရှင်းသာယာလှပသော ဝါးချက်ကျေးရွာရှိ အစိုးရ မူလတန်းလွန် ကျောင်းသည် စစ်ကိုင်းတွင် စံပြ ကျောင်းတစ်ကျောင်းအဖြစ် နိုင်ငံတော်မှ အသိအမှတ်ပြုခြင်းခံရပါတယ်။

ကျွှစာဆရာတော်ဘုရားကြီးသည် ဝါးချက်ကျေးရွာကလေးများ၏ ပညာရေးတိုးတက်မှုအတွက် အမြဲတမ်း အားပေးကူညီထောက်ပံ့ပေးလျက်ရှိပါတယ်။ ယခုလည်း မူလတန်းကျောင်းအဆင့်မှ အလယ်တန်းကျောင်းခွဲအဖြစ် ကြိုးစားလျက်ရှိပါတယ်။ လက်ရှိကျောင်းဆောင် ကြီး (၃) ဆောင်တွင် (၇) တန်းအထိ အခန်းဖွဲ့စည်းမှုရှိပြီး လက်ခွဲ (၈) တန်း ကျောင်းသူ/သားများကို လက်ခံ သင်ကြားရန်အတွက် စာသင်ခန်းတစ်ခန်း လိုအပ်နေပါတယ်။ ဤလိုအပ်ချက်ကို ၂၀၁၀ ခုနှစ်တွင် ကျွှစာဆရာတော်ကြီးသည် ကျပ်သိန်းပေါင်း (၁၁၀) အကုန် အကျခံပြီး တိုးချဲ့စာသင်ဆောင် (အလျား၃၀ပေနှင့် အနံ ၃၀ပေ) တစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။ ဤသို့ဖြင့် ဆရာတော်သည် ဝါးချက်ကျေးရွာရှိကလေးများ၏ ပညာရည်မြင့်မားရေးကို ဦးတည်

ကာ ဝါးချက်ကျေးရွာရှိ ပညာရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် ကျပ်သိန်းပေါင်းများစွာ ထောက်ပံ့လှူဒါန်းခဲ့ပါတယ်။

ကျစ္စာဆရာတော်ဘုရားကြီးသည် မိမိမွေးဖွားရာဇာတိမြေဖြစ်သော မြင်းခြံမြို့နယ်၊ ကတောကျေးရွာတွင် လည်း ပညာရေးအတွက် လှူဒါန်းထောက်ပံ့မှုများပြုခဲ့ပါတယ်။ ကတောကျေးရွာ မူလတန်းကျောင်းသည် ဆရာတော်၏ဒက္ခိဏာရာမဘုန်းတော်ကြီးကျောင်း ပရဝုဏ်အတွင်းရှိနေပါတယ်။ နိုင်ငံတော်အစိုးရ၏မူနှင့် မကိုက်ညီသောကြောင့် ဆရာတော်ဦးစီးပြီး ရွာ၏အရှေ့ဘက်တွင် ကျောင်းမြေ (၅) ဧကကိုဝယ်ယူကာ အလျား ၁၅၀ ပေ၊ အုတ်ကာကျောင်း (၁) ဆောင်ဆောက်လုပ်ပြီး ဘုန်းကြီးကျောင်းမှ မူလတန်းကျောင်းကို ထိုနေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါတယ်။ ကျစ္စာဆရာတော်ဘုရားကြီး၏ ပညာရေးအတွက် ဆရာတော် ကြိုးစားဆောင်ရွက်မှုကြောင့် ကတောကျေးရွာ အစိုးရမူလတန်းလွန်ကျောင်းသည် ယခုအခါ အခြေခံပညာ အလယ်တန်းကျောင်းခွဲ ဖြစ်လာပြီး အဋ္ဌမတန်းအထိ ပညာသင်ကြားပေးနိုင်ခဲ့ပါတယ်။ ကတောကျေးရွာမှ အဋ္ဌမတန်းအောင်သည့် ကျောင်းသား/သူများသည် (၂) မိုင်ကျော် ကွာဝေးသည့် ဆီမီးခုံတိုက်နယ်ကျေးရွာရှိ အစိုးရအထက်တန်းကျောင်းသို့ သွားရောက် ပညာသင်ကြားရသည့်အတွက် ပင်ပန်းဆင်းရဲသော ကျောင်းသားမိဘများမှာ သားသမီးများကို ပညာဆက်လက် သင်ကြားစေလိုသော်လည်း ငွေကြေး အခက်အခဲကြောင့် ရွာမှ အဋ္ဌမတန်းအောင်ပြီးလျှင် ကျောင်းထွက်စေကာ မိမိတို့၏ တောင်သူလုပ်ငန်းတွင်သာ စေခိုင်းနေကြရပါတယ်။ ဤအဖြစ်ကိုသိသော ကျစ္စာဆရာတော်ဘုရားကြီးသည် ကတောကျေးရွာ အခြေခံပညာအလယ်တန်း



လှူဒါန်းထောက်ပံ့မှုများကို ဝမ်းသာပီတိဖြစ်ပြီး သဒ္ဒါတရားများ ဖြစ်ကြ၍ ကတောကျေးရွာ ဇာတိဖြစ်သော မန္တလေးမြို့နေ အင်ဂျင်နီယာ ဦးအောင်ဆန်းဝင်း+ဒေါ်ညိုတင်မိသားစုတို့ကလည်း သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်းကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။ ကျောင်းသား/သူဦးရေ (၆၀၀) ကျော်ရှိလာ၍ အစိုးရမူလတန်းလွန်ကျောင်း အဆင့်ဖြစ်အောင် ဆရာတော်ဦးစီး၍ ဆောင်ရွက်နိုင်ခဲ့သဖြင့် သတ္တမတန်းအဆင့်အထိ လက်ခွဲသင်ကြားပေးနိုင်ခဲ့ပါသည်။ ဆရာတော်သည် ၂၀၀၇ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုမှ တရားတပည့်မိသားစု၏ အကူအညီဖြင့် ကျပ်သိန်းပေါင်း (၅၀၀) ကျော်အကုန် အကျခံ၍ အလျား (၁၁၀) ပေ၊ အနံ (၃၀) ပေရှိ သွပ်မိုး၊ အုတ်ကာ၊ လျှာထိုးနှင့် နှစ်ထပ်ကျောင်းဆောင်ကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။ ကျောင်းသား/သူ ဦးရေမှာလည်း နှစ်စဉ်တိုးတက်များ ပြားလျက်ရှိပါတယ်။ ကျောင်းခွဲကို အခြေခံပညာ အထက်တန်းကျောင်းအဆင့် ဖြစ်ဖို့အတွက် ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အထက်တန်းကျောင်းအဆင့်နှင့် ညီညွတ်စေရန် ၂၀၀၉ ခုနှစ်တွင် အလျားပေ (၁၂၀)၊ အနံပေ (၃၀) ရှိ တစ်ထပ်စာသင် ကျောင်းဆောင်ကြီးကို ငွေကျပ်သိန်း (၄၅၀) အကုန်အကျခံ ဆောက်လုပ်လှူဒါန်း ခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်ထဲတွင်လည်း အဝီစိစက်ရေတွင်း ရေလှောင်ကန်ကြီးနှင့် (၁၀) ခန်းတွဲ ရေလောင်းအိမ်သာ (၁၀) လုံး တည်ဆောက်ပေးရန်ရှိပါတယ်။ ကျပ်သိန်း (၁၀၀) ခန့် ကုန်ကျပါတယ်။

ဝါးချက်ကျေးရွာနှင့် ကတောကျေးရွာတို့၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကျစ္စာဆရာတော် ဘုရားကြီးသည် ကျပ်သိန်းပေါင်းမြောက်မြားစွာ ထောက်ပံ့ပေးခဲ့ပြီးဖြစ်ပါတယ်။ ဆက်လက်၍လည်း လှူဒါန်းထောက်ပံ့မည်ဖြစ်ပါတယ်။

(၁၀) တန်းတွင် ဂုဏ်ထူး (၃) ဘာသာ၊ (၄) ဘာသာ၊ (၅) ဘာသာဖြင့် အောင်မြင်ခဲ့ကြပြီး ဆေးတက္ကသိုလ်နေကြသည့် ကျောင်းသား/သူအချို့သည် မိဘများက ချို့ငဲ့ကြသောကြောင့် ကျောင်းစရိတ် အပြည့်အဝ မထောက်ပံ့နိုင်တော့၍ ကျောင်းထွက်ရတော့မည့် အခြေအနေတွင် ရှိကြပါသည်။ ထိုအဖြစ်များကို သိရှိရသော ကျစ္စာဆရာတော်ဘုရားကြီးသည် ထိုကျောင်း သား/သူများ၏အဖြစ်ကို လျစ်လျူမရှုနိုင်တော့ပဲ ကျောင်းစရိတ်ထောက်ပံ့ရန် ကြိုးစားပါတော့တယ်။ ထိုအချိန်တွင် Australia နိုင်ငံမှ ဆရာတော်၏ ဒါယကာ၊ ဒါယိကာမ များဖြစ်ကြသော မစ္စတာအိုင်ရင်နှင့် ဇနီးဒေါ်တင်ထားနု၊ အီတလီနိုင်ငံမှ ခွဲစိတ်အထူးကုဆရာဝန်ကြီး Dr.Robin Chan နှင့် ရန်ကုန်မြို့မှ ဦးရှိန်ဝင်း (တက်လမ်းဆောက်လုပ်ရေး) တို့က ထိုကိစ္စကိုသိရှိသွားကြပြီး ငွေကြေးများ လှူဒါန်းကြပါတယ်။ ကျစ္စာဆရာတော်ဘုရားကြီးသည် ၂၀၁၀ ခုနှစ် ဇန်နဝါရီလမှ စတင်ပြီး ဆေးတက္ကသိုလ်မှ ကျောင်းသား/သူ (၂) ဦး၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှ ကျောင်းသား/သူ (၅) ဦးနှင့် သူနာပြု (၃) နှစ်သင်တန်းတက်နေသူ (၃) ဦး၊ စုစုပေါင်း (၈) ဦးကိုရွေးချယ်ပြီး လစဉ်ကျောင်းစရိတ်များ ထောက် ပံ့ပါတယ်။ ထိုကျောင်းသား/သူနှင့် သင်တန်းသူ (၈) ဦးကို ကျောင်းပြီးဆုံးသည်အထိ လစဉ်ထောက်ပံ့သွားမည် ဖြစ်ပါတယ်။ ယခုရေးသားဖော်ပြချက်များသည် လူသိနည်းလှသော ကျစ္စာဆရာတော်ဘုရားကြီး၏ ပညာရေးအတွက် ဆောင်ရွက်ချက်များဖြစ်ပါတယ်။

ကျစ္စာဆရာတော်ဘုရားကြီးသည် -

**“ဒုက္ခရောက်သူတို့ ဒုက္ခပျောက်ကြပါစေ။**

**ဘေးရောက်သူတို့ ဘေးပျောက်ကြပါစေ။**

**သောကရောက်သူတို့ သောကပျောက်ကြပါစေ။**

**သတ္တဝါအားလုံး ကျန်းမာချမ်းသာကြပါစေ။”** ဟူသော ဆန္ဒဖြင့် ပရိယတ်၊ ပဋိပတ်နှင့် လူမှုရေး လုပ်ငန်းများကို ယခုသက်တော် (၇၅) နှစ်ပြည့်သည့် တိုင်အောင် ကြိုးစား ဆောင်ရွက်ခဲ့ပါတယ်။ နောင်တွင်လည်း ဆက်လက်ကြိုးစား ဆောင်ရွက်မည်သာဖြစ်ပါတယ်။ သို့ပါ၍ ဆောင်းပါးကိုဖတ်ရှုပြီး ဆရာတော် ဘုရားကြီး၏ မွန်မြတ်လှသည့် လုပ်ငန်းများတွင် မိမိတို့လည်း တတ်နိုင်သည့်ဘက်က ပါဝင်၍ ကုသိုလ်တွေ ယူနိုင်ကြပါစေဟု ဆန္ဒပြုတိုက်တွန်းအပ်ပါတယ်။

* * *

*ဦးသန်းထွန်း*





ESNO, FREMONT, SAN FRANSISCO
SANSOSE မှ ဒကာ၊ ဒါယိကာမများနှင့်အတူ



မလေးရှားနိုင်ငံ ပီနံမြို့ (M.B.M.C) မလေးရှားဗုဒ္ဓဘာသာ
ကမ္မဋ္ဌာန်းဌာန၌ ကျစွာဆရာတော်၏ တရားစခန်း၌ လာရောက်
အားထုတ်နေကြသော ယောဂီများနှင့်အတူ ကျစွာဆရာတော်အားဖူးတွေ့ရပုံ

# ပါရမီ ကုသိုလ်ဖြည့်ကြ ဒကာ ဒါယိကာမ (ပြည်ပ)



ဩစတြေလျ၊ ဆစ်ဒနီမြို့မှ ဦးသန်းလွင်၊ ဒေါ်ရီရီမြင့်တို့
မိသားစုက ဆရာတော်အား ပရင်တာလှူဒါန်းစဉ်



အမေရိကန်ယောဂီတစ်ဦးအား ရှင်ရဟန်းပြုရန်
ဆရာတော်ကိုယ်တိုင် ကမ္မဋ္ဌာန်းပေး၍ ဆံချနေစဉ်



...ဩစတြေလျပါသ်လေဆိပ်၌ လေယာဉ်မထွက်ခွာမီ
...ဒကာ၊ ဒါယိကာမများနှင့်အတူ



ဩစတြေလျနိုင်ငံပါသ်မြို့ လေဆိပ်၌ ဆရာတော်အား
လိုက်ပါပို့ဆောင်ကြသော ဒကာ၊ ဒါယိကာမများနှင့် အမှတ်တရ။



အီတလီနိုင်ငံ Robin Chan နှင့် တက်လမ်းဆောက်လုပ်ရေးမှ
ဦးစိန်ဝင်းမိသားစုတို့မှ ဝါးချက်သံဃာ့ဆေးရုံအတွက်
US 5000 ကျော်တန် ခွဲစိတ်ပစ္စည်းနှင့် လိုအပ်သောကိရိယာများ
ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်



ပြည်ပ တရားစခန်းတစ်ခု၌
ယောဂီများအား ဆရာတော်မှ တရားစစ်နေပုံ



စစ်ကိုင်းကျွစာချောင်၌ ကမ္မဋ္ဌာန်းတရားလာရောက်အားထုတ်ကြသော
ပြည်ပယောဂီများ ရဟန်းရှင်လူများနှင့်အတူ
ကျွစာဆရာတော်အားဖူးတွေ့ရပုံ



အမေရိကန် ဟာဝိုင်အီဟိုနိုလူလူမြို့ တရားစခန်း၌
ယောဂီများအား ဆရာတော်မှ တရားစစ်နေပုံ



ကျွစာဆရာတော်အား ဩဇဝေဖြာလှ ပါဠိမြို့သို့
တောင်ပင့်ဆောင်ပေးသော စတ္တုတော်ဒေါ်စိန်မြ
(ဆရာတော်၏လက်ျာဘက် ကပ်ပွယ်ကြီးဦးချို)



စစ်ကိုင်းတောင်ရိုး ကျွစာချောင်ဆရာတော်ဦးလက္ခဏ
ရန်ကုန်မဟာစည်သာသနာ့ရိပ်သာ၌ နာယကကမ္မဋ္ဌာနာစရိယအဖြစ်ဆောင်ရွက်စဉ်
ပြည်ပနိုင်ငံမှ တပည့်ယောဂီများနှင့် အမှတ်တရ (၁၉၇၇)

# ပါရမီ ကုသိုလ်ဖြည့်ကြ ဒကာ ဒါယိကာမ (ဖြည့်ပ)



ဝါးချက်ကျေးရွာ အ.မ.က ကျောင်းဆောင်သစ်ပေးအပ်
ဖွင့်လှစ်ပွဲ အထိမ်းအမှတ်အလံကို ကျွစာဆရာတော်ဦးလက္ခဏမှ
မေတ္တာဒါနပရောဂျက်အဖွဲ့အမှူးဆောင်မစ္စစ်မန်ချက်ဝမန်သို့
ပေးအပ်နေပုံ (ဖေဖော်ဝါရီ -၂၀၀၀)



စစ်ကိုင်းတောင်ရိုး ကျွစာဆရာတော်၏ ဝါးချက်ဇီဝတဒါနသံဃာဆေးရုံတွင်
လုပ်အားဒါနပေးလှူလုပ်ကိုင်နေသော ဂျပန်ဆရာဝန်နှင့် ဆရာမများ





စစ်ကိုင်းတောင်ရိုး ကျွစာဆရာတော်၏ ယောဂီတပည့်
တောင်ကိုရီးယားနိုင်ငံ ဘိက္ခုအမရယာနောနှင့် ဘိက္ခုနီ (၈) ဦးအဖွဲ့
ကျွစာချောင်သို့လာရောက်စဉ် အမှတ်တရ (ဌနိုလ-၁၉၉၀)





## ါရမီကူညီဖြည့်ကြ ဒကာ၊ ဒါယိကာမများ
## (ပြည်တွင်း)


















# ပါရမီကုသိုလ်ဖြည့်ကြ
# ဒကာ၊ ဒါယိကာမများ
## (ပြည်တွင်း)



















ခင်ဆွေဦး

# ရွှေဝတ်ဆံတာ တိုင်းမွှေး

(၁)

လူတွေ လူတွေ ဒေါသဖြစ်လွန်းရင် စကားပြောရင် တောင့် ထန်ပြင်း မာကြောပြီး ရိုင်းနေ သလိုပဲ။ မရိုင်းသော်လည်း မာကြော ထန်ပြင်း စကား တွေပြောမိတဲ့ လူတွေထဲ ကျွန်မလဲ ပါပါရဲ့။ ကျွန်မ ညီမလေး မိုးမိုးအင်းလျား(ကွယ်လွန်သူ) ပြောခဲ့တဲ့ စကားမှာတော့ မမဦး စိတ်တိုတာ စိတ်ဆိုးပြီး

စကားပြောဆတ်တာ ကျွန်မကို မမီပါဘူးတဲ့လေ။ ဩော် ဟုတ်ပ့ါ မလားကွယ် မမရင်ထဲက ပြောနေတဲ့စကားတွေက အများကြီးကွယ်။ ကျွန်မလဲ ကျွန်မစိတ်ဆိုးတတ်နေတာ မမဦးထက် သာပါတယ် တဲ့လေ။

ကျွန်မ 'စံပယ်ဖြူ' မဂ္ဂဇင်းထုတ်ဝေတဲ့ကာလ၊ ရင်ဆိုင်နေရတာအများကြီးရယ်။ ဒီတုံးက မိုးမိုးနှင့် မတွဲမိသေးဘူး။ စံပယ်ဖြူ မဂ္ဂဇင်းမှာ 'ကိုသန်းအုံး' (မိုးဝေ-မဂ္ဂဇင်း) နှင့် တွဲလုပ်နေတာ သူခများလဲ ကျွန်မညာပြီးလုပ်လို့သာလုပ်ရတာ အင်မတန်ခေါင်းစားနေရှာတယ်။ သူကိုင်တွယ်နေတဲ့ မိုးဝေမဂ္ဂဇင်းမှာတောင် ဒီလောက် စိတ်မရှုပ်ရဘူးထင်ပါရဲ့ ကိုသန်းနိုင်နှင့် ကိုညိုသစ်တို့ အကူအကယ် လဲရှိနေတာလဲပါမှာပေ့ါ။

ဂျာမန်ကဗျာဆရာ ဗားတော့ဗရက်ကဗျာတွေ ကျွန်မဖတ်နေမိတဲ့အချိန်ပေ့ါ။ ဒေါ်ဒေါ်မာကလည်း မန္တလေးကနေ လှမ်းစာရေး နေသေးတယ်။ ခင်ဆွေဦးကို မလည်မဝယ်မို့ စိတ်ပူသတဲ့လေ။ ဒေါ်ဒေါ်မာစိတ်ပူတဲ့ကြားထဲကကို ကျွန်မမှာ မနာလိုသူတွေ၊ အတိုက် အခံတွေများလှပေ့ါ။ လူချစ်လူခင်များတဲ့ ထင်ကြတဲ့ ကျွန်မအဖြစ်ပါ မြေနိမ့်သွားတော့ လုံတင်မက ဝါးချွန်ပါ စိုက်လို့ လွယ်သပေ့ါ။ မေမေက ကျွန်မကို 'အိမ်နိမ့်စံ' 'အိမ်နိမ့်စံ' ခေါ်တော့ မျက်ရေတလည်လည် ဖြစ်နေတဲ့၊ မေမေ့ကိုမြင်ကြတဲ့ သူတွေ စိတ်မကောင်းသူတွေက စိတ်မကောင်းကြဘူး။ အဲသလို အိမ်နိမ့်စံခေါ်တာ ဝင်းဝင်းမေက မကြိုက်ရှာဘူး။ ထားပါတော့။ ကျွန်မ မဂ္ဂဇင်းမှာ မိုးမိုး၊ တက္ကသိုလ်မြစိမ်း လဆက်နီးပါး(ဝတ္ထုရှည်တွေ)၊ မစန္ဒာစသည်တို့ လူကြီးပိုင်းကလဲ လူစုံသူစုံ ရေးပေးကြပါတယ်။

ဂျာမန်ကဗျာဆရာ ဗားတော့ဗရက်ကို အဲဒီအချိန်ကျမှ ကဗျာတွေ ဖတ်မိလာတာပါ။ အင်္ဂလိပ်ဘာသာပြန်စာအုပ်တွေ စာအုပ်စင် တွေမှာတော့ရှိပါတယ်။ ဗရက်ဟာ နိုင်ငံရေးအယူအဆနဲ့ ခေတ်ကို လှုပထက်မြက်အောင်ပေါင်းစပ်ရေးမှာ အစွမ်းကုန် အားထုတ်ခဲ့ ပါတယ်လို့ မြန်မာလိုတာသာပြန်သူကရေးသွားပါတယ်။

အိုကွာ… တို့ ကိုယ်တိုင်ကတော့
အကြင်နာ ကရားမပွားနိုင်တော့ဘူးလေ…
အကြင်နာ တရားအခြေခံတဲ့ လောကသစ်ကြီးကို…
တည်ဆောက်လိုတဲ့ ဆန္ဒကတော့
တို့ရင်ထဲမှာ အပြည့်အသိပ်ပါဘဲ
ဒီတော့ မင်းတို့ခေတ်မှာ လူသားအချင်းချင်း
ကြင်နာတရားထားလို့
မြတ်နိုးတယ်ဆိုတာ စဉ်းစားမိလေတိုင်း
တို့ကို ထန်ပြင်းရိုင်းစိုင်းသူတွေလို့
မပြောတော့ဘူး မယူဆတော့ဘူး မဟုတ်လားကွယ်…

(၂)

၁၉၈၆ ခုနှစ်ဦး။ မမစု (ကွယ်လွန်သူ ဆရာမခင်နှင်းယု) (၃၄) လမ်း၊ မဂ္ဂဇင်းတိုက်တည်နေရာ စာမူရေးလာပေးရင်းရောက်လာတော့ ကျွန်မကို စေ့စေ့စပ်စပ်ငေးကြည့်ပြီး။

'ဒီ အမျိုးသမီး မျက်တွင်းတွေ ချောင်ကျ ပိန်လှချည်လား' ပြောပြီး ကျွန်မတို့ အယ်ဒီတာစားပွဲရောက်လာလို့ အယ်ဒီတာအဖွဲ့ကိုလှမ်းရင်း

'သူ့ကို မဟာစည်ရိပ်သာခေါ်သွားမယ်၊ တစ်လောကတင် သူမအားဘူးချည်းပြောနေတာ တစ်ပတ်လောက်လိုက်လာမယ်တဲ့ ဟုတ်လား ရှင်တို့ဖြစ်လား'

ကျွန်မ သမီးက ကျွန်မကို အမြဲစိတ်ပူနေတာ။

'ဖြစ်တယ် ဖြစ်တယ် အန်တီစုခေါ်သာသွား' ချက်ချင်းဆုံးဖြတ်တာ…

အဲဒီတုံးက ကျွန်မအတော်ပိန်တယ်၊ မရှိမသေ ဆီးမကြာခဏ ကျင်ပြီး သမားတော်ကြီး ဒေါက်တာ မောင်မောင်ဝင်း (သမက်ရဲ့ ဆရာ) နဲ့ ကျောက်ကပ်ရောဂါကုသနေရတဲ့အခါပေ့ါ။ မကြာခင်ကဘဲ ဆေးပတ်ပြီးပါတယ်။ မဟာစည်ရိပ်သာမှာ ကျွန်မရဲ့ ပထမဦးဆုံး ကမ္မဋ္ဌာနစရိယဆရာတော်ကဦးလက္ခဏပါ။ သည်အကြောင်း ကျွန်မမဂ္ဂဇင်းတွေမှာ ရေးတန်သလောက်ရေးပြီးပါပြီ။ ပထမဦးဆုံး အတွေ့အကြုံမှာ ဆရာတော်က ကျွန်မကို အင်မတန်စေ့စေ့စပ်စပ် အသေးစိပ် တရားရှုမှတ်တာကို မေးမြန်းပါတယ်။ မေးပုံမှာလည်း စိတ်ရှည် လက်ရှည် အချိန်ယူပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ယောဂီတစ်ဦး ရဲ့ ကမ္မဋ္ဌာန်းအစမှာ (၁၀) ရက် စည်းကမ်းသတ်မှတ်ပါတယ်။ မမစုကလဲ မဟာစည်ဆရာတော်ဦးသံဝရကို (၇) ရက်ပဲ သတ်မှတ် ပေးပါတောင်းဆိုတာကိုး ဒါဖြင့် ဗီဇာတစ်ပတ်သာရတဲ့ နိုင်ငံခြားသားလို သဘောထားပေးရတော့မှာဘဲ။ 'ဒကာမကြီး အချိန်တိုတိုနဲ့ တရားရှုမှတ်မှု ကြိုးစားအားထုတ်ပေတော့လို့' မိန့်မှာလိုက်ပါတယ်။

ပထမဦးဆုံး အတွေ့အကြုံထဲက ကျွန်မလဲ အင်မတန်ရှုမှတ်မှု စိပ်ပါတယ် အခိုက် အခိုက်တိုင်းမှာ မလွတ်ပါဘူး။ စင်္ကြံအမှတ်မှာလဲ စိပ်ပါတယ်။ မနက်လင်းအရုဏ်မှာ ကျွန်မအဆောင် ရှိရာကနေ ဓမ္မခန်းမ ဖလ်ဓမ္မာရုံအထိ စင်္ကြံသွားရာ မှာ အမှတ်မလွတ်ပါဘူး။ အဆောင်ကနေ ဖလ်ဓမ္မာရုံအထိ မိုင်ဝက်ရှိမလား။ ၄ ပုံ ၃ ပုံရှိမလားမသိဘူး။ နာရီမိနစ် ၂၀ လောက်ကြာသလားလို့။ ကမ္မဋ္ဌာန်းနည်းနိဿယမှာ စင်္ကြံအမှတ်ဟာစိပ်တယ်။ ခရီးရှည်သွားဖို့ အလေ့အထပါပဲ။

ဆရာတော် ဦးလက္ခဏတရားစစ်ရင် နိုင်ငံခြားသားယောဂီများနဲ့အတူတူ ဖြစ်နေတတ်ပါတယ်။ နိုင်ငံခြားသားယောဂီတွေဟာ ဝိရိယနှင့် တရားရှုမှတ်တတ်တယ်။ မြန်မာယောဂီတွေထက် အမှတ်စိပ်တယ်။ အဲဒါနောင်အခါမှာ ချမ်းမြေ့ဆရာတော်လည်း မြွက်ကြားဖူးပါတယ်။ ချမ်းမြေ့ရိပ်သာမှာ ဂျပန်အမျိုးသမီးတစ်ယောက်ဟာ သုံးနာရီကြာမျှ ရှုမှတ်တာတွေ့ဘူးပါတယ်။ တခြားယောဂီတွေ အလှိုလှို ကမ္မဋ္ဌာန်း ထိုင်နေရာမှ 'ထ' သွားသော်လည်း သူက ထိုင်နေရာကတော်တော်နဲ့ မထဘူး။ အဲဒါ မယ်သီလရင် ယောဂီကြီးတစ်ဦးက မဂ်တရားကျမှာစိုးလို့ ဆိုလား ပြောသံကြားဘူးတယ်။ ကျွန်မလဲ သိပ်နားမလည်ဘူး။

ဆရာတော်ဦးလက္ခဏဟာ ကျွန်မ ကြိုးစား အားထုတ်မှုအပေါ်မယ် ဂရုတစိုက် တရားအဆင့်ဆင့်စစ်ရာမှာ ကျွန်မ တရားအားထုတ်မှုကို မွေ့လျော်လာပါတယ်။ ၅ ရက်မြောက်နေ့မှာ ကျွန်မစင်္ကြံလှမ်းရာမှာ ကျွန်မခြေလှမ်းတွေဟာ မြေပေါ်မထိပါဘူး။ ကျွန်မအတွက် တရားရှုမှတ်မှုအတွေ့အကြုံဟာ အားတက်စရာ

တွေဖြစ်လာပါတယ်။ (၇) ရက်မြောက်နေ့ တရားသိမ်းတော့ ဆရာတော်က ကျွန်မကို ယောဂီဟောင်းလို့တောင် ထင်မိပါတယ်တဲ့။ ကျွန်မ စိတ်နှလုံးဟာ အဲဒီအချိန်ကစ အေးချမ်းပြီး ကြည်လင်လာတာ ဆရာတော်ဦးလက္ခဏကျေးဇူးပါပဲ။

(၃)

နောက် ကျွန်မ မေမေက ကျွန်မတို့ အိမ်နဲ့ နီးရာ 'ချမ်းမြေ့ရိပ်သာ' ကမ္ဘာအေးဘုရားလမ်းကို သွားတော့၊ ကျွန်မကို 'မမစု' က သူနေတဲ့ အိပ်ခန်းမှာဘဲ ခေါ်ထားတတ်ပါတယ်။ ဒီအချိန်မှာ ကျွန်မမေမေလဲ ချမ်းမြေ့ရိပ်သာမှာ တစ်လ ကိုးသီတင်း တရားဝင်ပါတယ်။ အတိုချုပ်ရေးရရင် ချမ်းမြေ့ရိပ်သာမှာ ကျွန်မရဲ့ ကမ္မဋ္ဌာနစရိယ ဆရာတွေကတော့ ဦးမာဃိန် (ပျံလွန်သွားပါပြီ)၊ ဦးသောဘိတနှင့် ဆရာတော် ရှင်ဇနကာဘိဝံသ (ချမ်းမြေ့ဆရာတော်) ကိုယ်တိုင်ဘဲဖြစ်ပါတယ်။ ဆရာတော် ဦးဇဝန (တိုက်အုပ်) ကတော့ စာအင်မတန်ဖတ်သူမို့ ကျွန်မမေမေ၊ မမစု (ဆရာမခင်နှင်းယု)နှင့် ကျွန်မတို့ အင်မတန် ရင်းနှီးလာပါတယ်။ ချမ်းမြေ့ဆရာတော်ကအစ စာပေအရာမှာ ကမ္ဘာ့ စာပေ၊ မြန်မာ့စာပေ အလွန်နှံ့စပ်ကြပါတယ်။ ဒါကြောင့် တရား ဟောကြားရာမှာ ခေတ်မီကြတာ ကျွန်မဖေဖေ (မဟာဆွေ) သက်ရှိထင်ရှားရှိရင် အင်မတန် လေးစားကြည်ညိုမှာ အမှန်ပါဘဲ။

ဆရာတော် ဦးလက္ခဏ၊ ဆရာတော်ဦးဝိဇယ (စစ်ကိုင်း) ဟာ ဖေဖေနှင့်စာအတူတူ ရေးဘက်၊ ရဲသတင်းစာမှာ ဆောင်းပါး အတူတူ ရေးဘက်ဖြစ်ပါတယ်။ ချမ်းမြေ့ဆရာတော်ဆိုရင် ဖေဖေ ရေးခဲ့တဲ့ စာတွေအပေါ် ကျွန်မထက်ပိုနှံ့စပ်တယ်လို့ ကျွန်မမေမေက ပြောဖူးပါတယ်။ ကျွန်မရိပ်သာဝင်စဉ် (သုံးကြိမ်လောက် ရှိပြီ ထင်ပါရဲ့) ချမ်းမြေ့ဆရာတော် ကိုယ်တိုင် ကျွန်မကို တရားစစ်ရာမှာ မှတ်မိတာ တစ်ချက်ဟာ အင်မတန်ထူးခြားပါတယ်။

'ဆရာတော်ဘုရား တပည့်တော် စိတ်ကို ဖမ်းမမိဘူး ဘုရား ရှေ့စိတ်ကိုနောက်စိတ်လိုက်တာလဲမရ၊ တရားရှုမှတ်ရင်း စိတ်က ပျောက်နေပါတယ်။

စိတ်… စိတ်… ဘယ်ရောက်နေသလဲ။ ဒီအချိန်မှာ စိတ်ဖမ်းမမိတော့ ဖမ်းရင်းဖမ်းရင်းဇောချွေးတွေပြန်လာတယ်။ စိတ်ဖမ်းမရတာ ဘာမှန်းကိုမသိတာ။ ဆရာတော်က ခဏမဆိုင်း ရုတ်ချည်းဘဲ-

'တရားရှုမှတ်မှု နားပြီး မေတ္တာပို့ပါ။ မေတ္တာသုတ် ရွတ်တာ မျိုးမဟုတ်ဘူး။ စူးစူးစိုက်စိုက် အာရုံပြုပြီး မေတ္တာပို့ရမှာ ခင်ဆွေဦး'

ဒီအကြောင်းရေးတာ ကျွန်မပြောချင်တဲ့ အကြောင်း တစ်ရပ် ရှိပါတယ်။ တိုက်ဆိုင်မှုတစ်ခုလဲရှိခဲ့ဖူးပါတယ်။ ကျွန်မ ချမ်းမြေ့ ရိပ်သာမှာတင် (၁၀) ရက်စခန်း (၉) ကြိမ်ဝင်ပြီးပြီ။ ဆက်တိုက် (၉) ကြိမ်ဝင်ဖို့ Strong determination (အထူး နိုင်မာတဲ့ အဓိဋ္ဌာန်) ပြုခဲ့ပါတယ်။ ဒီနောက် အိန္ဒိယတိုင်းပြည် ဘုံဘေမြို့မှ ဆရာကြီး ဂိုအင်ကာကျီက မြန်မာနိုင်ငံမှ စာရေးဆရာတွေ ဖိတ်ကြားရာမှ မမစုနှင့် ကျွန်မတို့ပါဝင်ခဲ့ပါတယ်။ အကြောင်းမသင့် လို့ မမစု အိန္ဒိယတိုင်း ပြည်လိုက်ပါခွင့်မရခဲ့ရှာပါဘူး။ စိတ်မကောင်း စွာနှင့် ကျွန်မသာ ရောက်ခဲ့ပါတယ်။ အမျိုးသားတွေထဲ မှတ်မိ သလောက်၊ ဆရာပါရဂူ၊ ဆရာမင်းယုဝေ၊ ဆရာထင်လင်း၊ ဆရာ မောင်မဲ၊ မင်္ဂလာဗျူဟာ အသင်းဥက္ကဋ္ဌ အန်ကယ်ဦးအောင်သိန်း၊ ဓမ္မစရိယ ဦးမောင်လေး၊ ဓမ္မစရိယာ ဦးဌေးလှိုင်စသည်ဖြင့်။ အမျိုးသမီးထဲ ကျွန်မတစ်ဦးတည်းသာ ရောက်ခဲ့ရပါတယ်။

ဆရာဦးကျော်ခင်မြင့်(မြောင်းမြမောင်ရင့်ကျူး) ဟာ ကျွန်မတို့ အားလုံးလူစေ့တက်စေ့ပါဝင်စေနိုင်းဖို့ ကြိုးစားခဲ့ပါတယ်။ အိန္ဒိယတိုင်းနိုင်ငံ ဘုံဘေမြို့နှင့် မိုင် (ဂ၀) ကွာ အင်ဂပူရိတောင်ကုန်း 'ဓမ္မဂီရိ' မှာ တရားဝင်ခဲ့တာ (၁၀) ရက်၊ နောက် (၅) ရက်မှာ ဓမ္မညီလာခံ (Semina) တက်ရောက်ဆွေးနွေးကြရပါတယ်။ ကျွန်မ တို့ စာရေးဆရာအဖွဲ့ထဲက ဆရာထင်လင်းနဲ့ ဆရာဦးဌေးလှိုင်တို့ ပါဝင်ဆွေးနွေးပါတယ်။

နောက်ဆရာကြီးဂိုအင်ကာချီနှင့် သားဦးမောင်ရွှေက မြန်မာ နိုင်ငံမှာ ဓမ္မရိပ်သာဖွင့်ဖို့ လုံးပန်းကြပါတယ်။ ငါးထပ်ကြီးဘုရား ရှေ့ 'ဓမ္မသာလာ' နာမည်နဲ့ ရိပ်သာဖွင့်တော့ ကျွန်မတို့ ပြန်အကူ အညီပေးကြရပါတယ်။ တရားပြသမှုမှာ အင်္ဂပုရိမှာ အင်္ဂလိပ်ဘာသာ နှင့် ဟင်ဒီဘာသာ၊ မြန်မာနိုင်ငံမှာတော့ မြန်မာလိုပါပြသကြပါတယ်။ ဓမ္မဂီရိက ဆရာတွေ ဆရာမတွေ ရောက်လာကြပါတယ်။ တရား ပေါက်မြောက်ကြတဲ့ အမေရိကန်၊ အင်္ဂလိပ်လူမျိုး ဗုဒ္ဓဘာသာဝင် ဓမ္မစရိယဆရာ ဆရာမတွေပါ Dhamma Teachers တွေပေါ့။

ကျွန်မတို့ကတော့ Dhamma Workers ခေါ်တဲ့ ယောဂီ ထိန်းပေါ့၊ ကျွန်မသိကျွမ်းခင်မင်လာတဲ့ Virginia Hamiltan (Canadian) နှင့် Debbie (American) တို့လဲ ဓမ္မဝန်ဆောင်သူတွေဘဲ တခြားရှုရှားမလေးရယ် အမေရိကန်သူ(နာမည်မေ့နေလို့) ရှိသေး တယ်။

မြန်မာအမျိုးသမီးတွေထဲမှာတော့ အနာဂါမ် ဆရာ သက်ကြီး မွေးဇာတိပျော်ဘွယ်ကြီးရွာက ထွေးထွေးနဲ့ ရန်ကုန်မှ ရဲမာမော်နိုင်တို့ပါ။ အမျိုးသားတစ်ဖက် အမျိုးသမီးတစ်ဖက် ၈၀ လောက်ရှိမဲ့ ယောဂီတွေကြားထဲ ကျွန်မတို့ တစ်တန်းပြီး တစ်တန်း ယောဂီတွေကို စောင့်ရှောက်ရပါတယ်။ မြန်မာယောဂီတွေရှိရာ ဘုန်းကြီးကျောင်းတွေနှင့် ခြားခြားနားနား မြန်မာပြည်မှာ ဖွင့်စ ကူညီဖို့ ကမ္မဋ္ဌာန်းကျောင်းအတွက် လုပ်အားပေးတဲ့အတွက် ဆရာကြီးသားဦးမောင်ရွှေက အင်မတန်ကျေးဇူးတင်ရှာပါတယ်။

ဦးမောင်ရွှေက ကျွန်မတို့ ဓမ္မသာလ ဧရိယာတွင်း အဆောက်အဦတစ်ခုဆောက်ပေးပြီး အမြဲလာနေဖို့ အားလပ်ချိန် စာရေးဖို့ ခေါ်ရှာပါသေးတယ်။ အဲသလောက်အထိ ကျွန်မဘာ၀ မနှစ်မြှုပ်နိုင်တာ အားနာစရာပါပဲ။

(၄)

နောက်ဆုံးတန်းက မိန်းကလေး (အသက် ၂၀ လောက် ရှိမယ်) တရားရှုမှတ်ရင်း ကျွန်မခံစားရတဲ့ ဝေဒနာမျိုးခံစားရပါ တယ်။ Sensation လို့ အင်္ဂလိပ်ဘာသာဖြင့်ခေါ်ပါတယ်။ ကျွန်မဆီ ကတုန်ကယင်နဲ့ ထလာပြီး အန်တီဦး အန်တီဦး တပြီး သူဖြစ်နေတဲ့ အခြေအနေမျိုးပြောပါတယ်။ သူ့ကျတော့ စိတ်အားငယ်ပြီးငိုလို့ ကမ္မဋ္ဌာန်းချိန်ကလဲပြီးဖို့လိုသေးတယ်။ ကျွန်မစိတ်ထဲအတော် အံ့သြ မိပြီး Virginia ဇာကျင်းနီးယားနှင့် တိုင်ပင်ပြီးဆရာကြီးဆီသွားဖို့



**'ဆရာတော်ဘုရား တပည့်တော် စိတ်ကိုဖမ်းမမိဘူးဘုရား ရှေ့စိတ်ကို နောက်စိတ် လိုက်တာလဲမရ၊ တရားရှုမှတ်ရင်း စိတ်က ပျောက်နေပါတယ်။**

**စိတ်...စိတ်...ဘယ်ရောက်နေသလဲ။ ဒီအချိန်မှာ စိတ်ဖမ်းမမိတော့ ဖမ်းရင်းဖမ်းရင်း ဇောချွေးတွေပြန်လာတယ်။ စိတ်ဖမ်းမရတာ ဘာမှန်းကိုမသိတာ။ ဆရာတော်က ခဏာမဆိုင်း ရုတ်ချည်းဘဲ-**

**'တရားရှုမှတ်မှု နားပြီး မေတ္တာပို့ပါ။ မေတ္တာသုတ်ရွတ်တာမျိုးမဟုတ်ဘူး။ ရိုးရိုး စိုက်စိုက် အာရုံပြုပြီး မေတ္တာပို့ရမှာ ခင်ဆွေဦး'**

တိုက်တွန်းပါတယ်။ အင်မတန်ကြောက်လန့်ပြီး စိတ်လှုပ်ရှားနေတဲ့ ကလေးမလေးက ဆရာကြီးဆီ မသွားဘူး မသွားဘူးနဲ့ ငြင်းပြီးနေ ရှာတယ်။ ကျွန်မလဲ ကျွန်မဖြစ်ခဲ့ဘူးတဲ့ အတွေ့အကြုံနဲ့ ချမ်းမြေ့ ဆရာတော်ရဲ့ ဖြေရှင်းပေးတဲ့ အတွေ့အကြုံနဲ့ ထပ်တူလက်ဆင့်ကမ်း ပေးပါတယ်။ အဲဒါ ဆရာကြီး အမြဲလုပ်တတ်တဲ့ အနောက်တိုင်း သူတစ်ဦးနဲ့ စကားများကြရသေးတယ်။ ကျွန်မတစ်ခါတစ်ခါစွာပါ တယ်။

'ဘာလဲ နင်သူ့ကို ရူးသွားစေချင်လို့လား'

"What's that, do you want her to be out of mind?"

ကျွန်မသူငယ်ချင်း Virginia က သိပ်သဘော ကောင်း တာ။ သူကတော့ ရယ်နေလေရဲ့။ ဓမ္မ Worker အချင်းချင်း ဆရာကြီးလုပ်ချင်တာလေ။ ကလေးမလေး ကျွန်မချော့ချော့မော့မော့ ပြောတော့ စိတ်အတော်အေးသွားပါပြီ။ သူ့ကို သူ့နေရာသွားစေပြီး တရားထိုင်ခိုင်းပါတယ်။ သူလဲ စိတ်ကြည်ကြည်လင်လင်နဲ့ တရား သွားထိုင် ရှာပါတယ်။

လူ့ဘဝမှာ ကျွန်မအပျော်ဆုံးနေ့တစ်နေ့ရှိခဲ့ဖူးပါတယ်။ ဝါတွင်းလ တစ်လမှာ အဲဒီမိန်းကလေး (သူ့နာမည်မေ့နေပြီ) ကျွန်မ အိမ်လာပြီး အဖိုးတန်မုန့်တွေနဲ့ လိမ္မော်ရည်၊ ပန်းသစ်တော်သီး တွေ လာကန်တော့ပါတယ်။ ကျွန်မဓမ္မ Worker အတွေ့အကြုံက အကျိုးဆက်တွေပါဘဲ။ ဆရာကြီး ရိအင်ကာဂျီဆီသွားရင်လဲ ချမ်းမြေ့ဆရာတော်လို ဖြေရှင်းပေးမှာဘဲ။ဆရာကြီးကလဲ ကြီးမြတ်တဲ့ မေတ္တာရှင်ကြီး ဖြစ်ပါတယ်။

**<u>"Dedicated to our reverend Sayadaw U Let Khanat"</u>**

The world become brighter and brighter,
When I become disciple of U Let Khanat,
You are the first preacher I'm sure,
You train me, in my heart, there are the blossoming dhamma flowers,
As the world famous writer Han Su Yin said,
The Large trees of trunk grows by the root right up!

<u>ဆရာတော်မွေးနေ့ဂုဏ်ပြုကဗျာ</u>

ဆရာတော် ဦးလက္ခဏာ တပည့်ဖြစ်လာတဲ့အခါ
ကမ္ဘာကြီးတောက်ပသည်ထက်တောက်ပလာ...
ဆရာတော်သည် တပည့်တော်၏ လက်ဦးမဆကမ္မဋ္ဌာန
စရိယာပါ
တပည့်တော် နှလုံးအိမ်တွင် ဓမ္မပန်းတွေ ဝေဆာပွင့်လာ
အောင် လေ့ကျင့်ပေးခဲ့တာ အမှန်ပါ
ကမ္ဘာကျော်စာရေးဆရာမ 'ဟန်ဆုယင်' ရေးခဲ့တာ
အပင်သန်စွမ်းမှု အရင်းစစ် အမြစ်မြေက
ဆရာတော်ဓမ္မ သင်ကြားမှုနှင့် ဘဝသစ်မွေးဖွားလာသူ
ဧကန်ပါ။

* * *

**ခင်ဆွေဦး**

ချစ်ဦးညို

# ခွင်းစေးသုပ္ပေး



'သုစိမုခီ' ဟု အမည်ရ၏။ ရာဇဂြိုဟ်တွင် လူသိများသော ပရိဗိုဇ်မတစ်ဦးလည်းဖြစ်၏။ ရဟန်းမ အသွင်ယူထားသော်လည်း သုစိမုခီသည် ရဟန်းမ မဟုတ်။ တရားဓမ္မနှင့် ပတ်သက်လာလျှင် အမြဲတမ်း နှစ်ခွ-ဒွန္ဒ အတွေးအကြံ ရှိသော၊ ကြံစည်ခြင်း တက္ကဒွန္ဒ ခေါ် တက္ကဒွန်းတစ်ဦးသာ ဖြစ်လေသည်။

အယူလွဲ ဖောက်ပြန်သော တက္ကဒွန်း အမျိုးအစားဝယ် ပရိဗိုဇ်မဖြစ်သည့် သုစိမုခီသည် ရာဇဂြိုဟ်ရှိ အခြားပရိဗိုဇ်များ အလယ်တွင် မတူ ခြားနားသော ဂုဏ်ပုဒ်တစ်ခုဖြင့် နာမည်ကျော်ကြားသူ လည်းဖြစ်သည်၊ ထိုဂုဏ်ပုဒ်ကား…

အမေးအဖြေ ထုတ်ခြင်းပင်ဖြစ်၏။ သုစိမုခီ သည် အားနာတတ်သူမဟုတ်။ မျိုသိပ်အောင့်အည်း တတ်သူမဟုတ်။ သူ့စိတ် ထဲတစ်ခုခုသိချင်လာပြီဆိုလျှင် မည်သည့်အမျိုး ဇာတ်နွယ်ဝင်ကိုမျှ မထောက်။ ဗြာဟ္မဏ လား၊ ခတ္တိယလား သူမခွဲခြား။ မေးစရာရှိသည် ကို ဒိုးခနဲ ဒေါက်ခနဲ မေးပစ်လိုက်သူဖြစ်သည်။

ကျေနပ်လောက်သော အဖြေကို မရလျှင် သူသည် အမေးခံရသူ ၏ မျက်နှာကို စေ့စေ့ကြည့်ကာ ခေါင်းကို ခါယမ်းလျက် 'တယ် ညံ့သကိုး၊ တယ် လွဲသကိုး' ဟု အားမနာတမ်းပြောကာ ထွက်သွား လေ့ ရှိ၏။ သူ၏ အယူအဆဝါဒကိုလည်း ပြောသွားခြင်းမရှိ။ ထိုအဖြေ စကားဘာ့ကြောင့် လွဲမှားနေသည်ကို ကြောင်းကျိုးပြ ရှင်းလင်းခြင်း လည်းမရှိ။

အကယ်၍ ကျေနပ်လောက်သော အဖြေကို ရခဲ့လျှင်လည်း သုစိမုဒီသည် ခေါင်းကို မသိမသာ ဆတ်ကာ "အင်း-သင့်ပါရဲ့၊ ဒါဆို မညံ့ပါဘူး" စသည်ဖြင့်သာ မှတ်ချက်ချပြီး ထွက်သွားတတ်သည်။ အမေးခံရသူ မခံချိမခံသာ အောင့်သက်သက်ဖြစ်၍ ကျန်ခဲ့လေသည်။

အကယ်၍များ အမေးခံရသူက အထွန့်တက်ကာ "သုစိမုဒီ သင့်အယူဝါဒကကော ဘယ်သို့ ရှိသလဲပြောစမ်းပါဦး" ဟု ထပ်ဆင့် လိုက်လျှင်ကား သုစိမုဒီသည် နက်ပြာရောင် သင်တိုင်းကြီးကို ဖြန့်ကာ ဖြန့်ကာဖြင့် "အကျွန်ုပ်ရဲ့ ဝါဒကို သိချင်သလား-ဟောဒီလိုလဲ ဖြစ်နိုင်တယ်။ ဟောဒီလိုလဲ ဖြစ်နိုင်တယ်" ဟူ၍ နှစ်ခွန်းနှစ်ခွ အဓိပ္ပာယ် ထွက်သောစကားများကို ရေရွက်ကာ ရှုပ်ထွေးသွားအောင် လုပ်လေ့ရှိ၏။

ထို့ကြောင့် ရာဇဂြိုဟ်ပြည်တွင် လှည့်လည်သွားလာနေကြသော တက္ကဒွန်းအမျိုးအစားဝင် ပရိဗိုဇ်မများအလယ်၌ သုစိမုဒီဟူသော အမည်သည် တစ်မူခြားစွာ လူသိများနေလေသည်။ သူ၏ ဖိနှိပ်ပြောဆိုတတ်သော စကားလုံးများကြောင့် လူအများကလည်း သုစိမုဒီမြင်လျှင် အဝေးမှပင်ရှောင်ရှားသွားကြလေသည်။

အင်မတန် အမေးအမြန်းထူတဲ့ပရိဗိုဇ်မ၊ ပြီးတော့ သူမေးတာတွေကို ဖြေရင်လဲ အဲဒီအဖြေဟာ ဘယ်လို အဖြေမျိုးပဲ ဖြစ်စေ သူ့ဆီကတော့ တော်ပါပေရဲ့၊ မှန်ပါပေရဲ့ဆိုတဲ့ ချီးကျူးစကားမျိုး ဘယ်တော့မှ ရလိမ့်မယ်မမှတ်နဲ့ "တစ်ဖက်သား မခံချိမခံသာ ဖြစ်အောင် တစ်နည်းမဟုတ်တစ်နည်းနဲ့ ဖိဖိနှိပ်နှိပ် ဆိုသွားတာချည်းပါပဲ။ သုစိမုဒီများတော့ ဝေးဝေးကရှောင်ပါရဲ့" ဤကား ရာဇဂြိုဟ်မှ တညီတညွတ်တည်းပေးထားသော မှတ်ချက်ပင် ဖြစ်သည်။

ယခု တစ်လော သုစိမုဒီပရိဗိုဇ်မသည် မကျေမချမ်း နိုင်သော မျက်နှာထားဖြင့် ရာဇဂြိုဟ်အတွင်း လှည့်လည်နေ၏။ သူ့ကို လူအများက အဝေးမှပင် ရှောင်ရှားကြ၊ သူ့မေးခွန်းများကိုလည်း မကြားယောင် ပြုကြသည့်အတွက် သုစိမုဒီ တနန့်နန့် ဖြစ်နေသည်။

"ငါ့ မေးခွန်းတွေကို ရင်ဆိုင်ရဲသူ ဒီမြေပေါ်မှာ မရှိတော့ဘူးလား၊ လူတွေဟာ ဝါဒအယူရေးရာအမေးအဖြေကို ကြောက်ကြသတဲ့လား"

သုစိမုဒီ တတွတ်တွတ် ရေရွတ်ကာ ရာဇဂြိုဟ်မြို့တွင်း လမ်းမကြီးများကို လှည့်လည်နေသည်။ နောက်ဆုံးတွင် တစ်ခုသော လမ်းမပေါ်သို့ သုစိမုဒီ ရောက်သွား၏။ ထိုလမ်းမကား ဝေဠုဝန်ကျောင်းတော်သို့ သွားရာလမ်းဖြစ်နေသည်။

"ဟုတ်ကပြီ။ သကျပုတ္တရဲ့ တပည့်တွေဘက် လှည့်ရမယ်။ သကျပုတ္တရဲ့ တပည့်ရဟန်းတွေဟာ တယ်လူကြိုက်များနေတယ်၊ သူတို့ထဲက တစ်ဦးဦးနဲ့မှ ငါမတွေ့ရသေးဘူး" သုစိမုဒီသည် အသံ ထွက်ကြုံးဝါးကာ ဝေဠုဝန်ကျောင်းတော်ဆီသို့ လျှောက်လာခဲ့သည်။

အချိန်ကား ဆွမ်းခံပြန်ပြီးဆွမ်းစားချိန်ဖြစ်၏။

သုစိမုဒီသည် တက်ကြွစွာဖြင့် ကျောင်းတော်ဆီသို့ လှမ်းလာခဲ့ပြီးနောက် မုခ်ဝတွင် ရပ်လိုက်သည်။ မလှမ်းမကမ်းသို့ ကြည့်သည်။

"ဟုတ်ကပြီ··· သူ့ကို **ပညာစမ်းရတော့မှာပဲ**"

နံရံ တစ်ခုကို ကျောပြုလျက် **ထက်ဝယ်ဖွဲ့ခွေထိုင်ကာ** ဆွမ်းဘုဉ်းပေးနေသည့် ရဟန်းတစ်ပါးကို **သုစိမုဒီ တွေ့လိုက်၏။**

ဆွမ်းစားနေသော ရဟန်းတစ်ပါး။ သပိတ်ထဲမှ ဆွမ်းလုတ်များကို ဖြေးညင်းသက်သာစွာ၊ ဣန္ဒြေကြီးစွာ၊ ငြိမ်သက်စွာ တစ်လုတ်ပြီး တစ်လုတ်ယူ၍ စားနေပုံကိုကြည့်ရင်း သုစိမုဒီသည် မေးရမည့် မေးခွန်းကို ရလိုက်သည်။

"အင်း··· ဆွမ်းစားနေပုံကတော့ တယ်ဣန္ဒြေကြီးတာပဲ၊ ဒီပစ္စက္ခ အခြေအနေမှာပဲ ငါပုစ္ဆာတင်ရမယ်၊ ကျေနပ်လောက်တဲ့ အဖြေမပေးနိုင်ခဲ့ရင်တော့ သကျပုတ္တရဲ့ တပည့်ရဟန်းတွေတော့ လား"

သုစိမုဒီသည် ဆွမ်းဘုဉ်းပေးနေသော ရဟန်းငယ်၏ ရှေ့မှောက် သင့်တင့်ရာအရပ်၌ နေရာယူလိုက်၏။ ဆွမ်းသုံးလေးလုတ် စာမျှကို အသာအယာစောင့်ကြည့်လိုက်သေး၏။ ပြီးမှ နက်ပြာရောင် သင်တိုင်းကို ကိုယ်ပေါ်တွင် ပိုမိုတင်းကြပ်အောင် ရစ်ပတ်လိုက်ပြီး မေးခွန်းမေးလိုက်၏။

"ရဟန်း ဆွမ်းစားရာမှာ သင် အောက်သို့ ငုံ့၍ စားပါသလား"

ဆွမ်းဘုဉ်းပေးနေသော ရဟန်းမှာ ဗုဒ္ဓမြတ်စွာ၏ လက်ယာရံ အရှင်သာရိပုတ္တရာအရှင်မြတ်ကြီး ကိုယ်တိုင် ဖြစ်ကြောင်း သုစိမုဒီ မသိပေ။

သုစိမုဒီ ထပ်ဆင့် မေးပြန်သည်။

"ရဟန်းဆွမ်းစားရာမှာ သင်အောက်သို့ ငုံ့၍ စားပါသလား"

အရှင်သာရိပုတ္တရာသည် ဆွမ်းလုတ်ကို ပါးစောင်အတွင်းမှ ကင်းရှင်းစေပြီးနောက် အေးဆေးစွာ ဖြေလိုက်၏။

"နှမ ငါသည် အောက်သို့ ငုံ့မစားပေ"

ထိုအဖြေမှန်ကြောင်း မျက်မြင်လက်တွေ့အားဖြင့်လည်း သုစိမုဒီ သိလေသည်။ သပိတ်တွင်းကြည့်၍ သပိတ်ထဲမှ ဆွမ်းများရှိရာ ငုံ့လိုက်၍ စားနေခြင်းမဟုတ်ကြောင်း သုစိမုဒီမြင်၏။

သုစိမုဒီ ဆက်မေးသည်။

"ရဟန်းသို့ဆိုလျှင် အထက်သို့မော့၍ စားသလား"

"နှမ ငါသည် အထက်မော့၍ မစားပေ"

ဒုတိယမေးခွန်းနှင့် ဒုတိယအဖြေတို့ ပြီးဆုံးသွားပြန်၏။

သုစိမုဒီ ဆက်မေးပြန်သည်။

"ရဟန်းသို့ဆိုလျှင် အရှေ့သို့မဟုတ် အနောက်၊ တောင်သို့မဟုတ် မြောက်တည်းဟူသော အရပ်လေးမျက်နှာသို့ လှည့်၍ စားပါသလား"

"နှမ ငါသည် အရှေ့အရပ်သို့လည်း လှည့်၍မစား၊ အနောက်အရပ်သို့လည်း လှည့်၍မစား၊ တောင်အရပ်သို့လည်း လှည့်၍မစား၊ မြောက်အရပ်သို့လည်း လှည့်၍မစားပေ၊ အရပ်မျက်နှာ တစ်ခုခု ကို အစွဲပြုကာစားခြင်းမပြုပေ"

သုစိမုဒီ ခေါင်းညိတ်သည်၊ တတိယ အမေးနှင့် တတိယ အဖြေတို့ ပြီးဆုံးသွားလေပြီ။

**''နမမြေယာအတတ်ဖြင့် အသက်မွေးသော ရဟန်း၊ ပုဏ္ဏားတို့ကို အောက်သို့ငုံ့၍စားသူများဟု ဆိုအပ်သည်။ နက္ခတ်အတတ်ဖြင့် အသက်မွေးသောရဟန်း၊ ပုဏ္ဏားတို့ကို အထက်သို့မော့၍ စားသူများဟု ဆိုအပ်သည်။ လူတို့အတွက် တမန်လုပ်ခြင်း၊ စေရာသို့သွားခြင်း စသည်ဖြင့် အသက်မွေးသော ရဟန်း၊ ပုဏ္ဏားတို့ကို အရပ်လေးမျက်နှာသို့ လှည့်၍စားသူများဟုဆိုအပ်သည်။ အင်္ဂဝိဇ္ဇာစသော ပညာများဖြင့် အသက်မွေးသော ရဟန်း၊ ပုဏ္ဏားတို့ကို အထောင့်အရပ်များသို့ လှည့်၍စားသူများဟု ဆိုအပ်သည်။ နမ ငါသည် မြေယာအတတ်၊ နက္ခတ်ပညာအတတ်၊ အင်္ဂဝိဇ္ဇာအတတ် တို့ဖြင့် လွဲမှားသော အသက်မွေးခြင်းကို မပြုပေ။ တရားသဖြင့်သာ ဆွမ်းကို ရှာ၍၊ တရားဖြင့်သာ ဆွမ်းကိုစားပေ၏။**

---

သုစိမုခီ ဆက်မေးပြန်သည်။

''ရဟန်းသို့ဆိုလျှင် အရှေ့တောင်၊ အနောက်မြောက်၊ အနောက်တောင်၊ အရှေ့မြောက်တည်းဟူသော ထောင့်အရပ်များသို့ လှည့်စားပါသလား''

''နမ ငါသည် အထောင့်အရပ်လေးခုသို့လည်း လှည့်၍ မစားပေ''

သုစိမုခီသည် တွေဝေသွားသည်။ အရပ်ဆယ်မျက်နှာ ပြည့်သွားပြီ၊ မည်သည့် အရပ်မျက်နှာဘက်သို့မျှ လှည့်၍ မစားကြောင်း အဖြေကိုသာရသည်။

အကယ်၍ အရပ်မျက်နှာ တစ်ခုခုသို့ လှည့်၍စားပါသည်ဟု ဖြေခဲ့ပါက ဘာ့ကြောင့် ထိုသို့စားသလဲ၊ ထိုသို့စားခြင်း၌ ဘာအဓိပ္ပာယ်အနက် ရှိသလဲစသည်ဖြင့် ထပ်ဆင့်မေးခွန်းများကို ပစ်လွှတ်ဖို့ သုစိမုခီ ကြံရွယ်ထားသည်။

ရရှိလာသော အဖြေစကားထဲမှ ချွတ်ယွင်းချက်၊ လစ်ဟာချက်တစ်ခုခုကို မရ ရအောင်ရှာကာ အပြစ်တင်ဝေဖန် ဖိနှိပ်ပြောဆိုရန်လည်း အသင့်ပြင်ထားသည်။

ယခုကား ထင်သလို မဖြစ်လာချေ။

သုစိမုခီ စိတ်မလျှော့ပေ။

''အို ရဟန်း၊ သင်သည်အောက်သို့ ငုံ့စား၍လည်းမစား၊ အထက်သို့မော့၍လည်းမစား၊ အထောင့်အရပ် လေးခုသို့လှည့်၍လည်းမစား သို့ဆိုလျှင် သင်မည်သို့စားသလဲ''

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးသည် သုစိမုခီကို ကရုဏာမျက်လုံးဖြင့် တစ်ချက်ရှုတော်မူကာ လွဲဖယ်လျက် တူရူသို့ကြည့်၍ ဖြေတော်မူလေသည်။

''နမ မြေယာအတတ်ဖြင့် အသက်မွေးသော ရဟန်းပုဏ္ဏားတို့ကို အောက်သို့ငုံ့၍စားသူများဟု ဆိုအပ်သည်။ နက္ခတ်အတတ်ဖြင့် အသက်မွေးသောရဟန်းပုဏ္ဏားတို့ကို အထက်သို့မော့၍ စားသူများဟု ဆိုအပ်သည်။ လူတို့အတွက် တမန်လုပ်ခြင်း၊ စေရာသို့သွားခြင်း စသည်ဖြင့် အသက်မွေးသော ရဟန်းပုဏ္ဏားတို့ကို အရပ်လေးမျက်နှာသို့ လှည့်၍စားသူများဟုဆိုအပ်သည်။ အင်္ဂဝိဇ္ဇာစသော ပညာများဖြင့် အသက်မွေးသော ရဟန်းပုဏ္ဏားတို့ကို အထောင့်အရပ်များသို့ လှည့်၍စားသူများဟု ဆိုအပ်သည်။ နမ ငါသည် မြေယာအတတ်၊ နက္ခတ်ပညာအတတ်၊ အင်္ဂဝိဇ္ဇာအတတ် တို့ဖြင့် လွဲမှားသော အသက်မွေးခြင်းကို မပြုပေ။ တရားသဖြင့်သာ ဆွမ်းကို ရှာ၍၊ တရားဖြင့်သာ ဆွမ်းကိုစားပေ၏။ သုစိမုခီ တစ်ကိုယ်လုံးတုန်သွား၏။ ရာဇဂြိုဟ်မြို့အတွင်း လှည့်လည် မိုတင်းနေကြသော ရဟန်းပုဏ္ဏားဆိုသူများကို သုစိမုခီ အမြဲအစဉ် တွေ့မြင်နေကျဖြစ်သည်။ မရိုဗိုဇ်များ၊ ဗြဟ္မဏနွယ်ဝင်များ၊ နက်ပြာရောင်၊ သစ်ခေါက်ရှားနှစ်ရောင်၊ အဖြူရောင် သင်တိုင်းဝတ်ရုံ များကို ခြုံလွှမ်းလျက် လှည့်လည်သွားလာကြသူများ။

သူတို့တွေ ထမင်း သို့မဟုတ် ဆွမ်းကို မည်သို့ ကိုယ်ဟန်အနေအထားဖြင့် စားကြမလဲတော့မသိ၊ သို့သော် သုစိမုခီ အသေအချာ သိသည်တော့ရှိ၏။ သူတို့တစ်တွေ အားလုံး၌ အသက်မွေးမှုတစ်ခုခုဖြင့် ရပ်တည်နေကြသည်။ လုပ်ကိုင်ရှာဖွေ စားသောက်ကြသည်။

အချို့က မြေယာ ထွန်ယက်စိုက်ပျိုးကြသည်။ အချို့က နက္ခတ်ဗေဒင် ပညာဖြင့် ရှေးဖြစ်နောက်ဖြစ် ဟောကြားကြသည်။ အချို့က ရာဇဂြိုဟ်မြို့သူ မြို့သားတို့၏ လူမှုရေးရာ၊ စီးပွားကုန်သွယ်ရေးရာလုပ်ငန်းအတွက် တမန်အဖြစ်၊ ကိုယ်စားလှယ်အဖြစ် လှုပ်ရှားသွားလာကြသည်။ အချို့က အင်္ဂဝိဇ္ဇာအတတ်ဖြင့် လူတို့၏ ကောင်းဆိုးကြောင်းကျိုးကို ဖတ်ကြားအကြံပေး အသက်မွေးကြသည်။

အားလုံးငုံ့စားသူများ၊ မော့၍စားသူများ၊ အရပ် လေးမျက်နှာဘက်လှည့်၍စားသူများ၊ အထောင့်အရပ်ဘက် လှည့်၍စားသူများပါတကား။ ရဟန်း၊ ပုဏ္ဏား၊ ပရိဗိုဇ်အဖြစ် ခံယူပြီး ပါလျက်ကနှင့် လူ့လောကနှင့် ထွေးရောယှက်တင်နေထိုင်ကာ အသက်မွေးကြသူများ ပါတကား။

အိုကြည့်စမ်း။

ထိုးထွင်းဉာဏ်ရှိသော သုစိမုခီသည် နောက်တစ်ဆင့်ကို မြင်လိုက်ပြန်၏။ ဂေါတမ ဗုဒ္ဓတည်းဟူသော သကျပုတ္တ၏ တပည့်ရဟန်းများသည် ထိုသို့အသက်မွေးဝမ်းကျောင်း လှည့်လည်ကြသူများထဲမှာ မပါဝင်ကြ။ သူတို့သည် ဒါယကာ၊ ဒါယိကာမ၊ ဥပါသကာတို့ သဒ္ဓါဖြင့်လောင်းလှူသော ဆွမ်းကိုသာ လက်ခံ၍ စားကြပေသည်။ ထိုဆွမ်းတစ်လုတ်အတွက် ကြောင့်ကျစိုက်ကာ

အသက်မွေးဝမ်းကျောင်း အတတ်ပညာ တစ်ခုခုကို အသုံးပြုကြသည် မဟုတ်၊ လောင်းလှူသူထံမှလက်ခံသည်၊ မလောင်းလှူသူရှိလျှင်လည်း ဆုတ်ခွာကြသည်၊ လောင်းလှူအောင် မည်သည့်အတတ်ပညာဖြင့်မျှ အားထုတ်ကြိုးပမ်းခြင်းမရှိကြပေ။

ထိုနည်းဖြင့် ရအပ်သော ဆွမ်းသည် တရားသဖြင့် ရသောဆွမ်း၊ တရားသဖြင့်ရသော ထိုဆွမ်းကိုစားရာ၌လည်း တရားဖြင့်သာ စားကြ၏။

အို… တရားနှင့်လျော်သော ဆွမ်းဆိုသည်မှာ ဤသည်ပါတကား။

သုစိမုခီ အတွေးများဖြင့် ခြုံလွှမ်း ရစ်ပတ်လျက်ရှိရာ မှ အတွေးစတို့ကုန်ဆုံးချိန်၌ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးသည် နေရာမှာ မရှိတော့ပေ၊ ကျောင်းတော်အတွင်းသို့ ဝင်ရောက်သွားလေသည်။

နောက်တစ်နေ့မှစ၍ ရာဇဂြိုဟ်မြို့အတွင်း တစ်လမ်းပြီး တစ်လမ်း လှည့်လည်နေသော သုစိမုခီကို မြို့သူမြို့သားတို့ တွေ့မြဲအတိုင်း တွေ့ကြရသည်။

သို့သော် ခါတိုင်း ခါတိုင်းတွေ့မြင်နေကြ သုစိမုခီမဟုတ်တော့ပေ။ ခက်ခဲနက်နဲသော ပုစ္ဆာများ၊ မေးခွန်းများကို ထုတ်ပြီး အမေးခံရသူတို့ နာသာခံခက်ဖြစ်စေအောင် နှစ်ခွန်းနှစ်ခွစကားများဖြင့် ပုတ်ခတ်ကာ မခံချိမခံသာဖြစ်အောင် ပြုလုပ်တတ်သော သုစိမုခီ မဟုတ်တော့ပေ။

ရာဇဂြိုဟ်လမ်းတိုင်းလမ်းတိုင်းတွင် သုစိမုခီ လှည့်လည်ရင်း ကြွေးကြော်သော အသံကား…

"လူအပေါင်းတို့ သကျပုတ္တဗုဒ္ဓ၏ တပည့်ရဟန်းတို့သည် တရားနှင့် သင့်လျော်သော ဆွမ်းကို စားကြသူများဖြစ်တယ်၊ အပြစ်ကင်းသော ဆွမ်းကိုစားကြသူများဖြစ်တယ်။ ရာဇဂြိုဟ်သားတို့ ထိုရဟန်းတို့အား ဆွမ်းကို လောင်းလှူကြ၊ လောင်းလှူကြ"

* * *

(သံယုတ္တ နိကာယ်၊ ခန္ဓဝဂ်၊ သာရိပုတ္တ သံယုတ်၊ သုစိမုခီသုတ်)

ချစ်ဦးညို



## ကောင်းသန့်

# ဘာအရေးကြီးဆုံးလဲ



ဘာအရေးကြီးဆုံးလဲ။

ပင်လယ်ဆန်တဲ့မေးခွန်း။

ဆွဲဆန့်ရင် အရှည်ကြီး။

ကိုယ်သိသလောက်လေးပဲ ဖြေကြည့်ပါရစေ။

မှားရင်လည်း ခွင့်လွှတ်ပါ။

ဘာအရေးကြီးဆုံးလဲ။

**ကမ္ဘာလောကကြီးအတွက်ဆိုရင်တော့··**

**အရေးကြီးဆုံးက မေတ္တာ။**

မေတ္တာ အစေးမကပ်ရင်

ချစ်တတ်၊ ခင်တတ်၊ ကြင်နာတတ်၊ တန်ဖိုးထားတတ်မှုတွေ လွင့်ပျက်ပြယ်ပေါ့။

အကြင်နာကင်းမဲ့ ရက်စက်မှုတွေ၊ နှိပ်စက်ညှဥ်းပန်းမှုတွေနဲ့ ကိုယ်ချင်းစာတရားခေါင်းပါးသွားပေါ့။

အယူစွဲတစ်ခုနဲ့ လူတွေအစုလိုက်အပြုံလိုက် သေအောင်လုပ်ဖို့ ဝန်မလေးတော့။

လူသားအချင်းချင်း စစ်ခင်းပြီး နိုင်ငံတစ်ခုက နိုင်ငံတစ်ခုကို လက်ဦးမှု ယူပြီး အင်အားနဲ့အနိုင်ယူသတ်ဖြတ်ဖို့လည်း ဝန်မလေးတော့။

မိသားစုအချင်းချင်း၊ ကိုယ်ခဏတာပိုင်ဆိုင်ထားတဲ့ အငှားသုံးပစ္စည်းတွေအပေါ် တပ်မက်စွဲလမ်းစိတ်ပြင်းပြလို့ ရန်တွေဖြစ်တရားစွဲ၊ ရုံးရောက်မှာလည်း မကြောက်။

အဆိုးဆုံးက

တစ်အိမ်တည်းနေ၊ တစ်အိုးတည်းစားကြတဲ့ အမေနဲ့သား၊ အဖေနဲ့သမီး၊ လင်နဲ့မယား၊ မောင်နဲ့နှမ။

လောဘမီးတွေတောက်လောင်လို့ သတင်းစာထဲမှာ အပြန်အလှန်စွပ်စွဲ၊ ရှင်ကွဲကွဲကြတာ။

မေတ္တာခာတ်ခန်းခြောက်သွားလို့ပဲ မဟုတ်လား။

ကမ္ဘာလောကကြီးမှာ···

မေတ္တာရေတာသွင်သွင် စီးမယ်ဆိုရင်

လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှု၊ ရေမြေသဘာဝ ခြားနားလည်း တစ်ဦးကိုတစ်ဦး ခံစားနားလည်၊ အပြန်အလှန်လေးစား၊ ချစ်ခင်တန်ဖိုးထား ပေါင်းသင်းဆက်ဆံသွားဖို့ အလွယ်လေးပါပဲ။

ကမ္ဘာလောကကြီးအတွက်

အဏုမြူစစ်ပွဲတွေ မဖြစ်ဖို့အရေးကြီးတယ်။

နိုင်ငံအချင်းချင်း

ရိုင်းပင်းကူညီဖို့ အရေးကြီးတယ်။

အချိုးညီညီ ဖွံ့ဖြိုးတိုးတက်ပြီး

ငြိမ်းချမ်းသာယာတဲ့ ကမ္ဘာကြီးဖြစ်ဖို့ အရေးကြီးတယ်။

ဒါတွေအားလုံးရဲ့ သော့ချက်ဟာ

မေတ္တာပဲ မဟုတ်လား။

**လူတစ်ယောက်အတွက်ဆိုရင်ကော···**

**ဘာအရေးကြီးဆုံးလဲ။**

**အသက်ရှင်ဖို့ အရေးကြီးဆုံးပေါ့။**

အသက်ရှင်ရုံနဲ့ ပြီးပြီလား။

ဟင့်··· အင်း···။

လူလိုနေရဖို့ အရေးကြီးတယ်။

လူတစ်ယောက် ရပ်တည်ဖို့အတွက် လိုအပ်ချက်တွေမှန်သမျှ အကုန်ရဖို့ အရေးကြီးတယ်။

လူမည်ကာမတ္တနဲ့ တိရစ္ဆာန်တစ်ကောင်လို နေထိုင်စားသောက်ရမယ်ဆိုရင် ဘယ်ဟုတ်မလဲ။

ပြီးတော့···

လူပီသဖို့လည်း အရေးကြီးတယ်။

လူဖြစ်ပြီး မြေခွေးလို ကောက်ကျစ်ယုတ်မာ

ဆင်လို အငြိုးထား၊ ကလဲ့စားချေ

ကျားလိုမြင်သမျှ သတ်ဖြတ်စား

ကျီးကန်းလို အလစ်သုတ်

တောခွေးတွေလို အုပ်စုဖွဲ့တိုက်ခိုက်နေမယ်ဆိုရင်

လူဆိုတာ နာမည်ခံရုံသက်သက်ပါပဲ။

လူဆိုတာ···

အပ္ပ၊ ပရ မျှတအောင် ဆောင်ရွက်ရတဲ့ သတ္တဝါ။

သက်ရှိသတ္တဝါတွေထဲမှာ အသိဉာဏ် အဆင့်မြင့်ဆုံးသတ္တဝါ။

ကမ္ဘာလောကကြီးကို ဖွံ့ဖြိုးတိုးတက်အောင် ဖန်တီးပေးတဲ့ သတ္တဝါ။

ငြိမ်းချမ်းသာယာလှပအောင် စွမ်းဆောင်ပေးတဲ့ သတ္တဝါ။

အဲ့ဒီအဆင့်မြင့် သတ္တဝါ··· လူဟာ···

ဖောက်ပြန်ပျက်စီး လောဘမီးတွေနဲ့ အတ္တကြီးပြီး လူမပီသတော့ဘူးဆိုရင်··· သွားပြီပေါ့။

ကမ္ဘာကြီးပျက်စီးပြီး၊ မငြိမ်းချမ်းနိုင်တော့ဘူး။ မသာယာနိုင်တော့ဘူး။ မတိုးတက်နိုင်တော့ဘူး။

ဒါကြောင့်···

ကမ္ဘာလောကကြီးကို တိုးတက်ရှင်သန် ဖွံ့ဖြိုးငြိမ်းချမ်းသာယာစေဖို့အတွက်···

လူပီသတဲ့သူတွေ အများကြီးလိုတယ်။ လူလို အသက်ရှင်ရပ်တည်နိုင်တဲ့ သူတွေလိုတယ်။ လွတ်လပ်စွာ အသက်ရှင်နိုင်ဖို့လိုတယ်။

ဒီကမ္ဘာကြီးထဲမှာနေတဲ့ လူတစ်ယောက်အတွက်···

**လူပီပီသသနဲ့ လွတ်လပ်စွာ အသက်ရှင်ရပ်တည်နိုင်ဖို့အရေးကြီးဆုံးပဲ။**

ဟုတ် တယ် ဟုတ်။

မဟုတ်ဘူးဆိုရင်လည်း လွတ်လပ်စွာ သဘောကွဲလွဲခွင့်ရှိကြောင်းပါ။

ဘာ အ ရေး ကြီး ဆုံး လဲ။

ကိုယ့်အတွက်ကိုယ် ပြန်စဉ်းစားကြည့်တော့။

နေရတဲ့ ဘဝတာ တိုတိုလေးမှာ

စိတ်ရှိတိုင်း ပေးကမ်းလှူဒါန်းနိုင်တဲ့၊ မရှိစကား မကြားရတဲ့သူ ဖြစ်ချင်တယ်။

ဆေးရုံ၊ ဆေးခန်းနဲ့ မပတ်သက်ရဘဲ ကျန်းကျန်းမာမာနဲ့ အသက်ရှည်ချင်တယ်။ အများအကျိုးသယ်ပိုးချင်တယ်။

ဆင်းရဲသောကတွေကြားမှာ ရုန်းကန်လှုပ်ရှား ဒုက္ခမများ



ချင်ဘူး။

စိတ်ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖြတ်သန်းသွားချင်တယ်။

အဲ့ဒီလို နေနိုင်ဖို့အတွက်

ဘာ အ ရေး ကြီး ဆုံး လဲ။

နှစ်ပေါင်းများစွာ ကြာအောင် စဉ်းစားခဲ့ပေမဲ့ တိကျသေချာ နှစ်သက်လက်ခံနိုင်တဲ့ အဖြေမရခဲ့ဘူး။

တစ်နေ့ အိပ်ရာက အထမှာ ဖျတ်ခနဲ ရလိုက်တယ်။ မျက်စိထဲမှာ မြင်တယ်။ အိပ်မက်လိုလို။

ဒါန

သီလ

ဘာဝနာ

ဖျတ်ခနဲ ရလိုက်တဲ့ အဲဒီစကားလုံး သုံးလုံးကို မေ့သွားမှာစိုးလို့ ချက်ချင်းရေးမှတ်ထားလိုက်ရတယ်။

ရုံးရောက်တော့ ကွန်ပျူတာနဲ့ စာလုံးကြီးကြီးရိုက်ခိုင်းပြီး ပလတ်စတစ်လောင်းလိုက်တယ်။

ပြီးတော့…

အိပ်ခန်းထဲက အိပ်ရာထရင် မြင်နိုင်တဲ့နေရာ။

ရုံးခန်းထဲက ကိုယ့်ဘေးနား နံရံမှာ၊

ချက်ချင်း ချိတ်ဆွဲထားလိုက်မိခဲ့။

ကြီးပွားချမ်းသာအောင်မြင်ပြီး အလိုရှိတိုင်း ပေးကမ်းလှူဒါန်း ကူညီနိုင်တဲ့ အကြောင်းတရားကား -

ဒါန

လူ့အထင်ကြီး လေးစားကြည်ညိုခြင်း၊ ချစ်ခင်အားကိုးတန်ဖိုးထားခြင်း၊ အများအကျိုးသယ်ပိုးခွင့်ရခြင်း၊ ကျန်းကျန်းမာမာ အသက်ရှည်ရှည်နေရခြင်း အကြောင်းတရားကား -

သီလ

လောကဓံတရားရှစ်ပါးနှင့် ရင်ဆိုင်တွေ့ကြုံရသည့်အခါ မတုန်မလှုပ် ကြံ့ကြံ့ခံနိုင်ပြီး ငြိမ်းငြိမ်းချမ်းချမ်းနှင့် ဘဝကိုဖြတ်သန်းသွားနိုင်သော အကြောင်းတရားကား -

ဘာဝနာ

သူများအတွက် အရေးကြီးချင်မှ ကြီးမယ်၊ ကိုယ့်အတွက် ကတော့…

ဒါန

သီလ

ဘာဝနာ

အရေးကြီးဆုံးပါပဲ။

ကိုယ့်ဘဝအတွက် ဒါန၊ သီလ၊ ဘာဝနာဟာ အရေးကြီးပြီဆိုတဲ့

အသိ

ရလိုက်တာနဲ့ တစ်ပြိုင်နက်…

အဲ့ဒီနောက်မှာ…

သတိ

ကပ်လိုက်ပြီး နေ့ရက်တိုင်းမှာ နေရာတိုင်းမှာ…

ကိုယ်နဲ့အတူ ရှိနေဖို့

သတိကပ်မိတိုင်းမှာ

ဒါန၊ သီလ၊ ဘာဝနာ

ကျင့်ကြံ၊ ပွားများ၊ အားထုတ်၊ အလုပ်လုပ်ဖို့

ကိုယ့်အတွက်တော့ အရေးကြီးဆုံးပါပဲလေ။

* * *

*ကောင်းသန့်*

# သာသနာရဲ့ အမှိုက်ထုပ်

နန္ဒာမိုးကြယ်

အကြောင်းမသိသူများ အတွက်တော့ သူ့ဟန်ပန်၊ သူ့အသွင်သဏ္ဌာန်သည့် တကယ့်ကို သာသနာ့ အာဇာနည်တစ်ပါးနှင့် မခြား။ သည်တော့ အရည်မလည်ကြသေးသည့်၊ သံဃာတော်ပါး မဝကြသေးသည့် သူ့အကြောင်းကို ခရေစေ့တွင်းကျမသိရသေးသည့် ရဟန်းငယ်ကလေးများက သူ့ကို ကြည်ညိုကြသည်မှာ ဘာမျှမဆန်း။

အကြောင်းသိသူအတွက်ကမူ သူသည် တကယ့်ကို သံဃာ့အမှိုက်ထုပ်ကြီးသာ ဖြစ်လေသည်။ သူ၏ အမည်ကား "လာဠုဒါယီ" ဖြစ်၏။ ဘုရားရှင်၏ သာသနာတော်၌ "ဥဒါယီ" ဟူ၍ ဘွဲ့မည် ရည်တူကြကုန်သော ရဟန်း သုံးပါး ရှိကြ၏။ ပထမ တစ်ပါးသည် ဘုရားရှင်အား ဇာတိချက်ကြွေ မွေးရပ်မြေသို့ ပြန်လည်ကြွမြန်းလာစေရန် ကဗျာလင်္ကာတို့ဖြင့် စေ့ဆော်လျက် ပင့်ဆောင်နိုင်ခဲ့သော "ကာဠုဒါယီ" ဖြစ်၏။ ဒုတိယ တစ်ပါးကား အရှင်ကာဠုဒါယီနှင့်အတူ လက်ဝဲရံ မဟာသာဝက (၄၀) စာရင်းဝင် "မဟာဥဒါယီ" ဖြစ်၏။



ဤတတိယမြောက် ဥဒါယီဘွဲ့ မည်ရည်တူ ‘လာဠုဒါယီ’ ကျတော့ အထက်ပါ အရှင်နှစ်ပါး၏ အမူအကျင့် သိက္ခာတော်နှင့် လားလားမျှ မဆိုင်ခဲ့။ နေရာမရွေး၊ ဟိုစပ်စပ်၊ သည်စပ်စပ် ပါဝင်တတ်သည်။ လျှပ်ပေါ်လော်လီသော အမူအကျင့်ကလည်း သူ့ထံမှာအပြည့်၊ အထူးသဖြင့် ရောက်လေရာအရပ်ဒေသများ၌ အမျိုးသမီးမာတုဂါမများနှင့် တပူးတွဲတွဲနေတတ်၏။ ထိကပါးရိကပါး ပြောဆိုတတ်၏။ ထိပ်ပုတ်ခေါင်းပုတ်လုပ်တတ်၏။ သည်အမူအကျင့်တို့အား ၎င်းကိုယ်တိုင် စိတ်ပါလက်ပါ ပြုမူရုံမကသေး၊ ၎င်းနှင့်ကျွမ်းဝင်သော ရဟန်းတို့အားလည်း ရှေ့ဆောင်ရှေ့ရွက်ပြုမူ တိုက်တွန်းစေ့ဆော်တတ်သည် ဖြစ်လေရာ ကျောင်းအမကြီး ဝိသာခါသည်ပင်လျှင် မျက်နှာလွှဲမနေနိုင်တော့ဘဲ ဝင်ရောက်ဟန့်တားခဲ့ရဖူးသည်။ ဘုရားရှင်ကိုယ်တော်တိုင် ၎င်း၏ လုပ်ရပ်အပေါ် အခြေခံ၍ သံဃာဒိသိသ်သိက္ခာပုဒ်ကို ပညတ်ခဲ့ရဖူးသည်။ သို့တိုင် သူသည် စိုးစဉ်ငယ်မျှ နောင်တရဟန်မတူခဲ့။ ပြုပြင်ဖို့ကိုလည်း မစဉ်းစား။

ဘုရားရှင်က သံဃာ့ပရိသတ် အလယ်တွင် ၎င်း၏ဘွဲ့မည်နာမကို ဖော်ထုတ်လျက် ခေါင်းမဖော်ရဲလောက်အောင်ပင် အမျိုးမျိုးအဖုံဖုံ ကဲ့ရဲ့ရှုတ်ချတော်မူခဲ့၏။ ထိုအခါမျိုးဝယ် သူသည်မျက်နှာညှိုးငယ်စွာဖြင့် ခေါင်းကိုင့်နေရတော့သည်။ တကယ်ဆိုခဲ့လျှင် အပြစ်ရှိနေသည်ကို သိလေပြီး သမယ စရိုက်ညစ်စရိုက်ဆိုးများကို နိဂုံးကမွတ်အဆုံးသတ်ဖို့ ကောင်းတော့သည်။ သို့သော်ငြား သူသည် ထိတုန်းခဏသာ ညှိုးနွမ်းခွေကျသွားတတ်သည့် ထိကရုံးပင် သို့သာတည်း။ မကြာခင်ခေါင်းထောင်ထလာတတ်စမြဲ။ အမှတ်သညာဟူ၍ စိုးစဉ်ငယ်မျှ မရှိ။

ဘုရားရှင်နှင့်တကွ နောက်ပါသံဃာတော်တွေအားလုံး ရာဇဂြိုဟ်ပြည်ရှိ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေကြခိုက် ဖြစ်သည်။ နောက်ပါရဟန်းသံဃာတော်တွေအထဲ၌ ပညာဉာဏ်ကြီးမားရင့်သန်တော်မူသော ရှင်သာရိပုတ္တရာကိုယ်တော် မြတ်ကြီးလည်း ပါဝင်သည်။ သည်တော့ ရဟန်းရှင်လူ ပရိသတ်အပေါင်းအတွက် တရားပွဲကြီးများကို ကျင်းပရာ၌ တရားဟောကြားတော်မူရန် ဘုရားရှင်သည် ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးအား တာဝန်ပေး ခဲ့သည်။ ကိုယ်တော် မြတ်ကြီးကလည်း ထိုပေးအပ်သောတာဝန်ကို ကျေနပ်အားရခြင်းကြီးစွာဖြင့် ကျေပွန်စွာ ထမ်းဆောင်ရှာပါ၏။

ညစဉ်မပျက် ကျင်းပလျက်ရှိသော တရားပွဲ၌ တစ်ခုသော တရားပွဲတစ်ပွဲမှာ ဖြစ်သည်။ ကိုယ်တော်မြတ်ကြီးဟောကြားသောတရားမှာ နိဗ္ဗာန်ရောက်ကြောင်း တရားပင်ဖြစ်ပါသည်။ တရားတော်ကို ဟောကြားနေရင်းမှာပင်…

‘အို… ငါ့ရှင်တို့၊ စင်စစ်အားဖြင့် နိဗ္ဗာန်ဟူသည် အေးမြချမ်းသာမှု အပြည့်အဝရှိလေသည်တကား။ ချမ်းသာခြင်း အပြည့်အဝရှိသော နိဗ္ဗာန်ကို ရရှိလေအောင် အားထုတ် ကျင့်ကြံကြပါကုန်လော့…’ ဟူ၍ မကြာခဏဆိုသလို ရေရွတ်ခဲ့သည်။ တိုက်တွန်းခဲ့သည်။ နှိုးဆော်ခဲ့သည်။ ပြီးတော့မှ တရားတော်ကို လိပ်ပတ်လည်အောင် ရှေ့ဆောင်ဟောကြားပြီးမှ အနားသတ်တော့သည်။ တရားပြီးဆုံးလေတော့ ပရိသတ်အပေါင်း၏ ကောင်းချီးပေးသံသည် ဘဝဂ်တိုင်အောင် ရိုက်ညောင်းသွားလေတော့သည်။ ထိုသို့ ကောင်းချီးပေးသည့်အထဲ၌ ဂန္ဓကုဋီတိုက်၌ စံမြန်းလျက်ရှိသည့် ဘုရားရှင်လည်း အပါအဝင် ဖြစ်လေသည်။

တရားတော် ပြီးဆုံးခဲ့လေပြီ။

သည်အခိုက် သံဃာပရိသတ်ထဲမှ တစ်စုံတစ်ယောက်က ဘွားခနဲမတ်တတ်ထရပ်လိုက်လေရာ ပရိသတ်၏ အာရုံသည် ထိုပုဂ္ဂိုလ်ထံ စုပြုံကျရောက်သွားလေတော့သည်။

“ဟယ်… ‘လာဠုဒါယီ’ ပါလား”

မှန်ပါလေစွ။ မှန်ပေစွ။

ပွဲတိုင်းကျော် သံဃာ့အမှိုက်ထုပ် လာဠုဒါယီသည် ပရိသတ်ထဲ ထရပ်ရာမှ ဖြည်းဖြည်းချင်းဆိုသလို ပရိသတ်ကို ဆွဲဆောင်သည့်အနေဖြင့် ကိုယ်တော်မြတ်ကြီး တည်ရှိစံစားနေရာ တရားဟောပလ္လင်အနီးသို့ တစ်လှမ်းချင်း လှမ်းလျှောက် သွားလေသည်။

ပလ္လင်အနီးသို့ ချဉ်းကပ်ရောက်ရှိသွားလေသောအခါ အသာထိုင်ချလျက် လက်အုပ်ကို ချီလိုက်သည်။ စင်စစ်ချီထားသော လက်အုပ်သည် ရိုသေဂါရဝပြုမှုသဘော ဆောင်ရုံမျှသာဖြစ်သည်။ မနောဓာတ်ခံ အဇ္ဈတ္တအတွင်း၌ လုံးဝမရှိ။

‘ဘာကိစ္စများပါလိမ့်… ငါ့ရှင် လာဠုဒါယီ’

‘ကိုယ်တော်မြတ်ကြီးဘုရား… ကိုယ်တော်မြတ်ကြီးဟောကြားတော်မူတဲ့ နိဗ္ဗာန်ရောက်ကြောင်းတရားနဲ့ ပတ်သက်ပြီး ဘဝင်မကျတာရှိလို့ ဆွေးနွေးခွင့်ပြုတော်မူပါဘုရား”

သည်စကားကြောင့် သံဃာပရိသတ်များစွာ အံ့အားတသင့် ဖြစ်ကြရသည်။ သူ့အကြောင်းကို မသိကြသေးသော မျက်နှာစိမ်း ရဟန်းငယ်ကလေးတွေကတော့ သူ့အသွင်ကို သဘောကျနေကြသည်။ သူကလည်း ရွှင်လန်းတက်ကြွစွာဖြင့် တကယ့် သာသနာ့အာဇာနည်ကြီးနှင့် မခြား ဟန်ဆောင်ကောင်းလေသည် မဟုတ်ပါလား။

စင်စစ် နိဗ္ဗာန်နှင့် ပတ်သက်သော တရားသဘောကို သူ နကန်းတစ်လုံးမှ နားမလည်သေးပါ။ နားလည်အောင်လည်း အားထုတ်ခဲ့ခြင်း မရှိသေးပါ။ သည် အချိန်၌ သူအရာမဟုတ်သည်ကို အရာလုပ်နေတော့၏။ နိဗ္ဗာန်ရောက်ကြောင်းတရားသည် သူနှင့်အတော်ကလေး ကွာလှမ်းနေခဲ့သည်။ နိဗ္ဗာန်နှင့် စပ်လျဉ်း၍ ‘ပဋိပတ်’ တို့ ‘ပဋိဝေဓ’ တို့ကို အသာထား၊ ‘ပရိယတ်’ သဘောကိုပင် သူ့မှာ စွမ်းဆောင်နိုင်အားမရှိသေးပါ။ သို့တိုင် သူသည် သူ့အနေအထားမှန်ကို မသိခဲ့။ မသိ၍လည်း ပညာအရာ၌ ဧတဒဂ်ဘွဲ့ရှင် ကိုယ်တော်မြတ်ကြီးနှင့် စကားစစ်ထိုးရလေအောင် မိုက်မဲသော အပြုအမူကို ပြုခဲ့လေပြီ မဟုတ်ပါလား။

သူ့အဖို့ရာ၌မူ လုပ်သင့်မလုပ်သင့်ဆိုသည်ကို နားမလည်။

ဤကဲ့သို့ ရဲရင့်စွာ ပြုမူလိုက်သည့်အတွက် အားလုံး၏ အထင်ကြီးမှုကို ခံရမည်ဟု မှတ်ယူနေခဲ့သည်။ ကျဆင်းခဲ့ရလေသော ဂုဏ်သိက္ခာတို့ကို ပြန်လည် အဖတ်ဆယ်နိုင်လိမ့်မည်ဟူ၍လည်း ထင်စားနေခဲ့သည်။ သည့်အတွက် သည်လို မျိုးရတောင့်ရခဲအခွင့်အရေးတစ်ရပ်ကို လက်လွှတ်ခံ၍

စင်စစ် ဝေဒနာဆိုသည်မှာ အခြေခံအားဖြင့် သုခ၊ ဒုက္ခ၊ ဥပေက္ခာတို့ အပေါ်တွင် တည်မှီလျက်ရှိသည်။ နိဗ္ဗာန်၌ အဆိုပါ ဝေဒနာ သုံးမျိုးဖြင့် တစ်စုံတစ်ခုအား ခံစားစေဖို့ အကြောင်းမရှိဟု သူနားလည်ထားသည်။ ဒါကို ကိုယ်တော်မြတ်ကြီးက 'ချမ်းသာလေစွ' ဟု ခံစားမှု ရက်ယှယ်ရင်း ဟောကြားချက် ထုတ်လာလေတော့ ကိုယ်တော်မြတ်ကြီးဘက်က တစ်ကွက်များ သွားခဲ့ပြီဟု သူယူဆလိုက်သည်။ ဤဆွေးနွေးပွဲ ကလေးနဲ့ သူ့ဘက်က အသာစီးရလျက် ပညာအရာ၌ ကြီးမားလှသည် ဆိုသော ကိုယ်တော်မြတ်ကြီးခမျာ သိက္ခာတွေ ရေစုန်မျောရတော့မည် မဟုတ်ပါလား။

မဖြစ်။ ထို့ကြောင့်ပင် မသိစိတ်၏ ပင့်နှိုးမှုကြောင့် ကိုယ်တော်မြတ်ကြီး၏ ရှေ့တော်မှောက်သို့ ရောက်ရှိလာခဲ့ပြီ မဟုတ်ပါလား။

'ငါ့ရှင်... လာဠုဒါယီ၊ သင်ဘဝင်မကျတာတွေကို ဆွေးနွေးပါ။ ငါခွင့်ပြုပါတယ်'

'ကောင်းပါပြီ ကိုယ်တော်မြတ်ကြီးဘုရား။ တပည့်တော်သိထားတာက နိဗ္ဗာန်ဆိုတာဟာ ဝေဒနာသဘောနဲ့ ခံစားဖို့ရာ လုံးဝမဖြစ်နိုင်ပါဘူး။ သည်တော့ ဝေဒနာသဘောနဲ့ခံစားဖို့ လုံးဝမဖြစ်နိုင်တဲ့ နိဗ္ဗာန်မှာ ချမ်းသာခြင်းဆိုတာ ရှိနိုင်ပါဦးမတဲ့လား'

စကားက တကယ့်ကို အကော်အကတ်စကား။

သည်အကော်အကတ်စကားဖြင့် ပိုင်နိုင်စွာ ပြန်လည်မေးခွန်းထုတ်လိုက်နိုင်ခြင်းသည် သူ့တုတ်ဖြင့် သူ့ကို ပြန်ရိုက်လိုက်ခြင်းဟု သူသဘောပေါက်လိုက်သည်။ သူ့အတွင်းစာတ်ခံမှာတော့ ဘုရားရှင်၏ မျက်နှာသာပေးမှုကို ခံယူရရှိနေသည့် ကိုယ်တော်မြတ်ကြီးအား ပရိသတ်အလယ်၌ သိက္ခာတွေအကျကြီးကျသွားစေဖို့ပဲဖြစ်သည်။ သည်သို့ တစ်ဖက်သားသိက္ခာကျလျှင် ညှိုးမှိန်ခဲ့သော သူ့နာမည်နာမသည် အညွန့်တလူလူဖြင့် ဖူးကိုက်ဝေဆာလာလိမ့်မည်ဟု မှတ်ယူထားသည်။

စင်စစ်... ဝေဒနာဆိုသည်မှာ အခြေခံအားဖြင့် သုခ၊ ဒုက္ခ၊ ဥပေက္ခာတို့ အပေါ်တွင် တည်မှီလျက်ရှိသည်။ နိဗ္ဗာန်၌ အဆိုပါ ဝေဒနာ သုံးမျိုးဖြင့် တစ်စုံတစ်ခုအား ခံစားစေဖို့ အကြောင်းမရှိ ဟု သူနားလည်ထားသည်။ ဒါကို ကိုယ်တော်မြတ်ကြီးက 'ချမ်းသာလေစွ' ဟု ခံစားမှု ရက်ယှယ်ရင်း ဟောကြားချက် ထုတ်လာလေတော့ ကိုယ်တော်မြတ် ကြီးဘက်က တစ်ကွက်များ သွားခဲ့ပြီဟု သူယူဆလိုက်သည်။ ဤဆွေးနွေးပွဲ ကလေးနဲ့သူ့ဘက်က အသာစီးရလျက် ပညာအရာ၌ ကြီးမားလှသည် ဆိုသော ကိုယ်တော်မြတ်ကြီးခမျာ သိက္ခာတွေ ရေစုန် မျောရတော့မည် မဟုတ်ပါလား။

ကိုယ်တော်မြတ်ကြီးကား တရားပလ္လင်ထက်၌ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် စံစားလျက်ရှိနေ၏။ ပရိသတ်အပေါင်းမှာလည်း ငြိမ်သက်ခြင်းကြီးစွာဖြင့် ကိုယ်တော်မြတ်ကြီးကိုတစ်လှည့်၊ လာဠုဒါယီကိုတစ်လှည့် ကြည့်ငေး စူးစမ်းနေကြသည်။ လာဠုဒါယီကား ဘယ်လိုမှ သူ့ကွန်ရက်မှ မလွတ်နိုင်တော့ပြီဟု မှတ်ယူလျက် ကြည်နူးမဆုံး ဖြစ်နေခဲ့လေပြီ။ ဘုရားရှင်၏ ကိုယ်စား မည်သူမည်ဝါမှ ပညာအရာဝယ် အန်တုဖက် ပြိုင်နိုင်ခြင်းမရှိသည့် ကိုယ်တော်မြတ်ကြီးအပေါ် အနိုင်ရလေပြီဟူ၍ မှတ်ထင်ထား လိုက်သည်။ သို့ဆိုလျှင်... မကြာခင် ကာလအတွင်း ဤဖြစ်ရပ်ကလေးအပေါ် အခြေပြုလျက် သူ့နာမည်ကောင်းသတင်းသည် အလျှံတဝေဝေဖြစ်လာပေရော့မည်။ ရှေ့ လျှောက် သူသည် သာမညမဟုတ်တော့။ ရဲရင့်တက်ကြွထက်မြက်လှသည့် သာသနာ့ အာဇာနည်ကြီးလည်း ဖြစ်လာပေဦးတော့ မည်တကား။

ထိုခဏ ကိုယ်တော်မြတ်ကြီး၏



နှုတ်တော်မှ စကားလုံးတို့ ထွက်ကျလာခဲ့သည်။ ပရိသတ်အားလုံးသည် ထိုစကားသံအား လွတ်ထွက်မသွားရလေအောင် အာရုံစူးစိုက်နေမိကြသည်။

"သေချာစွာ နာယူရစ်ပါ ငါ့ရှင်လာဠုဒါယီ။ နိဗ္ဗာန်ဆိုတာဟာ ဝေဒနာသဘောဖြင့် ခံစားရန် လုံးဝမရှိပါဘူး။ ခံစားမှုအခြေအနေအရ သုခ၊ ဒုက္ခ၊ ဥပေက္ခာ ရယ်လို့ သုံးမျိုးသုံးစား ခွဲခြားထားပေမဲ့ ဝေဒနာမှန်သမျှရဲ့ အရင်းအမြစ်ကို စိစစ်ကြည့်ရင် 'ဆင်းရဲခြင်း' ဆိုတာကိုပဲ တွေ့ရပါလိမ့်မယ်။ ဒါကြောင့်… ဘုရားရှင်ကလည်း 'ဝေဒနာခံစားမှု မှန်သမျှဟာ ဒုက္ခတွေချည်း' ရယ်လို့ ဟောကြားတော်မူခဲ့တာပဲပေါ့။

သုညတသဘောကို အတွင်းမနော ထိတိုင်အောင် သက်ဝင်ထားသူတွေမှသာ နိဗ္ဗာန်ချမ်းသာကို သိကြပေလိမ့်မယ်။ တကယ်တော့ ငါ့ရှင်ဟာ ဝေဒနာမပါတဲ့ သန္တိသုခကို ကိုယ်တိုင်ကိုယ်ပိုင် မခံစားရသေးပါဘူး။ ဒီတော့ နိဗ္ဗာန်ရဲ့ ချမ်းသာအစစ်ကို သင့်ရဲ့ တစ်မိုက်တစ်ထွာမျှလောက် ဉာဏ်နဲ့ နားမလည်ပါဘူး။ ဒါ့ကြောင့် နိဗ္ဗာန်မှာ ဝေဒနာသဘောဖြင့် ခံစားဖို့ရာ လုံးဝအကြောင်းမရှိခြင်းသည် ပင်လျှင် ချမ်းသာခြင်းဖြစ်ပေတာပေါ့။

ကိုင်း… ငါ့ရှင်လာဠုဒါယီ…

သင်ဘာများဆက်ပြီး ဆွေးနွေးချင်ပါသလဲ။ ဆွေးနွေးဖို့ရာ စကားလုံးဝေါဟာရတွေကော ရှိပါသေးသလား"

ထိုအခါမှာတော့ တံစဉ်သွား၌ ပါသွားသည့် ကောက်နှံအလား လာဠုဒါယီခမျာ ငြိမ်သက်တိတ်ဆိတ်သွားတော့သည်။ သူမျှော်လင့်ထားသည်တို့ ဘာတစ်ခုမျှ ဖြစ်မလာခဲ့။ အရေးပါအရာရောက်လှည့်ပြီဟု ထင်ထားသမျှ သဲထဲရေသွန်ဖြစ်ခဲ့ရပါပြီကော။ သူ့အဖို့ ကိုယ်တော်မြတ်ကြီး အပေါ် ပြုမူခဲ့ခြင်းသည် လက်ပံပင်ကို ပေါက်စားခဲ့သော သစ်တောက်ငှက်က ရှားပင်ကို အထင်သေးစွာဖြင့် လာရောက်ပေါက်စားသည့် သမယနှုတ်သီးသွင်းသွင်းကျိုးခဲ့ရသည့် ဥပမာပင်ဖြစ်ချေတော့သည်။

သည်သို့ဖြင့် ဘုရားရှင်၏ သာသနာတော်မှာဖြင့် လာဠုဒါယီမည်သော အချည်းနှီးရဟန်းသည် သာသနာတော်အတွက် အမှိုက်ထုပ်တစ်ထုပ်အဖြစ် ဥဒါန်းတွင်ရစ်ခဲ့လေသည်တကား။

နန္ဒာမိုးကြယ်

ကျမ်းကိုး

အင်္ဂုတ္တရပါဠိတော်

နဝကနိပါတ်၊ နိဗ္ဗာနသုခသုတ်။



# CARTOON

## သစ်ထွက်း





# ကြည့်ရှုပွားများ သဒ္ဒါအားတက် ဝါးချက်ဆရာတော် ရဲ့ တစ်နေ့တာမှတ်တမ်း

စိုးဟိန်း(မန်းတက္ကသိုလ်)

ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံမဂ္ဂဇင်းအတွက် ပြီးခဲ့သည့် နှစ် (၂၀၀၉) က မော်ကြီးက စာမူလာတောင်းခဲ့သည်။ ဒါနပိုင်းဆိုင်ရာကို စိုးဟိန်းရေးပေးလိုက်သည်။ လာပြန်ပြီသည်နှစ်

'ဆရာရေ… ဝါးချက်အတွက် စာမူတစ်ပုဒ်လောက်ရေး ပေးပါဦးတဲ့'

'အေးပါကွာ' ဟူ၍သာ ခေါင်းညိတ်ခဲ့သည်။

သို့သော် ဘာရေးရမည်မသိ။ ဇီဝိတသံဃာ့ဆေးရုံက ရန်ကုန်၌လည်းရှိနေသည်။ သံဃာတော်များ ဆေးကုသရေးရာ ဆေးရုံ။ သာမန်အသိ သိသောအသိ။ သည်အသိလေးနှင့်တော့ ရေးစရာအကြောင်းမရှိ။ သို့ဖြင့် မရေးနိုင်သေးဘဲ ယောနယ်၊ ဆောနယ်၊ နှောနယ်သို့ သာမက မဟာမြိုင်တောအထိ ဘာသာရေး ခရီးထွက်ဖြစ်ခဲ့သည်။ မော်ကြီးကိုလည်း စာမူမပေးနိုင်ခဲ့။ အဆက်သွယ်လည်းပြတ်ခဲ့သည်။ စိုးဟိန်းကိုယ်တိုင် တောထဲတောင်ထဲ ဖုန်းအဆက်အသွယ် မရနိုင်သောနေရာရောက်နေမှကိုး။



မဟာမြိုင်ခရီးမှသည် ပြန်ရောက်လာပြီး မကြာမီမော်ကြီးထံက ဖုန်းဝင်လာသည်။ အကူအညီတောင်းစရာရှိလို့ပါတဲ့။

သို့ဖြင့်မော်ကြီးနှင့် တွေ့ဖြစ်ရပြန်ပြီ။

ဝါးချက် ဆရာတော်တစ်နေ့တာ လှုပ်ရှားမှုများကို ကိုကျော်သိန်း (အ·ဆ·ည) ဖြင့် သွားရောက်ရိုက်လာခဲ့ကြောင်း၊ ဘာသာရေးဆိုင်ရာများနှင့် ဆရာတော်များထေရုပတ္တိများကို စဉ်ဆက်မပြတ်ရိုက်နေသော ဆရာ့အနေဖြင့် ကြည့်ကောင်းအောင် ကြည်ညိုဖွယ် ဖြစ်အောင်တည်းဖြတ်ပေးစေလိုကြောင်း အနုပညာအလှူခံ လာတော့သည်။

ဘာသာ သာသနာကိစ္စဖြစ်၍ စိုးဟိန်းလည်း မငြင်းပါ။ ဝါးချက်ဆရာတော်၏ သာသနာပြုမှုတွင် ကိုယ့်အနုပညာဖြင့်ပါဝင်ပါရမီဖြည့်ခွင့်ရခြင်းဟု မှတ်ယူကာ စိုးဟိန်းလုပ်ချင်သမျှ လုပ်ခွင့်ပေးသော 'မိုးမခဗီဒီယို' တွင် မော်ကြီးစီစဉ်ရိုက်ခဲ့သမျှ ရိုက်ခွေကုန်ကြမ်းများကို 'ဝါးချက်ဆရာတော် တစ်နေ့တာမှတ်တမ်း' အမည်ဖြင့် စိုးဟိန်းတတ်စွမ်းသမျှ အနုပညာ။ စိုးဟိန်းလက်ဝယ်ရှိ ခင်မြသက်နှင်းနှင့် ဝင်းဝင်းအောင်၏ တေးသီချင်းများ၊ ကိုမွတ်တားနှင့်ဇေယျာမင်းတို့၏ တီးလုံးများဖြင့် တည်းဖြတ်ခန်း၌ ဝါးချက်ဆရာတော်၏ သာသနာပြုဆောင်ရွက်မှုများအပေါ် ကြည်ညိုစိတ်အာရုံထား၍ တည်းဖြတ်မှု စတင်ပေးရတော့သည်။ တေးရေးတေးဆိုဂီတမှူးများထံ၌ အနုပညာအလှူခံအသိပေးရသည်။

ကိုယ့်စိတ်ကူး၊ ကိုယ့်အမြင်၊ ကိုယ့်အတွေးဖြင့် ရိုက်ထားသော အရုပ်များမဟုတ်ဘဲ သူများစိတ်ကူးအရ ရိုက်လာသော အရုပ်များအား ကိုယ့်အမြင်နှင့် ဆက်ရခြင်းဖြစ်သည့်အတွက် စိတ်ထဲတွင် အားရမှုတော့မရှိ။ လိုအပ်သော ရိုက်ကွက်တွေကို မော်ကြီးကို ပြောပြရသည်။

ကိုကျော်သိန်းဆိုသူကလည်း ကင်မရာနှင့် စိမ်းသူမဟုတ်။ အ·ဆ·ည မှ သတင်းမှတ်တမ်း ဓာတ်ပုံပညာရှင်။ ကင်မရာ အယူအဆ သူ့အတိုင်းအတာအရ အပြစ်မဆိုသာပါ။ စိုးဟိန်း တတ်နိုင်သမျှ ပြုပြင်တည်းဖြတ်ရသည်။ တချို့

**မြန်မာနိုင်ငံမှ သမားတော် ဆရာဝန်ကြီးများ၊ အထူးကုများသာမက နိုင်ငံခြားမှ ဆရာဝန်ကြီးများပါ လာရောက် ကုသပေးသည့်အတွက် နိုင်ငံခြားရောဂါ တက်နေသောကာလတွင် နိုင်ငံခြားသို့ သွားရောက် မကုသနိုင်သော ဝေဒနာရှင်များ အတွက်လည်း အသက်ကယ်တင်ပေးရာ ဆေးရုံဟုဆိုက မမှား. . .။**

စိုးဟိန်းတွင်ရှိသော အရုပ်များဖြင့် ဖာရထေးရသည်။ ဒေါ်သန္တာခင်နှင့် မော်ကြီးလည်း စိုးဟိန်းဆက်ပြီးသမျှ အရုပ်ကို အထပ်ထပ်ကြည့်ကာ လိုတိုးပိုလျှော့လုပ်၊ နောက်ခံစကားပြောရန် ခေါင်းချင်းဆိုင်ရေးရ၊ ပြောရပြန်သည်။ မည်သို့ဖြစ်စေ ဝါးချက် ဆရာတော်၏ တစ်နေ့တာမှတ်တမ်း ဗီစီဒီ တစ်ချပ်ဖြစ်လာစေရန် ဦးလှမောင်+ ဒေါ်သန္တာခင် (သီရိသန္တာ ကုမ္ပဏီမိသားစု) ကလည်း အချိန်ကုန်ခံ ငွေကုန်ခံ၊ မော်ကြီး (ကျော်အောင်မော် AMK Creation) လည်း အလုပ်ပျက်ခံ အချိန်ကုန်ခံ၊ အလားတူ ကိုကျော်သိန်း ခများလည်း အလုပ်ပျက်ခံ အချိန်ပေးပြီး ဝါးချက်ဆရာတော်အပေါ် ကြည်ညိုစိတ်ဖြင့် လုပ်ခဲ့ကြသောအလုပ်။ သူတို့တစ်တွေ ရိုက်လာသမျှ ကုန်ကြမ်းများကို စိုးဟိန်းဘက်ကလည်း ဆရာတော့်အပေါ် ကြည်ညိုစိတ်ဖြင့် သာသနာအကျိုးအတွက် အားထည့်ကာ တတ်စွမ်းသမျှ တည်းဖြတ်ပေးခဲ့ရာ ပြီးပြည့်စုံသည်ဟု မဆိုသာသော်လည်း ကြည့်ရှု၍ ကြည်ညို သဒ္ဓါတက်ဖွယ် မှတ်တမ်းတစ်ချပ်တော့ ဖြစ်သွားခဲ့ပေပြီ။

ကိုယ်ကားဆက်ပြီးထွက်လာသည့် အချော VCD ခွေကို ပြန်ကြည့်မှ ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံအကြောင်းပိုသိရသည်။ ခေတ်မီစက်ကိရိယာများဖြင့် ခေတ်မီတိုးတက်သော စစ်ကိုင်းတောတောင်တွင်းမှ ခေတ်မီဆေးရုံကြီးမှန်းနားလည်လာရသည်။ သံဃာတော်များသာမက လူပုဂ္ဂိုလ်များလည်း ကုသပေးသည့်အတွက် အထူးကုဆေးရုံကြီးများ လွှမ်းမိုးနေသော ခေတ်ကာလတွင် အထူးကုဆေးရုံကြီးများ၌ အထူးမကုနိုင်သော ဝေဒနာရှင်များအတွက် မှီတွယ်အားထားစရာ ဆေးရုံပါလားဟုလည်း တွေးမိလာသည်။ မြန်မာနိုင်ငံမှ သမားတော်ဆရာဝန်ကြီးများ၊ အထူးကုများသာမက နိုင်ငံခြားမှ ဆရာဝန်ကြီးများပါ လာရောက်ကုသပေးသည့်အတွက် နိုင်ငံခြားရောဂါတက်နေသော ကာလတွင်နိုင်ငံခြားသို့ သွားရောက်မကုသနိုင်သော ဝေဒနာရှင်များအတွက်လည်း အသက်ကယ်တင်ပေးရာ ဆေးရုံဟုဆိုကမမှား။ အမျိုးသမီးတစ်ဦး၏ ဝမ်းဗိုက်တွင်း၌ (၅၃) ပေါင် အလေးချိန်ရှိသည့် အလုံးကို နိုင်ငံခြားဆရာဝန်ကြီးများနှင့် ကုသခွဲထုတ်ပေးနိုင်မှုကို မှတ်တမ်းရိုက်ခွေ၌ စိုးဟိန်းတွေ့မြင်လိုက်ရသည့်အခါ ဝါးချက်ဇီဝိတဒါနဆေးရုံမရှိခဲ့လျှင် ထိုဝေဒနာရှင်အမျိုးသမီးဘဝ မစဉ်းစားရဲ။

သံဃာတော်များသာမက ခုနှစ်ရက်သားသမီးအားလုံးအတွက် ဝါးချက်သည် ကျန်းမာရေးအတွက် အားကိုးအားထားစရာ ခေတ်မီကုသိုလ်ဖြစ်ဆေးရုံကြီးအဖြစ် စိုးဟိန်းတွေ့မြင်လာမိတော့သည်။

သို့သော် မရှိ ဆင်းရဲဝေဒနာသည်များအတွက် မရှိသည့်အလျှောက် ဆေးကုသမှု စရိတ်နည်းပါးစွာ ယူနေရသောဆေးရုံ၊ သီလရှင်သံဃာတော်များအတွက် အခမဲ့ဆေးရုံ။ ကုသိုလ်ဖြစ်ဆေးရုံ။ သီလရှင်သံဃာတော်များသာမက စစ်ကိုင်းဝန်းကျင် စစ်ကိုင်းတိုင်းသာမက မြန်မာနိုင်ငံ မည်သည့်အရပ်ကမဆို လက်ခံကုသပေးနေသော ခေတ်မီတိုးတက်သည့် ခေတ်မီဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ယခုကဲ့သို့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာအောင် ကြိုးပမ်းကြိုးစားခဲ့ရသော ဝါးချက်ဆရာတော်၏စေတနာ၊ ဤဆေးရုံကြီးဖြစ်ပေါ်လာစေရန် နှစ်ပေါင်းများစွာ ကြိုးပမ်းအားထုတ်ခဲ့ရသည့် ဆရာတော်၏ ဇွဲ၊ လုံ့လ၊ ဝိရိယနှင့် သာသနာအကျိုး၊ လောကအကျိုး ရည်ရွယ်ချက်များမပျောက်ပျက်သွားစေပဲ နောင်အရှည်ဆက်၍ တိုးတက်တည်တန့်သွားစေရန် ခုနှစ်ရက်သားသမီးဝေနေယျအပေါင်း၏ ကုသိုလ်ပါဝင် အားဖြည့်ပေးမှုများ လိုအပ်နေမည်ဟုလည်း တွေးမိရပြန်သည်။

ဤအတွေးဖြင့်ပင် ဝါးချက်ဆရာတော် တစ်နေ့တာမှတ်တမ်းဗီစီဒီကို အချိန်ပေး၍ စီစဉ်တည်းဖြတ်ပေးခဲ့ပါသည်။ ခုနှစ်ရက် သားသမီးအပေါင်း ကြည့်ရှုပွားများကာ သဒ္ဓါအားတက်လာပြီး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံကြီး ကမ္ဘာတည်သရွေ့ တိုးတက်တည်တံ့စေရန် ဝိုင်းဝန်းပံ့ပိုးလှူဒါန်း လိုစိတ်များပေါ်လာကြမည်ဆိုလျှင် ဝါးချက်ဆရာတော် တစ်နေ့တာဗီစီဒီအချပ်ဖြစ်မြောက်ရေးအတွက် ကျွန်တော်၏ တူသားတပည့်မော်ကြီးနှင့် ဒေါ်သန္တာခင် (သီရိသန္တာကုမ္ပဏီ) မိသားစုအနေဖြင့်လည်း သာသနာတော်အတွက်လည်းကောင်း၊ ဆရာတော်အတွက်လည်းကောင်း ငွေကုန်အချိန်ကုန်လူပင်ပန်း၊ ငွေပင်ပန်းကြိုးပမ်းရသမျှ လှူဒါန်းရသမျှ ကြိုးပမ်းလှူဒါန်းရကျိုးနပ်ပါကြောင်း. . .။ ။

* * *

*ဝါးချက်သာသနာ*
*တိုးတက်ဖွံ့ဖြိုးလာပါစေ*
*စိုးဟိန်း(မန်း-တက္ကသိုလ်)*

ကြည်ဇော်ဝင်း

# သံဃာတော်များ သက်တော်ရာကျော်ရှည်ပါစေ




ယခုအခါ ကျွန်တော်၏အသက်သည် ၅၄ နှစ်ထဲသို့ ရောက်နေပါပြီ။ အသက် (၅၀) ကျော်လာကတည်းက ကျွန်တော်၏ အတွေးအခေါ်များသည် ယခင်ကနှင့်မတူတော့ပဲ တစ်ဆစ်ချိုးပြောင်းသွားကာ ဘာသာရေး(ဗုဒ္ဓဘာသာ)ကို စတင်စိတ်ဝင်စားလာသည်။ အရွယ်၊ အတွေ့အကြုံ၊ လောကဓံနှင့် သေခြင်းတရားဆိုသည့် အချက်တွေကပြောင်းပေးလိုက်ဟန်တူပါသည်။ နဂိုက ကြက်ခေါင်းစိတ်မခံ ရန်တုံ့ပြန်တတ်သောကျွန်တော်သည် ယခုအခါ သည်းခံတတ်စပြုလာသည်။ သို့သော် အရေးအကြောင်းဆိုလျှင် ငယ်စိတ်က ရံဖန်ရံခါ ခေါင်းပြူလာချင်သေးသည်။

ငယ်စဉ်က သာသာရေးစာပေများကို ဖတ်ခဲ့ဖူးသော်လည်း လေးလေးနက်နက် သိပ်မရှိခဲ့ပါ။ နေ့စဉ်ကြုံတွေ့နေရသော လောကဓံများအတွက် ဗုဒ္ဓက ငါ့ကို ဘယ်လိုချွေးသိပ်ဆုံးမ နားချပေးနိုင်မလဲဆိုသော ရည်ရွယ်ချက်ဖြင့် အသုံးချဖို့ဖတ်ခဲ့သည်က များပါသည်။ အတွေးအခေါ်ရှုထောင့်၊ ဒဿနရှုထောင့်လောက်ကပဲဆိုပါတော့။ ဗုဒ္ဓ၏အဆုံးအမများကို လိုက်နာကျင့်သုံးလျှင် လူသည်တင်းတိမ်ရောင့်ရဲစိတ် များလာကာ လောဘကြီးမွားတိုးတက်မှု ထိခိုက်နှောင့်နှေးသွားစေနိုင်သည်ဟု နိမ့်ကျစွာတွေးထင်ခဲ့မိပါသည်။ လောဘကြီးပွားကိုရှာလျှင် တစ်သက်လုံးမသေတော့သလောက် သဘောထား

ရပြီး၊ လောကဝတ္တရားစီးပွားကတော့ အခုပဲသေတော့မလိုလို သဘောထားရတာမဟုတ်လား၊ အယူအဆနှစ်ခုက ဆန့်ကျင်ဘက်လိုဖြစ်နေသည်။ ကမ္ဘာဦးစကတည်းက လူတွေဟာ မွေးပြီးသေသွားကြပေမဲ့ ကိုယ့်ကျတော့ မသေနိုင်လောက်ဘူးလို့ ငယ်စဉ်မှာ ယူဆတတ်ကြသည်။ ငယ်ရွယ်သူဆိုတော့ အပျက်ကိုမတွေးဘဲ အဖြစ်ကိုသာ တွေးတတ်ကြသည်ကိုး။ အပျက်သည် ကိုယ်နှင့်မဆိုင်သလိုလို။ သို့သော် သဘာဝဓမ္မတရားက ဘယ်သူ့ကိုမှ မျက်နှာမလိုက်၊ အားလုံးကို အခွင့်အရေးတန်းတူပေးထားသည်မဟုတ်လား။ မိမိလည်း မွေးပြီးလျှင် သေရပေမည်။



ရှောင်လွှဲ၍ မရသော သေခြင်းတရားကို တုန်လှုပ်ခြင်းကင်းမဲ့စွာ ဘယ်လိုရင်ဆိုင်ရမလဲ။ နည်းလမ်းကို သိချင် ရှာဖွေချင်လာသည်။ ဒါတွေ၏ အကောင်းဆုံး အဖြေသည် ကျွန်တော်တို့၏ ဗုဒ္ဓစာပေတွင် သေချာပေါက်ရှိရ ပေမည်။ ဒီလိုဆိုရင် ဗုဒ္ဓစာပေဘယ်က စလေ့လာမလဲ၊ ဘယ်စာအုပ်တွေကို စဖတ်ရမလဲ။ ငယ်စဉ်ကတော့ မိဘများနှင့် အဘ၊ အမေကြီးများ မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားစာအုပ်များ ဖတ်တာတွေ့ဖူးသည်။ နမ္မားဆရာတော်၊ ကြောင်ပန်း ဆရာတော်များ၏တရားစာအုပ်များဖတ်ကြသည်ကိုလည်း မြင်ဖူးသည်။ လူကြီးတွေ တရားဆွေးနွေးနေခိုက်၊ ငြင်းခုန်နေခိုက် မိမိက အမြည်း ပန်းကန်များကိုသာ မျက်စောင်းထိုး နေခဲ့တာကို မှတ်မိနေသည်။

မန္တလေး ဆေးတက္ကသိုလ် ရောက်သောအခါ ရှင်ဇနကာဘိဝံသ၏ စာအုပ်များနှင့် မိတ်ဆက်ခွင့်ရသည်။ ဆရာတော်ကြီး၏ ဘရားတော်များထဲမှ မိမိစွဲစွဲထင်ထင်အရှိဆုံးမှာ သံဝေဂမရလျှင် တရားမရှုနဲ့ဆိုတာပဲဖြစ်သည်။ မိမိ၏ ပထမအရွယ်မှာက လောကီပညာရပ်များ သင်ကြားခြင်းနှင့်သာ အချိန်ကုန်ခဲ့ရသည်။ မိမိဝါသနာပါသော ပြင်ပစာပေဗဟုသုတများကို လက်လှမ်းမီသမျှအငမ်းမရ ရှာဖွေဖတ်ရှုခဲ့သည်။ ဖတ်သမျှတွေထဲတွင်လည်း လေးနက်သော ဗုဒ္ဓစာပေများ မပါသလောက် နည်းပါးခဲ့သည်။ လေးနက်လွန်း၍ မိမိကညာဏ်မမီသဖြင့် မဖတ်ခဲ့ရာက ဝေးသွားတာလည်း ဖြစ်နိုင်သည်။ အကြောင်းတစ်ခုဖြစ်ပေါ်ဖို့ အကျိုးပေါင်းများစွာက ဆုံစည်းတိုက်ဆိုင်ပေးဖို့လည်းလိုသည်ဟု ထင်ပါသည်။

ကျွန်တော်၏ အမေသည် ကျွန်တော်ဆယ်တန်းဖြေပြီး စမှာပင် နာတာရှည်ရောဂါဖြင့် ဆုံးပါးသွားခဲ့သည်။ နောက်နှစ်ဘက်သော အဘ၊ အမေကြီးများ၊ နောက် ပထမဇနီးသည်နှင့် သူ၏မိဘများ၊ နောက် ကိုယ်နှင့် အရင်းနှီးဆုံး မိတ်ဆွေ သူငယ်ချင်းများလည်း အရွယ်ကောင်းတွေဖြစ်ကြပါလျက် တဖြုတ်ဖြုတ်သေကုန်ကြသည်။ သေနေကြသည်။ ထို့ထက် အနီးကပ်ကြုံတွေ့ နေရတာကတော့ မိမိကိုယ်တိုင် ကုသပေးရင်း သေဆုံးကုန်ကြသော နာတာရှည် လူမမာများ။

တစ်ရက်တွင် ကျွန်တော့်မိတ်ဆွေကြီးဦးမိုးဇွေ၏ ဖခင်ကြီး ဦးအောင်သန်း တီဘီရောဂါနှင့် ဆုံးသွားသည်။ ဦးမိုးဇွေ၏နှုတ်က အမှတ်တမဲ့ စကားတစ်ခွန်းဆိုသည်။

"အဖေက ကောင်းရာမွန်ရာရောက်မှာပါ၊ အဖေက တရားလည်းအမြဲမှတ်တယ်၊ သစ္စာဒီပက ဆရာကြီးဦးကြည်ရဲ့ တရားစာအုပ်တွေလည်း ဖတ်တယ်"

ကျွန်တော် စိတ်ဝင်စားသွားတာက ဦးမိုးဇွေ၏ ဖခင်ကြီး ဖတ်သွားသော တရားစာအုပ်များပဲ ဖြစ်ပါသည်။

'ဦးမိုးဇွေ… ဦးမိုးဇွေ အဖေဖတ်သွားတဲ့ တရားစာအုပ်တွေ ကျွန်တော့် ငှားပါလား၊ ကျွန်တော်ဖတ်ပြီးရင် ပြန်ပေးပါ့မယ်"

ဒီလိုနဲ့ ကျွန်တော်သည် ဆရာကြီးဦးကြည်၏ 'ဒိဋ္ဌိမွှော' 'သိတာနဲ့သိစရာ' နှင့် 'မဖျိုမဉာဏ် သိဖို့ရန်' စသော စာအုပ်များ မြည်းစမ်းခွင့် ဖတ်ကြည့်ခွင့်ရခဲ့သည်။ ဆရာကြီး ဦးကြည်ရှင်းပြတာကို မိမိနားလည်သဘောပေါက်သည်။ စာလိုက်နိုင်သည်ပဲ ဆိုပါတော့။ ဒီနောက် ဆရာဦးကြည်၏ စာအုပ်များ အားလုံးနီးပါးကို ရအောင် ရှာဖွေဖတ်ရှုခဲ့သည်။ VCD, MP3 တရားခွေများကိုလည်း နာကြားခဲ့သည်။ ဆရာကြီးဦးကြည်၏ ကျေးဇူးကြောင့် ဝိပဿနာဘာဝနာကို နားလည်သဘောပေါက်သွားပြီး ဗုဒ္ဓစာပေများကိုလည်း ဆက်လက်လေ့လာချင်စိတ် ဖြစ်ပေါ်လာသည်။

ယခုဆိုလျှင် နိုင်ငံကျော်ဓမ္မကထိက ဆရာတော်များ၏ တရားတော် MP3 များ၊ VCD များ၊ DVD များ အကုန်နီးပါး ကျွန်တော့်ထံတွင် စုဆောင်းမိနေပေပြီ။ ဝယ်ယူသိမ်းဆည်းလွန်းသည့်အတွက် ထားစရာနေရာမရှိ လောက်အောင်ပင် များနေပေပြီ။ ဆရာတော်များ၏ တရားတော်များကို အချိန်ရတိုင်း နာကြားပြီး ဆရာတော်များကို ကြည်ညို၍ မဆုံးနိုင်တော့။ ကြည်ညိုပြီးရင်း ကြည်ညို ဖြစ်နေပါတော့သည်။ နည်းပညာခေတ်ကိုလည်း ကျေးဇူးတင်နေမိပါသည်။ အလှူသင့်၍ ကျေးဇူးတင်ရမည့် ဓမ္မမိတ်ဆွေများ

ကိုလည်း ဖော်ပြချင်ပါသေးသည်။ မန္တလေးမြို့မှ ဓမ္မကထိက အကျော်အမော်များဖြစ်သည့် ဓမ္မရေအရှင်ကုမာရနှင့် ဦးစန္ဒောဘာသ (ဖိုးလမင်း တောင်စလင်း) တို့၏ တရားခွေများကို ကျွန်တော့်ထံ အမှတ်တရ ပို့ပေးသည့် မန္တလေးက ဦးမြင့်+ဒေါ်တင်လှ (သမီး) မကြည်ကြည်စန်း တို့၏ ကျေးဇူးတရားကိုလည်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

ကျွန်တော်တို့ငယ်စဉ်က ဓမ္မကထိကများ ယခုလောက် မများသေးပါ။ ကျွန်တော်အထူးမှတ်မိတာကတော့ ဆရာကြီး ဓမ္မကထိကဦးလှသိန်းနှင့် ကြာနီကန်ဆရာတော်ဦးဇဋိလတို့ဖြစ်ပါသည်။ လယ်တီဦးဝိလာသ တရားတော်များကိုလည်း နာကြားဖူးပါသည်။ ထူးကြီးဆရာတော်၊ ကျခတ်ဝိုင်းဆရာတော်တို့၏ တရားတော်များကိုတော့ မှတ်မှတ်ထင်ထင် နာကြားခဲ့ရဖူးခြင်းမရှိပါ။

ယနေ့တိုင် ပြိုင်ဘက်မရှိ နိုင်ငံကျော်ကမ္ဘာသိ ဓမ္မကထိက ဆရာတော်ဘုရားကြီးကတော့ သီတဂူဆရာတော် ဦးဉာဏိဿရပင် ဖြစ်ပါသည်။ ဆရာတော်သည် ကမ္ဘာ့သာသနာပြု ဆရာတော်ဘုရားကြီးဖြစ်သည့်အပြင် ခေတ်ကိုနားလည်ဦးဆောင်နိုင်ရုံမျှမက အင်္ဂလိပ်လို ကျွမ်းကျင်စွာ ဟောကြားပို့ချနိုင်သည်ကိုလည်း အထင်ကြီး ကြည်ညိုဖွယ်ရာ တွေ့ရှိရပါသည်။

ဆရာတော်ကို အကြောင်းပြု၍ အတွေးတစ်စ ပေါ်မိပါသည်။ ကမ္ဘာ့လှည့်သာသနာပြုကြမည့် ဓမ္မကထိကဆရာတော်များ၊ ကမ္မဋ္ဌာနစရိယ ဆရာတော်များသည် အင်္ဂလိပ်စာအထူးကျွမ်းကျင်ဖို့ လိုအပ်သည် ထင်ပါသည်။ ယခုအခါ နိုင်ငံတော်အတွင်း၌ ကျော်ကြားနေကြသော ဓမ္မကထိကအများသည် အင်္ဂလိပ်စာတတ်ကျွမ်းကြသည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရပါသည်။ ဥပမာ-ဒေါက်တာ နန္ဒမာလာ၊ မဏ္ဍိုင်မဂုဏ်ရည်ဆရာတော်၊ ဓမ္မစေတီဆရာတော်၊ အရှင်ဆေကိန္ဒ၊ အရှင်ဆန္ဒမိက၊ ဓမ္မရေအရှင်ကုမာရ၊ ဦးစန္ဒောဘာသ (ဖိုးလမင်းတောင်စလင်း) စသည်… စသည် ဂလိုဘယ်လိုက်ဇေးရှင်း ခေတ်တွင် ခေတ်မီမီကမ္ဘာကြည့် ကြည့်မြင်ဖို့လိုအပ်နေသည်ကို ဆရာတော်များက ဖြည့်ဆည်း ပေးနိုင်တော်မူကြသည့်အတွက် ဆရာတော်များကို ဦးခိုက်ကြည်ညို ရှိခိုး ဂုဏ်ပြုလိုက်ရပါသည် ဘုရား။

ယခုတစ်လော ပါဠိစာပေများကို စိတ်ဝင်စားနေသဖြင့် ဆရာတော်အရှင်ဝိစိတ္တာလင်္ကာရ(အောင်မှူးဝေ)ထံ ချဉ်းကပ်၍ ရှီးမတိမ်ဆရာတော်ဘုရား၏ ဗုဒ္ဓဂီတိကာစာအုပ်ပါ ဓမ္မပဒ တရားတော်များကို သင်ယူနေပါသည်။ ဤတရားတော်များကို သင်ယူနေရင်း ကျွန်တော်သတိထားမိသည်မှာ ဗုဒ္ဓတရားတော်များသည် ပေါင်းခြင်း၊ နုတ်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း လုပ်မရရုံမျှမက မြန်မာသဒ္ဒါအရဆိုလျှင် စကားပြေ၏ ကောင်းခြင်းဂုဏ်နှင့် အထူးပြည့်စုံသည်ကိုလည်း တွေ့ရှိရပါသည်။

ရှီးမတိမ်မဟာအောင်မြေကျောင်းဆရာတော် ဦးသီလာစာရ ရေးသားတော်မူအပ်သော ဗုဒ္ဓဂီတိကာ(ပထမတွဲ) မှ စက္ခုပါလ မထေရ်ဝတ္ထုကို နမူနာအဖြစ် ထုတ်ပြပါရစေ။ မနောပုဗ္ဗင်္ဂမာဓမ္မာ အစချီသည့် ပါဠိတော်ကိုမဖော်ပြလိုတော့ပါ။ ဆရာတော်များ သိပြီးဖြစ်ပါသည်။ ကျွန်တော် အဓိကဦးစားပေးဖော်ပြချင်သည်က ဆရာတော်၏ အင်္ဂလိပ်စာအထူးကျွမ်းကျင်မှုပင်ဖြစ်ပါသည်။

"မြန်မာကဗျာ"

စိတ်ကရှေ့သွား၊ သုံးပါးခန္ဓာ

စိတ်သာကြီးမြတ်၊ ပြုအပ်ပေတာ

ပြစ်မှားစော်ကား၊ စိတ်ထားဖြင့်သာ

ပြောဆိုမှား၊ ပြုကြားထိုသူမှာ။

ဆင်းရဲမျိုးမျိုး၊ နောက်တိုးလိုက်လာ

လှည်းဆွဲနွား ဘီးများလိုက်လို့သာ။

Mind foreruns (all evil) conditions, mind is chief, mindmade are they, if one speaks or acts with wiched mind, because of that, pain pursues him, even as the whee follows the hoof of the draught-ox.

စကားပြေ။ ။ စိတ်သည် အလုံးစုံသောမနောဖြစ်လာ နာမ်ခန္ဓာတို့၏ (ခံစား၊ မှတ်သား၊ စေ့ဆော်၊ ဖြစ်လာ နာမ်ခန္ဓာတို့၏) ရှေ့ပြေး ခေါင်းဆောင်ဖြစ်၏။ စိတ်သည်သာ အကြီးအမှူးဖြစ်၍ အရာအားလုံးကို စိတ်သာ ပြုပြင်ဖန်တီးကုန်၏။ အကြင်သူသည် (မောက်မာ၊ စော်ကား) ပြစ်မှားလိုသောစိတ်ဖြင့် ပြောဆိုပြုလုပ်လျှင် ဆင်းရဲဒုက္ခဟူသမျှသည် ထိုသူနောက်သို့ အစဉ်လိုက်၏။

ဥပမာ။ ။ လှည်းကိုရုန်းရသော နွားလားဥသဘ၏ ခြေရာနောက်သို့ လှည်းဘီးစက်သည် အစဉ်လိုက်သကဲ့သို့တည်း။

ကောင်းလွန်းလှသည့် မြန်မာကဗျာ၊ အင်္ဂလိပ်ဘာသာ၊ မြန်မာ စကားပြေများပါပေ။ အထက်ပါအင်္ဂလိပ်စာကို ရိုးရိုးအင်္ဂလိပ်စာ (Simple English) ဖြင့် ပို၍ရိုးရှင်း (Simplify) အောင် ရိုးရှင်းစွာ ထပ်မံရေးသား၍ ရသော်လည်း နိုင်ငံတကာအဆင့်အတန်းမီ (Internation Standard) တည်ရှိနေစေချင်ပါသည်။ ICT ခေတ်ဆိုတာထက် ပညာခေတ် (Wisdom Age) ကို ဦးတည်သွားစေချင်ပါသည်။

ကျွန်တော်၏ ဆောင်းပါးကို နိဂုံးချုပ်ပါတော့မည်။ ကျောက်သံပတ္တမြားများသည် ရတနာများဟု ဆိုပါလျှင် ၎င်းတို့ သည် သက်မဲ့ ရတနာများသာဖြစ်၍ သံဃာတော်များသည် တိုင်းပြည်၏ သက်ရှိ ရတနာများဖြစ်ကြပါသည်။ ဘုရားရတနာဟောကြားတော်မူသော တရားရတနာတော်များကို ဆောင်ထားသူများမှာ သံဃာရတနာများ ဖြစ်ကြပါသည်။

မင်းတုန်းမင်းကြီးမိန့်သလို အိမ်ထောင်မပြုတာတစ်ခုတည်းနှင့်ပင် သံဃာတွေကို ကြည်ညိုဖို့ကောင်းနေပါပြီ။ သံဃာတော်များ အသက်ရှည်မှသာ အမျိုးဘာသာသာသနာကို အခွန့်ရှည်စွာ စောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။ သာသနာ့ဝန်ကို ထမ်းရွက်ထားတော်မူကြသော သံဃာတော်များနှင့်တကွ ပြည်တွင်းပြည်ပ၌ ဗုဒ္ဓသာသနာတော်စည်ပင်ပြန့်ပွားရေးအတွက် သက်စွန့်ကြိုးပမ်း ထမ်းရွက်လျက်ရှိသော သက်တော် (၇၅) နှစ်အရွယ်ရှိ စစ်ကိုင်းကျွဲစာ ဆရာတော်ဘုရားကြီး ဦးလက္ခဏတို့အား သက်တော်ရာကျော်ရှည်ပါစေကြောင်း ဘုရားတပည့်တော် မေတ္တာပို့ ဆုတောင်းလိုက်ရပါသည် ဘုရား။

* * *

(သက်တော် ၇၅ နှစ်ပြည့် စိန်ရတုမွေးနေ့ရှင် ဆရာတော် ဦးလက္ခဏကို ဤဆောင်းပါးဖြင့် ဂုဏ်ပြုပူဇော်ကန်တော့လိုပါသည် ဘုရား)

*ကြည်စော်ဝင်း*



# ကဲ့သာ
# သွားပါများ ဝါးချက်ရောက် (၂)

သွားပါများ ဝါးချက်ရောက်ရပြန်ပြီ။ ခုတစ်ခေါက်၊ အရင်ကတစ်ခေါက်၊ နောက်တစ်ခေါက်၊ အခေါက်ပေါင်းများစွာ ဝါးချက် ကို ရောက်နေရဦးမှာပါ။

ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံကြီးရဲ့ ငွေရတုမဂ္ဂဇင်း မှာ ပါဝင်ရေးသားခဲ့ကြတဲ့ စာပေပညာရှင်များကို ဆေးရုံကြီးရဲ့ ပဓာန ဦးဆောင်ဆရာတော် ဘဒ္ဒန္တလက္ခဏမဟာထေရ် ဆရာတော်ဘုရားက စစ်ကိုင်းတောင်ရိုးကို လာရောက်စေပြီး နံနက်စာများ ကျွေးမွေးပြီး အမှတ်တရ လက်ဆောင်များနဲ့ ဂုဏ်ပြုခဲ့ပါတယ်။

လက်ဆောင်ပစ္စည်းတွေနဲ့အတူ ငွေရတုအထိမ်းအမှတ် မဂ္ဂဇင်းကိုလည်း တစ်ဦးစီ တစ်အုပ်ကျ အမှတ်တရပေးခဲ့ပြန်ပါတယ်။

ကျွန်တော်က ငွေရတုမဂ္ဂဇင်းမှာ 'သွားပါများ ဝါးချက်ရောက်' ဆိုပြီး ဆောင်းပါးနဲ့ ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အနေနဲ့ ကျွန်တော့်ရဲ့ မျက်စိဝေဒနာ၊ သွားဝေဒနာတွေကို အခမဲ့ ကုသပေးခဲ့တဲ့အကြောင်း ကိုယ်တွေ့ဖြစ်ရပ်အပေါ် စုံစီနဖာ ခံစားရေးဖွဲ့တဲ့ ဆောင်းပါးလေး ဖော်ပြပါရှိခဲ့ပါတယ်။

အခုအခါ 'သွားပါများ ဝါးချက်ရောက်' ဒုတိယ ဆောင်းပါးကို ဆရာတော်ဘုရားကြီးရဲ့ သက်တော် (၇၅) နှစ်ပြည့် ရွှေရတု မွေးနေ့ပွဲအမှတ်တရ ထုတ်ဝေမယ့် မဂ္ဂဇင်းအတွက် ရေးခွင့်ကြုံရပြန်ပါတယ်။

ခုနှယ်ခါမှာတော့ မျက်စိလည်း ကောင်းနေပြီ။ သွားတွေလည်းအသစ်တစ်ဖန်ပြန်ပေါက်လာသလို သွားဖုံးအံကပ်နဲ့ စားလိုရာစား၊ သွားလိုရာသွားနိုင်နေပြီဖြစ်လို့ အဲဒီအခန်းအနားပွဲနေ့က ဆရာတော်ရဲ့ မိန့်ဆိုချက်တွေကို အကောင်းအတိုင်းရှိနေသေးတဲ့ နားအစုံနဲ့ ဂရုစိုက်ပြီး ကြားနာနေမိပါတယ်။

ဆရာတော်ကြီးက သက်တော် (၇၅) နှစ်ပြည့်မွေးနေ့အတွက် ရွှေရတုအထိမ်းအမှတ်အဖြစ် မဂ္ဂဇင်းစာအုပ် အမှတ်တရ ထုတ်ဝေမှာဖြစ်လို့ လိုအပ်တဲ့ စာမူတွေရေးသားပေးပို့ကြဖို့ မေတ္တာရှေ့ထားတိုက်တွန်းပြောကြားသွားပါတယ်။

ဆရာတော်က စာပေကိုအလေးအမြတ်ထားသလို လောကီစာပေတွေရေးသားနေကြတဲ့ စာပေနယ်က လောကီသား ကျွန်တော်တို့အပေါ်မှာလည်း မေတ္တာရှေ့ထားလေးစားကြောင်း၊ ဂရုပြု ဆောင်ရွက်နေပါကလားလို့ စဉ်းစားတွေးတောမိပါတယ်။

ကံကောင်းထောက်မ၍ လူ့ဘဝကိုရခိုက် ထိုလူ့ဘဝကို အကျိုးရှိအောင်သုံးပါမည်။

ကံကောင်းထောက်မ၍ လူ့ခန္ဓာကိုယ်ကိုရခိုက် ထိုလူ့ခန္ဓာကိုယ်ကို အကျိုးရှိအောင်သုံးပါမည်။

ကံကောင်းထောက်မ၍ လူ့အသိဉာဏ်ကိုရခိုက် ထိုလူ့အသိဉာဏ်ကို အကျိုးရှိအောင်သုံးပါမည်။

ကံကောင်းထောက်မ၍လူ့အင်အားကိုရခိုက် ထိုလူ့အင်အားကိုအကျိုးရှိအောင်သုံးပါမည်။

ကံကောင်းထောက်မ၍ လူ့စည်းစိမ်ဥစ္စာကိုရခိုက် ထိုလူ့စည်းစိမ်ဥစ္စာကို အကျိုးရှိအောင် သုံးပါမည်။

အထက်ပါ စကားစုတို့ဟာ ပဓာနဦးဆောင် ဆရာတော်ဘုရားရဲ့ ဩဝါဒစကားပါ။

တိကျခိုင်မာပြတ်သားတဲ့ ဆရာတော်ရဲ့ သဘောထားဆောင်ပုဒ်အတိုင်း ဆရာတော်ဟာ ဖြတ်သန်းရှင်သန်ခဲ့တဲ့ နှစ်ပေါင်း (၇၅) နှစ်တာအတွင်း မလွဲမသွေ ကျင့်သုံးအကောင်အထည်ဖော်ဆောင်လုပ်ကိုင်ခဲ့တာကို သမိုင်းမှတ်တိုင်တွေ စိုက်ထူခဲ့ရင်း သက်သေပြခဲ့တာကိုဖြင့် မုဒိတာပွားလို့ သာဓုအကြိမ်ကြိမ်ခေါ်ဆိုပါတယ်။

ဆရာတော်ဘုရားကို ဖွားမြင်တော်မူတဲ့ မြန်မာနှစ်ဦး ၁၂၉၇ ခု တန်းခူးလဆန်း (၁၅) ရက်။ ခရစ်နှစ် ၁၉၃၅ ခု ဧပြီလ (၁၇) ရက်၊ ဗုဒ္ဓဟူးနေ့မှသည် ယခု သက်တော် ၇၅ နှစ်ပြည့် ရွှေရတု သဘင်ဆင်နွှဲသည့် အချိန်ကာလအတွင်းမှာ မူလချမှတ်၊ ကျင့်သုံး၊ ခံယူခဲ့တဲ့ မူ (၅) ချက်နဲ့အညီ နေထိုင်အားပြုသွားတာကို တွေ့ရ၊ မြင်ရ၊ ကြားရသိရတာဟာဖြင့် အံ့ဖွယ်ဘနန်း ဖြစ်ရပြန်ပါတယ်။



ဗုဒ္ဓရှင်ရဲ့ သားတော်အဖြစ် ဗုဒ္ဓဘာသာဝင်တွေအပေါ်မှာ လူသားတွေအပေါ်မှာ မေတ္တာ၊ ကရုဏာများရှေ့ထားပြီး ပေးကမ်းစောင့်ရှောက်၊ စွန့်ကြဲ လှူဒါန်းခဲ့ပါတယ်။

စာသင်တိုက်များ တည်ထောင်ခဲ့သလို ပဋိပတ်အကျင့်ကို အားထုတ်ခဲ့တယ်။ ဓမ္မရိပ်သာတွေ တည်ထောင်ခဲ့တယ်။ ပဋိပတ္တိသာသနာ့တာဝန်တွေကို ဦးလည်မသုန် ထမ်းဆောင်ခဲ့ပြန်ပါတယ်။

ဆရာတော် ဘုရားကြီးရဲ့ ထေရုပ္ပတ္တိအကျဉ်းကို လေ့လာဖတ်ရှုရတဲ့ အခါမှာ ဆရာတော်ဟာ ပြည်တွင်းပြည်ပ ရဟန်းရှင်လူယောဂီတွေကို နာယက၊ ကမ္မဋ္ဌာနာစရိယအဖြစ်နဲ့ ၁၃၄၅ ခု ခရစ်နှစ် ၁၉၈၄၊ ၁၃၅၁ ခု ခရစ်နှစ် ၁၉၈၈ ခုအထိ၊ ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာမှာ သတိပဋ္ဌာန်တရားတော်များကို လက်တွေ့သင်ကြားပြသခဲ့ပြီး ပဋိပတ္တိသာသနာ့ တာဝန်များကို ထမ်းဆောင်ခဲ့ပါတယ်။

ပရိယတ္တိနဲ့ ပဋိပတ္တိသာသနာ့တာဝန်နှစ်ရပ်လုံးကို စစ်ကိုင်းတောင်ရိုး ကျစွာချောင်၊ မဟာဝိဇယရံသီစာသင်တိုက်နဲ့ မဟာအတုလရံသီဓမ္မရိပ်သာတို့မှာ စာသင်သား ရဟန်းသာမဏေများနဲ့ ပြည်တွင်း/ပြည်ပရဟန်းရှင်လူယောဂီတွေကို သတိပဋ္ဌာန်တရားတော်များ လက်တွေ့ဟောကြားပြသပြီး၊ သာသနာ့တာဝန် နှစ်ရပ်ကို ထမ်းဆောင်တော်မူခဲ့ပြန်ပါတယ်။

စာသင်တိုက်နဲ့ ကမ္မဋ္ဌာန်းတိုက်ပေါင်း (၇) ခုကိုလည်း တည်ဆောက်ခဲ့ပြန်ပါတယ်။ ပြည်တွင်းတရားစခန်းများအနေနဲ့ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်တွေမှာ ၁၉၈၉ ခုနှစ်ကစပြီး၊ ယနေ့ထိတိုင် လက်တွေ့ဟောကြား ပြသလျက်ရှိပါတယ်။

နိုင်ငံခြား တရားစခန်းတွေကတော့ များမှများပါပဲ။ မလေးရှား၊ စင်္ကာပူ၊ ထိုင်း၊ နီပေါ၊ ဩစတေးလျနိုင်ငံ (ဘရစ်ဘိန်း၊ ဆစ်ဒနီ၊ ကင်ဘာရာ၊ မဲလ်ဘုမ်း၊ ပါသ်) မြို့တွေအပြင်၊ အမေရိကန်နိုင်ငံ (ဟာဝိုင်အီ၊ ကာလီဖိုးနီးယား၊ အာရီဇိုးနား၊ ဂျော်ဂျီယာ၊ ဖလော်ရီဒါ၊ ဝါရှင်တန်ဒီစီ၊ နယူးယောက်၊ အိုဟိုင်ယို၊ အီလီနွိုက်စ်) ပြည်နယ်တွေအပြင် ကနေဒါနိုင်ငံနဲ့ ပိုလန်နိုင်ငံတွေမှာပါ တရားစခန်းတွေဖွင့်ပြီး လက်တွေ့ဟောကြားပြသတော်မူလျက်ရှိပါတယ်။

ဒါ့အပြင် ရဟန်းရှင်လူ ပြည်သားတွေအကျိုး သယ်ပိုးဆောင်ရွက်တဲ့အပိုင်းမှာ စစ်ကိုင်း မင်းကွန်းကားလမ်းမကြီးကို လမ်းဖောက်လှူဒါန်းခဲ့ပြန်ပါတယ်။

ဒါ့အပြင် ရဟန်းသံဃာနဲ့ လူယောဂီတွေအတွက် သက်ရှည်ကျန်းမာ အနာကင်းစေဖို့ ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံကြီးကို ဆောက်လုပ်တည်ထောင်ခဲ့ရာမှာ နှစ်ပေါင်း ၂၅ နှစ်ပြည့်လို့ ငွေရတုပင်တိုင်ခဲ့ပါပြီ။

အမှတ်တရအဖြစ် အထိမ်းအမှတ် ငွေရတုမဂ္ဂဇင်းကိုလည်း ရိုက်နှိပ်ထုတ်ဝေဖြန့်ချိခဲ့ပြီးဖြစ်ပါတယ်။

ကျေးလက်က ကလေးတွေအတွက် ပညာရေးအထောက်အပံ့အဖြစ် စာသင်ကျောင်းတွေ ဆောက်လုပ်လှူဒါန်းခဲ့ပြန်ပါတယ်။ စစ်ကိုင်းခရိုင်၊ မြင်းခြံခရိုင်၊ ကတောကျေးရွာအတွက် မူလတန်းကျောင်းများ ဆောက်လုပ်နိုင်ဖို့ မြေဧက (၅) ဧကစီ ကျယ်ဝန်းတဲ့

**ခုအချိန်မှာ အဲဒီကလေးတွေဟာ တက္ကသိုလ်အသီးသီးက ဘွဲ့ရပြီး ကျောင်းသားတွေ ပေါ်ပေါက်လာတာပါပဲ။ ဒီအထဲက တပ်မတော် အရာရှိတွေ ဒေါက်တာဘွဲ့ရ ဆေးပညာရှင်တွေ၊ ဥပဒေ ပညာရှင်တွေ၊ စိုက်ပျိုးရေးနဲ့ စက်မှုအင်ဂျင်နီယာ ပညာရှင်တွေ၊ ဒေါက်တာဘွဲ့ရ စာပေပညာရှင်တွေ အများကြီးကို ပေါ်ပေါက်ခဲ့တာလည်း သာဓုခေါ်စရာ ပီတိဖြစ်စရာများ ဖြစ်ရပြန်ပါတယ်။**



မြေနေရာတွေဝယ်ယူပြီး၊ ကျောင်းဆောင်သစ်တွေ တိုးချဲ့ဆောက်လုပ်ခဲ့တယ်။

စာရေးကိရိယာအစုံအလင်၊ ကျောင်းလခနဲ့ ကျောင်းဝတ်စုံတွေပါ လှူဒါန်းခဲ့တာပါ။ ဆရာ၊ ဆရာမတွေနဲ့ ကျောင်းသား/သူတွေအတွက် သန့်ရှင်းတဲ့သောက်သုံးရေကန်၊ ခေတ်မီပြီး အဆင့်မြင့်တဲ့ ရေလောင်းအိမ်သာအပြင် ဘောလုံးကွင်းတွေအထိ အပြည့်အစုံလှူဒါန်းခဲ့တာပါ။

အဲဒီရဲ့ အကျိုးရလဒ်ကတော့ ကျေးလက်က ကျောင်းသား လူငယ်တွေထဲမှာ ထူးချွန်ထက်မြက်တဲ့ ကလေးတွေ ပေါ်ပေါက် လာတာပါပဲ။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနဲ့ တက္ကသိုလ် ဆင့်အထိ တက်လှမ်းသင်ယူထူးချွန်တဲ့ ကလေးတွေ ပေါ်ပေါက်လာတာပါပဲ။

ဒီဖြစ်စဉ်တွေကို လေ့လာကြည့်မယ်ဆိုရင် ဆရာတော် ချမှတ်ခဲ့တဲ့ မူဝါလမ်းစဉ် (၅) ချက်ထဲက လူ့ဘဝကို အကျိုးရှိအောင်၊ လူ့အင်အားကို အကျိုးရှိအောင်၊ လူ့အသိဉာဏ်ကိုအကျိုးရှိအောင်၊ လူ့စည်းစိမ်ဥစ္စာကိုအကျိုးရှိအောင်၊ လူ့ခန္ဓာကိုယ်ကို အကျိုးရှိအောင်၊ စတဲ့ အချက်တွေကို ပီပြင်စွာတွေ့ရှိရမှာဖြစ်ပါတယ်။

ခုအချိန်မှာ အဲဒီကလေးတွေဟာ တက္ကသိုလ်အသီးသီးက ဘွဲ့ရပြီး ကျောင်းသားတွေ ပေါ်ပေါက်လာတာပါပဲ။ ဒီအထဲက တပ်မတော်အရာရှိတွေ၊ ဒေါက်တာဘွဲ့ရ ဆေးပညာရှင်တွေ၊ ဥပဒေပညာရှင်တွေ၊ စိုက်ပျိုးရေးနဲ့ စက်မှု အင်ဂျင်နီယာပညာရှင်တွေ၊ ဒေါက်တာဘွဲ့ရ စာပေပညာရှင်တွေ အများကြီးကို ပေါ်ပေါက်ခဲ့တာလည်း သာဓုခေါ်စရာ ပီတိဖြစ်စရာများဖြစ်ရပြန်ပါတယ်။

ပြောချင်တာက ဆရာတော်ဟာ လူသားတွေအပေါ်မှာ၊ ရဟန်းသံဃာတွေ၊ သက်ကြီးရွယ်အိုနာမကျန်းဖြစ်သူတွေ၊ ပညာရေးချို့တဲ့အားနည်းတဲ့ ကျေးလက်ကကလေးတွေ၊ သာသနာတော်ကြီးတည်တံ့ပြန့်ပွား တိုးတက်ဝေစည်စေရေးစတဲ့ ကိစ္စရပ်တွေအပေါ် အမြဲ နှလုံးသွင်းပြီး ထောင့်ပေါင်းစုံက တတ်နိုင်တဲ့အားနဲ့ ဖြည့်ဆည်းပေးနေတာဟာဖြင့် မချီးကျူးဘဲ မနေနိုင်မရှိခိုးဘဲမနေနိုင်အောင်ပါ။

သက်တော် (၇၅) နှစ်ရဲ့ ဟိုနောက်ပြန်ကို ကောက်ကြောင်းပြန်ကြည့်မယ်ဆိုရင် ဆရာတော် စိုက်ထူခဲ့တဲ့ စေတနာသမိုင်းမှတ်တိုင်တွေဟာ ခိုင်မာစွာ စိုက်ထူနိုင်ခဲ့ပြီဖြစ်ပါတယ်။

* သာသနာ့ဓဇသိရီပဝရ ဓမ္မစရိယ

* သာသနဓဇဓမ္မာစရိယ ဒီဃနိကာယ ပါဠိပါရဂူ

* အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

* အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓရ ဘွဲ့တော်များ ရရှိခဲ့တဲ့ ဆရာတော် ဘုရားကြီးဟာ စစ်ကိုင်းတောင်ရိုး ကျူစွာချောင်။ ရန်ကုန်မြို့သီရိလက္ခဏာရာမဒဂုံသာသနာ့ရိပ်သာနဲ့ ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့ကန်ဦးတောရ ကျောင်းတိုက်၊ သိရီလက္ခဏာရာမလွိုင်လင် ပရိယတ္တိဓမ္မ ရိပ်သာတို့မှာ အလှည့်ကျ သီတင်းသုံးနေထိုင်တော်မူပြီး ပရိယတ်၊ ပဋိပတ်သာသနာ့တာဝန်အရပ်ရပ်များကို ပြည်တွင်းရောပြည်ပမှာပါ ဗုဒ္ဓသာသနာပြန့်ပွားရေးတို့ကို သက်တော် (၇၅) နှစ်ပြည့်သည့်တိုင် စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိပါသည်။

ဆရာတော်ဘုရားကြီး သက်တော် (၇၅) နှစ်ပြည့်ရွှေရတုမှသည် စိန်ရတု၊ ပတ္တမြားရတုထိတိုင် သာသနာ့အကျိုး၊ ပြည်သူ့အကျိုးများ ဆထက်ထမ်းပိုး ရွက်ဆောင်ရာမှာ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာဖြင့် အမြဲတစေ ရှိပါစေရန် ယခုဆောင်းပါးဖြင့် ဂါဝရပြု လက်စုံမိုးရှိခိုးဦးတင် ဆုတောင်းရင်း အနားသတ်နိဂုံးချုပ်အပ်ပါသည် အရှင်ဘုရား။

* * *

*ကဲသာ*

## စစ်ကိုင်းတောင်ရိုးကျစ္စာချောင်း
## မဟာဝိဇယရံသီစာသင်တိုက်နှင့်မဟာအတုလရံသီ
## ဓမ္မရိပ်သာတို့၏ပဓာနမဟာနာယက
## အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
## ဘဒ္ဒန္တလက္ခဏမဟာထေရ်၏
## သက်တော်(၇၅)နှစ်ပြည့်စိန်ရတုမွေးနေ့မင်္ဂလာပူဇော်ပွဲ
## ထုတ်ဝေဒလ္လဂါထာများ

**အရှင်ပညာသီရိတိဝံသ**

၁။ (ဘဒ္ဒန္တ) လက္ခဏထွေရော၊
(လက္ခဏ) ဓမ္မဒေသကော၊
(မဟာ) တေဇော မဟာဝေဒေါ၊
(ထေရ) ဂုဏောဟိ ပါကဋော။

လက္ခဏ ဓမ္မဒေသကော ခန္ဓာရုပ်နာမ် ဖြစ်ပျက်မြန်၍၊ အမှန်မပြဲဆင်းရဲဒုက္ခ၊ အစိုးမရဟု သုံးဝလက္ခဏာသိမြင်ကာလျှင်၊ သစ္စာလေးပါ၊ အမြတ်တရားကို ဟောကြားညွှန်ပြသည့် ကမ္ဘာ့ဗုဒ္ဓသာသနာပြု မဟာဓမ္မကထိက ဖြစ်တော်မူပေထသော။

(ဝါ) ကမ္ဘာပြည်ပြည် မဟာစည်ဟု၊ နာမည်ကျော်ဟည်း၊ မဟာစည်ဆရာတော်ဘုရားကြီး၏ ကျင့်နည်းအမှန်၊ အသိမြန်သည့်၊ သတိပဋ္ဌာန်ဝိပဿနာတရားကို၊ ဟောကြားညွှန်ပြသည့်၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ တစ်ဆူ ဖြစ်တော်မူပေသော။

မဟာဝေဒေါ - နိကာယ်ငါးရပ်၊ ပိဋကတ်အဏ္ဏဝါကို၊ ဖန်ခါကူးခတ်၊ အထူးတတ်သည့်၊ ပိဋက-ကတ္တယပါရဂူ၊ နိကာယဝိဒူ၊ ပါဠိပါရဂူ၊ ဓမ္မူထိပ်သီး၊ မဟာပဏ္ဍိတ်ကြီးဖြစ်ပေထသော။

မဟာတေဇော - စစ်ကိုင်းတောင်ထက်ဗွေ၊ ကနက်မြေဝယ်၊ ကျက်သရေဖိတ်လျှံ၊ ကျောင်းဗိမာန်တို့ကို စီမံဖန်တီး ဘုန်းကံကြီးပေထသော။ (ဝါ) စစ်ကိုင်းတောင်ရိုး ကျစ္စာချောင်း မဟာဝိဇယရံသီ စာသင်တိုက်နှင့် မဟာအတုရံသီ ဓမ္မရိပ်သာ၊ ရန်ကုန်မြို့ ဒဂုံမြို့သစ် အရှေ့ပိုင်း၊ အမှတ် (၄) ရပ်ကွက်ရှိ၊ သီရိလက္ခဏာရာမ၊ ဒဂုံသာသနာ့ရိပ်သာ စသော ကျောင်းတိုက်ကြီးတို့ကို ဦးစီးတည်ဆောက်၊ ဘုန်းရောင်တောက်၍၊ အရှင်မောဂ္ဂလ္လာန်နှယ်ဝင်၊ ဘုန်းကံရှင်ဖြစ်တော်မူပေသော။

ဘဒ္ဒန္တလက္ခဏထေရော - စစ်ကိုင်းရွှေတောင်၊ ကျစ္စာချောင်၌၊ ဘုန်းရောင်ထွန်းပ၊ နေနှင့်လကဲ့သို့၊ မဟာဝိဇယရံသီ စာသင်တိုက်ကြီးနှင့် မဟာအတုလရံသီ ဓမ္မရိပ်သာကြီးတို့၏၊ ဦးစီးပဓာန မဟာနာယက၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဒီဃနိကာယပါဠိ ပါရဂူ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တလက္ခဏမဟာထေရ် သက်တော်ရှည်အရှင်မြတ်သည်။

ထေရဂုဏောဟိ - သီလဂုဏ်ကလည်းစင်ကြယ်၊ သမာဓိဂုဏ်ကလည်း တင့်တယ်၊ ပညာဂုဏ်ကလည်း မြင့်ကြွယ်၊ အကျင့်ဝင်စံပြ၊ စံမရနိုင်သည့်၊ အနန္တအဖုံဖုံမြတ်သော ဂုဏ်တို့ကြောင့်။

ပါကဋော - မြန်မာပြည်တွင်မက၊ ကမ္ဘာကရေးထား၍၊ လေးစားကြည်ညို၊ မိုခိုအားထား ပြိုင်ဘက်ရှားအောင် ကျော်ကြားတော်မူပါပေသတည်း။

ပါကဋ္ဌော - သာသနာ့ထက်ကောင်းကင်မှာ၊ စက်ဒေါင်းယာဉ်နေလတစ်ခွန်းကဲ့သို့ တစ်ကမ္ဘာလုံးထက်ဘွေ၊ သမ္ဘာဘုန်းလက်ဝေ၊ အသာဆုံးကျက်သရေ၊ ကျက်သရေမြင့်မားဂုဏ်ဝင့်ကြွားကာ ထင်ရှား ကျော်ကြားတော်မူပါပေသတည်း။

၂။ (အဂ္ဂ) ပညော အဂ္ဂလဋ္ဌော၊
(မဟာ) ထေရော ဂုဏာကရော၊
(သဒ္ဓမ္မ) ရံသီဟိ ဇောတေဋ္ဌော၊
(ဇောတိကဓေ) မဏ္ဍိတော။

အဂ္ဂလဋ္ဌော - နိုင်ငံတော်အစိုးရမင်းတို့က၊ ဝပ်စင်းကော်ရော်၊ ပူဇော်ဆက်သ၊ ဘက်မရနိုင်သည့် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနာ့ခေါင်ထိပ်၊ အောင်တံဆိပ် ရရှိတော်မူပေသော။

အဂ္ဂပညော - နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ အလုံးစုံကို၊ အကုန်သိမြင်၊ ပညာရှင်နှင့် ထိုပြင်မကသက္ကတ၊ ဘင်္ဂါလီ၊ နာဂရီ၊ အင်္ဂလိပ်စသော ဘာသန္တရဆေက၊ ပရိယတ္တိသာဒရ၊ ပတိပတ္တိမှာမက၊ သာသနာ့အာဇာနည်၊ ပါရီရှင်ပညာရှင်ဖြစ်ပေသော၊ ဂုဏာကရော - သီလမှာအသာမရှိ၊ သမာဓိမယုဉ်သာ၊ ပညာမှာ စံမရနိုင်သည့် အနန္တဖုံဖုံ၊ မြတ်သောဂုဏ်တို့နှင့် ပြည့်စုံပေသော။

မဟာထေရော -စကော်ာပူ၊ မလေးရှား၊ ပီနံ၊ သြစတြေးလျ (ဆစ်ဒနီ၊ ကင်ဘာရာ၊ မဲလ်ဘုန်း၊ ပါ့သ်မြို့များ) အမေရိကန်နိုင်ငံ (ကာလီဖိုးနီးယား၊ မက်ဆားချူးဆက်၊ ဝါရှင်တန်ဒီစီ၊ ဟာဝိုင်အီ၊ ဖလော်ရီဒါပြည်နယ်များ) နိုင်ငံခြားတိုင်ရောက်၊ ဘုန်းတောက်ထွန်းပ၊ ကမ္ဘာ့ဗုဒ္ဓသာသနာပြု မဟာဓမ္မကထိက ဘဒ္ဒန္တလက္ခဏကျော်ဆရာတော်ကြီးသည် သဒ္ဓမ္မရံသီဟိ - ပြည်ကမ္ဘာ့အောင်မှာ၊ နေလ အရောင်၊ ရွှေမြအရောင်တို့ထက်၊ အသရေ - မကဆောင်ပေသော၊ သီလ၊ သမာဓိ၊ ပညာတည်းဟူသော တေဇအရောင်တို့ဖြင့်။

ဇောတေဋ္ဌော - ကမ္ဘာသူ၊ ကမ္ဘာသားရှင်လူများတို့ ရှုစားမဝ၊ ရောင်အေးမြသည့်၊ ကမ္ဘာ့တန်ဆာ၊ လဆန်းရတနာကဲ့သို့ ရောင်ဝါ မြင့်ကြွယ်တင့်တယ်တောက်ပသည်ဖြစ်၍။

ဇောတိကဓဇမဏ္ဍိတော - ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးကြည်ညိုလို့ မဆုံးနိုင်အောင်၊ ဩတ်ရုံးဦးခိုက်၊ ပူဇော်ထိုက်သည့်၊ မကိုဋ်ရောင်လျှံ၊ ကမ္ဘာ့အောင်လံ၊ သာသနာ့အောင်လံတို့ကို၊ နဘန်မိုးမြင့်၊ ဖြိုးဖြိုးတင့်အောင်၊ ဝင့်တလူလူ၊ လွင့်ထူမြှင့်တင်၊ တန်ဆာဆင်နိုင်သည်။

(အာသိ) - ကမ္ဘာ့ခေါင်ထိပ်၊ သာသနာ့အောင်တံဆိပ်တို့ဖြင့်၊ ရောင်ဖိတ်လက်ဝေ၊ မက်မပြေအောင်၊ ကျက်သရေအသွန်အဖူးတို့ဖြင့်၊ ကွန့်မြူးစံပယ်တင့်တယ်တော်မူပါပေသတည်း။

၃။ ထေရဿ ဝိဇာတကာလော၊
ပဉ္စ သတ္တတိ မံ ဂတော၊
ဝဇိရံ နော မယံ ကုမ္ဘ၊
ကာဟာမ သတိမံ ဝရံ။

ထေရဿ - စစ်ကိုင်းတောင်ရိုး၊ ဝါးချက်ကျေးရွာအနီး၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးနှင့်၊ ပြည်နယ်အသီးသီးတို့၌၊ တန်ခိုးကြီးမားစေတီပုထိုးများကို ဆရာတော်ဦးစီး၍၊ ရွှေထီးတော် စိန်ဖူးတော် စေတီတော်(၂၈)ဆူတို့ကိုပြုပြင်တည်ဆောက် တန်ခိုးတောက်သည့်၊ မုံသောက်မာတင်၊ ပညာရှင်တစ်ဆူဖြစ်တော်မူသော၊ ဘဒ္ဒန္တလက္ခဏ ဆရာတော်ဘုရား၏။

ဝိဇာတကာလော - မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ ကတောကျေးရွာ၊ ရွာသစ်ရွာတွင် ခမည်းတော် ဦးသာထယ်၊ မယ်တော်ဒေါ်ဖွားစောတို့မှ (၁၂၉၇) ခု ဦးတန်းခူးလဆန်း (၁၅) ရက် ဗုဒ္ဓဟူးနေ့တွင်၊ ဖွားမြင်ခဲ့ရာချိန်အခါသည်။ ဒါနိ - ၁၃၇၂ ခု၊ ကဆုန်လဆန်း (၅) ရက် စနေနေ့ရောက်လာ ယခုအချိန်ကာလ၌။

ပဉ္စသတ္တတိမံ - သက်တော်ရာစု လေးပုံပြု၍၊ သုံးစုရောက်လာ၊ ချိန်ခါတွက်စစ် (၇၅) နှစ်သက်တမ်းသို့။ ဂတော - သက်ရှည်ကျန်းမာ၊ စိတ်ချမ်းသာ၍၊ လိုရာဆန္ဒကြံသမျှတို့၊ အမြန်ခဏ ပြီးမြောက်၊ သိဒ္ဓိပေါက်ကာရောက်ရှိခဲ့လေပြီတကား။

တသ္မာ - ထိုသို့လျှင် ကျေးဇူးရှင်ဆရာတော်ဘုရား၏ သက်ကား တွက်စစ် (၇၅) နှစ် သက်တမ်းသို့ တက်လှမ်း ရောက်ရှိလာပြီ ဖြစ်ပါသောကြောင့်။

မယံ - ထေရ်ရှင်ဟောပြသြဝါဒကို သောတစင်ဖြူ နာယူ မှတ်သား တပည့်တော်များတို့သည်။

ဝဇိရံ - သက်တော်တွက်စစ်(၇၅)နှစ်အချိန်ရှု၍ စိန်ရတုခေါ် အောင်ပွဲတော်ကြီးကို။

ကုမ္ဘ - ကရောမ - သက်တော်ရှည်ကြောင်း အောင်ဆုတောင်း၍ စပေါင်းကော်ရော် အတူပျော်ကာ၊ ပူဇော်ကျင်းပကြပါ ကုန်သည်ဘုရား။ တထာ - (၇၅) နှစ် အချိန်ရှု၍၊ စိန်ရတုသဘင်၊ ဆင်ယင်သည်နှင့်၊ မခြားအလားပုံယူ ထိုအတူသာလျှင်။ သတိမံ - သက်တော်တစ်ရာပြည့်သောအခါလည်း၊ ရတနာအတိ၊ ကမ္ဘာသိအောင် တစ်ရာပြည့်ခေါ်၊ အောင်ပွဲတော်ကြီးကိုလည်း။ ကာဟာမ - ရွှေ၊ ငွေ၊ ရတု စိန်ရတုတို့ထက်၊ နိုင်းတုမမီ၊ ဂုဏ်ရည်ထင်ပေါ်၊ အတူပျော်ကာ၊ ပူဇော်ကျင်းပကြပါကုန်မည်ဘုရား။

ဝရံ - ထို့ထက်ထူးကဲ၊ အမြဲပူဇော်ရာကျော့ရာကျော် အောင် ပွဲတော်ကြီးကိုလည်း။

ကဟာမ - အောင်ဖေယျတု၊ အောင်စေမှုဖြင့်၊ အောင်သပြေနှ ပန်ဆင်၊ အောင်ငွေခရသံလွင်၊ မြန်တစ်ခွင် စံတင်ဖို့ အမှန်ပင်ပြုလုပ် ကြပါကုန်မည်ဘုရား။

ကာဟာမ - ထူးလှသည့်ဆရာရှင်၊ ဖူးမဝထာဝစဉ်၊ ဦးချပဏာတင်၊ မြူးကြွသဒ္ဒါရွှင်၊ သဒ္ဓါရွှင် ရွှင်ကြည်ဖိတ်လျှံပြီး၊ ပြည်နိဗ္ဗာန်အတူမြန်းရန်ဖို့ လှူဒါန်းပြုလုပ်ကြပါကုန်မည်ဘုရား။

၄။ သာသနံ ပါလယံ ထေရ၊ ဠာတံ ပရောသတံ သမံ။
ဝါစယံ ဘာသယံ ဓမ္မံ၊ ဇယတံ စက္ကမာဝဟံ။

ထေရ - ကမ္ဘာမြေပြင်၊ ဝေဟင်ထိုးဖောက်၊ တန်ခိုးတောက်သည့်၊ ဖြိုးမောက်ထိန်လင်း၊ ဂုဏ်သတင်းဖြင့်၊ ပြည်တွင်းပြည်ပ၊ မကျန်ရအောင်၊ ကမ္ဘာလှည့်သာသနာပြုခဲ့သည့်၊ ကျော်စွာချောင်

ဆရာတော်ဘဒ္ဒန္တလက္ခဏာ အရှင်မြတ်ကြီးဘုရား။ ဘဝံ - အမျိုး ဘာသာ၊ သာသနာနှင့်၊ ကမ္ဘာသူ၊ ကမ္ဘာသား အကျိုးများ အောင်၊ လိုလားနှစ်သက်၊ အဘက်ဘက်မှ၊ ဆောင်ရွက် ရှေ့ဆောင်၊ ဂုဏ်ရောင်ထင်ရှား၊ အရှင်ဘုရားသည်။ သာသနံ- အံ့ဖွယ်ရှစ်ဖြာ၊ ဂုဏ်အင်္ဂါတို့နှင့်၊ စုံကာတင့်အပ်၊ ဘုရားရှင်၏ သာသနာတော်မြတ်ကြီးကို။ ပါလယံ - ပါလယန္တော - သာသနာတော်အရှည်ခန့်၍၊ တည်တံ့သန့်ရှင်း၊ ပြန့်ပွားခြင်းကို ပြည်တွင်းပြည်ပ၊ မကျန်ရအောင်၊ ဗုဒ္ဓသာသနာ၊ ကမ္ဘာမှာ ခရီးရောက်အောင်၊ ချီးမြှောက်စောင့်ရှောက်တော် မူလျက်။ ပရောသတံသမံ - ကမ္ဘာ့လူထု၊ သာသနာပြုကာ၊ အာယု ရာကျော်၊ အခါတော်ပတ်လုံး။

ဋ္ဌာတံ-ဋ္ဌာတု - အနုရုဒ္ဓါ၊ ထေရ်မဟာနှင့်၊ အနာမဲ့သူ၊ ရှင်ဗာကုလတို့ကဲ့သို့၊ ရာပြည့်သက်တမ်း၊ ကျော်ကာ လွှမ်းပြီး၊ အမြဲတမ်း ရွှင်ပျော်၊ သက်တော်ရာကျော်ရှည်ကာ၊ တည်မြဲပါစေသတည်း။

ဓမ္မံ - နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ၊ အလုံးစုံ ခေါ်၊ ပရိယတ်တရားတော်တို့ကို။

ဝါစယံ-ဝါစယန္တော - သာသနာတည်မှု၊ အရှည်ရှု၍၊ သောတုဇနအများ၊ စာသင်သားတို့အား၊ သင်ကြားပို့ချတော်မူနိုင်ပြီး လျှင်။ ဓမ္မံ - နိဗ္ဗာန်ခရီး၊ တစ်ကြောင်းတည်းဖြင့်၊ အပြီးရောက်ရန်၊ အသိမြန်သည့်၊ သတိပဋ္ဌာန်ခေါ်၊ ဝိပဿနာ တရားတော်ကိုပင်။

ဘာသယံ-ဘာသယန္တော - ခန္ဓာအရှိ၊ ဉာဏ်မှာ သိအောင်၊ သတိပဋ္ဌာန်အမြတ်တရားတို့ကို၊ ဟောကြားတော်မူလျက်။ စက္ကမာဝတံ - ပရိယတ်အပြင်၊ ပဋိပတ် ယှဉ်၍၊ ရှင်ချစ်မြတ်စွာ၊ သာသနာကို အရာရာတိုးတက် အောင်၊ ဆောင်ရွက်တော်မူပြီးလျှင်။

ဇယတံ- ဇေယတု - ရာပြည့်ရာကျော်၊ ဆရာတော်ဟု၊ ကမ္ဘာပေါ်မကြုံဖူးအောင်၊ ဂုဏ်ထူးသစ်လွင်၊ အောင်မြင်တော်မူနိုင် ပါစေသတည်း။

ဇယတု - ကမ္ဘာမှခေါင်းယံ၊ မြင့်ငူပေါ်တွင်၊ သာသနာ့ အောင်လံလွင့်ထူပြီး၊ ဝင့်တလူလူ၊ အခေါင်ဆိုက် အောင်၊ အောင်မကိုင်မြ သရဖူဆောင်းတော်မူကာ၊ ကြည်ဖြူ ရွှင်ပျော်၊ အောင်မြင်တော်မူနိုင်ပါ စေသတည်း။

*အရှင်ပညာသီရိဝံသ*

ပဉ္စသီ

# မြတ်စွာဘုရား သို့ တရားစာအုပ်



မြတ်စွာဘုရားသခင်ဝေသာလီပြည်က ပြန်ကြွလာပြီး ရာဇဂြိုဟ်ပြည်ကိုရောက်တဲ့ နှစ်ရက်မြောက်နေ့မှာပဲ အကျွန်ုပ်တို့ ရဟန်းတွေလည်း ဆွမ်းခံရွာက ဖယ်ခွာကာ ထိုနေ့ညချမ်းချိန်မှာပဲ တရားသဘင်စည်းဝေးမိကြတော့တယ်။

'အရှင်တို့··· မြတ်စွာဘုရားရဲ့ တန်းခိုးအာနုဘော်ဟာ အင်မတန်အံ့ဖွယ်ကောင်းလှတယ်။ မြတ်စွာဘုရားကို နတ်လူတို့ ကြည်ညိုခြင်း ဟာလည်း အံ့ဖွယ်ရှိစွ ဂင်္ဂါမြစ်ရဲ့ ဟိုမှာဘက်၊ ဒီမှာဘက်ရှစ်ယူဇနာရှိတဲ့ ခရီးမှာ ဘုရားမြတ်စွာကို ကြည်ညိုခြင်းအားဖြင့် မင်းတို့ဟာလည်း မြေကိုအညီအညွတ်ပြုကာ သဲဖြူအတိခင်းပြီး ပုဆစ်ဒူးနစ်မျှ အထူးထူးသော အဆင်းရှိတဲ့ ပန်းတွေခင်းကြကုန်တယ်။ ဂင်္ဂါရေပြင်ကိုလဲ နဂါးတို့ရဲ့ အာနုဘော်နဲ့ ငါးပါးအဆင်းရှိတဲ့ ပဒုမ္မာကြာပန်းတွေနဲ့ ဖုံးလွှမ်းကုန်တယ်။ အကနိဋ္ဌဗြဟ္မာပြည် ထိအောင်လဲ ထီးထက် ထီးကိုဆင့်ကာ ဆောင်းအပ်ပေတယ်။ အလုံးစုံသော စကြဝဠာတိုက် တို့ဟာလဲ တစ်ပြိုင်ထဲ ကန်ဆာဆင်သလို သဘင်ကြီးစွာခံယူသလို ရှိတယ်' လို့ အကျွန်ုပ်တို့ ရဟန်းတွေဟာ မြတ်စွာဘုရားရဲ့ တန်ခိုးအာနုဘော်ကို ချီးမွမ်းမကုန်ရှိနေခိုက်···

ရုတ်တရက် မြတ်စွာဘုရား ကြွလာတော်မူလေတယ်။ ပြီး မှ အကျွန်ုပ်တို့ရဟန်းတွေရဲ့ မျက်နှာ အရိပ်အကဲကိုကြည့်ကာ···

'ချစ်သား ရဟန်းတို့ အခု သင်တို့အဘယ်စကားကို စည်းဝေးနေကြပါသလဲ' လို့ မေးမြန်းတော်မူလိုက်တယ်။ ဒီတော့ အကျွန်ုပ်တို့ ရဟန်းတွေဟာ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြပြီး စောစောက မြတ်စွာဘုရားရဲ့ တန်းခိုးအာနုဘော် အကြောင်းကို လျှောက်တင်လိုက်ကြတယ် အကျွန်ုပ်တို့ ရဟန်းတွေ စကားကြောင့် မြတ်စွာဘုရားက ခေါင်းတညိတ်ညိတ်ပြုတော်မူရင်း

'ချစ်သား ရဟန်းတို့ အခုပြုလုပ်တဲ့ ပူဇော်သက္ကာရပွဲဟာ ငါ့ရဲ့ တန်းခိုးတော်အာနုဘော်ကြောင့်မဟုတ်ပေ။ ပြီးနောက် နဂါးတို့ရဲ့ အာနုဘော်ကြောင့်လဲမဖြစ်ပေ။ လွန်လေပြီးတဲ့အခါက သုသိမအမည်ရှိကဲ့ ပစ္စေကဗုဒ္ဓဘုရားရဲ့စေတီတော်ကို သင်္ခအမည်ရှိတဲ့ သူတော်ကောင်းရဲ့ အနည်းငယ်မျှသော စွန့်ကြဲမှုစေတနာကြောင့် ဖြစ်ပေတယ်။'

'မြတ်စွာဘုရား တပည့်တော်တို့ သိလိုခြင်းငှာ ထိုအကိတ် အကြောင်းကို ပြန်ပြောင်းမိန့်တော်မူပါ'

အကျွန်ုပ်တို့ ရဟန်းတွေက အဲဒီလိုမြတ်စွာဘုရားကို တောင်းပန်လျှောက်ထားလိုက်ကြတယ်။ အကျွန်ုပ်တို့ ရဟန်းတွေရဲ့ တောင်းပန်လျှောက်ထားတဲ့စကားအဆုံးမှာ မြတ်စွာဘုရားက မျက်လွှာတော်ကိုချပြီး။

'ချစ်သားရဟန်းတို့ လွန်လေပြီးတဲ့အခါက တက္ကသိုလ်ပြည်မှာ ငါဘုရားအလောင်းဟာ သင်္ခမည်တဲ့ ပုဏ္ဏားဖြစ်လေတယ်။ ငါ့ရဲ့သားတော်က သုသိမပုဏ္ဏားလုလင်ဖြစ်လေတယ်။ တစ်နေ့ ငါ့ရဲ့ သားတော်ဟာ တဆယ့်ခြောက်နှစ်အရွယ်ရောက်တဲ့အခါ ဗေဒင် အတတ် ပညာသင်လိုတာကြောင့် ငါ့ထံခွင့်တောင်းတယ်။ ဒါနဲ့ ငါက ချစ်သားဗေဒင်အတတ်သင်လိုရင် ဗာရာဏသီပြည်ကိုသွားလော့။ အဲဒီမှာ ငါ့ရဲ့အဆွေဗေဒင်ပညာရှိ ရှိတယ်။ သူ့ထံမှာ သွားသင်ပေတော့လို့ ပြောကာ လွှတ်လိုက်တယ်။ ပြောတဲ့အတိုင်း သုသိမလုလင်ဟာလဲ 'ကောင်းပါပြီ' လို့ ဝန်ခံကာ ဗာရာဏသီပြည်မှာရှိတဲ့ ဗေဒင်ပညာရှိပုဏ္ဏားဆီကို ငါကစေလွှတ်လိုက်တာ ဆိုပြီးပြောကာ ပညာသင်ကြား ပညာသင်ကြားခွင့်တောင်းခံတယ်။

ဒီသာပါမောက္ခဆရာကြီးကလည်း ငါ့အဆွေရဲ့ သားပဲလို့ အသိအမှတ်ပြုကာပညာကို သင်ကြားပေးတယ်။ သုသိမ ငါ့ရဲ့ သားဟာလဲ ပညာကိုကြိုးစားကာ အလျင်အမြန်သင်ယူတယ်။ ရပြီးတတ်ပြီးတဲ့ ပညာကိုလဲ ရွှေအိုးထဲက ဆီလိုမယိုမစိမ့်မပျောက်မပျက်အောင် သိမ်းဆည်းရင်းမကြာခင်အချိန်မှာပဲ ဆရာ့ဆီက သင်အပ်တတ်အပ်တဲ့ အတတ်ပညာတွေကိုတတ်ပြီး သရစ္ဈာယ်ကြည့်တဲ့ အခါ အတတ်ပညာရဲ့ အစ၊ အလယ်၊ အဆုံးကို ဆင်ခြင်မိတော့ အစ၊ အလယ်၊ ကိုပဲ သိမြင်မိတာကြောင့် အဆုံးကိုမေးမြန်းလေတယ်။ ဒီမှာ ဆရာကလဲ ချစ်သား ငါလဲအဆုံးကိုမမြင်မသိလို့ ပြန်ဖြေတယ်။ ဒါဆိုရင် အဆုံးကိုဘယ်သူသိပါသလဲလို့ ထပ်မေးပြန်တယ်။ ဒီတော့ ဆရာက ချစ်သား ဣသိပတနမိဂဒါဝုန်တောမှာ ရှိတဲ့ ရသေ့တွေသိကုန်ရာ ထိုရသေ့တွေဆီကို သွားမေးချေလော့ လို့ ဆရာက လမ်းညွှန်ပြောပြလိုက်တာကြောင့် သုသိမလုလင်ဟာ ပစ္စေကဗုဒ္ဓါဘုရားတို့ထံကို ချဉ်းကပ်ပြီးမေးမြန်းလေတယ်။ အရှင်ဘုရားတို့ ဗေဒင်အတတ်ပညာရဲ့အဆုံးကိုသိပါသလော။ ငါတို့သိပါကုန်လော့လို့ ပြန်ဖြေလိုက်တော့ သုသိမလုလင်ဟာ အားတက်ဝမ်းသာသွားပြီး ဒါဆိုရင်အကျွန်ုပ်ကို သင်ကြားပေးပါလို့ လျှောက်ထားတယ်။

'ကောင်းပြီ··· သင်သိလိုတဲ့အဆုံးကို သင်ကြားပေးမယ်။ ဒါပေမဲ့ ငါတို့ကဲ့သို့ ရဟန်းပြုရမယ်' ပြန်ပြောတော့ ကောင်းပြီလို့ သုသိမလုလင်က ဝန်ခံကာ ရဟန်းပြုလေတယ်။ ရဟန်းသစ်ကို ရှေးဦးစွာ ဒီအကျင့်ကိုကျင့်လော့၊ ဒီအဝတ်ကိုဒီလိုရုံလော့ အဲဒီလို အစရှိသဖြင့် အဘိသမာစာရိကဝတ်ကို အရှင်ပစ္စေကဗုဒ္ဓါတို့က သင်ကြားပေးကုန်ကြတယ်။ သုသိမလုလင်ဟာလဲ ဥပနိဿယနဲ့ ပြည့်စုံတာကြောင့် အဘိသမာစာရိကဝတ်ကိုကျင့်မကြာခင်မှာပဲ ပစ္စေကဗုဒ္ဓါဘုရားဖြစ်ကာ ကောင်းကင်မှာ လပြည့်ဝန်းလို တည်သကဲ့သို့ ဗာရာဏသီပြည်မှာ ထင်ရှားကာ လာဘ်လာဘများတဲ့အဖြစ်ကို ရောက်ရှိခဲ့လေတယ်။ ဒါပေမဲ့ သုသိမပစ္စေကာဗုဒ္ဓါဟာ ရှေးဘဝက အသက်ကို တိုစေတတ်တဲ့ ကံကိုပြုခဲ့ဘူးတာကြောင့်မကြာမြင့်ခင် အချိန်မှာပဲ ပရိနိဗ္ဗာန်ပြုရလေတယ်။ အဲဒီအခါမှာ ပစ္စေကဗုဒ္ဓါတို့နဲ့ လူအပေါင်းတို့က သူ့ရဲကောင်ဖုတ်ခြင်းကိုစွကိုပြုပြီး ဓာတ်တော်ကို ယူကာမြို့တံခါးမှာစေတီတည်ထားကုန်လေတယ်။ အဖေဖြစ်တဲ့ ပုဏ္ဏားကြီးသင်္ခဟာလဲ ငါ့ရဲ့သားပညာသင်သွားတာ ကြာလှပြီ ဘာသတင်းမှလဲမကြားရဘူး။ အကျိုးအကြောင်းသိရအောင်ဆိုပြီး သားရှိရာ ဗာရာဏသီကိုလိုက်သွားလေတယ်။ ဗာရာဏသီကိုရောက်တော့ လူစည်စည်ကားကားကိုမြင်တွေတော့ သူတို့တွေထဲက တစ်ဦးတစ်ယောက်ဟာ ငါ့သားအကြောင်းကို သိလေမှာပဲလို့ စိတ်ထဲက တွေးကြံရင်း အနီးကပ်ကာမေးမိလေတယ်။

အမောင်တို့ သုသိမအမည်ရှိတဲ့ လုလင်ဒီမြို့မှာရှိပါတယ်။ အဲဒီလုလင်ရဲ့အကြောင်းကို မကြားမိကြပါဘူးလား။ ဒီတော့ ပုဏ္ဏား ငါတို့သိပါတယ်။ အဲဒီသုသိမဟာ ပုဏ္ဏားထံမှာ ဗေဒင်သုံးပုံကို သင်ကြားတတ်မြောက်ပြီး ရဟန်းပြုကာ ပစ္စေကဗုဒ္ဓါဘုရားဖြစ်ပြီး

အခုပရိနိဗ္ဗာန်ပြုသွားပါပြီ။ ဒီအခုမြင်တွေ့နေရတဲ့ စေတီဟာ သုသိမ ပဗ္ဗေကဗုဒ္ဓါဘုရားဖြစ်ပြီးအခုပရိနိဗ္ဗာန်ပြုပြီးတည်ထားတဲ့ စေတီပေပဲ။ အဲဒီလိုကြားသိလိုက်ရတဲ့အခါမှာ အဖေဖြစ်သူသခ်ပုဏ္ဏားဟာ သူကြုံးမရပူဆွေးငိုကြွေးပြီး မြေကို လက်နဲ့ယက်ကာ စေတီဆီကို သွားရင်းမြက်ပင်တို့ကို ရှင်းလင်းသုတ်သင်ကာ အပေါ်ရုံပုဆိုးနဲ့ သည်း သဲကိုရွက်သယ်ဆောင်ပြီး စေတီပြင်ပေါ်မှာကြဲကာ ကရားမှ ရေနဲ့ ဖျန်းသွန်းလောင်းတယ်။ တောပန်းတို့ဖြင့်လဲ ပူဇော်ကာ အပေါ်ရုံပုဆိုးကို တံခွန်ကုက္ကားပြုလုပ်ပြီး မိမိဆောင်းတဲ့ထီးကို စေတီမှာ ဆောင်းထားပေးကာ ရှိခိုးဝတ်ပြုတယ်ပြီးမှ ပြန်လာခဲ့လေတယ်။

တကယ်တော့ ချစ်သားရဟန်းတို့ အတိတ်ဘဝက သခ်အမည်ရှိတဲ့ ပုဏ္ဏားဟာ ငါဘုရားဖြစ်ပေတယ်။ ငါဟာ သုသိမပဗ္ဗေကဗုဒ္ဓါဘုရားစေတီပြင်မှာ မြက်တွေရှင်းလင်းပေးခဲ့တဲ့ ကောင်းမှု အကျိုးကြောင့် ရှစ်ယူဇနာခရီးမှာ မြေကိုခလုတ် သစ်ငုတ်တူးဆွကာ အညီအညွတ်ပြုကြပေတယ်။ အဲဒီလိုပဲ သဲဖြူကြဲပြီး ကရားကရေကို ဖျန်းလောင်းခဲ့တဲ့ကောင်းမှုကြောင့် ရှစ်ယူဇနာရှိတဲ့ ခရီးကို သဲနဲ့ကြဲကုန်ကြတယ်။ နောက်တစ်ခါ တောပန်းတွေနဲ့ ပူဇော်ခဲ့တဲ့ကောင်းမှုကြောင့် ရှစ်ယူဇနာခရီးမှာ အထူးထူးသော ပန်းတို့ကို ဒူးဆစ်နစ်မျှ ခင်းကုန်တယ်။ ပြီးတော့ တစ်ယူဇနာရှိတဲ့ ဂင်္ဂါမြစ်ရေပြင်မှာ နဂါးတို့ဟာ ငါးပါးအဆင်းရှိတဲ့ ပဒုမာကြာတို့နဲ့ လွှမ်းကုန်ရတယ်။ ပြီးနောက်တစ်ခါ ကရားကရေကို ဖျန်းခဲ့တဲ့ကောင်းမှုကြောင့် ဝေသာလီပြည်မှာ ပေါက္ခရဝဿမိုးရွာတယ် ဒီအတူပဲ ငါဟာ တံခွန်ထီး လှူခဲ့တဲ့ကောင်းမှုကြောင့် နဂါးပြည်ကနေ အကနိဋ္ဌဗြဟ္မာပြည်ထိအောင် တံခွန်ကုက္ကားနဲ့အဆင့်ဆင့်သော ထီးတို့ဖြစ်ကုန်ကြရတယ်။ အလုံးစုံသော စကြဝဠာတိုက်အပေါင်းတို့ဟာလဲ တစ်ပြိုင်နက်တည်း သဘင်ကြီးစွာ ကျင်းပသလိုဖြစ်ခဲ့ရတယ်။ ဒီပူဇော်သက္ကာရတွေဟာ ငါ့ရဲ့ တန်းခိုးအာနုဘော်ကြောင့် မဟုတ်သလိုနတ်၊ နဂါး၊ ဗြဟ္မာတို့ရဲ့ တန်းခိုးအာနုဘော်ကြောင့်လဲ မဟုတ်ပေ။ ရှေးကငါပြုခဲ့ဘူးတဲ့ အနည်းငယ်မျှသော ကောင်းမှုကြောင့်သာ ဖြစ်ပေတယ်။'

အဲဒီလို မြတ်စွာဘုရားက သခ်ဇာတ်ကို ဟောကြားတော်မူပြီးတဲ့အဆုံးမှာ အကျွန်ုပ်တို့ ရဟန်းအားလုံးက မြတ်စွာဘုရားရဲ့ တန်းခိုးအာနုဘော်နဲ့ ပတ်သက်ပြီး အားလုံးကို ကြားသိခွင့်ရကာ အတိတ်ကမြတ်စွာဘုရားပြုခဲ့ဖူးတဲ့ ကောင်းမှုကို ကြည်ညိုစိတ်ပွားပြီး ဦးခိုက်ရှိခိုးကန်တော့နေမိကြတော့တယ်။ မြတ်စွာဘုရားက အကျွန်ုပ်တို့ရဲ့ ကန်တော့ခြင်းကို ခံယူရင်းက ဒေသနာတော်ကို ဆက်ပြီး ဟောကြားတော်မူလေတယ်။

'မတ္တာသုခ ပရိစ္စာဂါ ပဿေ စေ ဝိပုလံ သုခံ
စဇေ မတ္တံ သုခံ ဓီရော သံပဿံ ဝိပုလံ သုခံ'

ဘိက္ခဝေ- ရဟန်းတို့ မတ္တာသုခပရိစ္စာဂါ- အနည်းငယ်မျှသော ချမ်းသာကိုစွန့်ခြင်းကြောင့် ဝိပုလံ- ပြန့်ပြောမွန်မြတ်သော သုခံ- ချမ်းသာကို စေ ပဿေ- အကယ်၍ မြင်ငြားအံ့ ဝိပုလံ ပြန့်ပြောသော သုခံ-ချမ်းသာကို သံပဿံ သံပဿန္တော- ကောင်းစွာ ရှုသော ဓီရော- ပညာရှိသည် မတ္တံ သုခံ- အနည်းငယ်မျှသော ချမ်းသာကို စဇေ- စွန့်ရာ၏။

မြတ်စွာဘုရားရဲ့ တရားဒေသနာအဆုံးမှာ အကျွန်ုပ်တို့ ရဟန်းတွေက...

သာဓု...

သာဓု...

သာဓု...

သုံးကြိမ် ပြိုင်တူ ညီညာရွတ်ဆိုကာ အကျွန်ုပ်တို့ရဲ့ အလိုကို ပြည့်စုံစေပြီး ထိုနေ့ ညဉ့်ဦးယံကို လွန်မြောက်ခဲ့လေ ပါတော့တယ်။



* * *

*ယွန်းသီ*

*မှီငြမ်း-တကာဂတဥဒါနဒီပနီ*



# ဆရာတော်ဦးလက္ခဏ
# (သို့မဟုတ်)
# ဝီရိယ – သမာဓိ ချိန်ခွင်လျှာ၊ အာတာပီ၊ အဓိသီလနှင့် သံမောဟမှ အသံမောဟသို့ လမ်းညွှန်သူ

ဒေါက်တာသံစင် (အညည်းအထူးကု)

ဗုဒ္ဓဘာသာ မိဘဘိုးဘွားများမှ ဆင်းသက်ခဲ့သော်လည်း အသက် (၄၀–၅၀) နှစ်တိုင် ရတနာသုံးပါးနှင့် ကင်းဝေးခဲ့ဖူးသူ တစ်ဦး ဖြစ်ခဲ့ဖူးပါသည်။ လူငယ်ဘဝအချိန်အခါတွင် ဆိုရှယ်လစ်ဝါဒ၊ လက်ဝဲရပ်ကြမ်းဝါဒ အလွန်လွှမ်းမိုးခေတ်စားသော ကာလဖြစ်ခဲ့သဖြင့် ရတနာသုံးပါးစည်ပင်ရာ အရပ်ဒေသ၊ ထွန်းကားရာအရပ်ဒေသဖြစ်သော စစ်ကိုင်းမြို့တွင် မွေးဖွားကြီးပြင်းလာခဲ့ရသော်လည်း ရတနာသုံးပါးနှင့် အလှမ်းဝေးနေခဲ့ဟန်တူပါသည်။ နောင်တွင် ရွှေကျင် ဒုတိယသာသနာပိုင် ဖြစ်လာမည့် ပထမဂန္ထာရုံ ဆရာတော်ဘုရားကြီး နေ့စဉ်ခြေကျင်ကြွ၍ ဆွမ်းခံရပ်သော

နေအိမ်၌ ကြီးပြင်းခဲ့သော်လည်း ဆရာတော်ဘုရားကြီးနှင့် ရင်းနှီးခင်မင်ခဲ့သော်လည်း လူငယ်ဘဝမှစ၍ သာသနာနှင့် အလှမ်းဝေးခဲ့ဖူးပါသည်။ သာမဏေအဖြစ် ရှင်ပြုခြင်းလည်း ခံရပါသည်။ ကျောင်းထိုင်ဆရာတော်၏ ဘုန်းကြီးကျောင်းသားငယ်အဖြစ် ဆွမ်းကျွေး များကိုလည်း လိုက်ခဲ့ဖူးပါသည်။ မျက်စိ မမြင်သော မိခင်၏ ဖခင် 'ဘဘ'မှ ငွေဆယ်ပြား၊ တစ်မတ်ပေးသဖြင့် အချိန်ရသော နေ့များတွင် ဗုဒ္ဓ ကျမ်းစာများကို ဖတ်ပြခဲ့သဖြင့် ဗုဒ္ဓဝင်၊ ဇိနတ္ထပကာသနီ၊ ငါးရာငါးဆယ်ဇာတ်ဝတ္ထုများ စသည်တို့နှင့် အကျွမ်းတဝင် ဖြစ်ခဲ့သည့်တိုင် လူငယ်ဘဝတွင် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို မသိသူ၊ မမြင်သူ ဖြစ်ခဲ့ဖူးပါသည်။ မျက်စိမမြင်သော 'ဘဘ' မှ နေ့ခင်းမှ ဖတ်ပြထားသော ဗုဒ္ဓကျမ်းစာများကို ဇာတ်အိမ်ဖွဲ့၍ ပုံပြင်အဖြစ် ပြောပြပြီး ကျောသပ်ပေးကာ ဗုဒ္ဓဂေါတမပုခက်ဖြင့် အိပ်ခဲ့ဖူးသူလည်း ဖြစ်ပါသည်။ မိခင်၏ အသံထွက် ဆွမ်းတော်ကပ်၊ ရေတော်ကပ်နှင့် ဘုရားရှိခိုးများကို နေ့စဉ်ကြား၍ နားယဉ်နေသူလည်း ဖြစ်ပါသည်။ သို့တစေ လူငယ်ဘဝတွင် ရတနာသုံးပါးကို မျက်ကွယ် ပြုခဲ့သူ ဖြစ်ခဲ့ဖူးပါသည်။ ကြီးပြင်းလာ၍ ဆရာဝန်လေး၊ ဆရာဝန်ကြီးဘဝဖြင့် အနယ်နယ် ရောက်ခဲ့သော်လည်း သာသနာနှင့် စပ်ဆက်သည့် ဥပုသ်စောင့်ခြင်း၊ ဘုရားကန်တော့ခြင်း၊ အိမ်တွင် သံဃာများပင့်၍ ပရိတ်ရွတ်ခြင်း၊ ဆွမ်းကျွေးခြင်းတို့သည် အလွန်ပြုလုပ်ခဲသော အမှုများဖြစ်ခဲ့ပါသည်။ ဆရာဝန်ကြီးဘဝ၊ သမားတော် ကြီးဘဝဖြင့် ဘားအံ အရောက်တွင် အလွန်ထူးဆန်းသော အဖြစ်အပျက်မျိုးကို ကြုံတွေ့ရပြီး ရှုံးမတတ် ခံစားရခဲ့ရပါသည်။ ထိုအခါ လူနာများ၏ အားကိုးရာ သမားတော်ကြီးသည် အားကိုးရာမဲ့ ဖြစ်ခဲ့ပါသည်။ ဘားအံမြို့ အရိယာဝံသ ဆရာတော်ဘုရားကြီးမှ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ် ကျေးဇူးဖြင့် ထောက်မကူညီပေးခဲ့သဖြင့် ရတနာသုံးပါးကို အမှန်တကယ် ယုံကြည်သက်ဝင်သူ တစ်ဦးအဖြစ် ပြန်လည်ရောက်ရှိခဲ့ပါသည်။ မိုးဖလာ ဗုဒ္ဓဘာသာ သာမက ဝိပဿနာ လုပ်ငန်းဖြင့် စတင်အကျွမ်းတဝင်ဖြစ်ခဲ့ပါသည်။ UK တွင် ရှိစဉ် စာမေးပွဲ ကျသဖြင့် Liverpool အနီး Billinge မြို့ငယ်မှ မဟာစည် ကျောင်းတိုက်သို့ ရောက်ရှိခဲ့ဖူးပါသည်။ ကပ္ပိယမရှိချိန်ဖြစ်၍ ရက်အနည်းငယ် ကပ္ပိယလုပ်ခဲ့ပါသည်။ ထိုကျောင်း၏ ဆရာတော်အား ဆွမ်းကပ်သောအခါ ဝိပဿနာ ဖောင်းပိန် (၁၅) မိနစ်ခန့် လုပ်ဆောင်ပြီးမှသာ ဆွမ်းကပ်ခံသဖြင့် ဝိပဿနာအလုပ်ကို စတင်သိခဲ့သော်လည်း အကျွမ်းတဝင်မရှိခဲ့ပါ။ အရိယာဝံသ ဆရာတော်ဘုရားကြီးမှ (၁၅)ရက်တိုင်တိုင် ဝိပဿနာ အားထုတ်စေသဖြင့် ဗုဒ္ဓတရားတော်၏ အမှန်အစစ်ဖြစ်မှုကို စတင်သိရှိခဲ့ပါသည်။ ဥပုသ်သီတင်းသီလများ စတင်စောင့်ထိန်းခဲ့ပါသည်။ အိမ်၌ဘုရားထံ သီလယူ၍ အမှတ်မထင်အရိယာဝံသဆရာတော် ဘုရားကြီးထံ ရောက်ခဲ့ပါသည်။ "ဥပုသ်ရ၊ မရ" ဆရာတော်ကြီးက မေးမြန်းရာ ဥပုသ်ရကြောင်း ဖြေကြားလျှောက်ထားခဲ့ပါသည်။ "မည်သည့်နေရာ၌ ဥပုသ်ယူသနည်း' ဟု ထပ်ဆင့် စုံစမ်းရာ အိမ်တွင် ဘုရား၌ သီလယူခဲ့ကြောင်း ဖြေကြား လျှောက်ထားခဲ့ပါသည်။ "ရုံးအားရက် ဥပုသ်နေ့မှာ ဘုရားကျောင်းကန်သွားရမယ်။ ဘုန်းကြီးကျောင်းမှာ သီလယူရမယ်။ မင်းလိုလူတွေသာဆိုရင် သာသနာ မေးမှိန်သွားလိမ့်မယ်" လို့ ဆိုမိန့်ခဲ့ပါတယ်။ သို့ဆိုမိန့်ခံရသည့်တိုင် နောင်နှစ်အနည်းငယ်ခန့်တွင် သာသနာနှင့် အလှမ်းဝေးမြဲ ဝေးနေခဲ့ရပါသည်။

ဘားအံမှသည် ရန်ကုန်၊ ရန်ကုန်မှသည် မန္တလေးသို့ ပြောင်းရွှေ့အမှုထမ်းရသဖြင့် တာဝန်များပြားခြင်း၊ အခြေတကျ မရှိခြင်း၊ သွားနေကျ၊ လာနေကျ၊ ဝင်နေကျ၊ ထွက်နေကျ ဘုန်းတော်ကြီးကျောင်း မရှိသဖြင့် ဘုရားကျောင်းကန်အရောက်အပေါက် နည်းမြဲနည်းပြီး အလှမ်းဝေးမြဲဝေးခဲ့ပါသည်။ လွန်ခဲ့သောနှစ် (၂၀)ခန့်ကစ၍ စတင်ကံကောင်းသည်ဟု ဆိုရပါမည်။ မန္တလေး ဆေးတက္ကသိုလ် ဆေးပညာပါမောက္ခဌာနမှူး ဒေါက်တာ ဒေါ်သန်းယဉ်မာ၏ စီစဉ်ချက်အရ စစ်ကိုင်းတောင်ရိုး၊ ဝါးချက်ဇီဝိတဒါနဆေးရုံသို့ အလှည့်ကျ နှစ်ပတ်တစ်ခေါက်၊ တစ်လတစ်ခေါက် စသည်ဖြင့် တနင်္ဂနွေနေ့တိုင်း ရောက်ခဲ့ရသည်တွင် ဆေးရုံ၏ နာယကဆရာတော် ကျွန်းချောင်ဆရာတော် ဘဒ္ဒန္တလက္ခဏနှင့် ရင်းနှီးကြည်ညိုခွင့် ရခဲ့ပါသည်။ ဤအစီအစဉ်မှာ မန္တလေး ဆေးတက္ကသိုလ် ကွယ်လွန်သူ ပါမောက္ခချုပ်ဆရာကြီး ဦးထွန်းသင်၏ ကိုယ်တိုင် ကိုယ်ကျ ကမကထ ကူညီစောင့်ရှောက်ခဲ့သော ဆေးရုံလုပ်ငန်း ဖြစ်ပါသည်။ ဆရာတော်၏နှလုံးရောဂါကြောင့် ရင်ဘတ်အောင့်နေသောရောဂါကို ကြည့်ရှုပေးသည့် သမားတော်ကြီးလည်း ဖြစ်ပါသည်။ နှလုံးရောဂါကြောင့် သာသနာလုပ်ငန်းများ၊ ဝိပဿနာစခန်းများ ခေတ္တရပ်နား၍ မတ္တရာ ပတ်လည်အင်းရွာတွင် ဧကစာရ တစ်ဦးတည်း တရားအားထုတ်ကျင့်ကြံနေစဉ် ဆရာကြီးဦးထွန်းသင် နှလုံးရောဂါဖြင့် ရုတ်တရက် ကွယ်လွန်သွားခဲ့ပါသည်။ ဆရာကြီး ကျေးဇူးကို အောက်မေ့သတိရသဖြင့် အဓိဋ္ဌာန်မှ ထကာ ဆရာကြီး၏ ရုပ်ကလာပ်ကို ပုံဆောင်ခဲ့သည် သာမက နောင်တွင် ဆရာကြီးကုသိုလ်ဖြစ်စေခြင်းငှာ ဆရာကြီး ကွယ်လွန် ခဲ့သည့် ၁၉၈၈ ခုနှစ် ဩဂုတ်လတိုင်းတွင် ဆရာဝန်များ၊ ဆေးပညာရှင်များ၊ သူတို့၏ မိသားစုများအတွက် (၁၀)ရက် တရားစခန်းတစ်ခုကို နှစ်စဉ် ဆရာတော်မှ စီစဉ်ဖွင့်လှစ်ခဲ့ပါသည်။ သမားတော်ကြီး ဒေါက်တာ မောင်မောင်အုန်း၊ ခွဲစိတ်ဆရာဝန်ကြီး ဦးသိန်းဟန်(၄)၊ ယခင်ကျန်းမာရေးတိုင်းဦးစီးမှူး ဦးတင်လှိုင် စသည့် ဆရာဝန်ကြီးများ ကမကထပြု၍ စတင်ခဲ့ပါသည်။ ယခုဆိုလျှင် (၁၃) ကြိမ်ရှိခဲ့ပါပြီ။

မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်၊ သာဝတ္ထိ စသည့် ပြည်များသို့ လှည့်လည်သာသနာပြုခဲ့ပါသည်။ ဆရာတော်သည် မဟာစည်ဆရာတော်ဘုရားကြီး၏ နမူနာအတိုင်း ပြည်တွင်း၊ ပြည်ပတရားစခန်းများကို ဖွင့်လှစ်၍ သာသနာအတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၀ ခုနှစ်တွင် (၁၀) ရက်စခန်း၊ (၁၅) ရက်စခန်း၊ တရားစခန်းပွဲစဉ်ပေါင်း (၃၁) ခုရှိပြီး (၂၂)ခု ကျင်းပပြီးစီးခဲ့ပြီးဖြစ်ပါသည်။ မတ္တရာမြို့နယ်မှ အမျိုးမျိုးသော ရွာငယ်ကျောင်းများတွင် (၅) ခု၊ USA အမေရိကန် အရှေ့ကမ်းရိုးတန်း၊ အနောက်ကမ်းရိုးတန်းမြို့များတွင် (၆)ခု။ ဩစတြေးလျတွင် (၇)ခု၊ ကျွန်းချောင်စစ်ကိုင်းတွင် (၄)ခု။ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရေတာရှည်တွင် (၂)ကြိမ်စီ၊ ပုသိမ်ကြီး၊ ရွှေဘို၊ စဥ့်ကူး၊ မြဝတီ၊ ရန်ကုန်အရှေ့ဒဂုံတို့တွင် (၁)ကြိမ်စီ ကျင်းပပြီး၊ ကျင်းပ မည်ဖြစ်ပါသည်။ (၁၀) ရက်နှင့် တွက်လျှင် ရက်ပေါင်း



(၃၆၅)ရက် (၁)နှစ်တာတွင် ရက်ပေါင်း (၃၁၀)ကျော် တရားစခန်းများနှင့် တရားနည်းပြ၊ တရားပေးလျက် သာသနာ့ဝန်ကို ထမ်းဆောင်လျက် ရှိပါသည်။ တရားစခန်းတစ်ခုတွင် တစ်နေ့တာအတွက် မနက် သီလကထာ၊ ဒါနကထာ၊ ဩဝါဒကထာများ ဟောကြားတော်မူ ပြီး နေ့လယ် သို့မဟုတ် ညနေပိုင်းတွင် တစ်နာရီ တစ်နာရီကျော်ကြာ ဝိပဿနာအလုပ်ပေးတရား၊ ဝိပဿနာနှင့် ပတ်သက်သော တရားများကို ရှင်းလင်းဟောပြလျက်ရှိပါသည်။ သို့အတွက် တစ်နှစ်လျှင် တရားစခန်းများတွင် တရားဟော အကြိမ်ပေါင်း (၃၀၀)မှ (၅၀၀)အတွင်းရှိပြီး အခြား အားလပ်သော အချိန်များတွင် အလှူအတန်းများအတွက် သာဓုအနုမောဒနာ တရား ဟောကြားခြင်း၊ ရဟန်းခံပေးခြင်း၊ ရှင်ပြုခြင်း၊ အန္တရာယ်ကင်း ပရိတ်များ ရွတ်ဖတ်ခြင်း စသည်ဖြင့် မနားတမ်း သာသနာ့တာဝန်ကိုထမ်းဆောင်ရပါသည်။

ဆရာကြီး ဦးထွန်းသင်ကို ရည်စူးသော လုပ်ဖော်ကိုင်ဖက် မိတ်ဆွေနှင့် တပည့် ဆရာဝန်များအတွက် (၁၀)ရက် တရားစခန်းကိုစီစဉ်သူ ဒေါက်တာ ဦးမောင်မောင်အုန်းက ဒုတိယအကြိမ် မှစ၍ ဖိတ်ခေါ်ခဲ့ပါသည်။ မိမိစိတ်ဝင်စားသော မဟာစည်နည်းဖြစ်သည်ကတစ်ကြောင်း၊ ဆရာတော်သည် မဟာစည်သာသနာ့ရိပ်သာတွင် (၅)နှစ်ကြာမျှ ကမ္မဋ္ဌာန်းနည်းပြအဖြစ် တာဝန်ယူခဲ့သည်ဟု သိရသည်က တစ်ကြောင်း၊ ဆရာကြီး ဦးထွန်းသင်အား ကျေးဇူးဆပ်လိုသည်က တစ်ကြောင်း အကြောင်းကြောင်းကြောင့် (၁၃) ကြိမ် ကျင်းပခဲ့ရာတွင် (၁၀)ကြိမ်ခန့်တရားဝင်ခဲ့ပါသည်။ ဥပုသ်စဉ်ဖလ်ယည် ဓမ္မာရုံ၌ ဟောကြားသော မဟာစည်ဆရာတော်ကြီး၏ ဓမ္မစကြာတရားမှသည် အခြားတရားများကို စိတ်ဝင်စားသောကြောင့် မဟာစည်နည်းကို စိတ်ညွတ်ခဲ့ခြင်းဖြစ်ပါသည်။ ဆရာတော်နှင့် အနေနီးကပ်သော တပည့်မဖြစ်သော်လည်း တရားစခန်းဝင်သည်မှစ၍ ဆရာရင်း တပည့်ရင်းဖြစ်ခဲ့ရပါသည်။ အရှေ့ဒဂုံ၌ သီရိလင်္ကာရာမ တည်ဆောက်၍ သီတင်းသုံးတော်မူသောအခါ မြောက်ဒဂုံ၌နေသော ကျွန်တော်တို့မိသားစုအတွက် အလွန်အဆင်ပြေသွားပါသည်။ ဘုရားကျောင်းကန်ကိုလည်း မှန်မှန်ရောက်သည့် မိသားစုဖြစ်သွားပါသည်။ ကျောင်းဆောက်ရာတွင် ပါဝင်လှူဒါန်းသူ၊ ဆွမ်းဒါနပြုရာတွင် ပါဝင်လှူဒါန်းသူ၊ တရားစခန်းတွင် ဆွမ်းလှူဒါန်းသူ၊ အိမ်တွင် ဆွမ်းကပ်သူ၊ အန္တရာယ်ကင်း ပရိတ်ရွတ်သူ၊ ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက် အဖြစ် တစ်မိသားစုလုံး



ပြောင်းလဲသွားရပါသည်။ ဆရာတော်သည် မိသားစု၏ ဆောက်တည်ရာ၊ အားကိုးရာ၊ ကိုးကွယ်ဆည်းကပ်ရာ ကျေးဇူးရှင်ဆရာတော် ဖြစ်ခဲ့ပါသည်။ သာသနာကို မှေးမှိန်အောင် လုပ်သူများထဲတွင် မပါတော့ပါ။ ထို့ကြောင့် ဆရာတော်၏ စိန်ရတုအထိမ်းအမှတ်ပွဲတွင် ပါဝင်ရေးသားသင့်သူတစ်ယောက် ဖြစ်လာပါသည်။

ဓမ္မာရုံများသို့ တရားနာရန် မဆိုထားဘိ ခြေဦးမှပင် မလှည့်ခဲ့သော ကျွန်တော်တို့ ဇနီးမောင်နှံမှာ တရားစခန်းများတွင် ဟောကြားသောတရားများကို အစအဆုံး ရိုရိုသေသေ လေးလေး မြတ်မြတ် နာယူတတ်ကြပါပြီ။ မိမိသည် တရားစခန်းတစ်ခုလျှင် (၁)ရက် (၁)ကြိမ်နှင့် (၁၀)ရက် တရားနာခွင့်ရသဖြင့် ဆရာတော်၏တရားကိုကြားနာရသည်မှာ အကြိမ် (၁၀၀)ကျော်ပြီ ဖြစ်ပါသည်။ ဆရာတော်၏ ဝိပဿနာလုပ်ငန်းအပါအဝင် ပဋိပတ္တိ၊ ပရိယတ္တိ သာသနာအတွက် အားထုတ်ပုံ ဝါးချက်ဇီဝိတဒါနဆေးရုံအတွက် ကြိုးစားအားထုတ်ဆောင်ရွက်ပုံတို့ကို အများရေးသားဖော်ပြကြပါမည်။

ဆရာတော်၏ ကျူစွာချောင်သည် ဧရာဝတီမြစ်အနောက်ဘက်ကမ်းကို မေးတင်ထားသည်။ ကမ်းနားဇီဝိတဒါနဆေးရုံနှင့် မောဟိုက်နေအောင်တက်မှ ရောက်ရသည့် တောင်ထိပ်မှ ဆရာတော်တည်ထားဆဲစေတီကား၊ တောင်ကြားထဲတွင် ရှိပါသည်။ လက်ခွပုံသဏ္ဌာန်ရှိပြီး တစ်ယောက်ဆောင် ယောဂီနေရာထိုင်ခင်းများသည် တောင်နံရံတွင် အနှံ့အပြားရှိပါသည်။ သီးသန့် ရေချိုးခန်း၊ အိမ်သာပါရှိသည့် အဆောင်လည်းရှိသည်။ မပါရှိသည့် အဆောင်လည်းရှိသည်။

ကျူစွာချောင်၏ များပြားလှသော အဆောက်အအုံများတွင် မဟာအတုလရံသီဓမ္မရိပ်သာဟောင်းနှင့် ရိပ်သာသစ်ပါပါသည်။ တရားစခန်းဖွင့်ရာ ရိပ်သာသစ်သည် လှိုဏ်မြောင်၏ တစ်ဝက်တွင် တည်ရှိပြီး အရှေ့ဘက် ဧရာဝတီမြစ်နှင့် တစ်ဖက်ကမ်း မန္တလေးမြို့တော်ကို သာယာစွာလှမ်း၍မြင်ရသည်။ တောရိပ်တောင်ရိပ်နှင့် အလွန်ဆိပ်ငြိမ်သောနေရာဖြစ်ပြီး မိမိတို့၏ အသံကျယ်ကျယ် တရားဆွေးနွေးခြင်းနှင့် ဝါးချက်ကျေးရွာမှ လော်စပီကာသံကသာ ဆိပ်ငြိမ်မှုကို ဖျက်ဆီးပစ်နိုင်သည်။ စကားပြောသော ယောဂီသည် ဓမ္မအန္တရာယ်ဖြစ်ပြီး တရားအရ နှေးတတ်သည်ဟု ဆရာတော်က စကားပြောခြင်းကို တားမြစ်ပါသည်။ ယောဂီ (၃၀-၄၀)အတွက် စကြီလမ်းများစွာရှိသည်။ မဟာအတုလရံသီ ဓမ္မရိပ်သာသည် လေးထပ်ဆောင် ကျောင်းတိုက်ဖြစ်ပြီး တရားထိုင်တရားမှတ်အတွက် သုံးထပ်တွင် ပြုလုပ်ရပါသည်။ ဒုတိယထပ်တွင် ယောဂီများ ဆုတောင်းမေတ္တာပို့ ဆွမ်းစားပြုလုပ်ကြပါသည်။ ဆရာတော်သည် နိုင်ငံတော်မှ ဆက်ကပ်သော ဘွဲ့တံဆိပ်တော်အမျိုးမျိုး ရရှိပါသည်။ ထိုထက် ပင်မကျသည်မှာ အချိုးအစားပြေပြစ် ပြည့်ဖြိုးသော ကိုယ်ကာယကြည်လင်သပ္ပာယ်သော မျက်နှာတော်နှင့် မျက်လွှာချကာ ကိုယ်ဣန္ဒြေရရဖြင့် တရားဟောတတ်ခြင်းပင်ဖြစ်သည်။ ဦးခေါင်းတော် တည်ငြိမ်သည်။ စက္ခုဣန္ဒြေရှိသည်။ ကြည်လင်သော ဩဇာသံဖြင့် ရှင်းလင်းသောတရားများကို ဟောကြားသည်က ကျွန်တော့်အတွက် ပို၍လေးစားကြည်ညိုဖွယ်ရာဖြစ်သည်။ တရားစခန်းတွင် ဟောသောတရားများမှာ ယောဂီ၏ အတွေ့အကြုံနှင့် ပညာရမှုကို ချိန်ဆ၍ဟောသော Planned sermons

များသာဖြစ်ပါသည်။ တရားအားထုတ်ရန် တစ်ခုတည်းသော ရည်ရွယ်ချက်မှာ နိဗ္ဗာန်ရည်မှန်းရန်သာ ဖြစ်ပါသည်ဟု ကြားနာရသည်။ အကြောင်းအမျိုးမျိုးကြောင့် ရောဂါပျောက်ရန် အားထုတ်သော လွန်ခဲ့သည့် နှစ်အနည်းငယ်က ဆန္ဒသည် ပြောင်းသွားခဲ့ပါသည်။ နိဗ္ဗာန်ကိုသာ ရည်မှန်းအားထုတ်ခဲ့ပါသည်။ နိဗ္ဗာန်ရောက်စေရန် တစ်ကြောင်းတည်းသောလမ်းမှာ ဝိပဿနာ ဘာဝနာ အားထုတ်ခြင်းသာ ဖြစ်ပါသည်။ ဆရာတော်က ကျင့်စဉ် Formula တစ်ခုသာဖြစ်သည့် ပေးထားသော ပုံသေနည်းကို မှန်မှန်ကန်ကန် အားစိုက်ထုပ်ပါက မည်သူမဆို နိဗ္ဗာန်ရောက်နိုင်ရန် အခွင့်အရေး ရှိသည်ဟု မိန့်ကြားပါသည် Formula မှာ ဝိပဿနာ ဘာဝနာ (ခေါ်) အကြိမ် အထပ်ထပ် မပျက်မလပ် မိမိကိုယ်တွင် ရှုမှတ်ခြင်း ဖြစ်ပါသည်။ အပူတပြင်း အားထုတ်ရမည်။ အာတပီတ ခေါ်သည်။ နိဗ္ဗာန်လိုချင်သောစိတ် အားသန်မှသာ ဝီရိယထက်သန်လာမည် ရှုမှတ်ရမည့် စားကျက်လေးခု သတ်မှတ်ထားပါသည်။ နွားစားကျက်ကို ခိုင်နိုင်း၍ စိတ်ကျက် စားရာလေးခုကို ဂေါစရဟု ခေါ်ပါသည်။ ကာယဝေဒနာ စိတ္တာဓမ္မာဟူသော စားကျက်လေးမျိုးတွင် မပြတ်မလပ်ရှုမှတ်ရန် ဟောကြားပါသည်။ ထွက်သွားသော စိတ်ကို သတိဖြင့် စားကျက်ပေါ်သို့ ရောက်အောင် ပြန်လည်တင်ပေးရပါသည်။ နွားကျောင်းသားသည် နွားကို စားကျက်တွင် ထိန်းကျောင်းသကဲ့သို့ သတိသည် စိတ်ကို ထိန်းကျောင်းရပါသည်။ စိတ်ကို လိုရာရောက်အောင် ပို့ပေးခြင်းကို ဝိတက်ဟုခေါ်သည်။ တရားထိုင်ရက်ရလာသောအခါ အညောင်းအကိုက်များ ပေါ်လာပါသည်။ ဆရာတော်မှ ဝေဒနာ နုပဿနာ ဟောကြားပါသည်။ ဝေဒနာရှုနည်းကို အချိန်ကိုက် ဟောကြားပါသည်။ ဖောင်းတယ်၊ ပိန်တယ်ဟု ဝမ်းဗိုက်တွင် စိတ်ကပ်၍မှတ်ခြင်း၊ မိမိကိုယ်တွင် ဖြစ်တိုင်းသော မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ ထိတိုင်း၊ သိတိုင်း၊ ကွေးတိုင်း၊ ဆန့်တိုင်း ရှုမှတ်ရမည်။ ကိုယ်တွင် အမြဲမကွာ ကိန်းလျက် ပါကြသော ကိလေသာတရားများကို ဆင့်ပွားမဖြစ်နိုင်ရန် အမြဲ ရှုမှတ်ရပါသည်။ မဟာဘူတခေါ်သော ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဓာတ်သဘောများကိုလည်း ရှင်းလင်းပြပါသည်။ ပထဝီရုပ် သည် နု-ကြမ်း-ပျော့-မာ သဘောလက္ခဏာများရှိသည်။ တေဇောရုပ်သည် ပူအေးသော သဘောလက္ခဏာရှိ၏။ ဝါယောရုပ် သည် လှုပ်ရှားတွန်းကန်သော သဘောရှိ၏။ မဟာဘုတ်အာပေါဓာတ်သည် ပင်ကိုယ်သဘောလက္ခဏာမတွေ့ရဘဲ ယိုစီးခြင်း၊ ဖွဲ့စည်းခြင်းသဘောကိုဆောင်သည်။ အခြားမဟာဘုတ် ဓာတ်ကြီးသုံးပါးနှင့် ဖွဲ့စည်း၍ အလုံးအခဲအတောင့်အဖြစ် တွေ့ရမည်ဟု ဆိုပါသည်။ ဤဓာတ်သဘောများသည် တိုးမည်ဆုတ်မည် ပျောက်သွားမည် တန့်နေသည်ဟု မှတ်ရမည်။ ထိုင်လျက်ဖြစ်စေ၊ သွားလျက်ဖြစ်စေ၊ ရပ်လျက်ဖြစ်စေ၊ လျောင်းအိပ်လျက်ဖြစ်စေ မည်သည့် ဣရိယာပုတ်နှင့်မဆို မှတ်ရပါမည်။

တရွေ့ခြင်းသွားလာလှုပ်ရှားနေသော အခြင်းအရာကို မှတ်ရပါမည်။ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မဟူသော တရားတော်များကို မမှတ်ဘဲ မေ့နေပါက အဝိဇ္ဇာစသော ကိလေသာအာသဝေါတရားတို့၏ လွှမ်းမိုးနှိပ်စက်မှုခံရပေမည်။ အမြဲမပြတ် မှတ်ရှုပါက ဉာဏ်စဉ်အဆင့်ဆင့်တက်သည်ဟု ဆိုသည်။ မိမိတွေ့ထားသည်မှာ သော့ပေါက်ချောင်းကြည့်သည်နှင့်တူသည်ဟု တွေးထားမိသည်။ အပေါက်၏ အပေါ်အောက် ဘေးဘယ်ညာရောက်လျှင် မမြင်ရဘဲ ဖြစ်နေသည်။ ဆရာတော်ဦးလက္ခဏာမှ ဒိုးပစ်သည်နှင့် ဥပမာပေးပါသည်။ ဂေါ်လီလုံးများကို ဒိုးဖြင့်ပစ်သောအခါ အားစိုက်လွန်ပါက မမှန်ကျော်သွားမည်။ လုံလောက်အောင် အားမစိုက်ပါက မထိ၊ သတိမထား၍ ဘေးချော်နေပါကလည်း မမှန်ဟု ဟောပြပါသည်။ လွန်လည်း မလွန်ရ၊ လိုလည်း မလိုရပါ။ ထိုင်တရားမှတ်ခြင်းသည် သမာဓိကို ဖြစ်စေပြီး သမာဓိလွန်က ပျင်းရိသွားတတ်ပါသည်။ လိုသွားတတ်ပါသည်။ တရွေ့ရွေ့စင်္ကြံလျှောက်ခြင်းသည် ဝီရိယကို ဖြစ်စေပြီး လွန်သွားပါက ပျံ့လွင့်တတ်ပါသည်။ သမာဓိ ဝီရိယ ချိန်ခွင်လျှာညီရပါသည်။ သဒ္ဓါနှင့် ပညာ ချိန်ခွင်လျှာညီရပါမည်။ ပညာမရှိက သဒ္ဓါလွန်ကဲပါက ကိုးကွယ်မှု မှားတတ်သည်။ ယခုခေတ်ဖြစ်နေသော ဘာသာရေးအရေခြုံ ကိုးကွယ်မှု အမှားများက သက်သေပြနေပါသည်။ သဒ္ဓါနည်းပါက မိမိဖြစ်ခဲ့သလို ရုပ်ကြမ်းဝါဒယုံကြည်၍ ဘုရား၊ တရား၊ သံဃာနှင့် အလှမ်းဝေး လမ်းလွဲသွားနိုင်ပါသည်။ သဒ္ဓါနှင့်ပညာ ချိန်ခွင်လျှာ ညီရပါမည်။ ချိန်ခွင်လျှာနှစ်ခု ညီအောင် "သတိ" က အမြဲထိန်းညှိပေးရမည်ဟု ဆရာတော်က မိန့်ကြားပါသည်။ သော့ပေါက်ချောင်းကြည့်သည်ထက် ဒိုးပစ်သည်က အားစိုက်သောသဘော၊ တည့်တည့်ချိန်ရွယ်သောသဘော ပိုမိုထင်ရှားပါသည်။ မဂ္ဂင်ရှစ်ပါးနှင့်ယှဉ်၍ ပိုင်းခြား၍ ဝိပဿနာအလုပ်ကို ရှင်းပြပါသည်။

စိတ်ကို ညစ်ညမ်းစေတတ်သော ညစ်ညျူးစေတတ်သော တရားများကို ကိလေသာဟုခေါ်ဆိုရသည်။ ကိလေသာအညစ်အကြေးများကို ဖယ်ရှားနိုင်သောအခါ စိတ်သည် ဖြူစင်သွားသည်။ ထိုစိတ်၏အညစ်အကြေး ကိလေသာ(၁၀)ပါးတို့မှာ -

(၁) လိုချင်တပ်မက်မှုလောဘ
(၂) ပြစ်မှားဖျက်ဆီးမှု ဒေါသ
(၃) မိုက်မဲတွေဝေမှု မောဟ
(၄) မောက်မာဝင့်ကြွားမှု မာန
(၅) အတ္တကောင်ရှိသည်ဟု ယူဆမှု ဒိဋ္ဌိ
(၆) ဘုရား၊ တရား၊ သံဃာ စသည်တို့၌ သံသယရှိမှု ဝိစိကိစ္ဆာ။
(၇) စိတ်လေးလံထိုင်းမှိုင်းမှု ထိန
(၈) စိတ်ပျံ့လွင့်မှု ဥဒ္ဓစ္စ
(၉) အရှက်မရှိမှု အဟိရိက
(၁၀) ပစ္စုပ္ပန် သံသရာဘေး ကို မကြောက်မှု အနောတ္တပ္ပစသည့် ကိလေသာ (၁၀) ပါး ရှိသည်ဟု ဆရာတော်က မိန့်ကြားပါသည်။ ဖြူစင်သောစိတ်သည် စိတ်ဆိုးစရာ၊ ရန်ငြိုးဖွဲ့စရာ၊ ပစ်မှားစရာ အာရုံများနှင့် ကြုံပါက ဒေါသကိလေသာဖြစ်သွားသည်။ လိုချင်စရာ၊ တွယ်တာစရာ အာရုံများကို မြင်ပါက၊ ကြားပါက လောဘကိလေသာဖြစ်လာပါသည်။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောစသည့်ဓာတ်ကြီး (၄)ပါးနှင့် ဖွဲ့ထားသော မိမိ၏ ရုပ်၊ နာမ်ကို မသိမှု မောဟသည် အလွန်အဖြစ်များသော ကိလေသာ ဖြစ်သည်။ ဒေါသနှင့် လောဘသည် ဖြစ်ရန်ကြုံကြိုက်မှဖြစ်သော ကိလေသာများဖြစ်ကြသော်လည်း အစဉ်အမြဲဖြစ်နေသည်မှာ မောဟ

ကိလေသာဖြစ်သည်။ မောဟအလွန်များလွန်းသည့်အတွက် 'သံမောဟ'ဟုခေါ်သည်။ ရုပ်၊ နာမ်တရား ပြတ်ပြတ်ထင်ထင် မြင်နိုင်မှ တွေဝေမှုကင်း၍ 'အသံမောဟ'ဖြစ်မည်ဟု ဟောတော်မူပါသည်။ အရှိကို အရှိအတိုင်း ဟုတ်တိုင်းမှန်ရာ သိမြင်ပါက နိဗ္ဗာန်ရောက်နိုင်သည်။ ဆေးပညာသင်ကြားရာတွင်ရှိသော လက္ခဏာများကို relevant positive findings ဟု မှတ်သားပြီး ရောဂါနှင့် ပတ်သက်၍ အရေးကြီးသော မရှိသော လက္ခဏာများကို relevant negative findings ဟု မှတ်သားရပါသည်။ ပါဠိပါတ်သားများကို မမှတ်မိသော်လည်း အထူးမှတ်မိသည်မှာ ဒေါသကိလေသာဖြစ်ပါက ဒေါသကိလေသာဖြစ်သည်ဟု သိရမည်၊ လောဘကိလေသာဖြစ်ပါက လောဘကိလေသာဖြစ်သည်ဟု သိရမည်ဟု ဆိုပါသည်။ ထို့ပြင် ပို၍ ဆရာတော်၏ စိတ္တာနုပဿနာတွင် ဒေါသမဖြစ်နေပါက ဒေါသစိတ်ကင်းနေကြောင်း သိရမည်။ လောဘဖြစ်မနေပါက လောဘစိတ်ကင်းနေကြောင်း မှတ်ရမည်ဟု အလွန်ကောင်းသော အလွန်အဖိုးတန်သော မှတ်နည်းကို မှတ်သားခဲ့ရပါသည်။ ပေါ်ရာ စိတ်၊ ကြုံစည်ရာစိတ်ကို မှတ်ရုံသာမက မဖြစ်ပေါ်သောစိတ်ကို မှတ်ရသည်မှာ လောဘ၊ ဒေါသကင်းနေနိုင်သော တရားစခန်းအခြေအနေ ပတ်ဝန်းကျင်တွင် အရေးပါလှပါသည်။

တရားမဟောမီ ဓမ္မာရုံအတွင်း တရားပလ္လင်ပေါ်မတက်မီ မျက်နှာနှင့် နဖူးမှ ချွေးများကို တစ်ဘက်၊ လက်ကိုင်ပဝါလေးနှင့် သုတ်ပါသည်။ ယပ်ကို ရှေ့ထား၍ Microphone ကိုကိုင်ကာ တစ်နာရီ၊ တစ်နာရီကျော်ကြာ မလှုပ်မယှက် တရားဟောတတ်ပါသည်။ တရားနာသော မိမိမှာ အလီလီပြောင်း၍ ထိုင်ရပါသည်။ တရားဟောပြီးသောအခါ မျက်နှာနှင့်နဖူးမှ ချွေးများကို လက်ကိုင်ပဝါတဘက်လေးဖြင့် ပြန်သုတ်ပါသည်။ ဆရာတော်၏ ကျောပြင်တစ်လျှောက် သင်္ကန်းအောက်တွင် စီးဆင်းနေသော ချွေးများကိုတွေးမိသောအခါ ဆရာတော်၏ သာသနာတော် လုံ့လကို အထူးကြည်ညိုမိပါသည်။

ပလီဗောနည်းသော ဆရာတော်ကြီးများဖြင့် ကြီးပြင်းလာခဲ့ရသဖြင့် ခေတ်မီနည်းစနစ်များဖြင့် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်နေသော ဆရာတော်ကို အစတွင် နားမလည်နိုင်သော်လည်း နောင်တွင် ဤဆောင်ရွက်မှုများ၏ အားမာန်နှင့် အရှိန်ကို နားလည်သဘောပေါက်လာပါသည်။ တရားအားထုတ်ရာတွင် နေရာထိုင်ခင်း အာဟာရကောင်းမွန်ပြီး အဖျားအနာ ကင်းပါလျက် တရားမရခဲ့ခြင်းမှာ ဝီရိယနည်းသောကြောင့် ဖြစ်မည်ဟု ထင်ပါသည်။

ရှစ်ပါးသီလယူပြီး၍ အဆုံးတွင် ယနေ့ယခုဆောက်တည်ရသော သီလကုသိုလ်ကံ စေတနာသည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်အား ရရာရကြောင်း အထောက်အပံ့ဖြစ်ပါစေဘုရားဟု ဆုတောင်းရပါသည်။ ဤသို့ ဆုမတောင်းပါက ကုသိုလ်ရသော်လည်း နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့မဖြစ်ပါ။ ဤသို့ ဆုတောင်းမှသာ သီလသည် "အဓိသီလ"ဖြစ်ပါသည်။ သာသနာပတွင် ဥပုသ်ရက်ရှည်စောင့်သုံးသော်လည်း အဓိသီလဖြစ်နိုင်မည်ဟုမထင်ပါ။ သီလစင်ကြယ်ရန် အရေးကြီးပါသည်။ သီလမစင်ကြယ်ပါက မိမိပြစ်မှုသေး ပြစ်မှုကြီးများသည် တရားရရာလမ်းတွင် အနှောင့်အယှက်ဖြစ်ပေါ်လာသည်ဟု ဆိုပါသည်။

တောင်တက်တောင်ဆင်းလုပ်ရသည်မှာပင် မောပါသည်။ လွန်ခဲ့သော ဆယ်နှစ်က မိုးထဲလေထဲတွင် ထီးတစ်လက်နှင့် တောင်ခြေမှ တောင်ပေါ်သို့ မနက်ညတက်လာ၍ တရားဟောသော ဆရာတော်အား နောင်နှစ်များတွင် တပည့်များက ဆရာတော်အား တောင်ပေါ်သို့ မတက်စေဘဲ ဆရာတော်ရှိရာ တောင်ခြေစံကျောင်း ဓမ္မာရုံ၌သာ တရားနာသွားရောက်ကြပါသည်။ သို့တိုင် နှလုံးရောဂါရှိသော ဆရာတော်သည် မကြာခဏ တောင်ပေါ်သို့ ကြွလာ၍ တရားဟောပြသပါသည်။

မြန်မာဗုဒ္ဓဘာသာတို့၏ အစဉ်အလာကောင်းတစ်ခုမှာ ကုသိုလ်ကောင်းမှုလုပ်ပြီးတိုင်း၊ တရားနာပြီးတိုင်း အမျှဝေသာဓုခေါ်ကြခြင်းဖြစ်ပါသည်။ အမျှ၊ အမျှ သုံးကြိမ်ဝေ၍ သာဓု၊ သာဓု၊ (၃)ကြိမ် (၃)ခါ ပြိုင်တူခေါ်ဆိုကြပါသည်။ အလွန်ကောင်းသော အမှုဖြစ်ပါသည်။ အပြန်အလှန် သာဓုခေါ် ကုသိုလ်ပွားခြင်းဖြစ်ပါသည်။ ဆရာတော်သည် ဒကာများနှင့်အတူ အမြဲစိတ်ဆက်၍ အားစိုက်၍ အမျှဝေသာဓုခေါ်ပါသည်။ ကျွန်တော်တို့ ပြုသော ကုသိုလ်၏ အဖို့ပါကကို ဆရာတော် မည်၍မည်မျှ ရမည် မသိနိုင်သော်လည်း သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့် ပြည့်စုံသော နေ့ညမပြတ် သာသနာ့ဝန်ထမ်းနေသော ဆရာတော်၏ ကုသိုလ်ကောင်းမှု အဖို့ပါကကို တရားစခန်းရှိစဉ် တစ်နေ့လျှင် အနည်းဆုံး (၉)ကြိမ် သာဓုခေါ်ရသည့်အတွက် အလွန်ဝမ်းမြောက် ဝမ်းသာဖြစ်ရပါသည်။

ထို့ကြောင့် ဆရာတော်ကြီးများအား ကျေးဇူးရှင်ဆရာတော်ကြီးများဟု ခေါ်ဝေါ်သည်ကို ယခုမှပင် နားလည် သဘောပေါက်မိတော့ပါသည်။

ဒေါက်တာသံစစ်(အသည်းအထူးကု)



# တရားရှာမှီး တောတောင်ခရီးမှာ

မောင်မျိုးအောင်(ကိုကိုလွင်)

× × × သူတော်ကောင်းတွေမှ ကိန်းအောင်းမွေ့လျော်ကြတဲ့ စုံတောမြိုင်မဟာ ပန်းမာလာကြိုင် လွမ်းစရာမြိုင် တောဂနိုင် ဒီခရီးမှာ × × ×

သီချင်းလေး တအေးအေးနှင့် နံနက်ခင်း၏ လေပြေကို အားပါးတရ ရှူရှိုက်ရင်း ဆွမ်းချိုင့်နှင့် ခဲဘွယ်များ ထည့်ထားသည့် ဆွဲခြင်းလေးကို ကိုင်ခါ သီတင်းသုံးတောင်သို့ ရှမျှော်ကြည့်လိုက်မိချိန် တောင်ခြေ၌ ရပ်၍ထားသော ကားဖြူဖြူလေးအားအဝေးမှ လှမ်းမြင်လိုက်ရ၍ ရင်ထိပ်သွားမိပါသည်။ ဆရာတော်ကြီး တရား အားထုတ်နေစဉ် ဘုရားဖူးများ လာရောက်ကာ မဆူညံရလေအောင် သတိပေးရန် အပြေးကလေးအလာ ကားနားရောက်တော့ စစ်ကိုင်းကျစ္စာမှ အာဂွန်ရှူး ကားမှန်းသိရသဖြင့် မည်သူတွေများဖြစ်မလဲ သိခြင်ဇောဖြင့် တောင်ပေါ်သို့ ပြေးတက်ခဲ့မိပါသည်။



တောင်ပေါ်ရောက်တော့ ဆရာတော် တရားအားထုတ်ရာ စကြံကျောင်းလေး၏ အပြင်၌ ကျစ္စာချောင်တိုက်အုပ်ဘုန်းတော်ကြီး ဦးသဒ္ဓမ္မနှင့် ဆေးရုံအမှုဆောင်ဦးဘသန်း၊ ဦးသန်းထွန်း၊ ကားဆရာမောင်ကျော်တို့အား တွေ့လိုက်ရပါသည်။ ဘုန်းဘုန်း ဦးသဒ္ဓမ္မနားသို့ကပ်ခါ ဝတ်ချ၍ ဆရာတော်နောက်တနာရီလောက်ဆို အဓိဋ္ဌာန်နာရီပြည့်ပါမည်။ ရေချိုးချိန် ၉ နာရီမှ ၁၀ နာရီထိ လျှောက်ထားနိုင်ပါသည် ဘုရားဟု လျှောက်ထားခါ အောင်သိဒ္ဓိ ဘုရားကုန်းတော်ပေါ်သို့ တက်ခဲ့ကြပါသည်။

လေးသန်းထွန်းမှ မျိုးအောင်ကြီး မင်းလဲ ဒီရောက်နေတာလား ဟုတ်ကဲ့ လေးလေးရေ ဆရာတော်ရဲ့ တောထွက်ခရီးမှာ မြင်းမီးဆွဲမောင်ဆန်ထုံးနှလုံးမူခါ ပါရမီဖြည့်ဘို့ ရောက်နေတာလေ။ ဦးဇင်းလေး ဦးဝိဇ္ဇာကဝိတွင်းဆိုတော့ တပါတ်ဝါပန်ပြန် ကျွန်တော်ကရောက် ဆရာတော်ဝေယျာဝစ္စ ဆောင်ရွက်ရင်း ကုသိုလ်ယူရတာပေါ့ခင်ဗျာ။

လေးလေးဦးဘသန်းက မေးမြန်းပါသည်။ မောင်မျိုးအောင် ဆရာတော် ဘာအမိန့်ရှိသေးလဲ ကျန်းမာရေးအခြေအနေကောကောင်းရဲ့လား ဆွမ်းဘုန်းပေးတာကော ဘုန်းကောင်းသလားစသည်ဖြင့် စိုးရိမ်စွာမေးလာပါသည်။ ခုတော့ ကျန်းမာရေးကောင်းစပြုလာပြီ လေးလေးရေ။ ဆွမ်းလဲတော်တော် ဘုန်းပေးလာတယ် လွန်ခဲ့တဲ့ ၂ ပတ်လောက်ကတော့ ဘုရားပေါ်မှာ လိုဏ်ဂူထဲအေးလို့ထင်ပါရဲ့ နေ့ရောညပါ ချောင်းတွေဆိုးတာကျွန်တော်ဖြင့် လန့်တောင်သွားတယ်။ မောမောနေတာ မြင်ရတော့ ဆရာတော်ကို ဆေးသောက်ဖို့ လျှောက်တာ မသောက်ဘူးလေးလေးရာ။ ဒီလိုဏ်ဂူကြီးထဲက တောက်တဲ့တွေကလဲပေါသဗျ။ အော်လိုက်ကြတာ လှိုင်ဂူသံနဲ့ ဆူညံနေတာဘဲ ကျွန်တော်လဲ ကိုကြီးဆန်းမြင့်တို့ မမသန်းဆင့်တို့ သွားပြောတော့ သူတို့လဲ ဆရာတော်ကိုလျှောက်ထား တောင်းပန်ပြီး ဒီကျောင်းသင်္ခမ်းလေးနဲ့ ရေလောင်းကုဋီဆောက်လှူကြတော့တာပါဘဲ။ ဟိုမြင်နေရတဲ့ ဒီဘက်က ကန်ကြီးက ကတက်ချဉ်စိုက်ကွင်းမှူး ဦးတင်စိန်တို့ လှူကြတာလေ။ ဆရာတော် လိုအပ်တာ အမိန့်ရှိဘို့ လျှောက်တော့ မလိုပါဘူးဒကာ ဘုန်းကြီးပြည့်စုံပါတယ်လို့ ပြောသဗျ။ စိုက်ကွင်းမှူးနဲ့ ဝန်ထမ်းမိသားစုတွေက သဒ္ဓါတရားသိပ်ကောင်းကြတယ်။ တောင်တက်လမ်းတွေကို တစ်ပါတ်တစ်ခါ လုပ်အားပေးဒါနနဲ့ ပြုပြင်ကြတယ်လေ။ ရေဆိုလဲ ဆရာတော်သုံးဘို့ ဘောက်ဆာနဲ့ ထွန်စက်ကားကြီးတောင်ပေါ်ထိ မောင်းပြီး ရေကန်လေးထဲ လာလာထည့်ရတယ်။ နောက်တော့ ဆရာတော် အကြံပေးတာနဲ့ နောင်သူတော်ကောင်းတွေ မိုးရေလှုံလောက်စွာ ရဖို့ ရေကန်ကြီးတစ်လုံးရှိရင်ကောင်းမှာဘဲ ဆိုတာနဲ့ချက်ခြင်းထလှူတာ မြင်တဲ့အတိုင်းဘဲ တောင်ပေါ်မှာ ရေမီးပြည့်စုံသွားပြီလေ။ ဆရာတော်ကြီးဘုန်းကံကတော့ သွားလေရာမှာ သမ္မာဒေဝတာတွေ စောင့်ရှောက်ပုံရတယ်ခင်ဗျာဟု အကျယ်တဝင့် ပြောကြားရင်း ဘုရားသို့ လကျာ်ရစ်ပတ်ခဲ့ကြပါသည်။

ဘုန်းဘုန်း ဦးသဒ္ဓမ္မမှ အတော်သာယာတဲ့ တောင်လေးဘဲနော် စိတ်ဆင်းရဲမှုတွေအားလုံး ဒီဘုရားကုန်းတော်ကနေ အဝေးလျှောက်ကြည့်လိုက်တာနဲ့ ပြေပျောက်သွားသလိုဘဲဟု မိန့်ပါသည်။

မှန်တာပေါ့ ဘုန်းဘုန်းရယ် တောင်တော်ရဲ့ လေးဘက်လေးတန် ရှုခင်းတွေဟာ ပန်းချီကားချပ်တွေကြည့်ရသလိုဘဲ ဘုရား အရှေ့ဘက်က ရှမ်းရိုးမတောင်တန်းကြီးလေ၊ တောင်တွေ အထပ်ထပ်နဲ့ နေဝင်ချိန်များဆို လွမ်းမောစရာပေါ့၊ နေထွက်ချိန်ကျပြန်တော့ စိတ်ကိုရွှင်လန်းကြည်နူးစရာဘဲ ဘုရား။ ဘုန်းဘုန်း အနောက်ဘက်လဲကြည့်အုံးဘုရား ဦးညွှဘာသဆိုတဲ့ ကိုယ်တော်ကြီး ထွက်ရာပေါက်ကျင့်တဲ့ ယက္ကန်းစင်တောင်ဆိုတာပေါ့ဘုရား တိုင်းကျော်ပြည်ကျော် ယက္ကန်းစင်တောင်တော်ပေါ့။ အဲဒီရဲ့ မြောက်ဘက်က တောင်ကရောကွ။ မှန်ပါ့ အဲဒါနဂါးမောက်တောင်လို့ ခေါ်တယ်ဘုရား။

ဘယ်သူတွေနေတုံးကွ။ မှန်ပါ့ ရန်ကုန်မှာ သိပ်နာမည်ကြီးတဲ့ ယောက်ကော်အဖေကြီးဆိုတဲ့ ပုဂ္ဂိုလ်နေထိုင်တယ်ဘုရား။ ဒီတောင်ဘက် မိုးကုတ်မန္တလေးလမ်းဘေးက တောင်ကတော့ ဘိုးတော်တောင်လို့ခေါ်တယ်ဘုရား။ ဒီတောင်ကြီးကလဲ ထူးတာဘဲ ဘုရားရှေ့နောက်တောင်မြောက် ဘယ်ကကြည့်ကြည့် တပုံစံထဲဘဲ ဘုရား ကန့်လန့်တောင်ကြီးပေါ့ဘုရား။ အဲဒီတောင်ပေါ်မှာလဲ ထူးဆန်းတာတွေ တပုံကြီးဘဲ ဘုရားပြောရင်အရှည်ကြီးဘဲ ဒီသီတင်းသုံးတောင် ရာဇဝင်တွေရော နောက်မှတပည့်တော် ပြောပြလျှောက်ထားပါ့မယ်။

စကားဖြတ်မည်ကြံတုံး လေးလေးဦးဘသန်းက ဒီတောင်ကော ဘယ်လောက်မြင့်တုံးဟု မေးလာပါသည်။ အမြင့်ပေ ၆၅၀ ရှိတယ်လို့တော့ ဆရာတော်နဲ့ စိုက်ကွင်းမှူးတို့ပြောသံကြားရတယ်။ စေတီဥဏ်တော်ကတော့ ၃၇ ပေ၊ ထီးတော်က ၂ ပေ၊ စုစုပေါင်း ၃၉ ပေရှိသတဲ့။ ဒီစေတီတော်က ရှစ်မြှောင့်ကုလားကျောင်းမှာ အလယ်က ၁၅ ပေ ၆ လက္မ ပတ်လည်ရှိတဲ့ မဏ္ဍိုင်ထောက်ထားပြီး စေတီတည်ထားတဲ့အတွင်း ဂန္ဓကုဋီတိုက်ကတော့ အကျယ် ၁၈ ပေ အမြင့် ၁၁ ပေ ၆ လက္မ၊ စေတီလုံးပတ် ၇၁ ပေ ၆ လက္မ၊ ပတ်ပတ်လည် ပေ ၂၂၀ ဘုရားကုန်းတော် ယင်ပြင်ပေါ် ၄ ဘက် ၄ တန် မဟာရံတံတိုင်းခြံရံလို့ စေတီတော်နဲ့ တံတိုင်းကြား ၂၄ ပေရှိသတဲ့။ ပတ်ပတ်လည် တရုတ်စကားပန်းပင်တွေနဲ့ ဆိုတော့ ၁၂ ရာသီလုံး ပန်းပွင့်ပန်းခက် ပန်းရွက်တို့နဲ့ စေတီကို ပူဇော်ထားသလိုပေါ့ လေးလေးရာ။ ဘယ်ကြည့်ကြည့် သစ်ပင်ကြီးငယ်အသွယ်သွယ်ကလဲ ခုလို မိုးတွင်းမှာ စိမ်းလန်းတာကြောင့် ဘုန်းဘုန်း ဦးသဒ္ဓမ္မတောင်ကြည်နူးသွားသလို သောကတွေ တဒင်္ဂပျောက်သွားသတဲ့ဗျ ဒါကြောင့် ဒီနယ် ဒီမြေ ဒီတောဒီတောင်ဟာ သာမောဘွယ်ကောင်းလွန်းလို့ သူတော်ကောင်းစိတ်ဓာတ်အပြည့်နဲ့ အနန္တကျေးဇူးတော်ရှင် ကျွန်တော်တို့ ဆရာတော်ကြီးက ရွေးချယ်ပြီး တောထွက်လာတာနေမှာပေါ့။

ထိုအခါ ဘုန်းဘုန်း ဦးသဒ္ဓမ္မမှ မျိုးအောင်ရေ ဆရာတော်ကြီးတနေ့တာ သီတင်းသုံးနေထိုင်ပုံကောကွ ပြောစမ်းပါအုံးဟု အမိန့်ရှိလာပြန်ပါသည်။

မှန်ပါ့ မနက်ဆို ၃:၃၀ နာရီမှာ အိပ်ယာထတယ်ဘုရား ဆရာတော်ထတော့ တပည့်တော်လဲ မျက်နှာသစ်ရေကပ် မျက်နှာသုတ်ပုဝါ၊ သွားတိုက်ဆေး၊ သွားပွတ်တံတို့ ကပ်ရပါသည်။ ၄:၀၀ နာရီမှာ တပည့်တော်တို့ ဆရာတော်က တရားလုပ်ငန်းစတော့တာဘဲ ဘုရား။ သူတော်ကောင်းလက္ခဏာဆိုတာ အနီးကပ်နေမှ ပိုပြီးသိသာ



သင်ရှားတယ်ဘုရား တစ်နာရီထိုင် တစ်နာရီစင်္ကြံကြွ တစ်နာရီမတ်တတ်ရပ်နဲ့ ရှုမှတ်နေတာ တစ်နေကုန်ပါဘဲ ဘုရား။ ည ၁၀ နာရီထိုးပြီးမှ စင်္ကြံလျှောက်သံမကြားတော့ ကျိန်းစက်မှတ်သံမျှသာ တပည့်တော်တော့ သတိထားမိပါရဲ့။

နံနက်ဆို ၉ နာရီမှာ ရေချိုးတယ်ဘုရား။ ၉း၃၀ နာရီမှာ တစ်ထပ်တည်းသော ဆွမ်းကို ပတ္တပိုင်နယ်ဖတ်ပြီး သပိတ်နဲ့ဘုန်းပေးတယ်ဘုရား ရေသောက်ပြန်တော့လဲ သပိတ်နဲ့ဘဲ သောက်တယ်ဘုရား တပည့်တော်ဖြင့် အံ့သြရင်း ကြည်ညိုရင်းနဲ့ ကုသိုလ်တွေ ပွားနေမိပါတယ်ဘုရား။ တစ်နေ့ဆီကများဆို တပည့်တော်က ရွာထဲ ခဏသွားချင်လို့ ဆရာတော်ကို မထင်မှတ်ဘဲ တံခါးခြားက ချောင်းကြည့်လိုက်တာ မတ်တပ်ရပ်ရာက လဲသွားတာ ဘေးက နံရံရှိလို့သာပေါ့ဘုရား ဆရာတော်ဘုရားကြီး တရားကျင့်တာ တော်တော်ကို ပြင်းထန် လွန်းပါတယ် ဘုရား။ တံခါးက ပိတ်ထားတော့ တပည့်တော်မှာ အပြင်ကနေ ခြေမကိုင်မိ လက်မကိုင်မိဆိုသလို ဘယ်လိုလုပ်ရပါ့နဲ့ စိုးရိမ်လိုက်ရတာဘုရား ကိုကြီးဆန်းမြင့်ကို ပြောပြတော့ ဆွမ်းကပ်ချိန်မှာ ဆရာတော်ကိုလာလျှောက်တယ်ဘုရား ဆရာတော်က မစိုးရိမ်ပါနဲ့ကွာ ငါ့ဝေဒနာကို ငါကုစားရင်း တရား ဘာဝနာပွားတာပါတဲ့ မည်သူနဲ့မှလဲ တွေ့ခြင်ပုံ မရဘူးဘုရား။ တရားအလုပ်ဘဲ ဖောက်ချအားထုပ်နေတာ တွေ့ရတာပါဘဲ။

စကားပြောကောင်းနေကြတုံး ဆရာတော် ရေချိုးရန် အပြင်ထွက်လာတာမြင်ရသဖြင့် ဘုရားပေါ်မှ ဆင်းခဲ့ကြပါသည်။ ရေချိုးပြီး ဆွမ်းဘုန်းပေးနေစဉ် ဘုန်းဘုန်းဦးသဒ္ဓမ္မ၊ လေးဘသန်း၊ လေးသန်းထွန်းတို့ ဆရာတော်အား တစ်ယောက် တစ်မျိုး လျှောက်ထား နေကြပါသည်။ စကားတစ်လုံးမျှ မပြောဘဲ ဆွမ်းစားပြီးသောအခါ မင်းတို့အားယုံကြည်စွာဖြင့် ပုခုံးပြောင်းပေး၍ ငါ့ဘဝအငြိမ်းဓာတ်အတွက် တောထွက်ခဲ့တာ မနှောင့်ယှက်ကြလေနှင့် နောင်မည်သူမှ မလာကြနှင့်ဟု အမိန့်ရှိခါ ကျောင်းတံခါးကို ပိတ်လိုက်ပါတော့သည်။

စစ်ကိုင်းသို့ ဘုန်းဘုန်း ဦးသဒ္ဓမ္မတို့ ပြန်သွားကြသောအခါ ညနေချမ်းတွင် ဆရာတော်သည် စင်္ကြံကြွလာပြီး ကုဋီသွားရာလမ်း၌ မတ်တပ်ရပ်ခါ မောင်မျိုးအောင် ဒီနေ့မှစ၍ ငါသည် ဝစီပိတ်ကျင့်တော့မည်ဖူးတွေ့လိုသူတွေ လျှောက်ထားလိုသူတွေ ရောက်လာပါက ဘယ်လောက်ပဲ ရင်းနှီးပါစေ မည်သူ့အားမျှ မတွေ့လိုပါ ကြည့်ကောင်းအောင် ပြောပြတောင်းပန်၍တားမြစ်ပါဟု မိန့်ပါသည်။

အရိပ်တကာတို့တွင် သစ်ပင်၏ အရိပ်သည် မြေလှပေ၏။ စိတ်နှလုံးကို ရွှင်ပြုံးချမ်းသာလှပေ၏။ ထိုသစ်ပင်၏ အရိပ်တို့ထက် ဆွေရိပ်မျိုးရိပ်သည် ပို၍ချမ်းသာ၏။ ဆွေရိပ်မျိုးရိပ်ထက် ဆရာသမားမိဘများ၏ အရိပ်သည် ပို၍ပို၍ချမ်းသာ၏။ မိဘဆရာသမားများ၏ အရိပ်ထက် မင်းကောင်းမင်းမြတ်တို့၏ အရိပ်သည် ပိုသာ၍မြေချမ်းသာလှ၏။ မင်းကောင်းမင်းမြတ်တို့၏ အရိပ်ထက် ဘုရားတရား၏ အရိပ်သည် ပို၍ ပို၍ သာလွန်၍ပင်အေးမြချမ်းသာခြင်းကို ပေးစေတတ်၏။ ဤသည့်ထုံးကို နှလုံးမူခါ ကျေးဇူးရှင် ကျွှာ ဆရာတော်ဘုရားသည် မိမိ၏ ခံစားနေရသော နှလုံးသွေးကျောကျဉ်းရောဂါ၊ အဆုပ်ပွရောဂါစသည်များစွာကို ရက်ပေါင်း ၁၂၀ တိုင် တရားဖြင့် ကုစားရင်း အငြိမ်းဓာတ်ကို ရှာဖွေခဲ့ရာ ဒီတိုင်းဆိုအသက်ရှည်မှာမဟုတ်ဘူးဆိုသော ဆရာဝန်ကြီးများ၏ ခန့်မှန်းချက်စကားကို ဘုရားတရားတော်ဖြင့် ကုစားပယ်ရှားလိုက်ရာ ယနေ့ ၇၅ နှစ်တိုင် စိန်ရတုပွဲ ချိမ့်ချိမ့်သဲ ဆင်နွှဲချိန်ထိ သက်ရှိ ထင်ရှားကျန်းမာချမ်းသာများ စံစားရင်း ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းများကို ကြည်ညိုဘွယ်ရာ လုပ်ကိုင်ဆောင်ရွက်နေသည်ကို မြင်တွေ့ရပေသည်။ စိန်ရတုမှသည် ပတ္တမြားရတုဆီသို့တိုင်ပါစေဟု

တပည့်အပေါင်းကိုယ်စား ဆုမွန် မျှားတောင်းရင်း။

တပည့်မောင်မျိုးအောင်
ခေတ်သစ်ကိုကိုလွင်
အလျှုတော်မင်္ဂလာဘိသိက်တော်ဆက်
ကွက်စိပ်ပညာရှင်

## စိန်ရတုမင်္ဂလာ ဂုဏ်ပြုပူဇာ ကေပိုဒ်ရတု

ထေရ်ဘုန်းမဟာ၊ မြတ်ဆရာတည့်၊ သိက္ခာကာမ၊ ဝိနယနှင့် နာမသိဒ္ဓိ၊ ဂုဏ်ပေါင်းဟိတ်ဖြင့်၊ သုပ္ပဋိပန္န၊ ကျင့်သီလပြင်၊ ဗုဒ္ဓမြတ်စွာ၊ သာသနာကို မကွာယခု၊ ကြိုးစားပြု၍၊ တန္ခုနိုင်းဆို၊ ရွှေမြင်းမိုရ်သို့၊ ပုဂ္ဂိုလ်မဟာ ထေရ်ဆရာသည်၊ ကောဇာဂဏာ၊ တစ်သုံးစ၍၊ ထိုမှအလွန်၊ ငါးဆယ့်ခွန်တွင်၊ အမွန်သံဃာ၊ ဘဒ္ဒန္တဟု၊ လက္ခဏာထေရ်(ထီ)မဟာထေရ်သည်၊ တွက်ရေဇိဝ၊ ဆသုညဝယ်၊ အမတဒါန်၊ လှူစီမံ၍၊ တဖန်မင်္ဂလ၊ ဝိဇာတနှင့်၊ ဥပသမ္ပဒံ၊ ရဟာန်းခံဖြင့်၊ ရည်သန်တာဝ၊ ပဗ္ဗဇ္ဇနှင့်၊ သိက္ခမာနီ၊ ထိုမှတလီ၊ ဝတ်ယောဂီမို့၊ စုံညီကောင်းမှု၊ ရည်မျှော်ရှုလျက်၊ ပေါင်းစုအတူ၊ အားထုပ်ယူဖို့၊ တစ်ဆူဗုဒ္ဓ၊ ဟောညွှန်ပြသည့်၊ မဟာစည်မှန်၊ ဓမ္မကွန်ကို၊ ဖန်ဖန်မယုတ်၊ လွန်အားထုပ်၍၊ သမုတ်ဝေါဟာ၊ ကောဇာအစွန်၊ ငါးဆယ့်ခွန်မှ၊ ကျော်လွန်သချာ်၊ ရေတွက်ရာကား၊ ထောင်ရာတွက်စစ်၊ ခုနှစ်ဆယ့်နှစ်တွင်၊ သိမ့်တုံမဟာ၊ ပဗ္ဗဇ္ဇာနှင့်၊ စဉ်ဆက်အမှန်၊ ပဋ္ဌာန်းခံ၍၊ ကုသိုလ်တွက်စစ်၊ ရေးဖော်လှစ်သော်၊ ဆယ့်ငါးနှစ်တိုင်၊ လှူမဏ္ဍိုင်မို့၊ ပုံ့လိုင်တေဇာ၊ ထေရ်မဟာသည်၊ ဓမ္မာမြဲလျက်၊ ဝတ်မပျက်ဘဲ၊ နေ့ရက်မှန်စွာ၊ ပို့မေတ္တာနှင့်၊ သဒ္ဓါသန့်ရှင်း၊ နှလုံးသွင်း၍၊ အရင်းသိဿ၊ များသံဃာတို့၊ ထိုမှမခြားတပည့်များကို၊ တရားကိစ္စ၊ ကျင့်ဝတ္တဖြင့်၊ နိစ္စကာလံ၊ အမှန်နေ့ည၊ ဟောညွှန်ပြလျက်၊ ရောက်ထကောဇာ၊ ထောင့်သုံးရာနှင့်၊ ခုနှစ်ဆယ့်နှစ်တွင်၊ တူရာသီကျ၊ သီတင်းကျွတ်လ၏။ ပြည့်ဝကျော်တက်၊ ဒွိဟရက်တွင်၊ သက်တော်တွက်ပြား၊ ခုနှစ်ဆယ့်ငါး၌၊ ကဝိထေရ်ရ၊ ဝိဇာတကို၊ ပြုကြမပျက်၊ စဉ်အဆက်ဖြင့်၊ အသက်ရှည်ကြာ၊ မင်္ဂလာနှင့် လှူရာဒါန၊ အမတမို့၊ မှန်းဆနိဗ္ဗာန်၊ အဓိဋ္ဌာန်နှင့်၊ ငြိမ့်ညံသဘင်၊ ပွဲဆင်ယင်သည့်၊ တိုင်းတွင်မဏ္ဍိုင်၊ ရွှေခရိုင်ဟု၊ မွေးကြိုင်မနော၊ ရွာကတော၌၊ သာမောလှစွာ၊ ဒက္ခိဏာရာမ၊ ဝိဟာရတွင်၊ စိန်ရတုပွဲ၊ ဆင်ခါနွဲ့လျက်၊ လှူဒါန်းဒါနာ၊ ထေရ်မဟာသည်၊ သဒ္ဓါတည့်ရောင်လျှမ်း မကိုဋ်ပန်း....

တပည့်မောင်မျိုးအောင်(ခေတ်သစ်ကိုကိုလွင်)
အလှူတော်မင်္ဂလာဘိသိတ်တော်ဆက်
မန္တလေး။

## စိန်ရတုသဘင်ပွဲ (၇၀) ပေါ် တေးထပ်

မွေးနေ့မင်္ဂလာ ဝိဇာယနဟု
အတိ မဟာ ပဝရ ထေရ်ဘုန်းဆရာ
အရှိုပ်ပမာဏ နေနွှံးဖြာသလို
မြေလုံးကမ္ဘာ အလွန်ထင်ရှား
(၇၅) နှစ် သက်တမ်းအခါတွင်
ထက်စွမ်းသဒ္ဒါ ထိပ်တန်းခေါင်ကလွှား။
ကုသိုလ်ကောင်းမှု ရွှယ်လှစ်ခါရယ်
တကယ်အနှစ်သာ ထေရ်ဆရာတပါး
(၂၂) နှစ်တာ စေတနာအားဖြင့်
ဝေနေယျအများ သာသနာပြုဆောင်
အဂ္ဂမဟာ အခေါင်ပဏ္ဍိပ်မို့
အောင်လံတံဆိပ် အောင်ဟိတ် သာသနာ့အရောင်
သာသနိကလုပ်ငန်း အကျိုးပြုခေါင်ပါ
မညှိုးယခုဆောင် ရှာမှရှားသမို့
ဆရာဘုရား တစ်ပါး မွေးနေ့မင်္ဂလာအောင်ပွဲဆင်နွှဲခါ
ဂရုဓမ္မနဲ့ ပြုကြပါသည်
ဂုဏပူဇာ စိန်ရတုသဘင်မို့လေး
မဟာအဓိဂမ သဒ္ဒါစာတ်ခံမှာ
ဖြဟ္မာနတ်မကျန် သာဓုခေါ်ဘို့လေး
ကိုကိုလွင်တို့ ကြည်ညိုသဘင်မှာ
စာလွှာတင်ခါ အောင်ဘိသေနင့်လေး... ။ ။

* * *

*မောင်မျိုးအောင်(ကိုကိုလွင်)*
*အလှူတော်မင်္ဂလာ ဘိသိက်ဆရာ*

CARTOON

ထွဏ်း–မန်း





ဒေါက်တာချယ်ရီ

# "နေ" လို "လ" လို ဆရာတော်

(၇-၄-၂၀၁၀) နေ့မှာ ဝါးချက် ဇီဝိတဒါနသံဃာ့ဆေးရုံ၊ ငွေရတု စာစောင် စာမူရှင်များ ဂုဏ်ပြုပွဲပြုလုပ်တော့ ပဓာနဦးဆောင်ကျစွာ ဆရာတော်က စာမူရှင်တွေကို ကိုယ်တိုင်ကိုယ်ကျ လက်ဆောင်တွေပေးရင်း အဖိုးတန် အမှတ်တရ ဘော့ပင် တွေ ချီးမြှင့်ပြီး ကျစွာဆရာတော် ဘုရား၏ သက်တော် (၇၅) နှစ်ပြည့်အထိမ်းအမှတ် စိန်ရတု စာစောင် ထုတ်ဝေဖို့အတွက် စာမူတောင်းပါတယ်။ ချီးမြှင့်ခံရတဲ့ ဒီဘောပင်လေးက စာမူရေးဖို့ပေါ့။

စစ်ကိုင်းကျစွာချောင်မှာ 'ဘဝ အမော' ကို ဖြေလေ့ရှိတဲ့ ကျွန်မက အရဏ်ဦးဆို ဧရာဝတီ မြစ်ကမ်းဘေးမှာ လမ်းလျှောက်လေ့ရှိခဲ့ပါတယ်။ စစ်ကိုင်း ကျစွာဆရာတော်ဘုရားကြီးက 'တောင်ကို ထွင်း၊ မြေကိုခင်း' လို့ မြစ်ကမ်းဘေးကို ရှင်လူ အများ လမ်းပန်းလွယ်လို့ ချမ်းသာ စေကြောင်း ကုသိုလ်အရင်းအနှစ် ဖြစ်တဲ့ စစ်ကိုင်း-မင်းကွန်း ကားလမ်းပေါ်မှာ ခပ်တင်းတင်း လျှောက်လှမ်းရင်းနဲ့ ဆရာတော်ဘုရားရဲ့ ဂုဏ်ကျေးဇူးတွေ တွေးရင်း ငေးနေမိတယ်။ ဟိုး··· အရှေ့ကို လှမ်းမျှော်ရင်း တသွင်သွင်စီးနေတဲ့ မြစ်မင်းဧရာရဲ့ အရှေ့ဝေးဝေး ဆီမှာ ရှမ်းတောင်တန်းကြီးက မိုးကုတ်စက်ဝိုင်းကို ကာထား သလိုဘဲ ကာစီးနေတဲ့ တောင်တန်းကြီး က လမ်းစပျောက်အောင် ဟန့်တားထားသလို

ပါဘဲ။ မြစ်မင်းဧရာရဲ့ ရေအလျှင်လို ဖြစ်ပျက်စုံလင် ကျွန်မဘဝမှာ လမ်းစပျောက်နေလေ့ ရှိပါတယ်။ ငေးရင်းခဏမှာဘဲ အနီရောင်သန်းနေတဲ့ ကောင်းကင်ပြင်တွင် မှိုင်းမှုံနေတဲ့ တောင်တန်းကြီးထိပ်မှာ လင်းဖြာထွက်လာတဲ့ နေမင်းကြီး ပေါ်လာပါတယ်။ ခွန်အားသတ္တိတွေ ဖော်ကြူးနေတဲ့ အနီရောင်နေမင်းကြီးက တောင်တန်းထိပ်မှာ မေးတင်လာစဉ်ခဏ ကျွန်မစိတ်မှာ တစ်နေ့တာအတွက် ကြည်နူးမှုနဲ့အတူ အမောတွေပြေ၊ အားအင်တွေ ဝေလာခဲ့ပါတယ်။ ဒီလိုနဲ့ဘဲ ကျုံစွာချောင် အတက်လမ်းကို အားအင်အသစ်နဲ့ တစ်လှမ်းချင်း လှမ်းတက်လာမိတယ်။ ကျုံစွာချောင် တက်လမ်းထိပ်က ရွှေစံနန်းမှာ ချောင်သခင်၊ ဆရာတော်အသျှင်ကို ဖူးတွေ့လိုက်ရစဉ်ခဏ ကျွန်မရင်မှာ အရုဏ်ဦးက နေမင်းကြီးကို မြင်တွေ့လိုက်ရစဉ်၊ ရရှိခံစားမိတဲ့ အင်အားတွေ တစ်နေ့တာအတွက် ခွန်အားတွေနဲ့ ဘဝအလင်းမှာ လျှောက်လှမ်းရမယ့် ခရီးလမ်းကို မြင်တွေ့လိုက်ရသလိုဘဲ ရရှိခံစားရပါတယ်။ ဪ 'အရုဏ်ဦးကနေမင်း' လို ဆရာတော်ပါ။

တစ်နေ့တာအတွက် ရရှိခဲ့တဲ့ စွမ်းအင်တွေနဲ့ ဆရာတော် တည်ထောင်ထားတဲ့ ကျုံစွာချောင်ရဲ့ မြောက်ဘက်နားဆီက ဝါးချက် ဇီဝိတဒါန သံဃာ့ဆေးရုံမှာ ကျွန်မ တတ်ထားခဲ့တဲ့ ဆရာဝန်ပညာ၊ စီမံခန့်ခွဲမှု၊ သင်ကြားမှုပညာတွေနဲ့ လူနာတွေ့ရင်ဆေးကု၊ ရုံးခန်းမှာ ကူညီစီမံ၊ သူနာပြုဆရာမလေးတွေကို တတ်သမျှလေးတွေ သင်ကြားနဲ့ တစ်နေကုန် လုပ်အားပေးနေလေ့ရှိပါတယ်။ ညနေ စောင်းလို့ နေဝင်ရင် အနားယူဖို့မောပန်းစွာနဲ့ ကျုံစွာချောင်ကို ပြန်ပါတယ်။ မောမောပန်းပန်းနဲ့ အားအင်ခမ်းနေတဲ့ ကျွန်မအတွက် ကောင်းကင်မှာ ပေါ်ထွန်းလာတဲ့ လမင်းကြီးမှာ အေးမြမှုကို ပေးစွမ်းနေတဲ့ အမောပြေစရာပါလားလို့ ခံစားမိတယ်။ တစ်နေ့တာရဲ့ လုပ်အားဒါနမွဆန္ဒစေတနာကို ပြန်လည်စဉ်းစားရင်း အေးချမ်းသာစေတဲ့ 'လမင်းကြီးကို' တွေ့လိုက် ရသလိုမျိုး ခံစားရပြန်တယ်။ ကျုံစွာဆရာတော်ဦးလက္ခဏက 'နေ' လို 'လ' လို ဆရာတော်ပါလားလို့ ကျွန်မ ခံစားရရှိသလို စွမ်းအားတွေ၊ အေးချမ်းမှုတွေ ကိုယ်လိုတဲ့ အများသူငါလဲ ရရှိလိမ့်မယ်လို့ ယုံကြည်မိပါတယ်။

အကြောင်းမှာတော့ ဆရာတော်ရဲ့ ပါရမီကျင့်စဉ်တော်တွေကို အများသူငါ လက်တွေ့ မြင်နေကြ၊ ကြားနေကြရတာမို့လို့ပဲ ဟု တွေးမြင်မိပါတယ်။ ဒီပါရမီတော်တွေနဲ့ ဆက်စပ်ပြီးတော့ ယနေ့ ခေတ်မြန်မာ့ဗုဒ္ဓသာသနာရဲ့ ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိကဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ဦးစီးရေးသားတော်မူသော မဟာဗုဒ္ဓဝင်ပဋ္ဌမတွဲက ဗုဒ္ဓမြတ်စွာရဲ့ 'ပါရမီတော်ဆင်ခြင်ခန်း' ကို ပြန်ရှုဖတ်မိပါတယ်။

**၁။ ဒါနပါရမီ**

'လောက၌ ရေဖြင့်ဖြစ်စေ၊ နို့ရည်ဖြင့်ဖြစ်စေ တစ်စုံတစ်ရာဖြင့် ပြည့်နေသောအိုးကို မှောက်သွန်လိုက်လျှင် ရှိသမျှ ရေအလုံးစုံကို အကျန်မထားပစ်သကဲ့သို့၊ ထို့အတူ အယုတ်၊ အလတ်၊ အမြတ်ဖြစ်သော အလှူခံ ပုဂ္ဂိုလ်တို့ကို မြင်လျှင် မိမိ၌ ပေးလှူရန် ရှိသမျှကို အကြွင်းအကျန်မထားဘဲ မှောက်သွန်လိုက်သော ရေအိုးပမာ ပေးလှူပါလေလော့' ဟူ၍ သုမေဓာရသေ့သည် မိမိကိုယ်မိမိ ဆုံးမတော် မူလေသည်တဲ့။

ကျုံစွာဆရာတော်ရဲ့ လှူဒါန်းပေးကမ်းမှုတွေကို အာရုံပြုကြည့်မိပါတယ်။ မြတ်သောဆရာတော်ကြီးများကို ကာလဒါနနှင့်အညီ၊ မိမိရှိတဲ့ ထွင်ရွှင်ရွှင်မြတ်မြတ်ပစ္စည်းကို အစဉ်လှူဒါန်းလေ့ရှိပါသည်။ လာရောက် အကူအညီတောင်းခံတဲ့ လူမှန်သမျှကိုလည်း စိစစ်ရွေးချယ်ခြင်း မရှိ၊ သနားကရုဏာထား ချမ်းသာစေကြောင်း ရှိရှိသမျှ နဝကမ္မတွေ အမြဲပေးလှူလေ့ရှိပါတယ်။

ကျန်းမာရေး အတွက် (ဝါးချက်) ဇီဝိတဒါနသံဃာ့ ဆေးရုံကြီး ဖွင့်လှစ်ပြီး ဇီဝိတဒါနအလှူ၊ ပညာရေးအတွက် ဝါးချက်ကျေးရွာနဲ့ မွေးဇာတိ ကတောကျေးရွာမှာ ကျောင်းတွေဆောက်လုပ်လှူ၊ ငွေကြေးမပြည့်စုံလို့ တက္ကသိုလ်မတက်နိုင်ဘူး ကြားလျှင် ပညာသင် ထောက်ပံ့ကြေးအလှူလာတောင်းသမျှ ရှိရှိသရွေ့ ပေးကမ်းလှူနေတာပါဘဲ။ လိုအပ်လို့ တောင်းရင် ဆရာတော်က အသွေးအသား၊ ကိုယ်လက်အင်္ဂါတွေပါ အရှင်လတ်လတ် ဖြုတ်လှူမယ် ထင်မိပါတယ်။ လူတွေက သူတို့ဆင်းရဲဒုက္ခတွေ တင်ပြပြီး လိုအင်ဆန္ဒတွေကို မိုးလင်းမှ မိုးချုပ်လာရောက်တောင်းခံကြလွန်းလို့ ကျွန်မက ဆရာဝန်ပီပီ ဆရာတော် စိတ်ပင်ပန်းမှာ စိတ်ပူမိပါတယ်။ လာရောက် တောင်းခံသူတွေကို ဟန့်တားမိရင် 'ဆရာတော်ဘုရားက သူပေးနိုင်၊ စီမံနိုင်၊ လုပ်ဆောင်နိုင်သရွေ့ လက်ခံဆောင်ရွက်၊ ပေးကမ်းနေတာတဲ့' စေတနာသုံးတန်ပြဋ္ဌာန်း ဆောင်ရွက်ပြီး ပီတိကိုသာစားအားရှိပါသတဲ့။ ကျွန်မကိုဘဲ တရားပြ နားချလေ့ ရှိပါတယ်။ တကယ့် ' ဥပဒါနပါရမီရှင်ပါပဲ'

**၂။ သီလပါရမီ**

'လောက၌ အောင်းဟုခေါ်သော သားကောင် (စာမရီမည်သောသားကောင်) သည် မိမိ၏ မြီးဆံတစ်စုံသော နေရာ၌ ငြိနေသည်ရှိသော် ထိုငြိနေသော နေရာမှာပင် အသက်ကို အသေခံ၍ မိမိ၏မြီးဆံကို မပျက်စေဘဲ စောင့်ရှောက်သကဲ့သို့ ဤအတူ အမောင်သုမေဓာသည်လည်း (၁) ပါတိမောက္ခသံဝရ၊ (၂) ဣန္ဒြိယသံဝရ၊ (၃) အာဇီဝပါရိသုဒ္ဓိ၊ (၄) ပစ္စယသန္နိဿိတ တည်းဟူသော ကုသိုလ်တရားတို့၏ တည်ရာလေးဌာနတို့၌ သီလတို့ကို ထက်ဝန်းကျင် ပြည့်စုံအောင် ဖြည့်ကျင့်လော့။ စာမရီမည်သော သားကောင်သည် အသက်ပေး မိမိမြီးဆံကို စောင့်ရှောက်သကဲ့သို့ အခါခပ်သိမ်း သီလကိုစောင့်ရှောက်လော့' ဟု ဖတ်ရပါတယ်။

ကမ္မဋ္ဌာန စရိယဆရာတော် တစ်ပါးဖြစ်သော ကျုံစွာဆရာတော်သည် ဝိနည်းနှင့်သီလကို အမြဲဆင်ခြင်၊ စာရဏကျင့်စဉ်တွေနဲ့ နေထိုင်နေတာတွေ မြင်တွေ့နေတော့ ဆရာတော်၏ သီလပါရမီကို ပုထုဇဉ်ကျွန်မအနေဖြင့် မဆန်းစစ်လိုပါ။

**၃။ နေက္ခမ္မပါရမီ**

'ထောင်အိမ်ထဲ၌ အချိန်ကြာမြင့်စွာနေရ၊ ဆင်းရဲ ဒုက္ခဖြင့် အချိန်ရှိသမျှ အနှိပ်စက်ခံနေရသော ယောကျ်ားသည် ထိုထောင်အိမ်၌ နှစ်သက်ခြင်း၊ တပ်မက်ခြင်းကို မဖြစ်စေပဲ၊ ထိုထောင်အိမ်မှ လွတ်

မြောက်ခွင့်ကိုသာလျှင် ရှာမှီးသကဲ့သို့ ထိုအတူ အမောင်သုမေဓာသည်လည်း ကာမ၊ ရူပ၊ အရူပဟူသော အလုံးစုံသော ဘဝတို့ကို ထောင်အိမ်ကြီးများကဲ့သို့ ပညာဆင်ခြင်ရှုမြင်လေလော့၊ အလုံးစုံသော ဘဝတို့မှ လွတ်မြောက်ဖို့ရန် တောထွက်ခြင်းအမှုကို ရှေးရှုလော့' ဟု ရေးသားထားတာ ဖတ်ရပါတယ်။

ကျစ္စာဆရာတော်သည်လည်း ကျန်းမာရေးချွတ်ယွင်း ဝေဒနာခံစားရင်းနဲ့ ဘဝဒုက္ခကို ပညာနဲ့ဆင်ခြင်ကာ စဉ့်ကူးနယ် ပတ်လည်အင်းရှိ သီတင်းသုံးတောင်မှာ သက်န်းသုံးထည်၊ သပိတ်တစ်ခုလုံးနဲ့ လွန်ခဲ့သော တစ်ဆယ့်ငါးနှစ်ကျော် ကာလက တစ်ပါးတည်း တောထွက် ဧကစာရီကျင့် နေထိုင်ခဲ့ဖူးပါတယ်။ လွန်ခဲ့တဲ့ နှစ်ကလည်း ဘဲ နှလုံးရောဂါ ဖောက်လာတော့ တရားနဲ့ ဆင်ခြင်နေမယ်ဆိုပြီး၊ ရှေးမင်းကျောင်း ဆရာတော် ဘုရားကြီး တောထွက်ခဲ့တဲ့ ကျစ္စာချောင်အထက် မဟာ အတုလရံသီ ဓမ္မရိပ်သာမှာ တစ်ပါးထဲ ဧကသနိက်ဘုန်းပေးကာ၊ သက်န်းသုံးထည်၊ သပိတ်တစ်လုံးနဲ့ နေက္ခမ္မပါရမီကျင့်ခဲ့တာ သတိရမိပါတယ်။ ဒါလည်း ထူးခြားတာကိုပဲ ဖော်ပြခြင်း ဖြစ်ပါတယ်။ တကယ်တော့ ကျစ္စာဆရာတော်မှာ ၁၂ နှစ်အရွယ်က သက်န်းဆည်းလာခြင်းဖြစ်၍ နေက္ခမ္မပါရမီကို ငယ်စဉ်က စကျင့်ခဲ့တာပါ။

**၄။ ပညာပါရမီ**

ဆွမ်းခံလှည့်လည်သော ရဟန်းသည် အယုတ်၊ အလတ်၊ အမြတ်ဖြစ်သော အိမ်တို့ကို မရှောင်ကြဉ်ပဲ အိမ်စဉ်အတိုင်း လှည့်လည်ဆွမ်းခံသဖြင့် မျှတလောက်သောဆွမ်းကို ရသကဲ့သို့၊ ထို့အတူ အမောင်သုမေဓာသည်လည်း အခါခပ်သိမ်းအယုတ်၊ အလတ်၊ အမြတ်မရွေး ပညာရှိသောပုဂ္ဂိုလ်တို့ကို ချဉ်းကပ်၍ သိသင့်သမျှ တရားအချက်အလက် အနက်အဓိပ္ပာယ်တို့ကို မေးမြန်းပြီးလျှင် ပညာပါရမီကို အထွတ်အထိပ် ရောက်အောင် အားထုတ်ပါလော့' ဟု ပညာပါရမီဆင်ခြင်ခမ်းမှာ ဆက်ဖတ်ရပြန်ပါတယ်။

ဆရာသမားများထံမှာ ကျမ်းပြီးမြောက် သင်ကြားလေ့လာကာ စရဏတရား

**'သားတို့သေဌ်နင်း ကေသရာ ခြင်္သေ့မင်းသည် ထိုင်ခြင်း၊ ရပ်ခြင်း၊ သွားခြင်း၊ ဣရိယာပုတ်တို့၌ မတွန့်မဆုတ်သော ဝီရိယရှိသည်ဖြစ်၍ အခါခပ်သိမ်းချီပင့်အပ်သော စိတ်နှလုံးရှိသကဲ့သို့ အလုံးစုံ ဖြစ်လေရာရာ ဘဝတို့၌ ဝီရိယကိုမြဲမြံစွာ ချီပင့် လေလော့'**



များဖြင့် ကျင့်ကြံရင်း၊ ယခု အသက်အရွယ် အနေအထားမှာလဲဘဲ စာပေကျမ်းဂန်များကို ဖတ်ရှုလေ့လာအားထုတ်နေသည်မှာ ကျွန်မ မျက်မြင် ပညာပါရမီရှင်ပါဘဲ။ ဒါကြောင့်လည်း ကမ္ဘာက လက်ခံနေတဲ့ ကမ္ဘာ့ဒွန စရိယ ဖြစ်ရတာပါ။

**၅။ ဝီရိယပါရမီ**

'သားတို့သေဌ်နင်း ကေသရာ ခြင်္သေ့မင်းသည် ထိုင်ခြင်း၊ ရပ်ခြင်း၊ သွားခြင်း၊ ဣရိယာပုတ်တို့၌ မတွန့်မဆုတ်သော ဝီရိယရှိသည်ဖြစ်၍ အခါခပ်သိမ်းချီပင့်အပ်သော စိတ်နှလုံးရှိသကဲ့သို့ အလုံးစုံ ဖြစ်လေရာရာဘဝတို့၌ ဝီရိယကိုမြဲမြံစွာ ချီပင့်လေလော့' ဟု ဝီရိယပါရမီ ဆင်ခြင်ခန်းမှာ ဖတ်ရပြန်ပါတယ်။

စာဆိုနှင့်အညီ ကျစ္စာဆရာတော်သည် ဣရိယာပုတ်တိုင်းမှာ သတိကို မြဲမြံစွာဖြင့် ဝီရိယဖြင့်အစဉ်အမြဲ နေထိုင်လေ့ရှိသူဖြစ်ကြောင်း အနီးကပ် နေထိုင်သူတို့ သိကြပါတယ်။ မြင်ရသူတို့ သန္တာန်၌ ဝီရိယဓာတ်ဦးစီးတဲ့ သူတော်ကောင်းဓာတ်တွေ ကိန်းအောင်းလာအောင် အတု ယူချင်စိတ်တွေ ဖြစ်ပေါ်လာအောင် စွမ်းဆောင်နိုင်သူ ဖြစ်ပါတယ်။

**၆။ ခန္တီပါရမီ**

'မဟာပထဝီ ဤမြေကြီးသည် စင်ကြယ်မွန်မြတ်သော အရာဝတ္ထုကိုပင် ဖြစ်စေ၊ မစင်မကြယ်ယုတ်ညံ့သော အရာဝတ္ထုကိုပင်ဖြစ်စေ၊ မိမိအပေါ်သို့ ပစ်ချအပ်သမျှ အလုံးစုံကို မုန်းခြင်း၊ ချစ်ခြင်းကို အလျဉ်းမပြု၊ သည်းခံ၍သာ နေသကဲ့သို့၊ ခပ်သိမ်းသောသူတို့၏ မြတ်နိုးသနာ ပူဇော်သက္ကာရမှုပြုခြင်း၊ မထေမဲ့မြင်ပြုမှု ပြုခြင်းတို့ကို သည်းခံလေလော့' ဟူ၍ တစ်ဖန် ဖတ်မိ ပြန်ပါတယ်။

ကျစ္စာဆရာတော်၏ ခန္တီပါရမီဂုဏ်အင် အထူးကတော့ တွေ့ဖူးသူတိုင်း ဂရုပြုမိ ကြပါတယ်။ တစ်နေ့ တစ်နေ့ ဆရာတော်ထံလာရောက်ဖူးမြော် ပူဇော်သူမှန်သမျှကို လည်းကောင်း၊ လောကီလူသားများ၏ ဒုက္ခပြဿနာများကို လာရောက်လျှောက်ထားသူများကိုလည်းကောင်း၊ ဝမ်းမြောက်ဖွယ်သတင်းကောင်း၊ ဂုဏ်သတင်း

များကို လျှောက်ထားချီးမွမ်းနေသူများကို လည်းကောင်း၊ လူမျိုးမျိုး နတ်ထွေထွေ ဆိုတဲ့ စကားလို လူအမျိုးမျိုးက အမျိုးမျိုးသော စကားတွေ ပြောဆိုနေကြသည်ကို လည်းကောင်း၊ မိမိခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်မှုတွေကို ပဓာနမထားဘဲ အပြုံးမပျက် အေးချမ်းသော မျက်နှာထား၊ တည်ငြိမ်သာယာသော စကားများဖြင့်သာ လက်ခံပြောဆို ဆက်ဆံလေ့ရှိပါတယ်။

**၇။ သစ္စာပါရမီ**

'နတ်နှင့်တကွသော တစ်လောကလုံး၌ မှန်ကန်စွာ သော့ချိန်ကြီးသဖွယ် ဖြစ်သည့် သောက်ရှူးကြယ် (သောကြာကြယ်) သည် မိုးအခါ၌၎င်း၊ ဆောင်းဥတု၊ နွေဥတုအခါ၌ ၎င်းမိမိသွားမြဲဖြစ်သော ခရီးလမ်းကြောင်းမှ မလွဲမဖယ် တည့်မတ်စွာသွားသကဲ့သို့ မှန်ကန်သော သစ္စာသဘောတို့၏ လမ်းကြောင်းသဖွယ် ဖြစ်သော မြင်အပ်သောအရာ၊ ကြားအပ်သောအရာ၊ ရောက်အပ်သောအရာ၊ သိအပ်သောအရာ။ မမြင်အပ်သောအရာ၊ မကြားအပ်သောအရာ၊ မရောက်အပ်သောအရာ၊ မသိအပ်သောအရာ၊ ဤရှစ်ဖြာသော ခရီးလမ်းမှာ မဖယ်မလွဲလေသင့်။ ဤသို့သစ္စာလမ်းမှ တည်သော ပြောဆိုခြင်းကို အရိယဝေါဟာရဟု မြတ်စွာဘုရားက ဟောကြားတော်မူပါတယ်။

အပြောအဆိုဆင်ခြင်၊ အမူအရာသိပ်သည်း ဂုဏ်အင်အရှိ၊ သည်းခံတည်ငြိမ် အေးချမ်းစွာနေလေ့ရှိသော ဆရာတော်သည် သစ္စာပါရမီနှင့် ညီနေပေလိမ့်မည်။

**၈။ အဓိဋ္ဌာနပါရမီ**

'လောက၌ တုန်လှုပ်ခြင်းမရှိ၊ ပကတိကောင်းစွာ တည်ရှိသော ကျောက်သားတောင်ကြီးသည် ပြင်းစွာ တိုက်ခတ်လာသောလေတို့ကြောင့် တုန်လှုပ်ခြင်းအလျှင်းမရှိ၊ မိမိတည်ရာဌာန၌သာ ကြံ့ကြံ့တည်သကဲ့သို့ မိမိဆောက်တည်အပ်သော ပါရမီထုကုသိုလ်မှု၌ မည်သည့်အခါမျှမပျက်ကွက်တုန်လှုပ်ခြင်းမရှိပဲ ပြည့်စုံ အောင်ဖြည့်ကျင့်လေလော့' ဟု ဆက်ခါတစ်ဖန် ဖတ်ရပြန်ပါတယ်။

ကျစွာဆရာတော်၏ ဖြည့်ကျင့်အပ်သော အဓိဋ္ဌာန် (၅) ရပ်ကတော့

၁။ ကံကောင်းထောက်မ၍ လူ့ဘဝကိုရခိုက် ထိုလူ့ ဘဝကို အကျိုးရှိအောင် သုံးပါမည်။

၂။ ကံကောင်းထောက်မ၍ လူ့ခန္ဓာကိုယ်ကို ရခိုက်ထို လူ့ခန္ဓာကိုယ်ကို အကျိုးရှိအောင် သုံးပါမည်။

၃။ ကံကောင်းထောက်မ၍ လူ့အင်အားဗလကိုရခိုက် ထိုလူ့အင်အားဗလကို အကျိုးရှိအောင်သုံးပါမည်။

၄။ ကံကောင်းထောက်မ၍ လူ့အသိဉာဏ်ကိုရခိုက် ထိုလူ့အသိဉာဏ်ကို အကျိုးရှိအောင်သုံးပါမည်။

၅။ ကံကောင်းထောက်မ၍ လူ့စည်းစိမ်ကိုရခိုက် ထိုလူ့စည်းစိမ်ကို အကျိုးရှိအောင် သုံးပါမည်။

ထိုအဓိဋ္ဌာန်များနှင့်အညီ မည်ကဲ့သို့သော အကြောင်းအရာ၊ အချိန်အခါကြောင့်ဖြစ်ပါစေ၊ မိမိ ဆုံးဖြတ် ဆောင်ရွက်နေသောကိစ္စတို့၌ ပျက်ကွက်တုန်လှုပ်ခြင်းမရှိ သဘာဝနာပြုလျက်ရှိသော ဆရာတော်၏ အဓိဋ္ဌာနပါရမီမှာ နှုန်းယှဉ်မည်မဟုတ်ပါ။

**၉။ မေတ္တာပါရမီ**

'လောက၌ ရေမည်သည်မှာ သူကော်ကောင်း၊ သူယုတ်မာဟု မျက်နှာမရွေး၊ သုံးချိုးသမျှသော သူတို့ကို အအေးဓာတ်ဖြင့် ပြန့်နှံ့စေ၍ မြူအညစ်အကြေးတို့ကို ကင်းဝေးသုတ်သင် စင်ကြယ်စေသကဲ့သို့ မိမိအပေါ်၌ အစီးအပွားမလိုလားသူ (ရန်သူ) အစီးအပွားလိုလားသူ (မိတ်ဆွေ) ဤနှစ်ထွေသောသူတို့ကို အညီအမျှ မေတ္တာတရားပွားများလေလော့' ဟု ဖတ်ရှုရပြန်ပါတယ်။

ကျစွာဆရာတော်သည် ၅၂၈ သွယ်မေတ္တာပို့နည်း အဖြာဖြာဖြင့် အရပ် (၁၀) မျက်နှာရှိ နတ်လူသတ္တဝါ အပေါင်းဘေးရန်သောက ကင်းဝေး ချမ်းသာစေကြောင်း နေ့စဉ် မေတ္တာပွားနေသံကို ကြားသိရသလို၊ လက်တွေ့လည်း အပြစ်မမြင် မေတ္တာတွေထား၊ သနားကရုဏာပွား၊ မုဒိတာလက်စွဲတရားနဲ့ လုပ်ဆောင်နေတာတွေကို အစဉ်မြင်တွေ့နေရလျက်ပါ။

**၁၀။ ဥပေက္ခာပါရမီ**

'လောကူပမာအားဖြင့် ဤမဟာပထဝီဤမြေကြီးသည် မိမိအပေါ် တစ်စုံ တစ်ယောက်က ပစ်ချအပ်သည့် မစင်ကြယ်သော ဝတ္ထုကိုပင်ဖြစ်စေ၊ ဤနှစ်ပါးစုံတို့ကို မုန်းခြင်း၊ ချစ်ခြင်းအလျှင်းမရှိပဲ လျစ်လျူရှုသကဲ့သို့ ချမ်းသာမှု၊ ဆင်းရဲမှုတို့၌ အခါခပ်သိမ်းပင် ချိန်ခွင်သဖွယ် အလယ်တည့်မတ် မချစ်မမုန်းအောင် ကျင့်သုံးဆောက်တည်ပွားများပါလော့' ဟု ဥပေက္ခာပါရမီ အပိုင်းမှာ ဖတ်မိပါတယ်။

ကျစွာဆရာတော်ထံ နေ့စဉ်နဲ့အမျှ လာလာသမျှ လူ့ကိစ္စတွေ၊ ဖြစ်ဖြစ်သမျှ ပြဿနာတွေအပေါ်မှာ ဆရာတော်က မချစ်မမုန်းစိတ်ဖြင့် စီမံဆောင်ရွက် ကျေနပ်စေပါတယ်။

ပါရမီရှင်မို့ 'နေ' လို ဖွင့်အင်တွေ ပေးနိုင်တာပါ။ ပါရမီရှင်မို့ 'လ' လို လန်းဆင်စေနိုင်တာပါ။ ကမ္ဘာ့ဌာနာ စရိယဆရာသခင်ကို ခြေစုံဦးခိုက်ပြီး 'နေ' ရော၊ 'လ' ပါ အစဉ်သာ ချမ်းသာစေကြောင်း ဆုတောင်းလျက်။ ။

* * *

*ဒေါက်တာချယ်ရီ*

# မြန်မာပြည်တွင်ကြုံခဲ့ရသည့်
# မွမ်းမံသင်တန်းကြီးတစ်ခု




ဦးအောင်ဖင်း

(ဗြိတိသျှ အပ်စိုက်ကုကောင်စီမှ ၂၀၁၀ ဧပြီလ (နွေဦး ပေါက်) တွင် ထုတ်ဝေသူ စာစောင်စာမျက်နှာ ၁၇/၁၈ တွင် ဖော်ပြသော ဆောင်းပါးကို မြန်မာ ပြန်ဆိုခြင်း ဖြစ်ပါသည်)

ရေးသူ- ဂျွန် ဟမ်းဝီး
ကမ်းဘရီးယားနှင့်အောက်စဖို့ဒ်
အပ်စိုက်ကောင်စီအဖွဲ့ဝင်

မြန်မာဗုဒ္ဓဘာသာဝင်များအဖို့ အလွန်အရေးပါတဲ့ မန္တလေးမြို့အနီး ရေဝတီမြစ်ဘေးက (စစ်ကိုင်းတောင်ရိုး)မှာ အမေရိကန်လူငယ်တစ်ဦးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၀) ခန့်က လပေါင်းများစွာ ဝိပဿနာတရား ရှုမှတ်ပွားများခဲ့ပါတယ်။ တစ်နေ့တော့ သူဟာ ရွာထဲသို့ဆင်းလာစဉ် အမျိုးသမီးကြီး တစ်ယောက်က သူလို အနောက်တိုင်းသား တစ်ယောက်ကို တွေ့လိုက်တော့ သူစိမ်းပြင်ပြင် ဖြစ်ပေမယ့် ကရုဏာသက်ကာ သူ့အားကိုကာကိုလာ အချိုရည်တစ်ဘူးပေးခဲ့ပါတယ်။

လက်ဟန်ခြေဟန်နဲ့ ပြောပြတာကိုမြင်ရစဉ် မှာတော့ ရင်နင့်အောင် ခံစားရမိတဲ့အတွက် 'ဒီပတ်ဝန်းကျင်ကို တစ်နည်းနည်းနဲ့ ကျေးဇူးဆပ်မှဖြစ်မယ်' လို့ သူတွေးခဲ့မိပါတယ်။ ကူညီနိုင်မယ့် နည်းလမ်းပေါင်းများစွာကို စဉ်းစားလို့ရခဲ့ပါတယ်။ တစ်နည်းက အနီးအနား ဆေးရုံမှာ အနောက်တိုင်း အပ်စိုက်ကုအဖွဲ့ နှစ်စဉ်မှန်မှန်လာပြီး၊ သင်ကြားပေးရင်း ကုသပေးဖို့နည်းပဲဖြစ်ပါတယ်။ ဒီနှစ်ရောက်လာတာဟာ (၁၀) နှစ်ပြည့်တဲ့ (၁၁) ခေါက် မြောက်ဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့မှာ ငါးဦးပါဝင်ပြီး၊ ဗြိတိသျှနိုင်ငံမှလေးဦးနဲ့ အမေရိကန် ပြည်ထောင်စုမှ တစ်ဦးတို့ ဖြစ်ကြပါတယ်။ အဲဒီအနက် တစ်ဦးက စတုတ္ထအကြိမ်၊ အခြားတစ်ဦးက ဒုတိယအကြိမ် လာရောက်ခြင်းပါ။ ကျွန်တော့် အတွက်တော့ ပထမဆုံးအကြိမ် ဖြစ်ပေမယ့် နောက်ဆုံးအကြိမ်တော့ မဟုတ်သေးပါဘူး။ ကျွန်တော့် ဘဝတစ်သက်တာမှာ အခက်ခဲပင်ပန်းဆုံး ကုသမှုဆောင်ရွက်မှု ဖြစ်ပါတယ်။ ဒီခရီးစဉ် အသွားအပြန်အတွက် ကျွန်တော့် ငွေအားလုံးကို သုံးစွဲဖြစ်ပြီး နောက်ထပ်သွားနိုင်ဖို့လည်း ကြာရှည် စောင့်မနေချင်တော့ပါ။

မူလ အစီအစဉ်ထားတဲ့အတိုင်း ဆေးရုံမှာ အပ်စိုက်ကုအတွက် ပေးထားတဲ့ အခန်းနှစ်ခုမှာ တစ်ပတ်ကြာ ကုသခဲ့ကြတယ်။ တစ်ခန်းက ခုတင် (၁၂) ခု အခြားအခန်းက ခုတင် (၁၀) ခု ပါဝင်တယ်။ ဒုတိယအပတ်မှာ ကျေးရွာတစ်ရွာသို့ (မြင်းခြံခရိုင်၊ ကတော ကျေးရွာ) သွားခဲ့ပြီး ဘုန်းကြီးကျောင်းဝင်းအတွင်းမှာ ကုသခဲ့ကြပါတယ်။ ခုတင်မရှိတော့ သစ်သားကြမ်းခင်းကွပ်ပျစ်ရှည်ကြီးတွေပေါ်မှာ ကုသပေးခဲ့ရပြီး၊ အခြား ပြင်ပနေရာတစ်ခုမှာလည်း ကုသပေးခဲ့ရပါတယ်။ လူနာတွေအတွက် သင့်တော်မယ့် အခြားနေရာ ရှိဦးမယ်လို့ ထင်တာပဲ။

ကျွန်တော်တို့အဖို့တော့ လူနာတွေအများကြီး ရောက်လာကြတာကို ကြိုက်ပါတယ်။ ပထမနေ့မှာ လူနာ (၁၀၀) ခန့်လာခဲ့ပြီး၊ တစ်နေ့ထက်တစ်နေ့ လူနာ ဦးရေ ပိုများလာရာမှ နောက်ဆုံးတစ်နေ့မှာ လူနာ (၅၀၀) ကျော်တယ်လို့ ပြောသံကြားရပါတယ်။ ဒါဟာ ချဲ့ကား ပြောတာဖြစ်နိုင်ပေမဲ့ လူနာဦးရေဟာ လှိုင်းလုံးပမာ ပိုပိုများလာတာသေချာပါတယ်။ ကုသဖို့ တိုးချဲ့နေရာထပ်ရှာကြရပါတယ်။ နောက်ဆုံးနေ့မှာတော့ ကျွန်တော်တို့ တစ်တွေအားကုန်သွားကြပြီ။ အလုပ်ကများလွန်း ပင်ပန်းလွန်းတယ်လေ။ ပြောရမယ်ဆိုရင် (တစ်နေ့တည်းမှာ) ကျွန်တော်ကိုယ်တိုင် လူနာ (၂၆) ယောက်ကို ကုသပေးခဲ့ပြီး အခြားလူနာ (၄၀) ကို လက်ထောက်ဆရာတွေ ကုနိုင်ဖို့ ကြီးကြပ်ညွှန်ကြားပေးခဲ့ရပါတယ်။

ကျွန်တော်တို့ ကုသပေးခဲ့ရပုံတွေက ဒီလိုပါ။ ကျွန်တော်တို့ကို ကူညီမယ့် သင်တန်းသားများ (အပ်စိုက်ကု လက်ထောက်ဆရာများ) (၁၆) ဦးလိုက်ပါလာပြီး၊ ကျွန်တော်တို့ တစ်ဦးစီမှာ သင်တန်းသား (၃) ဦးစီ တွဲပေးထားပါတယ်။ သူတို့တွေဟာ အသက်အားဖြင့် (၂၀) ကျော်ခန့်တွေဆိုပေမဲ့ နှစ်ပေါင်းများစွာ ကုသမှုအတွေ့အကြုံရှိကြပြီး တိုင်းရင်းဆေးပညာအဆင့်မြင့်ဘွဲ့ ရကြတာမကြာသေးပါဘူး။ လူငယ်တွေအတွက်တော့ ကျွန်တော်တို့ဟာ ဆရာတွေဖြစ်သွားရပြန်ပြီ။ လက်တွေ့ကုသရေးမှာ အဓိကသင်ကြားပေးရသလို နေ့စဉ်လည်း စာတွေ့ သင်ကြားပို့ချရသေးတယ်။ ဆရာငယ်တွေ (သင်တန်းသားတွေ) အလွန်တော်ကြပါတယ်။ လူနာအရေအတွက်ဟာ ခေါင်ခိုက်နေတော့ လူနာတစ်ဦးချင်းအတွက် ငါးမိနစ် ဆယ်မိနစ်လောက်ပဲ အချိန်ပေးနိုင်တော့တယ်။ ရောဂါရှာဖွေစစ်မေးပုံနဲ့ ကုသမှုပုံစံကို ကျွန်တော်တို့နဲ့ သင်တန်းသားတွေ ဆွေးနွေးသဘောတူ ညှိနှိုင်းပြီးရင် အပ်စိုက်ကုသဖို့ သူ(သူမ)ကို လွှဲအပ်လိုက် ရပါတယ်။ ပြန်လာပြီး လူနာသွေးခုန်နှုန်းကို စစ်ဆေးရသေးဟယ်။ ဒီလိုနည်းနဲ့ပဲ ကျွန်တော်တို့ (ပြည်ပဆရာ) ငါးယောက်ဟာ တစ်ပြိုင်တည်းမှာ လူနာငါးယောက် ခြောက်ယောက်ကိုကြည့်ရှု ကြီးကြပ်ပေးခဲ့ရတာ တစ်နေ့လုံးပါပဲ။ လူပရိသတ်ကို ထိန်းသိမ်းနိုင်အောင် သင်တန်းသား (လက်ထောက်ဆရာ) တွေကို လွှဲအပ်ထားပေမဲ့ လူကြီးပိုင်းလူနာတွေက ဖွတ်အတင်းတိုးဝင် လာနေကြတာပါပဲ။ ကျွန်တော်တို့ ကုသရေးအဖွဲ့မှာ အင်အား (၂၀) ခန့် ရှိပြီး လူတိုင်းလက်မလည်နိုင်အောင် ကုသပေးနေကြရတယ်။ ပြောရရင် တစ်နာရီမှာ လူနာသုံးယောက်နှုန်းနဲ့ နေ့စဉ် ခုနစ်နာရီခွဲလောက် ကုပေးနေကြရတယ်။ ဒီတော့ လူနာအရေအတွက်ကို ဘယ်လို ကန့်သတ်နိုင်တော့မှာလဲဗျာ။

ဘာသာစကား အခက်အခဲရှိနေတာက သဘာဝပဲလေ။ လူနာအများစုကတော့ ထုံကျဉ်တာပဲပြောကြတယ်။ ကျွတော်တို့လည်း တတ်နိုင်သလောက် ရှင်းလင်းပြောပြတာပဲ။ ကျွန်တော်တို့ကို သူတို့ပြောသမျှတွေအားလုံး အခြေခံကျကျ နားမလည်တာအမှန်ပါ။ သူတို့ရဲ့ ရောဂါဖြစ်ကြောင်းကုန်စင်အောင်လည်း မမေးလိုက်နိုင်ပါဘူး။ လူနာရဲ့ သန်စွမ်းမှု အပြင်ပန်း အခြေအနေကို အကဲခပ်ပြီး ကုပေးလိုက်ရတာပါ။ ဒါဟာ စကားနည်းနည်းပြော အလုပ်များများလုပ်ဖို့ သဘောပေါက်ခဲ့ရတဲ့ မွမ်းမံသင်တန်း အတွေ့အကြုံသစ်ဖြစ်ပါတော့တယ်။

ကျွန်တော့်အတွက်တော့ တကယ့်ကို အချိုးအကွေ့ အပြောင်းအလဲကြီး ဖြစ်သွားစေတဲ့ လေ့လာသင်ယူမှု ဖြစ်ပါတယ်။ သာမန်အားဖြင့် ကျွန်တော်ဟာ လူနာတစ်ဦးကို တစ်နာရီ အချိန်ပေးပြီး၊ တစ်နေ့တာမှာ လူနာရှစ်ယောက်ပဲ ကြည့်ရှုပေးလေ့ ရှိတာပါ။ ကျွန်တော့်ကိုယ်ပိုင် ဆေးခန်းမှာ ရောဂါလက္ခဏာ ချိန်ညှိ

ပေးနည်းနဲ့ ကြွက်သား အရိုးဆိုင်ရာတွေကို အများကြီးတွေ့ရှိ ကုသပေးရပါတယ်။ ဒီရွာမှာသာ အဲသလို ကုနေရင် သင်တန်းသားတွေအဖို့ အလုပ်မဖြစ်နိုင်ပေဘူး။ အဲသလို လုပ်ခဲ့လို့ ရောဂါလက္ခဏာနှစ်မျိုးတွဲနေတာနဲ့ ပခုံးအပ်စိုက်ကွက်တွေ မှာ အသေးစိတ်နေမိခဲ့လို့ ပထမပိုင်း တစ်ရက် နှစ်ရက်မှာ တော်တော်လေး ကြန့်ကြာ သွားခဲ့တာကို သင်တန်းသားတွေက သတိပြုမိကြသလို ခွင့်လွှတ်နားလည်ပေးခဲ့ကြပါတယ်။ အပ်စိုက်ကုပညာကို အစကပြန်ပြီး လေ့လာသင်ယူလိုက်ရသလိုမျိုး ခံစားမိပါတော့တယ်။

အပ်စိုက်ကုပညာ ကုထုံးတွေမှာ ကျွန်တော်အလေးအနက်ထဲထဲဝင်ဝင် သင်ယူခဲ့တယ်ဆိုတာ ထပ်မံအတည်ပြုပေးလိုက်ခြင်းပါပဲ။ ဒါဟာ အခြေအနေအရ တကယ် အလုပ်ဖြစ်ပါတယ်။ ရောဂါလက္ခဏာကို ချိန်ညှိပေးတဲ့ နည်း၊ အရိုး-ကြွက်သားတွေကို နှိပ်နယ်ပေးတဲ့နည်းတွေဟာ အသုံးတည့်ပါတယ်။ ကျွန်တော့်ဆေးခန်းမှာ ဒါမျိုး ဒီလိုမျိုးမကြုံတွေ့ဖူးဘဲနဲ့ အခြေအနေပေးတဲ့အတိုင်းပဲ ရိုးရိုးရှင်းရှင်း ကုလိုက်ရတာပေါ့။ နှစ်ပေါင်း (၂၀) ခန့် အတွေ့အကြုံရှိလာတော့ အပ်စိုက်ပညာကွက်ကွက်လေးကိုသာ အထူးပြုလေ့လာနေတယ်လို့ပင် မထင်မိတော့ပါဘူးဗျာ။ ညည်းငွေ့စရာဆိုပေမဲ့ အသုံးပြုလို့ကောင်းတာတွေလည်းရှိပါတယ်။ သူငယ်နာကုထုံးနဲ့ သားဖွားပညာလို အထူးကိစ္စတွေမှာ ဆိုပါတော့။ ဒါပေမဲ့လည်း အများကြီးတော့ မရှိပါဘူး။

ဒုတိယအနေနဲ့ ကျွန်တော်က သင်ယူဖို့ လိုအပ်နေသလို ကျွန်တော့်ကို သင်ကြားပေးလိုက်ပုံဟာ ဒီလိုပါ။ ကုသမှုမစခင်မှာ ကုသမှုအကြောင်းရှင်းပြရခြင်းရဲ့ တန်ဖိုးဖြစ်ပါတယ်။ လုပ်ငန်းအစမှာတော့ ကျွန်တော်ဟာ ဘာကိုဘာကြောင့် ဘယ်လို စဉ်းစားတယ် ဆိုတာကို သင်တန်းသားတွေက သိပ်သိချင်နေကြတယ်။ ကိုယ်တိုင် အရင်က ရှင်းရှင်းလင်းလင်း မသိခဲ့ပေမဲ့လည်း လူနာတွေကို အခြေအနေတချို့မှာ ကုသပေးနိုင်ခဲ့တဲ့ ကျွန်တော့်ရဲ့ ဆင်ခြင်တုံ တရားကိုပဲ သူတို့ကိုသင်ပေးနေခိုက်မှာ ကျွန်တော်ကိုယ်တိုင်နားလည်ခဲ့ရပါတယ်။ အရမ်းကျေနပ်အားရမိတာပဲ။ တစ်ခါတလေမှာတော့ ကျွန်တော် တွေးခေါ်စဉ်းစားပုံတွေဟာ မလုံလောက်သေးဘူး၊ ရှုပ်ထွေးနေသေးကြောင်းတွေ့ရတာကို ဖွတ်ရော အတင်းရော ရှင်းပြစေချင်တာမျိုး ကိုယ်တိုင်ကြုံရတတ်တယ်။ ပျော်ရွှင်ကျေနပ်ရတာလည်းရှိပါရဲ့။ အရင်တွေးမိထားခဲ့တာထက် ပိုကောင်းတဲ့ နည်းလမ်းကောင်းကို နောက်ထပ် အမိအရ စဉ်းစားမိတွေးမိနိုင်တဲ့ အခါမျိုးပေါ့။

အဆုံးမှာတော့ ကျွန်တော်ကုမယ့်နည်းကို မပြောပြခင် သင်တန်းသားများ စဉ်းစားထားတဲ့ ကုသနည်းကို ချရေးခိုင်းလိုက်တယ်။ သူတို့ထံမှ ကွဲပြားခြားနားပေမဲ့ လက်ခံနိုင်လောက်တဲ့ အပ်စိုက်ကွက်တွေကို မြင်တွေ့ရပြီးနောက်မှာ ကျွန်တော့်အဖို့ ပညာတွေ အများကြီး ရခဲ့တာပါပဲ။ တစ်ခါတစ်ရံမှာတော့ ကျွန်တော့်အဖို့ စိတ်ကြိုက် မဖြစ်သည့်တိုင် သင်တန်းသားတွေကို သူတို့ယူဆထားတဲ့အတိုင်း အပ်စိုက်ခွင့်ပြုလိုက်ပါတယ်။ အဲဒါက ကျွန်တော် ဘယ်တုန်းကမှ မလုပ်ခဲ့ဘူးခဲ့တဲ့ အပ်စိုက်ကွက်တွေရဲ့ ရလဒ်ကို မြင်တွေ့ခွင့်ရလိုက်တာပဲပေါ့။

နောက်ဆုံးပြောရရင် ခုတင်(အိပ်ရာ) အများကြီး တစ်ပြိုင်တည်း စုပြုံစုပေါင်းကုသနည်းကို ကြုံဖူးလိုက်ရတာပဲ။ သိပ်ကို ကျေနပ်မိပါတယ်။ (ပရိသတ်အများကြီးနဲ့) ဆူညံနေတာ ပျာယာခပ်နေတာကိုလည်း ကြိုက်တယ်။ ဒီအဖွဲ့ရဲ့ ကုသမှု အရေးပါကြောင်း နားလည်သဘောပေါက်မှုကို မျက်နှာချင်းဆိုင်ဖက်မှာ လူနာသွေးစမ်းနေတဲ့ သင်တန်းသားတစ်ယောက်ရဲ့ မျက်လုံးထဲမှာ တစ်ချက်ကလေးပြက်ခနဲ မြင်လိုက်ရတာကိုလည်း ကြိုက်တာပဲ။ (ရွာသားတွေဟာ) သူတို့မသိပေမဲ့ (Liv 14, Lu 1) အပ်စိုက်ပေးနေတဲ့ ကျွန်တော့်ကို ဝိုင်းပြီး ကြည့်နေကြတာကိုလည်း သဘောကျတယ်။ သွေးခုန်နှုန်းပြောင်းလဲသွားပုံ စိတ်ဝင်စားကြတဲ့ သူတွေကိုလည်း သဘောကျတယ်။ မဖြစ်နိုင်ပေမဲ့လည်း တင်ပါးဆုံရိုး နေရာလွဲသွားတာကို ပြန်လုပ်ပေးဖို့ သူ့ရောင်းရင်းကြီးကို လှမ်းခေါ်နေပုံကိုလည်း ကြိုက်တာပဲ။ ကျွန်တော်တော့ ဒါမျိုး မကြုံဖူးဘူးနော်။ ကျွန်တော်က စကားနည်းတယ်။ အရှည်ကြီး ဘာသာပြန်တာကို စောင့်နေရမှာလည်း ငြီးငွေ့ပါရဲ့။ (ချီ) ရ-မရ ပိုပြီး အာရုံစိုက်နေရသေးတယ်။ ကုသစရိတ်ငွေ နည်းနည်းလေးနဲ့ လူနာတွေအများကြီးကို ခနခန မြန်မြန်လေး ကြည့်ပေးနိုင်တာကိုလည်း ကြိုက်ပါ့ဗျာ။

အတွေ့အကြုံတွေက ကျွန်တော့်ကို ပိုတော်လာအောင် တိုးတက်လာအောင် သင်ပေးလိုက်တာပါပဲ။ ကျွန်တော် လုပ်ဆောင်ချက်တွေကို အခုကစပြီး ပြောင်းလဲရတော့မှာပါ။ အလွန်ကြီးမားတဲ့ မွမ်းမံသင်တန်းကြီး တစ်ခုကို ရယူနိုင်လိုက်တာဖြစ်ကြောင်း သင်တို့လည်း သဘောပေါက်ပြီလို့ ထင်မိပါတော့တယ်။

ကျေးဇူးစကားဆိုပါရစေ။ ဝါးချက် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၊ အထူးအားဖြင့် ဦးဝင်းကိုနဲ့ ဦးအောင်မင်း၊ သင်တန်းသား၊ သင်တန်းသူများ၊ ဦးဆောင်ခဲ့တဲ့ ကီးယားစတင်းဂါးမင်း၊ လုပ်ဖော်ကိုင်ဖက်တွေဖြစ်ကြတဲ့ ရစ်ချတ်ဂရေဟမ်၊ ဒတ်ဒလီကင့်၊ ဌျန်ရန်နှာ၊ အထောက်အကူပြုပေးတဲ့ အောက်စဖို့ဒ် ဆေးပညာအဖွဲ့တို့ကို အထူးကျေးဇူးတင်ရပါတယ်။

အဆိုပါဆေးရုံဟာ အလှူငွေနဲ့ လည်ပတ်ကုသ ပေးနေတာပါ။ အစိုးရထံမှ ငွေကြေးအထောက်အပံ့ မရပါဘူး။ ကျွန်တော် ဖော်ပြခဲ့တဲ့ အစီအစဉ်ဟာ မေတ္တာဒါနအဖွဲ့ရဲ့ ပံ့ပိုးမှုအရ ဆောင်ရွက်ခြင်းသာဖြစ်ပါတယ်။ ဆေးရုံအပါအဝင် ပြည်တွင်းလုပ်ငန်းတွေမှာ ငွေကြေးထောက်ပံ့နေတဲ့ ဝိပဿနာအဖွဲ့ဖြစ်ပါတယ်။ ပါဝင်ကူညီမှုများ၊ လှူဒါန်းထောက်ပံ့မှုအစုစုကို ကြိုဆိုပါတယ်။

(ဖြည့်စွက်ချက်)

စစ်ကိုင်းတောင်ရိုး၊ ဝါးချက် ဇီဝိတဒါနသံဃာ့ ဆေးရုံမှာ အပ်စိုက်ကုဌာနကို ၂၀၀၀ ခုနှစ် ဇန်နဝါရီလ မှ စတင်ဖွင့်လှစ်ကာ ကုသပေးနေခဲ့ပါသည်။ မေတ္တာဒါနအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ဟာဝိုင်ယီ (အမေရိကန် ပြည်ထောင်စု) ဗြိတိသျှနိုင်ငံများမှ အပ်စိုက်ကုပညာရှင်များက နှစ်စဉ် ဇန်နဝါရီလတိုင်းလာရောက်ကာ စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ကြပါသည်။ ပထမမျိုးဆက် (၂၀၀၀ ခုနှစ်)၊ ဒုတိယမျိုးဆက် (၂၀၀၅ ခုနှစ်)၊ တတိယမျိုးဆက် (၂၀၀၉ ခုနှစ်) အထိ အပ်စိုက်ပညာရှင်အသစ်များ မွေးထုတ်ခဲ့ပါသည်။ ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံတွင် အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့်




စနေနေ့များမှာ စေတနာ့ဝန်ထမ်း အပ်စိုက် ကုသပေးလျက်ရှိပါသည်။

ဆေးရုံပြင်ပ နယ်လှည့်ကုသရေးအစီးအစဉ်အဖြစ် ၂၀၁၀ ခု ဇန်နဝါရီလတွင် မြင်းခြံခရိုင်၊ ဆီးမီးခုံတိုက်နယ်၊ ကတော ကျေးရွာသို့ သွားရောက် ကုသပေးခဲ့ကြပါသည်။ ဆေးရုံကြီးကြပ်ထောက်ပံ့ရေးအဖွဲ့မှ နှစ်ဦး၊ ပြည်တွင်းအပ်စိုက်ကုဆရာ၊ ဆရာမ နှစ်ဦး၊ ပြည်ပအပ်စိုက်ကုဆရာ၊ ဆရာမ ငါးဦး၊ (သင်တန်းသား) လက်ထောက်အပ်စိုက်ကုဆရာ ဆရာမ (၁၆) ဦး၊ ယာဉ်မောင်း တစ်ဦးတို့ ပါဝင်ခဲ့ကြပါသည်။ ကတောကျေးရွာတွင် လေးညအိပ်၊ ငါးရက်နေထိုင်ကာ လူနာဦးရေ (၁၁၀၀) ကို အောင်မြင်စွာ ကုသပေးနိုင်ခဲ့ကြပါသည်။ မန္တလေးအက်ဖ်အမ်၊ ပတ္တမြားအက်ဖ်အမ်၊ ဂျာနယ်စာစောင်များမှ ကြော်ငြာချက်များကြောင့် ကတောကျေးရွာ ပတ်ဝန်းကျင်၊ စားကြျူး၊ ဆီမီးခုံ၊ ငါန်းမြာ၊ ဖက်ပင်အိုင်၊ နဘူးအိုင်၊ မြင်းခြံမြို့ပတ်ဝန်းကျင်ဒေသများမှ လူနာများသည် နွားလှည်းများ၊ ထော်လာဂျီများ၊ မော်တော်ဆိုင်ကယ်များဖြင့် လာရောက် ကုသခံယူခဲ့ကြပါသည်။

တောင်သူလုပ်ငန်းဖြင့် အသက်မွေးသူများ ဖြစ်ကြသောကြောင့် ဒူးနာ၊ ခါးနာသူမှာ အများစုဖြစ်ကြပြီး၊ ထုံကျင်ကိုက်ခဲ၊ ကိုယ်တစ်ခြမ်းသေ၊ တစ်ပိုင်းသေလူနာအချို့ ပါဝင်ပါသည်။ အပ်စိုက်ကုသမှုကို မြင်ဖူးတွေ့ဖူးခြင်း မရှိသောကြောင့် အစပိုင်းတွင် ကုသခံယူရန် မဝံ့မရဲဖြစ်ခဲ့ကြသည်။ သို့သော် လက်တွေ့ကုသခံယူ ပျောက်ကင်းသူများမှ တစ်ဆင့်ပြောစကားများအရ အပ်စိုက်ကုသမှု ကောင်းသတင်းမှာ တယ်လီဖုန်းတစ်ခေါ်လောက် ပျံ့နှံ့သွားပါသည်။ တစ်နေ့ထက်တစ်နေ့ လူနာဦးရေတိုးများလာပါသည်။ ပြည်ပဆရာများပါဝင်သည့်အတွက် ပိုမိုစိတ်ဝင်စားကြသလို ကုသရက်မှာ အကန့်အသတ်ရှိနေသောကြောင့် ရက်တိုးပြီး ကုသမပေးနိုင်ခဲ့သည်မှာလည်း စိတ်မကောင်းဖွယ် ဖြစ်ခဲ့ရပါသည်။ မည်သို့ဆိုစေ၊ ဆေးရုံတည်ထောင်သူ ပဓာနဦးဆောင် ဆရာတော် ဘဒ္ဒန္တလက္ခဏ၏ မွေးရပ်ဇာတိမြေမှ နယ်သူ နယ်သားများအား ပြုစုကုသခွင့်ကြုံခဲ့သည်ကို ဝမ်းမြောက်ရပါတော့သည်။

*ပြန်ဆိုသူ ဦးအောင်မင်း*

# CARTOON

## ဘီဂျီ


ချစ်သား
မလုပ်ခင် အရင်စဉ်းစား
စဉ်းစားပြီးမှလုပ်....
လုပ်ပြီးပြန်စဉ်းစားပါ..တဲ့
ဖုံး ဒိုင်း ဒုပ်
သေပါဘိ..
တော်ကြပါ
ကွယ်..ကောင်း
သောစကား..ကို
ဆိုနေမင့်ဟာ..
မသောက်ခင်လဲ မစဉ်းစား
စဉ်းစားပြီးလဲ မသောက်
သောက်ပြီးရင်စဉ်းစားပြီ..
မှားလို့...နောက်မသောက်..
တော်ကဲ့..ဒီစကားပြောမို့..
တန်ရဲ့လား......
လာစမ်းဘာ..
ရှင်းချင်လို့



# အေးရိပ်ငြိမ်စိန်ရတု ဆုတောင်းပြည့်ကျော် ဆရာတော်သို့

(အလင်္ကာဝတ်မှုန်သင်းပျံ့ထုံဂုဏ်ရသပီကဗျာရှည်)

## တက်လူ



### အေးရိပ်ငြိမ် စိန်ရတု (၁)

သာသနာရေး၊ လူမှုရေးတို့
မနေးဖွံ့ဖြိုး၊ တိုးတက်ကျိုးလျှင်
တန်ဖိုးပြစွမ်း၊ လမ်းဖောက်ခန်းနှင့်
ကျန်းမာရေးရှု၊ စာနာမှုနှင့်
ကရုဏာဖိတ် ကြင်နာရိပ်မှ
စိတ် 'ဖောင်း, ပိန်' လက်၊ အတွေးစက်ဖြင့်
ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ
ပုံဖော်တင်ပြ၊ ငွေရတုလှသို့
ပဓာနဦးဆောင် ကျစွာချောင်မှ
တောင်စစ်ကိုင်းက ဦးလက္ခဏာတည့်
ဉာဏ စွမ်းရည်၊ အာဇာနည်ဟု
နာရီစက်မောင်း၊ ရာသီပြောင်းဟု
ကောင်းမှု မြတ်နိုး၊ ကောင်းအောင်ကျိုးဟု
တန်ခိုးကြီးမား၊ ဘုန်းကံထွားဟု
ဝပ်တွားဦးချီ၊ ကဗျာရှည်ဖြင့်
ဖွဲ့စီပူဇော်၊ ဆရာတော်အား
မျက်ဖျော်လင်္ကာ ကန်တော့ခန်း
သက်တော်မင်္ဂလာ ဉာဏ်နော့စွမ်း
ချမ်းအေးရိပ်ငြိမ် စိန်ရတုလှမ်း။

**ငယ်ဂုဏ်ဆန်းသစ် ကျွမ်းချစ်ပုံ (၂)**

"မြင် ကြားပြယုဂ်၊ ထင်ရှားရုပ်နှင့်
ဗုဒ္ဓ သားတော်၊ လက္ခဏာကျော်လျှင်
တော်ပေ့ပညာ၊ သာပေ့ သူ့တွက်
ထက်ပေ့ ဒါန၊ လှပေ့ မျိုးချစ်
သစ်ပေ့ သာသနာ၊ ကျင့်ဆောင်လာခဲ့"
ငယ်ခါတုန်းက၊ မိနှင့်ဖအား
ပြောပြပုံရိပ်၊ ရှေးအတိတ်တည့်
ထိတ်လန့်ဖွယ်ပင်၊ စစ်မြေပြင်နှင့်
လေယာဉ်ကျွဲမိုက်၊ ပစ်ခတ်လိုက်သော်
ကပ်ဆိုက်ဆိုးဘိ၊ ဗုံးဆန်ထိဟု
တောလှည့်ဆွမ်းခံ၊ ခေါင်းဝပ်ဟန်နှင့်
လှူရန်စုလေ၊ ဈေးရောင်းငွေနှင့်
ငွေဒင်္ဂါးဖော်၊ သုံးရာကျော်ဟု
မြော်မြင်မိခင်၊ လှူပွဲဆင်၍
ဖခင်ပျော်ကိန်း၊ 'ဆိုင်းဘသိန်း' နှင့်
ရှင်ထိန်းပြည့်နှန်၊ တစ်ဆယ့်ခွန်နှင့်
မွန်မြတ်လှူပွား၊ ငါးနှစ်သားတည့်
ဝက်သားကျွေး 'ဟယ်'၊ 'ကိုသာထယ်' ဟု
အံ့ဖွယ်လှူကြီး ပေးဖိတ်ကြုံ
ခံ့ထယ် ကူထီး အေးရိပ်လှို
ငယ်ဂုဏ်ဆန်းသစ် ကျွမ်းချစ်ပုံ။

**ပူမှု ကုဋ္ဌေ သွေဖည်ရှု (၃)**

ဆရာထွတ်တင်၊ ဦးညွှတ်ခင်၍
သင်ပြဆုံးမ၊ နှလုံးလှအောင်
ပုဗ္ဗစရိယ၊ မိနှင့်ဖဟု
လောကသားမြင်၊ ပြသွန်သင်ခဲ့
အရှင်လက္ခဏာ၊ ဉာဏ်ဖြန့်ပြသော်
ဗုဒ္ဓဓမ္မ၊ ဘာသန္တရနှင့်
အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယနှင့်
အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓရဟု
ဓမ္မဘွဲ့ထူး၊ ပန်ဆုခူးခဲ့
စိတ်ကူးပုံရိပ်၊ ငယ်အတိတ်လည်း
ဖိတ်ပြည့်နှန်ရေး၊ ညီပုလေးတည့်
အတွေးအမြင်၊ အထင်အဆောင်
အနှောင်အဖွဲ့၊ အလှည့်အကြိမ်
အငြိမ်အလှုပ်၊ အဆုတ်အတက်
ဉာဏ်စားကျက်ဖွင့်၊ ထုပွတ်မြင့်တည့်
မရင့်မနု၊ ကံပန်းပုလည်း
ခုနှစ်နှစ်သား၊ ဉာဏ်တိမ်စားစဉ်
ဖွားစောအမေ၊ အဖေသေ၍
မွေသောစစ်မီး၊ ဘေးလွတ်ညည်းလျက်
တစ်စီးလှည်းအိ၊ ထုပ်ပိုးသိုကာ
'နေ' ကိုခေါင်းရွက်၊ ခရီးဆက်သို့
နည်ကျမ်ခင်၊ သောကရှင်လည်း
တစ်ပင်လဲမှု၊ တစ်ပင်ထူဟု
ဖြူစင်ရိုးသား၊ ရွေးချယ်ထားဟု
လှုပ်ရှားဘဝ၊ မျိုးဒုက္ခဖြင့်
သုခမျက်ဝန်း၊ ဓမ္မညွှန်းသည်
အလွမ်းခုလှ မျက်ရည်စု
အစွန်းပြုစု သက်ရှည်မှု
ပူမှု ကုဋ္ဌေ သွေဖည်ရှု။

**သင်းပျံ့ကျူစွာချောင် အောင်မြေကျော် (၃)**

ငါသိ ငါတတ်၊ ငါသာမြတ်လည်း
ငါတတ်သလို၊ သိမြင်ပိုစေ…
ငါ့လို ဓမ္မ၊ သိနိုင်ကြစေ…
ခွန်းဟန့တ်သံ၊ ဘဝဂ်လျှံစေ…
ကျင့်ကြံအသိ၊ ရင့်သန်ပြည့်စေ…
ဖြည့်သည့်လုံ့လ၊ ထသည့် ဖွဲ့စိတ်
ဖိတ်သည့်ဉာဏ်ပွား၊ စာသင်သားတွေ
တရားကျင့်ပွား၊ ယောဂီများတွေ
ကိုယ်စားပေးဆက်၊ ရင့်ရော်သက်နှင့် (၇၅) နှစ်
ဦးလက္ခဏာ၊ သင်ရိုးပြ၏
ငယ်ကအဖြစ်၊ ဆယ့်တစ်နှစ်က
တိုးသစ် 'ကတော'၊ ကျေးလက်တောသို့
လောကီလေးတန်း၊ ကျောင်းဖွင့်ခန်းတွင်
နှစ်တန်းဒုတိယ၊ ခုန်တက်ရခဲ့
ဉာဏထွင့်ခေါင်၊ ပါရမီဆောင်ခဲ့
ညွှန်မှောင်နစ်ငြား၊ ပတ္တမြားနှယ်
တောက်ကြွားချိန်ကျ၊ ဂုဏ်ဂုဏတို့
ထွန်းပနေလ၊ လင်းရောင်ပြခဲ့
ဓမ္မအကျိုး၊ ဉာဏ်လှတိုးဟု
အားကိုးမှတ်ရည်၊ ကဗျာရှည်ဖြင့်
ကြည်မွေ့နှလုံး၊ ရသဖုံးစေ…
ပြုံးနိုင်ဘဝ၊ ဆုံးတိုင်ရစေ…
ဂါရဝဆောင်၊ ဂုဏ်ပွင့်ရောင်သည်
တောင်စစ်ကိုင်းချည်း လင်းစေသော်ဝ်
အောင်သမိုင်းနှင်း ဝင်းစေသော်ဝ်
သင်းပျံ့ကျူစွာချောင် အောင်မြေကျော်။ ။

**ကြောင်းကျိုးနှစ်လီ မြတ်ပန်းချီ (၅)**

လောကုတ္တရာတရား၊ မြတ်ကိုးပါးသို့
ထင်ရှားရောက်ခြင်း၊ တရားလင်းနှင့်
ဝပ်စင်းပူဇော်၊ ဓမ္မဘုန်းတော်တည့်
လိုတော်ရှိသမျှ၊ တစ်ခဏဖြင့်
ပြည့်ဝစံပျော်၊ ကာမဘုန်းတော်ဟု
ဘုန်းတော်နှစ်ဆူ၊ ပိုင်စေမူနှင့်
ကြည်ဖြူစွာလှ၊ သင် ဆုံးမ၍

ပယတ္တာဘုန်းတော်၊ သုံးပွင့်ကျော်အောင်
တော်ခြင်းဆရာ၊ ကျော်ခြင်းရှာခဲ့
ပညာဓိက၊ ဆုကြီးရသို့
ရွှေရပြည့်ဝ၊ ဦးလက္ခဏာတည့်
ငယ်က ဖြစ်ဆန်း၊ အတိတ်လွမ်းဖြင့်
မှတ်တမ်းကဗျာ၊ ဇာတ်လမ်းနာအောင်
အညာ ‘ကတော’၊ ဖုန်သောသောသို့
လွမ်းမောဖွယ်နှစ်၊ ဆယ့်နှစ်နှစ်က
ရှင်ဖြစ်ဖျောင်းဖျ၊ ဦးဥတ္တရတည့်
ဒုက္ခလမ်းဆုံ၊ တွေ့အကြုံတို့
ရှင်ခုန်စုံးနှစ်၊ ချမ်းသာစစ်နှင့်
ကျွမ်းချစ်လိုလား၊ ကံ လှည့်စားထင့်
မွေးစားမိခင်၊ ငါးတန်းတင်ဟု
ကြင်နာဆရာ၊ မိန့်ခွန်းလွှာဖြင့်

သာသနာရေး၊ ကံမွေးပေးခဲ့
အေးသရုပ်ဖော်၊ မြတ်ဘုန်းတော်ဟု
ငယ်ပျော် ‘လှည့်ရွှ’၊ စိန်ရတုသည်
ရတုချိန်ပြောင်း ကောင်းဘွဲ့စီ
ယခုမှိန်ယောင်း နှောင်းခဲ့ပြီ
ကြောင်းကျိုး နှစ်လီ မြတ်ပန်းချီ။

**နွဲ့ရောက်မင်္ဂလာ မြတ်အောင်ပွဲ (၆)**

ကျဖွာချောင်ဦး လက်အုပ်ဖူး၍
‘ခေါ်-ထုး’ ချဉ်းကပ်၊ ဆရာမြတ်နှင့်
အတတ်သင်လှည့်၊ ဖိတ်ခေါ်ဘိသို့
ဦးဝိဇယထံမှ၊ သက္ကတနှင့်
ဘင်္ဂလီ၊ နာဂရီ၊ ငါးနှစ်ချီကာ
ဉာဏ်ရည်ထက်စွ၊ ဘာသန္တရနှင့်
ကျဖွာအောင်မြေ၊ လွှဲအပ်ပေတည့်
စာပေကျမ်းပြု၊ ‘ဒီဃနိကာယ ပါဠိ’ ဖြေရာ
ပါရဂူဘွဲ့၊ ဆက်ကပ်ခဲ့ဟု
ပုံချဲ့ဖိတ်လှမ်း၊ အရိပ်ခန်းနှင့်
စိတ်စွမ်းဖွဲ့ပြ၊ ဦးလက္ခဏာတည့်
ကတောရွာကျေး၊ စိတ်တလေးဖြင့်
ကျေးဇူးကြီးမား၊ မျိုးဆွေသားတို့



ထ,သွားပြန်ကြည့်၊ နောက်မလှည့်တော့
မပြည့်ရေအိုး၊ ဘောင်ဘင်တိုးလို့
ငါ ကျိုးထမ်းပြ၊ သူကျိုးရအောင်
ငယ်လှသက်စစ်၊ ဆယ့်ခုနှစ်နှစ်က (၁၇) နှစ်
နောင်ချစ် ခေါ်တိုင်း၊ တောင်စစ်ကိုင်းနှင့်
ဉာဏ်လှိုင်းစီးရာ၊ မန္တလာနှင့်
စာဝါ လိုက်ဆောင်၊ ငယ် လတ်အောင်ဟု
မြန်အောင်တစ်ခွင်၊ သမိုင်းတင်တည့်
အို-သင်-အချင်း၊ ဉာဏ်နှင့်ခွင်းသော်
အလင်းလမ်းရောက်၊ ဥဒါန်းမြောက်သည်
စိန်ကျောက် ရတနာ မြေပေါ်ကျဲ
ထိန်တောက်အခါခါ ဆွေခေါ်မြဲ
နွဲ့ရောက်မင်္ဂလာ မြတ်အောင်ပွဲ။ ။

**ဆုတောင်းပြည့်ကျော်ဆရာတော်သို့ (၇)**
ဘုန်းကံဇာတ်လိုက်၊ ဇာတ်မတိုက်ပဲ
နှစ်ခြိုက်ကြည်မြ၊ မွေးစားကြသို့
ဘဝများစွာ၊ တော်စပ်လာသော်
မဟာဆွေမျိုး၊ ကူပံ့ပိုး၏
တန်ဖိုးဟူသည်၊ ရုပ်နာမ်မှီ၍
ဉာဏ်ရည်လိမ်းကျံ၊ ဆုံးမ ကြံသော်
ရုပ်သံ ဗီယ၊ ဂါရဝဖြင့်
ဗုဒ္ဓသားလှ၊ ဦးလက္ခဏတည့်
ဦးလှဒင် 'ရွှေ'၊ ဒေါ်အေးပုတို့
ကရုဏာပွား၊ မေတ္တာထားနှင့်
သားသို့တင်စား၊ 'လိုအင်' 'အား' ကို
ဝပ်တွားဦးနှိမ် ဆွမ်းခံအိမ်နှင့်
ဉာဏ်ထိန်လင်းလက်၊ ဖြေဆိုခက်စေ
သကျသီဟ၊ ငါးနှစ်ကျစေ...
လိုတာအပြည့်၊ လျှုနိုင်ဘိသို့
ဒုတိယမှတ်၊ သိက္ခာထပ်၏
အေးရပ်ဟူဘိ၊ အပူငြိလည်း
ကူမည့်သူများ၊ ကံတံခါးမှ
ကုစားကြသည်၊ ကံညွှန့်စီသို့
ဉာဏ်မီသမျှ၊ ကဗျာလှအောင်
ရသ, ဂုဏ်ဖွင့်၊ ဘုန်းကံမြှင့်ခဲ့
ရင်နှင့်အောင်ဖန်၊ ရင်ခံအောင်တွေး
ရင်အေးအောင်ရှု၊ ခံစားမှုသည်
ဆုတောင်းပြည့်ကျော် ဆရာတော်သို့
ရှုကြောင်းသိတော် သဒ္ဒါကျော်မို့
ကူတို့ဆေးခန်း လမ်းမျှော်ပို့။

**ချစ်သက်တိုတောင်း ဆောင်းအိပ်မက် (၈)**
'စာသင် ပို့ုန၊ သောတဇန
ဂန္ထ ကျမ်းစာ၊ 'စွမ်း' သာသနာနှင့်
'ခန္တာ နာမ်ရုပ်၊ ယောဂီလုပ်ဖြင့်
အားထုတ်ကျင့်မြတ်၊ ပဋိပတ်သို့'
စွမ်းရပ် နှစ်ထွေ၊ ကျမ်းတတ်စေရန်
မြေခံကျစွာ ချောင်သေလာတွင်
'မဟာဝိဇယ ရံသီလှနှင့်'
(မဟာ) 'အတုလရံသီ ကျောင်းတော်ပီအောင်'
ကြံစည်မြင်မြော်၊ ဆရာတော်တည့်
ကျော်ဂုဏ်ထင်လာ၊ သာသနာကို
ပါရမီထုံ၊ ဒကာစုံတို့
အာရုံတင်ဖူး၊ လှူကြုံထူး၏
စိတ်ကူးပုံရိပ်၊ အေးမြဖိတ်၏
အတိတ်ကံထမ်း၊ နိဗ္ဗာန်လှမ်း၏
ပေးကမ်းရောင့်ရဲ၊ သဒ္ဒါမြဲ၏
ရှုဆဲမဝ၊ ကြည့်မဝအောင်
ချမ်းမြစိတ်ဆောင်၊ နိမိတ်အောင်သို့
တောင်စစ်ကိုင်းချစ်၊ သမိုင်းသစ်နှင့်
စစ်တမ်းထုတ်ပြ၊ မြတ်ဒါနဟု
အလင်္ကာချို၊ တက်လူအိုလျှင်
ကြည်ညိုစိတ်သန်၊ ကဗျာစျာန်ဖြင့်
ကာရန် 'တောင်,မြီး'၊ အာရုံစီး၍
ခရီးကွာဝေး၊ ပူဇော်တေးသည်
တွေးစိတ်နိုအောင်း ကောင်းရိပ်ဆက်
အေးရိပ်ညှိပြောင်း နှောင်းဖိတ်ရက်
ချစ်သက် တိုတောင်း ဆောင်းအိပ်မက်။

**မျှောင်ခွင်းဆောင်နှင်း အောင်လင်းရောင် (၉)**
မဟာစည်သံ၊ ဟိန်းဖိတ်ညံတည့်
နာခံတော်ဝင်၊ ဆရာရှင်နှင့်
ဉာဏ်စဉ်တက်လှမ်း၊ ကမ္မဋ္ဌာန်းနှင့်
စိတ်စွမ်းထက်မြက်၊ ဉာဏ်စဉ်ရွက်သို့
ဟောချက်နည်းပြ၊ နာယကဟု
ကမ္ဘာ့ခရီး၊ နိုင်ငံကြီးတွေ
သိပ်သည်းနိုးထ၊ ရုပ်ဝါဒတွေ
ဗုဒ္ဓညွှန်ပြ၊ အနိစ္စတွေ
ဒုက္ခထုပ်ပိုး၊ အနတ္တမျိုးတွေ
ကျိုးကြောင်းသိမ်းသွင်း၊ ဆိုးကောင်းခြင်းတွေ
ရှင်းလင်းပြခေါ်၊ ဆရာတော်တည့်
ကျော်ထူးသမျှ၊ တော်ကူးလှ၍
စံပြအေးရိပ်၊ ကျောင်းကန်ရိပ်တွေ
စိတ်ပြတင်းပေါက်၊ ရုပ်လုံးမြောက်အောင်
တည်ဆောက်မြို့ရွာ၊ ချောင်များစွာနှင့်
ဝိဟာရ, ကျောင်း အောင်မြေ(၇)ကျောင်းဟု
နှစ်ထောင်းအားသစ်၊ ရှင်,လူ,ချစ်အောင်
ရင်နှစ်သည်းချာ၊ ရာဟုလာသို့
တောင်းရှာအမွေ၊ ဓမ္မရေဖြင့်

အေးစေနှလုံး၊ ဗုဒ္ဓပြုံးအောင်
ကျင့်သုံးတက်စွာ မြတ်ဆရာတည့်
ပညာအသိ၊ သမာဓိနှင့်
သတိတာမံ၊ သီလစံနှင့်
ကျင့်ကြံသီလာ၊ ဝိပဿနာနှင့်
နှစ်ဖြာအလင်း၊ ကမ္ဘာချဉ်းသည်
သတင်းဖြန့်ဆောင် စစ်ကိုင်းတောင်
အဆင်းပြန့်အောင် သမိုင်းဆောင်
မှောင်ခွင်းဆောင်နှင်း အောင်လင်းရောင်။

**စွမ်းဆောင်သူတိုင်း သမိုင်းလွမ်း (၁၀)**
စစ်ကိုင်း မင်းကွန်း၊ လမ်းသစ်ထွန်း၏
"ရည်ညွှန်း 'ဒီပင်္ကရာ'၊ 'သုမေဓာ' တွက်
ရမ္မာဝတီ၊ ခရီးချီသော်
ပြည်သူ ပြည်သား၊ လမ်းခင်းသွားဟု
မြင်ကြားစိတ်ကောင်း၊ နေရာတောင်းစဉ်
ညွှန်ပျောင်းဖို့ရာ၊ ယင်းနေရာသို့
ကြွလာဘုရား၊ ရဟန္တာများစေ...
ဝပ်တွားကျောခင်း၊ တံတားနင်းစေ...
ကြာသင်းငါးခိုင်၊ သုမိတ္တာကိုင်၍
ဆုပိုင်တောင့်တ၊ သုံးခိုင်မျှလျက်
ပါရမီလှ၊ ခါမီပြနှင့်
ဗုဒ္ဓဗျာဒိတ်၊ ခတ်တံဆိပ်သို့"
လမ်းပိတ်လမ်းပျက်၊ လမ်းပြင်ထွက်ဟု
ဦးလက္ခဏ၊ နှီးဆော်ပြ၏
ပျက်ကအစဉ်၊ ပြင်ကခဏ
သောက ပျောက်စေ... ပီတိဝေအောင်
အောင်မြေကျော်လွမ်း၊ ကတ္တရာလမ်းလျှင်
ဖြောင့်တန်းတော့သည်၊ စိတ်ကရည်ခဲ့
ကြံစည်မဆိုင်း၊ စံမီခိုင်းခဲ့
သမိုင်းမော်ကွန်း၊ နှိုင်းဖော်ညွှန်းခဲ့
ကွန်းထောက်ခရီး၊ လွမ်းလောက်ညည်းခဲ့
ကြီးမားဆုယူ၊ လမ်းအလှူကို
ဖြူသောစိတ်နှင်း၊ ဒကာရင်းတွေ
ဖန်ဆင်းကုသိုလ်၊ ဘုရားကြို့သို့
ချိုပီတိထွန်း၊ စာဆိုညွှန်းသည်
မင်းကွန်းစစ်ကိုင်း အောင်မြေလမ်း
နှင်းယှွန်းရစ်သိုင်း ဆောင်လေချမ်း
စွမ်းဆောင်သူတိုင်း သမိုင်းလွမ်း။

**ဘဝရှေ့ဆောင် အောင်လမ်းပြ (၁၁)**
'မြတ်စွာဘုရား၊ အမြိုက်ဆေးများနှင့်
သမားတော်ဘုရင်၊ တင်စားခေါ်ထား
ခန့်ညားစာလျှူ၊ ပါရဂူသို့
ခံယူချက်လှ၊ ဦးလက္ခဏတည့်'



ဘဝကိုယ်စီ၊ ရှိကြသည်မို့
အိုမည်နာမည်၊ သေကြမည်ဟု
မြည်တမ်းစွဲကပ်၊ အနာဂတ်သို့
ဆက်စပ်တွေးဆ၊ ပစ္စက္ခတွင်
'ဗုဒ္ဓသမား၊ ဒုက္ခများမှ
ကုစားတတ်ပေ၊ အို နာ သေတို့
စေတစ်လုံးဆေး၊ မသေဘေးက
လွတ်ရေးကုမျှော်၊ သမားတော်' ဟု
ကော်ရော်သိပ်သည်း၊ ဆရာကြီးနှင့်
ဘုန်းမီးနေ့လ၊ ထွန်းတောက်ပသည့်
လက္ခဏာဘွဲ့ကျော်၊ ဆရာတော်အား
ဆေးတော်စွမ်းထက်၊ သဒ္ဓါလက်နှင့်
ဝါးချက်ဇိဝိတဒါနသံဃာ့ဆေးရုံ
အာရုံဖူးတွေ့၊ ရင်ချမ်းမြေ့၏
'နိစ္စရူဝ၊ များဒုက္ခနှင့်

သောကပြေဖျောက်၊ ဆေး[illegible]က်သော်
ပျောက်စေပြည့်နှံ့၊ ဆရာဝန်တို့
မလွန်ရောဂါ၊ ကုစားရာသည်
ချမ်းသာစေပြီ ဇီဝိတ
ဝမ်းသာ ဆွေကြည် ပီတိလှ
ဘဝရှေ့ဆောင် အောင်လမ်းပြ။

**စိတ်ပညာရှ တိမ်ပန်းပု (၁၂)**
ပညာသင်တတ်၊ ဘဝမြတ်တည့်
အရပ်လှည့်ပြောင်း၊ သူတော်ကောင်းဟု
ဉာဏ်လောင်းထုဆစ်၊ ပန်းပုသစ်ဟု
ရှုံ့နစ်ခတ်ပုတ်၊ အိုးကောင်းလုပ်ဟု
နာမ်ရုပ်ပုံဖော်၊ ဆရာတော်လျှင်
ကျော်ခြင်းဆုလာဘ်၊ ရင်ထဲအပ်ခဲ့
မွေးရပ် 'ကတော'၊ 'ဝါးချက်' တောသို့
ပြန်ပြောသင်ပေး၊ ပညာရေးနှင့်
ယဉ်ကျေးမှုဆောင်း၊ မူလွန်ကျောင်းမှ
ကျောင်းခွဲဆောင်ထမ်း၊ အထက်တန်းသို့
စွမ်းပညာခေတ်၊ ကြိုးပမ်းချစ်အောင်
ဖွင့်လှစ်တိုးချဲ့၊ လှူဒါန်းခဲ့၍
ဘွဲ့စုံရူးလျက်၊ ဉာဏ်ရည်ထက်ကြ
ရွက်ဆောင်တူစွာ၊ ပျော်မော်ရာကြ
ဆရာတော်ကြီး၊ စိတ်ခရီးတွင်
ဉာဏ်ထီးဆောင်းမှတ်၊ ကမ္ဘာပတ်အံ့
အမြတ်လမ်းစဉ်၊ ကျွတ်တမ်းဝင်အံ့
မြော်မြင်ကြီးမား၊ တပည့်သားတို့
လေးစားစိတ်သန်၊ နားဆင်ပန်လော့
ဉာဏ်ဆောင်းပါရမီ၊ ကံဟောင်းချီလော့
ယုံကြည်ဗေဒ၊ ကိုယ်စီလှလော့
ဘဝကျိုးပေး၊ ပန်းနှယ်မွေးသော်
ရန်ဘေးအပေါင်း၊ မခ,ညောင်းပဲ
ကောင်းကျိုးကိုထမ်း၊ ကောင်းရာလမ်းသို့
ကောင်းခန်းကိုဆောက်၊ ကောင်းစွာလျှောက်ရင်း
ထွန်းတောက်ဆရာ၊ ပူဇော်ရာတည့်
သဒ္ဓါယုံကြည်၊ သီလတည်၍
ညီလာခံရှု စိန်ရတု
ကြည်သာစံပြု ချိန်ယခု
စိတ်ပညာရှ တိမ်ပန်းပု။

**ချမ်းမြေ့မြေ့ချမ်း ခေါင်စိတ်တမ်း (၁၃)**
ဝိပဿနာ၊ ဘာဝနာနှင့်
ဆရာတော်စိတ်၊ ရှာန်မဂ်ရိပ်နှင့်
ဖိုလ်စိတ်ချမ်းသာ၊ နိဗ္ဗူတာသို့
ခန္ဓာဆောက်ကြည့်၊ ဉာဏ်မျက်စိဖြင့်
သတိပဋ္ဌာန်၊ လေးပါးဉာဏ်နှင့်
ရောင်ပြန်မေတ္တာ၊ မဟာစည်ရွှမ်း
ဖော်ညွှန်းစံပြ၊ နာယကနှင့်
ကမ္မဋ္ဌာနာ့စရိယဟု
(၆ နှစ်) ဆဋ္ဌမနှစ်ပြ၊ ဦးလက္ခဏာတည့်
ဗုဒ္ဓဟောမြွက်လာ၊ ရဟန္တာတို့
ရောက်ရာညီမျှ၊ လမ်းမတူဘူး
ကံထူးထောက်မ၊ ဇာတကနှင့်
ပါရမီစံ၊ ဆယ်ပါးကြံသော်
ပြားဟန်သုံးဆယ်၊ ဉာဏ်ဖွင့်ကျယ်သား
သွယ်ဝိုက်အသိ၊ ပြည့်အောင်ဖြည့်ရင်း
သတိဆောင်ခန်း၊ ယောဂီစွမ်းအောင်
မဂ်လမ်းဖိုလ်ဝင်၊ နိဗ္ဗာန်မြင်အောင်
ဆင်ခြင်ဉာဏ်ပြည့်၊ ကမ္ဘာလှည့်ကာ
လူ၏တန်ဖိုး၊ စိတ်တန်ခိုးဖြင့်
ပံ့ပိုးခဲ့ပေါင်း၊ ကာလညောင်းပြီ
မနှောင်းသေးခင်၊ ကျိုးကြောင်းထင်အောင်
ဉာဏ်စဉ်တရား၊ စံတင်ထားသည်
ဘုရားနှုတ်စွမ်း ကမ္မဋ္ဌာန်း
တရားထုပ်ထမ်း သစ္စာ့လမ်း
ငြိမ်းဖျက်ဆုတ်၊ လှမ်း အောင်စခန်း
ကမ်းတက် ထုပ်ထမ်း ဆောင်အမြန်း
လှမ်းရွှေရွှေလှမ်း တောင်ရိပ်လွှမ်း
ချမ်းမြေ့မြေ့ချမ်း ခေါင်စိတ်တမ်း။ ။

*(အလက်ာဝတ်မှုန်သင်းဖွဲ့ထုံ ဝဏ်ရသပိကဗျာရှည်)*
*တက်လှူ ပူဇော်သည်*





# ဝန ရှင်လော ဒါန ရှင်လော

ယဉ်မင်းဦး(ဆေးတက္ကသိုလ်)

သမုဒ္ဒရာ ဝမ်းတစ်ထွာဟု ဆိုကြသည့်အတိုင်း ဝမ်းရေးအတွက် ရတက်မအေးရဘဲ ပြေးလွှား ရှန်းကန် ပူပန်နေရသူများမှာ ရှေးရှေးဘဝက ဒါနချို့တဲ့သူများသာ ဖြစ်၏။ သူဌေးကြီးများ (သို့မဟုတ်) လူချမ်းသာ စာရင်းဝင်သူတို့ကား ယခုဘဝနေရှင်ဖြစ်လောက်အောင် ရှေးရှေးဘဝက ဒါနရှင်လည်းဖြစ်ခဲ့ကြ၍ ဖြစ်သည်။ "ရှေးဘဝက ဒါနရှင်၊ ယခုဘဝနေရှင်၊ ယခုဘဝဒါနရှင်၊ နောင် အဆက်ဆက်နေရှင်" ဟု

နိဗ္ဗာန်ဝင်စံသည့်တိုင်အောင် အမြဲနေရှင်၊ ထာဝရနေရှင်များ ဖြစ်ကြမှာ အသေအချာပင်။ အမှန်စင်စစ် စွန့်ကြဲ ပေးကမ်းလှူဒါန်း နေရခြင်းသည် အလွန်ပျော်စရာကောင်းလှပါသည်။ မယုံမရှိပါနှင့် ချစ်မိတ်ဆွေ။ ကျွန်မ၏ ကိုယ်တွေ့ပင်။ ဒါနတစ်ခုမှ မြဟ္မစိုရ်တရား (၄) ပါးစလုံး ထွန်းကားနိုင်သည်ကို ကိုယ်တိုင် ခံစားဖူးသူများ ထောက်ခံကြမည် ဖြစ်သည်။

တကယ့်စေတနာနှင့် တကယ်တမ်း အလှူဒါနဝါသနာပါသူသည် ဆင်းရဲနွမ်းပါးသူများကို မြင်တွေ့ကြုံဆုံသည့်အခါ သနားကရုဏာက အရင်းခံလျက်ရှိ၍ အားလုံးသတ္တဝါတွေအပေါ်မှာ ချစ်ကြည်သော မေတ္တာနှင့် ချမ်းသာပြီးသူများကို နှစ်သက်သော မုဒိတာတို့ မကြာခဏဖြစ်ရကား ဒါနရှင်၏ မျက်နှာသည် စန်းလအသွင် ကြည်လင်အေးမြလျက် ကျက်သရေမင်္ဂလာဖြင့် ပျော်ရွှင်နေတတ်ပါသည်။ ၎င်းဒါနရှင်၏ အလှူကို ခံယူသူတို့ကလည်း ဒါနရှင်ကို ရည်စူး၍ အထူးမေတ္တာပို့သည့်အပြင် ထိုဒါနရှင်ချမ်းသာလေ မုဒိတာပွားလေဖြစ်သည့်အတွက် ဒါနစစ်မှန်ပါက ဒါနဖြစ်စေရုံသာမက မေတ္တာ ကရုဏာ မုဒိတာတို့နှင့်လည်း ထုံမွမ်းလျက် ဘာဝနာသဘောကိုပါ ကျေးဇူးပြုနိုင်ပါသည်။

လောကနီတိကျမ်းများ၌ "သူတော်စင်နေရှင်သည် မြစ်၊ သစ်ပင်၊ မိုးများနှင့်တူ၏" ဟု ဆိုထားလေသည်။ မြစ်များ၌ ရေတွေရှိသော်လည်း ထိုရေကို မြစ်ကမသောက်ပါ။ ရေလိုသူတို့ ချိုးကြသောက်ကြဖို့ရာ ရေတွေကို စုထားသည်။ သစ်ပင်များသည်လည်း သစ်သီးကို မိမိတို့မစားကြ၊ အလိုရှိသူတို့ စားသုံးဖို့သာ သီးပေးကြသည်။ မိုးတို့မှာ ရေတွင်းရေကန်တို့၌သာ ရွာသည် မဟုတ်။ ရေမရှိသော ကုန်းပြင်မှာလည်း ရွာကြသည်။

"အာရောဂျ ပရမံ လာဘံ" ကျန်းမာခြင်းသည် အကောင်းဆုံးသော လာဘ်ကြီးတစ်ပါးဟု ဆိုကြသည့် အတိုင်း ကျွန်မတို့အားလုံး ကျန်းမာခြင်းနှင့် ပြည့်စုံကောင်းမွန်နေပါမှ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးစသည့် မိမိတို့ ပြုလုပ်ချင်သော အလုပ်၊ ပြုလုပ်သည့်အလုပ်တို့ကို လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးလုပ်ငန်းများအတွက် ဆောင်ရွက်နိုင်ကြမည် ဖြစ်သည်။

"ယော ဘိက္ခဝေ မံ ဥပဋ္ဌဟေယျ သော ဂိလာနံ ဥပဋ္ဌဟေယျ"

ငါဘုရားကို ပြုစုလုပ်ကျွေးလိုသော ပုဂ္ဂိုလ်သည်ဂိလာနရဟန်း၊ နာမကျန်းပုဂ္ဂိုလ်တို့ကို ပြုစုလုပ်ကျွေးရာ၏ဟု ကျွန်မတို့၏ သဗ္ဗညုတ ဗုဒ္ဓဘုရားရှင်တော်မြတ်က ဟောကြားညွှန်ပြတော်မူခဲ့သည် မဟုတ်ပါလား။ မဟာသုမောဓာရုံဆရာတော်က ဆေးရုံတည်ဆောက်ခြင်း၊ ဆေးကုသပေးခြင်းနှင့် သူနာပြုအလုပ်များသည် အသက်ကို စောင့်ရှောက်ခြင်းဖြစ်သည့်အတွက် အာယုဒါနမည်ပေ၏ဟု ဩဝါဒပေးတော်မူခဲ့ကြောင်း သိရှိရပါသည်။

ကျွန်မတို့မြန်မာစကားပုံတွင် "အလှူခံတစ်ကျိပ်လေး၊ ခွေးတောင်မလွတ်" ဟူသော ဆိုရိုးဝေါဟာရတစ်ခုရှိသည်။ ယင်းဆိုရိုး၌ 'ခွေး' ဟူသော ဝေါဟာရသည် ဥပရိပဏ္ဏာသပါဠိတော် ဒက္ခိဏာဝိဘင်္ဂသုတ်လာ အလှူခံပုဂ္ဂိုလ် (၁၄) မျိုးကို မှီငြမ်း၍ တိရစ္ဆာန်ဟူသော ဝေါဟာရအရ ခေါ်ဝေါ်ထားသော ဆိုရိုးတစ်ခုဖြစ်သည်။ အလှူခံပုဂ္ဂိုလ် (၁၄) မျိုးဆိုသည်မှာ -

(၁) တိရစ္ဆာန်
(၂) လူဒုဿီလ(သီလမရှိသောသူ)
(၃) လူသီလဝန္တ(သီလရှိသောသူ)
(၄) ရသေ့ပရိဗိုဇ်(ရဟန်း)
(၅-၈) မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်(၄)ယောက်
(၉-၁၂) ဖလဋ္ဌာန်ပုဂ္ဂိုလ်(၄)ယောက်
(၁၃) ပစ္စေကဗုဒ္ဓါ
(၁၄) သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့ဖြစ်ပါသည်။

ထိုအလှူခံပုဂ္ဂိုလ်(၁၄) ယောက်တို့သည် တစ်ဆင့်ထက်တစ်ဆင့်၊ တစ်ဦးထက်တစ်ဦးထူးကဲသာလွန်မြင့်မြတ်ကြသည်။ ထို့ကြောင့် အလှူဒါနပြုလုပ်တော့မည်ဆိုလျှင် အကျိုးပေးထက်သန်ကောင်းမွန်စေရန်အတွက် အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်ရန်လိုအပ်လှပါသည်။

မိမိအိမ်၌ မွေးမြူထားသော ကြောင်၊ ခွေး၊ ကျေးငှက်တိရစ္ဆာန်တို့ကို စေတနာဖြင့် ကျွေးမွေးခြင်းသည်လည်း အလှူဒါနတစ်မျိုးဖြစ်သည်။ မိမိအိမ်သို့ရောက်ရှိလာသော ဧည့်သည်တို့အား ပျူပျူငှာငှာကျွေးမွေးဧည့်ခံခြင်းသည်လည်း အလှူဒါနတစ်မျိုးဖြစ်သည်။ မိမိအိမ်သို့ အလှူခံကြွရောက်လာသော ရဟန်းသံဃာအား ဆွမ်းလောင်းခြင်း၊ သီလရှင်၊ သူတော်စင် စသည်များအား ဆွမ်းဆန်စသည့်လောင်းလှူခြင်းသည် အလှူဒါနတစ်မျိုးဖြစ်သည်။

သို့ရာတွင် အိမ်မွေးတိရစ္ဆာန် ကြောင်၊ ခွေး၊ ကျေးငှက် သတ္တဝါတို့အား ကျွေးမွေးခြင်းနှင့်ဧည့်သည်တို့အား ကျွေးမွေးခြင်းသည် အလှူဝတ္ထုခြင်းလည်းမတူ စေတနာလည်းမတူပေ။ ဧည့်သည်တို့အား ကျွေးမွေးခြင်းသည် စေတနာ သဒ္ဓါ အလှူဝတ္ထုမတူကြပေ။ အကျိုးပေးရာ၌လည်း အလှူခံပုဂ္ဂိုလ်တို့၏ အဆင့်အတန်းအလျောက် ကွာခြားသွားကြသည်။

"အလှူခံပုဂ္ဂိုလ်သည် လယ်ယာမြေနှင့်တူသည်" ဟု ပေတဝတ္ထုပါဠိတော်၌ ဟောတော်မူသောကြောင့် မည်သည့်အလှူခံပုဂ္ဂိုလ်အား လှူလှူတန်ရာတန်ရာအကျိုးကိုပေးနိုင်ကြသည်။ သို့ရာတွင် လောက၌လည်း ရေမြေကောင်းသော လယ်ယာ၌စိုက်ပျိုးသော သီးနှံနှင့် ရေမြေမကောင်း မလုံလောက်သော လယ်ယာ၌ စိုက်ပျိုးသော သီးနှံဖြစ်ထွန်းအောင်မြင်မှုခြင်းမတူကြသကဲ့သို့ ဒါန၏ အကျိုးပေးခြင်းမှာလည်း မတူနိုင်ကြပေ။

ကျွန်မဖတ်ဖူးသော အတွေးအမြင်အက်ဆေးတစ်ပုဒ်မှ အတွေးအမြင်တစ်ခုကို ကြုံကြိုက်သည့်အခိုက် တင်ပြလိုက်ရပါသည်။ ခဏတာဘဝတိုတိုကလေးမှာ ရှင်သန်ခွင့်ရသည့်အခိုက် ဖြတ်သန်းရာ ဘဝခရီးလမ်းတစ်လျှောက် သစ်ပင်တစ်ပင်ကောင်း-ငှက်တစ်သောင်းနားနိုင်သော အရိပ်ရသစ်ပင်ကြီးတို့ကို စိုက်ပျိုးပေးခဲ့သူများ၊ ကမ္ဘာမြေကို တန်ဆာဆင်လျက်အမြင်ပသာဒလှပကြည်နူးစေသည့် အပင်လှလှစိုက်ပျိုးပေးခဲ့သူများ၊ မွေးပျံ့ထုံသင်း-ချစ်ခြင်းရနံ့တို့ တလှိုင်လှိုင်ဝေစေမည့် မေတ္တာပန်းပင်ကလေးများကို ပျိုးထောင်ယုယပေးခဲ့သူများ၊ ခရီးပမ်းနွမ်းနယ်လာသူတို့အတွက် နားခိုရာဇရပ် တစ်ဆောင်ပဲဖြစ်ဖြစ်၊ ရင်ကို အေးမြသွားစေမည့် ရေချမ်းစင်လေးများကိုဖြစ်စေ တည်ခဲ့သူများအဖို့မှာ သူတို့၏ ရုပ်နာမ်

ခန္ဓာချုပ်ငြိမ်းသော်လည်း သူတို့ပြုခဲ့သော အများအကျိုးဆောင်ကောင်းမှုကုသိုလ်ကား ရှင်သန်မြဲပင်။

စိုက်ပျိုးရာလယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူသော၊ ဗုဒ္ဓသာသနာတော်ကို စောင့်ရှောက် ပေးတော်မူကြသော ရဟန်းသံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များသာမက (၇) ရက်သားသမီး အားလုံး မရေမတွက်နိုင်သော၊ မှန်း၍မရသော အာယုဒါန အသက်ပေါင်းများစွာကို ကယ်တင်ပေးလှူနေသော ဆေးရုံတစ်ခုကို အောင်အောင်မြင်မြင် ပြီးပြည့်စုံစွာ ဆောက်လုပ်လှူဒါန်း ရှင်သန်နေခြင်းသည် တန်ဖိုးမဖြတ်နိုင်လောက်အောင် အကျိုးကျေးဇူး ကြီးမြတ်လှပေသည်။

ကျွန်မ၏ နေအိမ်နှင့် တွဲလျက်ဖွင့်လှစ်ထားသော ကိုယ်ပိုင်ဆေးခန်းတွင် ကျွန်မဆရာဝန် စတင်ဖြစ်သည့်နေ့မှ အစပြု၍ ရဟန်းသံဃာတော်များ၊ သီလရှင်များနှင့် နွမ်းပါးသော သက်ကြီးရွယ်အိုများ၊ စာရေးဆရာများကို အခမဲ့ဆေးကုသစောင့်ရှောက်မှုပေးခဲ့သည်မှာ ယခုဆိုလျှင် နှစ် (၂၀) ကျော်ခဲ့သည့်အလျောက် ကျွန်မခံစားရရှိသော ပီတိသည်ပင် အတိုင်းအဆမရှိပမာဏများလှပေသည်။

MRTV-4 မှ အပတ်စဉ်သောကြာနေ့တိုင်း ကျန်းမာပျော်ရွှင်မီးအိမ်ရှင်အစီအစဉ်ကို ကျွန်မမေတ္တာဖြင့်အခမဲ့ ကုသိုလ်ဖြစ်တင်ဆက်လာခဲ့သည်မှာ ၄ နှစ်ပင်ကျော်ခဲ့ပါပြီ။ သောကြာနေ့တိုင်း ၂ ကြိမ်ထုတ်လွှင့်ပေးနေသော ဤအစီအစဉ်ကိုစောင့်ကြည့်ပြီး မိမိတို့တွင် ခံစားနေရသောရောဂါဝေဒနာများကို သတိထားမိလာသည့်အလျောက် အချိန်မီဆေးကုသမှုခံယူနိုင်ခဲ့သူများထံမှ အသိအမှတ်ပြုဝမ်းမြောက်စကားများကြားရသည်မှာ ကျွန်မ၏ ဖြတ်သန်းမှုဘဝအတွက် မင်္ဂလာတစ်ပါးပင်ဖြစ်သည်။

ကျွန်မ အပတ်တကုတ် အားထုတ်ဆည်းပူးခဲ့သော ဆေးပညာ၊ ကျွန်မဖြတ်သန်းခဲ့ရသမျှအတွေ့အကြုံ၊ ကျွန်မ၏ နှလုံးသားမှ မေတ္တာစေတနာအလှတရားတို့ဖြင့် ကျွန်မတတ်စွမ်းသမျှ၊ ပေးလှူနိုင်သမျှသော ဆေးပညာဒါန၊ အာယုဒါန၊ ညောင်ရေစေ့မျှသော အလှူဒါနအတွက် ဤမျှအေးချမ်းသန့်စင်သောပီတိတရား ခံစားနေရသည်ဆိုပါလျှင် ဆေးရုံကြီးတစ်ရုံဆောက်လုပ်လှူဒါန်း၍ ဒါနမျိုးစေ့၊ ပါရမီမျိုးစေ့တို့စိုက်ပျိုးရာလယ်ယာမြေကောင်းသဖွယ်ဖြစ်သော ရဟန်းသံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များ၊ ခုနစ်ရက်သားသမီးနာမကျန်းပုဂ္ဂိုလ်တို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေခြင်းသည် မှန်းဆ၍ မရနိုင်လောက်အောင် အကျိုးကျေးဇူးကြီးမြတ်လွန်းလှသည်မို့ ဆရာကြီးဇော်ဂျီ၏ 'သင်သေသွားသော်' ကဗျာစာပိုဒ်တို့ဖြင့် အလေးအနက် ဂုဏ်ပြုပူဇော်မှတ်တမ်းတင်အပ်ပါသည်။

**သင်သေသွားသော်**

ဩော်… လူ့ပြည်လောက၊ လူ့ဘဝကား
အိုရနာရ၊ သေရဦးမည်
မှန်ပေသည်တည့်။
သို့တပြီးကား၊ သင်သေသွားသော်
သင်ဖွားသောမြေ၊ သင်တို့မြေသည်
အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏။
သင်၏မျိုးသား၊ စာစကားလည်း
ကြီးပွားတက်မြင့်၊ ကျန်ကောင်းသင့်၏။
သင်ဦးချ၍ အမျှဝေရာ
စေတီသာနှင့် သစ္စာအရောင်
ဉာဏ်တန်ဆောင်လည်း
ပြောင်လျက်ဝင်းလျက် ကျန်စေသတည်း။

ယဉ်မင်းဦး(ဆေးတက္ကသိုလ်)



# ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၏ ဖခင်
# ကျစွာဆရာတော်ဘုရားအတွက်
# မိန့်ရတုစာတမ်း

သူဒသသန်မာ



မြန်မာနိုင်ငံတွင် ဆေးရုံပေါင်း မြောက်မြားစွာ ရှိပါ၏။ ထိုဆေးရုံများထဲမှ ဆရာတော် သံဃာတော်များ သီလရှင်များကို အခမဲ့ ကုသပေးနေသော ဇီဝိတဒါန သံဃာ့ဆေးရုံဟူသော ဆေးရုံကြီးများသည်လည်း တစ်သီးတခြား ရပ်တည်လျက် ရှိနေပေသည်။ ထိုဇီဝိတဒါန သံဃာ့ဆေးရုံကြီးများ၏ အမည်ကို စာရေးသူ လက်လှမ်းမီသရွေ့ ရေတွက်ပြရသော် ရန်ကုန်မြို့ရှိ ဗဟန်းဇီဝိတဒါန သံဃာ့ဆေးရုံ၊ မန္တလေးမြို့ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံ၊ စစ်ကိုင်းတောင်ရိုး ဝါးချက်ရွာတွင်ရှိသော ဝါးချက် ဇီဝိတဒါနသံဃာ့ဆေးရုံ၊ စစ်ကိုင်းမှာပဲ တည်ရှိသော သီတဂူဇီဝိတဒါနသံဃာ့ဆေးရုံ၊ တောင်ကြီးမြို့ ဇီဝိတဒါန သံဃာ့ဆေးရုံတို့ အစရှိသည်တို့ ဖြစ်ကြပါသည်။

ဇီဝိတဒါန သံဃာ့ဆေးရုံကြီးများကို စတင် တည်ထောင်ရန် စိတ်ကူးဉာဏ်ဖြစ်ပေါ်သော လက်တွေ့ အကောင်အထည်ဖော်သော ရှေ့ဆောင်ဆရာတော်ကြီး များ၏ သဒ္ဓါတရား၊ ကရုဏာတရား၊ မေတ္တာတရား တို့သည် အလွန်ကြီးများလှပါသည်။ ထိုရှေ့ဆောင်

ဆရာတော်ကြီးများ၏ သဒ္ဓါ၊ ကရုဏာ၊ မေတ္တာတရားတို့ မည်မျှကြီးသည်ကို ဆေးရုံကြီးတွေ အခိုင်အမာရပ်တည်ပြီး ထိုဆေးရုံကြီး အသီးသီးတို့တွင် တာဝန်ယူကုသိလ်ပြုနေသော ဆရာဝန်များ၊ သူနာပြုများနှင့် အခြားဝန်ထမ်းများသည် မိမိတို့ဆိုင်ရာ ဆိုင်ရာ ကုသရေးလုပ်ငန်း အစရှိသည်တို့ဖြင့် လှုပ်ရှားတက်ကြွနေသည်ကို ကြည့်ခြင်းဖြင့် သိနိုင်ပါသည်။ မြန်မာနိုင်ငံရှိ ဇီဝိတဒါန သံဃာ့ဆေးရုံများထဲမှ ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံကြီးနှင့် ဤဆေးရုံကြီးကို စတင်မွေးဖွားပေးသူ ကျူစွာဆရာတော်ဘုရား၏အကြောင်းကို စာရေးသူ တင်ပြလိုပေသည်။

စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသည် မြန်မာပြည်အလယ်ပိုင်း ဧရာဝတီမြစ်ကမ်းဘေးရှိ စစ်ကိုင်းမှ မင်းကွန်းသို့သွားသော လမ်းမကြီးပေါ်တွင် ငွားငွားစွင့်စွင့် တည်ရှိ၏။ ဆေးရုံကြီးသည်မြစ်ကမ်းနံဘေးတွင် တည်ရှိနေသောကြောင့် မြစ်ထဲမှ တိုက်ခတ်လာသော သန့်ရှင်းလတ်ဆတ်သော လေများသည် ဆေးရုံကြီးအတွင်းသို့ ရောက်ရှိနေ၍ ထိုလေကောင်းလေသန့်များက ဆေးရုံကြီးသို့ လာရောက်၍ ရောဂါအသီးသီးကို ကုသရန် ရောက်ရှိလာသော ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များ၊ ဒကာ၊ ဒါယိကာမများကို လန်းဆန်းစေပါသည်။

ဤစစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံကြီးကို စစ်ကိုင်းတောင်ရိုး၊ ကျူစွာချောင်ဆရာတော် ဘဒ္ဒန္တလက္ခဏာမထေရ် (သာသနာဓဇ သိရီပဝရ ဓမ္မာစရိယ။ ဒီဃနိကာယပါဠိပါရဂူ၊ အဂ္ဂမဟာကမ္မဋ္ဌာနစရိယ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) မှ စတင်တည်ထောင်ခဲ့ပါသည်။ ကျူစွာဆရာတော်ဘုရားကို ခမည်းတော် ဦးသာထယ်၊ မယ်တော် ဒေါ်ဖွားစောတို့မှ မန္တလေးတိုင်း မြင်းခြံမြို့နယ်၊ ကတောရွာတွင် ၁၂၉၇ ခု၊ ဦးတန်ခူးလဆန်း (၁၅)ရက်၊ ဗုဒ္ဓဟူးနေ့တွင် မွေးဖွားခဲ့ပါသည်။ ကျူစွာဆရာတော်၏ ဇာတိမှာ မြန်မာပြည်အလယ်ပိုင်း (အညာဒေသ)ဖြစ်သော်လည်း ရှမ်းပြည်နယ်မှ စော်ဘွားမျိုးရိုးနှင့် အညာဒေသ ဝန်မင်းမျိုးရိုးမှ ဆင်းသက်လာသော မထေရ်ကြီး ဖြစ်ပေသည်။

ကျူစွာဆရာတော်ဘုရားသည် ဤဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံကြီးကို တဖြည်းဖြည်းချင်း စတင်ကာ တည်ထောင်တော်မူခဲ့၏။ ဤဆေးရုံကြီး ယခုမျက်မှောက်အခြေအနေသို့ ရောက်ရှိရန် အစဉ်တစိုက် ဦးဆောင်ညွှန်ကြားပေးတော်မူခဲ့သော ဆရာတော်ဘုရား၏ အရည်အချင်းမှာ အလွန်ကြီးမားတော်မူလှသည်။ ကျူစွာဆရာတော်ဘုရားသည် မိမိ၏ ပရိယတ္တိတာဝန်၊ ပဋိပတ္တိတာဝန်တို့ကို အမြဲတမ်း ထမ်းဆောင်နေပါသော်လည်း ဤဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၏ တာဝန်ကိုလည်း နှစ်ပေါင်းများစွာ အေးဆေးသပ်ရပ်စွာ ထမ်းဆောင်ခဲ့ပါသည်။

ကျူစွာဆရာတော်ဘုရားသည် စိတ်နှလုံးတော် အလွန်အေးချမ်းလှသော မထေရ်ဖြစ်ပါသည်။ မည်သည့်အမှုကိစ္စမျိုးကိုမဆို ခေါင်းအေးအေးထားတော်မူကာ စိတ်နှလုံးအေးအေးနှင့် ဖြေရှင်းနိုင်စွမ်းရှိတော်မူ၏။ ဆရာတော်ဘုရားသည် သတ္တဝါများအပေါ် မေတ္တာကရုဏာလည်း ကြီးမားတော်မူလှသည်။ အထူးသဖြင့် ဆင်းရဲဒုက္ခရောက်သောသူများကို သည်းခံခွင့်လွှတ်တတ်ပေသည်။ ဆရာတော်ဘုရားသည် ရွှေကျင်ဂိုဏ်းမှ အကြီးအကဲမထေရ်ကြီးများ ပဋိပတ္တိနယ်ပယ်တွင်းရှိ ဆရာဖြစ်သူ မထေရ်ကြီးများ၏ အားကိုးယုံကြည်မှုကိုပါ ခံယူရရှိသော မထေရ်တစ်ပါးလည်း ဖြစ်ပါသေး၏။ ရွှေကျင်ဂိုဏ်းတွင်းရှိ ဆရာတော်သံဃာတော်များ၏ ဂိုဏ်းကိစ္စ၊ ထူးခြားပြောင်မြောက်စွာ ဆရာတော်ကြီးများ ကျေနပ်လောက်အောင် ထမ်းဆောင်တော်မူနိုင်ပါပေသည်။

ထင်ရှားလူသိများသည့် သာသနာ့ကဗျာလေးဖြစ်သော "ရဟန်းကိစ္စနှစ်မူရ၌ လုံ့လအားသည်း ဟိတ်ဟန်နည်း၍ ပစ္စည်းမသိ စိတ်မတို ခင်ပျိုကြီးပွားကြောင်း" ဟူသော ကဗျာလေးနှင့် ကျူစွာဆရာတော်ဘုရားသည် မဇ္ဈိမနိကာယ် မြန်မာဂုဏ်ထူးနှင့်တကွ အောင်မြင်တော်မူသဖြင့် "သာသနဓဇသိရီပဝရဓမ္မာစရိယ" ဘွဲ့တော်ကို ရရှိရုံသာမက ပါဠိပါရဂူစာမေးပွဲ၌ ဝင်ရောက်ဖြေဆိုရာ မဟာဝဂ္ဂါဒိကျမ်းများကို အောင်မြင်သဖြင့် "သာသနဓဇ ဓမ္မာစရိယ ဒီဃနိကာယ ပါဠိပါရဂူ" ဘွဲ့ကိုပါ ရရှိတော်မူခဲ့သဖြင့် ပိဋကတ်စာပေတို့၌ အလွန်နှံ့စပ်ကျွမ်းကျင်တော်မူပါသည်။ မြတ်စွာဘုရားဟောတော်မူသော ပါဠိဂါထာတော်များ၊ ပါဠိစုဏ္ဏိယတော်များကို မည်သည့်အချိန်တွင် မေးသည်ဖြစ်စေ၊ ချက်ချင်းဖြေတော်မူနိုင်၏။ ကျူစွာဆရာတော်ဘုရား တရားဟောတော်မူလျှင် မည်သည့်နေရာ မည်သည့်အချိန်မဆို အလျဉ်းသင့်သလို ပါဠိတော်များကိုးကား၍ လက်တန်းပြောနိုင်ပေသည်။

ကျူစွာဆရာတော်ဘုရားသည် မိမိသည်သာ ပရိယတ္တိစူရ၌ ဖြည့်ကျင့်သည်မကသေး တပည့်သံဃာများကိုလည်း ပရိယတ္တိစာပေများ သင်ကြားပို့ချပေးခဲ့ပါ၏။ ကျူစွာဆရာတော်ဘုရားသည် ၁၉၆၉ ခုနှစ်မှ ပထမပြန်စာဝါများ၊ ဓမ္မာစရိယစာဝါများကို တပည့်သံဃာတော်တို့အား ပို့ချသင်ကြားပေးတော်မူသည့်အတွက် ပရိယတ္တိစာပေ ကျွမ်းကျင်သော ကျူစွာချောင် တိုက်အုပ်ဘုန်းတော်ကြီး ဘဒ္ဒန္တသဒ္ဒမ္မဓဇ တိုက်ကြပ်ဘုန်းတော်ကြီး ဘဒ္ဒန္တဉာဏသေဋ္ဌ စသူတို့ကဲ့သို့ တပည့်သံဃာများကို မွေးထုတ်ပြီးဖြစ်ပါသည်။ ၁၉၆၉ ခုနှစ်မှ နှစ်ပေါင်း ၄၀ ကြာ ယခုချိန်ထိ ကျူစွာဆရာတော်ဘုရားနှင့်တကွ စာချစာသင်သံဃာတော်များသည် ကျူစွာချောင် မဟာဝိဇယရုံသီ စာသင်တိုက်ကြီးတွင် စာချစာသင် ပရိယတ္တိလုပ်ငန်းများဖြင့် ပရိယတ္တိစူရကို ထမ်းဆောင်လျှက် ရှိနေကြပါသည်။

ကျူစွာဆရာတော်ဘုရားသည် ရန်ကုန်မြို့ ဒဂုံမြို့သစ် အရှေ့ပိုင်း (၄) ရပ်ကွက်၊ ယောမင်းကြီးလမ်းတွင်လည်း သီရိလက္ခဏာရာမ ဒဂုံသာသနာ့ရိပ်သာကြီးကို ၂၀၀၂ ခုနှစ်တွင် သာသနာ့အရေး မျှော်တွေးပြီး တည်ထောင်တော်မူခဲ့ရာ ထိုရိပ်သာကြီး၌လည်း စာချစာသင်သံဃာတော်အရှင်မြတ်တို့သည် ပရိယတ္တိတာဝန်ကို ထမ်းဆောင်လျှက်ရှိနေကြပေသည်။

ကျူစွာဆရာတော်ဘုရားသည် ပရိယတ္တိစူရ၌သာမက ပဋိပတ္တိစူရတွင်လည်း ကျူစွာချောင်တွင် ပန္ထင်းငယ်ဘဝ၌ပင် တောင်ပေါ်ရှိ ဂူထဲ၌ တရားရှုမှတ်လေ့ရှိခဲ့ပါသည်။ ၁၉၇၂ ခုနှစ်အရောက်မှာတော့ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ၌ မဟာစည်ဆရာတော်ဘုရားကြီးနှင့် ယခု ပဏ္ဍိတာရာမ ရွှေတောင်ကုန်းဆရာတော်ကြီးဖြစ်တော်မူသော အရှင်ပဏ္ဍိတာဘိဝံသတို့၏ တရားစစ်ဆေးလမ်းညွှန်မှုကို ခံယူ၍ သတိပဋ္ဌာန်ဝိပဿနာ ဘာဝနာတရားတော်တို့ကို စနစ်တကျ ပွားများအားထုတ် ဆည်းပူးလေ့လာ

ခဲ့ပါသည်။ ၁၉၇၂ ခုနှစ်မှာပဲ စတင်၍ စစ်ကိုင်းတောင်ရိုးကျစ္စာချောင်၌ မဟာအတုလရံသီဓမ္မရိပ်သာကို တည်ထောင်တော်မူခဲ့ပြီး ပြည်တွင်းပြည်ပမှ ရဟန်းရှင်လူ ယောဂီများကို သတိပဋ္ဌာန် ဝိပဿနာဘာဝနာ တရားတော်တို့ကို စတင်ပြသတော်မူခဲ့ပါသည်။ ၁၉၈၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိမှာတော့ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာကြီး၌ နာယက ကမ္မဋ္ဌာနစရိယ ဆရာတော်အဖြစ် ပဋိပတ္တိသာသနာ့တာဝန်များကို သွားရောက်ထမ်းဆောင်ခဲ့ပါသည်။ စာရေးသူသည် ၁၉၈၆ ခုနှစ်တွင် ရန်ကုန် မဟာစည်သာသနာ့ရိပ်သာကြီး၌ (၆၅)ရက် တရားအားထုတ်ခဲ့ရာ ကျစ္စာဆရာတော် ဘုရား၏ တရားစစ်ဆေး လမ်းညွှန်မှုကို ခံယူခဲ့ရ၏။ ဆရာတော်သည် ရန်ကုန် မဟာစည်သာသနာ့ရိပ်သာကြီးတွင် ပဋိပတ္တိတာဝန်ကို ထူးခြားပြောင်မြောက်စွာ ထမ်းဆောင်ခဲ့သည်ကို စာရေးသူတက္ကသိုလ် ကျောင်းသူဘဝကတည်းက မိမိကိုယ်တိုင် ကျစ္စာဆရာတော်၏ တရားစစ်ဆေးလမ်းညွှန်မှုကို ခံယူရ၍ ၎င်းတရားတော်များ ဟောကြားပြသသည်ကို နာကြားရ၍လည်းကောင်း သိရှိခဲ့ရပါသည်။



ကျစ္စာဆရာတော်ဘုရားသည် ပဋိပတ္တိတာဝန်ကို မိမိကိုယ်တော်တိုင် ကျင့်ကြံအားထုတ်ရုံသာမက အလွန်ဆင်းရဲပင်ပန်းခံတော်မူကာ ရဟန်း ရှင် လူများကိုလည်း ပဋိပတ်အကျင့်မြတ်ကို အားထုတ်စေပါသည်။ ဆရာတော် ဘုရားသည် ပြည်တွင်း နေရာဒေသ အနှံ့အပြား၌လည်း သတိပဋ္ဌာန်ဝိပဿနာဘာဝနာ တရားစခန်းများ တစ်ခုပြီး တစ်ခု ဖွင့်လှစ်ပေးတော်မူ၍ ရဟန်းရှင်လူ ယောဂီအပေါင်းကို တရားတော်များ ဟောကြား ပြသဆုံးမတော်မူ၏။ ကျစ္စာ ဆရာတော်ဘုရားသည် ပဋိပတ္တိသာသနာ ဖြန့်ဖြူးရာ၌ သွားရလာရ အလွန်ခက်ခဲသော ကျေးရွာများသို့ပင် ကြွရောက်၍ တရားတော်များကို ဟောကြားပြသတော်မူ၏။ ကျစ္စာဆရာတော်သည် မိမိကိုယ်ကို မငဲ့ညှာပဲ ထိုသို့ အပင်ပန်းခံတော်မူကာ သက်တော် (၇၅) နှစ် နီးပါးထိ နှစ်ပေါင်းများစွာ ပင်ပန်းဆင်းရဲခံ၍ ပဋိပတ္တိတာဝန် ထမ်းဆောင်တော်မူခြင်းကို စာရေးသူသည် အလွန်တစ်ရာ ရင်သပ်ရှုမော အံ့သြခြင်းကြီးစွာဖြစ်ပြီး ဆရာတော်ဘုရားကို လက်အုပ် အကြိမ်ကြိမ်ချီမိုး ရှိခိုးပြီး ကြည်ညိုလေးစား ရပါတော့သည်။

ကျစ္စာဆရာတော် ဘုရားသည် ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများသို့ပါ မဓမ္မဂုဏ်ရည်ပြခရီးများ ထွက်ကြွတော်မူ၍ ပြည်ပယောဂီများကိုပါ သတိပဋ္ဌာန်ဝိပဿနာ ဘာဝနာတရားတော်ကို ဖြန့်ဝေ ပြသတော်မူပါသည်။

၁၉၈၄ နိုဝင်ဘာလတွင် မလေးရှားနိုင်ငံ ပီနန်မြို့ (M.B.M.C)မလေးရှား ဗုဒ္ဓဘာသာ ကမ္မဋ္ဌာန်းအဖွဲ့၌ ငါးလကြာ သီတင်းသုံး၍ သတိပဋ္ဌာန်တရားတော်များ ပြသတော်မူသည်သာမက ဝိနည်းတရားတော်များ၊ အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းများ၊ အဖွဲ့ဝင်အမှုဆောင်လူကြီးများအား သံဃိကပစ္စည်း ပုဂ္ဂလိကပစ္စည်းနှင့် ရဟန်းတော်များအဖွဲ့ပိုင်ပစ္စည်းတို့ကို ထေရဝါဒ ဝိနည်းတော်နှင့်အညီ ခွဲဝေသုံးစွဲတတ်ရန် သင်ကြားပြသပေးမှုတို့ကိုပါ ပြုလုပ်ခဲ့ပါသည်။

၁၉၈၅ ခုနှစ်တွင်လည်း ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ နီပေါနိုင်ငံတို့သို့ ကြွရောက်၍ တရားစခန်းများ ဖွင့်လှစ်ကာ နိုင်ငံပေါင်းစုံမှ ယောဂီများကို သတိပဋ္ဌာန် ဝိပဿနာဘာဝနာ တရားတော် များကို ဟောကြားပြသပေးခဲ့၏။ တစ်ဖန် ကျစ္စာဆရာတော်ဘုရားသည် ၁၉၈၆ ခုနှစ်မှ စတင်ကာ ယခုအချိန်ထိ မလေးရှား၊ စင်ကာပူ၊ ထိုင်းနိုင်ငံတို့၌ လည်းကောင်း။ ဩစတြေးလျနိုင်ငံ (ဘရစ်စတိန်း၊ ဆစ်ဒနီ၊ ကင်ဘာရာ၊ မဲလ်ဘုန်း၊ ပါသ်) မြို့များ၌ လည်းကောင်း၊ အမေရိကန်နိုင်ငံ (ဟာဝိုင်အီ၊ ကာလီဖိုးနီးယား၊ အရီဇိုးနား၊ ဂျော်ဂျီယာ၊ ဖလော်ရီဒါ၊ ဝါရှင်တန် ဒီစီ၊ နယူးယောက်၊ အိုဟိုင်းယိုး၊ အီလီနွိုက်) ပြည်နယ်တို့၌ လည်းကောင်း၊ ကနေဒါနိုင်ငံ၊ ပိုလန်နိုင်ငံတို့၌လည်းကောင်း တရားစခန်းများ ဖွင့်လှစ်ကာ သတိပဋ္ဌာန် ဝိပဿနာ ဘာဝနာ တရားတော်များကို စာတွေ့ လက်တွေ့ ဟောကြား ပြသတော်မူလျက်ရှိနေပါသည်။

၁၉၉၈ ခုနှစ်မှ စတင်၍ စစ်ကိုင်းတောင်ရိုး ကျစ္စာချောင် မဟာအတုလရံသီဓမ္မရိပ်သာကြီးတွင် အမေရိကန်နိုင်ငံ ဝိပဿနာဟာဝိုင်ယီအဖွဲ့မှ ကမ္မဋ္ဌာန်းဆရာများနှင့် ယောဂီများသည် ကျစ္စာဆရာတော်ဘုရား၏ ခြေတော်ရင်းသို့ လာရောက်၍ ဆရာတော်ဘုရား၏ သတိပဋ္ဌာန် ဝိပဿနာ ဘာဝနာတရားတော်များ ဟောကြားပြသမှုကို နှစ်စဉ်နှစ်တိုင်း ခံယူကြပါသည်။ လာရောက်ကြသူ နိုင်ငံခြားသား ယောဂီ အပေါင်းတို့သည် ဆရာတော်ဘုရား၏ ထူးခြားကောင်းမွန်လှသော တရားတော်များကို နာကြားကြ၍လည်းကောင်း၊ သူတို့မေးမြန်းကြသော ခက်ခဲသောဓမ္မအကြောင်းအရာများကို ဆရာတော်မှ သူတို့နားလည်ရန် အလွယ်တကူဖြေဆိုတော်မူခြင်းကို နာကြားခံယူရ၍လည်းကောင်း ဆရာတော်ဘုရား၏ ပရိယတ္တိဂုဏ်ရည် ပဋိပတ္တိဂုဏ်ရည်တို့ကို ကောင်းစွာသိရှိလျက် ဆရာတော်ဘုရားကို အလွန်ကြည်ညို မြတ်နိုးကြပေသည်။

ကျစ္စာဆရာတော်ဘုရားသည် ထိုသို့ ပရိယတ္တိ ပဋိပတ္တိ

နှစ်ဌာနၶဲ လုံ့လကြီးမားတော်မူပြီး သာသနာ့တာဝန်နှစ်ရပ်နှင့် အမြတ်နိုးအလုပ်များတော်မူပါသည်။ ထိုသို့ သာသနာ့တာဝန်တို့နှင့် မအားလပ်သည့်အချိန်များထဲမှ ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံကြီးကို စတင်တည်ထောင်ပြီး အစဉ်တစိုက် ဆေးရုံကြီး၏ တိုးတက်ရေး၊ တည်မြဲရေးတာဝန်တို့ကို ထမ်းဆောင်တော်မူသည်မှာ အံ့ဩစရာကောင်းပါသည်။

ကျစ္စာဆရာတော်ဘုရားသည် အရည်အသွေးတော်ကြီးမားထူးခြားပါသော်လည်း ဟိတ်ဟန်အလွန်နည်းလှသည်။ အလွန်ရိုးသားဖြောင့်မတ်သော မထေရ်ကြီးဖြစ်ပါသည်။ ဆရာတော်ဘုရားသည် စိတ်ထားမှာ ရိုးသားဖြောင့်မတ်တော်မူသဖြင့် စိတ်ထားမှ တစ်ဆင့် ဖြစ်ပေါ်လာသောဝစီကံမှာ ရိုးသားဖြောင့်စင်းသော စကားတော်များသာ ထွက်ပေါ်လာတော့သည်။ စိတ်ထားမှ တစ်ဆင့် ဖြစ်ပေါ်လာသော ကာယကံမှာလည်း ရိုးသားဖြောင့်စင်းသော အမူအရာတော်တို့သည်သာ ထွက်ပေါ်လာပါတော့သည်။

ကျစ္စာဆရာတော်မှာ ထိုသို့ ဟိတ်ဟန်နည်းကာ ရိုးသားသောမထေရ်ဖြစ်တော်မူ၍ ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံကြီးအတွက်ဖြစ်စေ၊ ကျစ္စာချောင် မဟာဝိဇယရံသီ စာသင်တိုက်နှင့် မဟာအတုလရံသီ ဓမ္မရိပ်သာ၊ ရန်ကုန် သီရိလက္ခဏာရာမ ဒဂုံ ရိပ်သာအစရှိသော ကျောင်းတိုက်တို့အတွက်ဖြစ်စေ အလှူခံတော်မူလေ့မရှိပါ။ မိမိမှာရှိသော နဝကမ္မတို့ဖြင့်သာ လိုအပ်သည်များကို ဖြည့်ဆည်းရန် ကြိုးစားတော်မူပါသည်။

ထိုသို့ ပဋိပတ္တိဓူရ၊ ပရိယတ္တိဓူရတွင် လုံ့လကြီးတော်မူ၍ ဟိတ်ဟန်နည်းသော၊ အလိုနည်းသော ကျစ္စာဆရာတော်ဘုရားကို ကံကြီး ဉာဏ်ကြီးသော သဒ္ဓါတရားကြီးသော ပြည်တွင်းပြည်ပ နှစ်ဌာနမှ တပည့် ဒကာ၊ ဒါယိကာမအပေါင်းမှာ အလွန်ကြည်ညို မြတ်နိုးစွာဖြင့် ဆရာတော်ဘုရား၏ အများအကျိုးပြု လုပ်ငန်းများအတွက် အလိုက်တသိ ဝိုင်းဝန်းလှူဒါန်းကြခြင်း၊ ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းပူဇော်ကြခြင်း၊ နဝကမ္မဝတ္ထုငွေတို့ဖြင့် လှူဒါန်းပူဇော်ကြခြင်းများကို ပြုကြပါသည်။

ကျစ္စာဆရာတော် ဘုရားသည် ထိုသို့ တပည့်ဒကာ၊ ဒါယိကာမ အပေါင်းမှ လှူဒါန်း၍ ရရှိလာသော ပစ္စည်း ဝတ္ထု နဝကမ္မတို့ကို သိုမှီး သိမ်းဆည်းထားခြင်းမရှိပါ။ ရရှိထားသော နဝကမ္မဝတ္ထုငွေများကို ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံကြီးထဲသို့ ထည့်ဝင်သုံးစွဲခဲ့သည်။ ဆေးရုံကြီးကို ထောက်ပံ့တော်မူသည့်အပြင် ကျစ္စာချောင် မဟာဝိဇယရံသီစာသင်တိုက်သည် စစ်ကိုင်းတောင်ရိုးထဲတွင် ရှိသဖြင့် စာချစာသင် သံဃာတော်များအတွက် ဆရာတော်ဘုရား စိတ်ချမ်းသာကျေနပ်တော်မူသည်အထိ ဆွမ်းကိစ္စ မပြည့်စုံရကား ထိုကျစ္စာချောင်သံဃာတော်တို့ကို ဆွမ်းဟင်း ကောင်းကောင်းလေးများ မကြာခဏ ဆက်ကပ်ရန် နဝကမ္မများ သုံးတော်မူရပါသည်။ ကျစ္စာချောင် မဟာဝိဇယရံသီစာသင်တိုက် ပုံမှန်ဆွမ်းစားရိတ်အတွက်လည်း ဆရာတော်ဘုရားသည် နဝကမ္မများ ခွဲဝေပြီး ထည့်ရသေး၏။ စစ်ကိုင်းကျစ္စာချောင် စာသင်တိုက်၊ ရန်ကုန်ဒဂုံသာသနာ့ ရိပ်သာအစရှိသော ဌာနတို့၌အခြားလိုအပ်ရာရာများတွင်လည်း ဆရာတော်ဘုရားသည် မိမိ၏နဝကမ္မကို အမှာခံထားကာ သုံးစွဲရပါသည်။ ၎င်းပြင် ကျစ္စာဆရာတော်ဘုရားသည် နှစ်စဉ်နှစ်တိုင်း မိမိ၏ မွေးနေ့ပွဲ၌ ပစ္စည်းဝတ္ထုအစုစုတို့ကို ကြီးကျယ်စွာ လှူဒါန်းပူဇော် ချီးမြှင့်ချီးမြှင့်လေ့လည်း ရှိပါသည်။ ကျစ္စာဆရာတော်ဘုရားသည် နဝကမ္မ ပစ္စည်းတို့ကို ဤကဲ့သို့ ထည့်ဝင်သုံးစွဲသည်သာမကသေး။ စစ်ကိုင်း တောင်ရိုးနေ ရဟန်းရှင်လူများ ချမ်းသာစွာသွားလာနိုင်ရန် စစ်ကိုင်းမြို့မှ ဝါးချက်-မင်းကွန်းသို့ သွားရန် မော်တော်ကားလမ်းကိုလည်း ဆရာတော်ကိုယ်တိုင် ကြီးကြပ်တော်မူလျက် စတင် ဖောက်လုပ်ခဲ့ပြီး ၁၉၄၄ ခုနှစ်တွင် ကတ္တရာလမ်းခင်းအဖြစ် ဖောက်လုပ်လှူဒါန်းခဲ့ပါသည်။

၎င်းတို့အပြင် ကျစ္စာဆရာတော်ဘုရားသည် စစ်ကိုင်းတိုင်း၊ ဝါးချက်ကျေးရွာနှင့် မြင်းခြံခရိုင် ကတောကျေးရွာများ၌ ၁၉၉၆ ခုနှစ်မှစတင်၍ အစိုးရအခြေခံပညာမူလတန်းကျောင်းကို ၅ ဧကစီ ကျယ်ဝန်းသော မြေနေရာများကို ဝယ်ယူ၍ ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးပါသည်။ ထို့နောက် ကျောင်းသူ၊ ကျောင်းသားများအား ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများ၊ ကျောင်းလခများနှင့် ကျောင်းဝတ်စုံများ လှူဒါန်းခြင်း၊ ဆရာ၊ ဆရာမ ကျောင်းသူ၊ ကျောင်းသားများအတွက် သောက်သုံးရေကန် ခေတ်မီအဆင့်မြင့် ရေလောင်းအိမ်သာ၊ ဘောလုံးကစားကွင်းများကို ဆောက်လုပ်လှူဒါန်းခြင်းတို့ဖြင့်လည်း နဝကမ္မများကို သုံးစွဲပေးသည်။ ယခုအခါ မြင်းခြံခရိုင်၊ ကတောကျေးရွာ အခြေခံပညာမူလတန်းကျောင်းသည် မူလတန်းကျောင်းအဆင့်မှ အခြေခံပညာအလယ်တန်းကျောင်းခွဲအဖြစ် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပေပြီ။ ၂၀၀၇ ခုနှစ်တွင် သိန်းငါးရာတန် နှစ်ထပ်ကျောင်းဆောင်သစ်ကြီးနှင့် ၁၂ခန်းတွဲ တစ်ထပ်ကျောင်း ဆောင်သစ်ကြီးသည် ထပ်မံတိုးတက်နေပါပြီ။

ဤကဲ့သို့ ပရိယတ္တိ၊ ပဋိပတ္တိ နှစ်ဓူရ၌လည်း လုံ့လကြီးမားထက်သန်ပြီး ပင်ကိုယ်စိတ်နှလုံးထား နူးညံ့သိမ်မွေ့ရိုးသားဖြောင့်မတ်တော်မူသော သဒ္ဓါတရား ထူးကဲထက်သန်တော်မူသော "သာသနာရေး လူမှုရေး မနေးဖွံ့ဖြိုးစေရမည်" ဟူသော ဆရာတော်၏ ဆောင်ပုဒ်လေးအတိုင်း သာသနာ၏အကျိုးစီးပွား။ လူထု၏အကျိုးစီးပွားကို မိမိ၏ဘဝ၊ ကာယ၊ ဉာဏ၊ ဗလ၊ ဓနတို့ဖြင့် ထက်သန်စွာ ဖြည့်ကျင့်တော်မူသော ကျစ္စာဆရာတော် ဘုရားသည် အဘယ်မှာ စိတ်တိုတတ်ပါမည်နည်း။ ဟုတ်ပါသည်။ ကျစ္စာဆရာတော်ဘုရားသည် အလွန်စိတ်တိုခဲလှသော မထေရ်ကြီးဖြစ်ပါသည်။ ဆရာတော်သည် စိတ်နှလုံး ငြိမ်သက်တည်ကြည်စွာ ဣန္ဒြေသိက္ခာကြီးမားစွာနှင့် နေထိုင်သွားလာလှုပ်ရှားလေ့ရှိပါသည်။ ဆရာတော်ဘုရားသည် စကားပြောဆိုတော်မူလျှင် ခန္ဓာကိုယ်တော်သည်အလွန်ငြိမ်သက်စွာနှင့် အလွန်နူးညံ့သိမ်မွေ့စွာ ပြောဆိုတော်မူလေ့ရှိပါသည်။ ကျစ္စာဆရာတော်ဘုရားသည် ကျောင်းတွင်းရှိ အတူနေ တပည့်များ အချိုးမကျသည့်အခါမျိုး စိတ်တိုင်းမကျချိန်မှာပင် ပြောဆိုဆုံးမခြင်းမှာ သာမန်လူများ ပုံမှန်ပြောသော လေသံလောက်ပဲ ရှိပါသည်။

ကျစ္စာဆရာတော်ဘုရားသည် အထက်ပါ ပြဆိုခဲ့ပြီးသော ကဗျာလေးတွင် ပါဝင်သော အချက်များနှင့် ညီညွတ်တော်မူလှသဖြင့် သာသနာတော်၏ အကျိုးစီးပွားတိုးတက်ရန် တိုင်းပြည်လူထု၏ အကျိုးစီးပွား တစ်ဖက်တစ်လမ်းမှ တိုးတက်ရန် ဆောင်ရွက်တော်မူနိုင်စွမ်းရှိခြင်းဖြစ်ပါသည်။ ထိုသို့ သာသနာတော်

**လူမိုက်နှင့် ယှဉ်တွဲလှည့်လည်သူသည် ရှည်ကြာသောကာလပတ်လုံး စိုးရိမ်ပူပန်ရ၏။ လူမိုက်တို့နှင့် ပေါင်းသင်းဆက်ဆံရခြင်းသည် ရန်သူနှင့်အတူ နေရသကဲ့သို့ မပြဲဆင်းရဲ၏။ ပညာရှိသည်သာလျှင် ချမ်းသာသော ပေါင်းသင်းဆက်ဆံရခြင်းရှိ၏။ ဆွေမျိုးတို့နှင့် ပေါင်းသင်းရသကဲ့သို့တည်း။**

၏ အကျိုးစီးပွားနှင့် လူမှုရေးဖွံ့ဖြိုးမှု ဆောင်ရွက်ချက်တို့ကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခြင်းကြောင့် ဆရာတော် သံဃာတော် ရဟန်းရှင်လူအပေါင်းမှ လေးစားကြည်ညို အတုယူအားကျရသော မထေရ်ကြီးတစ်ပါးဖြစ်နေပါတော့သည်။ ပရိယတ်ပဋိပတ် နှစ်ဖြာ ထူးချွန်သော၊ ပညာရှိသော၊ ဗဟုသုတရှိသော၊ သီလသမာဓိပညာကြီးတော်မူသော၊ သာသနာတော်အကျိုး လူမှုရေးအကျိုးဆောင်ရာ၌ ဝီရိယထက်သန်တော်မူသော၊ စိတ်ဓာတ်ဖြူစင်သန့်ရှင်းသော ကျစ္စာဆရာတော်ဘုရားသည် မြတ်စွာဘုရားဟောကြားတော်မူခဲ့သော ဓမ္မပဒဝတ္ထုလာ ဤဂါထာတော်၌ ညွှန်ကြားထားသကဲ့သို့ အမြဲဆည်းကပ်သင့်သော မထေရ်မြတ်ကြီးလည်း ဖြစ်နေပါတော့သည်။

- သာဟု ဒဿနမရိယာနံ၊ သန္နိဝါသော သဒါ သုခေါ၊
အဒဿနေန ဗာလာနံ၊ နိစ္စမေဝ သုခီ သိယာ။
- ဗာလ သင်္ဂတစာရီဟိ၊ ဒီဃမဒ္ဓါန သောစတိ၊
ဒုက္ခော ဗာလေဟိ သံဝါသော၊ အမိတ္တေနေဝ သဗ္ဗဒါ
ဓီရော စ သုခ သံဝါသော၊ ဉာတီနံဝ သမာဂမော။

တသ္မာဟိ

- ဓီရဉ္စ ပညဉ္စ ဗဟုဿုတဉ္စ၊ ဓောရယှသီလံ ဝတဝန္တမရိယံ။

တံ တာဒိသံ သပ္ပုရိသံ သုမေဓံ၊ ဘဇေထ နက္ခတ္တပထံဝ စန္ဒိမာ။

- အရိယာ သူတော်ကောင်းတို့ကို ဖူးမြင်ရခြင်းသည် ကောင်းမြတ်၏။ သူတော်ကောင်းတို့နှင့် ပေါင်းသင်းဆက်ဆံရခြင်းသည် အမြဲချမ်းသာ၏။ လူမိုက်တို့ကို မတွေ့မမြင်ရခြင်းကြောင့် အမြဲချမ်းသာ၏။

- လူမိုက်နှင့် ယှဉ်တွဲလှည့်လည်သူသည် ရှည်ကြာသောကာလပတ်လုံး စိုးရိမ်ပူပန်ရ၏။ လူမိုက်တို့နှင့် ပေါင်းသင်းဆက်ဆံရခြင်းသည် ရန်သူနှင့်အတူ နေရသကဲ့သို့ မပြဲဆင်းရဲ၏။ ပညာရှိသည်သာလျှင် ချမ်းသာသော ပေါင်းသင်းဆက်ဆံရခြင်းရှိ၏။ ဆွေမျိုးတို့နှင့် ပေါင်းသင်းရသကဲ့သို့တည်း။

ထို့ကြောင့်သာလျှင်

သမာဓိပညာဗဟုသုတရှိသော အရဟတ္တဖိုလ်ဝန်ကို ဆောင်လေ့ရှိသော အကျင့်နှင့် ပြည့်စုံ၍ ဖြူစင်သော ထိုသို့ သဘောရှိသော ပညာရှိသူတော်ကောင်းကို လမင်းသည် ကောင်းကင်သို့ ကပ်ရောက်သကဲ့သို့ အမြဲမပြတ် ဆည်းကပ်မှီဝဲရာ၏။

ဖော်ပြခဲ့ပြီးသော အရည်အချင်းများဖြင့် ထူးခြားပြည့်စုံတော်မူသော ကျစ္စာဆရာတော် ဘုရားသည် ၁၉၈၁ ခုနှစ်တွင် ဝါးချက် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးကို စတင်တည်ထောင်ခဲ့သည်။ ဆရာတော်သည် ဤ ၁၉၈၁ ခုနှစ် ဇူလိုင်လမှ စတင်၍ စစ်ကိုင်းမြို့နယ်၊ ဝါးချက်ကျေးရွာ သာယာဝတီချောင် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တအာစိဏ္ဏမဟာထေရ် လှူဒါန်းတော်မူသော သာသနာ့မြေပေါ်၌ ခုတင် (၈) လုံးဆံ့ စတုဒိသာကျန်းမာရေး ဆေးပေးခန်းအဖြစ်မှ စတင်၍ တည်ထောင် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ကျစ္စာဆရာတော်သည် ဤသို့ စတုဒိသာဆေးပေးခန်းမှ စတင်တည်ထောင် ဆောက်လုပ်ရာတွင် စစ်ကိုင်းတောင်ရိုးရှိ ဆရာတော်ဘုရားကြီးများ၏ ဩဝါဒကို ခံယူ၍ အဖွဲ့အစည်းကို စနစ်တကျဖွဲ့စည်းကာ မိမိကိုယ်တော်တိုင်က ပဓာနဦးဆောင်ဆရာတော်အဖြစ် တာဝန်ယူ၍ တည်ထောင်ဆောက်လုပ်ခဲ့သည်။ ကျစ္စာဆရာတော်သည် ဤဝါးချက် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးကို စတင်တည်ထောင်ဖို့ရန်အတွက် ပထမဦးဆုံး စတုဒိသာဆေးပေးခန်း ဆေးရုံငယ် တည်ဆောက်ရန်အတွက် ကျစ္စာဆရာတော် ရဟန်း(၂)ဝါရသည့်အချိန်ကတည်းက ဆရာတော်ကို ဆည်းကပ်လာခဲ့သူ နိုင်ငံတော်အစိုးရ လူမှုဝန်ထမ်းဌာနနှင့် ကြက်ခြေနီအဖွဲ့ ဥက္ကဋ္ဌကြီးဖြစ်သူ ဦးကြည်နှင့် တိုင်ပင်ဆွေးနွေးပြီး ဦးကြည်၏ အကြံပြုအားပေးမှုတို့ကြောင့်စတုဒိသာ ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ရန် ဆုံးဖြတ်ချက်ချခဲ့သည်။ ဆရာတော်သည် ထိုသို့ ဆုံးဖြတ်ချက်ချခဲ့ပြီး ရှေးဦးစွာ ဟံသာဂီရိဆရာတော်၊ ရတနာမာန်အောင်ဆရာတော် ဦးဗြဟ္မဝံသ(ယခု သမြူးဦးမြသောင်း) အစရှိသော ဆရာတော်တို့ထံ ကြွရောက်၍ စတုဒိသာကျန်းမာရေး ဆေးပေးခန်းတစ်ခု တည်ထောင်လိုကြောင်း ထိုသို့ တည်ထောင်ရာ၌ ဆရာတော်တို့၏ ပံ့ပိုးကူညီမှုကို လိုလားပါကြောင်းနှင့် စတုဒိသာကျန်းမာရေးဆေးပေးခန်းဖြစ်မြောက်ရေး သံဃာ့အမှုဆောင်အဖွဲ့ကို ပီပြင်စွာ ဖွဲ့စည်းလိုကြောင်း လျှောက်ပါသည်။ သို့နှင့် အားလုံးသော သံဃာတို့ သဘောတူညီကြပြီး ဝါးချက်ကျေးရွာ စတုဒိသာကျန်းမာရေး ဆေးပေးခန်း ဖြစ်မြောက်ရေး သံဃာ့အမှုဆောင်အဖွဲ့ကို စစ်ကိုင်းတောင်ရိုး ကျစ္စာချောင်၌ ၁၉၈၁ ခု မေလလောက်တွင် ဖွဲ့စည်းခဲ့ပါသည်။ ဤသံဃာ့အဖွဲ့အစည်းတွင် ဝါးချက်ဒေသအတွင်းမှာ အလေးအမြတ် ပြုအပ်သော မဟာသစ်ဝင်ဆရာတော် စသော ဆရာတော်ဘုရားကြီးများအား ဩဝါဒစရိယဆရာတော်အဖြစ် တင်မြှောက်ကြသည်။

ထိုသို့ ဝါးချက်စတုဒိသာကျန်းမာရေးဆေးပေးခန်း သံဃာ့အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းပြီးနောက် သံဃာ့အမှုဆောင်အဖွဲ့၏ လက်အောက်တွင် ဝိနည်းတော်နှင့်အညီ ဆောင်ရွက်နိုင်ရန် သံဃာ့အမှုဆောင်အဖွဲ့၏ ဩဝါဒခံ ဒကာ၊ ဒကာမများအဖွဲ့ဖြစ်သော ဝါးချက်စတုဒိသာကျန်းမာရေးဆေးပေးခန်း ကြီးကြပ်ထောက်ပံ့ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ ယင်းအဖွဲ့အစည်း၌ စစ်ကိုင်းမြို့မှ ဦးတင်လှ (မြစကြာဆေးလိပ်)၊ ဦးဇော်ဝင်း (ဒေါင်းညွန့်နှယ်ပုံနှိပ်တိုက်)၊ ဦးမောင်ကို (ရွှေနေ)၊ ဦးခင်မောင်သန်း၊ မန္တလေးမြို့မှ ဦးဘသန်း (ယခု စစ်ကိုင်းမင်းလမ်း ကောင်းစံဂေဟာ)၊ ဦးအောင်မင်း(ရုပဗေဒ)၊ ဦးတင်မောင်ရှိန် (တော်ဝင်ဘီစကစ်) စသူတို့ပါဝင်ခဲ့သည်။

ဝါးချက်စတုဒိသာဆေးပေးခန်း ဆောက်လုပ်ရာတွင်ကျူရှာ ဆရာတော်ဘုရားမှ ရှေးဦးစွာ မတည်အလှူငွေကျပ် (၁၀၀၀)ထည့်ဝင်ပြီး အခြားဆရာတော်များကလည်း(၅၀၀)ကျပ်၊ (၃၀၀)ကျပ်၊ (၁၀၀)ကျပ် အသီးသီးထည့်ဝင်ကုသိုလ်ပြုကြသည်။ ရန်ကုန်မြို့မှ စစ်ကိုင်းတောင်ရိုး သုစိတ္တရာမချောင်သို့ မကြာခဏ ဥပုသ်စောင့်လာကြသော ဒေါ်တိုးတိုးနှင့် အဒေါ်များဖြစ်သော သီလရှင် ဒေါ်ပုညာ၊ ဒေါ်လှကြီးမိသားစု၊ ထို့နောက် နီးစပ်ရာဒကာ၊ ဒါယိကာမတို့၏ ပံ့ပိုးလှူဒါန်းငွေများနှင့်ပါ ဆေးပေးခန်း ဆောက်လုပ်ခဲ့နိုင်ပြီး ဖွင့်လှစ်နိုင်ခဲ့သည်။ ကျူရှာဆရာတော်ဘုရား၏ အမြော်အမြင် ဗဟုသုတရှိမှု၊ လုံ့လဝီရိယရှိမှု၊ အလုပ်ကို သွက်လက်ထက်မြက်စွာ လုပ်ကိုင်တတ်မှုတို့ကြောင့် ဝါးချက်ဓိဝိတဒါန သံဃာ့ဆေးရုံ ဟူသောအမည်ဖြင့် ၁၉၈၄ ခု၊ အောက်တိုဘာလ (၂၀)ရက်နေ့တွင် အခမ်းအနားဖြင့် စတင်ဖွင့်လှစ်တော်မူ၍ ပြင်ပလူနာ ရဟန်းရှင်လူများ (သီလရှင်များလည်းပါ) ကို လက်ခံကုသပေးခဲ့ပါသည်။

ဝါးချက်ဓိဝိတဒါန သံဃာ့ဆေးရုံကို ဖွင့်လှစ်ပြီးနောက် ဂိလာန ဆရာတော်၊ သံဃာတော်၊ သီလရှင်များကို ကုသပေးရန် တာဝန်ခံဆရာဝန်၊ သူနာပြု၊ စာရေးဝန်ထမ်း၊ သန့်ရှင်းရေး ဝန်ထမ်း၊ ညစောင့်ဝန်ထမ်းတို့ကို သင့်လျော်သောလခများပေး၍ ဝါးချက်ဓိဝိတဒါန သံဃာ့ဆေးရုံ ကြီးကြပ်ထောက်ပံ့ရေးအဖွဲ့က ငွေရမ်းထောက်ပံ့ပေးခဲ့သည်။ ဝါးချက်ဓိဝိတဒါန သံဃာ့ဆေးရုံ၌ ပထမဆုံးတာဝန်ထမ်းဆောင်သော ဆရာဝန်မှာ ဒေါက်တာ တင်မောင်ညွန့် (စာရေးဆရာကျော်စွာထက်) ဖြစ်သည်။ ဖွင့်လှစ်ခဲ့ပြီးဖြစ်သော ဝါးချက်ဓိဝိတဒါန သံဃာ့ဆေးရုံသို့ ဆေးကုသခံရန် ရောက်ရှိလာကြသော ဆရာတော် သံဃာတော်သီလရှင် ယောဂီသူတော်စင် ဂိလာနပုဂ္ဂိုလ်များအားဝါးချက်ဓိဝိတဒါနသံဃာ့ဆေးရုံအဖွဲ့မှ ဆေးကုသစရိတ် အခကြေးငွေမယူဘဲ ကုသိုလ်ဖြစ် ကုသပေးခြင်းသာဖြစ်သည်။

၁၉၈၄ ခုနှစ်တွင် ကျူရှာဆရာတော်သည် ဝါးချက်ဓိဝိတဒါနသံဃာ့ဆေးရုံကို ဖွင့်လှစ်ပေးခဲ့ပြီးနောက် ရန်ကုန် မဟာစည်ရိပ်သာကြီးတွင် နာယက ကမ္မဋ္ဌာနာစရိယတာဝန်အဖြစ် ထမ်းဆောင်ဆဲ သီတင်းသုံးဆဲဖြစ်၍ ရန်ကုန် မဟာစည်ရိပ်သာကြီးသို့ ပြန်လည်ကြွရောက်ရသည်။ ရန်ကုန်မဟာစည်ရိပ်သာတွင် ဆရာတော်ရှိတော်မူချိန်မှာ ဝါးချက်ဓိဝိတဒါန သံဃာ့ဆေးရုံ စတင်ဆောက်လုပ်စဉ်က မတည်လှူဒါန်းခဲ့ကြသော စာရေးဆရာမကြီး ဒေါ်တိုးတိုး၏ အဒေါ် ဒေါ်လှကြီးတို့က သူတို့ကိုယ်တိုင်လည်းလှူ သူတို့နှင့် နီးစပ်ရာ ဒကာ၊ ဒါယိကာမများကိုလည်း နှိုးဆော်၍ ဆေးပဒေသာပင်များ လှူဒါန်းကြသည်။ ငှင်းပြင် ရွှေနှေကြီး ဒေါ်ခင်ကြည်နှင့် မိတ်ဆွေများ၊ ဒေါ်ညွန့်မွေးနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ဖျာပုံ ဒေါ်မြနွယ်နှင့် သူ၏အစ်မကြီး၊ ကြက်ခြေနီ ဥက္ကဋ္ဌကြီး ဦးကြည်၏ ညီမ ဒေါ်သန်းတင့် စသော အလှူရှင်တို့က ရာသက်ပန်ဓိဝိတဒါန ဆေးပဒေသာပင်အလှူငွေတို့ကို မိမိတို့စေတနာအလျောက် လှူဒါန်းကြသည့်အပြင် နီးစပ်ရာဆွေမျိုးမိတ်ဆွေတို့ကိုလည်း နှိုးဆော်၍ ဓိဝိတဒါနကုသိုလ် ပါဝင်လှူဒါန်းကြသည်။ ရန်ကုန်မြို့မှ လှူဒါန်းသောရာသက်ပန် ဓိဝိတဒါန ဆေးပဒေသာပင် အလှူငွေများကို စနစ်တကျ ထိန်းသိမ်း၍ စစ်ကိုင်းတောင်ရိုး ဝါးချက်ဓိဝိတဒါနသံဃာ့ဆေးရုံ ကြီးကြပ်ထောက်ပံ့ရေးအဖွဲ့ခွဲတစ်ခုဖွဲ့စည်း၍ လိုအပ်လာသဖြင့် ၁၉၈၆ ခုနှစ်တွင် ရန်ကုန်မြို့တွင် ဝါးချက်ဓိဝိတဒါန သံဃာ့ဆေးရုံ ကြီးကြပ်ထောက်ပံ့ရေး (အောက်မြန်မာပြည်)အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့၌ ရွှေမြင်တင်ဦးညို၊ ဦးကျော်သိန်း၊ ဒေါ်ခင်စော၊ ဒေါ်မြင့်မြင့်ကြည်စသူတို့ပါဝင်ခဲ့သည်။

ဝါးချက်ဓိဝိတဒါန သံဃာ့ဆေးရုံ၌ ၁၉၈၄ ခုနှစ် စတင်ဖွင့်ခဲ့သည်မှ (၅)နှစ်တာကာလအတွင်းမှာ လာရောက်ကုသသူ လူနာအရေအတွက် တစ်သောင်းငါးထောင်ကျော်ရှိပြီး ထိုလူနာများထဲမှ ခက်ခဲစွာ ကုသရမည့် ဆရာတော်သံဃာတော် သီလရှင်လူနာများ ပါရှိလာသည်။ ထိုလူနာများအတွက် ဆေးပညာကျွမ်းကျင်သော ဆရာဝန်ကြီးများထံမှ စစ်ဆေးစမ်းသပ်ကုသမှု လိုအပ်လာသဖြင့် ဆရာဝန်ကြီးများ၏ လုပ်အားဒါနများပါ လိုအပ်လာသည်။ ထို့ကြောင့်ရွှေနှေကြီးဒေါ်ခင်ကြည်၏မောင် မန္တလေးဆေးတက္ကသိုလ် ပါမောက္ခချုပ် သမားတော်ကြီး ဒေါက်တာဦးထွန်းသင် အမှူးပြုသော တပည့်ဆရာဝန်ကြီးများ သူနာပြုများအဖွဲ့သည် ၁၉၈၉ ခုနှစ် ဩဂုတ် ၁၅ ရက် စနေနေ့မှ စတင်၍ ဝါးချက်ဓိဝိတဒါနသံဃာ့ ဆေးရုံသို့ လာရောက်ကြပြီး ဂိလာန ဆရာတော် သံဃာတော် သီလရှင်များကို ကုသပေး၍ ဓိဝိတဒါန လုပ်အားဒါန ပေးလှူကြ သည်။ ထိုအချိန်မှ စတင်၍ ဆေးပညာရှင် ဆရာဝန်ကြီးများအဖွဲ့ (ဂိလာနပဋ္ဌာကအဖွဲ့) ဖြစ်ပေါ်လာ၍ ဝါးချက်ဓိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ဆေးကုသခံရန် ရောက်ရှိလာသော ဂိလာနဆရာတော် သံဃာတော်သီလရှင် တို့ကို ပရိယတ်ပဋိပတ် သာသနာ့တာဝန် အရပ်ရပ်ကို ထမ်းဆောင်နိုင်ရန် အပါတ်စဉ်တိုင်း လာရောက်၍ ဆေးဝါးများ ကုသပေးလျက်ရှိကြသည်။

ကျူရှာဆရာတော်ဘုရားသည် ၁၉၉၀ ခုနှစ် မေလတွင် ခုတင်(၅၀)ဆံ့ အတွင်းလူနာဆောင်ကို ထပ်မံဖွင့်လှစ်နိုင်သည်ထိ ဦးဆောင် ကြိုးပမ်းတော်မူ နိုင်ခဲ့သည်။

ထိုမှတစ်ဖန် တိုင်းရင်းဆေးရုံကိုပါ ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလတွင် ဖွင့်လှစ်တော်မူနိုင်ခဲ့သည်။ အဆုတ်ရောဂါ အထူးကုဆေးရုံကြီးကိုတော့ ၂၀၀၀ပြည့်နှစ် ဇန်နဝါရီလ (၉)ရက်နေ့တွင် ဖွင့်လှစ်တော်မူခဲ့ပြီး ပြင်ပလူနာဆောင်လေးထပ်အဆောက်အအုံကို ၂၀၀၀ပြည့်နှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ဖွင့်လှစ်တော်မူနိုင်သည်အထိ ဦးဆောင်ကြိုးပမ်းတော်မူခဲ့ပါသည်။

ယခု မျက်မှောက်အချိန်တွင် ဝါးချက်ဓိဝိတဒါန သံဃာ့ဆေးရုံကြီးသည် ဆေးရုံအဆောင်သစ်ကြီးများကို ထပ်မံတိုးချဲ့ခဲ့ပြီး၍ ဆေးရုံထဲတွင် ခွဲစိတ်ခန်းများ၊ မျက်စိအထူးကုဆေးခန်းများ၊ သွားနှင့် ခံတွင်းရောဂါကုဆေးခန်းများနှင့်ပါ သီးခြားတည်ရှိရုံမက ခေတ်မီသော တန်ဖိုးကြီးသော ကုသရေးအထောက်အပံ့ပစ္စည်းများနှင့်လည်း ပြည့်စုံလာလျက် ရှိနေပါပြီ။ လူနာများအတွက် ကုသရေးပိုင်းတွင် ခေတ်မီစက်ပစ္စည်း ကိရိယာများ တဖြည်းဖြည်း ပြည့်စုံလာလျက်ရှိသကဲ့သို့ ဆေးကုသရေးအတွက် ပြည်တွင်းမှ ဆရာဝန်ကြီးများသာမက ပြည်ပနိုင်ငံများမှ ဆရာဝန်ကြီးများကိုပါ ဝါးချက်ဓိဝိတဒါနသံဃာ့ဆေးရုံ၌ ဂိလာနဆရာတော် သံဃာတော် သီလရှင် ယောဂီ သူတော်စင်တို့ကို ကုသပေးနိုင်ရန် ကျူရှာဆရာတော်ဘုရားသည် ဦးဆောင်ညွှန်ကြားစီစဉ်တော်မူနိုင်ခဲ့သည်။

ကျူရှာဆရာတော်ဘုရားသည် ဩစတြေးလျနိုင်ငံသို့

နှစ်စဉ်နှစ်တိုင်း ဓမ္မဂုဏ်ရည်ပြခရီးထွက်ကြွတော်မူရာ ထိုနိုင်ငံ၌ ဆရာတော်ဘုရား၏ စီစဉ်ခဲ့မှုဖြင့် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ အခြေစိုက်သော မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဂျက်ဖရီကွန်း (Dr. Jeoffery Cohn) ဦးဆောင်သော မျက်စိရောဂါကု အဖွဲ့သည် စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံသို့လာရောက်၍ မျက်စိရောဂါဝေဒနာရှင်များအား အခမဲ့ ကုသိုလ်အဖြစ် စတင်ကုသပေးခဲ့ပါသည်။ မျက်စိအထူးကု ကိရိယာများ၊ အထောက်အကူပစ္စည်းများ။ မျက်စိအတွင်းထည့်မှန်ဘီလူးများစွာကိုလည်း ဒေါက်တာဂျက်ဖရီကွန်းတို့မှ ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံသို့ လှူဒါန်းကြသေး၏။ ဒေါက်တာဂျက်ဖရီကွန်းဦးဆောင်သော ဆရာဝန်ကြီးများအဖွဲ့နှင့် တွဲဖက်၍ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းမြို့တို့မှ မျက်စိအထူးကုဆရာဝန်ကြီးများကလည်း မျက်စိရောဂါဝေဒနာရှင်များကိုလုပ်အားပေး ဆေးပညာဒါန ပြုလုပ်လျက်ရှိသည်။ ဩစတြေးလျနိုင်ငံမှ မျက်စိအထူးကုဆရာဝန်များအဖွဲ့သည် ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၌ နှစ်စဉ်တစ်နှစ်လျှင် (၆)ကြိမ်ထက်မနည်း လာရောက်ကုသလျက်ရှိနေပေပြီ။

၎င်းတို့အပြင် အမေရိကန်နိုင်ငံမှ Dr. Michael Zucker Esifh, Dr. Daniel Bruce တို့သည် ၂၀၀၀ပြည့်နှစ်တွင် မန္တလေးတက္ကသိုလ်ပါမောက္ခ(ငြိမ်း) ဒေါက်တာ ဦးပေတိုးဦးဆောင်သော ဆရာဝန်များနှင့် တိုင်းရင်းဆေးသိပ္ပံမှ သမားတော်ကြီးများအား အပ်စိုက်ကုသရေးပညာ ဖြန့်ဝေပေးခဲ့ရာ ယခုအခါ ထိုတိုင်းရင်းဆေးသမားတော်များက အပ်စိုက်ကုသမှုပညာဖြင့် အပတ်စဉ် လုပ်အားဒါနပေးချက်ရှိပါသည်။

ထို့နောက် ဂျပန်နိုင်ငံမှ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာယိုရှိအိုကာဦးဆောင်ဖွဲ့စည်းထားသော ဂျပန်နှလုံးသားစေတနာဝန်ထမ်းအဖွဲ့သည် ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် အခြေစိုက်ပြီး မြန်မာဆရာဝန်များနှင့် လက်တွဲကာ ၂၀၀၄ ခုနှစ် မေလမှစတင်၍ ဇီဝိတဒါန ဆေးဝါးကုသမှုများ ပြုလုပ်လျက်ရှိရာ ယခုအခါ လူနာပေါင်း ထောင်ချီကုသပေးခဲ့ပြီးဖြစ်သည်။

အချိန်ပြည့် တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာတင်မောင်ညွန့်နှင့် ဆေးဝန်ထမ်း(၄)ဦးတို့ စတင်ခဲ့သော ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံသည် ယခုအချိန်တွင် တာဝန်ခံဆေးရုံအုပ်ဆရာဝန်ကြီး ဒေါက်တာမောင်မောင်လွင်နှင့် ဆေးရုံဝန်ထမ်း များစွာတို့ ပါဝင်သော ဆေးရုံကြီးဖြစ်ကာ ကုသရေးလုပ်ငန်းများမှ အစပြု၍ အခြား စပ်ဆိုင်ရာလုပ်ငန်းအမျိုးမျိုးတို့ဖြင့် ပုံမှန်လည်ပတ်နေပေပြီ။

ကျစ္စာဆရာတော်ဘုရား စတင်တည်ထောင်ခဲ့သော ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသည် သံဃာပိုင်းတွင် ဩဝါဒစရိယ ဆရာတော်ကြီးများ သံဃာ့အမှုဆောင် နာယကဆရာတော်ကြီးများ၊ ကြီးကြပ်ရေးသံဃာများနှင့် စနစ်တကျ ဆက်လက်တည်တံ့လျက် ရှိနေသည်။ ကုသရေးပိုင်းဆိုင်ရာတွင် ဂိလာနုပဋ္ဌာကအဖွဲ့က စနစ်တကျရှိနေပြီး မိမိတို့၏ ဇီဝိတဒါနလုပ်အားပေးကုသိုလ်များကို ဒါနပြုလုပ်ကိုင်လျက်ရှိ၏။ ဆေးရုံကြီး၏ လုပ်ငန်းကိစ္စအဝဝတို့အတွက် အထက်/အောက်မြန်မာပြည် ကြီးကြပ်ထောက်ပံ့ရေးအဖွဲ့တို့ကလည်း မိမိတို့ဆိုင်ရာဆိုင်ရာ ကုသိုလ်ပြုလုပ်ငန်းများကို လုပ်ကိုင်လျှက်ရှိနေ၏။

ပဓာနဦးဆောင်ကျစ္စာဆရာတော် ဘုရားသည် ဤဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံကြီးကို အနီးကပ်ကြီးကြပ်၍ ညွှန်ကြားဩဝါဒ ပေးလျက်ရှိ၏။ သီလသမာဓိပညာ ကြီးတော်မူသော၊ လုံ့လ၊ ဝီရိယ ရှိတော်မူသော၊ ဗဟုသုတကြွယ်ဝတော်မူသော၊ မေတ္တာ၊ ကရုဏာ ကြီးမားတော်မူသော၊ အရာရာကို သည်းခံလေ့ရှိသော၊ အရာအားလုံးကို သိတော်မူသော၊ ကျစ္စာဆရာတော်ဘုရား၏ ဩဝါဒကို ဆိုင်ရာ ဆိုင်ရာ အဖွဲ့ဝင်အသီးသီးတို့သည် ဦးထိပ်ရွက်ပန်ဆင်၍ မိမိတို့၏ ကုသိုလ်တာဝန်တို့ကို ထက်သန်စွာ ဖြည့်ကျင့် လုပ်ကိုင်ကြပါလျှင် သဘာဝခမ္မအားဖြင့် ဆိုင်ရာကုသိုလ် အကြောင်းတို့မှ ပြန်လည် ဖြစ်ပေါ်လာသော ကုသိုလ်အကျိုးတို့ကို ဝါးချက် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးမှ ပြန်လည်ရရှိမှာ ကျိန်းသေ ဖြစ်တော့မည်။

ဘုရားအလောင်းတို့သည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းအစရှိသော ကာလပတ်လုံးပါရမီတော် ဖြည့်ကျင့်ရာ ကာလအတွင်း၌ နတ်ဘဝသို့ ရောက်ရှိတော်မူလျှင် နတ်ပြည်သည် အလွန်ကြီးမားသော ချမ်းသာခြင်းရှိ၍ ပါရမီတော်တို့ကို ဖြည့်ကျင့်ရန်ခက်ခဲရကား ဘုရားအလောင်းတော်တို့၏ ဓိဋ္ဌာန်ဖြင့် နတ်ပြည်မှ ချက်ချင်းစုတေကာ လူ့ဘဝသို့ ပြန်လာတော်မူ၍ ဒါနပါရမီ၊ သီလပါရမီအစရှိသော ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်ရသည်။ နတ်ပြည်တွင် နတ်သားသည် အသက် ၂၀အရွယ် အမြဲဖြစ်နေ၍ နတ်သမီးသည် ၁၆နှစ်အရွယ် အမြဲဖြစ်နေ၏။ နတ်သက်ကြီးရင့်နေပြီဖြစ်သော နတ်တို့၏ ရုပ်ရည်ရူပကာခန္ဓာကိုယ်သည်လည်း အိုရုပ်မရှိပါ။ အမြဲတန်းပျိုနုနေ၏။ နတ်တို့သည် မည်သည့်ရောဂါမှ ဖြစ်ခြင်းလည်းမရှိပါ။ ထို့ကြောင့် နတ်ပြည်မှာ ဆေးရုံလည်း မရှိပါ။ နတ်တို့သည် မိမိတို့၏ ကုသိုလ်သက်တမ်းစေ့၍ စုတေခါနီးမှသာလျှင် လက်ကတီးကြားမှ ချွေးထွက်ခြင်း၊ နတ်ပြည်၌ နေရသည်မှာ မပျော်ခြင်း၊ ပန်ဆင်ထားသော ပန်းများညှိုးနွမ်းခြင်း၊ ကိုယ်ရောင်ကိုယ်ဝါ များ မှေးမှိန်ခြင်းစသော စုတိ၏ ရှေ့ပြေးနိမိတ်များဖြစ်ကာ နတ်ဘဝမှ စုတေရ၏။ နတ်တို့သေလျှင် နတ်ခန္ဓာကိုယ်ရုပ်ကြွင်းလုံးဝမကျန်ခဲ့ပါ။

ထို့ကြောင့် ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ သံဃာ့အဖွဲ့အစည်းအောက်တွင်ရှိသော ဒကာ၊ ဒါယိကာမများ၏ ဆိုင်ရာဆိုင်ရာ အဖွဲ့အသီးသီးသည် မိမိတို့တစ်တွေ လူ့ပြည်တွင် ရှိနေကြခိုက် သံဃာတော်များဖြစ်သော ဩဝါဒစရိယဆရာတော်ကြီးများ၊ နာယက ဆရာတော်ကြီးများနှင့် ပဓာနဦးဆောင် ကျစ္စာဆရာတော်ဘုရား၏ ဩဝါဒစကားတော်တို့ကို မြေဝယ်မကျ တိကျသေချာစွာ လိုက်နာကြလျှက် မိမိတို့၏ ပါရမီဖြည့် ကုသိုလ်လုပ်ငန်းအစုစုတို့ကို မိမိတို့မှ တစ်ဆင့် သားစဉ်မြေးဆက်တိုင်အောင် အဆင့်ဆင့် လက်ဆင့်ကမ်း ကုသိုလ်ယူဖြည့်ကျင့်နိုင်ကြပါစေသော်ဟု ပတ္တနာအောင်ဆုပြုလျက် ကျေးဇူးရှင်ကျစ္စာဆရာတော်ဘုရားအတွက် စိန်ရတုစာတမ်းပူဇော်လွှာကို နိဂုံးချုပ်လိုက်ရပေတော့သတည်း။

* * *

*စာတမ်းရှင်-သုဒဿနာ*

***B.A(Geography)*** *(ဓမ္မာစရိယ)*

*ကျစ္စာချောင်၊ စစ်ကိုင်းတောင်ရိုး။*

တိုးတိုး

# မြင့်မြတ်တဲ့ ကုသိုလ်



၁၅ ရက်၊ ၁၀ လ၊ ၂၀၀၉ မနက် ကိုးနာရီမှာ အဒေါ် ကွယ်လွန်တယ်။ အစားမဝင်တာ ဆယ်ရက်လောက်ရှိပြီ။ အင်ရူးဝါးနဲ့ ထမင်းရည်ကို ဇွန်းလေးနဲ့တိုက်နေရတယ်။ ကျွန်မသမီးနဲ့ အိမ်ဖော်လေးကကြည့်ကြတယ်။

အဒေါ်ကအပျိုကြီး၊ ယောက္ခမရဲ့ ညီမထွေးဖြစ်တယ်။ ကျွန်မ အိမ်ထောင်ကျတော့ (၁၇) နှစ်သမီး၊ သူ့တူလေးယောက်ရှိတဲ့အထဲက အကြီးဆုံးနဲ့ ကျွန်မကို စပ်ဟပ်ပြီး ပေးစားကြတာ ကျွန်မက ယောက္ခမအိမ်ပါလာတာ။ အဲဒီအပျိုကြီးကပဲ ကျွန်မကို အဝတ်ဆင်တယ်။ အလုပ်အကိုင်လဲ သင်တယ်။ အဝတ်အစားကျတော့ရော အစိမ်းကြိုက်ပေမဲ့ အပြာလေးဝတ်ဆိုလဲ ဝတ်ရတာပဲ။

ကျွန်မအိမ်ထောင်ကျပြီး အဲဒီအပျိုကြီးရဲ့ မိဘနှစ်ပါးစလုံး သုံးနှစ်လောက်မှာ ကွယ်လွန်ကြတယ်။ ညီအစ်မလေးယောက်ရှိကြတာ အခုတစ်ယောက်မှမရှိကြတော့ပဲ အဲဒီအပျိုကြီးပဲ ကျွန်မတို့သားသမီတွေနဲ့ ကျွန်မနဲ့ ကျန်တော့တယ်။

ကျွန်မခင်ပွန်းနဲ့ မတ်တစ်ယောက် ကွယ်လွန်ကြပြီ။ ကျွန်မ သားသမီး (၆) ယောက်ထဲကလည်း သားလူ့ပျိုအလတ် (၃၉) နှစ်နဲ့သေတယ်၊ အဲဒီ ကလေး (၅) ယောက်ကိုလည်း ဒီအပျိုကြီးပဲ မွေးစထဲကကြည့်ရှုလာတာမို့ မွေးထားတဲ့ ကလေးမလည်း သူ့ပိုက်ဆံတွေ ခိုးပြီး ထီထိုးတာ သူလဲသိရော သိန်း (၃၀) ဆိုလားကုန်ပြီ အဲဒီကလေးမလည်း သူ့ရွာသူပြန်သွားရော ကျွန်မတို့လဲ အဲဒီကလေးမရှိတုန်းကတော့ သူ့ထမင်းအိုးနဲ့သူစားနေတဲ့ အဒေါ်ကို သိပ်ဂရုမစိုက်ကြပါဘူး။ အဒေါ်ကလည်း ငွေတိုးနဲ့ရွှေပေါင်ခံစားနေတာ အကုန်အကျ လည်းနည်းတော့ ပိုက်ဆံတွေရှိတယ်။

ဒါပေမဲ့ အဒေါ်ကလေးမလေးမရှိတော့ ကျွန်မတို့ပဲ ချက်ကျွေးတယ် သူ့ဆီကပိုက်ဆံတပြားမှမယူပဲချက်ကျွေးတာပါ။ မနက်ကိုလဲ ကာဖီကိုခွက်အကြီးကြီးနဲ့ဖျော်ပေး၊ မုန့်ရှိတာလဲ ကျွေးတယ်။ ဒီလိုနေတုန်းမှာ ကျွန်မကခါးနာပြီး လမ်းမလျှောက်နိုင်တော့ဘူး။ ကျွန်မတို့နေခဲ့တဲ့ အိမ်ကြီးကလည်း (၅) ဦးပိုင်။ အဒေါ်ရယ် ကျွန်မယောကျ်ားညီအစ်ကို (၄) ယောက်ရယ်ရှိကြတာ။ အဲဒီ မြေကို (၅) ဦးခွဲယူ။ အိမ်ကြီးကို ဖျက်ရောင်းပြီး ကျွန်မတို့ရတဲ့အကွက်မှာ အိမ်ခပ်သေးသေးဆောက်ပြီး ကျွန်မကိုပွေ့ခေါ်၊ အဒေါ့်ကိုတွဲခေါ်ခဲ့ကြတယ်။ သေတဲ့မတ်နဲ့ ညီ လူပျိုကြီးမတ်က၊ နှစ်ကွက်တွဲပြီး မတ်ရဲ့မိန်မ သားသမီးတွေနဲ့က နှစ်ကွက်တွဲရလို့ အတူနေကြတယ်။

မတ်အငယ်ဆုံးက တစ်ကွက်။ အိမ်လေးတွေ ဆောက်နေကြတယ်။ မြေကွက်တွေကို ရောင်းမယ်ဆိုတော့ လာကြည့်တဲ့သူရှိပေမဲ့ ဝယ်သူကမလာဘူး။ ဒီတော့ အဒေါ်ကပြောတယ်။

"ငါ့အကွက်ကိုရောင်း၊ နင်တို့လဲယူကြ၊ ငါလဲလှူမယ်" ဒီလို ပြောပေမဲ့ ဝယ်သူကမလာဘူး။ ဒီအချိန်မှာ အဒေါ်က (၈၇) နှစ်၊ ကျွန်မက (၇၇) နှစ်ရှိကြပြီ။ အဒေါ်က မိုးလင်းရင် ရေချိုး၊ သနပ်ခါး လူး၊ အဝတ်သစ်တွေလဲပြီးတော့၊ ကျွန်မအခန်းကို လာလာပြီး။

"နင်နေကောင်းရဲ့လား" လို့မေးတယ်။ ကျွန်မက "နေမကောင်းပါဘူး အဒေါ်ရယ် ထမှ မထနိုင်ပဲ" ဆိုတော့။

"ငါလဲမကောင်းပါဘူး တစ်ညလုံးအိပ်မပျော်ဘူး။ ထမင်းလဲ စားမကောင်းဘူး။ နင်နဲ့ငါ ဘယ်သူအရင်သေမလဲ မသိဘူး" ဒီလိုဆိုတယ်။ ကျွန်မကလဲ "အဒေါ်တို့ အမျိုးတွေက အသက်ရှည်တယ်၊ အဒေါ့်အစ်မတွေ (၉၀) ကျော်ကြတာပဲ၊ ကျွန်မတို့ အမျိုးက အသက်တိုတယ်၊ ကျွန်မတစ်ယောက်ထဲ အခု အသက် (၇၀) ကျော်တာ ကျွန်မအရင်သေမှာပါ" လို့ ပြန်ပြောရတယ်။

ဒါပေမဲ့ အဒေါ်က (၃) ရက်ကို တစ်ခါလောက်ချော်လဲတယ်။ အတူနေတဲ့ကျွန်မသားသမီးတွေက တွေ့ရာလူကတွဲတယ် ချော်လဲရင်လဲဆွဲထူတယ်။ အဲဒီအချိန်မှာ အဒေါ်က ထမင်းစာရိတ်



အဖြစ် ကျွန်မသားသမီးတွေကို တစ်လ (၁၅၀၀၀) ပေးတယ်။ ကလေးတွေက မယူဘူးဆိုပေမဲ့ ကျွန်မက 'ယူသာယူကြ၊ သူမှာ ပိုက်ဆံတွေရှိတယ်။ သောင်းငါးထောင်မှ တစ်နေ့ကို ငါးရာပဲကျတာ၊ ကာဖီကနစ်ခွက်၊ ထမင်း (၂) နပ်၊ အားဆေးပါဝယ်ကျွေးတယ် ယူရမှာပေါ့' ဒီလိုပြောလို့ယူကြတယ်။

ဒါနဲ့ ကျွန်မဆေးရုံတက်ပြီးဒေါက်တာစောဆိုင်မွန်သာနဲ့ ခါးကိုခွဲတာ အနှာသက်သာပြီးခြောက်လလောက်ကြာမှ လေးချောင်းထောက်နဲ့ လမ်းလျှောက်နိုင်တယ်။ အဒေါ်က 'ထမင်းစားပျက်တယ်၊ ဆန်ပြုတ်ပဲသောက်မယ်' ဆိုလို့ ဆန်ပြုတ်ပြုတ်ပြီး ငါးဆားနယ်ကို ဆီများများ ကြက်သွန်နီ၊ ကြက်သွန်ဖြူနဲ့ ကြော်ပေးဆိုလို့ ကြော်ပေးရတယ်။ ကျွန်မကလည်း ထမင်းစားမကောင်းလို့ ဆန်ပြုတ်ပဲ သောက်တယ်။

ကျွန်မက ကိုယ့်ကိုယ်ကိုယ် သေမှာမှတ်လို့ အဝတ်အစားတော်တော်များများ သူများကို ပေးပစ်တယ်။ အဒေါ်က ကျွန်မထက် ကိုးနှစ်ကြီးတာ သူကရှစ်ဆယ့်ကိုး။ ကျွန်မက (၇၈) မှာ သူ့အဝတ်ကို တစ်ထည်မှ သူများကို မပေးဘူး။ အိရုံ၊ ဖော့ရုံတွေများကြာလို့ ချုပ်ရိုးပြုတ်တော့ ကျွန်မသမီးကို စက်နဲ့ချုပ်ခိုင်းပြီး ဝတ်တယ်။ ဆေးကုရင်လဲ သူသွားနေကျဆေးခန်းမှာ တစ်ခါသွား တစ်ထောင်ပဲပေးတယ်၊ ဆရာကလည်းယူတာပဲ၊ အဲဒါ သူ့မြေးတွေက သူမသိအောင် တစ်ထောင်နောက်ထပ်ပေးကြတယ်။

ဆေးကလည်း တရုတ်ဆေးချည်းပဲပေးတာ၊ သမီးက အားဆေးဝယ်တိုက်၊ နောက်သိပ်မကောင်းလာတော့ သမီးအသိ ဆရာဝန်မကို ဖုန်းဆက်ခေါ်၊ သူ့ကားနဲ့လာပြီး ဆေးထိုးပေး၊ ဆေးအကောင်းစားတွေပေးပြီး သူ့ကားနဲ့သူပြန်တာ၊ သမီးကတစ်ခေါက် (၂၅၀၀၀) ပေးရတယ်။ အဲဒါအဒေါ်က ဘယ်လောက်ပေးရလဲ မေးတာ။ သမီးက (၅၀၀၀) ပေးရတယ်ဆိုတော့ 'နောက်မခေါ်နဲ့ ဈေးများတယ်ပြောတယ်၊ အဲဒီဆရာဝန်မကို ခြောက်ခါလောက်ခေါ်ရတယ်၊ တစ်နေ့ထက်တစ်နေ့ အစားဆုတ်ယုတ်လာတာပဲ။ နောက် အိမ်သာကို ထမသွားနိုင်တော့ပဲ။ အိပ်ရာထဲမှာ ဝမ်းတွေဆီးတွေ သွားပြီးပက်လက်ပဲ။ အင်ရှူးဝါးနဲ့နို့တွေသာက်ပြီး ကျွန်မလဲ အဲဒီ လေးချောင်းထောက်နဲ့ သူ့ဆီတစ်နေ့သုံးလေးခေါက်သွားတာပဲ။ အဲဒီ မနက်မှာသူ့ကို သမီးနဲ့ အကူမိန်းကလေးတို့ ထူပေးပြီး ဆန်ပြုတ် အရည်လေးကိုတိုက်တာ ကျွန်မကတော့ ကြည့်နေတာပေါ့။ လေးဖွန်းပဲကုန်တယ်။ ချွဲသံကြားပြီး ထူထားရက်နဲ့ အသက်ကုန်တာပဲ။

အဒေါ်က ဝါတွင်း ဝါပ ဥပုသ်နေ့တိုင်း ဥပုသ်စောင့်တယ်၊ အကုသိုလ်ဘာမှမလုပ်ဘူး။ စစ်ကိုင်းဇီဝိတဒါနဆေးပေးခန်းလေး အစပြုတော့ တတ်နိုင်သလောက်လှူအယ်။ အင်းစိန်ရွာမစာသင်တိုက် ဖွန်းလွန်ဂူကျောင်း၊ သုဝဏ္ဏစစ်ကိုင်းစာသင်တိုက်တွေမှာလည်း သင်္ကန်းတွေအများကြီးလှူတယ်၊ ပဲခူးကြခတ်ဝိုင်းစာသင်တိုက်မှာ ကျောင်းတစ်ဆောင်၊ နတ်လမ်းတွေနဲ့ ဆွမ်းစားရိတ်တွေလှူတာ၊ မန္တလေးမဟာမြတ်မုနိဘုရားကြီးဥသျှောင်တော်မှာလဲ ပုလဲကြီးကို စိန်တွေရံပြီးသွားလှူတယ်။ ဒါကြောင့် သူသေတော့မျက်ရည်မကျတာပါ။

ကျွန်မလမ်းမလျှောက်နိုင်ပေမဲ့ သားသမီးမြေးတွေကို သူ့အလောင်းကျကျနနပြင်ပြီး ရှိတဲ့ဟင်းနဲ့သံဃာတစ်ပါးပင့်ပြီး သက်ပျောက်ဆွမ်းသွပ်တယ်၊ နာရေးကူညီမှုအသင်းကို ဖုန်းဆက်စေတယ်။ သူ့အစ်မ သီလရှင်အသက် (၉၀)နဲ့ ကွယ်လွန်တုန်းက နာရေးကူညီမှုကိုပဲ ခေါ်ပြီးနေ့ချင်းချတယ်။ နာရေးကူညီမှုအသင်းကိုလည်း ငွေလှူထားတာ ကျွန်မသေရင်လည်း ချက်ချင်းပဲနာရေးကူညီမှုအသင်းနဲ့ ချဖို့ ပြောထားပြီး မနက်ကိုးနာရီကွယ်လွန်တာ၊ နေ့လယ် (၂) နာရီ သင်္ဂြိုဟ်တယ်၊ သူ့ညီမတစ်ဝမ်းကွဲ သုံးယောက်ရှိတာ ဖုန်းဆက်ပြီး အကြောင်းကြားတော့ အလောင်းလာကြည့်ပြီးပြန်ကြတယ်။ သူတို့လည်း ရှစ်ဆယ်နီးနေပြီလေ။

နောက်နေ့မှ သတင်းစာ (၂) စောင်မှာ ထည့်လိုက်တာ ညကျတော့ သူ့ခုတင်အောက်က သေတ္တာကို ဖွင့်ကြည့်တော့ ငွေက သိန်းငါးဆယ်ကျော်ကျော်ရှိတယ်။ စစ်ကိုင်းဝါးချက်ဇီဝိတဒါနဆေးရုံကို ဆယ့်ငါးသိန်း၊ ဒဂုံမြို့သစ်မှာရှိတဲ့ သီရိလက္ခဏာရာမကျောင်းဆောက်နေတာ ဆယ့်ငါးသိန်း၊ မန္တလေးဝိဇ္ဇိတာရုံစာသင်တိုက်ကို ငါးသိန်း၊ ဒေါ်လှကြီး ရဟန်းခံထားတဲ့ တောရွာက ဘုန်းကြီးလေးကို ငါးသိန်း၊ အထက်အညာရေရှားတဲ့နေရာတွေမှာ စက်ရေတွင်းလှူဖို့ (၁၀) သိန်း၊ စစ်ကိုင်းကျစွာချောင်ဆရာတော်ဦးလက္ခဏာ ဆေးကုဖို့ (၁) သိန်း၊ နာရေးကူညီမှုကို (၁) သိန်း၊ ပန်းတနော် ယောဂီဆောင်အမိုး (၂) သိန်း၊ စစ်ကိုင်းတောင်ရိုးက သီလရှင်ကျောင်းမှာ အိမ်သာလုပ်ဖို့ (၁) သိန်း၊ (၇) ရက်လည်တဲ့နေ့မှာ ကျွန်မသား သင်္ကန်းဆိုင်က သင်္ကန်း (၅) စုံ၊ ထီး၊ ဖိနပ် ငါးစုံနဲ့ သံဃာတစ်ပါး ဝတ္ထု (၁) သောင်းစီနဲ့ သံဃာ (၅) ပါးပင့်ပြီး ဆွမ်းကျွေးပါတယ်။ လလည်သပိတ်မှာ သူ့အသိသံဃာ (၇) ပါး၊ တစ်ပါး (၁) သောင်းစီနဲ့ သင်္ကန်းတစ်စုံစီလှူပြီး ဆွမ်းကျွေးပါတယ်။

စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ပဓာန နာယကဆရာတော်ဦးလက္ခဏ ရန်ကုန်ကြွလာတုန်းကြုံလို့ ဆေးရုံကြီးအတွက်နဲ့ သီရိလက္ခဏာရာမရိပ်သာကျောင်းအတွက် လှူတော့ ကျွန်မတို့ သိမ်ကို ဆရာတော်ကြွပါတယ်။ ဆရာတော်က ဒေါ်လှကြီးရဲ့ ကုသိုလ်ကောင်းမှုတွေသိထားလို့

'ဒေါ်လှကြီးဟာ အထက်နတ်ဘုံကိုရောက်မှာပါ။ အထက်နတ်ဘုံမှာလည်း ဒါနသီလပြောင်ပြောင်မြောက်မြောက်လုပ်တဲ့ နတ်သားရယ်၊ နောက် ဒါနသီလရှိတော့ရှိတယ် ဒါပေမဲ့နည်းခဲ့လို့ နတ်ပြည်ရောက်လာပေမဲ့ အရောင်အဝါအဆင်းက ခပ်မှိန်မှိန်ဖြစ်နေတယ်'

'ဒီပြင့်နတ်မပြောနဲ့ သိကြားမင်းကြီးဟာ နတ်သဘင် အစည်းအဝေးတစ်ခုမှာ သိကြားမင်းကြီးထက်ကိုယ်ရောင်ကိုယ်ဝါ တောက်ပလှတဲ့ နတ်သားနှစ်ပါးကိုတွေ့သတဲ့၊ ဒီတော့ သိကြားမင်းကြီးကနတ်တို့အနေနဲ့ မနာလိုမရှုဆိတ်ဖြစ်တာတော့မဟုတ်ဘူး။ သံဝေဂရတယ်။ "အော်... ငါဟာ သိကြားမင်းဖြစ်ပေမဲ့ ဟိုနတ်သားနှစ်ပါးထက် ကိုယ်ရောင်ကိုယ်ဝါ အဆင်းမှိန်နေတာ ငါ့ရဲ့ ဒါနသီလက အားနည်းလို့ပဲ ဒီတော့ ဒါနတစ်ခုတော့ ထပ်လုပ်မှပဲလို့ တွေးပြီး သူ့မိဖုရား သုဇာလို့ခေါ်တဲ့ သုဇာတာကိုပြောတယ်တဲ့။

မိဖုရားရေ တို့မှာ ဒါနတရားနည်းနေသေးတယ် ဒီတော့ အခုလူ့ပြည်မှာ ရှင်မဟာကဿပ ရဟန္တာကြီးဟာ နိရောဓသမာပတ်ဝင်စားနေတယ်။ အဲဒီသမာပတ်က ထလာရင် ရဟန္တာဆိုတာ၊ အဆင်းရဲခုံးလူများကို မစတဲ့ အနေနဲ့ အဲဒီဆင်းရဲသားဆီက အလှူကို

ခံတယ်တဲ့ ဆင်းရဲသား ချမ်းသာသွားအောင်ပေါ့။ ဒါကြောင့် ရဟန္တာမြင်နိုင်တဲ့နေရာမှာ ရွှာငယ်ဇနပုဒ်ကလေးဖန်ဆင်းမယ်၊ အဲဒီရွှာငယ်လေးက တဲလေးထဲက ထွက်ပြီး ဆွမ်းလောင်းရင်တော့ တို့ဆွမ်းကို အလှူခံပြီး တို့ရဲ့ အရှိန်အဝါတွေ ထွန်းတောက်မှာပဲ ရွှာလေးဖန်ဆင်းဖို့သွားကြစို့လို့' ဆိုတယ်။ ဒါနဲ့မိဖုရားကလည်း 'ကောင်းပါပြီ' ဆိုပြီး ဆင်းရဲသားရွှာလေးဖန်ဆင်း၊ ဟန်ဆောင် ဆင်းရဲသားအဝတ်အစားနဲ့ နိရောဓသမာပတ်ကထလာမည့် ရဟန္တာကြီးကို ဆွမ်းအုပ်နဲ့ စောင့်နေသတဲ့ ရဟန္တာကြီးကလည်း သမာပတ်က ထလာပြီး ဆင်းရဲသားရွှာလေးကိုတွေ့တော့ ဒီဆင်းရဲသားတွေကို မစမှပဲဆိုပြီး သေသေချာချာမစဉ်းစားဘဲ ဆွမ်းသပိတ်ကို ဖွင့်လိုက်တာနဲ့ ဟိုကလည်း ဆွမ်းကိုလောင်းတော့ နတ်သုဒ္ဓါရနံ့တွေ က မွှေးကြိုင်ပြီး နတ်သုဒ္ဓါတွေမှန်းလဲ သိရော၊ ရဟန္တာကြီးက 'ဟင်း သိကြားမင်း ဒါဘာလုပ်တာလဲ' ဆိုတော့ သိကြားမင်းကြီးက သူ့ရဲ့နတ်ပြည်မှာ သူ့ထက်ကိုယ်ရောင်ကိုယ်ဝါ အဆင်းအရောင်တွေနဲ့ လာတဲ့နတ်သားတွေရှိနေလို့ တပည့်တော်က လည်း ဒီဒါနပြုပြီး ကိုယ်ရောင်ကိုယ်ဝါတောက်ပချင်လို့လာရတာပါ။ သနားကရုဏာနဲ့ တပည့်တော်ရဲ့ ဒီဆွမ်းကို အလှူခံပါဘုရားလို့ လျှောက်သတဲ့။ ဒါနဲ့ပဲ ဒီဆွမ်းကို အလှူခံရသတဲ့။

ကျွန်တော့်ဆရာတော် ဦးလက္ခဏလေ ကျွန်မတို့က ဒေါ်လှကြီး ကိုယ်စားလှူပေးတာကို ဒီတရားနဲ့ဟောပြလို့ အားရဝမ်းသာစွာနဲ့ပဲ ဒေါ်လှကြီးကို အမျှဝေရပါတော့တယ်။ ကျွန်မတို့အဒေါ် ဒေါ်လှကြီး နတ်ပြည်မှာ ကိုယ်ရောင်ကိုယ်ဝါ တောက်ပရွှန်းသစ်တဲ့ နတ်သား ဖြစ်နေမှာ ကျိန်းသေပါပဲလေ။

မြင့်မြတ်တဲ့ကုသိုလ်
တိုးတိုး



စိန်ရတုတဲ့။ နှစ်ပေါင်းရှစ်ဆယ်. . .။ မြန်ဆန်လိုက်တာနော် တစ်ဘဝ တစ်သံသရာ ခရီးရှည်ကြီးကို တစ်နံ့တစ်လျှားသွားခဲ့ရ၊ ယုံကြည်ချက်၊ မျှော်လင့်ချက်တွေကို စွမ်းသမျှအကောင်အထည်ဖော် လို့ပျော်နေတဲ့သူအဖို့ အချိန်တွေက ကုန်လွယ်လိုက်တာ။ ရှေ့ဆက်ပြီး စီမံဆောင်ရွက်စရာတွေကရှိသေး။ ပြုလုပ်ဆောင်ရွက်ပြီးခဲ့သမျှ အားရကျေနပ်ဖွယ်ရာများတွေ့ရ၊ လိုအပ်နေသေးသည်များလည်း ရှိနေဦးမည်သာမလွဲ၊ လောကတ္ထစရိယာတဲ့၊ လောက၊ လူသား



အားလုံးတွက် ရည်ရွယ်ချက်ပြင်းပြင်းနဲ့ ကျိုးစား လေ့ကျင့်သင်ကြားနာယူဖို့ ဇာတိမြေကထွက်ခဲ့ရ။ မြင်းခြံခရိုင်ထဲက၊ ကတောကျေးရွာလေး။

ထောင့်နှစ်ရာကိုးဆယ့်ခွန်၊ နှစ်ဦးတန်ခူးဆန်းပြည့်၊ မွေးဖွားခဲ့သည့်နေ့ ဗုဒ္ဓဟူးတဲ့၊ ဇာတိစခဲ့ ဦးသာထယ်ဒေါ်ဖွားစောတို့ရဲ့ ရင်နှစ်သည်းချာသားရတနာလေ။ ဆယ့်နှစ်နှစ်သားအရွယ် မြင့်မြတ်တဲ့ အသရေတော်ကို လွှမ်းခြုံခွင့်ကြုံရ၊ ရွာဦးကျောင်းဆရာတော် ဦးဥတ္တရမထေရ်ထံမှောက် အခြေခံစာပေစတင်လေ့ကျက် ဆယ့်ခုနှစ်နှစ်ထိပေါ့။ စစ်ကိုင်းတောင်ရိုး ရတနာမာန်အောင် ပရိယတ္တိ စာသင်တိုက်တဲ့။ မျှော်လင့်ချက် ချေလှမ်းအစ ၁၃၁၄ ခုနှစ်သက္ကရာဇ်အမှတ်တရလေ။ နောက်တစ်ဖန် ခြေတစ်လှမ်းက ရတနာပုံ မန္တလေးမြို့တော်ကြီးရဲ့ အရှေ့ပိုင်းချမ်းအေးသာဇံမြို့နယ် ၆၈ လမ်း မဟာဝိဇိတာရုံပဓာနမဟာနာယက ဘဒ္ဒန္တမဟာထေရ်ထံမှောက် ဥပသမ္ပဒကံဆောင်ဖို့ရောက်ခဲ့ပြန်ပေါ့။ (တစ်ထောင့်သုံးရာတစ်ဆယ့်ခြောက်ဝါဆိုလဆန်း ၄ ရက် တနင်္ဂနွေ) မြင့်မြတ်ခြင်းရသသောက်စို့ခဲ့ရ။ ၂၂၇ သွယ်တဲ့ သိက္ခာပုဒ်ထိန်းချုပ်လို့ စာပေပရိယတ္တိတွေ ထပ်ဆင့် သင်ကြား လေ့လာခဲ့ရ။ မဟာဝိသုဒ္ဓါရုံ တိုက်သစ်ဓုယမေဒနီ ဝါဆိုကျောင်းပေါ့။ ၁၃၁၈ ခုနှစ်အစပြုလို့ ၁၃၂၁ ခုနှစ်ထိ ဗုဒ္ဓရဲ့ပိဋကဘဏ်တိုက်ဖွင့်လှစ် ကြည့်ရှုအားပါးတရလေ။

ဥပသမ္ပဒံဆောင်ဥပဇ္ဈာယ်ရှေ့မှောက် ပညာရင်နို့သောက်စို့လာကြတဲ့ ညီတော်နောင်တော်တို့ကို ဗုဒ္ဓစာပေဖြန့်ဝေသင်ကြားပို့ချမှတ်သားနာယူခဲ့သမျှလေ။ ၁၃၂၁ခုနှစ်မှ ၁၃၂၄ ခုနှစ်ထိ သုံးနှစ်တိုင်ခဲ့ပေါ့။ ဉာတတ္ထစရိယာ ဆွေမျိုးဉာတကာ ဝေနေယျတို့တွက်ကောင်းကျိုးများစွာ သယ်ပိုးဖို့ ဘဝခရီးခြေတစ်လှမ်းပြင်။ ၁၃၂၄ ခုနှစ် အစပြုလို့ စစ်ကိုင်းတောင် ကျူစွာချောင်ကို ရောက်ခဲ့ပြန်။ ဆရာတော်ဘုရားကြီး ဦးဝိဇယထံ ဝေယျာဝစ္စဆောင်ရွက်ရန် ဘာသန္တရစာပေလေ့လာမှတ်သားနာယူ (အင်္ဂလိ၊ သက္ကဋ၊ နာဂရီ၊ အင်္ဂလိပ်...)။ တစ်ထောင်သုံးရာနှစ်ဆယ့်ကိုး နှင်းမှုံဝေသန်းပြာသိုဆန်းမှာ ထူးခြားတဲ့ဘဝအစ ကျူစွာချောင်ကို အမွေဆက်ခံခွင့်ကြုံရ။ ဒါ လောကတ္ထစရိယာ လောက ကောင်းကျိုးသယ်ပိုးဖို့စတင်လို့ မျိုးစေ့ချ။ ငယ်ဆရာရဲ့ စကားနားဝယ် ပြန်ကြားရ။ 'တို့ရွာလောက်သာ အားကိုးထိုက်သူမဖြစ်သင့် အမြို့မြို့ အရွာရွာတိုင်းက ဖြစ်နိုင်ရင် မြန်မာတင်မက ကမ္ဘာကပင်အားကိုး ထိုက်သူမျိုးဖြစ်ရမှာ' တဲ့ ဘဝမှာခွန်အားဖြစ်စေခဲ့တဲ့ စကားရပ် (ဩဝါဒကထာ...) ရင်မှာ သိမ်းပိုက်ထုပ်ပိုး။ လောကကောင်းကျိုးတွက် ငယ်စဉ်ကပင် ကိုယ်ခံစွမ်းအားပြည့်စေဖို့ ပရိယတ်ဝမ်းစာ မနေမနား ကြိုးကုတ်ဖြည့်တင်းခဲ့ရ။ မဓောစတမ်းပေပ ငယ်၊ လတ်၊ ကြီး ဓမ္မာ စရိယပါဠိပါရဂူတဲ့။

(၂)

တောင်တွေစိမ်းလမ်း... ချောင်တွေသိန်းသန်း... ခေမာသောင်ကမ်း... တက်လမ်းအောင်မြင်... ကိုအံ့ကြီးဆိုခဲ့တဲ့ တေးစာသားကြားဖူးစ။ သမိုင်းမှာထင်ရှား ကမ္ဘာမှာကျော်ကြားလှတဲ့ စစ်ကိုင်းတောင်။ သူတော်စင်များ ကိန်းအောင်းမွေ့လျော်ရာဒေသ၊ အချေချခွင့်ကြုံလို့ စိတ်မှာရွှင်လန်းတက်ကြွ၊ ဦးစွာပထမ ကျူစွာချောင်ကို တိုးတက်စည်ပင်အောင်ဆောင်ရွက်။ မဟာဝိဇယရဲ့သီ စာသင်တိုက် တည်ထောင်ဖွင့်လှစ်။ ငယ်၊ လတ်၊ ကြီးတန်းအစ တိပိဋကအကျော် စာတော်တဲ့ ပုဂ္ဂိုလ်တို့များစွာ မွေးထုတ်ဖို့ကြိုးစား။ လေ့လာသင်ကြားခဲ့သမျှ မချန်မချွင်းလေ။ ကျူစွာချောင် ဝါးချက်ကို ဂေါစရမ်ပြုလို့နေရ။ ထိုဒေသ စစ်ကိုင်းမြို့ (၅မိုင်) အရှေ့မြောက် ယွန်းယွန်း ဇရာဝတီကမ်းနဖူးမှာ တည်ရှိကြတဲ့ ရွာ '၅' ရွာ။ မိုးတွင်းကာလ သွားလာမှုခက်ခဲ (နွေမှာလည်းလမ်းသာရှိ) တောင်ပေါ်မှာ ပင်ပန်းကြီးစွာ ဖြတ်သန်းသွားလာကြ။ သောတပန် လှေဆိပ်က သမ္ဘန်စီးလို့ ခရီးဆက်ကြရ။ ဒေသခံတွေပင်ပန်းကြ၊ ဆွမ်းကွမ်းအလှူခံကြွရတဲ့ ထေရ်အရှင်တို့လည်း နွမ်းလှပေါ့။ ဧရာဝတီဆိုတာ ပကတိအားဖြင့်သိုးငယ် ပမာငြိမ်သက်အေးဆေး၊ ခါတစ်ရံ ဒေါသမာန်ပြင်းလှိုင်းလုံးကြီးတွေက ချောင်အခြေထိ အတင်းပုတ်ခတ်ဖိချေ၊ သွားလမ်းလာလမ်းတွေပျောက်ဆုံးစေခဲ့။ တွေ့မြင်တိုင်း ရင်လှိုင်းလှုတ်ခတ် နှစ်ကာလအတန်ကြာအထိပေါ့။ သို့ပေမဲ့ အခွင့်မကြုံသေး၊ ဗုဒ္ဓတ္ထစရိယာ ကိုယ်တိုင် လွတ်မြောက်စေဖို့ (ကျင့်ကြံအားထုတ် နေနည်းမှန်ဖို့) ရန်ကုန်မဟာစည်နယ်မြေသို့ ဦးခိုက်၊ ရက်ခြောက်ဆယ်မျှ (၁၉၇၂ ခု၊မေ-ဇွန်) ပဋိပတ်သတိပဋ္ဌာန်ကျင့်စဉ်နိသျရည်းခံအာစရိယဩဝါဒ နှလုံးသားနဲ့ ပွေ့ပိုက် အချိန်ရသခိုက် ကြိုးစားကျင့်ကြံခဲ့။ ကျူစွာချောင်နဲ့ မဟာစည် သွားချည်ပြန်လှည့်စာချ၊ ကမ္မဋ္ဌာနစရိယအဖြစ် ထမ်းရွက်သယ်ပိုး လောကလူသားကောင်းကျိုးပေါ့။ စစ်ကိုင်းတိုင်း၊ ပဲခူး၊ ရန်ကုန်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်အနှံ့ ဌာန ၂၀ ကျော်ဖွင့်လှစ်။ ဓမ္မ၏ အနှစ်သာရဝိမုတ္တိတဲ့။ ချမ်းသာစစ်မှန်တွေ့ကြစေဖို့ ဟောပြောပြသခဲ့။ ယနေ့ချိန်ထိလေ။

၁၉၈၆ ခု အစပြုလို့ ကနေ့ချိန်တိုင် မလေးရှား၊ စင်္ကာပူ၊ ထိုင်း၊ နီပေါ၊ ဩစတြေးလျ (ဘရစ်စဘိန်း၊ ဆစ်ဒနီ၊ ကင်ဘာရာ၊ မဲလ်ဘုမ်း၊ ပါသ်) အမေရိကန်၊ ဟာဝိုင်အီ၊ ကာလီဖိုးနီးယား၊ အာရီဇိုးနား၊ ဂျော်ဂျီယာ၊ ဖလောရီဒါ၊ ဝါရှင်တန်ဒီစီ၊ နယူးယောက်၊ အိုဟိုင်းယိုး၊ အီလီနွိုက်) ကနေဒါ၊ ပိုလန်တဲ့။ ပြည့်ပတရားစခန်းဓမ္မဒူတခရီးတွေ သာသနာအောင်လံစိုက်ထူခွင့်ကြုံခဲ့။ ဆိုရေးရှိက ဆိုအပ်တဲ့။ ပြောစရာစကားကျန်ချေသေး။ တောင်ခိုးဝေမြူခြေဆိုင်းတတ်တဲ့ ဟောဒီစစ်ကိုင်းတောင်ရိုးချောင်တိုင်းမှာ သာသနတာဝန်ကို ကျေပွန်စွာ ထမ်းရွက်ရင်း သံသရာလွတ်မြောက်ကြောင်း သတိပဋ္ဌာန်တရားကို အားကြိုးခန့်ကျင့်ကြံကြိုးထုတ်အားထုတ်နေကြတဲ့ ထေရ်အပေါင်းနဲ့ ရဟန်းသာမဏေ သီလရှင် သူတော်စင် ယောဂီအပေါင်းမှီတင်းနေထိုင်ကြ။ ကျောင်း၊ ဆွမ်း၊ သင်္ကန်း ထိုက်သင့်စွာပြည့်ကြ၊ နာမကျန်းဖြစ်တဲ့အခါ သာမန်အာဂန္တုရောဂါလောက်ဖြင့် ဆေးမီးတိုများနဲ့ပြီးကြ၊ ကိုယ်တိုင်လည်း မုဆိုးကျော် ငန်းဆေးများနဲ့ နေထိုင်လာခဲ့ရ။ ရောဂါဝေဒနာကြီး ဖြစ်လာသည့်အခါ ဆေးရုံဆေးခန်းပြေးရပြန်။ ဒါသည်ပင်လျှင် တောင်တော်၏ တောင်ဘက်ပိုင်းကားလမ်းနီးသည့် ချောင်တွေလောက်သာ အရှေ့ဖျားနဲ့ အတွင်းကျကျချောင်တွေ မှီတင်းနေထိုင်ကြရတဲ့ ထေရ်ရှင် သူတော်စင် ယောဂီအများ ဖျားနာကြီးမားဝေဒနာခံစားကြရတဲ့အခါ လမ်းပန်းအချေနေမကောင်းသဖြင့် ဆေးရုံဆေးခန်း အချိန်မီ မသွားရောက်နိုင်ကြလို့ တိမ်းပါးယိမ်းပါး များစွာရှိခဲ့ချေသည်။

မိမိကိုယ်တိုင်သေကောင်ပေါင်းလဲဝေဒနာ ပြင်းစွာခံစားရဖူး။ ဆေးမှူးမရှိ၊ ဆရာဝန်ပင့်ကြသော်လည်း နေ့မွန်းတည့်လောက်

မှ ဆရာဝန်ပြရ။ ဆရာရဲ့ စမ်းသပ်ပြောဆိုမှုကြောင့် တပည့်တပန်းတို့ စိုးရိမ်ကြီးစွာဖြင့် စစ်ကိုင်းဆေးရုံကိုပို့နိုင်ကြဖို့ ကြိုးစား။ ဝေဒနာရှင်ကို ကြိမ်ခုံပေါ်တင်ချောင်အချေမြစ်ဆိပ်မှ လက်ခတ်သမ္ဗန်နဲ့အောက် ဧရာဝတီမြစ်ဆိပ် (စစ်ကိုင်းလှေဆိပ်) ရောက်အောင်တစ်နာရီမျှကြာခဲ့။ ထိုမှ စစ်ကိုင်းဆေးရုံကိုပို့ခဲ့ကြ။ အချိန်မီ ဆေးရုံရောက်လို့အသက်ချမ်းသာရာရခဲ့။ အဲဒီက အစပြု သာသနာရေး၊ လူမှုရေး၊ မနေးဖွံ့ဖြိုးစေရမည်ဆိုတဲ့ ဦးတည်ချက်ကို ရင်တွင်းဆန္ဒဖြစ်သည်။ ကံကောင်းထောက်မ၍ လူ့ဘဝကိုရခိုက် ထိုလူ့ဘဝကိုအကျိုးရှိအောင်သုံးပါမည်။ ကံကောင်းထောက်မ၍ လူ့ခန္ဓာကိုယ်ကိုရခိုက် ထိုလူ့ခန္ဓာကို အကျိုးရှိအောင်သုံးပါမည်။ ကံကောင်းထောက်မ၍ လူ့အင်အားကိုရခိုက် ထိုလူ့အင်အားကို အကျိုးရှိအောင်သုံးပါမည်။ ကံကောင်းထောက်မ၍ လူ့စည်းစိမ်ဥစ္စာကိုရခိုက် ထိုလူ့စည်းစိမ်ဥစ္စာကို အကျိုးရှိအောင် သုံးပါမည်။ ဆိုတဲ့ဆုံးဖြတ်ချက်ကို ခိုင်မာစွာချမှတ် အကောင်အထည် ဖော်နိုင်အောင်ကြိုးစားခဲ့။ ဟောကြည့်… တစ်နှစ် ကျစွာမြေပြန်အရောက်လာလျှောက်ကြတဲ့ ဘောစရာမ်ရွာတွေက ဒကာ၊ ဒါယိကာမ၊ ဆွေတော်မျိုးတော်တို့ရဲ့ ဆန္ဒမူလရှိရင်းစွဲ ရည်ရွယ်ချက် အကောင်အထည်ဖော်။ သက်ဆိုင်ရာနယ်မြေဒေသတွေရဲ့ ထေရ်ရှင်မြတ်တို့ထံသြဝါဒနာယူ၊ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှနဲ့ ရပ်ရွာရဲ့ လုပ်အား ဒါနယူ ဟောဒီကျစွာချောင်က အစပြု ဇရပ်ဖြူမော်တန်းရှည်အထိ (တစ်မိုင်ကျော်ခန့်) ဧရာဝတီမြစ်ရေလွတ်အောင် မြင့်မြင့်ကြီးကျောက်ထုပ်ရိုက်၊ တောင်ရိုးဖြိုလမ်းသားချဲ့ မင်းကွန်းဝါးချက်စစ်ကိုင်းသွားလာမှု လွယ်ကူစေဖို့ လမ်းကြမ်းခင်းနိုင်ခဲ့ (၁၃၄၀ ခုနှစ်)။ အဲဒီရဲ့နောက် ဟိုးဝါးချက်မြေမျောက်ဖူးထိကတ္တရာလမ်း (၁၃၅၆ ခုနှစ်မှာ)။ ဖြစ်စေခဲ့၊ ဒါ အားလုံးအသိ မှတ်တမ်းလည်းရှိခဲ့ပြီ။

မိမိကိုယ်တိုင် ကိုယ်စွမ်းဉာဏ်စွမ်း (မွေစွမ်းအား) တွေနဲ့ဦးစီးဦးဆောင်ပြု ဖောက်လုပ်ခင်းကျင်းခဲ့တဲ့ ဟောဒီသရက်ပင်ဆိပ်မှအစပြု စစ်ကိုင်းဝါးချက် မင်းကွန်းသွား ကားလမ်းမကြီးပေါ် ဦးတည်ရာခရီးကို လွယ်ကူစွာ ပျော်ရွှင်မှုနဲ့သွားလာနေကြတဲ့ ဝေနေယျတို့ရဲ့ ကြည်သာ မျက်ဝန်းတွေကြောင့် ဝမ်းသာအားရ ပီတိလွှမ်းမှုတွေနဲ့ အတူတရာဟော၊ တရားပြ (ကိုယ်တိုင်လည်းကျင့်) စာချ၊ စာသင်၊ သာသနာ့ဝန်ထမ်းရွက်နေရင်း တောင်ရိုးပျော် သူတော်စင်တို့ရဲ့ ကျန်းမာရေးအတွက်တွေးတော။ သက်ကြီး ရွယ်အို ထေရ်ရှင်အများ သီလရှင်ဆရာကြီးများ (ယောဂီများ) ရဲ့ ကျန်းမာရေးအတွက် ဝန်ဆောင်မှုငါဘယ်လိုပြုရ မတုန်းဆိုတဲ့အတွေးတွေရင်ထဲမှာ ပလုံစီလို့လေ။ ကိုယ်ချင်းစာနာစိတ်ဆိုတာ ကိုယ်တိုင်ခံစားဖူးမှ နားလည်သတဲ့လား။ အို… ဟုတ်ရိုးလားကွယ်။ သာသနာရေး၊ လူမှုရေး၊ မနေးဖွံ့ဖြိုးစေရမည်ဆိုတဲ့ ရည်ရွယ်။ ငယ်ရွယ်၊ နုပျိုစဉ်ကတည်းကရှိရင်းစွဲ ဆန္ဒလေ။

စောင့်နေတဲ့ သူ့ထံအရာရာတိုင်း ရောက်လာစေတယ်။ ဆိုစကားတစ်ရပ်ကြားဖူးကြမဟုတ်လား။ သာသနာရေး၊ လူမှုရေးတွက် ကုသိုလ်ယူဆောင်ရွက်နိုင်ဖို့ မျှော်လင့်စောင့်စားနေခဲ့တဲ့ မိမိထံအခွင့်ရေးတစ်ရပ်ကြုံပါချေပြီ။ အဆိုးတဲ့အကောင်းလေ။ ကြည့်မြင်စေချင်စမ်းပ။ ၁၃၄၃ ခု တန်ခူးလအခါသမယ လဆန်း ၁၄ ရက်တဲ့။ မှတ်မှတ်ထင်ထင်ရှိစေခဲ့တဲ့နေ့။ ပူလောင် ပြင်းပြတဲ့နွေညနေ ၄ နာရီလောက် စစ်ကိုင်းတောင် ပတ္တမြားစေတီဖက်ဆီကအစပြု တောင်အလုံး ချောင်အနှံ့ လေနီကြမ်းမွှေနှောက်၊ အဆောက်ဦတွေအမိုးလန် အချို့ပြိုကျ စေတီပုထိုးများလည်း လေကြမ်းဒဏ်ခံရထီးတော်တွေမြေခ၊ သစ်ပင်တွေပြိုလဲ (ရေးဟောင်းဇရပ်ကြီးတွေလဲပျက်စီး) သည်အထဲမှာ ဝါးချက်ရွာတောင်ထက်စွန်းက နှစ်တစ်ရာကျော်သက်တမ်းရှိ ညောင်နှစ်ပင် လေပြင်းဒဏ်ကြောင့် သစ်ကိုင်းကြီးများကျိုးပဲ့၊ လက်တစ်ကမ်းက ဇရပ်ပေါ်ဖိချေဖျက်ဆီး အနိဋ္ဌာမြင်ကွင်းလေ မကြာမတင်ကာလ ဒီနေရာကိုပိုင်သတဲ့။ သာယာဝတီချောင် ဆရာတော် မိန့်မှာချေလှာစ် 'မောင်လက္ခဏာ အဲဒီမှာ သံဃိကဇရပ်များပြန်လည် ဆောက်လုပ်ပေး' ဆိုတဲ့ သြဝါဒကြားရ။ အားရဝမ်းသာ အခွင့်ရေးကိုမျှော် ပျော်နေတဲ့သူအတွက် ရေငတ်တုန်းရေတွင်းထဲကျခဲ့ပြီပ။ ရည်ရွယ်ချက်ကို ရင်မှာပိုက်၊ သက်ဆိုင်ရာသက်ကြီးဝါကြီးထေရ်အရှင်တို့ထံ ချဉ်းကပ်၊ ရည်ရွယ်ချက်ကိုလျှောက်ထားခွင့်ပန်၊ သဘောတူ နှစ်ခြိုက်ကြလို့ သြဝါဒစရိယအဖွဲ့နဲ့အတူ ကြီးကြပ်မှုသံဃာ့အဖွဲ့ဖွဲ့ ဝိနည်းနဲ့လျော်ညီစွာလူပုဂ္ဂိုလ်များကို စုစည်းဖြစ်မြောက်ရေးကော်မတီ (ကြီးကြပ်ထောက်ပံ့ရေး) တဲ့။ ဆရာဒကာညီညွတ်စွာနဲ့ အားသွန်ကြိုးပန်း 'စတုဒီသာကျန်းမာရေးဆေးပေးခန်း' လေးကို စတင် အကောင်အထည် ဖော်ခဲ့ကြ။

နားလည်တတ်ကျွမ်းသူများထံ ချဉ်းကပ်အကြံဉာဏ်နဲ့ လုပ်အားဒါနယူ ဘဏ္ဍာငွေရှာကြံ၊ မိမိက မတည်ငွေအဖြစ် ကျပ်တစ်ထောင်လှူ (အဲဒီကာလဆီတုန်းက ငွေ ၁၀၀၀ ဆိုတာ



တန်ဖိုးပမာဏအတော်လေးရှိချေသေး၏) အခြားဆရာတော်များကလည်း ၅၀၀/၃၀၀ စသဖြင့် ထည့်ဝင်လှူဒါန်းခဲ့ကြ။ သည်လိုနဲ့ အလျား ၃၂ ပေ × အနံ ၂၈ ပေ၊ မိုးတွင်းမြစ်ရေလွတ် ခြေတံရှည် တစ်ထပ်ဆောင်လေး။ ဆင်ဝင်ခန်းက လူနာစမ်းသပ်ဆေးပေးခန်း၊ ၁၆ ပေ × ၃၂ ပေ ရှိအဆောင်မကြီးက လူနာခုတင်ငါးလုံးထား။ နောက်ဘေးမှာ လူနေအိပ်ခန်းမီးဖိုနဲ့ စားသောက်ခန်းအဖြစ် အဖီထုတ်ထား။ ဒါ ဆရာတော်သံဃာတော်များနဲ့ နီးစပ်ရာဒကာ၊ ဒါယိကာမတွေရဲ့ စုပေါင်းလှူဒါန်းငွေကြောင့် ပေါ်ပေါက်လာခဲ့တဲ့ ဆေးပေးခန်းလေး။ ဟောဒီဝါးချက်မြေပေါ်မှာ ငွားငွားစွင့်စွင့်လေ။ အဆောက်အဦပြီးသလောက်ဖြစ်ပေမဲ့ ၁၉၈၃ ခုနှစ် နိုဝင်ဘာမှာ မဟာစည်ကိုရောက်ရပြန် ကမ္မဋ္ဌာနစရိယအဖြစ်လေ။ ရိပ်သာဝင်ယောဂီအပေါင်းကို သတိပဋ္ဌာန် အလုပ်ပေးတရားဟောပြ နေရချေသေး၏။

၁၉၈၄ ခုနှစ်၊ မင်္ဂလာရှိတဲ့နှစ်ပါဘဲ၊ တရားဟော၊ တရားပြ မဟာကမ္မဋ္ဌာနစရိယ တာဝန်ထမ်းနေရတဲ့ မိမိထံ စစ်ကိုင်းတောင်ရိုးရှိ မဟာသစ်ဝင်ဆရာတော်၊ သာယာဝတီဆရာတော်၊ ဇမ္ဗူထိန်လင်းဆရာတော်တို့ရဲ့ မိန့်မှာချက် ဝါးချက်မြေရှိ စတုဒီသာကျန်းမာရေးဆေးပေးခန်း (ဆောက်လုပ်ပြီးစီးနေပြီတဲ့) လာရောက်ဖွင့်လှစ်ပေးပို့တဲ့လေ။ ဒါနဲ့ မဟာစည်ယောဂီများရဲ့ စုပေါင်းလှူဒါန်းလိုက်ကြတဲ့ ငွေ ၂၀၀၀၀။ ကြက်ခြေနီဥက္ကဋ္ဌကြီးမှ ဘာဘူစောင် ၁၀၀၊ မျက်နှာသုပ်ပဝါ ၁၀၀၊ စတီးခွက်၊ စတီးဇွန်း၊ သွေးပေါင်ချိန် (B.P) ကိရိယာ၊ အရက်ပြန်၊ ဂွမ်းလိပ်၊ ပတ်တီးလိပ်တွေ တစ်ပွေ့တစ်ပိုက်နဲ့ ကျွန်ုပ်ကျွန်ုပ်တို့ ... ကျစွာမြေကို အရောက်လှမ်းခဲ့ရပါချေပြီ။ စစ်ကိုင်းတောင်ရိုး ဟံသာဂီရိဆရာတော်ကြီးနဲ့ တပည့်ဒကာ၊ ဒါယိကာမ မိသားတစ်စုတို့က မတည်ငွေနဲ့ဆေးဝါးပစ္စည်းစုံလင်စွာ ၁၉၈၄ အောက်တိုဘာ ၂၁ ရက်နေ့မှာ အများမျှော်လင့်တောင့်တနေကြတဲ့ ဝါးချက်မြေက 'စတုဒီသာ ကျန်းမာရေးဆေးပေးခန်း' ကို ခမ်းခမ်းနားနားနဲ့ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ချေပြီကော။ အမည်နာမက 'ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ' တဲ့လေ။

ဆေးပေးခန်းတာဝန်ခံဆရာဝန်အဖြစ် ဒေါက်တာတင်မောင်ညွန့် (စာရေးဆရာ-ကျော်စွာထက်) အပါအဝင် ဝန်ထမ်းငါးယောက်နဲ့ ဝါးချက်မြေက ဆရာတော်သံဃာတော် သီလရှင်(ယောဂီ) နယ်သူနယ်သားအပေါင်းရဲ့ ကျန်းမာရေးတွက် ဝန်ဆောင် (အခမဲ့) မှုပေးနိုင်ပြီ၊ သည်ဆေးခန်းလေးအရှည်တည်တံ့နိုင်အောင် အဖက်ဖက်မှ ဝိုင်းဝန်းစောင့်ရှောက်ခဲ့ကြပြန်။ ဆေးဝါးပစ္စည်းဝယ်ယူဖြည့်တင်းနိုင်ရေး။ ဝန်ထမ်းများသင့်တင့်လျောက်ပတ်သော လစာပေးနိုင်ရေးအတွက် စေတနာရှင် (ဆေးပဒေသာပင်စိုက်ထူနိုင်ရေး) ဖိတ်ခေါ်။ တောင်ပေါ်ရှိ ချောင်အနှံ့တစ်ပတ်တစ်ခါ အလှူခံထွက်ကြ။ (ရဟန်းငယ်များ၊ သာမဏေ၊ ကျောင်းသားလူငယ်တွေပင်မနေရ) တစ်မတ်၊ ငါးမူးက အစပေါ့။ ငါးကျပ်ရတဲ့ နေ့ဆို အင်မတန်ပျော်ကြဆိုကိုး။ ခါတစ်ရံ ခွေးထွက်လိုက်လို့ ဖနောင့်တင်ပါးတစ်သားတည်းကျအောင် ပြေးခဲ့ရတဲ့ နေ့တွေရှိခဲ့ကြသေး။ ခုတော့လည်း ရယ်စရာအမှတ်တရလေး အဖြစ်နဲ့သာ အဲဒီတုန်းက သည်းထိပ်ရင်ဖိုပေါ့။

ဟံသာဂီရိဆရာတော်ရဲ့ 'တည်ထောင် တည်တံ့ ခိုင်မြဲအောင်လုပ်၊ တိုးတက်အောင်ကြံဆောင်' ဆိုတဲ့ ဩဝါဒ စကားမှတ်သားနာယူ၊ အထက်မြန်မာပြည် အောက်မြန်မာပြည်ဆိုပြီး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ ကြီးကြပ်ထောက်ပံ့ရေးအဖွဲ့တွေကို လုပ်ထုံးလုပ်နည်းအညီ ဖွဲ့စည်းလို့ကြိုးပန်းလှုပ်ရှား။ ခုတင်ငါးလုံးဆံ့ ဆေးရုံငယ်လေးကနေ ခုတင် ၅၀ ဆေးရုံကြီးအဖြစ် တိုးတက်လာခဲ့။ ဒါဩဝါဒဆရာတော်ကြီးများရဲ့ 'ငါတို့လည်း အသက်အရွယ်ကြီးရင့်နေပြီဖြစ်လို့ ကျန်းမာရေးအတွက် နီးနီးနားနား အလွယ်တကူ တက်ရောက်နိုင်ရန် လုံလောက်သော အတွင်းလူနာဆောင်တိုးချဲ့ဆောက်လုပ်ဖို့ လိုအပ်နေပြီ။ ကျွန်ုပ်ကျွန်ုပ်တို့ ... ကျစွာဆရာတော်အနေဖြင့် အတွင်းလူနာဆောင်တိုးချဲ့ဆောက်လုပ်သင့်နေပြီ' ဆိုသည့် ဩဝါဒရဲ့ တွန်းအားလေ။ ခေတ်မီအဆင့်တန်းမီဆေးရုံဖြစ်ဖြစ်မြောက်မြောက်ရှိစေရန်အတွက် (၁၉၈၄ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ရာ ငါးနှစ်တာကာလ



အတွင်း ဝေဒနာရှင်အပေါင်း ၁၇၀၀၀ ကျော် (သောင်းခုနှစ်ထောင်ကျော်) ကုသပေးခဲ့ရာ ထိုအထဲတွင် အတွင်းလူနာအဖြစ် ဝေဒနာရှင်များပါလာတတ်ရာ ထိုဝေဒနာရှင်တို့အား စစ်ကိုင်းဆေးရုံသို့ လွှဲအပ်ပေးခဲ့ရသည်ချည်းပင်) ဝါးချက်ဇီဝိတဒါန သံဃာဆေးရုံ ကြီးကြပ်ထောက်ပံ့ရေး (ထက်/အောက်) အဖွဲ့နှစ်ဖွဲ့နဲ့ ညှိနှိုင်းအထူးကုသမားတော်ကြီးများရဲ့ အကြံပြုချက်နဲ့အညီ ၁၉၈၈ ဇွန်လမှာ စတင်အကောင်ထည် ဖော်ဆောင်ရွက်။

အလှူရှင်စေတနာရှင်အပေါင်းရဲ့ သဒ္ဓါတရားထက်သန်မှုတွေကြောင့် ခတ်မှန်ခန်း၊ ခွဲစိတ်ခန်းအပါဝင် အဆင့်မြင့်ဆေးရုံကြီးအဖြစ် ထင်ရှားခဲ့လို့ ပြည်ပက ခွဲစိတ်ပါရဂူများကလည်း ဒီဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံကြီးမှာ လုပ်အားဒါနပြုခဲ့ကြသလို လိုအပ်တဲ့

ခွဲစိတ်ခန်းသုံးကရိယာများ၊ မေ့ဆေးပေးစက်များ လှူဒါန်းခဲ့ကြသည်အထိ အောင်မြင်ခဲ့။ မျက်စိနဲ့ပတ်သက်လို့ ကွင်းဆင်းကုသနိုင်ခဲ့ကြရတဲ့အထိပင် မိမိအနေဖြင့်လည်း အနီးကပ်ကြီးကြပ်ရသမျှလာဘ်သပ္ပကာရအစုစုကို ခွဲဝေလှူဒါန်း၊ ကတောမြေမွေးရာဇာတိလည်း မလွတ်စေခဲ့။ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လောကတ္ထ၊ ဉာတတ္ထ၊ ဗုဒ္ဓတ္ထစရိယ သုံးပါးကြိုးစားခဲ့ကျင့်ဆောင်ခဲ့။ ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံကြီးလည်း ငွေရတုတိုင်ခဲ့ချေပြီကော။ ဩော်... ပြောစရာ စကားတစ်ရပ်ရှိချေသေး။ ဟောဒီစစ်ကိုင်းမြေ၊ စစ်ကိုင်းတောင်ဟာ လျှောင်ပြတ်ရွှေကြောပေါ်ရှိလို့ ရင်တထိတ်ထိတ် ရှိနေကြရသတဲ့။ (သိပ္ပံဆရာတို့ရဲ့အယူအဆလေ) တောင်တိုင်းမှာ ပတ္တမြားမရှိပေမဲ့ ချောင်တိုင်းမှာ တရားအသိ၊ စာအသိနဲ့ မေတ္တာစွမ်းအားကြီးမားလှတဲ့ သက်တော်ရှည်ဆရာတော်များရှိလို့ နောင်

**စိန်ရတုတဲ့။ အနှစ်ခုနှစ်ဆယ့်ငါး ခရီး ရှည်သွားနေရ။ နောင်လည်း သွားကြရဦးမယ်။ တစ်ဘဝ၊ တစ်သံသရာခရီးမှာ တွေ့ကြုံရခိုက် ဘဝနေနည်း မှန်ပါစေ။ ကုသိုလ်ပြုနည်းမှန်ပါစေ။ လောကမှာ လှူတတ်၊ ယူတတ်ကြမှ တော်မှာမို့ မိမိရဲ့ စိန်ရတုပွဲ ပါဝင်ဆင်နွှဲရင်း ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံကြီးရဲ့ လိုအပ်မယ့် တစ်ထောင့် တစ်နေရာက ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝတ္ထုပစ္စည်း၊ ငွေကြေးဥစ္စာ၊ တစ်စုံတစ်ရာ လုပ်အားဒါနပြု။ တစ်ဘဝ၊ တစ်သံသရာ ခရီးအတွက် အမြတ်ဝေစု ရယူတတ်စေချင် စမ်းပါဘိ။**

အနှစ်တစ်ရာတိုင် နာဘယံ ဘေးမရှိပါချေ။

စိန်ရတုတဲ့။ အနှစ်ခုနှစ်ဆယ့်ငါးခရီးရှည်သွားနေရ။ နောင်လည်းသွားကြရဦးမယ်။ တစ်ဘဝ၊ တစ်သံသရာခရီးမှာ တွေ့ကြုံရခိုက် ဘဝနေနည်းမှန်ပါစေ။ ကုသိုလ်ပြုနည်းမှန်ပါစေ။ လောကမှာ လှူတတ်၊ ယူတတ်ကြမှ တော်မှာမို့ မိမိရဲ့ စိန်ရတုပွဲ ပါဝင်ဆင်နွှဲရင်း ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံကြီးရဲ့ လိုအပ်မယ့် တစ်ထောင့်တစ်နေရာက ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝတ္ထုပစ္စည်း၊ ငွေကြေးဥစ္စာ တစ်စုံတစ်ရာ လုပ်အားဒါနပြု တစ်ဘဝ၊ တစ်သံသရာခရီးအတွက် အမြတ်ဝေစု ရယူတတ်စေချင်စမ်းပါဘိ။ မိမိကတော့ နေရသမျှဘဝအချိန်တွင်းမှာ သာသနာရေး၊ လူမှုရေး မနေးဖွံ့ဖြိုးစေရမည်ဆိုတဲ့ ရည်ရွယ်ချက်ကို ကံကောင်းထောက်မ၍ လူ့ဘဝကိုရခိုက် ထိုလူ့ဘဝကို အကျိုးရှိအောင် သုံးပါမည်။ ကံကောင်းထောက်မ၍ လူ့အသိဉာဏ်ကိုရခိုက် ထိုလူ့အသိဉာဏ်ကိုအကျိုးရှိအောင်သုံးပါမည်။ ကံကောင်းထောက်မ၍ လူ့အင်အားကိုရခိုက် ထိုလူ့အင်အားကို အကျိုးရှိအောင်သုံးပါမည်။ ကံကောင်းထောက်မ၍ လူ့စည်းစိမ်ကို ရခိုက် ထိုလူ့စည်းစိမ်ကို အကျိုးရှိအောင်သုံးပါမည်။ ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့အတူ လောကကောင်းကျိုး၊ လူသားကောင်းကျိုး၊ သာသနာအကျိုးတို့ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ထုဆစ်ပုံဖော် သယ်ပိုးထမ်းရွက်ရင်း ကျန်ရှိနေသေးတဲ့ ရတုပေါင်းများစွာတို့ကို ဆင်နွှဲဖို့ ပြင်ဆင်နေလျက်။ ဟောဒီစိန်ရတုခရီးတိုင်အောင် မိမိနဲ့အတူ သာသနာရေး လူမှုရေးတို့ကို လက်တွဲဆောင်ရွက်ခဲ့ကြတဲ့ ဩဝါဒဆရာတော်ကြီးများ ညီတော် နောင်တော် ဆွေတော်မျိုးတော် အပေါင်းတို့ရဲ့ ကျေးဇူးတရားကို မိမိနှလုံးသားမှာ ကမ္ပည်းမော်ကွန်းတင်လျက်။

**(‘ဝါးချက် ဇီဝိတဒါနသံဃာ့ဆေးရုံ’ ငွေရတု မဂ္ဂဇင်းပါ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်မှတ်ခံစားရေးဖွဲ့ပူဇော်အပ်ပါသည်။)**

*နန္ဒာမင်းဝေ*


ဂိုတာအောင် (NY)
သမုဒ္ဒရာကြီးခြားနေသော်လည်း

ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်ဇာတိမဟုတ်တဲ့ နိုင်ငံရပ်ခြား၊ သူတစ်ပါးရဲ့တိုင်းပြည်မှာ နေထိုင်လာခဲ့တာ နှစ်ပေါင်း ၂၀ ကျော်၊ အစိတ်နီးပါး ရှည်ကြာခဲ့ပါပြီ။ ကျောင်းတက်နေခဲ့တဲ့ အချိန်တွေ ဘုံးက ကျောင်းသွားလိုက်၊ ကျောင်းပြန်လိုက်၊ အချိန်ပိုင်းအလုပ် လေးပြေးလုပ်လိုက်နှင့် ပျင်းရိငြီးငွေ့ချိန်ပင် မရှိလိုက်ပေ။ ကျောင်းပြီးလို့ လုပ်ငန်းခွင်ဝင်တော့လည်း ရုံးကသတ်မှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေကို တစ်သဝေမတိမ်း၊ မဖောက်ဖျက်ချင်တာမို့ တခြားသူတွေထက်ပိုပင်ပန်းပါတယ်။

သူတစ်ပါးတိုင်းပြည်မှာ နေရပေမဲ့ မိဘစုံစုံလင်လင် ညီအစ်ကို မောင်နှမ သိုင်းသိုင်း ဝိုင်းဝိုင်းနဲ့အတူ ရှိနေရတဲ့အတွက် တစ်ကိုယ်တော်၊ တစ်ယောက်တည်း နေထိုင်နေရသူတွေထက် အများကြီး ကံကောင်းပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ ကျော်က ကိုယ့်မြန်မာ လူမျိုးရယ်လို့ ရှားပါးလှပေမဲ့ အခုလက်ရှိမှာတော့ ပေါများလိုက်တဲ့ မြန်မာလူမျိုးတွေ၊ အများကြီးဖြစ်၍နေပါပြီ။ မြန်မာဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းရယ်လို့ တစ်ကျောင်းတည်းသာ ရှိခဲ့ပြီး ဒီကနေ့မှာတော့ နယူးရော့(ခ်) တစ်မြို့တည်းတင် (၁၀) ကျောင်းလောက် တည်ထောင်ပြီး ဖြစ်နေပါပြီ။

နယူးရော့(ခ်) မြို့ကြီးပေါ်မှာဆို မြန်မာလူမျိုးတွေအကြိုက် အစားအစာတွေလဲ လွယ်လင့်တကူဝယ်ယူလို့ရနေပါပြီ။ စနေ၊ တနင်္ဂနွေနေ့တိုင်း မြန်မာမိသားစုတွေရဲ့ အိမ်ဂေဟာ၊ ဘုန်းတော်ကြီးကျောင်းတွေမှာ အလှူအတန်းတွေပြတ်လပ်တယ်လို့ မရှိပေ။ နေအိမ်ကိုရောက်ရှိလာတဲ့ ဖိတ်စာတွေမှာ ကျွေးမွေးဧည့်ခံမဲ့ စာရင်းကိုကြည့်ပြီး နိုင်ငံခြားရောက်နေတယ်ဆိုတာတောင် မေ့သွားနိုင်လောက်ပါပေတယ်။ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ ရခိုင်မုန့်တီ၊ မန္တလေးကြာဆံချက်၊ ဒံပေါက် အားလုံးလိုလို မြန်မာအကြိုက် အစားအစာတွေချည်းဖြစ်ကြတယ်။

အိမ်မှာ မောင်နှမတစ်တွေ ရုံးတက်၊ အလုပ်သွား နေချိန် ပင်စင်စားအဖေနဲ့အမေက အိမ်ကဘုရားကိုနေ့စဉ်ဆွမ်းကပ်၊ တရားနာ၊ ပုတီးစိပ်နှင့် စိတ်အေးချမ်းသာစွာနေနိုင်ကြတယ်။ တစ်လမှာ တစ်ကြိမ် အိမ်မှဘုရားအား ဓာတ်ကြီးလေးပါးကပ်လှူခြင်း၊ နေအိမ်နှင့် မလှမ်းမကမ်းမှာရှိတဲ့ ဝိသုဒ္ဓါရုံဓမ္မရုံသီကျောင်း၊ မဟာအောင်မြေကျောင်းတိုက်က သံဃာတော်တွေကို လစဉ်ဆွမ်းချိုင့်ပို့ခြင်းစတဲ့ ကုသိုလ်ကောင်းမှု မှန်မှန်ပြုနိုင်ကြတယ်။

အမေရိကန်နိုင်ငံနှင့် မြန်မာပြည်ရဲ့ ဘာသာ၊ သာသနာ ဆက်သွယ်ရေးတွေကလည်းတိုးတက်သည်ထက် တိုးတက်နေလေတော့ မြန်မာပြည်မှ ဘုန်းတော်ကြီးများစွာ နယူးရော့(ခ်)၌ တရားပွဲများ ကျင်းပဖြစ်ပါသေးတယ်။ မြန်မာပြည်မှာ တုံးကတောင် ဖူးခွင့်မရခဲ့တဲ့ ဆရာတော်ကြီးများကို ဆွမ်းလုပ်ကျွေးခွင့်၊ ဖူးမြော်ခွင့်၊ တရားနာခွင့်ရတဲ့အခါ မိသားတစ်စုလုံး တသိမ့်သိမ့်ကြည်နူး၊ ကျေနပ်အားရဖြစ်ကြရတယ်။ ကိုယ့်အိမ်မှာ မလုပ်နိုင်သေးပေမဲ့ မိတ်ဆွေတွေအိမ်မှာ ၅ ရက်၊ ၁၀ ရက် စသဖြင့် တရားစခန်းတွေ ဖွင့်လှစ်နိုင်ကြတယ်။ ပျံလွန်တော်မူသွားပြီဖြစ်တဲ့ ဖောမိတစ်ထောင် ဆရာတော်ဘုရား၊ ရွှေဟင်္သာသက်တော်ရှည် ဆရာတော်ဘုရား တို့အား သက်ရှိထင်ရှားဖူးခွင့်ရခဲ့တာ အမှတ်ရစမ်းမြောက်မဆုံးနိုင်ပါ။ Brooklyn ရပ်ကွက် ရွှေမန်းကျောင်းတိုက်နှင့် နယူးဂျာစီပြည်နယ်မှာ စေတီတစ်ဆူစီတည်ထားကိုးကွယ်နိုင်တဲ့အထိ မြန်မာလူမျိုး၊ ဗုဒ္ဓ ဘာသာဝင်တွေ အင်အားတိုးလျက်ရှိပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ ကျော်၊ နယူးရော့(ခ်) မြို့ကို ရောက်လာစဉ်က ကလေးအရွယ်၊ ဆယ်ကျော်သက်အရွယ်တွေသာ ဖြစ်ကြပေမဲ့ ဒီကနေ့တော့ အားလုံးဟာ လူလားမြောက်ကြပေပြီ။ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်နိုင်ကြပေပြီ။ တစ်သက်လုံး ကျွေးမွေးပြုစုလာတဲ့ အဘိုး၊ အဘွား၊ အမိ၊ အဘ တို့ကို တစ်ပြန်တစ်လှည့် လုပ်ကျွေးခွင့်ရခဲ့ကြပေပြီ။ မောင်နှမတွေအထဲမှာ တစ်ယောက်သာအိမ်ထောင်ပြု၍ သားတစ်ယောက်၊ သမီး တစ်ယောက် မွေးလာခဲ့ပြီးပေပြီ။ ကိုယ့်အလှည့်တုံးက အဘိုး၊ အဘွား၊ မိဘတွေရဲ့ဆိုဆုံးမ၊ ပဲ့ပြင်မှုကြောင့် ဗုဒ္ဓဘာသာဝင်အဖြစ် နှစ်လိုစွာ ယုံကြည်ကိုးကွယ်ခဲ့ တယ်။ ကိုယ်မသိ၊ နားမလည်တာတွေကို ရှင်းလင်းသင်ပြပေးနိုင် သူတွေက အနီးအနားလက်တကမ်းမှာ ရှိကြတယ်။ ဘယ်လိုဘဲ လမ်းကြောင်းပေးပေမဲ့ ကာယကံရှင်က လိုလိုလားလားလက်ခံယူခြင်း က အရေးအကြီးဆုံးပါ။

ဗုဒ္ဓဘာသာကိုးကွယ်သူ လူနည်းစုဘဲရှိတဲ့ သူတစ်ပါး တိုင်းပြည်မှာ မွေးဖွားလူဖြစ်လာတဲ့ တူလေးနှင့် တူမလေး၊ မိမိတို့လို ဘာသာရေးနှင့်မမွေ့လျော်၊ မနီးစပ်မှာ စိုးရိမ်ပူပင်မိပါတယ်။ မျက်စိ နှစ်လုံးပွင့်တာနှင့် အလုပ်တာဝန်တွေ ကိုယ်စီရှိတဲ့သူတို့မိဘတွေ၊ သင်ပေးချိန်၊ ရှင်းပြချိန် ရှားပါးကြတယ်လေ။ အခြားပြည်နယ်မှာ စီးပွားရေးကြောင့် အခြေချနေထိုင်တဲ့ မောင်ဖြစ်သူက တယ်လီဖုန်း ဆက်လာခဲ့ပါတယ်။ တယ်လီဖုန်းပေါ်ကနေ တူဖြစ်သူရဲ့ ဩကာသ ဘုရားရှိခိုးနေသံကိုကြားကြရတယ်။ အဖေ မြန်မာ၊ အမေမြန်မာက မွေးလာပါလျက် ဘုရားစာရွတ်ဆိုနေသံမှာ ဝဲတဲတဲဖြစ်လို့နေပါတယ်။ ဒါပေမဲ့ "သားသားညတိုင်း ဩကာသဆိုပြီးမှ အိပ်တယ်၊ အိပ်ခါနီးရင် ဒယ်ဒီ့အနားသွားပြီး သားသားဩကာသဆိုတာမှန်ရဲ့လားလို့ နားထောင်ခိုင်းတယ်၊ ဩကာသမဆိုဘဲအိပ်ရင် ကြောက်စရာ အိပ်မက်တွေမက်တယ်။ ဩကာသဆိုပြီးအိပ်ရင်သားသားကို တစ်ယောက်ယောက်က လုံခြုံအောင် စောင့်ရှောက်နေသလိုဘဲ ခံစားရတယ်" လို့ ပြောသံကြောင့် အတော်ကြီးစိတ်ချမ်းသာ ကျေနပ်သွားမိပါတော့တယ်။ လမ်းကြောင်းမှန်ပေါ်မှာ လျှောက်လှမ်းဖို့ သူတို့လေးတွေ အဆင်သင့်ဖြစ်လို့နေကြပေပြီပဲ။

ဘုန်းဘုန်းဘုရားရဲ့ သက်တော် (၇၅) နှစ်မြောက်မွေးနေ့ မင်္ဂလာ၊ အထိမ်းအမှတ် ထုတ်ဝေမဲ့ စာအုပ်မှာ ပါဝင်ရေးသားခွင့် ရရှိတဲ့အတွက် အလွန်ဝမ်းမြောက်၊ ဝမ်းသာဖြစ်ရပါတယ်။ ဘုန်းဘုန်းရဲ့ ကျန်းမာရေး အမြဲကောင်းမွန်ပြီး သက်တော်ရှည်စွာ နေရပါစေ။ ဘုန်းဘုန်းဦးဆောင်နေတဲ့ ဝါးချက်ဆေးရုံကြီးလည်း ဒီ့ထက် ပိုမိုအောင်မြင်ပါစေ။ တပည့်တော်တို့ နယူးရော့(ခ်) အပါအဝင်၊ နိုင်ငံရပ်ခြားတိုင်းပြည်များသို့ မကြာခဏကြွရောက်ကာ တရားရေအေးဟောကြား နိုင်ပါစေကြောင်းဆုတောင်းလျက်။ ။

* * *

***ဒီတာအောင် (NY)***

# ကျေးဇူးရှင်ဆရာတော်ဘုရားကြီး နှင့် ကျွန်မတို့မိသားစု

**စောမြတ်ကလျာ**




ယခုသက်တော် (၇၅) နှစ်ပြည့်ပြီဖြစ်တဲ့ စစ်ကိုင်းကျွဓာ ဆရာတော်ဘုရားကြီးဟာ ကျွန်မတို့ မိသားစုရဲ့ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ဖြစ်ပါတယ်။

ကျွန်မဟာ ၁၉၈၆ ခုနှစ် ဩဂုတ်လ (၅) ရက်နေ့ ၁၃၄၈ ခုနှစ် ဝါဆိုလကွယ်နေ့မှာ ရန်ကုန်မြို့ မဟာစည်ရိပ်သာကြီးမှာ တရားဝင်ခဲ့ပါတယ်။ ကျွန်မအဲဒီလို တရားဝင်ချိန်မှာ ကျွဓာ ဆရာတော်ဘုရားဟာ မဟာစည်ရိပ်သာကြီးမှာ နာယက၊ ကမ္မဋ္ဌာန စရိယတာဝန်ထမ်းဆောင်နေချိန်ဖြစ်ပါတယ်။ အဲဒီလို ကျွန်မတရားဝင်ချိန်မှာ အမျိုးသမီးယောဂီက ဖလ်ယဉ်ဓမ္မာရုံကြီးထဲမှာ အပြည့်ဘဲ၊ ရဟန်းယောဂီနဲ့ အမျိုးသားယောဂီတို့ကတော့ ဒေါကြွေဓမ္မာရုံမှာ သီးသန့်တရားမှတ်ကြရပါတယ်။

ကျွန်မတို့ အမျိုးသမီးယောဂီများ ဟာ ဓမ္မာရုံထဲမှာ စုစုပေါင်း ၂၀၀ ကျော်လောက်ကို ရှိပါတယ်။

အဲဒီလို ကျွန်မ တရားဝင်နေချိန်မှာ ဥပုသ်နေ့မှ အပ နေ့စဉ် နံနက် (၇) နာရီလောက်ဆို ဆရာတော်ဘုရားဟာ ဖလ်ယဉ်ဓမ္မာရုံထဲမှာ ယောဂီများကို တရားလာစစ်လေ့ရှိပါတယ်။ ကျွန်မဟာ ဓမ္မာရုံကြီးထဲမှာ ဆရာတော်တရားစစ်ဆေးတော်မူတဲ့ စားပွဲနေရာနဲ့ နီးတဲ့ ရှေ့ဆုံးက ယောဂီတန်းမှာ တရားထိုင်လေ့ ရှိခဲ့တယ်။ ဆရာတော်ဟာ ယောဂီတွေကို တရားစစ်ဖို့ ခေါ်လိုက်ပြီ ဆိုရင် ၁၀ ယောက်လောက် စုပေါင်း တရားစစ်ရာ စားပွဲနားကို

ခေါ်လိုက်တယ်။ အားလုံးရောက်လာမှ တစ်ဦးပြီးတစ်ဦး တရားစစ်ဆေးတော်မူလေ့ ရှိပါတယ်။ နေ့စဉ်နံနက်တိုင်း ဆရာတော်ဟာ ယောဂီများကို တစ်သုတ်ပြီး တစ်သုတ်ခေါ်ကာ တရားစစ်ဆေးနေတာဟာ ကြည်ညိုဖို့ကောင်းလှပါတယ်။ ကျွန်မလည်း ကျွန်မ အလှည့်မရောက်မချင်း မိမိနေရာမှာ တရားမှတ်ပြီး စောင့်နေရတယ်။ အဲဒီလိုအချိန်မှာ ဆရာတော်ရဲ့ တရားစစ်ဆေးနေတဲ့ အသံတော်ဟာ နူးညံ့သိမ်မွေ့နေတယ်။ ဆူညံပြီး မနေဘူး။ ဆရာတော်ဟာ တရားစစ်လည်း အင်မတန်မှ တော်ပါတယ်။

ကျွန်မကို တရားစစ်ဆေးဖို့ ဆရာတော်မှာ ခေါ်လိုက်ပြီဆိုရင် ကျွန်မဟာ အထိုင်ဖြုတ်ပြီးဆရာတော် တရားစစ်နေရာ စားပွဲနားသို့ လက်အုပ်ချီသွားကာ တရားအစစ်ဆေးခံရပါတယ်။ ကျွန်မကိုလည်း ဆရာတော်က တရားသေသေချာချာ စစ်ဆေးတော်မူပါတယ်။ အဲဒီလို ကျွန်မတရားဝင်နေချိန်မှာ ဥပုသ်နေ့မှအပ နေ့စဉ် ဆရာတော်ဘုရားရဲ့ တရားစစ်ဆေးမှု ခံခဲ့ရပါတယ်။ ကျွန်မတရားဝင်တာ (၃၂) ရက် ပြည့်တော့ ဆရာတော်ဘုရားမှ ကျွန်မကို မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူတဲ့ ဉာဏ်စဉ်တရားတော်ကို နာယူဖို့ မိန့်တော်မူပါတယ်။ ကျွန်မကနှစ်လပြည့်အထိ တရားမှတ်ဖို့ စိတ်ကို ဆုံးဖြတ်ခဲ့တော့ ဆရာတော်ဘုရားကို တရားနှစ်လပြည့်သည် အထိ ဝင်မည့်အကြောင်းလျှောက်ထားပြီး ကျွန်မဟာ တရားကို ဆက်လက်အားထုတ်ပြီးမှ ဉာဏ်စဉ်တရားတော်ကို (၁၉၈၆) ခု စက်တင်ဘာလ (၂၅) ရက်၊ (၁၃၄၈ ခု၊ တော်သလင်းလဆုတ် (၇) ရက်) နေ့မှာ နာယူခဲ့ပြီး ဉာဏ်စဉ်နာပြီးလည်း ဆက်လက်အားထုတ်ကာ အောက်တိုဘာလ (၃) ရက်နေ့၊ တော်သလင်းလကွယ် နေ့မှာ နှစ်လပြည့်တော့ ရိပ်သာမှ အိမ်သို့ ပြန်လာခဲ့ပါတယ်။

ဆရာတော်ဘုရားဟာ ဖလ်ယဉ်ဓမ္မာရုံမှာ ယောဂီများကို တရားဟောရန် တာဝန်ကျရောက်ပြီဆိုရင်လည်း တစ်ပတ်လုံးလုံး နေ့စဉ် တရားဟောလေ့ရှိပါတယ်။ တရားဟောရန် ဓမ္မာရုံပေါ်သို့ ဆရာတော်ကြွလာတော်မူလျှင် အလွန်နူးညံ့သိမ်မွေ့ပါတယ်။ ဆရာတော် တရားဟောတော်မူတာလည်း အင်မတန်တော်ပါတယ်။ ကျွန်မဟာ ဆရာတော်ရဲ့ တရားတော်ကို နာယူပြီးရင် အလွန် တရားတက်ပါတယ်။ တရားတွေကို ဆက်ပြီးတော့ မှတ်ချင်နေတာဘဲ။ အဲဒီလို ကျွန်မ မဟာစည်ရိပ်သာကြီးမှာ တရားဝင်နေစဉ် ရိပ်သာရှိ သံဃာတော်များဟာ မနက်စောပိုင်းဆို အပြင်ကို ဆွမ်းခံကြွတော်မူ ကြဖို့ တန်းစီပြီး အဆင်သင့်ပြင်နေကြတာကို မကြာမကြာ ဖူးတွေ့ခဲ့ရလေ့ရှိပါတယ်။ အဲဒီအချိန်မှာ ဆရာတော်ဘုရားဟာ သံဃာတော်တွေအား ဆွမ်းခံကျင့်ဝတ်ဆိုင်ရာပါဠိတော်တို့ကို ဘေးမှရပ်တော်မူ၍ တိုင်ပေးလေ့ရှိပြီး သံဃာတော်များက လိုက်ဆိုလေ့ရှိပါတယ်။ အဲဒီလိုမြင်းကွင်းကို ကျွန်မမြင်ခဲ့ရတဲ့အခါမှာလည်း ဆရာတော်ဘုရားကို အင်မတန် ကြည်ညိုရပါတယ်။

ကျွန်မ အဲဒီလို ဆရာတော်ထံမှာ တရားအစစ်ဆေးခံပြီး ဆရာတော်ဟောကြားတော်မူတဲ့ တရားတော်တွေကို နာကြားပြီး တရားရှုမှတ်နေစဉ်မှာ ကျွန်မရဲ့စိတ်ထဲမှာ ကျွန်မရဲ့သားသမီးတွေကို ဆရာတော်ထံမှာအပ်နှံလိုစိတ်တွေ ဖြစ်ပါတယ်။ ကျွန်မရဲ့ သားတွေဟာ အဲဒီလိုမျိုးဆို သိပ်ကောင်းမှာပဲလို့ စဉ်းစားမိတယ်။

ကျွန်မ မဟာစည်မှာ အဲဒီလို တရားဝင်ခဲ့ချိန်က ကျွန်မရဲ့ အသက်က (၄၃) နှစ်ပဲ ရှိပါသေးတယ်။ ယခုဆိုရင် ကျွန်မရဲ့ အသက်က (၆၇) နှစ်ဆိုတော့ (၂၄) နှစ်ကြာခဲ့ပါပြီ။ အဲဒီလို တရားဝင်ချိန်မှာ ကျွန်မရဲ့ ခင်ပွန်းသည် ဦးချစ်ရှင်က ရန်ကုန် ဝန်ကြီးများရုံး ပြည်ထဲရေးဝန်ကြီးဌာန၊ ရဲဌာနချုပ်မှာ ရဲဝန်ထောက်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေပါတယ်။ ရိပ်သာကို ကျွန်မ တရားသွားဝင်တော့ အိမ်မှာ ကျွန်မရဲ့ခင်ပွန်းသည်နှင့်အတူ သားသမီး (၇) ဦး ကျန်ရစ်ခဲ့ပါတယ်။ ခင်ပွန်းသည် ပင်စင်မယူခင်က ကျွန်မတို့ နေခဲ့တဲ့ အိမ်က ယခင်ဂွတ္တလစ်ဈေး ယခုရန်ကင်းစင်တာရဲ့ နောက်နားလေးက ရဲအရာရှိရိပ်သာ တိုက်ခန်းတွေထဲကပါ။ အဲဒီနေရာဟာ ဟာမစ်တစ်ရှိ မဟာစည်ရိပ်သာကြီးနှင့် အလွန်နီးပါတယ်။ အဲဒါကြောင့် ကျွန်မလည်း တရားဝင်ဖြစ်ခဲ့တယ်။ မိခင်တစ်ဦး၊ အိမ်ရှင်မ တစ်ဦး တရားဝင်ရတာဆိုတော့ အိမ်မှာ ခင်ပွန်းနဲ့ကလေးတွေ အတွက် ရိက္ခာကို နှစ်လစာ အပြည့်စီစဉ်ပေးခဲ့ရတယ်။ အဲဒီအချိန်က သားသမီးတွေ ကျောင်းမပြီးကြသေးဘူး။ သားကြီးက ဆေးကျောင်း တက်ဆဲရှိသေးတယ်။ ယခု ကျစ္စာဆရာတော် ဘုရားရဲ့ ရန်ကုန်၊ ဒဂုံသာသနာ့ရိပ်သာမှာ ရဟန်းဘဝသို့ ရောက်ရှိနေတဲ့ သား အငယ်ဆုံးလေး အရှင်ပရမာနန္ဒ ဆိုရင် ၅ နှစ်သားလေးပဲရှိသေး တယ်။

ကျွန်မတို့မှာ သား (၅) ဦး၊ သမီး (၂) ဦးရှိရာ သမီးတို့ နှစ်ဦးကလည်း "မေမေ… သွားသာသွားပါ၊ နောက်ပိုင်း ဘာမှ မပူနဲ့၊ သမီးတို့တာဝန်ယူတယ်" လို့ အာမခံကြတယ်။ ခင်ပွန်းသည်ကလည်း "သွားသာသွားပါ၊ နောက်ပိုင်းကိုမပူနဲ့" လို့ပြောတယ်။ ဒါကြောင့် ကျွန်မက နောက်ပိုင်းကို မပူဘဲနဲ့ စိတ်ကို ဒုန်းဒုန်းချပြီး တရားမှတ်တော့တယ်။ ကျွန်မရဲ့ စိတ်ထဲမှာ 'ငါဟာ တရားမမှတ်ဘဲနဲ့ သေသွားလည်း ဒီလိုပဲ သူတို့ကို ထားခဲ့ရမှာဘဲ၊ သူတို့ဟာသူတို့ ဒီလိုဘဲ ကြည့်ပြီးနေကြရမှာဘဲ အဲဒီတော့ ငါ့ကိုယ် ငါ သေတယ်လို့ သဘောထားပြီး တရားမှတ်မှရမယ်' လို့စိတ်ထဲမှာ ပေါ်ခဲ့ပြီး တရားသွားမှတ်ခဲ့ခြင်းဖြစ်ပါတယ်။ အိမ်ကိုလည်း 'မေမေသေတယ်လို့သာ သဘောထားလိုက်ကြတော့' 'သေလည်း ခွဲရမှာဘဲ' လို့ မှာခဲ့ရတယ်။ ဒီမဟာစည်ရိပ်သာကြီးမှာ ကျစ္စာ ဆရာတော်ဘုရားထံတော်မှာ တရား (၂) လကြာအောင် အားထုတ်ခြင်းဟာ ကျွန်မအတွက် ပထမဦးဆုံးအကြိမ် တရားအားထုတ်ခြင်း ပါဘဲ။ ကျွန်မဟာ တရားအားထုတ်ပြီးလို့ ရိပ်သာမှ အိမ်ကိုပြန် ရောက်တော့ (၁၉၈၈) ခုနှစ် ဆရာတော်ဘုရား စစ်ကိုင်းသို့ ပြန် လည်မကြွမီ အချိန်တွေမှာ ကျွန်မတို့အိမ်သို့ ဆရာတော်ဘုရားကို ဆွမ်းဘုဉ်းပေးကြွဖို့ ပင့်ခဲ့တယ်။ ကျွန်မဟာ သားသမီးတွေကို ခေါ်ပြီး ဆရာတော်ဘုရားထံ သွားရောက်ဖူးမြော်ခဲ့တယ်။ ကျွန်မရဲ့ သားကြီး၊ သမီးကြီးနဲ့ မောင်ဖြစ်သူတို့ မဟာစည်ရိပ်သာကြီးမှာ တရားဝင်ပြီး ဆရာတော်ဘုရားရဲ့ တရားစစ်ဆေးချီးမြှင့်မှုကို ခံယူ နိုင်ခဲ့ကြတယ်။ နောက်ပိုင်းအချိန်တွေမှာ သားငယ်၊ သမီးငယ်တို့ပါ ဆရာတော် ဘုရားထံမှာ တရားဝင်ဖြစ်ခဲ့ကြတယ်။

ဆရာတော် ဘုရား စစ်ကိုင်းကျစ္စာချောင်သို့ အပြီး ပြန်လည် ကြွရောက်သီတင်းသုံးတော်မူတော့ ကျွန်မတို့ မိသားစု မဟာစည် ရိပ်သာကြီးမှာ ကျစ္စာဆရာတော်ဘုရားရဲ့ ကမ္မဋ္ဌာန်းဆရာတော်ဖြစ်သူ အရှင်ပဏ္ဍိတာဘိဝံသ၊ ဆရာတော်နဲ့ သီတင်းသုံးဖော်၊ သာသနာ့

**ကျွန်မရဲ့ စိတ်ထဲမှာ 'ငါဟာ တရား မမှတ်ဘဲနဲ့ သေသွားလည်း ဒီလိုပဲ သူတို့ကို ထားခဲ့ရမှာဘဲ၊ သူတို့ဟာသူတို့ ဒီလိုဘဲ ကြည့်ပြီး နေကြရမှာဘဲ။ အဲဒီတော့ ငါ့ကိုယ် ငါသေတယ် လို့ သဘောထားပြီး တရားမှတ်မှရမယ်' လို့ စိတ်ထဲမှာ ပေါ်ခဲ့ပြီး တရားသွားမှတ်ခဲ့ခြင်း ဖြစ်ပါ တယ်။ အိမ်ကိုလည်း 'မေမေသေတယ်လို့သာ သဘောထားလိုက်ကြတော့' 'သေလည်း ခွဲရမှာ ဘဲ' လို့ မှာခဲ့ရတယ်။**



အလုပ်တွေလုပ်ရာမှာ လုပ်ဖော်ကိုင်ဖက်ဖြစ်တဲ့ နာယက ကမ္မဋ္ဌာန စရိယ ဘီးလင်းဆရာတော်အရှင် ပညာဒီပ (ယခု USA) တို့ကိုဘဲ ဆက်လက် ကိုးကွယ်ပြီး ကျန်ရစ်ခဲ့ရတယ်။ ဆရာတော်ကြီး အရှင်ပဏ္ဍိတာဘိဝံသဟာ သံလွင်လမ်း ရွှေတောင်ကုန်း ရိပ်သာကို တည်ထောင်တော်မူတော့ မိသားစုဟာ ဆရာတော်ကြီး နောက်သို့ လိုက်ပါဆည်းကပ် ကိုးကွယ်ကြတယ်။ ရွှေတောင်ကုန်း ရိပ်သာ တည်ထောင်ကာစအချိန် သာထွန်းအောင်ကျောင်းကို ဓမ္မာရုံ လုပ်ပြီး တရားမှတ်ခဲ့ကြစဉ်က ကျွန်မ အဲဒီမှာ (၃) လ တရားထပ်ဝင် ဖြစ်ပြန်တယ်။ ရွှေတောင်ကုန်းရိပ်သာမှာ ဓမ္မာရုံကြီးပြီးသွားတော့ လည်း (၃) လ ထပ်ပြီး တရားဝင်ပြန်တယ်။ နောက်တစ်ခါမှာတော့ တစ်လဝင်ခဲ့တယ်။ (ခုတော့ ဒဂုံသာသနာ့ရိပ်သာမှာ နှစ်တိုင်း တရားဝင်ဖြစ်တယ်) ကျွန်မဟာ ရွှေတောင်ကုန်းမှာ အဲဒီလို တရား ဝင်နေစဉ်မှာလည်း ကျွန်မရဲ့ တရားအထိုင်တွေတိုင်းမှာ ကျစွာ ဆရာတော်ဘုရားကြီးကို အမြဲကန်တော့တယ်။ အိမ်မှာနေစဉ် အတွင်းလည်း နေ့တိုင်းရှိခိုးကန်တော့တယ်။ ကျွန်မရဲ့ ကျေးဇူးရှင် ကမ္မဋ္ဌာန်းဆရာတော်ကို တစ်နေ့မှမမေ့ပါ။ ဘယ်အချိန် တရား ထိုင်ထိုင် ကန်တော့တယ်။ ကျွန်မဟာ တရားထိုင်နေစဉ်အတွင်း မှာ သာသနာတော်ကို ကျွန်မရဲ့ အသွေးအသားတွေကိုတောင်မှ လှူချင်စိတ်ဖြစ်ပါတယ်။

ကျွန်မဟာ အဲဒီလို မိခင်ဘဝ အိမ်ရှင်မဘဝဖြစ်လျက်နဲ့ တရားတွေကို ရက်ရှည် ထပ်ခါထပ်ခါ ဝင်နိုင်တာက ကျွန်မရဲ့ သားသမီးတွေ တော်ကြလို့ပါ။ ဆရာတော်ဘုရားရဲ့ ဒဂုံသာသနာ့ ရိပ်သာမှာရှိကြတဲ့ သမီးကြီးမသုဒသသနာနဲ့ သမီးငယ်မသုရောစနာ ဆရာလေးနှစ်ပါးတို့ ဆိုလို့ရှိရင် (၁၃) နှစ်နဲ့ (၁၁) နှစ် သမီးအရွယ် ကထဲက ကျွန်မက တရားသွင်းခဲ့တယ်။ သမီးကြီး အသက် (၁၆) နှစ်လောက်မှာ (၁၀) တန်းစာမေးပွဲဖြေအပြီးမှာဘဲ တရားကို (၂)လ နဲ့ (၁၅) ရက်ကြာသည်အထိ တရားဝင်စေခဲ့တယ်။ သမီး ကြီးဟာ တရားကပြန်ထွက်လာတော့ နေ့စဉ် (၈) ပါးသီလ အမြဲ ဆောက်တည်တော့တယ်။ သမီးကြီးဟာ နေ့တိုင်း ဥပုသ်စောင့် လျှက်နဲ့ဘဲ ပထဝီဝင်အဓိကနဲ့ ဘွဲ့ယူခဲ့တယ်။ ဘွဲ့ရပြီးတော့ ရွှေတောင်ကုန်းဆရာတော်ကြီးက 'သမီးသိက္ခာရှင်ဝတ်ဖို့ အချိန် တန်ပြီ' လို့ မိန့်တော်မူတော့ ရွှေတောင်ကုန်းရိပ်သာမှာ သိက္ခာရှင် ဘဝသို့ ကူးပြောင်းသွားခဲ့တယ်။ သမီးငယ်လည်း ၁၀-တန်းဖြေပြီး တာနဲ့ (၃)လ နဲ့ (၁၅) ရက် ရက်ရှည်တရားဝင်ပြီး ပြန်ထွက် လာတော့လည်း သူ့အစ်မလိုဘဲ အမြဲတန်း ဥပုသ်စောင့်နေခဲ့တယ်။ ဥပုသ်စောင့်ပြီး တက္ကသိုလ်တက်၊ ကျူရှင်တွေတက် စာကျက်ကာ အင်္ဂလိပ်စာ အဓိကနဲ့ ဘွဲ့ရခဲ့ပြန်တယ်။ သမီးငယ်လေး ဘွဲ့ရပြီး တော့လည်း ရွှေတောင်ကုန်းဆရာတော်ကြီးက သမီးငယ်ကို သိက္ခာရှင်ဝတ်ဖို့ ရက်ကို တန်းပြီးသတ်မှတ်ပေးလိုက်ကာ သူ့ရဲ့ အထံတော်မှာ သိက္ခာရှင်ဝတ်စေခဲ့တယ်။ သမီးတို့နှစ်ပါး ရွှေတောင်ကုန်းရိပ်သာမှာ (၉) နှစ်စီကြာခဲ့ကြပြီး ပါဠိအတန်းတွေ တော်တော်ရလာတော့ ရွှေတောင်ကုန်းဆရာတော်ကြီးရဲ့ မိန့်မှာ တော်မူချက်အရ ကျစွာဆရာတော်ဘုရားရဲ့ အထံတော်မှာ ပြောင်းရွှေ့နေထိုင်ကြပြီး ဆရာတော်ကို သာသနာရေး ကိစ္စများ ဝိုင်းကူညီကြတယ်။ ကျွန်မအလွန်ကြည်ညိုရတဲ့ ကျေးဇူးရှင်

ကမ္ဘာ့ဒွန်းဆရာတော်ထံ ကျွန်မရဲ့ သမီးနှစ်ပါး ရောက်ရှိတာကို ကျွန်မအလွန်ဝမ်းသာရပါတယ်။ ကျွန်မပင်ပင်ပန်းပန်းမွေးခဲ့ ပြုစုပျိုးထောင်ခဲ့ရတဲ့ သမီးနှစ်ပါးဟာ ဆရာတော်ရဲ့ သာသနာပြုလုပ်ငန်းမှာ ဝိုင်းကူကြလို့ ကျွန်မအလွန်ပီတိဖြစ်ရပါတယ်။ သမီးကြီး မသုဒ္ဒသနာ (မသက်သက်နှင်း) ကို ပဋိသန္ဓေရှိစဉ်က ဆိုရင် ကျွန်မ ခင်ပွန်းသည် ဦးချစ်ရှင်က ချင်းပြည်နယ် မင်းတပ်မြို့မှာ နယ်စီးတိုက်ပိုင် တာဝန်ထမ်းဆောင်နေချိန် ဖြစ်ပါတယ်။ မင်းတပ်မြို့ဟာ အေးလွန်းတော့ ကျွန်မတို့ ဇနီးမောင်နှံနှစ်ဦးလုံးရဲ့ ဇာတိ ပဲခူးမြို့သို့ ပင်ပန်းကြီးစွာ ပြန်လာပြီး သမီးကြီးကို မွေးဖွားရပါတယ်။ သမီးကြီး ပဋိသန္ဓေ (၆) လမှာ ကျွန်မဟာ တောင်ပေါ် မင်းတပ်မှ မြေပြန့်ကျောက်ထုသို့ ရဲလင့်ရှိဗာကားနဲ့ ဆင်းခဲ့ရတယ်။ ကျောက်ထုမှ မန္တလေးကို လေယာဉ်စီးခဲ့ရတယ်။ ကျွန်မဟာ လေယာဉ်ပေါ်မှာ အန်လိုက်တာလည်း အလွန်ပါဘဲ။ ဟိုခေတ်က လေယာဉ်ကလည်း နားကိုငြီးနေတာဘဲ။ အလွန်အေးတဲ့ ချင်းပြည်နယ်မှ မန္တလေးလေဆိပ်ကို ရုတ်တရက်လည်းရောက်ကော အပူဒဏ်ကို လှိမ့်နေအောင်ခံရပြန်တယ်။ အဲဒီချိန်က ကျွန်မဟာ အသက် (၂၀) ကျော် အရွယ်မို့လို့တော်သေးတယ်။ မန္တလေးမှတစ်ဆင့် ရထားအထက်တန်းတွဲစီးကာ ပဲခူးသို့ တစ်ဖန်လာခဲ့ရတယ်။ ခင်ပွန်းသည်က ကျွန်မကို ပဲခူးအရောက် လိုက်ပို့ခဲ့ရတယ်လေ။ ၁၉၆၇ ခုနှစ် ဩဂုတ်လ ဝါတွင်းကြီးမှာ သမီးကြီး မသက်သက်နှင်းကို မွေးဖွားခဲ့ပါတယ်။ ပဲခူးဆေးရုံကြီးမှာပါ။ သမီးကြီး (၃) လ သမီးအရွယ်ကိုရောက်တော့ ခင်ပွန်းသည်က တစ်ဖန်ကျွန်မကို လာကြိုရပြန်တယ်။ သမီးကြီး မင်းတပ်ကိုရောက်ပြီး (၂) လလောက်လဲကြာရော ကျွန်မရဲ့ ခင်ပွန်းက ရန်ကုန်အင်းစိန် C.I.D ကိုပြောင်းရတော့ ကျွန်မတို့ သားအမိတွေလည်း လိုက်ပါခဲ့ရ တော့တယ်။ သမီးငယ်လေး မသုရောစနော (မလှလှမြတ်) ကိုတော့ ၁၉၆၉ ခုနှစ်မှာ ရန်ကုန် အရှေ့ပိုင်းဆေးရုံ (ဂန္ဒီဆေးရုံ) မှာ ကျွန်မ သွားရောက် မွေးဖွားခဲ့ပါတယ်။ သမီးငယ်လေး မလှလှမြတ် (၅) လ သမီးလောက်မှာ ရင်ကြပ်ပြီး ရေကျောက်ပေါက်တော့ သမီးငယ် ပိစိလေး ဆေးရုံတက်ရတယ်။ မိခင်ဖြစ်သူ ကျွန်မပါ သမီးငယ်လေးနဲ့အတူ ဆေးရုံလိုက်တက်ခဲ့ရသည်အထိ ဒုက္ခခံခဲ့ ရပါတယ်။ သမီးတို့အတွက် ကျွန်မဒုက္ခခံပြီး ပြုစုပျိုးထောင်ခဲ့ရတာတွေ အားလုံးဟာ သာသနာအတွက် ဖြစ်သွားလို့ ကျွန်မအလွန်ကျေနပ်ရပါတယ်။ ဆရာတော်ဘုရားက ကျွန်မသမီးတွေကို အမြဲဆုံးမတယ်။ စောင့်ရှောက်တယ်။ သမီးတို့ဟာ သာသနာရေးကိစ္စနဲ့ စစ်ကိုင်းကျွစာချောင်မှာ သွားရောက်နေထိုင်ရတဲ့ အချိန်မျိုးမှာလည်း မိဘနဲ့ ဝေးနေတဲ့ သမီးတို့ကို ဆရာတော်ဘုရားက ကျန်းမာရေးကအစ နေထိုင်သွားလာရေးတွေအထိ ဂရုတစိုက် စောင့်ရှောက်ပေးတယ်။ မန္တလေးမှာ ကျွန်မခင်ပွန်းရဲ့ညီ မောင်နေဝင်းနဲ့ ဇနီးမနန်း (အငြိမ်းစား ဗိုလ်မှူးချုပ် နေဝင်း+ဒေါ်နန်းအေးမြ) တို့ မိသားစု အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး တာဝန်ထမ်းဆောင်ခဲ့ချိန် နန်းတွင်းထဲမှာ ရှိနေခဲ့ချိန်တွေမှာတော့ သမီးတို့ စစ်ကိုင်း ရောက်ချိန်ဆိုရင် သွားရေးလာရေးတွေအတွက် မောင်နေဝင်းတို့ မနန်းတို့ကဘဲ စီစဉ်ပေးကြတယ်။ မောင်နေဝင်းတို့ ပင်စင်ယူသွားတော့ ဆရာတော်က သမီးတို့ရဲ့ နေထိုင်ရေး ကျန်းမာရေး၊ စားရေးသောက်ရေးတွေ သာမကဘဲ၊ သွားရေး၊ လာရေးတွေ အတွက်ပါ စီစဉ်ပေးရတော့တယ်။

ကျွန်မဟာ သမီးတို့ကိုသာမက သားတို့အားလုံးကိုလည်း တရားရိပ်သာတွေ ဝင်စေပါတယ်။ ကျွန်မရဲ့ ခင်ပွန်းဟာ (၁၉၇၇) ခုနှစ်မှာ အင်းစိန် C.I.D မှ ထားဝယ်မြို့သို့ မြို့နယ်ရဲတပ်ဖွဲ့မှူးအဖြစ်ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရတယ်။ ကျွန်မတို့မိသားစု ထားဝယ်ကိုရောက်တော့ သားကြီးက ထားဝယ်ယဉ်ငေးရိပ်သာမှာ တရားဝင်ခဲ့တယ်။ အဲဒီလို တရားဝင်ချိန် (၁၀) တန်းဖြေထားတဲ့ သားကြီး အသက် (၁၆) နှစ်က ရဟန်းအပြီးဝတ်တော့မယ်လို့ ပြောတော့ ကျွန်မဟာ ထားဝယ်မှာ မွေးဖွားတဲ့ (၆) ယောက်မြောက် (၁) နှစ်သားအရွယ်သားလေး မောင်နေလင်းအောင်ကို ချီကာ သားကြီးရှိရာ ရိပ်သာသို့ စိုးရိမ်တကြီး သွားခဲ့ရတယ်။ သားကြီးက ညီလေးသံယောဇဉ်နဲ့ ကိုရင်မဝတ်ဖြစ်တော့ပါ။ အဲဒီအချိန်က ကျွန်မအသက်က (၃၄) နှစ်ခန့်သာရှိသေးတယ်။ ယခုသားကြီး ဒေါက်တာဉာဏ်လှိုင်ဦးက "မေမေနဲ့ညီလေး လိုက်လာလို့ ကျွန်တော် ရဟန်းမဝတ်ဖြစ်ခဲ့တာ၊ ခုချိန်မှာ ကျွန်တော် ရဟန်းဖြစ်ရင် သိပ်ကောင်းမှာဘဲ" လို့ ခဏခဏပြောရှာတယ်။

သားကြီးအောက်က ကျွန်မရဲ့ သားနှစ်ဦး သူညီနှစ်ယောက်က ကျွစာဆရာတော်ဘုရားကြီးရဲ့ ကျေးဇူးကြောင့် ရဟန်းဘောင်သို့ ရောက်နေကြတာဆိုတော့ သားကြီးက အားကျရှာတယ်။ ကျွန်မရဲ့ အငယ်ဆုံးသားထွေးလေး မောင်မြင့်မြတ် (အရှင်ပရမာနန္ဒ) ကို ကျွန်မ ပဋိသန္ဓေရှိတော့ ခင်ပွန်းသည်က ဇလွန်မြို့မှာ မြို့နယ်ရဲတပ်ဖွဲ့မှူးတာဝန် ထမ်းဆောင်နေချိန်ပါ။ သားထွေးလေး မောင်မြင့်မြတ်ကို ပဋိသန္ဓေရှိခါနီးမှာ ကျွန်မအိပ်မက် ထူးထူးဆန်းဆန်း မက်တယ်။ အိပ်မက်က လဝန်းကြီးတစ်လုံး ကောင်းကင်မှာ လင်းထိန်နေတယ်။ အဲဒီလဝန်းကြီး လင်းထိန်နေချိန်မှာ လေတွေတိုက်လို့ သစ်ပင်တွေ ယိမ်းထိုးနေတယ်။ အဲဒီလိုအချိန်မှာဘဲ နောက်ထပ် လဝန်းကြီးတစ်လုံးက တစ်ဖြည်းဖြည်းတက်လာပြီး ပထမလဝန်းကြီးနားမှာ ရပ်လိုက်တယ်။ အဲဒီလို လဝန်းကြီးနှစ်ခုဖြစ်သွားချိန်မှာ လေတွေတိုက်တာ သစ်ပင်တွေ ယိမ်းထိုးတာလည်းရပ်သွားတယ်။ ကျွန်မအိပ်မက်ထဲမှာ လဝန်းကြီးနှစ်လုံးဟာ လင်းထိန်နေပါတယ်။ လောကကြီးတစ်ခုလုံးလဲ အေးချမ်းနေတော့တယ်။ အဲဒီလို အိပ်မက်မက်ပြီး မကြာခင် သားထွေးလေးမောင်မြင့်မြတ်ကို ပဋိသန္ဓေရှိခဲ့တယ်။

ကျွန်မဟာ သားထွေးလေး မောင်မြင့်မြတ် ပဋိသန္ဓေရှိချိန်မှစ၍ မွေးဖွားခါနီးအထိ ဇလွန်မြို့ပြည်တော်ပြန် မြတ်စွာဘုရားကြီးထံတော်သို့ အရဏ်ဆွမ်းနေ့တိုင်းသွားရောက် ကပ်လှူပူဇော်ခဲ့တယ်။ ၁၉၈၁ ခုနှစ် ဖွန်လမှာ သားထွေးလေး မောင်မြင့်မြတ်ကို မွေးဖွားတော့ ဇလွန်ပြည်သူ့ဆေးရုံမှာပါဘဲ။ သားထွေးလေးမွေးဖွားချိန်မှာလဲ လကြီးကသာပြီး တစ်လောကလုံး အေးချမ်းတိတ်ဆိတ်နေတယ်။

ကျွန်မတို့ မိသားစုဟာ ၁၉၇၇ ခု ရန်ကုန်မှ နယ်ကိုပြောင်းပြီး ၁၉၈၆ ခုနှစ်မှာ နယ်မှ ရန်ကုန်သို့ ပြန်ရောက်ခဲ့ကြတယ်။ ကျွန်မရဲ့ ခင်ပွန်းဟာ ထားဝယ်၊ မအူပင်၊ ဇလွန်၊ ဝါးခယ်မမြို့တို့မှာ မြို့နယ်ရဲတပ်ဖွဲ့မှူးတာဝန်ထမ်းဆောင်ခဲ့တယ်။ ကျွန်မတို့ မိသားစု ဝါးခယ်မမှ ရန်ကုန်သို့ ပြန်လည်ပြောင်းရွှေ့လာခဲ့ကြတော့ သားငယ်

လေး မောင်နေလင်းအောင် (၉) နှစ်သားနဲ့ သားထွေးလေး မောင်မြင့်မြတ် (၅) နှစ်သားတို့နှယ်မှာ မွေးဖွားပြီးရန်ကုန်ကိုပါလာခဲ့ကြတယ်။ သားထွေးလေးဟာ (၉) နှစ်သားအရွယ်မှစ၍ နှစ်စဉ်ကျောင်းပိတ်ရက်တိုင်း ရန်ကုန်ရွှေတောင်ကုန်းရိပ်သာမှာ ယဉ်ကျေးမှုသင်တန်း တက်ခဲ့ရတယ်။ ယဉ်ကျေးမှုသင်တန်းအထူးတန်းအောင်သွားတော့ ကျောင်းပိတ်ရက်ဆို တရားဝင်ရတယ်။ အခုဆိုသားထွေးလေး မောင်မြင့်မြတ်ဟာ ဆရာတော်ရဲ့ ကျေးဇူးကြောင့် ရန်ကုန် သိရီလက္ခဏာရာမဒဂုံသာသနာ့ရိပ်သာမှာ ရဟန်းဘောင်သို့ ရောက်ခဲ့ပြီ။ ဆရာတော်ဘုရားဟာ ဒဂုံရိပ်သာကို တည်ထောင်လိုက်တော့ ကျွန်မတို့ရဲ့အိမ်နဲ့ ဆရာတော်ဘုရားရဲ့ ရိပ်သာနဲ့ နီးသွားပြန်တယ်။ ကျွန်မခင်ပွန်းက ပင်စင်ယူခါနီးမှာ မြောက်ဒဂုံ (၃၆) ရပ်ကွက်၊ ရဲရန်နိုင်လမ်းမှာ ခြံကွက်တစ်ကွက်ရခဲ့တော့ အဲဒီမှာ အိမ်ဆောက်ပြီး မိသားစု အခြေချလိုက်တယ်။

ဆရာတော်ဘုရားဟာ စစ်ကိုင်းမှနေ၍ ကျွန်မတို့ ဒဂုံမြို့သစ်မှာ ရိပ်သာခွဲ လာရောက်တည်ထောင်တော်မူတော့ ကျွန်မတို့မိသားစု ဖော်ပြခြင်းဗှာ မစွမ်းနိုင်သည်ထိ ဝမ်းသာပီတိဖြစ်ကြရတယ်။ ကျေးဇူးရှင်ဆရာတော် ရန်ကုန်ကြွလာတိုင်း အခွင့်ကြုံတာနဲ့ အရုဏ် (သို့) နေ့ဆွမ်းကို ကပ်ခွင့်ရတာကို အလွန်ကြည်နူးရတယ်။ ကျွန်မရဲ့ခင်ပွန်းသည် ကျန်းမာရေးချို့တဲ့ပြီး အိပ်ရာထဲလဲတော့ ဆရာတော်ကဘဲ ပရိတ်တရားတွေ ချီးမြှင့်ပေးခဲ့တယ်။ ခင်ပွန်းသည် ကွယ်လွန်သွားတော့လည်း ဆရာတော်ဘုရားမှ ရက်လည်တရားကို ဟောကြားပေးတယ်။

ခင်ပွန်းကွယ်လွန်ပြီး မကြာမီမှာဘဲ ဆရာတော်မှ သားထွေးလေးမောင်မြင့်မြတ်အား သူ့ထံတွင် တရားဝင်စေခဲ့တယ်။ နောက်ပြီး ရဟန်းဝတ်ဖို့ မိန့်တော်မူကာ ရဟန်းခံမည့်ရက်ကိုပါ အတိအကျသတ်မှတ်ပေးခဲ့ပြီး ကိုယ်တော်တိုင် ဥပဇ္ဈာယ်ပြုကာ သားထွေးလေးကို ရဟန်းဘဝသို့ ချီးမြှင့်ပေးခဲ့တယ်။ သားထွေးလေး ရဟန်းဘဝကို ရောက်သွားတော့လည်း ရဟန်းဘဝမြဲအောင် ဆရာတော်ဘုရားမှ အထူးဂရုစိုက်စောင့်ရှောက်ပေးတယ်။ သားထွေးလေး သာသနာတော်ထဲမှာ ပျော်အောင်လည်း ချီးမြှင့်တော်မူတယ်။ ရဟန်းဘောင်သို့ ရောက်လာတဲ့ သားထွေးလေးကို ဆရာတော်ကိုယ်တိုင်ဘဲ ပရိတ်တရားတွေကို သင်ကြားပေး ကျက်မှတ်စေခဲ့တယ်။

သားထွေးလေး မောင်မြင့်မြတ် ရဟန်းဘဝရောက်ပြီး (၉) လ အကြာမှာတော့ ကျွန်မရဲ့ ဒုတိယမြောက်သားဖြစ်သူ အမြွှာပူးသားနှစ်ဦးထဲက ၁၅ မိနစ်အကြီးဖြစ်သူ မောင်သိန်းဇော်ဝင်းဟာ ရဟန်းဘောင်သို့ တစ်ဖန်ကူးပြောင်းသွားခဲ့ပြန်တယ်။ သားလတ်မောင်သိန်းဇော်ဝင်းရဲ့ ရဟန်းခံရက်ကို ဆရာတော်မှ သတ်မှတ်ပေးတော်မူပြီး သားလတ်ရဟန်းခံပွဲလုပ်ရာ ပဲခူးမြို့ကြခတ်ဝိုင်းကျောင်းတိုက်သို့ ဆရာတော်ဘုရားမှကြွရောက်ချီးမြှင့်ပေးခဲ့တယ်။ သားလတ်ရဟန်းဘဝကိုရောက်တော့လည်း ကျွန်မမှာ ကြည်နူးမှုက တစ်သိမ့်သိမ့်ဖြစ်ရတယ်။ သားလတ် ရဟန်းခံပွဲကို ကျေးဇူးရှင် ကျဇ္ဇာဆရာတော်ဘုရားကိုယ်တိုင်ကြွရောက်ချီးမြှင့်တဲ့အတွက်လည်း အလွန်ဝမ်းသာရတယ်။ သားလတ် မောင်သိန်းဇော်ဝင်းနဲ့ သူ့အောက် (၁၅) မိနစ်ငယ်တဲ့ မောင်သိန်းဇော်လင်းတို့ ညီအစ်ကိုနှစ်ဦးကို မွေးခဲ့စဉ်ကလည်း ပဲခူးမြို့က ပန်ချာပီကုလားဆရာဝန်ဒေါက်တာ ရက်ခီးရဲ့ဆေးတိုက်မှာ ကျွန်မတက်ရောက်ပြီး မီးဖွားခဲ့လို့သာ ကျွန်မကောသားတို့ပါ အသက်ချမ်းသာရာရခဲ့တာပါ။ အဲဒီအချိန်က ပြည်သူပိုင်မသိမ်းခင်ဆိုတော့ အပြင်ဆေးတိုက်မှာ သီးသန့် မွေးဖွားလို့ရသေးတယ်။ အမြွှာပူး သားတို့ကို ဒေါက်တာရက်ခီးကော သူ့ဇနီးဆရာဝန်မပါ နှစ်ဦးလုံးဝိုင်းပြီး မွေးဖွားပေးခဲ့ရတယ်။ သားအမြွှာတို့ကို မွေးခဲ့စဉ်ကလည်း ပင်ပန်းခက်ခဲလွန်းတော့ ယခုအမြွှာထဲက (၁၅) မိနစ်သားကြီး ရဟန်းဘဝရောက်ပြန်တော့လည်း မွေးရကျိုး ပင်ပန်းရကျိုးနပ်ရပြန်တယ်။

လွန်ခဲ့တဲ့ (၂၄) နှစ်လောက်က ကျွန်မရဲ့ စိတ်ထဲမှာ ကျွန်မရဲ့သားသမီးတွေကို ကျေးဇူးရှင်ဆရာတော်ထံမှာ အပ်နှံချင် စိတ်တွေဖြစ်ခဲ့တယ်။ ယခုအချိန်မှာတော့ ကျွန်မရဲ့ဆန္ဒအတိုင်း ကျွန်မရဲ့သားတွေ၊ သမီးတွေဖြစ်တဲ့ ရဟန်းတော် သိက္ခာရှင်တို့ဟာ ဆရာတော်ဘုရားထံမှာ နေထိုင်၍ ဆရာတော်ဘုရားရဲ့ ဆုံးမဩဝါဒအတိုင်း ပရိယတ္တိ၊ ပဋိပတ္တိသာသနာ့အလုပ်ကို လုပ်နေကြတယ်။ သာသနာတွင်းမှာရှိတဲ့ ကျွန်မရဲ့သားသမီးတွေသာ ဆရာတော်ရဲ့ဆုံးမဩဝါဒကို လိုက်နာရုံမက အိမ်မှာနေကြတဲ့ ကျွန်မနဲ့ သားနှစ်ဦးလည်း ဆရာတော်ဘုရားရဲ့ ဩဝါဒကို သတိထားလိုက်နာကြတယ်။

ယခုလို မျက်မှောက်ခေတ် သာသနာတော်မှာ ဆရာတော်ဘုရားလို သီလ၊ သမာဓိ၊ ပညာကြီးတဲ့မထေရ်ကြီး တစ်ပါးကိုကိုးကွယ်ခွင့်ရဖို့ဆိုတာ အလွန်ခက်ပါတယ်။ ကျွန်မတို့မိသားစုကဆရာတော်ဘုရားထံမှာ တရားအစစ်အဆေးခံယူခြင်း၊ တရားတော်များနာကြားခြင်း စသည်တို့ကြောင့် ဆရာတော်ဘုရား၏ ပရိယတ္တိစွမ်းရည်၊ ပဋိပတ္တိစွမ်းရည်များကို ကောင်းမွန်စွာ သိရှိကြတယ်။

ယခုဆိုလျှင် ဆရာတော်ဘုရားရဲ့ အသက်တော်ဟာ (၇၅) နှစ်သို့ ရောက်ရှိခဲ့ပါပြီ။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၄) နှစ် ဆရာတော်ဘုရားရဲ့ သက်တော် (၅၁) နှစ်အရွယ်မှာ ဆရာတော်ထံမှာ တရားအစစ်ခံခဲ့စဉ်ဆည်းကပ်ခဲ့စဉ်ကလည်း ကျေးဇူးရှင်ဆရာတော်ကို ကြည်ညိုလေးစားရိုသေလျက်ပါဘဲ။ ကျွန်မဟာ ဆရာတော်ဘုရားကို အမြဲတမ်းကြည်ညို၊ လေးစား၊ ရိုသေလျက်ပါဘဲ။ ဆရာတော်ဘုရားရဲ့ ကျေးဇူးတွေဟာလည်း ကျွန်မတို့ မိသားစုအပေါ် ဖော်မပြနိုင်လောက်အောင် ကြီးမားလှပါတယ်။ ဆရာတော်ဘုရားရဲ့ ကျေးဇူးကို ဆပ်လို့မကုန်နိုင်ပါ။

ဆရာတော် ဘုရားဟာ ကျွန်မအပေါ်၊ ကျွန်မမိသားစုအပေါ် ကျေးဇူးကြီးလွန်းလို့ လွန်ခဲ့တဲ့ နှစ်ပေါင်း အစိတ်နီးပါးမှစ၍ ယနေ့အထိ အမြဲတမ်း တစ်နေ့မပြတ် ဆရာတော်ကို ရှိခိုးကန်တော့ခဲ့ပါတယ်။ မေတ္တာလည်း အမြဲပို့ခဲ့ပါတယ်။ ကျေးဇူးရှင် ကျဇ္ဇာဆရာတော်ဘုရားကြီး သက်တော် (၇၅) နှစ်မှ သက်တော် (၁၂၀) နှစ်အထိ သက်တော် ရှည်ရန်၊ ကျန်းကျန်းမာမာနှင့် သာသနာ့အကျိုးသယ်ပိုးနိုင်ရန် ဆက်လက်ပြီး မေတ္တာပို့သလျက် ရှိနေပါတော့တယ်။

* * *

*စောမြတ်ကလျာ*

"ငါ့သျှင်...

သေဆုံးကွယ်လွန်သူနှင့် မှတ်သားမှု 'သညာ' ခံစားမှု 'ဝေဒနာ' တို့ချုပ်ရာ 'နိရောဓသမာပတ်' ကိုဝင်စားသူ ရဟန်း ဤသူတို့၏ ခြားနားချက်ကား အဘယ်နည်း။"

"ငါ့သျှင်...

**သေဆုံးကွယ်လွန်သူအား**

(၁) ကိုယ်၏အပြုခံ ထွက်သက်၊ ဝင်သက်တို့သည် ချုပ်ကုန်၊ ငြိမ်းကုန်၏။

(၂) နှုတ်မြွက်မှုကို ပြုပြင်တတ်သော ဝိတက်၊ဝိစာရ တို့သည် ချုပ်ကုန်၏။

(၃) စိတ်၏အပြုခံ (သညာ၊ဝေဒနာ...) တို့သည်ချုပ်ကုန် ငြိမ်းကုန်၏။

(၄) အသက်ဇီဝိတိန္ဒြေတို့သည် ကုန်၏။

(၅) ကိုယ်ငွေ့ ကမ္ဗဇတေဇောဓာတ်သည် ငြိမ်း၏။

(၆) ဣန္ဒြေတို့သည် ပျက်စီးကုန်၏။

မှတ်သားမှု 'သညာ' ခံစားမှု 'ဝေဒနာ' တို့ချုပ်ရာ နိရောဓသမာပတ်ကိုဝင်စားသော ရဟန်းအား -

(၁) ကိုယ်၏အပြုခံ ထွက်သက်၊ ဝင်သက်တို့သည် ချုပ်ကုန် ငြိမ်းကုန်၏။

(၂) နှုတ်မြွက်မှုကိုပြုပြင်တတ်သော ဝိတက်၊ဝိစာရ တို့သည်ချုပ် ကုန်၏။

(၃) စိတ်၏အပြုခံ (သညာ၊ ဝေဒနာ...) တို့ သည်ချုပ်ကုန်၏။

(၄) အသက်ဇီဝိတိန္ဒြေသည် **မကုန်**။

(၅) ကိုယ်ငွေ့ကမ္ဗဇတေဇောဓာတ် **မငြိမ်းအေး**။

(၆) ဣန္ဒြေတို့သည် **အထူးကြည်လင်ကုန်၏**။" ဟု မိန့်ဆို၏။

စိတ်မရှိသော ထင်းတုံးကဲ့သို့ စွန့်လွှတ်ပစ်ချထား၍ လဲလျောင်းသေဆုံးနေသော လူသား၏ ရုပ်ခန္ဓာနှင့် နိဗ္ဗာန်ကို မျက်မှောက်ပြု၍ နိရောဓသမာပတ် ဝင်စားနေသော လူသားရဟန်းတို့၏ တူညီမှုနှင့် ကွဲပြားမှု



အရှင်မာနိတ(ကျွဗ္ဗာ)

# (၇၅) နှစ်ပြည့် သယံသိဒ္ဓိ

အကြောင်းကို အရှင်အဟာကောဌိကသည် အရှင်သာရိပုတြာကို 'မဟာဝေဒလ္လသုတ်' တော်တွင် မေးမြန်း တော်မူခြင်းဖြစ်သည်။

ဒုက္ခသစ္စာဟု ဆိုအပ်သော ခန္ဓာရှိသောသတ္တဝါမှန်သမျှ ရှောင်လွှဲ၍ မရသောပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေဆုံးရခြင်းတို့၏ လွတ်မြောက်ရာတရား နိဗ္ဗာန်ဓာတ်ကို ရောက်အောင် သွားရောက်ရေးသည် ဗုဒ္ဓဘာသာဝင်သူတော်ကောင်း အပေါင်းတို့၏ ပဓာနကျသော အမြင့်မားဆုံးပန်းတိုင်ပင်ဖြစ်သည်။ ထိုပန်းသို့ရောက်ရှိရန် ဒါန၊ သီလ၊ ဘာဝနာဟု ဆိုသော မှန်ကန်သော ကိုယ်၊ နှုတ်၊ စိတ် ဆိုင်ရာအပြုအမူ(ကံသုံးပါး) ခရီးလမ်းတို့ဖြင့် ရည်ရွယ်၍ ခရီးနှင်ခဲ့ကြသော်လည်း၊ ခရီးနှင်နေကြသော်လည်း၊ ခရီးနှင်နေကြဦးမည်ဖြစ်သော်လည်း ခရီးသွားကိုင်းကား ထိုပန်းတိုင်ကိုရောက်ရှိရန်လွယ်ကူကြသည်တော့ မဟုတ်ပါ။ လောကုတ္တရာနယ်ပယ် ခရီးလမ်းဖြင့် သွားသည့်တိုင်အောင် မာရ်နတ်၏ တပ်မကြီး (၁၀) ခုကို ရင်ဆိုင် ဖြတ်သန်းကျော်ဖြတ်ကြရသည်ဟု အဆိုရှိပါသည်။ ထိုနိဗ္ဗာန်လမ်းကို လောကုတ္တရာနယ်ပယ်ခရီးလမ်းဖြင့် သွားကြသော်လည်း တချို့ကား…

(၁) မာရ်နတ်၏ ပထမတပ်မကြီး (ဝတ္ထုကာမ၊ ကိလေသာကာမ) ကို ဖြတ်ကျော်နိုင်ရန်ခဲယဉ်းခဲ့ကြလေပြီ။ တချို့ကား…

(၂) ဒုတိယတပ်မကြီး (အရတီတရား၊ ဥက္ကဏ္ဌိတတရား = ပရိယတ်၊ ပဋိပတ်မမွေ့လျော်၊ ဆိတ်ငြိမ်ရာတောကျောင်း၊ တောကျောင်းတို့၌မမွေ့လျော်၊ သမထ၊ ဝိပဿနာဘာဝနာတို့၌မမွေ့လျော်ခြင်း) ကို ဖြတ်ကျော်နိုင်ရန်ခဲယဉ်းခဲ့ကြလေပြီ။ တချို့ကား…

(၃) တတိယတပ်မကြီး (ဥပ္ပိပါသတရား = ရမ္မက်ထူပြောခြင်း၊ မရောင့်ရဲနိုင်ခြင်း) ကို ဖြတ်ကျော်နိုင်ရန်ခဲယဉ်းခဲ့ကြလေပြီ။ တချို့ကား…

(၄) စတုတ္ထတပ်မကြီး (တဏှာတရား = ပျင်းစိတ်ဝင်၍ စိတ်ကုန်ခြင်း) ကိုဖြတ်ကျော်နိုင်ရန်ခဲယဉ်းခဲ့ကြလေပြီ။ တချို့ကား…

(၅) ပဉ္စမတပ်မကြီး (ထိနမိဒ္ဓတရား = ပျင်းရိလေးလံခြင်း၊ ထိုင်းမှိုင်းခြင်း) ကို ဖြတ်ကျော်နိုင်ရန်ခဲယဉ်းခဲ့ကြလေပြီ။ တချို့ကား…

(၆) ဆဋ္ဌမတပ်မကြီး (ဘီရုတရား = စိတ်အားငယ်လန့်ဖြန့်ခြင်း) ကို ဖြတ်ကျော်နိုင်ရန်ခဲယဉ်းခဲ့ကြလေပြီ။ တချို့ကား…

(၇) သတ္တမတပ်မကြီး (ဝိစိကိစ္ဆာတရား = စိတ်ထားဒွိဟသို့လော၊ သို့လောဖြစ်ခြင်း) ကို ဖြတ်ကျော်နိုင်ရန် ခဲယဉ်းခဲ့ကြလေပြီ။ တချို့ကား…

(၈) အဋ္ဌမတပ်မကြီး (မက္ခတမ္ဘတရား = ထေရ်ကြီး၊ ဝါကြီး ကို ညွတ်တွားမပြု မောက်မာခြင်း) ကိုဖြတ်ကျော်နိုင်ရန် ခဲယဉ်းခဲ့ကြလေပြီ။ တချို့ကား…

(၉) နဝမတပ်မကြီး (တဏှာမာနတရား = မရအပ်သောလာဘ်ရ၍ မောက်မာခြင်း) ကို ဖြတ်ကျော်နိုင်ရန် ခဲယဉ်းခဲ့ကြလေပြီ။ တချို့ကား…

(၁၀) ဒသမတပ်မကြီး (ပရဝမ္ဘနမှုတရား၊ အတ္တုက္ကံသနမှုတရား = မိမိကိုယ်ကိုအထင်ကြီးခြင်း၊ သူတစ်ပါးကိုနှိမ့်ချခြင်း) ကို ဖြတ်ကျော်နိုင်ရန် ခဲယဉ်းခဲ့ကြလေပြီ။

မြတ်စွာဘုရားသက်တော်ထင်ရှား ရှိစဉ်အခါကပင် အချို့သော ရဟန်းတို့ကား မာန်စစ်သည်တို့ကို ဖြတ်ကျော်ရန် ခဲယဉ်ခဲ့သည်ကို ဝိနည်းကျမ်းဂန်များက ဗုဒ္ဓခေတ်ကာလ ရဟန်းတော်များ အခြေအနေကို ရောင်ပြန်ဟပ်ဖော်ပြထားပါသည်။ ထိုမာန်စစ်သည်တို့ကို ဖြတ်ကျော်၍ ရာဂ၊ မောဟ၊ ဒေါသ ကင်းကြကုန်သော သာသနာ့ အာဇာနည်ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တို့သာလျှင် နိရောဓသမာပတ် ဝင်စားကာ နိဗ္ဗာန်တရားကို မျက်မှောက် ပြုနိုင်ကြကုန်၏။ အရဟတ္တဖိုလ်ကိုရောက်ပြီးသော ရဟန်းသည် သမာပတ်ဝင်စားသည့် အချိန်မှလွဲ၍ အခြားသောအချိန်တို့၌ လောကအတွင်းရှိ အာရုံအမျိုးမျိုးတို့၌ အဘယ်ကဲ့သို့ ရှုမြင်သုံးသပ်သည်ကို မြတ်စွာဘုရားသည် 'ဆဗ္ဗိသောဓန' သုတ်တော်တွင် ရဟန်းတို့အား ဤသို့ မိန့်ဆိုခဲ့သည်။

"ရဟန်းတို့ဤသာသနာတော်၌ ရဟန်းသည် 'ပဋိသန္ဓေနေမှုကုန်ပြီ။ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ။ နောက်ထပ်တစ်ဖန် (မဂ်) ကိစ္စအတွက် ပြုဖွယ်မရှိတော့ပြီဟု သိ၏။' ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြား၏။ ရဟန်းတို့ ထိုရဟန်း၏ စကားကို မနှစ်သက်အပ်၊ မပယ်မြစ်အပ်၊ မနှစ်သက်၊ မပယ်မြစ်မူ၍ ပြဿနာ မေးရမည်။ အဘယ်သို့သိသည်၊ အဘယ်သို့မြင်သည်ဖြစ်၍ အသျှင်၏ စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းဘဲ အာသဝေါတရားတို့မှ လွတ်သနည်းဟု ပြဿနာကို မေးရမည်။" ရဟန်းတို့ အာသဝေါ ကုန်ခမ်းပြီးသော၊ မဂ်အကျင့်ကိုကျင့်သုံးပြီးသော မဂ်ကိစ္စကိုပြုပြီးသော၊ ဝန်ကိုချထားပြီးသော၊ မိမိအကျိုးဖြစ်သော အရဟတ္တဖိုလ်သို့ရောက်ပြီးသော၊ ဘဝသံယောဇဉ်ကုန်ခန်းပြီးသော၊ ကောင်းစွာသိ၍ ကိလေသာမှ လွတ်မြောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်ဖြစ်သော ရဟန်းအားပြဿနာဖြေခြင်းငှာ ဤသဘောသည်ဖြစ်၏။

"ငါ့သျှင်ငါသည် မြင်သည်၌…

(၁) ရာဂဖြင့်ကပ်ခြင်းမရှိ။

(၂) ဒေါသဖြင့် ဖဲခြင်းမရှိ။

(၃) တဏှာ ဒိဋ္ဌိဖြင့်မမှီ။

(၄) ဆန္ဒရာဂဖြင့် မဖွဲ့။

(၅) ကာမသံယောဇဉ် မှလွတ်၏။

(၆) ဆန့်ကျင်ဘက်တရားတို့နှင့်မယှဉ်။

(၇) အပိုင်းအခြားကင်းသော စိတ်ဖြင့်နေ၏။ ငါ့သျှင် ငါသည် ကြားသည်၌… နေ၏။ သိသည်၌… နေ၏။ တွေ့သည်၌… နေ၏။ ငါ့သျှင် ဤလေးမျိုးသောပြောဆိုခြင်းတို့၌ ဤသို့သိသည် ဤသို့မြင်သည်ဖြစ်၍ ငါ၏ စိတ်သည်တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းပဲ အာသဝေါတရားတို့မှ လွတ်၏ဟုပြော၏။ ရဟန်းတို့ ထိုရဟန္တာပုဂ္ဂိုလ်၏စကားကို ကောင်း၏ ဟု နှစ်သက်ဝမ်းမြောက်ရမည်" ဟု မိန့်ဆိုတော်မူခဲ့သည်။

ကုန်းပေါ်မှာဖြစ်၊ တည်၊ ပျက်ရသော သတ္တဝါတို့ဘဝ၊ ရေတွင်ဖြစ်၊ တည်၊ ပျက်ရသော သတ္တဝါတို့၏ဘဝ၊ အခြားသော အရပ်ဌာနတို့၌ ဖြစ်၊ တည်၊ ပျက်ရသော သတ္တဝါတို့ဘဝဟုဆိုသော (၃၁) ဘုံတွင် အတောမသတ်နိုင်သော သတ္တဝါတို့၏ ဘဝခန္ဓာများ ရုပ်+နာမ်တရားတို့၏ မငြိမ်ခြင်း (သင်္ခတဓာတ်) နယ်ပယ်မှ ဘဝခန္ဓာ အပေါင်းတို့ချုပ်ငြိမ်းရာနိဗ္ဗာန်(အသင်္ခတဓာတ်) ဆီသို့ ရောက်ရှိအောင် သွားရောက်ရေးသည်သာ ဗုဒ္ဓဘာသာဝင်သူတော်ကောင်းအပေါင်းတို့သည် ဘဝခန္ဓာတို့ချုပ်ငြိမ်းရာနိဗ္ဗာန်ကို အလိုရှိကြပါသနည်း။

**"ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် 'ပဋိသန္ဓေ နေမှုကုန်ပြီ။ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ။ နောက်ထပ်တစ်ဖန် (မဂ်) ကိစ္စအတွက် ပြုဖွယ် မရှိတော့ ပြီဟု သိ၏။' ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြား၏။ ရဟန်းတို့ ထိုရဟန်း၏ စကားကို မနှစ်သက်အပ်၊ မပယ်မြစ်အပ်၊ မနှစ်သက်၊ မပယ်မြစ်မူ၍ ပြဿနာ မေးရမည်။ အဘယ်သို့သိသည်၊ အဘယ်သို့ မြင်သည် ဖြစ်၍ အသျှင်၏ စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းဘဲ အာသဝေါ တရားတို့မှ လွတ်သနည်းဟု ပြဿနာကို မေးရမည်။"**



ဘဝခန္ဓာများ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်ရှင်သန်နေရခြင်းသည် ဗုဒ္ဓဘာသာဝင်တို့အတွက် သုခတရားမဟုတ်။ ဘဝခန္ဓာတိုင်း၌ တွေ့ကြုံရသောမည်သို့မျှရှောင်လွှဲ၍ မရသော အိုခြင်းဆင်းရဲ၊ နာခြင်းဆင်းရဲ၊ သေခြင်းဆင်းရဲ အစရှိသည်တို့သည် ဒုက္ခသစ္စာဟုသာ ယုံကြည်ကြသည်။ ထို့ကြောင့် ဘဝခန္ဓာတို့ဖြစ်ပေါ်လာ၍ သယ်ဆောင်ထားရသော ခန္ဓာ ဝန်ကြီးကိုငြီးငွေ့မှုရှိလာကြသည်။ ထို့ကြောင့် ထိုခန္ဓာဝန်၌ တက်မက်မှုကင်းလာကြသည်။ ထို့ကြောင့် ထိုသယ်ဆောင်ထားရသော ခန္ဓာဝန်ကြီး၏ ချုပ်ငြိမ်းရာ၊ ကင်းဝေးရာ၊ တရားဓမ္မကို ရှာဖွေလာကြသည်။

ဤသို့အားဖြင့် ရုပ်၊ နာမ်အသစ်တို့ဖြင့် စဉ်ဆက်မပြတ်ဖြစ်ပေါ်တတ်ရာ 'ဘဝသံသရာလည်မှုတရား' မှ ခန္ဓာအပေါင်းတို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ဓာတ်သည်သာ ဗုဒ္ဓဘာသာဝင်တို့၏ ပဓာနကျသော မှန်ကန်သော ဘဝရည်မှန်းချက်ပန်းတိုင်အစစ်ဖြစ်သည်။ ယခုဘဝ၌ နိဗ္ဗာန်ကိုမျက်မှောက်မပြုနိုင်ခဲ့သော်ငြား၊ နောင်ဘဝတွေ၌ မျက်မှောက်ပြုနိုင်သော အထောက်အပံ့တွေဖြစ်သည်။ ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတို့ကို ယခုဘဝခန္ဓာရရှိနေချိန်မှာ ပြုလုပ်နိုင်စွမ်းရှိသလောက် ပျိုးထောင်ခဲ့မည်ဆိုတဲ့ စိတ်ဓာတ်အတွေးအခေါ်ကို ဗုဒ္ဓဘာသာကောင်းတစ်ယောက်သည်ခံယူထားသည်။ **ဗုဒ္ဓဘာသာကောင်းတစ်ယောက်ဆိုသည်မှာ ဤစိတ်ဓာတ်အတွေးအခေါ်ကို အခြေခံပြီး မိမိ၏ ကိုယ်၊ နှုတ်၊ စိတ်ဆိုင်ရာ အပြုအမူတို့ဖြင့် ဘဝသံသရာ ခရီးလမ်းကို ရှေ့ရှု၍ ခရီးနှင်နေသူတစ်ဦးသာဖြစ်သည်။**

နိဗ္ဗာန်ရောက်ကြောင်း တရားတို့ကို မျက်မှောက်ဘဝမှာပင် ပြုနိုင်ခဲ့သူ၊ ကျင့်ကြံနေကြသူ၊ ကျင့်ကြံကြိုးကုတ်အားထုတ်နေကြဦးမည့် သူတို့ကို ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် လိုလားတောင့်တခဲ့ကြသည်။ လိုလားတောင့်တနေသည်။ အစဉ်အမြဲလိုလားတောင့်တလျှက် ရှိနေကြဦးမည်ဖြစ်ပါသည်။ မြတ်ဗုဒ္ဓတို့၏ စိတ်ဓာတ်သည်လည်း ဒုက္ခမှလွတ်မြောက်ရာ သစ္စာလေးပါးကို မိမိကိုယ်တိုင်လည်း သိမြင်အောင်ကြိုးစားမည်၊ အခြားသတ္တဝါတို့ကိုလည်း သိမြင်အောင် ကြိုးပမ်းစေမည်ဆိုတဲ့ စိတ်ဓာတ်အတွေးအခေါ်မျိုးရှိကြပါသည်။ ဤစိတ်ဓာတ်သည် မြတ်ဗုဒ္ဓ၏ တပည့်သားသံဃာတို့တွင် အမွေကျန်ခဲ့ပါသည်။ သံဃာမျိုးနွယ်တစ်ခုမှ တစ်ခုဆီသို့ ဤအတွေးအခေါ်ကို သယ်ဆောင်လာခဲ့ကြပါသည်။

ယနေ့ အချိန်ကာလ ရာသီသမယ၌ စစ်ကိုင်းတောင်ရိုး၊ ကျစွာချောင်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တလက္ခဏ မဟာထေရ်၏ သက်တော် (၇၅) နှစ်ပြည့်မြောက်ရာ စိန်ရတုမွေးနေ့ကာလအခါသမယကို ရောက်ရှိရာအချိန်ဖြစ်ပါသည်။ တစ်နည်းဆိုသော်ဆရာတော်ဘုရား၏ (၇၅) နှစ်တာဘဝခရီးလမ်းမှ ဖြတ်သန်းခဲ့ရသော အတွေ့အကြုံများ (Experiences)၊ ရရှိခဲ့သောအသိဉာဏ်ပညာများ (Knowledge & Wisdom) အားလုံးကို ပေါင်းစပ်ထားသော ဘဝခရီးလမ်းမှ နေရာဌာန တစ်ခုဖြစ်ပါသည်။ ဆရာတော်ဘုရား၏ ဘဝခရီးလမ်းတစ်လျှောက်တွင် မြတ်ဗုဒ္ဓ၏ ဝိပဿနာတရားတော်ကြီးကိုပြည်တွင်း၊ ပြည်ပ အနှံ့တရားစခန်းများဖြင့် သာသနာပြုခဲ့သည်။ ဘုရားကျောင်းကန်၊ လမ်း၊ ဇရပ်တို့ကိုလည်း ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းတို့ကို ပြုခဲ့သည်။ စာသင်ကျောင်းတွေကိုလည်း တည်ဆောက်ခဲ့သည်။ အထူးသဖြင့် လူမှုရေး

ပရဟိတလုပ်ငန်းဖြစ်သော စစ်ကိုင်းတောင်ရိုးဝါးချက်ဒေသ၊ ဝါးချက် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးကို တည်ထောင်တော်မူခဲ့ရာ လွန်ခဲ့သော (၂၀) ရက်၊ အောက်တိုဘာလ၊ ၂၀၀၉ ခုနှစ်တွင် (၂၅) နှစ်ပြည့် ငွေရတုကာလကို ကျင်းပ၍ ဥဒါန်းကျူးနိုင်ခဲ့ပေသည်။ ဆရာတော် ဘုရားသည် မိမိမွေးနေ့ရောက်တိုင်း မိမိမွေးရပ်ဇာတိဖြစ်သော မြင်းခြံ မြို့၊ ကတောကျေးရွာတွင် လောကီလူသားတို့ကို မိမိ၏ သက်စေ့ ရဟန်းခံပေးခြင်းအလှူတော်ကို မိမိ၏ သက်တော် (၆၀) ပြည့်နှစ်မှ စတင်ခဲ့ရာ ယခုအခါတွင် (၇၅) နှစ်ပြည့် စိန်ရတုမွေးနေ့ ကာလ ကြီးကိုပင် ရောက်ရှိလာပြီဖြစ်ပါသည်။ 'စိုသောလက်ကို မခြောက် စေခြင်း၊ ရှေးသူတော်ကောင်းတို့၏ သွားရာလမ်းကို မယွင်းမကောက် ဖြောင့်တန်းစွာ လိုက်ခြင်းဟူသော' ဝိဓုရဇာတ်မှ သူတော်ကောင်း တရားလေးပါးနှင့်အညီ မြတ်စွာဘုရား၏ စိတ်ဓာတ်နှင့် အတွေး ဆရာတော်ဘုရားကြီးမှာ ဒီလိုစိတ်ဓာတ် အတွေးအခေါ်ရှိပြီးတော့ လက်တွေ့ပြကျင့် လုပ်ဆောင်တတ်ပုံတွေကို သတိထားမိလာတဲ့အခါ အတွင်းစိတ်ဝယ် အံ့သြဝမ်းမြောက်မိပါတယ်။

ဂေါတမမြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ပထမဦးဆုံးကျူးရင့်တော်မူ သော ဥဒါန်းမှာ **'အနေကဇာတိ သံသာရံ...'** ဖြင့် စသောဂါထာ တော်များဖြစ်ကြ၏။ ထင်းဂါထာများကို စိတ်တော်ဖြင့်သာ ကျူးရင့် တော်မူသဖြင့် **'မနသာဥဒါန်း'** ဟူ၍ ဆိုတော်မူကြ၏။ နှုတ်တော် ဖြင့် ကျူးရင့်တော်မူသော ဂါထာများလည်း ရှိ၏။ ယင်းဂါထာများ ကို 'ဝစသာဥဒါန်း' ဟူ၍ ဆိုတော်မူကြ၏။ 'ဝစသာဥဒါန်း' ဂါထာ တော်များမှာ 'ယဒါ ဟဝေ ပါတုဘဝန္တိဓမ္မာ' ဖြင့် အစချီသော ဂါထာတော်များဖြစ်၏။ ထိုဥဒါန်းနှစ်မျိုးအနက် 'အနေကဇာတိ

**"တဏှာ လက်သမား ငါသည် သင့်ကို ရှာခဲ့ပါသည်။ သို့ ရှာခဲ့သော်လည်း သင့်ကိုမတွေ့ နိုင်ခဲ့ သဖြင့် ငါသည် မရေတွက်နိုင်သော ဘဝများစွာဖြင့် ကျင်လည်ခဲ့ရ၏။ ထိုသို့ကျင်လည် နိုင်အောင်လည်း သင်သည်ငါ၏ ခန္ဓာအိမ်ကို ဆောက်လုပ်ပေးခဲ့၏။ ယခု ငါသည်သင့်ကို မြင်ပြီ။ ထို့ကြောင့် နောက်ထပ် တစ်ဖန် သင်သည် ငါ့အတွက် ခန္ဓာအိမ်ကို ဆောက်လုပ် ပေးရတော့မည် မဟုတ်။ သင်၏ ဆောက်လုပ်ရေး ဆိုင်ရာ ပစ္စည်း အရပ်ရပ်တို့ကို ငါဖျက်ဆီးပြီးပြီ။ ငါသည် သင်မလိုက်နိုင်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုအပ်လေပြီ"**



အခေါ်ကို ဆက်လက်၍ အကောင်အထည်ဖော်လျက်ရှိသည်ကိုတွေ့ ရပါသည်။

**"Do not kill the Evil-doer but change his heart to become merit-doer"** ဟု အိန္ဒိယနိုင်ငံကြီး၏ လွတ်မြောက်ရေး အတွက် ကြိုးပမ်းခဲ့သော လွတ်လပ်ရေးဖခင်ကြီး မဟတ္တမဂန္ဒီက သူ၏ **"Non- Violence method"** တွင် ဖော်ပြခဲ့ပါသည်။ ဆိုလို ချက်မှာ **'မကောင်းတဲ့သူ သူမိုက်ကို မပယ်ရှားပဲနဲ့ ကောင်းတဲ့သူ လူလိမ္မာဖြစ်လာအောင် သူ့နှလုံးသားကိုပြောင်းလဲပြစ်ရမည်'** ဆိုတဲ့ သဘောဖြစ်ပါတယ်။ တက္ကသိုလ်ကျောင်းသားဘဝက အိန္ဒိယဒဿန ပညာရှင်တွေကိုလေ့လာရင်း ဂန္ဒီရဲ့ အထက်ပါအယူအဆကို အပြင်မှာ လက်တွေ့အကောင်အထည်ဖော်လုပ်ဆောင်နေသူနှင့် ဒီဘဝမှာ ပင်တွေ့ဆုံနိုင်ရန် ဆုတောင်းမိခဲ့ပါတယ်။ ယခုအချိန်မှာတော့ ကျွန်ုပ်

သံသာရံ' ဖြင့် အစချီတော်မူသော **'မနသာဥဒါန်း'** ၏ မြန်မာပြန် အနက်အကျဉ်းမှာ ဤသို့ဖြစ်၏။

**" တဏှာလက်သမား ငါသည်သင့်ကို ရှာခဲ့ပါသည်။ သို့ရှာခဲ့သော်လည်း သင့်ကိုမတွေ့နိုင်ခဲ့သဖြင့် ငါသည် မရေတွက်နိုင် သော ဘဝများစွာဖြင့် ကျင်လည်ခဲ့ရ၏။ ထိုသို့ကျင်လည်နိုင်အောင် လည်း သင်သည်ငါ၏ ခန္ဓာအိမ်ကို ဆောက်လုပ်ပေးခဲ့၏။ ယခု ငါသည် သင့်ကိုမြင်ပြီ။ ထို့ကြောင့် နောက်ထပ်တစ်ဖန်သင်သည် ငါ့အတွက် ခန္ဓာအိမ်ကို ဆောက်လုပ်ပေးရတော့မည်မဟုတ်။ သင်၏ ဆောက်လုပ်ရေးဆိုင်ရာ ပစ္စည်းအရပ်ရပ်တို့ကို ငါဖျက်ဆီးပြီးပြီ။ ငါသည်သင်မလိုက်နိုင်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုအပ်လေပြီ"**

ဤသည်မှာ မြတ်စွာဘုရား ကျူးရင့်တော်မူသော **'မနသာဥဒါန်း'** ၏ မြန်မာပြန်အနက်အကျဉ်း ဖြစ်၏။

ဤဥဒါန်းဂါထာ၌ မြတ်စွာဘုရား အလေးအနက်ထား၍ ကျူးရင့်တော်မူသော ပါဠိဝေါဟာရ နှစ်လုံးပါဝင်၏။ တစ်လုံးမှာ **'တဏှာ'** ဖြစ်၍ အခြားတစ်လုံးမှာ **'နိဗ္ဗာန်'** ဖြစ်၏။ ယင်းဝေါဟာရ နှစ်လုံးတို့မှာ အချင်းချင်းဆန့်ကျင်ကြ၏။ 'တဏှာ' ဟူသည် **လောကီ၏အနှစ်** ဖြစ်၍၊ **'နိဗ္ဗာန်'** ဟူသည် **လောကုတ္တရာ၏အနှစ်** ဖြစ်၏။ **တဏှာကိုသမုဒယသစ္စာ**ဟု ခေါ်၍ **နိဗ္ဗာန်ကို နိရောဓသစ္စာ** ဟုခေါ်၏။ **သစ္စာဟူသည်မှာ မှန်ကန်ခြင်းဖြစ်၏။** ယင်းမှန်ကန်ခြင်း သည်လည်း ပြင်ပအကြောင်းများအပေါ် အခြေတည်၍ မှန်ကန်ခြင်း မျိုးမဟုတ်ဘဲ မိမိဘာသာ မိမိမှန်ကန်ခြင်းဖြစ်၏။ ဤကဲ့သို့သော မှန်ကန်ခြင်းမျိုးကို **'သယံသိဒ္ဓ'** ဟူ၍ ဒဿနိကဗေဒပညာရှင်များက ဆိုကြ၏။ **'သယံသိဒ္ဓ' ၏ အနက်မှာ မိမိဘာသာ မိမိမှန်ကန် ကြောင်း သက်သေပြပြီးသားသဘော ဟူ၍ဖြစ်၏။** ပညာရှင်တို့က 'သယံသိဒ္ဓ' ၏ သဘောကိုအလင်းရောင်ဖြင့် ဥပမာဆောင်၍ ဆိုကြ၏။ **'အလင်းရောင်'** ရှိ မရှိကို ဘာဖြင့် သက်သေပြမည်နည်း ဟူ၍ မေးလေသော်အလင်းရောင်ရှိမရှိကို အလင်းရောင်ဖြင့်ပင် သက်သေပြရ၏။ **အလင်းရောင်**သည် အခြားအရာဝတ္ထုများ ရှိမရှိကိုလည်း သက်သေပြနိုင်၏။ မိမိရှိမရှိကိုလည်း မိမိကိုယ်မိမိ သက်သေပြနိုင်၏။ ထို့ကြောင့် ပညာရှင်များက 'သယံသိဒ္ဓ' သဘောကိုနားလည် နိုင်စေရန် အလင်းရောင်ဖြင့် ဥပမာပြ၍ ဆိုကြခြင်းဖြစ်ပါသည်။

လောကကို ကြည့်ဖို့ရန် **အလင်းရောင်** ကို စတင်ထွန်းညှိ ပေးသူမှာ မြတ်စွာဘုရားဖြစ်ပါ၏။ မြတ်စွာဘုရားသည် (၄၅) နှစ် တိုင်တိုင် **အလင်းရောင်** ကို ထွန်းညှိပေးတော်မူပြီးနောက် ပရိနိဗ္ဗာန် ပြုသွားတော်မူခဲ့ပါသည်။ ထိုအခါ **အလင်းရောင်**သည် မှေးမှိန်သကဲ့သို့ ဖြစ်လေ၏။ အကယ်၍ **အလင်းရောင်**သည် မှေးမှိန်ရုံသာမက လုံးဝ ချုပ်ငြိမ်းသွားခဲ့ပါလျှင် လောကသည် အမိုက်မှောင်အတိ ပြန်လည် ၍ ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် မြတ်စွာဘုရား ထွန်းညှိပေးတော်မူ ခဲ့သော **အလင်းရောင်** မငြိမ်းစိမ့်သောငှာ အရှင်မဟာကဿပ အမှူး ပြုသော ရဟန္တာမထေရ်ကြီးများသည် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီး (၃) လအကြာတွင် ပထမသင်္ဂါယနာတင်သော အားဖြင့် မီးစာကိုဆီ ဖြည့်ပေးတော်မူခဲ့ကြပါသည်။ ထို့နောက် မြတ်စွာဘုရား၏ တပည့်သားသံဃာတော်များသည် မျိုးနွယ်ဆက် တစ်ခုမှ တစ်ခုဆီသို့ (generation to generation) မြတ်ဗုဒ္ဓ၏ **အလင်းရောင်** ကို သယ်ဆောင်လာ၍ ဆီဖြည့်လာခဲ့ကြသည်မှာ နှစ်ပေါင်း (၂၅၀၀) ကျော်ခဲ့ပါပြီ။ ယနေ့အချိန်အခါတွင်လည်း စစ်ကိုင်းတောင်ရိုး၊ ကျွဲစာချောင်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တလက္ခဏ သည် မိမိ၏သက်တော် (၇၅) နှစ်ပြည့် စိန်ရတုမွေးနေ့ ကာလထိ တိုင်အောင် မြတ်ဗုဒ္ဓ၏အမွေဖြစ်သော **အလင်းရောင်ကို** လက်ဆင့် ကမ်းသယ်ဆောင်၍ ထွန်းလင်းပေးနေသူတစ်ဦးဖြစ်ပါသည်။ **ထိုအလင်းရောင်** ၏ အောက်တွင် ရဟန်း၊ ရှင်၊ လူ၊ ပြည်သူ အပေါင်းတို့သည် ဝင်ရောက်ခိုလှုံ၍ **တဏှာ ဟုဆိုသော သမုဒယသစ္စာမှ နိဗ္ဗာန်ဟု ဆိုသော နိရောဓသစ္စာ၌** နိဂုံးချုပ်နိုင်သော အထောက်အပံ့ကောင်းတို့ကို ရရှိနိုင်ကြပါစေကုန်သတည်း။ ဆရာတော်ဘုရားကြီးသည်လည်း မိမိ၏ သက်တော်ရာရှည်သည့်တိုင် အောင် **မြတ်ဗုဒ္ဓ၏အလင်းရောင်ကို** ဆက်လက်၍ ထွန်းလင်းပေးနိုင် သူတစ်ဦး ဖြစ်ပါစေသတည်း။

* * *

*အရှင်မာနိတ (ကျွဲစာ)*

**Ref;**


(၁) မဟာဝေဒလ္လသုတ်(မဇ္ဈိမနိကာယ်-ပ၊တွဲ)

(၂) ဆဠိသောဓနသုတ်(မဇ္ဈိမနိကာယ်-ဒု၊တွဲ)

(၃) မဟာဗုဒ္ဓဝင် (ဒု-တ၊တွဲ)

(၄) အမြင်များပြောင်းလဲခြင်း (ဦးရွှေအောင်)

(၅) **Contemporary Indian Philosophy**



# အငြိမ်းဓာတ်ဖျှန်း မြွတ်ရပျာန်း

**မန္တလာမြလေး**



နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
နိဗ္ဗုတာ နူနသာမာတာ၊ နိဗ္ဗုတာနူန သောပိတာ၊
နိဗ္ဗုတာ နူနသာနာရီ၊ ယဿာယံ ဤဒိသောပတီ။ ။

မဟာဗုဒ္ဓဝင် - ၃ - ၁၇၄

၁။ အလှတွင်ဥကင် - အယဉ်တွင်မကိုင်ရှရတနာ - အလိမ္မာတွင်ခေါင်ဖူး - ဤလိုသားထူးသားမြတ်၏ - မိခင်တစ်ယောက်ဖြစ်ရခြင်းသည် - ကြည်သာရွှင်ပြုံး - ပီတိဖုံး၍ - နှလုံးစိတ်ဝမ်း - ငြိမ်းချမ်းပေလိမ့်တကား။

၂။ အလှတွင်ဥကင် - အယဉ်တွင်မကိုင်ရှရတနာ - အလိမ္မာတွင်ခေါင်ဖူး - ဤလိုသားထူးသားမြတ်၏ - ဖခင်တစ်ယောက်ဖြစ်ရခြင်းသည် - ကြည်သာရွှင်ပြုံး - ပီတိဖုံး၍ - နှလုံးစိတ်ဝမ်း - ငြိမ်းချမ်းပေလိမ့်တကား။

၃။ အလှတွင်ဥကင် - အယဉ်တွင်မကိုင်ရှရတနာ - အလိမ္မာတွင်ခေါင်ဖူး - ဤလိုသားထူးသားမြတ်၏ - ကြင်လျာသက်ထား - ဇနီးမယားတစ်ယောက်ဖြစ်ရခြင်းသည် - ကြည်သာရွှင်ပြုံး - ပီတိဖုံး၍ - နှလုံးစိတ်ဝမ်း - ငြိမ်းချမ်းပေလိမ့်တကား။

ဤကျူးရင့်သံသည် လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀) ကျော် က အလောင်းတော်သိဒ္ဓတ္ထမင်းသား၏ အနေအထိုင်၊ အသွားအလာ၊ အပြောအဆို၊ ကိုယ်အမူအရာ၊ ယဉ်ကျေးမှုဂုဏ်နှင့် ရထားစီးပြီး ကပိလဝတ်နေပြည်တော်သို့ ဝင်ရောက်လာပုံ ရူပကာယ အသရေတော်ဂုဏ်တို့ကို ကြည့်ရှုပြီး ကိသာဂေါတမီသာကီဝင် မင်းသမီး၏ ပြာသာဒ်ထက်မှနေ၍ ကြွေးကြော်ကျူးရင့်လိုက်သည့် အသံဖြစ်သည်။

ထို ကြွေးကြော်ကျူးရင့်လိုက်သောအသံသည် ယနေ့တိုင် အဆက်မပြတ် ပဲ့တင်ထပ်လျှက် ရှိနေပေသည်။

## ငြိမ်းချမ်းရေးဗိမာန်တော်ကြီး

"ကိုမြသောင်းရေ ဘုန်းကြီး ဒီညီမ်းဆေးခန်းမှ ဆရာဝန်သမားတော်ကြီးများက ဆင်းသက်ခွင့်ပေးလာရင် စစ်ကိုင်းတောင်ရိုးသို့ ပြန်လည်၍ မိမိနေထိုင်ရာ ကျစွာချောင်မှာပဲ တရားတော်ဖြင့် အနားယူမယ်လို့ ဘုန်းကြီး စိတ်ကူးထားတယ်။

၁၃၇၀ ပြည့် တပို့တွဲလပြည့်ကျော် (၃) ရက် (၁၂-၂-၂၀၀၉) ကြာသပတေး (ပြည်ထောင်စုနေ့က) ကျစွာဆရာတော် အမိန့်ရှိလိုက်သော စကားဖြစ်သည်။ ဆရာတော်၏ မိန့်ကြားချက်စကားကို စာရေးသူကြားသိလိုက်ရသည့်အခါ ကျစွာဆရာတော်သည် ငြိမ်းချမ်းသာယာသည့် ငြိမ်းချမ်းရေးဗိမာန်တော်ကြီးတစ်ခု တည်ဆောက်ရန်အတွက် ယနေ့ (ပြည်ထောင်စုနေ့) ကိုပင် အတိတ်ကောင်း၊ နိမိတ်ကောင်း၊ မင်္ဂလာကောင်းအဖြစ် သတ်မှတ်ပြီးလျှင် ယနေ့ပင် ပန္နက်တင်မင်္ဂလာ၊ ယနေ့ပင် အုတ်မြစ်ချမင်္ဂလာများကို တစ်ဆက်တည်းဘဲ ပြုတော်မူလိုက်သည်ဟု ရင်ထဲ နှလုံးတည်းမှာ ကြည်ကြည်နူးနူးဖြင့် ခံစားမိလိုက်သည်။

တစ်ဆက်တည်းဆိုသလိုပင် စာရေးသူ၏ သန္တာန်မှာ အလှမ်း မဝေးသေးသော အတိတ်က ပုံရိပ်များကို ထင်ထင်ရှားရှားကြီး ပြန်လည်မြင်ယောင်လာသည်။

## အမေရိကန်နိုင်ငံ
## မျက်စိအထူးကုအဖွဲ့နှင့် မေတ္တာဒါနအဖွဲ့

အမေရိကန်နိုင်ငံမှ မျက်စိဆရာဝန်ကြီး ဒေါက်တာရစ်ချက်ဆင်၊ ဒေါက်တာစကော့တလီနှင့် သူနာပြုတစ်ဦးပါဝင်သည့် မျက်စိအထူးကုအဖွဲ့နှင့် အမေရိကန်နိုင်ငံ ဟာဝိုင်အီမှ မစ္စတာရေဂိုရီရှက်စ် ခေါင်းဆောင်သည့် မေတ္တာဒါနအဖွဲ့ဝင်ပုဂ္ဂိုလ်များ စစ်ကိုင်းကျစွာချောင်သို့ လာရောက်ကြမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ ဝါးချက်ဆေးရုံသို့ ကြိုတင်အကြောင်းကြားထားပါသည်။

ထိုအကြောင်းကြားချက်အရ ၁၃၇၀ ခု ပြာသိုလဆုတ် (၅) ရက်၊ (၁၅-၁-၂၀၀၉) ကြာသပတေးနေ့တွင် စာရေးသူသည် (ဝါးချက်) ဇီဝိတဒါနသံဃာ့ဆေးရုံမှ ကြီးကြပ်ထောက်ပံ့ရေးအဖွဲ့ဝင်တစ်ယောက်အနေဖြင့် ရုံးအဖွဲ့စီမံခန့်ခွဲရေးမှူး ဦးသန်းထွန်း၊ လက်ထောက်ဓာတ်ခွဲရေးမှူးဦးဝင်းဦး၊ ကားဒရိုင်ဘာဦးမြင့်ကျော်တို့ကို လိုက်ပါစေ၍ အပြည်ပြည်ဆိုင်ရာ တံတားဦးလေယာဉ်ကွင်းသို့ အချိန်မီသွားရောက်ကြပြီး ဧည့်သည်တော်များအား ကြိုဆိုနှုတ်ခွန်းဆက် ဂါဝရပြုကြကာ စစ်ကိုင်းသို့ ခေါ်ဆောင်ခဲ့ကြသည်။

ထို (၁၅-၁-၂၀၀၉) နေ့ နံနက် (၉:၃၀) နာရီခန့်လောက် စစ်ကိုင်းကျစွာချောင်သို့ ပြန်လည်ရောက်ရှိကြသည်။ ကားပေါ်မှ အဆင်းတွင် သက်ဆိုင်ရာ တာဝန်ရှိသူမှ ကျစွာဆရာတော် မန္တလေးသို့ ကားဖြင့်အသွား ကျန်းမာရေးချွတ်ယွင်းလာမှုကြောင့် လမ်းခုလပ်မှ ပြန်လှည့်လာခဲ့ရကြောင်း ပြောကြားသဖြင့် ဧည့်သည်တော်များကို ဧည့်ဆောင်သို့အရောက် ဦးသန်းထွန်း၊ ဦးဝင်းဦးတို့အား ပို့ဆောင်စေပြီး စာရေးသူကမူ ဆရာတော်သီတင်းသုံးတော်မူရာ သန်းကြွယ်သူစံကျောင်းတော်သို့ အမြန်သွားရောက်ပြီး ဝတ်ပြုကန်တော့ရသည်။

## စိတ်ကိုလည်းအနားပေးထားရန်လို

စာရေးသူဆရာတော်၏ အခန်းတွင်းသို့ ဝင်ရောက်သွားလာသောအချိန်တွင် ဝတ်ကြီးဝတ်ငယ်ပြုစုနေသူ ဓမ္မသုခချောင် ဘုန်းတော်ကြီးဦးကိတ္တိ ဆရာတော်၏အနီးအနားမှာရှိနေသည်။ ဆရာတော်သည် သက်သောင့်သက်သာအမူအရာဖြင့် ခုတင်ညောင်စောင်းပေါ်မှာ လဲလျောင်းအနားယူတော်မူနေသည်။ ဆရာတော်အား ရောဂါဝေဒနာ ကျန်းမာရေးအခြေအနေ ဘယ်လိုနေပါသနည်း - လျှောက်ထားရာ အခုတော့ သက်သာသွားပါပြီဟု မိန့်တော်မူပါသည်။

"ဆရာတော် - ယခုလို သက်သောင့်သက်သာစွာနဲ့ အနားယူလိုက်ရင် မကြာခင်ပကတိ အကောင်းအတိုင်းဖြစ်သွားမှာပါ။ အနားယူတဲ့အခါ ကိုယ်ခန္ဓာကို အနားပေးထားသလို စိတ်ကိုလည်း အနားပေးထားဖို့ အထူးလိုအပ်ပါတယ်။ သို့မှသာ အနားယူတယ်လို့ ပြောလို့ရပါလိမ့်မယ်။ အခုလို အနားယူစေမှုကို တပည့်တော်များလိုပင် တခြားတပည့်ဒကာ/ဒကာမတွေကလည်း လိုလား

နေကြပါတယ်။ အထူးသဖြင့် ဆေးပညာရှင် ဆရာဝန်ကြီးများက အထူးလိုလားနေကြပါတယ်။ ဒါကြောင့် သက်သောင့်သက်သာစွာနဲ့ အနားယူတော်မူပါဟု လျှောက်ထားရသည်။ စာရေးသူ၏ လျှောက်ထားချက်ကို ဆရာတော်သည် ပြုံးသောအမူအရာဖြင့် လက်ခံတော်မူပါသည်။



## စံကင်းဆရာတော်ဘုရားကြီးကျင့်ထုံး

ဓမ္မသုခချောင်ဘုန်းတော်ကြီးဦးကိတ္တိနှင့် စကားအနည်းငယ်ပြောဆိုပြီးနောက် စာရေးသူက ဆရာတော်အားလက်အုပ်ချီမိုးလျှက် - "တပည့်တော်အား လျှောက်ထားခွင့်ပြုတော်မူပါဘုရား။ ယခုအခါ ဆရာတော်အနေဖြင့်သက်တော်ရှည် ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ဘုရားကြီးရဲ့ ကျင့်ထုံးမျိုးကျင့်သုံးရန် လိုအပ်လာပါတယ်။ တပည့်ဒကာ/ဒကာမတွေက စံကင်းဆရာတော်ဘုရားကြီးရဲ့ ကျင့်ထုံးမျိုးကျင့်သုံးရန် အကြောင်းရင်းကို ဆရာတော်ကြီးအားလျှောက်ထားရာ စံကင်းဆရာတော်ကြီးက အသက်ရှည်စွာ နေချင်ရင် ဆရာ့စကားနားထောင် - ဆရာကဘယ်ဆေးကိုစား - ဘယ်အာဟာရမျိုးကိုဘုဉ်းပေး - ဘယ်လိုနေထိုင်ပါ ပြောထားရင် လိုက်နာရမယ်။ ဒါဟာ အသက်ရှည်ဆေးဘဲလို့ စံကင်းဆရာတော်ဘုရားကြီး အမိန့်ရှိသလိုမျိုးကျင့်သုံးတော်မူပါဘုရား" ဟု ကိုယ်မပင်ပန်းသော်လည်း စိတ်ပင်ပန်းမှာစိုးသဖြင့် လိုရင်းတို့ရှင်းလျှောက်ထားပြီး ဆရာတော်ထံမှ ပြန်လည်ထွက်ခွာခဲ့ပေသည်။

သန်းကြွယ်သူစံကျောင်းမှ ဆင်းသက်ပြီး (ဝါးချက်) ဇီဝိတ ဒါနသံဃာ့ဆေးရုံဘက်သို့ ဦးတည်သွားလာနေရသော်လည်း မိမိရဲ့ စိတ်ကမူ ဆရာတော်၏ အနီးအပါးမှာပင် ကျန်ရစ်ခဲ့ပေသည်။

## စိတ်အေးလက်အေးနေနိုင်မည့်နည်းလမ်း

ဆရာတော်၏ ရောဂါဝေဒနာမှာ အသက်ကို ထမ်းထုတ်သယ်ဆောင် သွားနိုင်သည့် အားပြင်းသော ဝေဒနာမျိုးဖြစ်သည်။ အကယ်၍အသက်ကို ထမ်းထုတ်သယ်ဆောင်မှုမျိုးဆရာတော်ခံလိုက်ရမည်ဆိုလျှင် ဘုန်းရှင်ကြီးများစံရာ နတ်တို့ရွာစံကျောင်းတော်မှာ နေထိုင်ရသည်တိုင်အောင် ဆရာတော်မှာ ကြာရှည်စွာ ပျော်ရွှင်ချမ်းမြေ့နိုင်မည်မဟုတ်ဟု တွေးထင်မိသည်။

အဘယ့်ကြောင့်ဆိုသော် ဆရာတော်ကိုယ်တော်တိုင် တည်ထောင်ထားသည့် ကျောင်းတိုက်ကြီးများ၊ ကိုယ်တော်တိုင်ကမ္ဘာ

အနှံ့ ခြေဆန့်ကြွရောက်တော်မူကာ ပြည်တွင်း/ပြည်ပ ဒကာ၊ ဒကာမ တို့၏ အကူအညီကို ရယူပြီး နှစ်ရှည်လများ၊ ကြိုးစားအားထုတ်သည့် ဆေးရုံအဆောက်အဦကြီးနှင့် ဆေးရုံအသုံးအဆောင်ပစ္စည်း ပရိဘောဂများ ကြာရှည်ထိန်းသိမ်းနိုင်ရန် ခက်ခဲမည်ဖြစ်၍ ဖရိုဖရဲ ပြိုကွဲပျက်စီးကုန်မည်ဖြစ်သောကြောင့်ဖြစ်သည်။

နောက်ဆက်တွဲ ဆိုးကျိုးတွေကလည်း ဆက်တိုက် ဆိုသလို ပေါ်လာပေလိမ့်ဦးမည်။ ဦးစွာ ဆေးရုံကိုမှီခိုသူ လစာနည်းသည့် ဝန်ထမ်းများမှာ ထမင်းအိုးကွဲပြီး ဒုက္ခရောက်ကြပေမည်။ ပစ္စည်း လေးပါးဖြင့် လှူဒါန်းထောက်ပံ့နေကြသည့် အလှူရှင်များ၊ ဆေးရုံကြီး တိုးတက်ရှင်သန်နေအောင် အားကြိုးမာန်တက် ဆောင်ရွက်နေကြသည့် အထက်/အောက် ကြီးကြပ်ထောက်ပံ့ရေး အဖွဲ့ဝင်များ၊ ဆေးပညာဖြင့် အခမဲ့ ကုသိုလ်ဖြစ်ကုသပေးနေကြသည့် ဆေးပညာရှင်ကြီးများ အားလုံး စိတ်မကောင်းဖြစ်ကြပေလိမ့်မည်။ ဤသည်မှာ ရှောင်လွှဲ၍ မရနိုင်သည့် ဒုက္ခမျိုးဖြစ်သည်။

ဤလို ရှောင်ကွင်းမရနိုင်သည့်ဒုက္ခမျိုးကို တွေ့မြင့်ရပါမူ ဆရာတော်မှာ ဘယ်နည်းနှင့်မျှ ပျော်ရွှင်ချမ်းမြေ့မှုမျိုး ရနိုင်မည်မဟုတ် ဟု တွေးထင်မိသည်။ ဤလို ဒုက္ခမျိုးစုံ အနိဋ္ဌာရုံမြင်ကွင်းမျိုးမှ လွတ်မြောက်နိုင်သည့် နည်းလမ်းမှာ သို့တည်းမဟုတ် စိတ်အေးလက်အေးနေနိုင်မည့် နည်းလမ်းမှာ ဆေးရုံပိုင်ဘဏ္ဍာတော်ငွေသိန်းပေါင်း၊ ထောင်ပေါင်းများစွာရှိနေရန် အထူးလိုအပ်လှပေသည်။ ဤလိုအပ်ချက်ကိုသိရှိကြပြီး ဆရာတော်မှစ၍အားလုံးက ဝိုင်းဝန်းကြိုးစား၍ ဖြည့်စွက်ပေးကြပါလျှင် အားလုံးပင် စိတ်အေးလက်အေးနေနိုင်ကြမည် ဖြစ်ပေသည်။

## သားရွှေအိုးထမ်းပြန်လာသည့်ကိန်း

ဤနေရာ၌ သားရွှေအိုးထမ်းပြန်လာသည့် ကိန်းမျိုးကြုံတွေ့လာသဖြင့် ဆရာတော်အား ကြည်ညိုလေးစားသူတိုင်းက "ဒို့ကျောင်း ဒို့ဆေးရုံကို ငွေရတုပေါင်းများစွာ တည်တံ့နေသည့်တိုင်အောင် ဆောင်ကြဉ်းပေးနေတဲ့ ဒို့ကျူစွာဆရာတော်ကြီးအား ကျန်းမာသည့်အသွင်ဖြင့် အစဉ်အမြဲဖူးတွေ့ပါရစေသား" ဟု အကြိမ်ကြိမ်အထပ်ထပ် ဆုတောင်း မေတ္တာပို့သနေကြရန် လိုအပ်သည်ဟု အတွေးဝင်နေမိသည်။

မိမိစိတ်ထဲမှာလည်း -

၁။ ကျူစွာဆရာတော်သည် အမြန်ဆုံး ကျန်းမာပါစေ၊ ချမ်းသာပါစေ

၂။ သက်ရှည်ကျန်းမာ ဘေးရန်ကွာ၍ လိုရာဆန္ဒပြည့်ဝပါစေ

၃။ သာသနာပြုအလုပ်တွေ ဆက်လက်ဆောင်ရွက်နိုင်ပါစေ

၄။ အထူးသဖြင့် ဆေးရုံကြီးတိုးတက်နေအောင် အစဉ်စောင့်ရှောက်နိုင်ပါစေ ဟု ကြိမ်ဖန်များစွာ ဆုတောင်းနေမိသည်။

ဆရာတော်၏ ကျန်းမာရေးကိုအကြောင်းပြုပြီး တွေးတောကြံစည်ရင်း ဆုတောင်းမေတ္တာပို့သရင်း တဖြည်းဖြည်း (ဝါးချက်) ဇီဝိတဒါနသံဃာ့ဆေးရုံသို့ စာရေးသူ ရောက်သွားပေသည်။ ထိုနေ့က ဆေးရုံဧည့်ခန်းဆောင်မှာ အမေရိကန်နိုင်ငံမှ လာရောက်ကြသည့် မျက်စိကုဆရာဝန်ကြီး ဒေါက်တာရစ်ချက်ဆင်တို့အဖွဲ့အား မိတ်ဆက်ပွဲလုပ်ကြသည်။ အစားအသောက် အချိုပွဲတို့ဖြင့် ဧည့်ဝတ်ပြုကြသည်။ ဆရာဝန်ကြီးနှစ်ယောက်တို့အား ပုဆိုး (၂) ထည်စီနှင့် သူနာပြုအမျိုးသမီးအား လုံးကွင်း (၂) ထည် ကြီးကြပ်ထောက်ပံ့ရေးအဖွဲ့မှ လက်ဆောင်ပေးကြ၏။

## တရားတော်ဖြင့် အနားယူ

ရောဂါဝေဒနာစွဲကပ်လာမှုကြောင့် ကျူစွာဆရာတော်သည် (လမ်းမှပြန်လှည့်လာရသည့်) ထိုနေ့မှစ၍ပင် တရားတော်ဖြင့် အနားယူမှုမျိုးကိုသာ အများအားဖြင့် ကျင့်သုံးတော်မူပါသည်။ အသွားအလာ အပြောအဟောမျိုး အထူးဆင်ခြင်တော်မူပါသည်။ အခြားမြို့ရွာများမှ ပင့်ထားသည့် တရားပွဲများရှိထားသော်လည်း ကိုယ်တိုင်ကြွရောက်ခြင်း မပြုမူ၍ စွမ်းဆောင်နိုင်သည့် တပည့်ကြီးများကိုသာ လွှဲအပ်တာဝန်ပေးထားပါသည်။

ကိုယ်တော်တိုင်ကမူ ကျူစွာချောင် အထက်ထပ် မဟာအတုလရံသီတရားစခန်းမှာ တရားဝင်နေကြသည့် အမေရိကန်နိုင်ငံသား မစ္စတာဂရေဂိုရီရုက်ဖ် ခေါင်းဆောင်သော မေတ္တာဒါနအဖွဲ့ဝင် ယောဂီများကိုသာ (၁) နာရီခန့်အချိန်ပေး၍ တရားပြခြင်း၊ တရားစစ်ဆေးခြင်းများကို ပြုတော်မူသည်။

ထိုအဖွဲ့မှ အမျိုးသမီးနှစ်ဦးမှာ အသိဉာဏ်ထူးများ ထူးထူးခြားခြား ဖြစ်ပေါ်လာမှုကြောင့် ဗုဒ္ဓဘာသာတရားတော်ကို အထူးလေးစား ယုံကြည်လာသည့်အတွက် အမျိုးသမီးတစ်ယောက်က ဗုဒ္ဓဘာသာဝင်အဖြစ် ဆရာတော်ရှေ့မှာ ခံယူသွားပြီး အခြား (၁) ဦးကလည်း ဗုဒ္ဓဘုရားအပေါ် ထူးထူးခြားခြားကြည်ညိုစိတ်တွေ ဖြစ်ပေါ်လာကြောင်း လျှောက်ထားသည်ဟု သိရှိရသည်။

ဆရာတော်သည် ယခုလိုအများအားဖြင့် တရားတော်ဖြင့်သာ အချိန်တွေ ကုန်လွန်စေမှုကြောင့် တရားတော်တို့၏ စွမ်းအားကြောင့် ဟုဆိုရပါမည်။ ဆရာတော်မှာ တစ်နေ့တခြား ဆိုသလို ကျန်းမာရေး ကောင်းမွန်လာပြီးလျှင် ရက်သတ္တ (၃) ပတ်လောက် ရှိသောအခါ ကျန်းမာရေးမှာ ပကတိလူကောင်းလို ဖြစ်သွားပေသည်။

## ပဋ္ဌာန်ပတ္တိဂုဏ်ရည် စာတမ်းတင်သွင်း

မန္တလေးမြို့၊ မန္တလေးတောင်ခြေ ရွှေကျင်တိုက်မကြီးဝင်းအတွင်း (၁၇) အကြိမ်မြောက် ရွှေကျင်ဂိုဏ်းလုံးကျွတ် အစည်းအဝေးပွဲကြီးကျင်းပနေ၏။ ထိုအစည်းအဝေးပွဲကြီးသို့ တက်ရောက်ရန်နှင့် စစ်ကိုင်းတောင်ရိုး ပတ္တမြားတောင်ဝိုင်းကြီးတောရ ဝိပဿနာမဟာဂန္ဓာရုံ ကမ္မဋ္ဌာန်းတိုက် မူလအာရာမသမုဋ္ဌာပကဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုဏ္ဍလာဘိဝံသမဟာထေရ်နှင့် နိုင်ငံတော်ကမ္မဋ္ဌာနစရိယ မဟာဓမ္မကထိက ဘဒ္ဒန္တဝိမလာစာရမဟာထေရ်တို့၏ ပဋ္ဌာန်ပတ္တိဂုဏ်ရည်စာတမ်းကို ရေးသားတင်သွင်းပြီး ကိုယ်တိုင်ဖတ်ကြားပေးရန် ကျူစွာဆရာတော်အား တာဝန်ပေးထားခြင်းခံထားရသည်။

သက်ဆိုင်ရာ တာဝန်ရှိဆရာတော်ကြီးများမှ တာဝန်ပေးထားမှုကြောင့်လည်းကောင်း၊ ရွှေကျင်သာသနာပိုင်ဆရာတော်ဘုရားကြီးဦးစီးကျင်းပနေသည့် ဂိုဏ်းလုံးကျွတ်သံဃာ့ အစည်းအဝေး

ပွဲတော်ကြီးကိုလည်းကောင်း၊ ဆရာတော်သည် (၁၃၇၀) ခု တပို့တွဲလဆန်း (၁၃) ရက်၊ စနေနေ့ (၇-၂-၂၀၀၉) နေ့၌ ကျင်းပသည့် အစည်းအဝေး ပွဲတော်ကြီးသို့ တက်ရောက်ပြီး စာတမ်းကို တင်သွင်း ဖတ်ကြားလျှောက်ထားသည်။

## ညိမ်းဆေးခန်းသို့ ပင့်ဆောင်ရ

ယခုလို အစည်းအဝေးပွဲတော်ကြီးသို့ တက်ရောက်ပြီး တာဝန်ကို ထမ်းဆောင်လိုက်သည့်အတွက် ခရီးသွားလာရသည့် ပင်ပန်းမှုဒဏ်၊ တွေ့ခိုက် -ကြုံခိုက်အနီးအဝေးမှ ကြွရောက်တော်မူလာကြသည့် ဆရာတော် ဘုရားကြီးများနှင့် အာလ္လာပသလ္လာပ ပဋိသန္ထာရစကားများ ပြောကြားလျှောက်ထားရသည့်အတွက် ပင်ပန်းမှုဒဏ်အထူးသဖြင့် အာရုံစူးစိုက်ပြီး စာတမ်းဖတ်ကြား တင်သွင်းမှုကြောင့် ပင်ပန်းမှုဒဏ်တို့ဖြင့် ပေါင်းဆုံလိုက်သည့်အတွက် ရတ်တရက်ကြီးဆိုသလို အသက်ရှူကြပ်ပြီး မောဟိုက်လာနေမှုကြောင့် ကျွှာဆရာတော်ကြီးအား မန္တလေးမြို့ရှိ ညိမ်းဆေးခန်းသို့ အမြန်ဆုံးပင့်ဆောင်ကြရတော့သည်။

ဆရာတော်သည် မန္တလေးမြို့ ညိမ်းဆေးခန်း အထူးကု ဆရာဝန်သမားတော်ကြီးတို့၏ အကုအသကို ခံယူတော်မူရသည်။ အခြားတစ်ဘက်မှလည်း တရားတော်ဖြင့် အနားယူတော်မူလိုက်သည်။ ဆရာတော်သည် ဘက်ပေါင်းစုံမှဆိုသလို သမားကုဘုရားကုတို့ဖြင့် ကုသမှုကိုခံယူလိုက်သည့်အတွက် (၅) ရက်လောက်ကြာသောအခါ အသက်အန္တရာယ်မှ လွတ်မြောက်ပြီဖြစ်ကြောင်း ယုံကြည်စိတ်ချစွာ နေနိုင်သည့်အဆင့်သို့ ရောက်လေသည်။ နောင်ရေးအတွက်လည်း တစ်ဆက်တည်း ဆုံးဖြတ်ချက်ချထားတော်မူလိုက်သည်။

စာရေးသူသည် မောင်စိုးကြီးနှင့်အတူ ဆရာတော် ခေတ္တအနားယူနေထိုင်တော်မူရာ ညိမ်းဆေးခန်းသို့ (၁၂-၂-၂၀၀၉) နေ့က သွားရောက်သည်။ ဆရာတော်၏ အခန်းတွင် ကျောက်ဆည်မြို့မှ ဘုန်းတော်ကြီးတစ်ပါးနှင့် ဒေ့သည်တော်များ ရောက်နှင့်နေကြသည်။

ဆရာတော်အားဆေးပညာဖြင့် အနီးကပ်ပြုစုစောင့်ရှောက်နေသူ ဒေါက်တာဒေါ်ချယ်ရီအေးအေးမြင့်ရှိသည်။ သူမ၏ အခန်းသို့ ဝင်ရောက်၍ ဆရာတော်၏ ကျန်းမာရေးအခြေအနေကို ဦးစွာ စူးစမ်း မေးမြန်းရတော့သည်။ ဒေါက်တာဒေါ်ချယ်ရီထံမှ အကြောင်းစုံ သိခွင့်ရသဖြင့် စိတ်တွေအတော်အတန်ပေါ့ပါးသွားတော့သည်။

## ဘုရားဖြစ်တော်မူစက ဆုံးဖြတ်ချက်မျိုး

ဒေ့သည်တော်အချို့ အပြင်ထွက်လာကြ၍ စာရေးသူတို့လည်း ဆရာတော်၏ အခန်းတွင်းသို့ ဝင်ရောက်သွားကြသည်။ ဆရာတော်အားဝတ်ပြုပြီး ကျန်းမာရေးအခြေအနေကို မေးမြန်း လျှောက်ထားရ၏။ 'ဘုန်းကြီးသက်သာလာပါပြီ၊ မကြာခင် ဆင်းခွင့်ရပါလိမ့်မယ်' ဟု ဆရာတော်က အမိန့်ရှိပါသည်။

ညိမ်းဆေးခန်းမှ ဆရာတော်ဆင်းခွင့်ရရင် (ရှေ့အလာ) ကျန်းမာရေးအတွက် ဘယ်လိုစီစဉ်၍ ဘယ်လိုစိတ်ကူးများရှိပါသလဲဟု မေးမြန်းရာ ဆရာတော်က ''ကိုမြသောင်းရေ၊ ဘုန်းကြီး ဒီညိမ်းဆေးခန်းမှ ဆရာဝန်သမားတော်ကြီးများက ဆင်းသက်ခွင့်ပေးလာရင် စစ်ကိုင်းတောင်ရိုးသို့ ပြန်လည်၍ မိမိနေထိုင်ရာကျူစွာချောင်မှာဘဲ တရားတော်ဖြင့် အနားယူမယ်လို့ ဘုန်းကြီးစိတ်ကူးထားတယ်''ဟု အဖြေပေးလိုက်သည်။

မိမိအနှစ်သက်ဆုံး၊ အမြတ်နိုးဆုံးဖြေကြားမှုကို ဆရာတော်ထံမှ ရလိုက်သည့်အတွက် အတိုင်းမသိ ဝမ်းမြောက်မိသည်။ စိတ်ထဲမှာတစိမ့်စိမ့် ကြည်နူးလို့မဆုံးနိုင်အောင် ဖြစ်ရသည်။ အဘယ်ကြောင့်ဆိုသော် အမှန်တကယ် ဆရာတော်၏အဖြေသည် သိဒ္ဓတ္ထမင်းသားဘုရားဖြစ်တော်မူစက ဆုံးဖြတ်ချက်ချအဖြေမျိုးဖြစ်နေသောကြောင့်ဖြစ်သည်။

မှန်ပါသည်။ အလောင်းတော်သိဒ္ဓတ္ထမင်းသားသည် ခြောက် နှစ်ကျော်ကြာအောင် သူမတူမတန်ကျင့်ကြံတော်မူပြီးမှ မဟာသက္ကရာဇ် (၁၀၃) ခု၊ ကဆုန်လပြည့် နေ့ညအရုဏ်မတက်ခင် (အချိန်လေးကပ်ပြီး) ဘုရားဖြစ်တော်မူရသည်။

## တရားတော်၏အစွမ်း အံ့မခန်း

ဘုရားဖြစ်တော်မူစအချိန်မှာ အသားတော်တွေ - အသွေးတော်တွေမရှိ၊ အရိုးအရေမျှလောက်သာ ကျန်ရှိနေတော့သဖြင့် ဘုရားရှင်၏ ရူပကာယအသရေတော်သည် ထိုအချိန်၌ ကင်းမဲ့နေသလိုဖြစ်တော့သည်။ အသားသွေးကင်းပျောက်၊ အားအင်တွေခန်းခြောက်နေသည့် လက်ရှိခန္ဓာကိုယ်ဖြင့် သာသနာပြုလုပ်ငန်းများ ဘယ်နည်းနဲ့မျှ မလုပ်နိုင်သေး။ သို့ဖြစ်၍ အသားအရေတွေပြည့်ဖြိုး အားအင်တွေတိုးလာစေရန် တရားတော်ဖြင့် အနားယူမှုဖြစ်မည်ဟု ဗုဒ္ဓမြတ်စွာက ဆုံးဖြတ်ချက်ချတော်မူလိုက်သည်။

ထိုဆုံးဖြတ်ချက်အရ ဗုဒ္ဓရှင်တော်မြတ်သည် (၁) ဌာနလျှင် (၇) ရက်နှုန်းဖြင့် (၇) ဌာနခွဲပြီးလျှင် (၄၉) ရက်ပြည့်မြောက်သည့်တိုင်အောင် မျက်နှာတော်သစ်ခြင်း၊ ရေသောက်တော်မူခြင်း၊ ဆွမ်းခဲဘွယ်ဘောဇဉ် ဘုဉ်းပေးတော်မူခြင်း၊ ကျင်ကြီးကျင်ငယ်စွန့်တော်မူခြင်းစသည့် ပလိဗောဓအလုပ်တွေ လုံးဝပြုတော်မမူဘဲ ဈာနသမာပတ်၊ ဖလသမာပတ်တည်းဟူသော တရားတော်တို့ဖြင့်သာ အနားယူတော်မူလိုက်ပေသည်။

ယခုလို တရားတော်ဖြင့် အနားယူတော်မူလိုက်မှုကြောင့် အစွမ်းသုံးပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုတဉာဏ်တော်ရှင် ဗုဒ္ဓမြတ်စွာသည် ခန်းခြောက်နေသည့်အသား၊ အသွေးနှင့်တကွ ကုန်ခန်းနေသည့် အားအင်တွေပါပြန်လည်ပြည့်စုံရုံမျှမက (၃၂) ပါးသော ယောက်ျားမြတ်လက္ခဏာတော်ကြီးတို့သည် ဗုဒ္ဓမြတ်စွာ၏ သန္တာန်တော်၌ ထင်ထင်ရှားရှားကြီးဖြစ်ပေါ်လာကြသည်။ မည်သူတစ်ဦးတစ်ယောက်နှင့်မျှ နှိုင်းယှဉ်ဘွယ်မရှိအောင် ရူပကာယ အသရေတော်ကြီးဖြင့် ပြည့်စုံတော်မူသွားရပေသည်။ ဗုဒ္ဓမြတ်စွာတို့ ဖော်ထုတ်ထားသည့် တရားတော်တို့၏ အစွမ်းကား အံ့မခန်းဘွယ်ရှိလှ၏။

ဤအကြောင်းအရာတွေရှိနေမှုကြောင့် ကျွှာဆရာတော်၏ 'ဘုန်းကြီးတရားတော်ဖြင့် အနားယူမယ်' ဆိုသည့် ဖြေကြားမှုကို

စာရေးသူ အလွန်နှစ်ခြိုက်မိခြင်းဖြစ်သည်။ သို့ဖြစ်၍ ထို (၁၂-၂-၂၀၀၉) ရက်နေ့က ညီမ်းဆေးခန်းသို့ ခေတ္တရောက်ခိုက်မှာပင် မိကျောင်းမင်းရေးကင်းပြသည့် ကိန်းမျိုးဖြင့် ဆရာတော်အား သတ္တဋ္ဌာနအကြောင်းကို လျှောက်ထားမိခြင်းဖြစ်သည်။ ထိုအချိန်တွင် ဖည့်သည်တော်အချို့ ဝင်ရောက်လာကြပြီဖြစ်၍ စာရေးသူတို့လည်း ဆရတော်၏ အခန်းမှ ပြန်လည်ထွက်ခွာခဲ့ကြပေသည်။

## အတိတ်အကြောင်း ပြန်ပြောင်းလို့ပြော

(၁၇-၂-၂၀၀၉) နေ့ နံနက်ပိုင်းက ဖြစ်သည်။ ဆရာတော်က (ဝါးချက်) ဇီဝိတဒါနသံဃာ့ ဆေးရုံရုံးခန်းသို့ ဖုန်းဆက်ပြီး ကျွစွာချောင်သို့ တက်ခဲ့ပါ ရန် စာရေးသူအားခေါ်၏။ မန္တလေး ညီမ်းဆေးခန်းမှ ပြန်လည်ဆင်းသက်လာခဲ့ပြီဖြစ်၍ ကျန်းမာရေးနှင့်ပတ်သက်ပြီး မည်သို့မည်ပုံရှေ့နေထိုင်သွားမည် ဖြစ်ကြောင်းတို့ကို ပြောပြချင်၍ ခေါ်ယူခြင်း ဖြစ်ပေလိမ့်မည်ဟု တွေးမိပြီး ပျော်ရွှင်နေမိသည်။



စာရေးသူလည်း ချက်ခြင်းပင် ဆရာတော် သီတင်းသုံးတော်မူရာ ကျွစွာချောင်သန်းကြွယ်သူစံကျောင်းပေါ်သို့ တက်ရောက်သွားသည်။ ဆရာတော်အား ဝတ်ပြုပြီး ဆရာတော်နှင့် နှုတ်ခွန်းဆက်စကားအနည်းငယ် ပြောကြသည်။

"ကိုမြသောင်းရေ၊ မန္တလေးညီမ်းဆေးခန်းမှာ နေစဉ်တစ်နေ့ကပြောခဲ့သလို တရားတော်နှင့် အနားယူဖို့ စီစဉ်ထားတဲ့ အကြောင်း ပြောပြချင်လို့ ယခုလို ကိုမြသောင်းကို ခေါ်တွေ့ရခြင်း ဖြစ်ကြောင်းများကို (မိမိကြုံတင်တွေးမိသည့်အတိုင်း)" ဆရာတော်က အမိန့်ရှိသည်။ အလွန်ကောင်း၊ အလွန် သင့်လျော်သည့် အစီအစဉ်ပါဘုရားဟူ၍ လျှောက်ထားရသည်။

"ဘုန်းကြီး ယခုလို တရားတော်ဖြင့် အနားယူမယ်လို့ ပြောရခြင်းမှာ တရားတော်ဖြင့် အနားယူမှ ဖြစ်မည်ကိုသိလို့ ပြောခြင်းဖြစ်ပါတယ်။ ဒါလည်း အခုမှသာမဟုတ်ပါဘူး။ ရှေးယခင်ကလည်း ယခုလို ကျန်းမာရေးမကောင်းတဲ့အခါ တရားဖြင့်သာ အနားယူခဲ့ဘူးကြောင်း၊ တရားတော်ဖြင့် အနားယူခဲ့လို့သာ ကျန်းမာရေးတွေ ပြန်လည်ကောင်းမွန်လာခဲ့ဘူးပါကြောင်း ယခုလို ကျန်းမာရေးတွေ အထူးကောင်းမွန်လာသည့်အတွက် ဘာသာရေး၊ သာသနာရေး၊ ပညာရေးစတဲ့ သာသနာပြုအလုပ်တွေကို အားကြိုးမာန်တက် ဆောင်ရွက်ပြီး လုပ်ကိုင်နိုင်ခဲ့ဘူးကြောင်း စသည်ဖြင့် နောက်ကြောင်းပြန်ပြီး ယခုလို အကျယ်တဝင့် ဆရာတော်ကပြောပြပါသည်။

## ရောဂါကို နိုင်နင်းသူ သမားတော်ကြီးများ

ကြာတော့လည်း ကြာခဲ့ပါပြီ။ လွန်ခဲ့သည့် (၁၃၅၇) ခုနှစ် နောက်ပိုင်းလောက်က ဖြစ်သည်။ ဆရာတော်သည် လုံ့လ၊ ဝီရိယ ပြင်းထန်သူဖြစ်သည်။ ဝီရိယသမားတို့ မည်သည့်အလုပ်ကို မအောင် မြင်သည်မရှိ။ အောင်မြင်မှုရသည်ချည်းဖြစ်သည်။ ခက်ခက်ခဲခဲ ကျော် လွှားကြရသည် ဟူသောစကားမျိုးသာရှိသည်။

သို့သော် ဝီရိယလွန် မျောက်ဖြစ် ဆိုသည့်စကား၊ ဝီရိယအကျိုး-စောစော နိုး-သူခိုးတုတ်နှင့် ပစ်လတ္တံ့ ဆိုသည့် စကားတို့မှာ တချို့သော ဝီရိယ လွန်ကဲသူတို့အတွက် နောက်ဆက်တွဲ ဆိုးကျိုးများလည်း ရှိတတ်ပါသေးသည်။

ဆရာတော်သည် မောသည်၊ ပန်းသည်ဟူ၍ လုံးဝညည်းညူတော် မမူဘဲ အလုပ်ကိုပင်ပန်းကြီးစွာခံ၍ လုပ်တော်မူလေ့ရှိသည်။ သို့ဖြစ်၍ ပင်ပန်းမှုဒဏ် ခန္ဓာကိုယ်က ကြာရှည်မခံနိုင် ဖြစ်လာသည်။ အမော ရောဂါ ဝင်လာသည်။ နှလုံးစတင် အောင့်လာသည်။ ရံဖန်ရံခါ ရင်အုပ်တွင်းမှ စူးစူးရှရှကြီး နာကျင်တတ်သည်။ သာသနာပြုအလုပ်တွေကို မလုပ်နိုင်သလို ဖြစ်လာသည်။

အလုပ်တွေကို မလုပ်နိုင်အောင် အနှောင့်အယှက် ပေးသူမှာ သူများ မဟုတ်၊ ခန္ဓာကိုယ်မှာ စွဲကပ်လာသော ရောဂါဝေဒနာဖြစ်သည်။ ရောဂါဝေဒနာကို မကုသဘဲထားလျှင် ကိုယ့်ကို ဒုက္ခပေးသည့် ရန်သူကို လက်ခံမွေးမြူထားသလို ဖြစ်မည်။ ရောဂါဝေဒနာကို နိုင်နိုင်နင်းနင်း ကုသပေးနိုင်သူမှာ သမားတော်ကြီးများသာ ဖြစ်သည်။ သို့ဖြစ်၍ ဆရာတော်သည် သမားတော်ကြီးဖြစ်သည့် မန္တလေးမြို့ ဆေးတက္ကသိုလ် ပါမောက္ခချုပ် သမားတော်ကြီး ဒေါက်တာဦးထွန်းသင်ထံ ချဉ်းကပ်၍ ကျန်းမာရေး စစ်ဆေးမှုကို ခံယူသည်။

## ရောဂါဝေဒနာကို အထင်မသေးရာ

ဆရာကြီးဦးထွန်းသင်က ဆရာတော်၏ ကျန်းမာရေးကို စစ်ဆေးလိုက်သည့်အခါ နှလုံးသွေးကြောကျဉ်းရောဂါနှင့် အဆုပ်ပွရောဂါစွဲကပ်နေသည်ကို တွေ့ရှိရသည်။ သို့ဖြစ်၍ ဆရာကြီးက နှလုံးသွေးကြောကျဉ်းရောဂါကို ပျောက်ကင်းစေတတ်သော ဆေးနှင့် အဆုပ်ပွရောဂါကို ပျောက်ကင်းစေတတ်သော ဆေးတို့ကို ဆရာတော်အားပေးလှူသည်။ ထို့ပြင် ဖုံမှုန့်များမရှူမိစေရန် အထူးသတိပြုဖို့

လည်းလျှောက်ထားလိုက်သည်။

ဆရာတော်သည် ဆရာကြီးဦးထွန်းသင်ပေးလှူထားသော ဆေးများကိုသောက်လိုက်သည့်အခါ ဦးခေါင်း အပြင်းအထန်ကိုက်ခဲလာပြီး နေထိုင်မကောင်းဖြစ်လာသည်။ သက်သာလာကောင်းရဲ့ဟု ထင်သဖြင့် ညွှန်ကြားထားသည့်အတိုင်း ညနေဆေးအဖြစ် ညနေတစ်ကြိမ် ဆေးသောက်ပြန်သည်။ သက်သာရာမရသည့်အပြင် ဦးခေါင်းကိုက်ဝေဒနာမှာမခံသာအောင် ပိုလို့ပင်ဆိုးလာပါသည်။

ဆရာတော်က စဉ်းစားသည်။ သူပုန်သူကန်တို့ကို နှိမ်နင်းရန်သွားသည့်အခါ ယုတ်စွအဆုံး သူခိုးဓားပြ ၁/၂ ယောက်ကို ဖမ်းဆီးရန်သွားသည့်အခါ လူအင်အားလက်နက်အင်အား အပြည့်အစုံယူပြီး တာဝန်ရှိသူတွေက သွားကြရစမြဲဖြစ်သည်။ ရန်သူကို အထင်သေး၍မဖြစ်။ ထိုနည်းအတူ ရောဂါဝေဒနာကို အထင်သေး၍မဖြစ်။ ရောဂါကို နိုင်နင်းသွားစေရန်ဆက်လက်ဆေးသောက်ရန်လိုအပ်သည်ဟု ဆရာတော်က ယူဆသည်။

မှန်ပါသည်။ ဆရာကြီးဦးထွန်းသင်ကလည်း ဆေးကို ဆက်လက် သောက်ပါ။ ဆေးကရန်သူရောဂါကို တိုက်ဖျက်နေခြင်းဖြစ်သည်။ ဆက်လက်သောက်ပါက ရောဂါဝေဒနာ သက်သာပျောက် ကင်းသွားပါလိမ့်မည်ဟု ပြောကြားထားသည်။ သို့ဖြစ်၍ ဆရာကြီး ဦးထွန်းသင် လှူဒါန်းထားသည့် ဆေးဝါးများကို ယုံကြည်စိတ်ချစွာဖြင့်ပင် ညွှန်ကြားချက်အတိုင်း နေ့စဉ်မပျက် ဆက်လက်သောက်နေမိသည်။

## မဖြစ်ချင်တာတွေ ဖြစ်လာသည်

ဆေးသောက်လာရာ ရက်တစ်ပတ်သာကြာသွားသည်။ ရောဂါဝေဒနာကား သက်သာပျောက် ကင်းသွားသည်မရှိ။ အပြင်းအထန် ဆက်လက်ခံစားမြဲ ခံစားနေရသည်။ စာကြည့်၍မရ၊ တရားဟော၍မရ၊ တရားမဟောနိုင်မှုတို့ကြောင့် ဆေးကို ဆက်လက်မသောက်ဝံ့သည့်အတွက် ဆေးသောက်မှုကို လုံးဝရပ်နားထားလိုက်ရတော့သည်။

ဆရာဝန်ကြီးက ပေးထားသည့်ဆေးများကို မစားမသောက်ဘဲ ရပ်ဆိုင်းထားလိုက်ရသော်လည်း တရားပြခြင်း၊ တရားဟောခြင်းအလုပ်တွေကိုမူ မလွှဲသာမရှောင်သာသဖြင့် အောင့်အည်းသည်းခံပြီး ဆက်လက်လုပ်ဆောင်နေရတော့သည်။ အဘယ်ကြောင့်ဆိုသော် မြန်မာပြည်အနှံ့အပြား တရားစခန်းပွဲတွေ လက်ခံထားပြီးဖြစ်သောကြောင့်ဖြစ်သည်။ အခြားတစ်ဘက်ကလည်း တရားပြ၊ တရားဟောအလုပ်တွေလုပ်နိုင်အောင် သင့်တင့်လျောက်ပတ်သည့် ဆေးဝါးများ ကျန်းမာရေးကိုအထောက်အကူပြုသည့် အစာအာဟာရများကိုမှီဝဲပြီး ခန္ဓာကိုယ်ကို မျှတအောင် နေရတော့သည်။

ယခုလို သင့်တင့်လျောက်ပတ်သည့် အစားအသောက်နှင့် ဆေးဝါးဓာတ်စာများကို စားသုံးပြီး ခန္ဓာကိုယ်ကို ပျက်ရင်းပြင်ရင်းဖြင့် သာသနာပြုအလုပ်တွေ ပြုလုပ်နေရာမှ ကိုယ်မပိုင်ဆိုင်၊ ကိုယ်အစိုးမရသည့် အသက်ရှူကြပ်ခြင်း၊ နှလုံးတုန်ရင်ခုံခြင်း၊ ရင်အောင့်ခြင်း စတာတွေ တဖြည်းဖြည်း တိုးပွားလာနေသည်။ တရားဟော၊ တရားပြ အလုပ်တွေ ရပ်နားထားရမလို ဖြစ်လာသည်။ အားအင်တွေ နည်းပါးလာနေသည်။

## အံ့ဖွယ်တရားဆေးတော်ကြီး

ကျန်းမာရေးချွတ်ယွင်းလာနေမှုကြောင့် ဆရာတော်သည် အချိန်ယူပြီး စဉ်းစားရတော့သည်။ ရှေးရှေးအချိန်က ဖြစ်ပေါ်လာသည့် ရောဂါဝေဒနာမှန်သမျှကို ဆရာကြီးဦးထွန်းသင် ကုသပေးသဖြင့် အကြိမ်ပေါင်းများစွာ အသက်ချမ်းသာရာ ရခဲ့ဘူးလေပြီ။

ယခုအခါမှာမူ မိမိကံတရားအရ ရောဂါပျောက်ကင်းကြောင်း ဆေးကောင်းများ မရှိတော့သလိုမျိုး ဖြစ်နေသည်။ ငါ့ခန္ဓာကိုယ် စွဲကပ်သော ဝေဒနာသည် မရဏန္တိကခေါ် နောက်ဆုံးဝေဒနာမျိုးများ ဖြစ်နေမည်လားမသိ။ သို့သော် စိတ်အားငယ်ဖွယ်ရာမရှိ။ အကယ်၍ သမားတော်ကြီးများဖော်စပ်ထားသည့် သမားကောင်းဆေးများ မရှိသည့်တိုင်အောင် မဟာကရုဏာတော်သခင်ဘုရားရှင်များ ဖော်စပ်ထားသည့် တရားကောင်းဆေးတော်ကြီးများကား ရှိနေပေသေးသည်ဟု စဉ်းစားမိသည်။

မှန်ပါသည်။ တိကိစ္ဆက - ဘေသဇ္ဇပါရဂူဘွဲ့တော်ရ လောကအကြောင်း သိကောင်းဘွယ်ရာများကို မြူမျှမကျန်အမှန်အတိုင်း သိမြင်တော်မူသော ဗုဒ္ဓရှင်တော်မြတ်ဘုရားတို့သည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကြား ပါရမီပညာများဖြင့် ဆည်းပူးပြီးမှ တတ်မြောက်လာသည့် သဗ္ဗညုတဉာဏ်တော်မြတ်ဖြင့် ဖော်စပ်ထားသော ဓမ္မောသဓခေါ် တရားဆေးတော်ကြီးများ သာသနာ့ဆေးရုံဝင်းအတွင်းမှာ ဧကန်ရှိချေသည်။ ထိုဆေးတော်ကြီးများ သောက်ရပါမူ မလွဲမသွေဧကန်ပျောက်ကင်းပေလိမ့်မည်ဟု စဉ်းစားနေမိသည်။

## ကောင်းမြတ်သည့်အကြံ

နောက်တော့ တစ်ဆက်တည်းအကြံအစည် တစ်ခု ဆရာတော့်သန္တာန်ဖြစ်ပေါ်လာသည်။ ယခု ရက်ပိုင်းအတွင်းမှာပင် မတ္တရာမြို့နယ်၊ ပတ်လည်အင်းရွာမှာ တရားစခန်းဖွင့်ပွဲ လက်ခံထားမှုရှိသည်။ ကျန်းမာရေးအရ ထို တရားစခန်းဖွင့်ပွဲ၌ ဆရာတော်က အချိန်ပြည့် တာဝန်မယူနိုင်။ အကူအညီပေးမည့်သူ တစ်ဦးလိုအပ်လာသည်။

သို့ဖြစ်၍ ရန်ကုန်မြို့၊ ပဏ္ဍိတာရာမ ကျေးဇူးတော်ရှင် ရွှေတောင်ကုန်း ဆရာတော်ဘုရားကြီးထံ တရားစခန်းဖွင့်ပွဲ၌ ဟောရေးပြောရေးတာဝန်ယူနိုင်မည့် ဓမ္မကထိကတစ်ပါးပို့ပေးပါရန် တောင်းခံမည်။ မိမိကိုယ်တိုင်ကမူ တရားစစ်ဆေးရေးလောက်သာ တာဝန်ယူမည်။ ထိုပတ်လည်အင်းရွာတရားစခန်းသိမ်းလျှင် ထိုနေ့မှာပင် ဧကစာရီကျင့်ရန် တောထွက်တော့မည်ဟု ကြံတင် စိတ်ကူးပြီး ဆုံးဖြတ်ချက်ချထားလိုက်သည်။

## တာဝန်ကိုယ်စီဆောင်ရွက်သည်

၁၃၅၉ ခု နယုန်လဆုတ် (၃) ရက် (၂၃-၆-၉၇) တနင်္လာနေ့တွင်မူ ဆရာတော်သည် သက်နိုး သပိတ် ပရိက္ခာရာ

တို့ကို ယူဆောင်လျက် မတ္တရာမြို့၊ ပတ်လည်အင်းရွာတရားစခန်း ဖွင့်ပွဲသို့ ကြွတော်မူသည်။ ကြိုတင်လျှောက်ထားချက်အရ ရန်ကုန်မြို့၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှ ဓမ္မကထိက ဆရာတော်ဦးဉာဏိကလည်း တရားစခန်းသို့ ကြွရောက်တော်မူလာသည်။

ထိုတရားစခန်း၌ဆရာတော်က နေ့စဉ်နေ့တိုင်း နေ့ (၂) နာရီ အချိန်မှာ ရဟန်းရှင်လူ သူတော်စင်ယောဂီအပေါင်းတို့အား တရားစစ်ခြင်း၊ တရားပြခြင်း၊ အလုပ်ပေးတရားများကို (၁) နာရီခန့် ဟောကြားတော်မူသည်။ ညတရားပွဲများကိုမူ ဓမ္မကထိက ဆရာတော် ဦးဉာဏိကအရှင်မြတ်က ညဥ့်တိုင်းနိဗ္ဗာန် ရောက်ကြောင်း တရားကောင်းများကို ဟောကြားတော်မူသည်။

ကျွန်ုပ်ဆရာတော်နှင့် ရန်ကုန်မြို့ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှ ဓမ္မကထိကဆရာတော်ဦးဉာဏိက အရှင်မြတ်တို့က အလုပ်တွေကို သူ့တာဝန် ကိုယ့်တာဝန် ခွဲတန်းချပြီး ဆောင်ရွက်ကြရာ တရားစခန်းမှာ အလွန်အဆင်ပြေလှပါသည်။ ဒကာ/ဒကာမတွေ အထူးသဒ္ဓါတရားထက်ကြသည်။

## အမြတ်စခန်း ရှာပုံတော်ဖွင့်

ဆရာတော်သည် မူလကြိုတင်ကြံစည်ထားချက်ကို အကောင်အထည်ဖော်နိုင်ရန် တရားစခန်းပွဲမပြီးခင် (၂) ရက်အလိုမှာ တပည့်ဖြစ်သူဘိသိတ်ဆရာ မောင်မျိုးအောင်ကိုခေါ်၍ ရေးက ယက္ကန်းစင်တောင်ဆရာတော်ကြီးဦးသြဘာသသီတင်းသုံးပြီး ယခု ဆရာတော်ဦးသုမန သီးတင်းသုံးလျက်ရှိသော ယက္ကန်းစင်တောင် ပေါ်သို့ တက်ရောက်လေ့လာကြသည်။

ထိုအခါ ဆရာတော်သည် ဆရာတော်ဦးသုမနထံ ချဉ်းကပ်ပြီး တစ်ဝါတစ်ချိန်နေခွင့်တောင်းရာ ဆရာတော်ဦးသုမနက ကျေကျေနပ်နပ်ကြီး ခွင့်ပြုတော်မူသည်။ နေသင့်နေထိုက်သည့် နေရာလေးများ လှည့်လည်ရှာဖွေနေစဉ် အတီးအမှုတ်တို့ဖြင့် ပျော်ရွှင်စွာတက်ရောက်နေကြသည့် လူစုလူအုပ်ကြီး ခပ်လှမ်းလှမ်းမှပင် မြင်တွေ့နေရသည်။

လူစု လူအုပ်ကြီးကိုမြင်၍ ဆရာတော်သည် ယက္ကန်းစင်တောင်ဆရာတော် ဦးသုမနအား အကျိုးအကြောင်းလျှောက်ထားရာ ဆရာတော် ဦးသုမနအရှင်မြတ်က ယက္ကန်းစင်တောင်ပေါ်သို့ ယခုလို လူအများအတီးအမှုတ်တွေဖြင့် ပျော်ရွှင်စွာ လာတတ်ကြောင်း ဆိတ်ငြိမ်မှု အနည်းငယ်နည်းပါးကြောင်း အမိန့်ရှိလိုက်ရာ ကာယဝိဝေက- စိတ္တဝိဝေက မရနိုင်သည့် နေရာမျိုးမှန်း ဆရာတော်သိခွင့်ရသွားသည်။ သို့ဖြစ်၍ ယက္ကန်းစင်တောင်ဆရာတော်အား အကျိုးအကြောင်းလျှောက်ထားပြီး ယက္ကန်းစင်တောင်ပေါ်မှ ဆရာတော်တို့ ပြန်လည်ဆင်းသက်ခဲ့ကြသည်။

ယက္ကန်းစင်တောင်ပေါ်မှ ဆင်းသက်ခဲ့ပြီး နောက်တစ်ဆက်တည်းပင် ဘိသိက်ဆရာ မောင်မျိုးအောင်က အရဟံအောင်သိဒ္ဓိစေတီတော်တည်ရှိရာ သီတင်းသုံးတောင်သို့ လိုက်လံပို့ဆောင်ပေးသည်။ ထိုသီတင်းသုံးတောင်ပေါ်၌ ဦးပဥ္စင်းကြီး ဦးသာသနနှင့် ဦးရင်ကြီး (ကိုရင်ကြီး) ဦးမိုးတို့နေထိုင်ကြသည်။

နောက်တော့ ဦးပဥ္စင်းကြီး ဦးသာသနာဆိုသူမှာ ဆရာတော် ရန်ကုန်မဟာစည်သာသနာ့ရိပ်သာ၌ ကမ္မဋ္ဌာနစရိယအဖြစ်နှင့်နေစဉ် ဆရာတော်ထံမှ တရားယူသော ဆရာတော်၏ တပည့်ဟောင်း ယောဂီတစ်ဦးဖြစ်နေသည်။ ဦးရင်ကြီးဦးမိုး ဆိုသူမှာလည်း မြင်းခြံဇာတိသားဖြစ်နေသည်။ နေရာဌာနက သင့်တင့်လျောက်ပတ်သည့် နေရာဖြစ်နေခြင်း ရှိနှင့်ပြီးရဟန်းသာမဏေတို့ကလည်း ဆရာတော်၏ ပတည့်ဟောင်း ယောဂီများဖြစ်နေခြင်းတို့ကြောင့် ဆရာတော်သည် ထိုသီတင်းသုံးတောင်၌ မကြာမီလာရောက် နေထိုင်မည်ဟုပြောဆို ဆုံးဖြတ်ချက်ချလိုက်ပြီး ပတိရူပဒေသအဖြစ် ရွေးချယ်ထားလိုက်သည်။

## နေမွန်းတည့်ချိန် တောထွက်

ဆရာတော် တာဝန်ယူပြီး စောင့်ရှောက်လာသည့် ပတ်လည်အင်းရွာ တရားစခန်းပွဲကြီးမှာ ပြီးခဲ့သည့် နယုန်လဆုတ် (၃) ရက်နေ့မှစခဲ့ရာ ယခုနယုန်လဆုတ် (၁၃) ရက်မှာ (၁၀) ရက်ပြည့်လေပြီ။ သို့ဖြစ်၍ ၁၃၅၉ ခုနှစ် နယုန်လဆုတ် (၁၄) ရက်နေ့ လကွယ်နေ့ နံနက်အချိန်မှာ တရားစခန်းသိမ်းပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်လေပြီ။

အောင်မြင်စွာ တရားစခန်းသိမ်းပွဲကြီး ကျင်းပနိုင်ပြီဖြစ်၍ တစ်နည်းအားဖြင့် ပစ္စုပ္ပန်ဘဝ၌ သောကကင်းဝေးနေနိုင်ရေးနှင့် နောင်သံသရာချမ်းသာရေးအကျိုးတရားတွေကို ပေးစွမ်းနိုင်သော ဝိပဿနာ သတိပဋ္ဌာန် အလုပ်ပေးတရားစခန်းဖွင့်ပွဲကြီးကို (၁၀) ရက်တိုင်တိုင်အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်၍ ဆရာ+ဒကာ ဝမ်းသာကြည်နူး၍ မဆုံးနိုင်အောင်ဖြစ်နေကြသည်။

နေမွန်းတည့် (၁၂) နာရီထိုးလေပြီ။ ဆရာတော်သည် စပ်ဆိုင်ရာဒကာ/ဒကာမတွေကို နှုတ်ဆက်ပြီးကားပေါ်သို့တက်လေသည်။ ဆရာတော်၏ ကားလေးသည် နောက်သို့ လှည့်မကြည့်မူ၍ ရှေ့တည့်တည့် မျက်နှာမူပြီး ထွက်ခွာခဲ့လေသည်။ ဆရာတော်၏ ရည်ရွယ်ချက်အားလုံး အောင်မြင်ပြီဖြစ်၍ ဆရာတော်သည် ဝမ်းသာနေသလို ဆရာတော်စီးနင်းလိုက်ပါလာသော ကားလေးလည်း ဝမ်းသာနေဟန်ရှိသည်။ ကားလမ်းပေါ်တွင် သွက်သွက်လေးပြေးသွားနေပေသည်။

ဆရာတော်စီးနင်းလိုက်ပါလာသည့် ဆရာတော်၏ ကားလေးသည် စဉ့်ကူးမြို့နယ်ဘက်သို့ ဦးတည်ပြီး လမ်းပေါ်တွင် အရှိန် ပြင်းပြင်းပြေးသွားနေရာမှ သီတင်းသုံးတောင်နားအရောက်တွင် ဆရာတော်က ကားကို အရှိန်လျှော့စေပြီး ညာဘက်လမ်းကျဉ်းဘက်သို့ ချိုးကွေ့မောင်းစေသည်။ (၂) မိနစ်ခန့်သွားရုံဖြင့် တောင်ခြေသို့ ရောက်သွားပေသည်။

တောင်ခြေအရောက်တွင် ခြံဝင်းတစ်ခုအတွင်းကားကို ခေတ္တရပ်နားထားစေသည်။ ဆရာတော်သည် ကားပေါ်မှ တည်ငြိမ်သော အသွင်ဖြင့် ညင်သာစွာ ဆင်းသက်တော်မူပြီးလျှင် မူလရည်ရွယ်ချက်ထားရှိသည့်အတိုင်း သပိတ်တစ်လုံး၊ သုံးထည်သောသင်္ကန်းကိုသာ မိမိနှင့်အတူပါစေပြီး ယူထားတော်မူလိုက်လေသည်။



ကျန်ရှိနေသေးသည့် အပိုပစ္စည်းများနှင့် တရားစခန်းပွဲမှ လှူဒါန်းလိုက်ကြသော ပစ္စည်းများကိုမူ ဆရာတော်သည် ရှေးက ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား တောထွက်စဉ်က ကျင့်သုံးသည့် ပုံစံမျိုး ကျင့်သုံးတော်မူလိုက်လေသည်။

အလောင်းတော် သိဒ္ဓတ္ထမင်းသားတောထွက်စဉ်က မိမိလိုအပ်သည့် ခရီးသို့ အရောက်တွင် နန်းတော်က ကိုယ်တော်နှင့်အတူ လိုက်ပါလာသည့် မောင်ဆန်အမတ်နှင့် ကဏ္ဍကမြင်းတော်တို့ကို ကိုယ်တော်တွင် ဝတ်ဆင်ထားသည့် လက်ဆွဲတန်ဆာ၊ လက်ဝတ်ရတနာများကိုပေးအပ်ပြီး နေပြည်တော်သို့ ပြန်လွှတ်လိုက်သည့် ကိန်းရှိခဲ့ဘူးသည်။

အလားတူဆရာတော်သည် မိမိနှင့်အတူ လိုက်ပါလာသည့် တူတော်မောင် မောင်ကျော်နှင့်ကားကို ကားပေါ်တွင်ပါလာသည့် ပစ္စည်းများကို အပ်နှံပြီး စစ်ကိုင်းတောင် ကျစွာချောင်သို့ ပြန်စေသည်။

ထူးခြားချက်မှာ ဆရာတော်သည် တရားစခန်းမှ စစ်ကိုင်းပြန်အလာကားပေါ်မှ လမ်းခုလပ်တွင် ဆင်းသက်နေခဲ့ပါကြောင်း ဘယ်နေရာ၊ ဘယ်ဌာနမှာ နေမည်ဆိုတာကိုလည်း ပြောမပြ၍ မသိခဲ့ရပါကြောင်း တရားတော်ဖြင့် အနားယူသည့်သဘော တရားအားထုတ်ရန်သာ ရည်ရွယ်ထားကြောင်း၊ ကိုယ့်အလုပ်ကိုသာ ကိုယ်လုပ် ကြစေလိုကြောင်းမျှလောက်သာ မောင်ကျော်အား ပြောကြားခွင့် ပြုလိုက်သည်။ အပိုစကားတွေ မပြောကြားရဟု နှုတ်ပိတ် ကတိပြုစေကာ ပြန်လွှတ်လိုက်ပေသည်။

## သီတင်းသုံးတောင် အောင်သိဒ္ဓိကုန်း

ထိုထိုအရိပ်တို့တွင် သစ်ပင်ရိပ်သည် အခြားအရိပ်ထက် ပိုမိုချမ်းသာအေးမြသည်။ ထိုသစ်ပင်ရိပ်ထက် ဆွေမျိုးမိဘရိပ်က ပိုမိုချမ်းသာအေးမြ၏။ ထိုဆွေမျိုးမိဘရိပ်ထက် ဆရာသမားအရိပ်က ပိုမိုချမ်းသာအေးမြ၏။ ထိုဆရာသမားအရိပ်ထက် မင်းကောင်းမင်းမြတ်တို့၏အရိပ်က ပိုမိုချမ်းသာအေးမြ၏။ ထိုမင်းကောင်းမင်းမြတ်တို့၏အရိပ်ထက် ဘုရားအရိပ်က ပိုမိုချမ်းသာအေးမြ၏။ ဘုရားရိပ်သည် အရိပ်ဒကာတို့တွင် အချမ်းသာဆုံး၊ အအေးမြဆုံး ဖြစ်၏ဟု လောကနီတိဆရာက ဖွင့်ဆိုသည်။

ဆရာတော်သည် အချမ်းသာဆုံး၊ အအေးမြဆုံး၊ အငြိမ်းဓာတ်ရနိုင်ဆုံးဖြစ်သည့် ဘုရားအရိပ်ကို မှီခိုရန် ရွေးချယ်တော်မူလိုက်သည်။ ဘုရားအရိပ်ကိုဟု ဆိုလိုက်သဖြင့် တရားအရိပ်သည်လည်း ပါပြီးဖြစ်ရကား တရားအရိပ်ကို မှီခိုရန် ရွေးချယ်တော်မူပြီးဖြစ်တော့သည်။

သို့ဖြစ်ရကား ဆရာတော်သည် သပိတ်ကိုလွယ်လျက် ဒုကုဋ် သင်္ကန်းကြီးကို ပခုံးပေါ်စမွာယ်တင်ပြီးလျှင် အပူကင်းဝေး အငြိမ်းဓာတ်ရရေးအတွက် ရှေးရှေးသူတော်ကောင်းကြီးများ နည်းတူ တရားတော်ကို ရှုမှတ်လျက် အရဟံအောင်သိဒ္ဓိ စေတီတော်တည်ရှိရာ သီတင်းသုံးတောင်ပေါ်သို့ တစ်လှမ်းခြင်း၊ တစ်လှမ်းခြင်း ကြွမြန်းတော်မူသည်။

ထိုတွင် ခြေတစ်လှမ်းခြင်းဆိုသည့်စကားနှင့် ပတ်သက်၍ ခြေတစ်လှမ်းကုဋေတစ်သန်းဟူသောစကား လောကတွင် ဆိုရိုးရှိသည်။ သို့သော်ထိုစကား မည်သည့်အကြောင်းအရာအထွေးပွတ်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည်ဆိုသည်ကိုမူ မသိချေ။ ဖြစ်နိုင်ဖွယ်ရှိသည်ကား အဘိဓမ္မာနှင့်စပ်၍ အဘိဓမ္မာစကားဖြစ်နိုင်ချေရှိသည်။

မှန်ပါသည်။ လက်ဖြစ်တစ်တွက် မျက်တောင်တစ်ခတ်အတွင်း စိတ်တွေကုဋေပေါင်းများစွာဖြစ်သည်ဟု အဘိဓမ္မာတွင် ဆိုရိုးရှိသည်။ ကမ္ဘာကြီး၌ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်သွယ်ရာတွင် မိုင်ပေါင်းမည်မျှဝေးကွာနေစေကာမူ အိမ်နီးနားခြင်းသဖွယ် တစ်စက္ကန့်အတွင်း ရုပ်သံလွှင့်ခြင်း ဆက်သွယ်နိုင်ကြပြီဖြစ်၍ မယုံကြည်နိုင်ဖွယ်ရာ လုံးဝမရှိပေ။ သို့ဖြစ်၍ ခြေတစ်လှမ်း ကုဋေတစ်သန်းဆိုသည့် စကားသည် အဘိဓမ္မာကို အခြေခံ၍ ဖြစ်ပေါ်လာသည့်စကားဟု ဆိုဖွယ်ရာရှိသည်။

ဆရာတော်သည် တရားတော်ကို ရှုမှတ်လျက် ထိုသီတင်းသုံးတောင်ပေါ်သို့ တက်ရောက်သည့် အချိန်မှာ ထို (ပတ်လည်အင်းရွာ တရားစခန်းသိမ်းပွဲမှ ထွက်ခွာလာခဲ့သည်) နယုန်လကွယ်နေ့ (၄-၇-၉၇) နေ့ (၁၂) နာရီ (၄၅) မိနစ်အချိန် ဖြစ်သည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဆရာတော်သည် နယုန်လကွယ်နေ့ နေ့ (၁၂) နာရီ (၄၅) မိနစ်အချိန်မှစ၍ သီတင်းသုံးတောင်ပေါ်သို့ တက်လှမ်းတော်မူခဲ့ရာ (၁) မိနစ်လျှင် ခြေလှမ်းပေါင်းခန့်မှန်းခြေအားဖြင့် (၇၅) လှမ်းနှုန်းဖြင့် တက်တော်မူသည်ဟုဆိုပါမူ ခြေလှမ်းပေါင်း (၁၁၂၅) လှမ်းပြည့်လောက်သည့်အချိန်နေ့ (၁) နာရီထိုးမှာ အရဟံသိဒ္ဓိစေတီ ဟောင်တော်တည်ရှိရာ သီတင်းသုံးတောင်ပေါ်သို့ အောင်မြင်စွာ ဆိုက်ရောက်သွားခဲ့လေပြီ။

ဤ၌ အထူးခြားဆုံးအောင်မြင်မှုကြီးမှာ ခြေတစ်လှမ်းကုဋေတစ်သန်း ဆိုသည့်စကားအရ ခြေလှမ်းပေါင်း (၁၁၂၅) လှမ်းရှိရကား သတိပဋ္ဌာန်တရားရှုမှတ်လျက် သွားသည့်အတွက်ကြောင့်

ဆရာတော်၏ သန္တာန်တော်၌ ဝိပဿနာကုသိုလ်စိတ်တွေ ကုဋေ ပေါင်း (၁၁၂၅) သန်းရရှိပြီးဖြစ်၍ ထိုသန်းပေါင်းများစွာသော ကုသိုလ်စိတ်တို့ဖြင့် အရဟံအောင်သိဒ္ဓိစေတီတော်ကြီးအား ထူးထူး ခြားခြား ပထမဆုံး ပူဇော်ခွင့်ရရှိလိုက်ခြင်း ဖြစ်ပေသည်။

## သီတင်းသုံးနေထိုင်တော်မူရာ လိုဏ်ဂူ

ဆရာတော်သည် သီတင်းသုံးတောင်ထိပ်သို့ ရောက်သွားသောအခါ ဦးပဥ္စင်းကြီးဦးသာသနနှင့် ဦးရင်ကြီး-ဦးမိုးတို့က ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနှုတ်ဆက်ကြသည်။ ဂါရဝပြုကြပြီး အလ္လာပ သလ္လာပ၊ ပဋိသန္ထာရစကားများ ပြောကြားလျှောက်ထားကြသည်။ အထူးသဖြင့် ဝမ်းသာလှကြောင်း လျှောက်ထားတော်မူသည်။

ဆရာတော်ကလည်း ဤသီတင်းသုံးတောင်မှာ ယခုနှစ် ဝါဆိုမည်ဖြစ်ကြောင်း၊ အရှင်ဘုရားတို့၏ အကူအညီကိုရ၍ ဝမ်းသာပါကြောင်း နက်ဖြန်မှစ၍ အဓိဋ္ဌာန်ဝင်မည် ဖြစ်ကြောင်း ပြောကြားတော်မူသည်။

ထိုအခါ ဦးပဥ္စင်းကြီးဦးသာသနတို့က သီးတင်းသုံးရန် ဝါဆိုကျောင်းလေး သီးသန့်မရသေးမီ အရဟံအောင်သိဒ္ဓိစေတီတော် လိုဏ်ဂူအတွင်းချမ်းသာစွာ သီတင်းသုံးနေထိုင်တော်မူရန် လျှောက်ထားကြသဖြင့် ဆရာတော်သည် ထိုတောထွက်တော်မူလာခဲ့သည့် နယုန်လကွယ်နေ့မှစ၍ စေတီတော်၏ လိုဏ်ဂူအတွင်း သီတင်းသုံးနေထိုင်တော်မူပါသည်။

## အချိန်ကောင်း အခါကောင်းပြီ

ဆရာတော်သီတင်းသုံးလျက်ရှိသည့် သီတင်းသုံးတောင်၏ အမြင့်မှာ ပေ (၆၅၀) ရှိသည်။ ထိုသီတင်းသုံးတောင်ထိပ်၌ အရဟံအောင်သိဒ္ဓိစေတီတော်တည်ထားပုံမှာ ဤသို့ဖြစ်သည်။ အရဟံအောင်သိဒ္ဓိစေတီတော်၏ ဉာဏ်တော်အမြင့်မှာ (၃၇) ပေ ရှိသည်။ ထီးတော်က (၂) ပေ၊ စုစုပေါင်း (၃၉) ပေ ရှိသည်။

ရှစ်မြှောင့်ကုလားကျောင်း၌ အလယ်တွင် (၁၅)ပေ၊ (၆) လက်မပတ်လည်ရှိ မဏ္ဍိုင်ထောက်ထားပြီး စေတီတည်ထားခြင်း ဖြစ်သည်။ အတွင်းဂန္ဓကုဋိတိုက် အကျယ်မှာ (၁၈) ပေ ရှိ၍ အမြင့်မှာ (၁၁) ပေ၊ (၆) လက်မ ဖြစ်သည်။ စေတီတော် လုံးပတ်တော်မှာ (၇၁) ပေ၊ (၆) လက်မ ဖြစ်သည်။

ပတ်ပတ်လည် ပေ (၂၂၀) ရှိသည့် ဘုရားကုန်းပေါ် ရင်ပြင်တော်ပရဝုဏ်အတွင်းမှာလည်း လေးဘက်လေးတန် မဟာ တံတိုင်းများခြံရံလျက် မြေသားကြမ်းပြင်ပေါ်မှာ အုတ်သမံတလင်း များ အပြည့်ခင်းထားသည်။ စေတီတော်နှင့် တံတိုင်းအကြား (၂၄) ပေ ရှိသည်။ တံတိုင်းဘေးလေးဘက်လေးတန်၌ တရုတ်စကားပင် များ စိုက်ပျိုးထားပြီး ထိုတရုတ်စကားပင် + တရုတ်စကားပန်း တို့ဖြင့် စေတီတော်အား အစဉ်ပူဇော်ထားပေသည်။ အရဟံ အောင်သိဒ္ဓိစေတီတော်ကို စဉ်ကူးမြို့နယ်၊ ခတက်ချဉ်စိုက်ကွင်းမှူး ဦးလှကြိုင်က ခေါင်းဆောင်ပြီး ခတက်ချဉ်စိုက်ကွင်းမိသားစုတစ်စု တို့က စုပေါင်းတည်ထားသည်။

နယုန်လကုန် ဝါဆိုလဆန်းပိုင်း ရောက်လာပြီဖြစ်၍ မိုးဦးများ ဖြိုင်ဖြိုင်ကျလာလေပြီ၊ ပတ်ဝန်းကျင်နှင့်အတူ သီတင်းသုံး တောင်ကုန်းပေါ်ပေါက်ရောက်နေကြသည့် သစ်ပင်ကြီး/ငယ် အသွယ်သွယ်တို့လည်း စိမ်းလန်းစိုပြည်နေကြပြီဖြစ်၍ အရဟံ အောင်သိဒ္ဓိ စေတီတော်နှင့် တောင်ကုန်းမှာ အလွန်ပဏာရလှပေ သည်။ မြင်ရသူ ရဟန်း ရှင်လူတို့၏ စိတ်ကို ကြည်နူးချမ်းမြေ့စေ သည်။

ဘုရားကုန်းတော်ပေါ်မှာ အရှေ့သို့မျှော်ကြည့်လိုက်လျှင် ခတက်ချဉ်စိုက်ကွင်းကြီးနှင့် နောက်ခံရှမ်းရိုးမတောင်တန်း၊ အနောက် မှာ တိုင်းကျော်ပြည့်ကျော် ယက္ကန်းစင်တောင်ဆရာတော်ဘုရားကြီး ဦးသြဘာသသီတင်းသုံးသွားသည့် ယက္ကန်းစင်တောင်ကြီး၊ ထိုမှ တစ်ဖန် မြောက်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်ပြန်လျှင် လည်း ယောက်ကော်အဖေကြီးတို့နေထိုင်ရာ နဂါးမောက်တောင်တန်း ကြီးတို့ကို မြင်ရသည်မှာ အံ့သြဖွယ်ရှုခင်းကောင်းသည့် ပန်းချီကား ချပ်ကြီးကို ကြည့်ရှုနေရသလိုမျိုး စိတ်ကိုပျော်ရွှင်လန်းဆန်းစေပါ သည်။

တကယ်တော့ သီတင်းသုံးတောင်မှာ မနိမ့်လွန်း၊ မမြင့် လွန်းသည့် တောင်မျိုးဖြစ်နေသည့်အပြင် နေချင်သဖွယ် ရှုခင်း ကောင်းသည့် တောင်ကုန်းကလေးဖြစ်နေပါသည်။ ထို့ပြင် မြို့ ရွာနှင့် မဝေးလွန်းခြင်း၊ မြို့ ရွာနှင့် မနီးကပ်လွန်းခြင်း၊ သွားလမ်း လာလမ်းနှင့် ပြည့်စုံခြင်း၊ လူတိုင်းလူတိုင်း အလိုရှိသောအခါ သွား လာရန်လွယ်ကူခြင်း၊ အာရုံငါးတန် မြို့သံ၊ ရွာသံ၊ လူသံတို့မှ ဆိတ်ငြိမ်ခြင်းဆိုသည့် သူတော်ကောင်းများနေထိုင်သည့် ကျောင်း အင်္ဂါရပ် (၅) ပါးတို့နှင့် ပြည့်စုံနေခြင်းတို့ကြောင့် ဆရာတော်၏ စိတ်အစဉ်မှာ အချိန်ကောင်း အခါကောင်း အခါမိပြီဟူသော အတွေးဖြင့် ကြည်နူးနေပေပြီ။ ဤပုံ ဤနည်းဖြင့် ဆရာတော်သည် စတင်ရောက်ရှိသည့် နယုန်လကွယ်နေ့ကို ကုန်လွန်စေခဲ့သည်။

## အဓိဋ္ဌာန်ပြုတော်မူ

၁၃၅၉ ခု ဝါဆိုလဆန်း (၁) ရက်၊ ၁၉၉၇ ခု ဇူလိုင်လ (၅) ရက်၊ စနေနေ့နက် (၄) နာရီအချိန် အိပ်ရာမှ ထတော်မူပြီး မျက်နှာသစ်ခြင်းစသော ကိုယ်လက်သုတ်သင်မှုများ ပြုလုပ်ပြီးနောက် လောကီလောကုတ် မယုတ်မွားတိုး ကောင်းကျိုးအနန္တပေးစွမ်းနိုင် သည့် ဗုဒ္ဓရှင်တော်မြတ်ကြီး၏ ဂုဏ်တော်တွေကို စိတ်ဝယ်ထုံမွှား များလျက် ယုံကြည်မှု သဒ္ဓါကြည်နူးမှုစိတ်တို့ဖြင့် ဗုဒ္ဓဝန္ဒနာ (ဘုရား ရှိခိုး) မှုပြုလုပ်တော်မူသည်။

ဆရာတော်သည် ဘုရားရှေ့မှောက်ဝယ် ပရိတ်တော်များ ရွတ်ခြင်း၊ မေတ္တာပို့ခြင်း စသည်တို့ကို ပြုလုပ်ပြီးနောက် ယနေ့ (ဝါဆိုလဆန်း (၁) ရက်) မှစ၍ ရက်ပေါင်း (၁၂၀) ပြည့်မြောက် သည့်တိုင်အောင် တိစိဝရိပုတင်၊ ကေသနိက်ပုတင်၊ ပတ္တပိုင်ပုတင်၊ အရညကင်ပုတင်တို့ကို အမြဲဆောင်၍လည်းကောင်း၊ ရံဖန်ရံခါ ရုက္ခမူပုတင်၊ အဗ္ဘောကာသိကပုတင်၊ ယထာသန္တတိပုတင်၊ နိသဇ်

ရုတင်တို့ကို အခါအားလျော်စွာ ဆောင်ပြီး လက်တွေ့ကျင့်သုံးခြင်းအားဖြင့်လည်းကောင်း သတိပဋ္ဌာန်တရားတော်များကို လက်တွေ့ကျင့်သုံးခြင်းအားဖြင့်လည်းကောင်း၊ ဘုရားရှင်များ ပွင့်ပေါ်မှဖြစ်ထွန်းလာသည့် ဤသာသနာတော်မြတ်ကြီးအား ဤခန္ဓာကိုယ်ကြီးကို အရင်းအနှီးပြုလျက် ပူဇော်သွားပါမည်ဟု ဗုဒ္ဓရုပ်ပွားတော်မြတ်ကို သက်သေပြုသည့်အနေဖြင့် ရုပ်ပွားတော်ရှေ့မှာပင် ဆရာတော်သည် အဓိဋ္ဌာန်ပြုတော်မူလိုက်သည်။

တစ်နည်းအားဖြင့် ဆရာတော်သည် သာသနာတော်မြတ်ကြီးအား ငြိမ်းချမ်းကြောင်း သတိပဋ္ဌာန်တရားကောင်းများကို ကျင့်သုံးပူဇော်ခြင်းဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ ဤခန္ဓာကိုယ်ကောင်ပုပ်ကို အကျိုးရှိအောင်၊ တန်ဖိုးမြင့်အောင် ကျင့်သုံးသွားပါမည်ဟု ဗုဒ္ဓရုပ်ပွားတော်ရှေ့မှာပင် ဆရာတော်သည် အဓိဋ္ဌာန်ပြုတော်မူလိုက်သည်။

## အချိုးနိုးအချိန်တွေမဖြုန်း

ဆရာတော်သည် အရဟံအောင်သိဒ္ဓိစေတီကုန်းပေါ်မှာနေလျက် ရက်ပေါင်း (၁၂၀) ဟူသော ခရီးရှည်ကြီးကို လှမ်းမျှော်ကြည့်လိုက်သည်။ ဤနေရာ၊ ဤဌာန၊ ဤတော၊ ဤတောင်သို့ ရောက်ရှိနေထိုင်ရသည်မှာ ခန္ဓာကိုယ်ဖောက်ပြန်နေမှုကို အကြောင်းရင်းခံပြီး နေထိုင်ရခြင်းဖြစ်သည်။

ရုပ်နာမ်ခန္ဓာဖောက်ပြန်နေမှုကို မဖောက်ပြန်အောင် လုပ်နိုင်သည်မှာ ဝိပဿနာသတိပဋ္ဌာန်တရားတော်သာဖြစ်သည်။ လူ့ဘဝတွင် အသက်ရှင်စွာနေရခိုက် အချိန်နှာရီတွေကို အလဟဿအချိုးနိုးမကုန်စေရဟူသော ဘုရားရှင်၏ စကားတော်ကလည်းရှိသည်။ ဝိပဿနာသတိပဋ္ဌာန်တရားကို အားထုတ်ခြင်းဖြင့် အချိန်ကို တန်ဖိုးရှိအောင်လုပ်ဖို့ဆိုသည်မှာ မိမိတာဝန်သာဖြစ်သည်ဟု ဆရာတော်က ခံယူသည်။

ယခုအချိန်မှာ ရှေးဦးစွာ သဒ္ဓါအား၊ ဝီရိယအားတွေရှိဖို့လိုသည်။ ဗုဒ္ဓရှင်တော်မြတ်ကြီးများ သဗ္ဗ ညုတဉာဏ်တော်မြတ်ကြီးများဖြင့် ဖော်စပ်ထားသည့် သဒ္ဓါအား၊ ဝီရိယအား၊ သတိအား၊ သမာဓိအား၊ ပညာအားများ ပါဝင်ပြီး အလွန်အစွမ်းထက်မြက်သည့် အားဆေးတော်ကြီးကို စားသုံးရန်အချိန်တန်ပြီဟု ဆရာတော်က ယူဆတော်မူသည်။

သို့ဖြစ်၍ အစွမ်းထက်အားဆေးတော်ကြီးကို စားသုံးပြီးနောက် ဆရာတော်သည် ကိလေသာမီးအရှိန်တွေကြောင့် ပူလောင်နေသည့်လောကကြီးအလယ်မှာ အငြိမ်းဓာတ်ရရေးအတွက် သတိပဋ္ဌာန် တရားအလုပ်ကို စတင်ဆောင်ရွက်တော်မူသည်။

ကျီးကန်းသည် အလင်းရောင်ဖြာသည့် နေ့အခါမှသာ အပြင် ထွက်၏။ အရောင်မလာ ညအခါမှာ အပြင်မထွက်။ သူ့အလုပ်ကို သူသိ၍ ဖြစ်သည်။ ဇီးကွက်သည် ညအခါမှသာ အပြင်ထွက်၏။ နေ့အခါအပြင်ထွက်ရိုးမရှိ။ သူ့အလုပ်ကို သူသိ၍ ဖြစ်သည်။ ဆရာတော်သည် အငြိမ်းဓာတ်ရရေးအတွက် သတိပဋ္ဌာန်အလုပ်ကို လုပ်တော်မူသည်။ အချိုးနိုးအချိန်တွေကို မဖြုန်း။ သူ့အလုပ်ကို သူသိ၍သာဖြစ်သည်။

## အမြတ်ဆုံး ဆွမ်းဘောဇဉ်

မတ္တရာမြို့နယ်၊ ပတ်လည်အင်းရွာမှ ဖြုံးရတနာ သစ်စက်ပိုင်ရှင် (ပတ်လည်အင်းတရားစခန်း၏ ပင်မကုသိုလ်ရှင်လည်းဖြစ်သော) ဦးဆန်းမြင့်+ဒေါ်သန်းဆင့်တို့မိသားစုသည် သီတင်းသုံးတောင်တော်၌ ဆရာတော်သီတင်းသုံး နေထိုင်တော်မူကြောင်း သိရသဖြင့် အာဟာရဒါနအဖြစ် ဆွမ်းခဲဘွယ်ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းခွင့်ရနိုင်ရန် စီစဉ်ကြသည်။

ရှေးရှေးအခါက ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် တောထွက်တော်မူပြီး ဒုက္ကရစရိယာခြောက်နှစ်ကြာအောင်ကျင့်ပြီးနောက် မိမိကျင့်နေသည့်ကျင့်စဉ်မှာ လမ်းမှားနေကြောင်းသိတော်မူသဖြင့် ကဆုန်လဆန်း (၁) ရက်နေ့မှစ၍ မဂ္ဂင်လမ်း(မှန်) ပေါ်ပြောင်းရွှေ့ပြီး တရားအားထုတ်တော်မူသည်။

ဤနည်းဖြင့်ဆက်လက်အားထုတ်လာခဲ့ရာ (၁၅) ရက်ပြည့်မြောက်သည့် မဟာသက္ကရာဇ် (၁၀၃) ခု ကဆုန်လပြည့်နေ့နံနက်တွင်မူ သူဌေးသမီးသုဇာတာ၏ ရွှေခွက်နှင့်အတူ ကပ်လှူသော အထူး (စပါယ်ရှယ်) စီမံထားသည့် ဃနာ နို့ဆွမ်းကို လေးဆယ်ကိုးလုပ်တိတိ ဘုဉ်းပေးတော်မူပြီး အထူးတရားအားထုတ်တော်မူခြင်းကြောင့် ထိုကဆုန်လပြည့်နေ့ည အရုဏ်မတက်ခင်လေးကပ်ပြီး အရဟတ္တမဂ်နှင့်အတူ သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးရရှိတော်မူကာ ဘုရားရှင် အဖြစ်သို့ ရောက်ခဲ့လေသည်။

ဤ၌ ဃနာ နို့ဆွမ်းကို ဘုဉ်းပေးတော်မူရသဖြင့် ဘုရားအလောင်းတော်၏သန္တာန်၌ ကာယအား၊ ဉာဏအားတွေ အထူးတိုးတက်လာမှုကြောင့် ရှေးယခင်ကလို မပင်ပန်းမူ၍ (ပင်ပန်းသည့်တိုင် အောင် ခံနိုင်ရည်ရှိပြီဖြစ်၍) ချမ်းမြေ့စွာဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့သည်။ သို့ဖြစ်၍ ဤဆွမ်းသည် အမြတ်ဆုံးဆွမ်းဖြစ်ခဲ့ရသည်။

မတ္တရာမြို့နယ်၊ ပတ်လည်အင်းရွာမှ ဦးဆန်းမြင့်+ဒေါ်သန်းဆင့်တို့သည် ဤ (ဆိုခဲ့သည့်) အကြောင်းအရာများကို ကြားဘူးနားဝရှိထားသည့်အတွက် 'အငြိမ်းဓာတ်ဖျန်း မြတ်ရဟန်း' ဖြစ်သူ ဆရာတော်အား ဆွမ်းခဲဘွယ်ဘောဇဉ်တို့ကို လှူဒါန်းခွင့်ရပါမူ (ဆွမ်းဘုဉ်းပေးရသော ဆရာတော်အား မည်သို့သော ဉာဏ်ထူးတွေ ရသည်/မရသည်ကို မသိနိုင်သော်လည်း) ဤဆွမ်းသည် ငါတို့အတွက် အမြတ်ဆုံးဆွမ်းမျိုးဖြစ်နိုင်သည်ဟူသော ခံယူချက်ဖြင့် ဝါဆိုလဆန်း (၁) ရက်နေ့မှစ၍ နေ့စဉ် ဆွမ်းကပ်လှူခွင့်ရရန် စီမံကြခြင်း ဖြစ်သည်။

နောက်တော့ပတ်လည်အင်းရွာမှ အခြားသောတပည့်ဒကာ၊ ဒကာမများကလည်း ဆရာတော်အား ဆွမ်းကပ်ခွင့်ရလိုပါကြောင်း ဦးဆန်းမြင့်+ဒေါ်သန်းဆင့်တို့အား ခွင့်တောင်းကြရာ ရက်စဉ် သတ်မှတ်၍ တစ်ရက်လျှင် တစ်ဦးကျစီ ဆွမ်းကပ်လှူဒါန်းကြရန် စီစဉ်ပေးရသည်။

ရက်ပေါင်း (၁၂၀) အထိပတ်လည်အင်းရွာ တစ်ရွာလုံးလောက်နီးနီး ဆရာတော်အား ဆွမ်းကပ်လှူခွင့်ရကြ၍ စေတနာသဒ္ဓါတရားတွေတိုးပွားကာ ပီတိတွေဖြစ်ကြရသည်။ ဆရာတော်ထံ ဆွမ်းချိုင့်ပို့ရန်တာဝန်ကို ဦးဆန်းမြင့်+ဒေါ်သန်းဆင့် သစ်စက်မှ

အလုပ်သမားလေးတစ်ယောက်ကို တာဝန်ပေးထားသည်။

ဆွမ်းပို့ပေးရန် တာဝန်ယူထားသည့် ထိုကလေးက ပတ်လည်အင်းရွာမှ ဆွမ်းကပ်လှူခွင့်ကျသည့်အိမ်မှ ဆွမ်းခဲဘွယ် ဘောဇဉ်တို့ကို ယူဆောင်ပြီး ဆရာတော် ဆွမ်းဘုဉ်းပေးချိန်အမီ နံနက် (၉) နာရီ အရောက် ပို့ပေးရသည်။

ဆရာတော်သည် ကေသနိက်၊ ပတ္တပိုင်စူတင်များကို ဆောင် ထားသည်ဖြစ်၍ သပိတ်အတွင်းသို့ သင့်တင့်လျောက်ပတ်စွာ ဆွမ်း ခဲဘွယ်များထည့်သွင်းပြီး သပိတ်ဖြင့်သာ တစ်ထိုင်တည်း၊ တစ်ကြိမ် တည်းမျှတစွာ ဘုန်းပေးတော်မူသည်။ ရေနွေးကြမ်းကို ဘုဉ်းပေးရာ၌ပင် ပန်းကန် ခွက်ရောက် မသုံးမူ၍ သပိတ်ထဲလောင်း ထည့်ပြီးမှ သပိတ်ဖြင့် သောက်သုံးတော်မူသည်။

ထို့ပြင် ဆရာတော်သည် ယခုလို သတ်မှတ်ထားသည့် ဆွမ်း ကပ်လှူဒါန်းချိန်အတွင်း၌သာ ဒကာ၊ ဒကာမများ ဥဒ္ဒေသည် တော်များကိုလာခွင့်၊ ဆည်းကပ်ခွင့်၊ စကားပြောခွင့် ပြုထားတော်မူသည်။ ကျန်သောအချိန်များ၌ လာခွင့်မပြု၊ လုံးဝတားမြစ် တော်မူထားပေသည်။ ဤအကြောင်းအရာတွေကို သီတင်းသုံး တောင်၌ မှီတင်းနေထိုင်ကြကုန်သော ရဟန်းရှင်လူအပေါင်းအား ပြောထားပြီး အသိပေးထားပြီးဖြစ်သည်။ သူတို့ကလည်း ဆရာတော် အား ကူညီစောင့်ရှောက်မှု ပေးကြသည်။

## သာသနာတော်ကို တင့်တယ်စေသည်

ဥဒည်တောင်စွန်းမှ တက်ထွန်းပေါ်ပေါက်လာသည့် ရှင်နေ မင်း၏ တင့်တယ်မှုသည် နေ့အခါတွင်သာ ပေါ်လွင်သည်။ မြင်တွေ့ ရသူတို့၏ စိတ်အစဉ်ကို ကြည်နူးစေတတ်သည့် လမင်းကြီး၏ တင့်တယ်မှုကလည်း ညအခါတွင်သာ ပေါ်လွင်သည်။ အချိန်တိုင်း မပေါ်လွင်။ အချိန်တိုင်း မတင့်တယ်ပေ။

ဆရာတော်၏ အငြိမ်းဓာတ်ရှာဖွေလုပ်ငန်းသည် နေ့ည အချိန်မရွေး သာသနာတော်ကို တင့်တယ်စေကြောင်း လုပ်ငန်း ကောင်းဖြစ်သည်။ ယင်းသို့ အငြိမ်းဓာတ်ရှာဖွေရေးအလုပ်ကို ပြုလုပ် နေသူဖြစ်၍ သာသနာတော်ကို တင့်တယ်စေသူဟူ၍ ဆရာတော်ကို ညွှန်းဆိုနိုင် ပါလျှင် ဆရာတော်အား နေ့ညအချိန်မရွေးတင့်တယ်သူ ဟူ၍ ပြောဆိုနိုင်တော့သည်။

မှန်ပါသည်။ ဗုဒ္ဓမြတ်စွာတို့ ဟောကြားတော် မူအပ် သော တရားတော်တို့သည် ကြားရရုံ၊ နာရရုံမျှနှင့်ပင် ထိုသူတို့၏ သန္တာန်၌ လောဘဒေါသစသည့် အပူတွေကင်းစင်ပြီး အအေးဓာတ်၊ အငြိမ်းဓာတ်ဝင်စေနိုင်ကြကုန်၏။ တရားတော်ကို ကိုယ်တိုင် လက်တွေ့ ကျင့်သုံးလိုက်ပါမူ အပူကင်းစင်ရုံမျှမဟုတ်ဘဲ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာသုခများကိုပါ ရနိုင်ကြပေသည်။

ထို့ပြင် သတိပဋ္ဌာန်တရားတော်တို့သည် ဒုစရိုက်တရား တို့လို နှောင်တရစေသည့် တရားမျိုးမဟုတ်၊ သတိပဋ္ဌာန်တရားတော် ကို ကျင့်ပြီးသူတိုင်း စိတ်ကြည်နူးမှုအပါအဝင် အငြိမ်းဓာတ်ရစေ နိုင်သည့် တရားမျိုးဖြစ်သည်။ သို့ဖြစ်၍ ဆရာတော်၏ အငြိမ်း ဓာတ်ရှာဖွေရေး သတိပဋ္ဌာန်တရားအလုပ်သည် သာသနာတော် ကြီးအား တင့်တယ်စေကြောင်း အလုပ်သာဖြစ်ပေတော့သည်။

ဆရာတော်သည် ကိုယ့်အလုပ်၊ ကိုယ့်တာဝန်ကိုသိသူ ဖြစ်၍ လိုကွက် ဟာကွက်မရှိရလေအောင် အလုပ်တာဝန်ကို ဖိဖိ ရိရိ ထမ်းဆောင်တော်မူသည်။ ဤသို့ သေသေသပ်သပ် စည်းကမ်း တကျ တာဝန်ကို ထမ်းဆောင်တော်မူနေစဉ် ၁၃၅၉ ခု၊ ဝါဆို လဆန်း (၃) ရက် (၇-၇-၉၇) တနင်္လာနေ့၊ နံနက် (၆) နာရီ တရားရှုမှတ်ပြီးချိန်၌ ဆရာတော်၏ စိတ်သန္တာန်ဝယ် ကြည်နူးမှု ရေစီးချောင်း၊ ရေမျက်နှာစာပေါ်တွင် ဤသို့သော ပုံရိပ်များ အထင် အရှား ဖြစ်ပေါ်လာပေသည်။

## မိကိုလက်ျာ ဖကိုလက်ဝဲ

မာတာပိတုဂုဏောအနန္တော - ဟုဆိုသည့်စကားအရ မိဘ နှစ်ပါးတို့၏ ဂုဏ်ကျေးဇူးမှာ အနန္တချည်းဖြစ်၍ အတူတူဟု ထင်ရသော်လည်း အမိ၏ ကျေးဇူးတရားတွေက အဖထက် ပို၍ များပြားသည်။ ထို့ကြောင့် ကျေးဇူးများသည့် အမိအဖတို့ကို သားသမီးတို့က ပခုံးပေါ်ထမ်းပြီး ပြုကြစတန်းဆိုလျှင် အမိကို လက်ျာဘက် ပခုံးပေါ်မှာထား၊ အဖကို လက်ဝဲဘက်ပခုံးပေါ်မှာ တင်ထားပြီးပြုကြရမည် - ဟု ဗုဒ္ဓရှင်တော်မြတ်ကြီးက အတိအကျ ညွှန်ပြထားတော်မူသည်။ ထို့ကြောင့် စာဆိုတော်ကြီးများက မိကိုလက်ျာ၊ ဖကိုလက်ဝဲဟု မော်ကွန်းတင်တော်မူခဲ့ကြ၏။ ရည်ရွယ်ချက်မှာ အမိ၏ကျေးဇူးကြီးမားပုံကို အထူးသိစေလို သောကြောင့် ဖြစ်သည်။

ဆရာတော်သည် ရှေးဦးစွာ မွေးသည့်မိခင်ဖြစ်သူ ကတောရာမယ်တော်ကြီး ဒေါ်ဖွားစော၏ ဂုဏ်ကျေးဇူးတွေ မြင်လာသည်။ မွေးဖွားလာသည့် အချိန်မှစပြီး နို့ချိုတိုက်ကျွေး လျှက် ယုယုယယ ပိုက်ပိုက်ထွေးထွေးဖြင့် ပြုစုစောင့်ရှောက်မှု ပေးနေပုံတွေ မြင်ယောင်လာသည်။

ဆက်လက်၍ သာသနာ့မိခင်ကြီးများ ဖြစ်ကြသည့် ကတောရွာ၊ ရွာသစ်ရပ် ဒေါ်ဒေါ်သော်၊ တူမ ဒေါ်ထွေး (ဒေါ်ဝိသောကနန္ဒီ) မန္တလေးမြို့မှ ကျောင်းအမကြီး ဒေါ်အမာတို့ ၏ ပြုစုစောင့်ရှောက် ထိန်းသိမ်းမှုခံရ၍ ယခုလို သာသနာပြုအလုပ် တွေကို လုပ်နိုင်ပေသည်ဟု ဆရာတော်သည် ဝမ်းသာကြည်နူးမှု အပြည့်ဖြင့် မယ်တော်တို့၏ ဂုဏ်ကျေးဇူးတွေကို အာရုံပြုနေမိသည်။

ဒုတိယမြောက် ကျေးဇူးကြီးမားကြသည့် ကျေးဇူးရှင်ကြီး များ၏ ပုံရိပ်များလည်း အထင်းသားပေါ်လာကြပြန်သည်။ ထိုသူတို့ မှာ ကတောရွာမှ ခမည်းတော်ကြီး ဦးသာထယ်နှင့် မန္တလေးမြို့မှ သာသနာ့ခမည်းတော်ကြီး ကျစွာကျောင်းဒါယကာဦးစိန်းညိုတို့ ဖြစ်ပေသည်။

ထိုကျေးဇူးရှင်ကြီးတို့က နေပူမိုးရွာမရှောင် အလုပ်တွေ ကြိုးစားပြုလုပ်ကြပြီး ကျွေးမွေးစောင့်ရှောက်ခဲ့ကြလို့သာ ယခုလို အသိဉာဏ်ရှိသည့် ဘဝမျိုးရောက်ခဲ့ရပေသည်။ ကျေးဇူးရှင်မိဘများ အား တရားတော်ဖြင့် ပြန်လည်ကျေးဇူးဆပ်နိုင်ခြင်းမှာ အမိအဖ တွေကြောင့်သာ ဟု ဆရာတော်က ခံယူတော်မူသည်။

## အသက်သခင် ကျေးဇူးရှင်များ

'သက်ရှည်ကျန်းမာ' ဟူ၍ ဆိုရိုးစကားရှိသည်။ အမိအဖတို့က ယုယပိုက်ထွေး ကျွေးမွေးစောင့်ရှောက်ပေးမှု တို့ကြောင့် အသက်ရှည်စွာ နေရသည့်တိုင်အောင် ကျန်းမာရေးကောင်းမွန်မှသာ အသက်ရှည်စွာ နေရကျိုးနပ်ပေမည်။ ကျန်းမာရေးမကောင်းပါမူ အသက်ရှည်စွာ နေရသည်မှာ အနှစ်သာရ ကင်းမဲ့သလို ဖြစ်ပေမည်။

သို့အတွက်ကြောင့် သူတစ်ပါးက လှူဒါန်းလို့ဖြစ်စေ၊ လက်ဆောင်ပေး၍ဖြစ်စေ၊ မိမိကိုယ်တိုင် ရှာဖွေလို့ဖြစ်စေ ရရှိလာသည့် ပစ္စည်းဥစ္စာ၊ လာဘ်သပ်ပကာပေါင်းများစွာတို့တွင် ကျန်းမာရေးကောင်းမွန်မှု ဆုလာဘ်ကြီးသာ အကောင်းဆုံး၊ အမြတ်ဆုံး ဆုလာဘ်ကြီးဟူ၍ ဗုဒ္ဓရှင်တော်မြတ်ကြီးက ကောက်ချက်ချ သတ်မှတ်ထားတော်မူသည်။

အလုပ်ကြီးတစ်ခုလုပ်ကြပြီဆိုလျှင် အနှောင့်အယှက်ဆိုတာ တွေ့ကြရစမြဲ ဖြစ်သည်။ သည့်အတွက် ကိုယ့်အလုပ်ကို လိုသူလည်းရှိသည်။ မလိုသူလည်း ရှိသည်ပင်။ မလိုသူကို ရှောင်ကွင်း၍ ဖြစ်စေ၊ ရှောင်ကွင်း၍မရ ထိပ်တိုက်ရင်ဆိုင်တွေ့ရပါမူ ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝိမံသ ဆိုသည့် လူစွမ်းကောင်းလေးယောက်တို့၏ အကူအညီကို ရယူသည်ဖြစ်စေ အောင်မြင်မှု ပန်းတိုင်ကို ရသည်အထိ မိမိ၏ အလုပ်ကြီးကို ထိန်းသိမ်းထားကြရပါမည်။

သို့သော် အပြင်ရန်မဟုတ်ဘဲ မိမိအလုပ်ကို အတွင်းဝင်ရောက်ပြီး တန်ပြန်တော်လှန်သည့် သွေးသားဖောက်ပြန် မကျန်းမာမှု၊ အတွင်းရန်ဖြစ်နေပါမူကား သူခိုး၊ ဓားပြများ မိမိတို့နေထိုင်ရာ ခြံဝင်းအတွင်း ဝင်ရောက်လာပါမူ လွှတ်ရာပြေးနိုင်မှသာ (သို့မဟုတ်) ပြေးနိုင်အောင် အကူအညီပေးမှုမျိုး ရနိုင်မှသာ အသက်ဘေးမှ လွတ်ကင်းနိုင်ပေမည်။ ဤသဘောတရားမျိုးကို ဆရာတော်သည် ကြိုကြိုတင်တင် နားလည်သဘောပေါက်ပြီး ဖြစ်သည်။

သို့ဖြစ်၍ ဆရာတော်သည် သွေးသားဖောက်ပြန်မှု (အတွင်း) ရန်သူတွေ ဝိုင်းရံနှိပ်စက်ခြင်းကို ခံရသဖြင့် အသက်အန္တရာယ်ဘေးနှင့် ကြုံတွေ့ရသည့်အခါတိုင်း အခါတိုင်း ဘေးရန်အန္တရာယ်တွေကို တားဆီးဖြိုခွင်းပေးနိုင်သည့် ဆရာဝန်ကြီး ဒေါက်တာ ဦးထွန်းသင်တို့ရှိရာ လုံခြုံရာဌာနသို့ ပြေးဝင် မှီခိုရပေသည်။

ဆရာဝန်ကြီး ဒေါက်တာဦးထွန်းသင်ကလည်း ဆရာတော်အား အနိုးကပ်နှိပ်စက်နေသည့် ရောဂါဝေဒနာသူပုန် သူကန်အား အမြစ်ပါမကျန်ရအောင် မိမိကျွမ်းကျင်နိုင်နင်းသည့် ဆေးပညာလက်နက်ဖြင့် ခုခံနှိမ်နင်းသည်။ မန္တလေးမြို့ ကျစွာကျောင်းအမဖြစ်သူ ဒေါ်တင်တင်အုန်းတို့ကလည်း မည်မျှပင် ငွေကုန်ကြေးကျများစေကာမူ လိုအပ်သည့်ဆေးဝါးပစ္စည်းများကို ရှာဖွေဝယ်ယူပြီး ပေးကြသည်။ ဤလိုအကာအကွယ်တွေကို ပေးခဲ့ကြသဖြင့် ဆရာတော်မှာ အသက်အန္တရာယ်ဘေးမှ လွတ်မြောက်ရသည့် အကြိမ်ပေါင်းများလှပေပြီ။

သို့ဖြစ်၍ ယခုလို အသက်ရှည်ပြီး ကျန်းမာစွာဖြင့် သာသနာပြုအလုပ်တွေကိုလုပ်နိုင်နေသည်မှာ မန္တလေးမြို့ ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဆရာဝန်ကြီးဒေါက်တာဦးထွန်းသင်တို့



မိသားစု၊ မန္တလေးမြို့ ကျွဲစွာကျောင်းအမ ဒေါ်တင်တင်အုန်းတို့ မိသားစုတို့၏ ကူညီစောင့်ရှောက်ပေးမှုကြောင့်သာ ဖြစ်သည်ဟု ခံယူသည်။

ဤ သဘောတရားတွေကြောင့် ဆရာတော်သည် ထိုမိသားစုတို့ကို အသက်သခင် ကျေးဇူးရှင်ကြီးများအဖြစ် ဂုဏ်တင်ကာ ကြည်ကြည်နူးနူးဖြင့် စိတ်ထည်းမှ ချီးကျူးမိပေသည်။ ဤသည်မှာ တတိယမြောက်အသက်သခင် ကျေးဇူးရှင်အဖြစ် ဂုဏ်တင်ထိုက်သူများ၏ ပုံရိပ်ထင်လာမှုဖြစ်ပေသည်။

## တစိမ့်စိမ့်ကြည်နူးမှုရ

လောကလူသားတွေ အလုပ်ကိုယ်စီလုပ်နေကြသည်မှာ စားဝတ်နေရေး ပြေလည်စေရန်ဖြစ်သည်။ စားဝတ်နေရေးမပြေလည်လျှင် မပြေလည်သည့်အိမ်မှာ ပူညံပူညံဖြစ်နေတတ်သည်။ အစဉ်ပြေလည်နေမှသာ သီရိဂေဟာ ဖြစ်နိုင်သည်။ စားဝတ်နေရေးပြေလည်မှုမှာ မိသားစု သီရိဂေဟာ တည်ဆောက်ရာ၌ ဤမျှအရေးကြီးသည်။

လောကီ လူသားတွေ မဆိုထားနှင့် လောကုတ္တရာဘက်တော်သားတွေပင် စားဝတ်နေရေး ပြေလည်မှုရှိပါမှ ပရိယတ်၊ ပဋိပတ် လောကုတ္တရာလုပ်ငန်းရပ်တွေကို စိတ်တိုင်းကြ ပြုလုပ်နိုင်ကြပေသည်။ စားရေး ဝတ်ရေး နေရေးတွေ မပြည့်စုံဘဲ ချို့ငဲ့နေပါလျှင် မည်သည့်အလုပ်မှ အောင်အောင်မြင်မြင် လုပ်နိုင်မည်မဟုတ်ချေ။

ဆရာတော်သည် ယခုလို ဘာသာရေး၊ သာသနာရေး၊ ပညာရေး၊ လူမှုရေးတွေကို အလေးပေးပြီး အားကြိုးမာန်တက်ဆောင်ရွက်နေနိုင်ခြင်းမှာ မိမိအားအဘက်ဘက်မှ လိုလေသေးမရှိရလေအောင် လှူဒါန်းထောက်ပံ့နေကြသည့် ရဟန်းဒကာ/ရဟန်းအမ၊ ရှင်ဒကာ/ရှင်အမ၊ ကျောင်းဒကာ/ကျောင်းအမ ပစ္စည်းလေးဖြာလှူနေကြသည့် ဒကာ/ဒကာမတွေကြောင့်သာ ဖြစ်သည်ဟု ခံယူသည်။

ယခုလို မွန်မြတ်သည့် အလုပ်တွေကို ပြုလုပ်ပြီး မွန်မြတ်သည့် ဘဝမျိုးရောက်အောင် ဖန်တီးပေးနေကြသည့် ဒကာ/ဒကာမတို့၏ ကျေးဇူးတရားတွေကို အောက်မေ့လျှက် ယခုလို မွန်မွန်မြတ်မြတ် ရှိလှသည့် တရားတော်ဖြင့် ကျေးဇူးပြန်လည် ဆပ်ခွင့်ရသဖြင့် ငါ့ဘဝသည် အရတော်လေစွဟု တွေးတောရင်း ဆရာတော်သန္တာန်မှာ ကြည်နူးမှုတွေ တစိမ့်စိမ့် ရနေပေသည်။

## ကောင်းစားစေချင် ကြသည်မှာ

ရေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း

ဝမ်းပွင်းမသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလော။

(မဃဒေဝ - ပိုဒ် - ၂၃၆)

ဆရာသမားတို့သည် ကျွမ်းကျင်လိမ္မာသည့် ပန်းပုပညာရှင်ကြီးများနှင့် တူကြကုန်၏။ မိမိတို့ထံ ရောက်ရှိလာကြသည့် တပည့်လေးများကို ကျောသားရင်သားမခွဲခြားမူ၍ ရုပ်ပိုင်းဆိုင်ရာ အတတ်ပညာများကို သင်ပေးခြင်းဖြင့် လည်းကောင်း၊ တပည့်လေးများ၏ ဘဝကို လှပနေအောင် ဆရာတို့သည် အမြဲတမ်းပြုပြင် မွမ်းမံပေးနေကြပေသည်။

လောကီဘက်ဆိုင်ရာ ဆရာသမားတွေမှာ စေတနာ၊ မေတ္တာ ပြည့်ဝစွာ ထားနိုင်ကြသည့်တိုင် အခကြေးငွေအချို့တို့ကယူတတ်ကြသေး၏။ လောကုတ္တရာဘက်တော်သား ဆရာသမားတွေကမူ အခကြေးငွေတွေ မယူသည့်အပြင် စားဝတ်နေရေးကျန်းမာရေးပါ အဘက်ဘက်က လိုလေသေးမရှိရလေအောင် ကူညီစောင့်ရှောက်မှုတွေ အမြဲပေးနေကြသည်။ ထို့ပြင် အခရာကျသည့် ပရိယတ်+ ပဋိပတ် အတတ်ပညာတွေကိုပါ ဆရာစားမချန်၍ လက်ဆုတ် လက်ကိုင် သင်ပေးတော်မူကြကုန်၏။

ပညာသင်သည့်အခါ လိမ္မာယဉ်ကျေးပြီး စာတတ်သူတော်ကောင်းများ ဖြစ်နေအောင် တပည့်လေးများကို အနီးကပ်ဆုံးမသွန်သင်ပြီး ထိန်းသိမ်းစောင့်ရှောက်တော်မူကြသည်။ တပည့်လေးများနှင့် ပတ်သက်လာလျှင် မျက်မှောက်ဘဝမှာလည်း ကြီးပွားချမ်းသာ၊ သံသရာမှာလည်း ကောင်းစားစေချင်ကြသည်မှာ ဆရာသမားတိုင်း ဆရာသမားတိုင်းတို့၏ အဓိကရည်မှန်းချက် ပန်းတိုင်ကြီးဖြစ်သည်။

## မနွမ်းသည့်ကရုဏာ မခမ်းသည့်မေတ္တာ

ဤမျှ မကသေး။ တပည့်လေးများအပေါ်ထားရှိကြသည့် ဆရာသမားတို့၏ မေတ္တာ၊ စေတနာတို့သည် မိမိတို့တပည့်များထံမှ မည်သည့်ဆုလာဘ်လာဘကိုမျှ မျှော်လင့်မထားသည့်အတွက် အလွန်ဖြူစင်သန့်ရှင်းပြီး အလွန်မွန်မြတ်လှပါသည်။ ယခုလို တပည့်လေးများ၏ အကျိုးကိုသာ လိုလားသည့် ဖြူစင်သန့်ရှင်းသည့် မေတ္တာ၊ စေတနာတို့သည် တပည့်များအပေါ် တစ်ကြိမ်တစ်ခါသာ ဖြစ်သည်မဟုတ် အကြိမ်ကြိမ် အထပ်ထပ် ဖြစ်နေကြသည်။

မေတ္တာ၊ စေတနာတွေ အကြိမ်ကြိမ် အထပ်ထပ် ဖြစ်နေမှုကြောင့် တပည့်များအပေါ်ထားရှိကြသည့် ဆရာသမားတို့၏ စေတနာ၊ မေတ္တာ၊ ကရုဏာဓာတ်တို့သည် တောတောင်လျှိုမြောင် ချပ်ကြားမှ တစိမ့်စိမ့်စီးဆင်းနေသော စိမ့်ရေစမ်းရေအလား မကုန်နိုင်၊ မခမ်းနိုင်အောင် စီးဆင်းလျှက် ရှိကြပေသည်။ သို့အတွက် ဆရာသမားတို့သည် မနွမ်းသည့်ကရုဏာ၊ မခမ်းသည့် မေတ္တာ၊ ပိုင်ရှင်များဖြစ်တော်မူကြပေသည်ဟု ဆရာတော်က သဘာဝတရားကို သိရှိနားလည် ထားတော်မူပါသည်။

ထိုမှတစ်ပါး၊ ပညာရွှေအိုး လူမခိုးဟူသည့် စကားလည်းရှိပြန်သည်။ သူတစ်ပါးခိုး၍ မရသော ပစ္စည်းဥစ္စာဆိုသည်မှာ ပညာဥစ္စာ- ပညာရွှေအိုးသာဖြစ်သည်။ ခိုးယူ၍ မရသည့်ပညာ ရွှေအိုးတို့ကို ဆရာသမားတွေကသာ ပေးနိုင်သည်ဟု ဆိုလိုသည်။ ခိုး၍မရ၊ သုံး၍မကုန်၊ စွဲ၍မကုန်နိုင်သည့် ပညာရွှေအိုးများကို တပည့်တိုင်း အားပေးနေသည့်အတွက်ကြောင့် တကယ်တော့ ဆရာသမား

တို့သည် ပညာရွှေအိုး အလှူ့ရှင်မျိုးဖြစ်နေသည်ကို ဆရာတော်က ကောင်းကောင်းကြီး ရိပ်စားမိတော်မူပါသည်။

## ကျက်သရေမင်္ဂလာ ရှိပေစွာ

ဆရာသမားတို့၏ ဂုဏ်တော်ကျေးဇူးတော်တွေ အလွန်များပြားပုံ အလွန်ကြီးမားကြပုံတို့ကို ဖြူစင်သန့်ရှင်းပုံတို့ကို သိမြင်နိုင်စွမ်းရှိသည်မှာ ဆရာတော်၏ ပင်ကိုယ်နှလုံးသား ပင်ကိုယ်မျက်စိ အစွမ်းကြောင့်မဟုတ်။ ဆရာသမားများတပ်ဆင်ထားပေးသည့် နှလုံးသား၊ ဆရာသမားတို့တပ်ဆင်ပေးထားသည့် ပညာမျက်စိတို့ကြောင့် သာယခုလို သိမြင်နိုင်စွမ်းရှိသည်ဟု ဆရာတော်က ခံယူသည်။

အသိဉာဏ်နှလုံးသား၊ အသိဉာဏ်မျက်စိတို့ကို တပ်ဆင်ပေးသည့် ဆရာသခင် ကျေးဇူးရှင်များမှာ

၁။ ဆီမီးခုံမြို့၊ ကတောရွာ၊ ဒက္ခိဏာရာမကျောင်း ကန့်ကူလက်လှည့်မှုလဥပဇ္ဈာယ်ဆရာတော် အရှင်ဥတ္တရမဟာထေရ်။

၂။ မန္တလေးမြို့၊ မဟာဝိဇိတာရုံကျောင်းတိုက် ပေတဝတ္ထုတော်ကြီးစသည်တို့ကို ရေးသားပြုစုသွားတော်မူသော ဥပဇ္ဈာယ်ဆရာတော် ပထမဝိဇိတာရုံဆရာတော်ဘုရားကြီးအရှင်ဝါသနမဟာထေရ်။

၃။ ပရိယတ်အခြေခံမှစ၍ ပစ္စယမေ္မနစ်ဌာနတို့ဖြင့် ချီးမြှောက်ထောက်ပံ့ တော်မူသော အဂ္ဂမဟာပဏ္ဍိတ - အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒုတိယမဟာ ဝိဇိတာရုံဆရာတော် ဘုရားကြီးအရှင်ဝိစာရိန္ဒာဘိဝံသမဟာထေရ်။

၄။ လောကုတ်လောကီ အလီလီတို့၌ လိမ္မာကျွမ်းကျင်မှုရအောင် လမ်းညွှန်ပေးတော်မူသော စစ်ကိုင်းတောင်ရိုးကျစ္စာချောင်၊ မဟာဝိဇယရုံသီစာသင်တိုက် ရွှေမျက်မှန်ဦးဝိဇယကိုယ်တော်ကြီးဟူ၍ လူသိများသော ကျစ္စာဆရာတော် ဘုရားကြီးအရှင် ဝိဇယမဟာထေရ်။

၅။ သန္နိဋ္ဌာ၊ အကာလိက စသော တရားဂုဏ်တော်များနှင့်အညီ ကိုယ်တိုင်လက်တွေ့ သတိပဋ္ဌာန်တရားများကို အားထုတ်သဖြင့် ကိုယ်တိုင်သိမြင်သော အသိဉာဏ်၏ အတိမ်အနက်ကို မိမိလက်ဝယ်ရှိ ပရိယတ်ပေတံဖြင့် တိုင်းတာတတ်အောင် တစ်နည်းအားဖြင့် ပဋိပတ္တိဓမ္မလမ်းကြောင်းကို ပရိယတ်နှင့်အညီ လမ်းမှန်ကြအောင် သွန်သင်ပြသညွှန်ကြားပေးတော်မူကြသော ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး အရှင်သောဘနမဟာထေရ်။

၆။ ရန်ကုန်မြို့၊ ပဏ္ဍိတာရာမရွှေတောင်ကုန်းသာသနာ့ရိပ်သာ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ပြည်တွင်းပြည်ပ သာသနာပြုအကျော် ရွှေတောင်ကုန်းဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတာဘိဝံသ မဟာထေရ် စသည်တို့ဖြစ်ကြပေသည်။

ဤဆရာတော်ဘုရားကြီးများကို အမှူးထား၍ ဆရာသမားတို့၏ ကျေးဇူးတော်များကို အထူးအောက်မေ့ပြီးလျှင် တရားဖြင့် ပူဇော်ခွင့်၊ ကျေးဇူးဆပ်ခွင့်ရသဖြင့် ဤအချိန်၊ ဤအခါမျိုးသည် မြူတိမ်မတင်ကင်းစင်လွင့်ပ လပြည့်ညသို့ အလွန်ကျက်သရေမင်္ဂလာရှိလှပေစွတကားဟု တွေးတောကြံစည် ထင်မြင်လာပြီးလျှင် ဆရာတော်မှာ ကြည်နူး၍ မဆုံးနိုင်အောင် ဖြစ်နေမိသည်။

အထူးသဖြင့် ထိုမြောက်မြားလှစွာသော ဆရာသမားများထည်းမှ မန္တလေးမြို့၊ မဟာဝိဇိတာရုံကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဝိဇိတာရုံဆရာတော်ကြီး အရှင်ဝိစာရိန္ဒာ ဘိဝံသမဟာထေရ်နှင့် ရန်ကုန်မြို့ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ အဂ္ဂမဟာကမ္မဋ္ဌာနစရိယ ရွှေတောင်ကုန်းဆရာတော်ဘုရားကြီးအရှင်ပဏ္ဍိတာဘိဝံသ မဟာထေရ်တို့သည် ဆရာတော်အားအထူးတလည် ကျေးဇူးပြုပေးတော်မူခဲ့ကြသည့် ကျေးဇူးတော်ရှင် ဆရာတော်နှစ်ပါးဖြစ်တော်မူကြသည်။

မန္တလေးမြို့၊ ဒုတိယဝိဇိတာရုံဆရာတော်ဘုရားကြီးက ပရိယတ္တိမျက်စိ အမြင်သန့်ရေးရှေ့ဆောင်ရှေ့ရှုက် လမ်းညွှန်ပေးတော်မူခဲ့သည်။ ရန်ကုန်မြို့၊ ရွှေတောင်ကုန်းဆရာတော်ဘုရားကြီးကလည်း ပဋိပတ္တိမျက်စိ အမြင်သန့်ရေးအနီးကပ် လမ်းညွှန်ပေးတော်မူပြန်ပါသည်။

ထို့ပြင် ဆရာတော်၏ ဘာသာရေး၊ သာသနာရေး၊ ပညာရေး၊ လူမှုရေးအလုပ်တွေကို ယခုလို ကျယ်ကျယ်ပြန့်ပြန့်ကြီးလုပ်နိုင်အောင် ကမ္ဘာနှင့်ချီပြီး ကျယ်ကျယ်ပြန့်ပြန့်ကြီးမြင်နိုင်အောင် စွမ်းရည် သတ္တိထူးတွေရရှိလာသည်မှာ ထိုဆရာတော်ကြီးနှစ်ပါးက အထူး ကျေးဇူးပြုပေးတော်မူခဲ့ကြ၍သာဖြစ်သည်ဟု ဆရာတော်က ရိုးရိုး သားသား သိမြင်တော်မူပါသည်။

ဤလို ကျေးဇူးတော်တွေကို ဂုဏ်ပြုပူဇော်သောအားဖြင့် ရန်ကုန်မြို့၊ သိရီလက္ခဏာရာမ ဒဂုံရိပ်သာကြီး၌ ရွှေတောင်ကုန်းဆရာတော်၊ ဝိဇိတာရုံဆရာတော်တို့ကို ဩဝါဒါစရိယဆရာတော်ကြီးများအဖြစ် ဆရာတော်က တင်မြှောက်ပူဇော်ထားကြောင်းဖြင့် လေ့လာသိရှိရပေသည်။

ဆရာတော်သည် ကျေးဇူးရှင်ကြီးများ၏ ကျေးဇူးတော်တွေကို ဝမ်းသာကြည်နူးမှုအပြည့်ဖြင့် ရှုမြင်သုံးသပ်တော်မူပြီးနောက် ကိုယ့်တာဝန်ကို ကျေပွန်အောင် ဆက်လက်ထမ်းဆောင်ခြင်းဖြင့် ကျေးဇူးရှင်ကြီးများကို ကျေးဇူးပြန်ပြီးဆပ်ခြင်းသည်သာ အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း ဗုဒ္ဓအလိုတော်ဆန္ဒနှင့်လည်းကိုက်ညီကြောင်း ဆရာတော်က အခိုင်အမာ ဆုံးဖြတ်ချက်ချထားတော်မူလိုက်သည်။

ထို့နောက်ဆရာတော်သည် တစ်နေ့တာအတွက် မိမိလက်တွေ့လုပ်ဆောင်ရမည့် ကျင့်စဉ်တရားများကို အချိန်ဇယားရေးဆွဲပြီး တာဝန်ကို လက်တွေ့ထမ်းဆောင်ခြင်းဖြင့် အချိန်တွေကို ကုန်လွန်စေခဲ့ပါသည်။

## တရားသည်သာ ငါ၏အိမ်ရာ

ဗုဒ္ဓရှင်တော်လက်ထက်တော်က ဓမ္မာရာမမထေရ်ဆိုတာ ရှိခဲ့ဘူးသည်။ ထိုဓမ္မာရာမ မထေရ်လိုဆရာတော်သည်အများအားဖြင့် နေ့ညအခါမရွေးတရားဖြင့် ပျော်မွေ့နေဘိသကဲ့သို့ ကျင့်သုံးနေပါသည်ဟူ၍လည်းကောင်း၊ ဗုဒ္ဓရွှေလက်ထက်တော်က ဝိနည်းတော‌ဒဂ်ဘွဲ့ရ အရှင်ဥပါလမထေရ်လို ဝိနည်းသည်သာ ငါ့ကျောင်း၊ ဝိနည်းသည်သာ ငါ့အိပ်ရာနေရာဟု ပြောဆိုဘိသကဲ့သို့ ဆရာတော်သည်လည်း တရားတော်သည်သာ ငါ့ကျောင်း တရားတော်သည်သာ

ငါ့အိပ်ရာနေရာဟု ပြောဆိုသည်ဟူ၍လည်းကောင်း ဆိုချင်ပါတော့သည်။ ဤလို ပြောချင်ဆိုချင်လောက်အောင်လည်း ဆရာတော်က တရားတော်ကိုသာ အလေးဂရုပြုနေတော်မူသည်။

## ရောဂါကြောင့် ဆုတ်နစ်စိတ်တွေဝင်

တရားတော်ကိုသာ ဖောင်းပေး၍ နေတော်မူခဲ့သော်လည်း ရက်သတ္တပတ်ပေါင်း သုံးပတ်လောက်ရောက်သောအခါ ဆရာတော်၏သန္တာန်ဝယ် ကျန်းမာရေးစတင် ဖောက်ပြန်လာသည်ကို တွေ့ရှိရပါသည်။ တစ်ချိန်ကဖြစ်ဖူးသည့် နှလုံးရောဂါ ပြန်လည်ခေါင်းထောင်လာပါသည်။ အသက်ရှုကြပ်၊ ရင်ဘတ်တွေအောင့်၊ ရံဖန်ရံခါ စူးရှရှကြီးဖြစ် စသည်ဖြင့် နှလုံးရောဂါဝေဒနာလက္ခဏာတွေ ပေါ်ပေါက်လာပါသည်။

အစပထမကတော့ ဖြစ်ပေါ်လာသည့်ဝေဒနာ အသေးအမွှားလေး သဘောမျိုး လမ်းသွားသည့်အခါ လမ်းပေါ်မှာ ရံဖန်ရံခါ တွေ့ရတတ်သည့် အမှိုက်သရိုက်မျိုးမျှလောက်သာဟု သဘောထားတော်မူပြီး ဆရာတော်က ကိုယ့်တရားကိုသာ ဆက်လက် အားထုတ်နေပါသည်။ ထမင်းစားသည့်အခါ ကောင်းသည့်အခါကောင်း၍၊ မကောင်း သည့်အခါ မကောင်းဆိုသလို၊ တရားရှုမှတ်ရာ၌လည်း ကောင်းသည် လည်းရှိ၏။ မကောင်းသည်လည်းရှိ၏။ ယခုလို ကောင်းလိုက်/ မကောင်းလိုက်နှင့် တရားကို ရှုမှတ်လာခဲ့ရာ (၂) ရက်ပြည့်သွားခဲ့ ပါပြီ။

သုံးရက်မြောက်သောနေ့တွင်မူ ကျန်းမာရေးပိုပြီး ဆိုးလာပါသည်။ ရောဂါဝေဒနာကဆရာတော်အား ရန်သူလိုမျိုး ဆက်ဆံလာပါသည်။ တရာတော်ကို ရှုမှတ်၍ မဖြစ်နိုင်လောက်အောင် ရောဂါဝေဒနာက ပြင်းပြင်းထန်ထန်နှိပ်စက်လာပါတော့သည်။ ထိုအခါ ဆရာတော်၏သန္တာန် ဆုတ်နစ်သည့် စိတ်တွေ ဝင်ရောက်လာပါသည်။

ရှုလက်စ သတိပဋ္ဌာန်တရားတော်ကို အထူးသဖြင့် မိမိသန္တာန်ဖြစ်ပေါ်နေသည့် ဝေဒနာကို နိုင်နင်းအောင် မရှုမှတ်နိုင်သည့် အတူတူ တရားတော်ကို ဆက်လက်မရှုမှတ်တော့ဘဲ ဆရာကြီး ဦးထွန်းသင်တို့ပေးသည့် ရိုးရိုးဆေးကို ပြောင်းပြီးသောက်ရလျှင် ကောင်းလေမည်လားစသည်ဖြင့် ဆုတ်နစ်သည့်စိတ်တွေ ဆရာတော်သန္တာန်ဝယ် ဝင်ရောက်လာပါသည်။

## အတူလည်းမရှိ အတုလည်းမရှိ ဆေးတော်ကြီး

နောက်တော့ဆရာတော်က စဉ်းစားသည်။ တစ်ချိန်က ရောဂါဝေဒနာကို သမားတော်ကြီးများပေးသည့်ဆေးဖြင့် ကုသခဲ့သော်လည်း သက်သာရာမရခဲ့။ တရားတော်ဆေးတော်ဖြင့် ကုသမှု ခံယူလိုက်သည့်အခါတွင်မှ သက်သာရာရခဲ့ဘူးသည်။ ဤအကြောင်းအရာက ဆရာတော်၏ နှလုံးသားမှာ စွဲကပ်နေပေတော့သည်။

မှန်ပါသည်။ ကမ္ဘာပေါ်တွင် ဖော်စပ်ထားသမျှ (သို့မဟုတ်) ထုတ်လုပ်သမျှဆေးပေါင်းများစွာတို့တွင် ဗုဒ္ဓရှင်တော်မြတ်ဖော်စပ်ထားသည့် (သို့မဟုတ်) ထုတ်လုပ်ထားသည့် တရားဓမ္မဆေးတော်ကြီးသာ အကောင်းဆုံးဆေးတော်ကြီးဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် တရားဓမ္မဆေးတော်ကြီးကို ဖော်စပ်ထုတ်လုပ်နိုင်ရန် ဒါနပါရမီစသည့် အမယ်မယ်သောဆေးပစ္စည်းတွေကို လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာသည့်အထိ နည်းနည်းချင်းရှာဖွေစုဆောင်းပြီးမှ ဖော်စပ်ထုတ်လုပ်ရသည့် ဆေးတော်ကြီးဖြစ်နေသောကြောင့်ဖြစ်သည်။ ဤဆေးတော်ကြီးကို ဆက်လက်စားသုံးမှဖြစ်သည်ဟု ဆရာတော်က စဉ်းစားဆင်ခြင်တော်မူမိသည်။

ဆရာတော်က ဆက်လက် စဉ်းစားတော်မူပြန်သည်။ လက်ရှိ ခန္ဓာကိုယ်တော်ကြီးသည် ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးဖြင့် တည်ထောင်ထားသည့် မမြဲသည့် အနိစ္စခန္ဓာကိုယ်ကောင်ဖြစ်သည်။ မမြဲသည့် ခန္ဓာကိုယ်ကောင်ပေါ်မှာ ဖြစ်ပေါ်လာသည့် ရောဂါဝေဒနာလည်း ကြီးသည်ဖြစ်စေ-သေးသည်ဖြစ်စေ အမြဲမရှိနိုင်ချေ။ ပျက်စီးသွားမည်သာ ဖြစ်သည်။

ဗုဒ္ဓရှင်တော်မြတ်များ ဖော်စပ်ထားကြသည့် တရားဓမ္မဆေးတော်ကြီးကလည်း (၉၆) ပါးသော ရောဂါဝေဒနာတွေကို ပျောက် ကင်းရုံမျှမကမူ၍ သံသရာတစ်လျှောက်လုံး စွဲကပ်ပါလာသည့် နာတာရှည် ခန္ဓာငါးပါးအနာကြီးကိုပါ ပျောက်ကင်းစေနိုင်သည့် အတုမရှိ အတူလည်းမရှိ ဆေးတော်ကြီး ဖြစ်သည်။

ဤအတုမရှိ အတူလည်းမရှိ တရားဓမ္မဆေးတော်ကြီးကို မမှီဝဲဘဲ အတူလည်းရှိ၊ အတုလည်းရှိနေသည့် ရိုးရိုးသာမန်ဆေးကိုသာ မှီဝဲသုံးဆောင်ပါမူ ငါ့ထက်မိုက်လုံးကြီးသည့်သူ မရှိနိုင်တော့ပြီဟု ဆင်ခြင်စဉ်းစားတော်မူပြီးနောက် အတုမရှိဆေးတော်ကြီး သောက်ရန်သာ ဆရာတော်က ဆုံးဖြတ်ချက်ချတော်မူလိုက်သည်။

## အဓိဋ္ဌာန်ငါးချက်

၁။ ကံကောင်းထောက်မ၍ လူ့ဘဝကိုရခိုက် ထိုလူ့ဘဝကို အကျိုးရှိအောင် သုံးပါမည်။

၂။ ကံကောင်းထောက်မ၍ လူ့ခန္ဓာကိုယ်ကိုရခိုက် ထိုလူ့ခန္ဓာကိုယ်ကို အကျိုးရှိအောင် သုံးပါမည်။

၃။ ကံကောင်းထောက်မ၍ လူ့အင်အားဗလကိုရခိုက် ထိုလူ့အင်အားဗလကို အကျိုးရှိအောင် သုံးပါမည်။

၄။ ကံကောင်းထောက်မ၍ လူ့အသိဉာဏ်ကိုရခိုက် ထိုလူ့ အသိဉာဏ်ကို အကျိုးရှိအောင် သုံးပါမည်။

၅။ ကံကောင်းထောက်မ၍ လူ့စည်းစိမ်ကိုရခိုက် ထိုလူ့ စည်းစိမ်ဥစ္စာကို အကျိုးရှိအောင် သုံးပါမည်။

ဆရာတော်သည် ရည်ရွယ်ချက်ကြီးကြီးမားမားဖြင့် အဓိဋ္ဌာန် တော်မူပြီးနောက် တရားအလုပ် အားမထုတ်ဘဲ အလုပ်လက်မဲ့ ဘဝမျိုးနှင့် မသေစေရ။ သေသည့်တိုင် အလုပ်လုပ်ရင်း သေစေရမည် ဆိုသည့်စိတ်မျိုးဖြင့် သတိပဋ္ဌာန်တရားတော်ကို ထိထိမိမိ စူးစူးစိုက်စိုက်ကြီး ရှုမှတ်နေလိုက်သည်။

ထိုသို့ ထိထိမိမိ စူးစူးစိုက်စိုက်ကြီး ရှုမှတ်လိုက်သည့်အတွက် နောက်နေ့မနက် အရုဏ်မတက်ခင်လေးမှာပင် ရောဂါ

ဝေဒနာသက်သာပျောက်ကင်း သွားခဲ့လေပြီ။ တရားတော်က နှလုံးရောဂါဝေဒနာကို အနိုင်ယူလိုက်ပြီတည်း။

## မွေ့လျော်ဖွယ်ကောင်းသည့်နေရာ

ရွာ၌ဖြစ်စေ၊ တော၌ဖြစ်စေ၊ နိမ့်ရာ၌ဖြစ်စေ၊ ကုန်းမြင့်ထက်၌ဖြစ်စေ အငြိမ်းဓာတ်ရပြီး သို့မဟုတ် အငြိမ်းဓာတ်ရအောင် ရှာဖွေ အားထုတ်နေကြသော သူတော်ကောင်းတွေ နေထိုင်ကြကုန်၏။ ထိုပုဂ္ဂိုလ်မျိုးတို့ နေထိုင်ရာအရပ်သည် ကြည့်လို့ရှုလို့ အမြင်မကောင်းသည့် ခရောင်းတောကြီးဖြစ်နေပါစေ၊ နှလုံးမွေ့လျော်ပျော်ဖွယ်ကောင်း၏။

ဗုဒ္ဓမြတ်စွာ၏ အထက်ပါမိန့်မှာတော်မူချက်ကို ကောက်ချက်ချကြည့်လိုက်လျှင် နှလုံးမွေ့လျော်ဖွယ်ရာကောင်းသည့် နေရာတစ်ခု ဖြစ်ဖို့ဆိုသည်မှာ ဥယျာဉ်ကြီးများလို ရှုခင်းကောင်းသည့်နေရာဖြစ်ဖို့က အဓိက မဟုတ်။ သူတော်ကောင်းတွေနေသည့် နေရာ ဟုတ်-မဟုတ်က အဓိကဖြစ်ပေသည်။ သူတော်ကောင်းတွေ နေထိုင်ပါလျှင် ခရောင်းတောကြီးဖြစ်နေပါစေ၊ နှလုံးမွေ့လျော် ပျော်ဖွယ်ရာကောင်းသည့်အရပ် ဖြစ်တော့သည်ဟု ဆိုနိုင်တော့သည်။

ဤသီတင်းသုံးတောင်သည်ကား နှစ်ထပ်ကွမ်း နှလုံးမွေ့လျော် ပျော်ဖွယ်ရာကောင်းသည့် အရပ်ဖြစ်တော့သည်ဟု ဆိုနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အဝေးကပင် လှမ်းပြီး ဖူးမြော်နိုင်သည့် အရပ်ာ အောင်သိဒ္ဓိစေတီတော် ရှိနေသည့်အပြင် သူ့မူလပင်ကိုယ်ကပင် နေ့အခါမှာဖြစ်စေ-ညဉ့်အခါမှာဖြစ်စေ ကြည့်၍ မရိုးမအီနိုင်သည့် လှပသည့်နေရာ တောင်ကုန်းလေး ဖြစ်နေသောကြောင့်လည်းကောင်း- အငြိမ်းဓာတ်ရှာဖွေနေသည့် ကျွတ်ာ ဆရာတော်ကြီး သီတင်းသုံးလျက် ရှိနေခြင်းကြောင့် လည်းကောင်း နှစ်ထပ်ကွမ်းနှလုံးမွေ့လျော် ပျော်ဖွယ်ရာကောင်းသည့် တောင်ကုန်းလေးဟု ဆိုရခြင်း ဖြစ်တော့သည်။

## ကမ္မဋ္ဌာန်းကျောင်း ဆောက်လုပ်လှူဒါန်း

အစွမ်းထက်မြက်လှသည့် တရားဓမ္မဆေးတော်ကြီးကို နေ့စဉ်အချိန်မှန်မှန် ဘုန်းပေးသုံးဆောင်တော်မူနေခြင်းကြောင့် ဆရာတော်မှာ ရောဂါဘယကင်းစင်လာသည်နှင့်အမျှ အသားအရေတွေ ပြည့်ဖြိုး အားအင်တွေ တိုးလာနေပါသည်။ သာသနာ့အလုပ်တွေ ပို၍ပို၍ လုပ်လာနိုင်ပါသည်။

ဆရာတော်အား ဆွမ်း၊ ခဲဘွယ်၊ ဘောဇဉ်တို့ကို အမြဲလိုလို ကပ်လှူနေကြသည့် ပတ်လည်အင်းရွာမှ သစ်စက်ပိုင်ဦးဆန်းမြင့်၊ ဇနီးဒေါ်သန်းဆင့်တို့ မိသားစုတို့က ဆရာတော်၏သန္တာန်မှာ ရောဂါဝေဒနာတွေ ထပ်မံဖြစ်မပေါ်လာမှာ တွေးပြီး စိုးရိမ်နေကြသည်။

နေ့ရောညပါ ဘုရားလိုဏ်ဂူအတွင်းမှာချည်း သီတင်းသုံး နေထိုင်တော်မူရပါလျှင် အုတ်ခိုးအုတ်ငွေ့ရိုက်ပြီး ကျန်းမာရေး ထပ်မံ ထိခိုက်လာမှာ စိုးရိမ်ကြသည်။ သို့ဖြစ်၍ ထရံကာ၊ ကပ်မိုး/အသား ကမ္မဋ္ဌာန်း ကျောင်းလေးတစ်ဆောင် ဆောက်လုပ်ပြီး လှူဒါန်းလိုပါကြောင်း ဦးဆန်းမြင့်+ဒေါ်သန်းဆင့်တို့ မိသားတစ်စုက လျှောက်ထားရာ ဆရာတော်က ဝမ်းမြောက်ဝမ်းသာ လက်ခံတော်မူလိုက်သည်။

ယောဂါဝစရ ပုဂ္ဂိုလ်တို့ နေထိုင်ရာ ကမ္မဋ္ဌာန်းကျောင်းလေးဟုဆိုသော်လည်း ဆရာတော် ချမ်းချမ်းသာသာ ကျယ်ကျယ်ဝန်းဝန်းလေး နေနိုင်ရန်အတွက် အလျား (၂၄) ပေ၊ အနံ (၁၂) ပေရှိ အသားကြမ်းခင်း ထရံကာ/ကပ်မိုး ကမ္မဋ္ဌာန်းကျောင်းကို သပ်သပ်ရပ်ရပ်လေး စီမံဆောက်လုပ်ပြီး ဦးဆန်းမြင့်+ဒေါ်သန်းဆင့်မိသားတစ်စုတို့က ဆရာတော်အားဆပ်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ပါး ဦးဆန်းမြင့်+ဒေါ်သန်းဆင့်တို့ မိသားတစ်စုကပင် ရေလောင်းအိမ်သာဟူ၍ ခေါ်ဆိုကြသည့် ကိုယ်လက် သန့်စင်ရာ ဝစ္စကုဋီတစ်လုံးကို ဆောက်လုပ်ပြီး ဆရာတော်အား လှူဒါန်းကြပြန်သည်။

## ရေကန် လှူဒါန်းခြင်း

သီတင်းသုံးတောင်ထိပ်ရှိ အရပ်ာအောင်သိဒ္ဓိ စေတီတော်ကြီးကို ခံတက်ချဉ်စိုက်ကွင်းမှူး ဦးလုကြိုင်ဦးစီး ခေါင်းဆောင်ပြုလုပ်ပြီး ခံတက်ချဉ်စိုက်ကွင်းမိသားတစ်စုတို့က စုပေါင်းပြီး တည်ထားခြင်း ဖြစ်ကြောင်း အထက်တွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။ ယခုအခါ ထိုအရပ်ာ အောင်သိဒ္ဓိစေတီတော်ကို ယခုလက်ရှိ ခံတက်ချဉ်စိုက်ကွင်းမှူး ဦးတင်စိန်ကဦးစီးပြီး ခံတက်ချဉ်စိုက်ကွင်း မိသားစုတို့ကပင် ဆက်လက်ထိန်းသိမ်း ပြုပြင်နေကြသည်။

တစ်ရက်တွင်မူ ဘုရားဒကာများဖြစ်ကြသည့် စိုက်ကွင်းမှူး ဦးတင်စိန်၊ လက်ထောက်ဦးသောင်းလှ၊ ဦးဝင်းကြိုင်၊ ဦးပန်းကြိုင်၊ ဦးမြင့်သန်းတို့သည် ဆရာတော်ထံလာရောက်ကြပြီး ဆရာတော်အား ဖူးမြော်ကန်တော့ကြသည်။ ဆရာတော်နှင့် ဓမ္မပဋိသန္ထာရ စကားများ ပြောကြား လျှောက်ထားကြသည်။

တရားစကားများပြောကြားပြီးနောက် စိုက်ကွင်းမှူး ဦးတင်စိန်တို့အဖွဲ့သည် ဆရာတော်သီတင်းသုံးရာ ကျောင်းပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှုပြီးနောက် ဆရာတော်ထံ တစ်ဖန်လာရောက်ကြပြီးလျှင် "ဆရာတော် အလိုရှိရာ မိန့်တော်မူပါ။ ဆရာတော် လိုအပ်ရာကို တပည့်တော်များလှူပါရစေ။ တပည့်တော်တို့အား သနားသဖြင့် လှူဒါန်းခွင့် ချီးမြှင့်တော်မူပါဘုရား" ဟု လျှောက်ထားကြပြန်သည်။

ထိုအခါ ဆရာတော်က ရေကန်လေးတစ်လုံးရှိမည်ဆိုလျှင် သင့်တော်မည်ထင်ကြောင်း အမိန့်ရှိလိုက်ရာ စိုက်ကွင်းမှူးဦးတင်စိန်တို့အဖွဲ့သည် ဝမ်းမြောက်ဝမ်းသာစွာဖြင့် ရေကန်လေးတစ်လုံး အမြန်တည်ဆောက်ကြပြီး ဆရာတော်အား လှူဒါန်းကြပေသည်။

ယခုလို ဆွမ်းဝတ်တည်ထားပြုစုခွင့်ရရုံမျှ မကမူ၍ ကျောင်း ဆောက်ခြင်း၊ ရေကန်တည်ခြင်း၊ ဝစ္စကုဋီ (ရေလောင်းအိမ်သာ) ပြုလုပ်ခြင်းစသော ကုသိုလ်ကောင်းမှုတွေပါ ပြုလုပ်ခွင့်ရကြသဖြင့် ဆရာတော်၏ တပည့်ဒကာ/ဒကာမတွေမှာ ဝမ်းသာကြည်နူး၍ မဆုံးနိုင်အောင်ဖြစ်နေကြသည်။

## ကုသိုလ်တွေ နေ့စဉ်ခွဲဝေယူ

အငြိမ်းဓာတ်ရရေးအတွက် အငြိမ်းဓာတ် ရှာဖွေစဆောင်း နေသည့် ဆရာတော်ကိုအကြောင်းပြုပြီး အငြိမ်းဓာတ်ရရာရကြောင်း ကုသိုလ်ကောင်းမှုတွေကို ကိုယ်စီကိုယ်စီလုပ်ဆောင်ခွင့် ရနေကြသဖြင့် အရပဲအောင်သိဒ္ဓိစေတီတော်တည်ရှိရာ ဤသီတင်းသုံးတောင်ကုန်းလေးသည် ဦးဆန်းမြင့်+ဒေါ်သန်းဆင့် မိသားစုနှင့်တကွ စိုက်ကွင်းမှူး ဦးတင်စိန်ခေါင်းဆောင်သည့် ခံတက်ချဉ်စိုက်ကွင်းမိသားစု တပည့် ဒကာ/ဒကာမတွေ အားလုံးအတွက် ကုသိုလ်တရားတွေ ပေါက်ဖွားပေးရာ (သဲကန္တာရတည်းမှ အိုအေစစ်အလား) အဓိကရဌာန အဓိကရတောင်ကုန်းလေးတစ်ခု ဖြစ်နေပေတော့သည်။

ယခုလို အဓိကရဖြစ်သည့် တောင်ကုန်းလေးပေါ်မှာ ဆရာဒကာ လက်တွဲညီညာ ပျော်ရွှင်စွာဖြင့် အငြိမ်းဓာတ်ရကြောင်း ကုသိုလ်ကောင်းမှုတွေ အသီးသီး ပြုနေကြခြင်းဖြင့် ကုသိုလ်ကောင်းမှုတွေကို ဝေပုံကျနေ့စဉ်ခွဲဝေယူနေကြသလို ဖြစ်နေသည့်အတွက် ဤမြင်ကွင်းမှာ နေ့ည အချိန်မခါမရွေး စိတ်ချမ်းမြေ့ဖွယ် ကြည်နူးဖွယ် ကောင်းလှပါပေသည်။

## ဆရာကြီးဦးထွန်းသင် ကွယ်လွန်သွားပြီတဲ့

၁၃၅၉ ခု ဝါခေါင်လဆန်း (၄) ကြာသပတေးနေ့၌ ပတ်လည်အင်းရွာမှ ကျောင်းဒကာဦးဆန်းမြင့်+ဒေါ်သန်းဆင့်တို့သည် အကြောင်းကိစ္စတစ်ခုဖြင့် စစ်ကိုင်းကျစ္စာချောင်သို့ သွားရောက်ကြပေသည်။ ကျစ္စာချောင်တိုက်အုပ်ဆရာတော် ဦးသဒ္ဓမ္မဓဇနှင့် အာလ္လာပသလ္လာပ စကားတွေ ပြောကြားပြီးနောက် မမျှော်လင့်သည့် သတင်းတစ်ခု ဦးဆန်းမြင့်တို့ ကြားလိုက်ရသည်။

ထိုသတင်းကား အခြားမဟုတ်ပေ။ မန္တလေးမြို့၊ ဆေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဆရာတော်၏ ကျေးဇူးရှင် ဆရာကြီးဦးထွန်းသင် မနေ့က (လဆန်း (၃) ရက်နေ့က) ကွယ်လွန်သွားပြီ ဖြစ်ကြောင်း သတင်းဆိုးကြီးတစ်ခု ကြားသိလိုက်ရခြင်းပင် ဖြစ်သည်။

စစ်ကိုင်းမှ ပြန်လာပြီးနောက် ဤသတင်းစကားကို ဆရာတော်အား အသိပေးပြောကြားရန် သင့်/မသင့် မိသားစု တိုင်ပင်ကြသည်။ ဆရာတော်မှာ ယခုလောလောဆယ် ကျန်းမာရေးအခြေအနေ ကောင်းနေသော်လည်း နှလုံးရောဂါအခံ ရှိထားသူဖြစ်သည်။ ပြောကြားလိုက်သည့်အတွက် ဆရာတော်အား မည်သည့် အန္တရာယ်မျိုးမှ မဖြစ်ပေါ်ပါဘူးဆိုလျှင် တော်ပေသေး၏။

အကယ်၍ အသက်အန္တရာယ်မျိုးနှင့် ကြုံတွေ့ခဲ့သော်လည်းကောင်း၊ တောရဆောက်တည်၍ ဓကစာရီ ကျင့်သုံးနေသော ဆရာတော်အား ဓမ္မန္တရာယ်မျိုး ဖြစ်ပွားခဲ့သော်လည်းကောင်း၊ ငါတို့မှာ နောင်တ တရား၏ နှိပ်စက်မှုဒဏ် အမြဲတမ်းခံရပေတော့မည်။ ဆတ်ဆော့၍ ပြောရကောင်းလားဆိုပြီး ဝိုင်းဝန်းကဲ့ရဲ့ ရှုတ်ချမှုဒဏ်ခံကြရပေမည်။ သို့ဖြစ်၍ မပြောဆိုရန် နှုတ်ပိတ်နေခြင်းသည်သာ အကောင်းဆုံးဖြစ်ပေလိမ့်မည်ဟု ဦးဆန်းမြင့်မိသားစုက ခံယူထားလိုက်ကြသည်။

## ရုပ် ငါ ကွဲဖို့သာလို

နောက်တစ်နေ့ နံနက် ၁၃၅၉ ခု ဝါခေါင်လဆန်း (၅) ရက် သောကြာနေ့ နံနက် (၉) နာရီအချိန် ဆရာတော်နေ့ဆွမ်းဘုဉ်းပေးတော်မူပါသည်။ ဦးဆန်းမြင့်လည်း အချိန်မီ သွားရောက်ဆွမ်းကပ်ပါသည်။ ဆရာတော် ဆွမ်းဘုဉ်းပေးနေစဉ် ဦးဆန်းမြင့် ဝေယျာဝစ္စတွေလုပ်နေပါသည်။

ဆရာတော်ဘုဉ်းပေးပြီးနောက် မုန့်ခဲဘွယ်ဘုဉ်းပေးချိန်မှာတော့ မျိုသိပ်အောက်အည်း၍ မထားနိုင်ဖြစ်လာသည့်အတွက် ဆရာကြီးဦးထွန်းသင် ကွယ်လွန်သွားပြီဖြစ်ကြောင်း ယနေ့ ရှုပနကိစ္စ ဆောင်ရွက်ကြမည် ဖြစ်ကြောင်းဖြင့် စစ်ကိုင်းမြို့သို့ သွားရောက်စဉ်က ကြားသိရသမျှ သတင်းအဖုံဖုံကို မချွင်းမချန် အကုန်အစဉ်ပင် ဦးဆန်းမြင့်က အရဲစွန့်ပြီး လျှောက်ထားမိလိုက်တော့သည်။

ကျောင်းဒကာဦးဆန်းမြင့်ထံမှ မျှော်လင့်မထားသည့် သတင်းမျိုး ရုတ်တရက် ကြားသိလိုက်ရသော်လည်း ဆရာတော့် သန္တာန်မှာ ထူးထူးခြားခြားကြီး တုန်လှုပ်သွားမှုမျိုး မမြင်တွေ့ရပါ။ ရုပ်နာမ် ခန္ဓာတို့၏ သဘာဝအမှန်တရားကို သိရှိနားလည်ထား၍ ဖြစ်ပါလိမ့်မည်။ မှန်ပါသည်။

၁။ မအိုဖို့ရာ - ဆုပန်ထွာလျက် - ဓာတ်စာဆေးဝါး- ယတြာများဖြင့် - ကြိုးစားကုလည်း- အမိုပဲ အိုမြဲအိုရသည်။

၂။ မနာဖို့ရာ - ဆုပန်ထွာလျက် - ဓာတ်စာဆေးဝါး- ယတြာများဖြင့် -ကြိုးစားကုလည်း-အမိုပဲ နာမြဲနာရသည်။

၃။ မသေဖို့ရာ - ဆုပန်ထွာလျက် - ဓာတ်စာဆေးဝါး- ယတြာများဖြင့်-ကြိုးစားကုလည်း-အမိုပဲ သေမြဲသေရသည် ဆိုသည့် ရုပ်နာမ်ခန္ဓာတရားတို့၏ ပင်ကိုယ်သဘာဝအမှန်တရားတွေကို ဆရာတော်က သိမြင်ထားပြီးဖြစ်သည်။

ဤနေရာ၌ ရုပ် ငါ ကွဲဖို့သာလိုသည်။ ရုပ် ငါ အလုပ်တွေကို ခွဲခြားသိထားရန်လိုသည်။ သို့မှ တုန်လှုပ်မှုနည်းပါးမည်။ ရုပ်နာမ်တို့သည် နေ့ညအချိန်မရွေး အိုဖို့ရန်သာ အလုပ်လုပ်နေကြသည်မဟုတ် နာဖို့ရန်လည်း အလုပ်လုပ်နေကြသည်။ ထို့ပြင် ရုပ်နာမ်တို့သည် နေ့ညအချိန်မရွေး သေဖို့ရန်လည်း အလုပ်လုပ်နေကြသည်။ အိုဖို့ - နာဖို့ - သေဖို့ အလုပ်တွေသည် ရုပ်နာမ်တို့၏ ပင်ကိုယ်ကိုယ်ပိုင်အလုပ်တွေဖြစ်သည်။

အို-နာ-သေ လွတ်ရာရှာဖို့အလုပ်သည် ငါ့အလုပ်သာဖြစ်သည်။ အငြိမ်းဓာတ်ရရန် ရှာဖွေရေးအလုပ်သည် ငါ့အလုပ်သာဖြစ်သည်ဟု ဆရာတော်က ရုပ်+ငါ ခွဲခြားနားလည်ထားသူဖြစ်သည်။ ထို့ကြောင့် တုန်လှုပ်ချောက်ချားမှု မဖြစ်သည်ကို တွေ့မြင်ရခြင်း ဖြစ်ပေလိမ့်မည်။

## အများဆိုင် တရားကြီး

ထို့ပြင် ယခုလို သေခြင်းတရားမျိုးသည် ဆရာကြီး

ဦးထွန်းသင် တစ်ဦးတစ်ယောက်ထဲနှင့်သာ သက်ဆိုင်သောတရားမျိုး မဟုတ်ချေ။ အများနှင့်သက်ဆိုင်သည့် တရားတို့ဖြစ်သည်။ တစ်မြို့တစ်ရွာတည်းနှင့်သာ သက်ဆိုင်သောတရားမျိုးမဟုတ်။ ရွာတိုင်း၊ မြို့တိုင်းနှင့် သက်ဆိုင်သည့် တရားမျိုးဖြစ်သည်။

ထိုမှတစ်ပါး တစ်နိုင်ငံတည်းနှင့်သာ သက်ဆိုင်သောတရားမျိုးမဟုတ်။ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းနှင့် သက်ဆိုင်သောတရားမျိုးဖြစ်သည်။ လူတို့နေထိုင်ရာ လူ့ဘုံနှင့်သာ သက်ဆိုင်သောတရားမျိုးလဲမဟုတ်။ သုံးဆယ့်တစ်ဘုံနှင့်သာ သက်ဆိုင်သောတရားတို့သာဖြစ်သည်။ (သို့မဟုတ်) ၃၁ ဘုံအတွင်းရှိ သက်ရှိသတ္တဝါမှန်သမျှနှင့် သက်ဆိုင်သည့် အများဆိုင်တရားမျိုးသာဖြစ်သည်ဟု သိရှိနားလည်ပြီးဖြစ်၍ ဆရာတော်မှာ တုန်လှုပ်ချောက်ချားမှု မရှိခြင်းလည်း ဖြစ်ပါလိမ့်မည်။

## နောက်ဆုံးချီးမြှောက်တော်မူခြင်း

ထိုနေ့မနက်က ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးဆုံးသွားသည့်အခါ ရုတ်တရက် ဆရာတော်က ဦးဆန်းမြင့် ကားပါသေးလား။ ဘုန်းကြီးမန္တလေးသွားချင်တယ်။ ဆရာကြီး ဦးထွန်းသင်ဆိုတာ ဘုန်းကြီးတို့ရဲ့ အသက်သခင်ကျေးဇူးရှင်ကြီးဖြစ်တယ်။ တကယ်တော့ ဘုန်းကြီးသာမဟုတ်ပါဘူး၊ စစ်ကိုင်းတောင်မှာ နေထိုင်တော်မူကြတဲ့ ဆရာတော်၊ သံဃာတော်၊ သီလရှင်များရဲ့ အသက်သခင်ကျေးဇူးရှင်ကြီးဆိုလည်း မမှားပါဘူး၊ အခုလို ရဟန်းရှင်လူပြည်သူတို့အား ဆေးပညာဖြင့် ကျေးဇူးပြုနေတဲ့ ဆရာဝန်ကြီးတစ်ယောက်ရဲ့ ဈာပန နောက်ဆုံးခရီးကို သွားရောက်ချီးမြှောက်ချင်တယ်၊ မချီးမြှောက်မိရင် ဘုန်းကြီးမှာ နောင်တတွေရနေပေလိမ့်မည်ဟု ပြောဆိုတော်မူသည်။

ထိုအခါ ကျောင်းဒကာ ဦးဆန်းမြင့်က ကားပါလာပါကြောင်း၊ အဆင်ပြေအောင် စီစဉ်ပေးပါမည်ဖြစ်ကြောင်း လျှောက်ထားလိုက်သဖြင့် ဆရာတော်သည် ယနေ့ (၈-၈-၉၇) ပြုလုပ်မည့် ဆရာကြီး ဦးထွန်းသင်၏ ဈာပနပွဲအမီ ဦးဆန်းမြင့်ကားနှင့်ပင် မန္တလေးကြွတော်မူသည်။

ဆရာတော်သည် ဆရာကြီးဦးထွန်းသင်၏ ရုပ်ကလာပ်ရှိရာ ဦးထွန်းသင်၏ နေအိမ်သို့ ကြွရောက်ပြီး ကျန်ရစ်သူမိသားစုတို့အား သံဝေဂကထာများ ဟောကြားမှု၊ သရဏဂုံတင်မှု၊ ရေစက်ချမှုစသည်တို့ကို ပြုလုပ်ပေးတော်မူခဲ့သည်။ ဆရာကြီးဦးထွန်းသင်၏ ရုပ်ကလာပ်ကို သုသာန်အထိ လိုက်ပို့ခြင်းဖြင့် ဆရာတော်က ချီးမြှောက်တော်မူခဲ့သည်။

သုသာန်အထိ လိုက်ပို့ပေးပြီးနောက် ဆရာတော်သည် မူလအစီအစဉ်ရှိထားသည့်အတိုင်း (စစ်ကိုင်းဘက်သွားရောက်ခြင်း မပြုမူ၍) ဦးဆန်းမြင့်ကားနှင့်ပင် သတင်းသုံးတောင်သို့ ပြန်လည်ကြွရောက်တော်မူသည်။

## မိတ်ဆွေကောင်း တပည့်ဒကာ/ဒကာမကောင်း

ဘောဇနသပ္ပါယ - ကျန်းမာရေးကို အထောက်အကူပြုသည့် စားသောက်ဖွယ်မျိုးစားသောက်ရခြင်း။

အာဝါသသပ္ပါယ - ကျန်းမာရေးကို အထောက်အကူပြုသည့် အဆောက်အဦမျိုး၌ နေထိုင်ရခြင်း။

ပုဂ္ဂလသပ္ပါယ - ကိုယ်စိတ်နှစ်ပါး ကျန်းမာရေးကို အထောက်အကူပြုသည့် ပုဂ္ဂိုလ်များနှင့် ပေါင်းသင်းနေထိုင်ရခြင်း။

ဥတုသပ္ပါယ - ကျန်းမာရေးကို အထောက်အကူပြုသည့် ရာသီဥတုမျိုး၌ နေထိုင်ရခြင်း။

ဆရာတော်သည် ရက်ပေါင်း (၁၂၀) သတ်မှတ်၍ အငြိမ်းဓာတ်ရှာဖွေရေး ဓမ္မခရီးရှည်ကြီးလျှောက်လှမ်းရန် သီတင်းသုံးတောင်ကုန်း၌ နေရာသတ်မှတ်ခဲ့သည်။ ရက်ပေါင်း (၁၂၀) သတ်မှတ်ရခြင်းမှာ ရက်ချုပ်၊ ဓာတာဖွဲ့ရာများတွင် အသက် (၁၂၀) ရှည်စေသော်ဝ်ဟု ပါတတ်လေရာ ဆရာတော်သည် ကျန်းမာရေး မကောင်း၍ ကျန်းမာရေးကောင်းလာစေရန် အငြိမ်းဓာတ်၊ ဓမ္မောသဓ တရားဆေးတော်ကြီးကို နေ့စဉ်မှီဝဲပြီး အသက် (၁၂၀) ရှည်စေရန် ရည်ရွယ်ဟန်တူတော်မူပါသည်။

ဆရာတော်သည် ရယ်ရွယ်ချက်ထားရှိသည့်အတိုင်း အငြိမ်း ဓာတ်ရရေးအလုပ်တွေကို အချိန်ဇယား သတ်မှတ်ပြီး ကြိုးစားရှာဖွေတော်မူပါသည်။ ယခုလို နေ့စဉ်ရက်ဆက် ရက်ရှည်လများ၊ အငြိမ်းဓာတ်ရရေး ကြိုးစားရှာဖွေနိုင်အောင် ဆရာတော်အား ကျန်းမာရေး အထောက်အကူပြုသည့် စားသောက်ဖွယ်မျိုး (ဘောဇနသပ္ပါယ) ဖြစ်အောင် တပည့်ဒကာ/ဒကာမတွေက ကူညီပံ့ပိုးပေးခဲ့ကြသည်။

ကျန်းမာရေးအထောက်အကူပြုသည့် အဆောက်အဦမျိုး (အာဝါသသပ္ပါယ) ဖြစ်အောင်လည်း တပည့်ဒကာ/ဒကာမတွေက အကူညီပေးခဲ့ကြသည်။ အငြိမ်းဓာတ်ရရန် ဝိုင်းဝန်းရှာဖွေပေးကြသည်။ ထို့ပြင် ပုဂ္ဂလသပ္ပါယ၊ ဥတုသပ္ပါယ ဖြစ်အောင်လည်း စီစဉ်ပေးကြသည်။

တရားမြတ်ရရေး၊ အငြိမ်းဓာတ်ရရေးတို့၌ မိတ်ကောင်းဆွေကောင်းတို့သည်။ အကူအညီ အထောက်အပံ့မှာ ထက်ဝက်ပါပါသည်ဟု ဗုဒ္ဓမြတ်စွာကမေး၍ အရှင်အာနန္ဒာမထေရ်က လျှောက်ထားမိရာ ဗုဒ္ဓအရှင်တော်မြတ်ကြီးက တစ်ဝက်မဟုတ်၊ အပြည့်အဝပင်ပါပေသည်ဟု ပြင်ဆင်ချက်ပေးခဲ့ဘူးသည်။ ဤမျှ မိတ်ဆွေကောင်းတို့၏ ပံ့ပိုးမှုက အရေးပါလာကြောင်း တွေ့ရပေသည်။

## ကြည်နူးမှုတွေ မျှဝေခံစား

မိတ်ကောင်း ဆွေကောင်းတို့၏ အရေးပါပုံကို မြင်သာထင်သာအောင် ဥပမာဆောင်ပြီးပြောရလျှင် ဟိမဝန္တာတောင်တန်းကြီးကိုအမှီပြု၍ ထိုဟိမဝန္တာတောင်တန်းကြီး၌ ပေါက်ရောက်နေကြကုန်သော တောစိုး သစ်ပင်ကြီးငယ်အသွယ်သွယ်တို့သည် အပွေး၏ကြီးပွားခြင်း၊ အကာ၏ကြီးပွားခြင်း၊ အခေါက်၏ကြီးပွားခြင်း၊ အသား၏ကြီးပွားခြင်း၊ အနှစ်၏ကြီးပွားခြင်းတို့ဖြင့် အမြဲ ကြီးပွားနေကြသည်။

ထိုမှ အပြန်အားဖြင့် ကြည့်လျှင်လည်း ဟိမဝန္တာ တောင်တန်းကြီး၌ တောစိုးသစ်ပင်ကြီးငယ် အသွယ်သွယ်တို့ ပေါက်ရောက်ရှိနေမှုကြောင့် ရာသီဥတုတွေမျှတပြီး ဟိမဝန္တာ တောင်တန်းကြီးကလည်း မပျက်မစီး ယနေ့တိုင်ကြီးပွားလျက် ရက်တည်နေနိုင်ကြ ခြင်းပင်ဖြစ်ပေသည်။

ကိုင်းကို ကျွန်းမှီ၊ ကျွန်းကိုကိုင်းမှီ ဆိုသည့်စကားကို ဆရာတော့်ကို အမှီပြု၍ တပည့်ဒကာ၊ ဒကာမတွေမှာ အငြိမ်းဓာတ် နိဗ္ဗာန်ရကြောင်း ကုသိုလ်ကောင်းမှုကို နေ့စဉ်စီးပွားခွင့်ရနေကြ ပေသည်။ တပည့်ဒကာ၊ ဒါယိကာမတွေကို အမှီရပြီး ဆရာတော့် မှာလည်း အငြိမ်းဓာတ် နိဗ္ဗာန်ရကြောင်း တရားကောင်းတွေကို နေ့စဉ် စီးပွားခွင့်ရနေပေပြီဟု ဝမ်းသာကြည်နူးမှုတွေကို ဆရာဒကာ အပြန်အလှန် မျှဝေခံစားနေ ကြပေသည်။



## ဆရာဒကာ လက်တွဲကာ

ကြည်နူးဝမ်းမြောက်မှု ပီတိပါမောဇ္ဇတရားတွေ အရှိန်တွေ ကြောင့် ဆရာတော်၏ ကျန်းမာရေးမှာ တစ်နေ့တခြားဆိုသလို အထူးကောင်းမွန်လာနေပါသည်။ ဤပုံဤနည်းဖြင့် ဆရာတော်၏ အငြိမ်းဓာတ်ရရေး တရားမြတ်ရှာဖွေရေးလုပ်ငန်းမှာ ရက်ပေါင်း ၁၂၀ ပြည့်ပြီဖြစ်၍ ဝမ်းသာကြည်နူးမှု ပီတိပါမောဇ္ဇတရားတွေကို မျှဝေခံစားလျက် ယနေ့ တရားစခန်းသိမ်းပွဲအောင်မြင်စွာကျင်းပပြု လုပ်နိုင်ပါပြီ ဖြစ်တည်း။

ဆရာတော်သည် ထိုတပည့်ဒကာ/ဒကာမတို့၏ ကျေးဇူး ကြီးမားပုံကို သိတော်မူသည့်အတွက် ထိုတပည့်ဒကာ/ဒကာမတို့ အား ကျေးဇူးပြန်ဆပ်သည့်အနေဖြင့် -

ဆရာဒကာ လက်တွဲကာ သာသနာပြုကြမည်။

အမြတ်စခန်း နိဗ္ဗာန်နန်း ကြိုးစားရှာကြမည်။

အငြိမ်းဓာတ်ပေး တရားဆေး မနေ့သောက်ကြမည်။

ဟု ဆရာတော်က အမိန့်ရှိတော်မူကာ ခံတက်ချဉ်စိုက်ကွင်း၌ ထိုနှစ်မှစ၍ နှစ်စဉ်နှစ်တိုင်း (၁၀) ရက်တရားစခန်းပွဲများ ဖွင့်ပေးတော်မူခဲ့ပေသည်။

## မဟာအတုလရံသီ ဓမ္မရိပ်သာသို့

ကိုမြသောင်းရေ၊ အခုပြောခဲ့သလို ဘုန်းကြီးမှာ လွန်ခဲ့သည့် (၁၃၅၉) ခုနှစ်က ခံတက်ချဉ်စိုက်ကွင်း သီတင်းသုံးတောင်ကုန်း၌ နေထိုင်ခဲ့စဉ်က အတွေ့အကြုံကို ရရှိပြီးသား ဖြစ်နေလေတော့ ယနေ့ လက်ရှိအချိန်မှာ အနားယူမှုဖြစ်မယ်ဆိုတာ ဘုန်းကြီးသိနေ ပါတယ်။ ကိုမြသောင်းတို့ ပြောကြတာကိုလည်း ကျေးဇူးတင်ပါ တယ်။

ဒါကြောင့် မန္တလေးညိမ်းဆေးခန်းမှာ နေစဉ်က ညိမ်းဆေး ခန်းမှ ဆရာဝန်သမားတော်ကြီးများက ဆင်းသက်ခွင့်ပေးလာရင် စစ်ကိုင်းတောင်ရိုးသို့ ပြန်လည်၍ မိမိနေထိုင်ရာကျောင်းထဲမှာ ပဲ တရားတော်ဖြင့် အနားယူမယ်လို့ ပြောခဲ့ခြင်းဖြစ်ပါတယ်။

ဘုန်းကြီးယနေ့ ၁၃၇၀ ခု တပို့တွဲလဆုတ် (၈) ရက်၊ ၂၀၀၉ခု ဖေဖော်ဝါရီလ (၁၇) ရက် အင်္ဂါနေ့ညနေ ၅ နာရီအချိန် တရားဖြင့်အနားယူနိုင်ရန်အတွက် ကျစွာချောင်အထပ်တိုက် မဟာ အတုလရံသီ ဓမ္မရိပ်သာမဟာထေရာဝါစကြီး စံကျောင်းတော်သို့ ပြောင်းရွှေ့ သီတင်းသုံးနေထိုင်ပါမယ်ဟု ပြောဆိုပြီး ဆရာတော်က မိမိပြောလက်စ စကားကို နိဂုံးချုပ်လိုက်ပါသည်။

## အကြောင်းကောင်းမှ အကျိုးကောင်းမည်

ဆရာတော်သည် ကျစ္စာချောင်အထက်တိုက် မဟာအတုလရံသီဓမ္မရိပ်သာမဟာထေရာဝစကြံ စံကျောင်းတော်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူပြီးနောက် ဆရာတော်သည် မြတ်ဗုဒ္ဓ၏ (၄၅) နှစ်တိုင် သာသနာပြုအလုပ်တော်ကြီးကို အားကျပူဇော်သောအားဖြင့် မိမိ၏ အငြိမ်းဓာတ်ရှာဖွေရေး အမိဌာန်အလုပ်ကို အစပထမ (၄၅) ရက် သတ်မှတ်ထားလိုက်သည်။

နောက်တော့ ဗုဒ္ဓမြတ်စွာ၏ (၄၅) နှစ်တာ သာသနာပြုအလုပ်တော်ကြီးသည် အကျိုးတရားဖြစ်သည်။ (၄၅) နှစ်တာ သာသနာပြုအလုပ်တော်ကြီးကို လုပ်ကိုင်ရန်အတွက် အစာရေစာ မဘုဉ်းပေး၊ ရေစင်တော်မျှသောက်တော်မမူ၊ မျက်နှာတော်သစ်ခြင်း၊ ကျင်ကြီးကျင်ငယ်စွန့်ခြင်း၊ အိပ်အလုပ်တွေကို လုံးဝပြုတော်မမူဘဲ နေတော်မူခဲ့သည်။ ဈာနသမာပတ်၊ ဖလသမာပတ်အကျင့်ဖြစ်သည့် သတ္တဌာနအကျင့် မြတ်ကိုသာ (၄၉) ရက်တိတိကျင့်သုံးတော်မူလိုက်သည်။

သတ္တဌာနအကျင့်မြတ်ကို (၄၉) ရက်တိတိ ကျင့်သုံးတော်မူလိုက်သည့်အတွက်ကြောင့် (၄၅) နှစ်တာသာသနာပြုခရီးရှည်ကြီးကို ဗုဒ္ဓမြတ်စွာ လျှောက်လှမ်းနိုင်ခြင်း ဖြစ်သည်။ ဤသဘောတရားကို သိတော်မူသည့်အတွက် အကြောင်းကောင်းမှ အကျိုးကောင်းသည့်မူအရ ဆရာတော်သည် အကြောင်းတရားဖြစ်သည့် သတ္တဌာနအကျင့်မြတ်ကို ပူဇော်သည့်အနေဖြင့် (၄၅) ရက်မှ (၄၉) ရက်အထိ အမိဋ္ဌာန်ဝင်ရောက် ပြောင်းရွှေ့ သတ်မှတ်လိုက်ခြင်းဖြစ်သည်။

## ပလ္လင် သတ္တာဟ

မှန်ပါသည်။ ဘုရားအဖြစ်သို့ ရောက်တော်မူစ (ပွင့်တော်မူစ) ဂေါတမဗုဒ္ဓမြတ်စွာသည် ဗောဓိပင်ခြေပလ္လင်ဖွေထက်၌ ထက်ဝယ်ဖွဲ့ခွေ သီတင်းသုံးတော်မူနေစဉ် စတုတ္ထဈာန်သမာပတ်၊ ဖလာသမာပတ် တို့ကို ဝင်စားတော်မူလျက် (၇) ရက်တိုင်တိုင် ပလ္လင်တော်ပေါ်နေရာ ၌ ထကြွတော်မမူဘဲ ထိုင်နေတော်မူခဲ့သည်။

ထိုသို့ သီတင်းသုံးတော်မူခဲ့သော ပလက်သတ္တာဟအဖြစ် စံနေတော်မူသည့် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်အာရုံပြုလျက် ဆရာတော်သည် တပို့တွဲလပြည့်ကျော် (၈) ရက်ညနေမှ တပေါင်းလဆန်း (၁) ရက် ညနေအထိ (၇) ရက်တိုင်တိုင် အားထုတ်အပ်သော တရားဖြင့် ပူဇော်ခြင်း ဖြစ်သည်။

## အနိမိသ သတ္တာဟ

ပွင့်တော်မူစ ဗုဒ္ဓမြတ်စွာသည် ထိုပလ္လင်တော် မှ တစ်ထောက် အရှေ့မြောက်အနီးအရပ်၌ ဗောဓိပင်နှင့် ရွှေပလ္လင်တော်ရှိရာဘက်သို့ ခြေစုံရပ်ကာ မမိုတ်သော မျက်လုံးတော်အစုံ ပီတိတော်အဟုန်ဖြင့် စိမ်းစိမ်းကြီး ငုံလင့်ရှုစားလျက် (၇) ရက်တိုင်တိုင် သီတင်းသုံး နေထိုင်တော်မူခဲ့သည်။

ထိုသို့ သီတင်းသုံးတော်မူခဲ့သော အနိမိသသတ္တာဟအဖြစ် စံနေတော်မူသည့် မြတ်စွာဘုရားရှင်၏ ဂုဏ်ကို အာရုံပြုလျက် ဆရာတော်သည် တပေါင်းလဆန်း (၁) ရက်နေ့ညနေမှ တပေါင်း လဆန်း (၈) ရက်ညနေအထိ (၇) ရက်တိုင်တိုင် အားထုတ်အပ်သော တရားတော်ဖြင့် ပူဇော်ခြင်းဖြစ်သည်။

## စင်္ကမ သတ္တာဟ

ထို့နောက်တစ်ဖန် ပွင့်တော်မူစဗုဒ္ဓမြတ်စွာသည် မမိုတ်သော မျက်လုံးတော်အစုံဖြင့် ကြည့်ရှုတော်မူရာ အနိမိသကုန်းတော်နှင့် ဗောဓိပင်ရွှေပလ္လင်တို့အကြားဝယ် အရှေ့နှင့်အနောက် လူးလားတုံ့ခေါက်စင်္ကြံလျှောက်လျက် (၇) ရက်တိုင်တိုင် ဘုရားဖြစ်ရာ ဓမ္မလမ်းစဉ်ကို ဆင်ခြင်တော်မူရင်း သီတင်းသုံးနေတော်မူခဲ့သည်။

ထိုသို့ ဆင်ခြင်တော်မူလျက် သီတင်းသုံးနေတော်မူခဲ့သည့် စင်္ကမသတ္တာဟအဖြစ် စံနေတော်မူသော မြတ်စွာဘုရားရှင်၏ ဂုဏ်ကို အာရုံပြုလျက် ဆရာတော်သည် တပေါင်းလဆန်း (၈) ရက်နေ့ညနေမှ တပေါင်းလပြည့်နေ့ ညနေအထိ (၇) ရက်တိုင်တိုင် အားထုတ်အပ်သော တရားတော်ဖြင့် ပူဇော်ခြင်းဖြစ်သည်။

## ရတနာဃရ သတ္တာဟ

စင်္ကြံလှမ်းတော်မူရာမှ မဟာဗောဓိပင်၏ မြောက်ဘက်အရပ် အနီးအပါးရှိ ရတနာဃရမြတ်ဌာန၌ အဘိဓမ္မာ (၇) ကျမ်းကို အစဉ်အတိုင်း ဆင်ခြင်တော်မူခဲ့ရာ ပဋ္ဌာန်းကျမ်းတော်ကြီးကို ဆင်ခြင်တော်မူလိုက်သည်နှင့် တစ်ပြိုင်နက် ဘုရားရှင်၏ ရွှေကိုယ်တော်မှ ညို၊ ရွှေ၊ နီ၊ ဖြူ၊ တစ်ဆူညိုမှောင်၊ အရောင်ပြိုးပြက်၊ တစ်ခဲနက်သော ရောင်ခြည်တော်ခြောက်ဆိုင်တို့သည် တစ်ပြိုင်တည်း ထွက်ကြွကွန့် မြူးတော်မူခဲ့ရာ ထိုရတနာဃရ မြတ်ဌာန၌လည်း (၇) ရက်တိုင်တိုင် သီတင်းသုံးတော်မူခဲ့သည်။

ထိုသို့ (ရောင်ခြည်တော်တွေ ကွန့်မြူးလျက်) သီတင်းသုံးစံနေတော်မူသည့် ရတနာဃရသတ္တာဟအဖြစ် စံနေတော်မူသော မြတ်စွာဘုရားရှင်၏ ဂုဏ်ကိုအာရုံပြုလျက် ဆရာတော်သည် တပေါင်းလပြည့်နေ့ညမှ တပေါင်းလပြည့်ကျော် (၇) ရက်ညနေအထိ (၇) ရက်တိုင်တိုင် အားထုတ်အပ်သော တရားတော်ဖြင့် ပူဇော်ခြင်းဖြစ်သည်။

## အဇပါလ သတ္တာဟ

ရတနာဃရ ရွှေအိမ်တော်၌ (၇) ရက်သီတင်းသုံးနေထိုင်တော်မူပြီးနောက် မဟာဗောဓိပင်၏ အရှေ့မလှမ်းမကမ်းအရပ်၌ရှိသော အဇပါလခေါ် ဆိတ်ကျောင်းညောင်ပင်၏ အောက်ခြေရင်းတွင် ဈာနသမာပတ်၊ ဖလသမာပတ်တို့ကို ဝင်စားလျက် သီတင်းသုံးနေတော်မူစဉ် တဏှာ၊ ရတီ၊ ရဂါအမည်ရှိသော မာရ်နတ်မင်း၏ သမီးသုံးယောက်တို့သည် မြတ်စွာဘုရားရှင်အား ကာမအာရုံ အဖုံဖုံ

တို့ဖြင့် အမျိုးစုံလောက်အောင် ညှို့ကာဖမ်းယူကြပေသည်။

ထိုသို့ (အာရုံတို့ဖြင့်) ဖမ်းယူကြသော်လည်း ဘုရားရှင်၏ စိတ်တော်သည် မြူမှုံလောက်တောင် တုန်လှုပ်ချောက်ချား ဖောက်ပြားခြင်းမရှိဘဲ တည်ငြိမ်အေးချမ်းစွာ ထိုအဇပါလညောင်ပင်ရင်းဝယ် (၇) ရက်တိုင်တိုင် သီတင်းသုံးတော်နေတော်မူခဲ့သည်။

ထို (ဆိတ်ကျောင်းညောင်ပင်၌) သီတင်းသုံး စမွာယ်တော်မူခဲ့သည့် အဇပါလသတ္တာဟ အဖြစ်စံတော်နေတော်မူသော မြတ်စွာဘုရားရှင်၏ ဂုဏ်ကိုအာရုံပြုလျက် ဆရာတော်သည် တပေါင်းလပြည့်ကျော် (၇) ရက်ညနေမှ တပေါင်းလပြည့်ကျော် (၁၄) ရက်ညနေအထိ (၇) ရက်တိုင်တိုင် အားထုပ်အပ်သော တရားတော်ဖြင့် ပူဇော်ခြင်းဖြစ်သည်။

## မုစလိန္ဒ သတ္တာဟ

ထိုမှတစ်ဖန် ဗုဒ္ဓမြတ်စွာသည် မဟာဗောဓိပင်နှင့် ရွှေပလ္လင်တို့၏ တောင်စူးစူး မနီးမလွန်း မဝေးလွန်းသောအရပ်ရှိ မုစလိန္ဒရေအိုင်ရှိရာဆီသို့ ကြွလှမ်းတော်မူခဲ့ရာ မိုးကြီးသည်းထန်စွာ ရွာသွန်းရကား မုစလိန္ဒနဂါးမင်းက ဘုရားရှင်အား မြင်လျှင်မြင်ခြင်း မုစလိန္ဒကန်အိုင်သာမှထွက်လာပြီး ဘုရားရှင်၏ ကိုယ်တော်မြတ်ကို အအေးဒဏ်ခံနိုင်အောင် မိမိ၏ ကိုယ်ကာယဖြင့် (၇) ခွေပတ်ကာ နွေးထွေးစေပြီးလျှင် မိုးရေဒဏ်မှ ကာကွယ်ပေးလို၍ မိမိ၏ ပါးပျဉ်းဖြင့် ဘုရားရှင်၏ ဦးခေါင်းတော်ကို မိုးတာန် ရွှေထီးပမာ ဖြန့်မိုးကာ နဂါးမင်းက ပူဇော်နေစဉ် ဘုရားရှင်သည် ထိုမုစလိန္ဒရေအိုင်တော်မြတ်၌ (၇) ရက်တိုင်တိုင် သီတင်းသုံးနေတော်မူခဲ့သည်။

ထို (နဂါးမင်း၏ အပူဇော်ကိုခံလျက်) သီတင်းသုံးတော်မူခဲ့သည့် မုစလိန္ဒသတ္တာဟအဖြစ် စံနေတော်မူသော မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကို အာရုံပြုလျက် ဆရာတော်သည် တပေါင်းလပြည့်ကျော် (၁၄) ရက်ညနေမှ နှောင်းတခူးလဆန်း (၆) ရက်ညနေအထိ (၇) ရက်တိုင်တိုင် အားထုပ်အပ်သော တရားတော်ဖြင့် ပူဇော်ခြင်းဖြစ်သည်။

## ရာဇာယတန သတ္တာဟ

ထိုမှတစ်ဖန် ဗုဒ္ဓမြတ်စွာသည် ယင်းမုစလိန္ဒာရေအိုင်မှ မြောက်ဘက်မဟာဗောဓိပင်ရှိရာသို့ တစ်ဖန်ကြွလှမ်းတော်မူလာပြီး မဟာဗောဓိပင်၏ တောင်ဘက်အနီးသို့ ရောက်တော်မူရာ ရာဇာယတနခေါ် လင်လွန်းပင်၏ခြေရင်း နေရာတော်၌ ဈာနသမာပတ်၊ ဖလသမာပတ်တို့ကို ဝင်စားလျက် (၇) ရက်တိုင်တိုင် သီတင်းသုံး နေထိုင်တော်မူခဲ့သည်။

ထိုသီတင်းသုံးနေတော်မူခဲ့သည့် ရာဇာယတနသတ္တာဟ အဖြစ် သီတင်းသုံးစမွာယ်တော်မူသော မြတ်စွာဘုရားရှင်၏ဂုဏ်ကို အာရုံပြုလျက် ဆရာတော်သည် နှောင်းတန်ခူးလဆန်း (၆) ရက်ညနေမှ နှောင်းတန်းခူးလဆန်း (၁၃) ရက်ညနေအထိ (၇) ရက်တိုင်တိုင် အားထုတ်အပ်သော တရားတော်ဖြင့် ပူဇော်ခြင်းဖြစ်သည်။

## နမ္မနာကောင်း အကျင့်မြတ်

ဗုဒ္ဓမြတ်စွာသည် ဘုရားရှင်တို့၏ ဓမ္မတာအလျောက် သက်တမ်းပြည့်မြောက်သည့်တိုင်အောင် ကျယ်ကျယ်ပြန့်ပြန့်ကြီး သာသနာပြုနိုင်ရေး (အကျိုးတရား) အတွက် သတ္တဋ္ဌာနအကျင့်မြတ်ကို ဦးစွာရွေးချယ်ပြီး ကျင့်တော်မူခဲ့သည်။

ယခုလို သတ္တဋ္ဌာနအကျင့်မြတ်ကို ရွေးချယ်ပြီး ရှေးဦးစွာ (ဦးစားပေးပြီး) ကျင့်တော်မူခဲ့၍သာ သက်တမ်းပြည့်အောင် သာသနာပြုအလုပ်တွေကို မနားမနေ လုပ်သွားတော်မူနိုင်ခြင်း ဖြစ်သည်။ မြတ်စွာဘုရား၏ သတ္တဋ္ဌာနအကျင့်မြတ် အလုပ်တွေက နမ္မနာကောင်းအဖြစ် ရှေးကရှိနှင့်ပြီးဖြစ်သည်။

ဆရာတော်သည် မြတ်စွာဘုရား၏လုပ်ရပ် မြတ်စွာဘုရား၏ လမ်းစဉ် သတ္တဋ္ဌာနအကျင့်မြတ်ကို အလေးထားလိုက်သည်။ သို့ဖြစ်၍ ဆရာတော်သည် မိမိ၏ဘဝတွင် ရေရှည်သာသနာပြုနိုင်ရေးအတွက် အဓိကအခန်းက ပါဝင်နေသည့် သတ္တဋ္ဌာန အကျင့်မြတ်ကို ဦးခိုက်လျက် ကျစွာချောင်အထက်တိုက် မဟာအတုလရံသီ ဓမ္မရိပ်သာ မဟာထေရာဝါသစကြံ စံကျောင်းတော်၌ သီတင်းသုံးနေတော်မူပြီးလျှင် အငြိမ်းဓာတ်တရား ရှာဖွေရေးအလုပ်ဖြင့် ပူဇော်နေခြင်းသာ ဖြစ်ပေတော့သည်။

## နိဂုံး

ဤမျှသော စကားအစဉ်တို့ဖြင့် 'အငြိမ်းဓာတ်ဖျန်းမြတ်ရဟန်း' ဖြစ်တော်မူသည့် ဆရာတော်၏ ဦးတည်ချက်၊ ရည်ရွယ်ချက်၊ အဓိကမျှော်လင့်ချက်တို့ကို စာရှုသူများ အထင်အရှားသိမြင်နိုင်လောက်ပါပြီ။

ဗုဒ္ဓရှင်တော်မြတ်ကြီးသည် ဝါသနာနှင့်အတူတကွ ကိလေသာအပူဟူသမျှ မြူမှုန်မျှ မကျန်ရအောင် လုပ်ဆောင်တော်မူပြီးလျှင် ကိုယ်တော်တိုင် အငြိမ်းကြီးငြိမ်းတော်မူပြီးဖြစ်သည်။ လူနတ်ဗြဟ္မာ ဝေနေယျတို့ကိုလည်း အပူကင်းဝေးပြီး အအေးကြီး အေးအောင် ကြိုးဆောင်ကာ အငြိမ်းဓာတ်တွေ ပက်ဖျန်းပေးတော်မူခဲ့သည်။

ဗုဒ္ဓရှင်တော်မြတ်ကြီးသည် လောကသုံးခွင် ဘုံအပြင်မှာ နှိုင်းယှဉ်ဖွယ်မရှိအောင် သီလဂုဏ်အားဖြင့် အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်၏။ သမာဓိဂုဏ်အားဖြင့် အသာဆုံး ပုဂ္ဂိုလ်ဖြစ်၏။ ပညာဂုဏ်အားဖြင့် အကြီးမားဆုံးပုဂ္ဂိုလ်ဖြစ်၏။

လောကတွင် ပုဂ္ဂိုလ်က အမြင့်မြတ်ဆုံး၊ အထက်တန်းအကျဆုံး ပုဂ္ဂိုလ်ဖြစ်နေပါလျှင် ထိုပုဂ္ဂိုလ်က အလေးအနက်ထားပြီး ကျင့်သုံးအပ်သော တရားသည်လည်း အမြတ်ဆုံးတရား၊ အသာဆုံးတရား၊ အကြီးမားဆုံးတရားပင် ဖြစ်တော့သည်။

အမြင့်မြတ်ဆုံးပုဂ္ဂိုလ်က အမြင့်မြတ်ဆုံးတရားကို ရရှိအောင် အတိအကျနည်းလမ်းကို ညွှန်ပြနိုင်ပါလျှင် ထိုကျင့်စဉ်နည်းလမ်းသည် အကောင်းဆုံးကျင့်စဉ် အကောင်းဆုံးနည်းလမ်းပင်ဖြစ်တော့သည်။



ဆရာတော်သည်လည်း ကိုယ်တော်တိုင် အပူခတ် ကင်းပြတ် အငြိမ်းဓာတ်ရနိုင်ရန် တရားတော်ပက်ဖျန်းနေတော်မူ၏။ ဆရာတော်အား မှီခိုနေကြသူ တပည့်ဒကာ/ဒကာမ အပေါင်းသူတော်ကောင်းတို့အားလည်း အငြိမ်းဓာတ်ရရေး တရားရေအေးတို့ဖြင့် ဆက်လက်ပြီး ပက်ဖျန်းပေးနေသည်။

သို့ဖြစ်၍ ဆရာတော်၏ ကျင့်စဉ်တရားတော်သည် အကောင်းဆုံးကျင့်စဉ် တရားဖြစ်သဖြင့် ဆရာတော်၏ ကျင့်စဉ်နည်းလမ်းသည်လည်း အကောင်းဆုံးကျင့်စဉ် နည်းလမ်းပင် ဖြစ်ရတော့သည်။

**ဆရာတော်၏ ကာယကံအမူအရာ… လုပ်ဆောင်ချက်**
**ဆရာတော်၏ ဝစီကံအမူအရာ… ပြောဆိုချက်**
**ဆရာတော်၏ မနောကံအမူအရာ… တွေးတောကြံစည်ချက်**

ဆရာတော်နှင့် ပတ်သက်၍ အထက်ပါအတိုင်း လုပ်ဆောင်ချက်၊ ပြောဆိုချက်၊ တွေးတောကြံစည်ချက်တို့ကို ရှာဖွေစုစည်းပြီးနောက် ထိုမိမိရရှိပြီး၊ စုဆောင်းပြီး အချက်အလက်အားလုံးကို ခြုံငုံသုံးသပ်ပြီး ကျစ္စာဆရာတော်၏ ဘဝပုံရိပ် (သို့မဟုတ်) ဘဝကားချပ်ကို ရှုစား၍ ကုသိုလ်တရားပွားစေရန် တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

ကျစ္စာဆရာတော်၏ ဘဝပုံရိပ်/ဘဝကားချပ်အပေါ် မြင်မြင်သမျှ တပည့်ဒကာ/ဒကာမတို့၏ နှလုံးစိတ်ဝမ်းမှာ ကြည်နူးမှုသန်းပြီး ငြိမ်းချမ်းမှုကြီး ဧကန်ရကြလိမ့်မည်ဟု ယုံကြည်မိပေသည်။

**နိဗ္ဗုတာ နူန သာမာတာ၊ နိဗ္ဗုတော နူန သောပိတာ၊**
**နိဗ္ဗုတာ နူန သာနာရီ၊ ယဿယံ ဤဒိသောပတိ။**

အလောင်းတော်သိဒ္ဓတ္ထမင်းသား၏ လက်ရှိဘဝ အနေထားကို ကြည့်ပြီး ကိသာဂေါတမီ သာကီဝင်မင်းသမီးက အထက်ပါအတိုင်း ပြာသဒ်ဆောင်ပေါ်မှနေ၍ ကြွေးကြော် ကျူးရင့်ဖူးသည်။

အကယ်၍များ ကိသာဂေါတမီ သာကီဝင်မင်းသမီးသည် ယနေ့မျက်မှောက်ခေတ်တိုင်အောင် အသက်ထင်ရှားရှိပြီး အငြိမ်းဓာတ်ရှာဖွေနေသော ကျစ္စာဆရာတော်၏ လက်ရှိဘဝကို မြင်တွေ့ရပါမူ မည်သို့ ကြွေးကြော်လေမည်နည်း။

**နိဗ္ဗုတာ နူန သာမာတာ၊ နိဗ္ဗုတော နူန သောပိတာ၊**
**နိဗ္ဗုတာ နူန သောသိသော၊ ယဿယံ ဤဒိသောသတ္ထာ။**

၁။ ကိုယ်နှုတ်နှလုံး၊ သုံးပါးပျောင်းပျော့၊ မာန်ကိုလျှော့၍၊ သူတော်ခလေ့၊ တရားငွေ့ဖြင့်၊ ပျော်မွေ့နေတတ်၊ ဤလိုရဟန်းမြတ်၏ မိခင်တစ်ယောက်ဖြစ်ရခြင်းသည် ကြည်သာရွှင်ပြုံး ပီတိဖုံး၍ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းပေလိမ့်တကား။

၂။ ကိုယ်နှုတ်နှလုံး၊ သုံးပါးပျောင်းပျော့၊ မာန်ကိုလျှော့၍၊ သူတော်ခလေ့၊ တရားငွေ့ဖြင့်၊ ပျော်မွေ့နေတတ်၊ ဤလိုရဟန်းမြတ်၏ ဖခင်တစ်ယောက်ဖြစ်ရခြင်းသည် ကြည်သာရွှင်ပြုံး ပီတိဖုံး၍ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းပေလိမ့်တကား။

၃။ ကိုယ်နှုတ်နှလုံး၊ သုံးပါးပျောင်းပျော့၊ မာန်ကိုလျှော့၍၊ သူတော်ခလေ့၊ တရားငွေ့ဖြင့်၊ ပျော်မွေ့နေတတ်၊ ဤလိုရဟန်းမြတ်၏ တပည့်ဒကာ/ဒကာမဖြစ်ရခြင်းသည် ကြည်သာရွှင်ပြုံး ပီတိဖုံး၍ နှလုံး စိတ်ဝမ်း ငြိမ်းချမ်းပေလိမ့်တကား။

ဟူ၍ ကိသာဂေါတမီ သာကီဝင်မင်းသမီးသည် ပြုံးပြုံးပျော်ပျော် အမှန်ပင် ကြွေးကြော်မည်သာတည်း။

*အငြိမ်းဓာတ်ဖျန်း၊ မြတ်ရဟန်း ဘေးဘျန်းကင်းစေသောဝ်*
*အငြိမ်းဓာတ်ဖျန်း၊ မြတ်ရဟန်း ခံ့ကျန်းပါစေသောဝ်*
*အငြိမ်းဓာတ်ဖျန်း၊ မြတ်ရဟန်း အောင်ပန်းနိဗ္ဗူရစေသောဝ်*

* * *

မန္တလာမြလေး



# ဝန်းခင်းသောလမ်း မဟုတ်ပါလေ

ကန္တာနွယ်(ကျစ္စာ)

(အခန်း - ၁)

ရောဝတီမြစ်သည် မြောက်ဘက်မှ တောင်ဘက်ဆီသို့ အမြဲတမ်း စီးဆင်းနေသည်ကို ကိုရင်ဓမ္မ သည်ကျောင်း၊ သည်ချောင် ရောက်ကတည်းက မြင်တွေ့နေရ၏။ သူငယ်စဉ် အတန်းကျောင်းနေစဉ်က ကချင်ပြည်နယ်၊ အထက်ပိုင်းရှိ၊ မေခ၊ မေလိခမြစ်နှစ်သွယ်မှ မြစ်ဖျားခံ၍ ရောဝတီဟူသော အမည်နာမဖြင့် စီးဆင်းနေသော မြစ်တစ်စင်းဖြစ်ကြောင်း သင်ကြားခဲ့ဖူး၏။

သို့သော် ကချင်ပြည်နယ်ဆိုသည်မှာ ဘယ်လိုအရပ်ဒေသမှန်းလည်းမသိ။ မေခ၊ မေလီခမြစ်နှစ်သွယ်သည်လည်း နာမည်ကလေးလှပသည်က တစ်ကြောင်း စာမရလျှင် အရိုက်ရက်စက်သော၊ ပထဝီဘာသာသင်ဆရာ၏ ကြိမ်လုံးစာမိမည်ကို ကြောက်ရွံ့မိ၍ တစ်ကြောင်း နှုတ်တက်ရွရွအလွတ်ကျက်မှတ်ထား၍သာ မှတ်မိနေခြင်းဖြစ်၏။

ကချင်ပြည်နယ်သည်လည်းကောင်း မေခ၊ မေလီခသည်လည်းကောင်း ကိုရင်ခမ္မစိတ်ဝင်စားသည်မဟုတ် သူစိတ်ဝင်စားသည်မှာ ညနေရေချိုးချိန်ရောက်ရန်သာဖြစ်၏။ ညနေရေချိုးသည်မှာ သာမန်အားဖြင့် ဆန်းလှသည့်ကိစ္စမဟုတ်။ ကိုရင်ခမ္မအဖို့တော့ သည်အချိန်ကို အမြဲတမ်းမျှော်လင့်ခဲ့၏။ မျှော်လင့်ပေမှာပေါ့။ စိတ်ဝင်စားပေမှာပေါ့။ သည်ရေချိုးခြင်းမှာ ရိုးရိုးရေချိုးခြင်းမှ မဟုတ်တာပဲ။ ဧရာဝတီမြစ်ထဲ ရေကူးရခြင်းကြောင့်ဖြစ်၏။

ရေကူးခြင်းအတတ်ပညာကို ကိုရင်အလွန်ကျွမ်းကျင်၏။ ကိုရင်ခမ္မတို့ သီတင်းသုံးနေထိုင်သည့် ကျောင်းချောင်တွင်၊ သူ့ကို ယှဉ်ပြိုင်အနိုင်ရအောင် ကိုရင်များ မပေါ်ပေါက်ဖူးခဲ့။ ကိုရင်ခမ္မဆိုတာကလည်း ရေထဲမဆင်းလိုက်နှင့် ချက်ချင်း ဖျံကလေးတစ်ကောင်လို ရေထဲငုတ်လျှိုးသွားနိုင်၏။ သူရေငုတ်သွားလျှင် တော်ရုံဖြင့် ပေါ်မလာတတ်။ ပေါ်လာပြန်လျှင်လည်း ရေစပြီးငုတ်သည့်နေရာမှ အတော်ဝေးဝေးမှာ သွားပေါ်၏။ သူ့ကို ထိုအချိန်အခါက မြန်မာ့ရေကူးချန်ပီယံဖြစ်သော တင်မောင်နီဟု ပိုင်းဝန်းမြှောက်ပေးကြလျှင် မြစ်လယ်ခေါင်ရောက်သည်အထိ ကူးပြနိုင်သော ကျောင်းသား၏ ရေကူးချန်ပီယံဖြစ်ခဲ့၏။

ကိုရင်ခမ္မတို့ သီတင်းသုံးနေထိုင်သည့် ဟိုတုန်းတစ်ချိန်က ကျောင်းချောင်သည် မဖွံ့ဖြိုးသေး မစည်ပင်သေး အဆောက်အဦကျောင်းဆောင်များလည်း သပ်ရပ်ခန့်ထည်ခြင်းမရှိသေး။ သို့ဖြစ်လင့်ကစား ပထမကျောင်းဆရာတော်ကြီးသည် အပင်ပန်းအဆင်းရဲခံကာ။ ပရိယတ္တိသာသနာမြင့်မားတိုးတက်အောင် ကြိုးစားအားထုတ်ခဲ့၏။ ကျောင်းနေသံဃာတော်များ ရှင်သာမဏေများကိုလည်း နေ့ဝါညဝါဖြင့် စာပေများပို့ချသင်ကြားပြသခဲ့၏။ ဆရာတော်ကြီးသည် စည်းကမ်းကြီး၏။ စည်းကမ်းကိုလည်း တင်းကြပ်သလို တစ်ဖက်မှလည်း တပည့်ငယ်သားများ အပေါ် ရင်ဝယ်ဖြစ်သော သားကဲ့သို့ ချစ်၏။ ကြင်နာ၏။ မြတ်နိုးတော်မူ၏။ ဒါကို ဆရာတော်ကြီးက တို့ကိုချစ်သည် သနားသည်ဟူ၍ စည်းကမ်းဖောက်ဖျက်မည် မကြံလိုက်လေနှင့် မကျူးလိုက်လေနှင့် ကျောကော့အောင်ခံဖို့သာ ပြင်ပေရော့။

မှတ်မိသေးသည်။ ရက်စွဲနေ့စွဲရယ်တော့ အတိအကျမသိသေချာတာက မိုးတွင်း၊ မိုးကာလ။ သည်နေ့မှာ မိုးရွာနေသည်။ တစ်ဖွဲဖွဲ တစ်ဖွေဖွေနဲ့လည်း ရွာသည်။ ဝုန်းဒိုင်းကြဲ၍လည်း သဲသဲမဲမဲရွာနေသည်။ ကိုရင်ခမ္မတို့ ကျောင်းစည်းကမ်းက နေ့ဆွမ်းစားဝေယျာဝစ္စပြုလုပ် နေ့လယ် ၁၂ နာရီမှ ၁ နာရီအထိ အိပ်စက်အနားယူရသည်။ နေ့လယ် ၁ နာရီထိုးသည်နှင့် နံနက်ပိုင်းက ပို့ချခဲ့သော စာဝါများကိုနှုတ်တက် အာဂုံဆောင်နိုင်အောင် အော်ဟစ်လို့သာ စာအံပေတော့။

သည်စည်းကမ်းကို ကိုရင်ခမ္မ မသိမဟုတ်၊ သိသည်မှ နောကျေအောင်သိသည်။ ဖြစ်ချင်တော့ ဆွမ်းစားပြီး သပိတ်ကို ရေကန်တွင်ဆေးကြောနေခိုက် အမှတ်မထင် ရေချိုးသည့် မြစ်ဆိပ်ကို အကြည့်ရောက်သွားသည်။ ရေဆိပ်တွင် ရေတွေက အပြည့်အလျှံ၊ အားပါး။ သစ်ကိုင်းတွေ သစ်လုံးတွေကမနည်းပါလား။ ဟောကိုရင်ခမ္မ မြစ်ထဲရောက်သွားပါလေရော။ ထင်းအဖြစ်အသုံးပြုနိုင်မည့် သစ်ကိုင်းများ ထင်းတုံးများကို ရသမျှ သယ်ယူပြီး ကမ်းပေါ်ဆွဲတင်နေ၏။ ရေစီးတွင်မျောပါလာသော သစ်တုံးကြီးများကိုလည်း ရေကူးပြီး ဆယ်ယူ၏။ ကမ်းပေါ်ဝယ် ကိုရင်ခမ္မတစ်ကိုယ်တော် ဆယ်ယူတင်ထားသော ထင်းများမနည်းတော့ပြီ။ အတော်ကြီးမားသည့် ထင်းတုံးကြီးတစ်တုံးကိုရေစီးထဲမှ ခက်ခဲပင်ပန်းစွာ ဆယ်ယူပြီးနောက် သူသည်လည်း မောပန်းလွန်း၍ အနားယူခိုက် ဆရာတော်ကြီးနှင့် သံဃာတော်များ ရောက်လာကြ၏။ ဆရာတော်ကြီး၏ လက်၌ကား သူကိုင်နေကျတောင်ဝှေးကြီးနှင့်။



'ကိုရင် ကိုယ့်အပြစ်ကိုယ်သိတယ်မဟုတ်လား'

ဆရာတော်ဘုရား၏ အေးဆေးတည်ငြိမ်သော အသံသည် ကိုရင်ဓမ္မ၏ ရင်ကို မိုးကြိုးထစ်ချုန်းသလို တုန်ခါသွား၏။

'သိပါတယ် ဘုရား'

ရေထဲမှာ အချိန်ကြာမြင့်စွာနေခဲ့၍လား။ ဆရာတော်အား ကြောက်ရွံ့၍လားမသိ ကိုရင်ဓမ္မတစ်ကိုယ်လုံး တုန်နေသလို အသံက လည်း တုန်ခါနေသည်ကို မိမိဘာသာသိလိုက်သည်။

'ဒါပေမယ့်... ထင်းတွေ ရေထဲမျောပါလာတာတွေ့လို့ ကျောင်းအတွက် ဆယ်ယူနေတာပါဘုရား' လျှောက်တာလည်း အဖြော့င့်သား။ ကျောင်းအတွက်မို့ သက်သာခွင့်တော့ ရကောင်းပါရဲ့ ကိုရင်ဓမ္မအတွေး။

'အိမ်း ထင်းဆယ်တာက မင်းရမယ့် ကုသိုလ်။ သည် ကုသိုလ် အတွက်လဲ ယူပေါ့ကွာ။ ကျောင်းစည်းကမ်းဖောက်ဖျက် လို့ ရရှိလာမယ့် အကုသိုလ်အတွက်လဲ ခံလိုက်ဦးပေါ့'

ထိုနေ့က ဆရာတော်ကြီး၏ ယမထာရွှေကြိမ်လုံးသည် ကိုရင်ဓမ္မ၏ ခြေသလုံး၊ ပေါင်၊ တင်ပါးတို့ကို မြိန်ယှက်စွာ ပွဲတော် တည်သွားလေသတည်း။

(အခန်း - ၂)

ပိတောက်ရနံ့က သင်းပျံ့လာသည်။ ရည်ရွယ်ရင်းမရှိသော် ငြား၊ ပိတောက်ပင်ထက်ကိုမော့ကြည့်မိသည်။ အို... တစ်ပင်လုံး အဝါရောင်တွေ လွှမ်းခြုံနေပါလား။ တော်ရုံဖြင့် အကြည့်ကို လွှဲမရ။ ပိတောက်ပန်းဆိုတာက နှစ်ဟောင်းကိုစွန့်လွှတ်၍ နှစ်သစ်တစ်နှစ်ကို မွေးဖွားပေးတဲ့ အထိမ်းအမှတ်ပန်း။ ဩော်... ဒါဖြင့်လျှင် ငါလဲ တစ်နှစ်ကြီးလာပြန်ပြီပေါ့။ ကြည့်စမ်းဘာလိုလိုနှင့် အသက် ၆၀ ကျော်နင်းလို့ သုံးနှစ်တောင်စွန်းခဲ့ပြီပဲ။ ကိုရင်ဓမ္မတစ်ဖြစ်လဲ အရှင်ဓမ္မ ပိတောက်ပွင့်များကို ငေးကြည့်ရင်း အတွေးများဖြန့်ကျက်နေ၏။ အနှစ်ငါးဆယ် လူတွေရဲ့ ခေတ်မီစကားလုံးနှင့်ဆိုလျှင် ရွှေရတု၊ သည်နှစ်ငါးဆယ်အတွင်း ကျွဲစွာဆရာတော်၏ သာသနာ့အာဇာနည်၊ သာသနာ့သူရဲကောင်းစိတ်ဓာတ်ဖြင့် ကျွဲစွာသာသနာကို ထွန်းပြောင် စေခဲ့သည်။ ကြည့်စမ်း။ တရားရှာဖွေ တရားစခန်းဝင်ကြမည့် ယောဂီ သူတော်စင်များ နေထိုင်နိုင်ဖို့ အဆောက်အဦတွေက တစ်တောင် လုံးအပြည့်။ စာသင်သားသံဃာတော် ၁၀၀ ကျော် သီတင်းသုံး နေထိုင်ရန် ကျောင်းဆောင်ကြီးများလည်း အလုံ အလောက်။ ဘယ်လိုမှ စိတ်ကူး၍မရနိုင်သော စစ်ကိုင်းတောင်ရိုး မြောက်ဘက် ခြမ်း၌ အလွန်ခန့်ထည်ပြီး ခေတ်မီသပ်ရပ်သော ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံကြီးကိုလည်း ဖြစ်ထွန်းပေါ်ပေါက်စေခဲ့၏။ အရှင်ဓမ္မ သူမြတ်သည် ပိတောက်ပွင့်များကိုငေးကြည့်ရင်း ဟိုလွန်ခဲ့သော နှစ်ပေါင်း ၅၀ သူငယ်စဉ်ကိုရင်ဓမ္မဘဝက လှုပ်ရှားရုန်းကန်ခဲ့သည့် ပုံရိပ်များကိုမြင်ယောင်လာ၏။

ကိုရင်များ ရဟန်းငယ်များက ရေပုံးကြီး ပုံးငယ်များဖြင့် ဧရာဝတီမြစ်ရေများကို ရေရှားသော ကျွဲစွာတောင်ပေါ်မှာ ရေလုံ လောက်စေ၏။ ဧရာဝတီမြစ်အလျဉ်မှ မျောပါလာသည့် သစ်တို သစ်စများကိုလည်း ကျွဲစွာမီးဖိုချောင်မှာ ထင်းအဖြစ်မှုလုံစေဖို့ ကိုရင်ဓမ္မတို့က စွမ်းဆောင်နိုင်ခဲ့၏။

ဟိုတုန်းက ကျွဲစွာချောင်တည်နေရာသည်။ တောင်ကြီးများ၊ လျှိုမြောင်ချိုင့်ဝှမ်းကြီးများက မင်းမူနေကြ၏။ မြေပြန့်နေရာကား ရှားပါးဘိတောင်း။ ဒါတွေကို ကျွဲစွာဆရာတော်၏ အစီအမံဖြင့် ကျောက်ဆောင်တွေကို ဖြို၍ မြေပြန့်ဖြစ်စေသကဲ့သို့ တူးဆွထား သော ကျောက်တုံးကျောက်ခဲ၊ မြေစိုင်ခဲတို့ကိုလည်း ချိုင့်ဝှမ်းထဲဖို့ရင်း မြေပြန့် ဖြစ်စေခဲ့၏။

ကိုရင်ဓမ္မတို့သည် တူရွင်းတစ်လက်ဖြင့်၊ မို့မောက်နေသော တောင်တွေကို မြေပြန့်ဖြစ်စေနိုင်၏။ ပေါက်ပြားတစ်လက် ခြင်းတစ် လုံးဖြင့်လည်း လျှိုမြောင်ချိုင့်ဝှမ်းတို့ကိုမြေပြန့်ဖြစ်စေနိုင်၏။ ပုံးကြီး ပုံးငယ်အသွယ်သွယ်တို့ဖြင့်လည်း ဧရာဝတီမြစ်ရေကို တောင်ပေါ်မှာ မှုလုံစေနိုင်၏ လှေငယ်တစ်စင်း ဓားတစ်လက်ဖြင့်လည်း ဧရာဝတီ၏ လက်ဆောင် ထင်းများကိုလည်းကျွဲစွာ မီးဖိုချောင်မှာ ပြည့်စေနိုင်၏။ ဤ၍ ဤမျှ ကြမ်းတမ်းသော ဘဝ ကြမ်းတမ်းသော လက်များဖြင့် လည်း ကျွဲစွာဆရာတော်၏ သွန်သင်ပြသမှုဖြင့် စစ်ကိုင်းတိုင်းမှ ကျင်းပမြဲဖြစ်သော ပထငယ်တန်း၊ ပထလတ်တန်း၊ ပထကြီးတန်း များကိုလည်း အောင်မြင်စွာ ဖြေဆိုနိုင်ကြပြီး အစိုးရဓမ္မာစရိယ စာမေးပွဲကိုပါအောင်မြင်ခဲ့ကြ၍ ကျွဲစွာမှ မွေးထုတ်ခဲ့သော စာချ ဆရာတော်များ ဓမ္မကထိကများနှင့် တရားပြကမ္မဋ္ဌာနစရိယ ဆရာတော်များကား မနည်းတော့ပြီ။

အရှင်ဓမ္မ သူမြတ်သည် ပိတောက်ပွင့်များမှ အကြည့်ကိုလွှဲ ကာ ငွေလွှာသင်ဖြူးခင်းထားသကဲ့သို့ရှိသော ဧရာဝတီမြစ်ရေပြင်ကို အကြည့်ရောက်သွား၏။ ငယ်စဉ်ကိုရင်ဓမ္မဘဝကိုမြင်ယောင်မိသည့် တစ်ခဏ ရေကူးချန်ပီယံကြီး ဓမ္မကို ဆရာတော်ကြီး ကြိမ်စကြာ နှက်ခဲ့သည်ကို သတိရမိသည်မို့ အရှင်ဓမ္မ၏ မျက်နှာ၌ အပြုံးရိပ်သမ်း သွားခဲ့၏။

သည်ဧရာဝတီမှာ တစ်ချိန်က ကိုယ်တိုင်ပါဝင်ဆင်နွှဲခဲ့သည့် အသက်လုပွဲတစ်ရပ်ကိုလည်း ပြန်လည်သတိရမိက အရှင်မြတ်၏ မျက်နှာသည် ခက်ထန်သွား၏။ ထိုအချိန်ထိုအခါကသာ ဤအသက်နှင့် ရင်း၍အသက်လုပွဲ၌သာ ကျရှုံးခဲ့ပါက ယနေ့ကျွဲစွာ သည်လည်းကောင်း ရဟန်း၊ သာမဏေ၊ သီလရှင်နှင့် လူပုဂ္ဂိုလ်တို့၏ မှီခိုအားထားရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသည်လည်းကောင်း ဆရာရဟန်းတော်၏ ၇၅ နှစ်ပြည့် စိန်ရတုသဘင်ပွဲသည် လည်းကောင်း ဖြစ်ထွန်းပေါ်ပေါက်တော့မည်မဟုတ်တော့။

(အခန်း - ၃)

ဧရာဝတီ၏ နံနက်ခင်းသည် မလှပ။ လေပြင်းကပြင်းပြင်း ထန်ထန်တိုက်ခတ်နေသလို မိုးကလဲသဲကြီးမဲကြီးရွာနေ၏။ မြစ်ရေ သည်အငြိမ်မနေ။ လှိုင်းတံပိုးတို့ထကြွသောင်းကြမ်းနေသည်။ မုန်ယို နေသော ဆင်ရိုင်းကြီးကဲ့သို့ပင်။ ရှုခင်းကနည်းနည်းလေးမှကြည့် မကောင်း။

သည်နေ့က ဥပုသ်နေ့ ကျွဲစွာချောင်၏ စည်းကမ်းအရ သည်နေ့မှာစာဝါမရှိ။ စာအံစရာမလို။ ရဟန်းသာမဏေတို့ မိုးအေးအေးနှင့် ကျောင်းထဲမှာ ငြိမ်သက်နေကြ၏။ အပြင်ဘက်မှာ မိုးကသဲသဲမဲမဲ။ 'လေပြင်းက ခပ်ကြမ်းကြမ်းမွှေရမ်းလိုက်သည့်အခါ။ ကျောင်းရှေ့က သစ်ပင်ကြီးများယိမ်းခါလှုပ်ရှားသွားသလို သစ်ကိုင်း



"ဟိုက်"

လှေဝမ်းထဲမှ ရေများကို ခပ်ထုတ်ရင်း ကိုရင်ဓမ္မ၏ နှုတ်ဖျားမှ အာမေဋိတ် သံ ပေါ်လာ၏။ ကြည့်စမ်း ကိုရင်ဓမ္မ၏ မြင်ကွင်းတွင် မှုန်မွှားစွာ မြင်လိုက်ရတာက စစ်ကိုင်းတံတားကြီး သူတို့၏ အထိန်းမဲ့ လှေကလေး၏ ဦးတည်ရာသည် တံတားကြီး၏ အုတ်ခုံ ဘောင်ကြီး။

ကြီးများလည်းကျိုးပဲ့ကျကုန်၏။ တစ်နေလုံး မိုးကမစဲ တစ်ခါတစ်ရံ တစ်ဖွဲဖွဲ၊ တစ်ခါတစ်ရံတော့ သဲသဲမဲမဲ။ လေကပါမိုးနှင့်အပြိုင်၊ လောကဓာတ်တစ်ခုလုံးမင်းမူထားပါ၏။ ကိုရင်ဓမ္မတို့တစ်တွေ ကျောင်းထဲမှာ မေးသူကမေး၊ ကွေးသူကကွေး။

ညနေ ၄ နာရီလောက်တော့ ဝုန်းဒိုင်းကြဲခဲ့သော လေပြင်းတို့သည် လေပြည်လေညင်း အဖြစ်သို့ ပြောင်းသွား၏။ ရှိသမျှရေတွေကို အားရပါးရသွန်ချခဲ့ပြီး၍လားမသိ။ မိုးမင်းကြီးလည်း အနားယူသွားချေပြီ။ လေလည်းငြိမ်၍ မိုးလည်းစဲသွားပြီ။ တစ်မနက်လုံး တစ်နေ့လုံး သောင်းကြမ်းခဲ့သော မိုးနတ်မင်းနှင့် လေနတ်မင်းတို့သည် သူတို့ဘာမှ မလုပ်ခဲ့သလိုလို ဣန္ဒြေ တစ်ခွဲသားနှင့် အနားယူနေကြပြီ။

'ကိုရင်ဓမ္မ ကိုရင်ဓမ္မ'

သည်အသံကို ကိုရင်ဓမ္မသိသည်။ ကောင်းကောင်းကြီးသိသည်။ ကိုရင်ဓမ္မကိုချစ်သော အနီးကပ်သွန်သင်ဆုံးမပြပေးသော ဆရာရဟန်းရဲ့အသံပေါ့။ ဆရာရဟန်းသည် ထိုစဉ်ထိုအခါထဲက ဓမ္မာစရိယ(ပါဠိပါရဂူ) ဘွဲ့ရပြီးသော ဣန္ဒြေသိက္ခာအကြီးမားဆုံး ဆရာတော်ကြီး၏ အားအကိုးရဆုံး သံဃာငယ်များ၏ စံပြုထိုက်သော ကိုရင်ဓမ္မ၏ ဆရာရဟန်း။

'လာ… လိုက်ခဲ့'

ဆရာရဟန်းနှင့်အတူ ကိုရင်ဓမ္မလိုက်ခဲ့သည်။ သူတို့ဦးတည် ရာအရပ်သည် ရေဆိပ်။ ဧရာဝတီ၏မြစ်ကမ်းတစ်နေရာ။ ဧရာဝတီ ရေသည် တစ်သွင်သွင်စီးဆင်းနေ၏။ ရေစီးက သိပ်မကြမ်း။ မိုးရောလေပါ။ ငြိမ်သက်နေ၍ မြစ်ရေသည် လှိုင်းတံပိုးကင်းနေ၏။ လှိုင်းကြက်ခွပ်ကလေးများ နေရောင်ကြောင့် တစ်ဖျတ်ဖျတ် လင်းလက်နေ၏။ ရေဆိပ်မှာက လှေတစ်စင်း မြစ်ရေထဲမှာက သစ်ကိုင်းခြောက်များ ထင်းတုံးများရေမှာ ပေါလောပေါ်နေကြ၏။

ဆရာရဟန်းက လှေပေါ်အရင်တက်၏။ ကိုရင်ဓမ္မက ပဲ့ပိုင်းမှ လှော်တက်ကိုင်ပြီး လှေကိုထိန်းပေး၏။ မကြာလိုက် လှေပေါ် ထင်းတွေအပြည့်။ ကမ်းစပ်သို့ တစ်ခေါက်ပြန်ပို့၏။ တစ်ခေါက်ပြီး တစ်ခေါက် ထင်းတွေက ဆယ်လို့ကောင်းတုန်း သို့သော် ကမ်းအနီးမှာ ထင်းတွေကရှားသွားပြီ။ ကမ်းနှင့်ခပ်လှမ်းလှမ်းသို့ ကိုရင်ဓမ္မက ဆက်လှော်၏။ ကံကောင်းထောက်မစွာ လှေနှင့် သိပ်မဝေးသည့် ရေစီးထဲတွင် ထင်းတုံးကြီး။ ကိုရင်ဓမ္မက ဆရာရဟန်းအားလှမ်းကြည့်သည်။ ဆရာရဟန်း၏ မျက်နှာမှာ ပီတိအဟုန်ကြောင့် ပြုံးယောင်သမ်းနေ၏။ ထင်းတုံးရှိရာသို့ လှေကိုနှင်၏။ ထင်းတုံးက ရေစီးအဟုန်ဖြင့် လှေနှင့် ဝေးကွာသွား၏။ ရေစီးကြောင်းအတွင်းသို့ ရောက်ရှိသွားသော လှေသည် ရေစီးအလျှင်အတိုင်းမျောပါသွား၍ ကိုရင်ဓမ္မ ပဲ့မထိန်းနိုင်ပြီ။ ကိုရင်ဓမ္မလက်မှ လှော်တက်ကို ဆရာရဟန်းက လှမ်းယူသည်။ သူကိုယ်တိုင်ပဲ့ကို ထိန်းပါ၏။ ရေစီးကသန်လွန်း၍ တည်ကြည် ငြိမ်သက် ဆရာရဟန်း၏ မျက်နှာဝယ် သောကရိပ်များက ထင်ဟပ်လာ၏။

ထိုစဉ်ခိုက်ဝယ်၊ တောက်ပထွန်းလင်းနေသော နေမင်းသည် ဘယ်ဆီရောက်သွားသည်မသိ။ ရှစ်ခွင်တိုင်းမှာ မိုးသားတွေတက်လာသည်။ မိုးကပြိုကျလာပြီ။ လေကလည်း မနူးညံ့တော့ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း။ လှေကလေးက ရေစီးအတိုင်း မျောနေ၏။ ငြိမ်ငြိမ်သက်သက်တော့မဟုတ်။ လေကထန်နေသည်မို့

လှိုင်းခေါင်းဖြူတွေက ခေါင်းထောင်ထနေသည်။ လူးလွန့်လှုပ်ရှားနေသော လှေဝမ်းထဲမှာ ရေတွေဝင်နေသည်မို့ ကိုရင်ဓမ္မက မနားတမ်းခပ်ထုတ်နေရ၏။ မိုးရော လေပါ ပြင်းထန်နေသည့်အတွက် ပတ်ဝန်းကျင်မြင်ကွင်းသည် မပီပြင်။ အားလုံးမှုန်ဝါးနေ၏။ ကမ်းဆိုတာ ဘယ်ဆီမှန်းမသိနိုင်တော့။

'ဟိုက် '

လှေဝမ်းထဲမှရေများကို ခပ်ထုတ်ရင်း ကိုရင်ဓမ္မ၏နှုတ်ဖျား မှ အာမေဋိတ်သံပေါ်လာ၏။ ကြည့်စမ်း ကိုရင်ဓမ္မ၏မြင်ကွင်းတွင် မှုန်မွှားစွာမြင်လိုက်ရတာက စစ်ကိုင်းတံတားကြီး။ သူတို့၏ အထိန်းမဲ့ လှေကလေး၏ ဦးတည်ရာသည် တံတားကြီး၏အုတ်ခွံဘောင်ကြီး။

'မြတ်စွာဘုရား ကယ်တော်မူပါ'

ကိုရင်ဓမ္မသည် မျက်စိကို စုံမှိတ်၍ ဘုရားတမိ၏။ တံတားဘောင်ကိုဝင်တိုက်ပြီး လှေနစ်မြုပ်မည့်အချိန်ကို ရတနာသုံးပါးအာရုံပြုရင်း စောင့်နေမိ၏။ ကံကောင်းသည်လား။ သေကံမရောက် သက်မပျောက်သည်လား ဆရာရဟန်း၏ ပဲ့ကိုင်ကျွမ်းကျင်သည်လား။ ဘာလားကြောင့်ပဲ ဖြစ်ဖြစ်။ သေချာတာကတော့ ကိုရင်ဓမ္မတို့ လှေကလေး တံတားဘောင်ကြီးမှ သီသီကလေး လွတ်လာခြင်းပင်။ ဘယ်လိုပဲဖြစ်ဖြစ် အသက်ရှင်ခွင့်ရနေသည်မို့ အားတက်လာသည်။ ဆရာရဟန်းတော်ကိုလည်း အားကိုးတကြီး လှမ်းကြည့်မိ၏။ ဆရာရဟန်းက အေးဆေးတည်ကြည်စွာဖြင့် လှော်တက်ကိုကိုင်လျက် ပဲ့ကိုထိန်းလျက်။

'ကိုရင် သတိထား ရှေ့မှာ သစ်ဖောင်ကြီး'

ဆရာရဟန်း၏ စိုးရိမ်တကြီး သတိပေးလိုက်သည်မို့ ကိုရင်ဓမ္မ ရှေ့တူရူကိုကြည့်မိသည်။ ရှေ့မှာ သစ်ဖောင်ကြီး။ သစ်ဖောင်ကြီးက ရှည်လျားလွန်းသည်။ မိမိတို့ လှေဦးတည်ရာသည် သစ်ဖောင်၏အလယ်ပိုင်း၊ အလယ်ခေါင်တည့်တည့်။ သည်သစ်ဖောင်ကို သူတို့လှေဖြင့် ဝင်တိုက်မိလျှင် လူရော လှေပါ သစ်ဖောင်၏ အောက်သို့ရောက်သွားနိုင်၏။ ရောက်မှာလည်း သေချာပါ၏။ ထိုအခါ ထွက်ပေါက်မရှိ။ လွတ်လမ်းမရှိ။ အသက်ဆုံးရှုံးရမှာက အသေအချာ။

'သာသနာပြုရမယ့်ငါ မသေနိုင်ဘူး ဟေ့'

ဆရာရဟန်း၏ အောင်မြင်၍ ဩဇာထက်မြက်ပါသော အသံကို ကြားလိုက်ရ၏။ ဆရာရဟန်း၏ မျက်နှာသည် တည်ကြည်လျက် မာန်တင်းထား၍လားမသိ။ ခက်ထန်နေသည်။ ကိုရင်ဓမ္မသည်လည်း ဆရာရဟန်း၏အသံ။ ဆရာရဟန်း၏ တည်ကြည်သော မျက်နှာနှင့် လှုပ်ရှားဟန်များကြောင့် ပျာယာခတ်နေသော အမူအယာ၊ ကျဆင်းနေသော စိတ်ဓာတ်၊ ကုန်ခမ်းနေသော အားအင်တို့သည် သူ့ထံ၌လုံးဝမရှိတော့ပြီ။ ကာယခွန်အား စိတ်ဓာတ်ခွန်အား၊ အားသစ် အားအပြည့်ဖြင့် ကျရောက်နေသော အန္တရာယ်ကို ရင်ဆိုင်ရန် အသင့်အနေအထား။ ကိုရင်ဓမ္မသည် လှေဦးမှနေ၍ သစ်ဖောင်ပေါ်သို့ ခုန်တက်ရန် အသင့်အနေဖြင့် ပြင်ဆင်ထားသလို ဆရာရဟန်းသည်လည်း အေးဆေးတည်ငြိမ်စွာဖြင့် တစ်ဖက်ဖောင်ပေါ်သို့ ရောက်ရှိရန် အခြေအနေကို အကဲခတ်နေသည်ဟု ထင်မိ၏။

'စိတ်ကိုငြိမ်ငြိမ်ထားပြီး ကြိုးကိုမိအောင်ဖမ်းကြ'

အသံများနှင့်အတူ ကိုရင်ဓမ္မထံ ကြိုးတစ်ချောင်း ရောက်လာ၏။ ကြိုးကို မြဲမြဲကိုင်လိုက်သည်နှင့် ကိုရင်ဓမ္မ၏ ကိုယ်သည် လေထဲ မြောက်သွားပြီး သစ်ဖောင်ပေါ်သို့ ရောက်သွားပါ၏။ အရင်ရောက်နှင့်သွားသော ဆရာရဟန်းသည် တည်ကြည်ငြိမ်းအေးစွာဖြင့် ကိုရင်ဓမ္မ၏ပခုံးအား ဖက်ထားလိုက်ပြီး ဤသို့ မိန့်ဆိုလိုက်သည်။

'သာသနာပြုရဦးမယ့် ငါတို့ကို သေမင်းက လက်မခံပါဘူးကွာ။ တို့အတွက် လုပ်စရာတွေက အများကြီးရှိသေးတယ်။ မသေဖြစ်တဲ့ ငါတို့ရဲ့ ခန္ဓာနဲ့အသက်ကို သာသနာအတွက် အသုံးပြုကြပါစို့'

## (အခန်း - ၄)

အရှင်သူမြတ်သည် တစ်ပင်လုံး ဝါဝါထိန်ထိန်ဖြင့် ပွင့်နေကုန်သော ပိတောက်ပွင့်တို့ကို ငေးကြည့်ရင်း လွန်ခဲ့ပြီးသော ဟောင်းနွမ်းနေပြီဖြစ်သော အတိတ်အရိပ်များ ထင်ဟပ်လာသောကြောင့် ရင်မောဖွယ် သက်ပြင်းကိုချလိုက်မိ၏။ အတိတ်သည် အတိတ်မှာ၊ ကျန်ရစ်ကောင်းသည့်တိုင် ခက်ခဲကြမ်းတမ်းသော အပင်ပန်းအဆင်းရဲတို့ဖြင့်ရောယှက်နေသော ကာလများ၌ ဆရာသခင်နှင့် တပည့်သံဃာတော်များ၏ ချွေးနှင့်သွေးနှင့် အသက်နှင့် ရင်းနှီးခဲ့ရသည့် ကျွှာသာသနာ။

ဆရာသခင်နှင့် သူ၏တပည့်သံဃာတော်များ လျှောက်ခဲ့ရသည့်လမ်းသည် ပန်းခင်းသောလမ်းမဟုတ် ဆူးခင်းသောလမ်း၊ ခရောင်းလမ်းစစ်စစ်။ သေကံမရောက်၍ ကျန်ရစ်ခဲ့သော အသက်နှင့် ခန္ဓာကိုယ်၊ ဆရာတော်ကြီးသည် မိမိ၏ အဓိဋ္ဌာန် ၅ ချက်ဖြင့် သာသနာ့တာဝန်၊ သာသနာ့အကျိုးကို သယ်ပိုးခဲ့သည်မှာ ယနေ့ဆိုလျှင် သက်တော် ၇၅ နှစ်ပြည့် စိန်ရတုမွေးနေ့တိုင်ခဲ့ပြီ။

ယနေ့အချိန်အခါ၌ ကျွှာဆရာတော်သည် နိုင်ငံရပ်ခြားတိုင်းတစ်ပါးသို့ ဓမ္မဒူတခရီးကြွသွားတော်မူသည်မို့ ကျွှာချောင်၏ လုပ်ငန်းအဝဝနှင့် ဤစိန်ရတုသဘင် အောင်မြင်စွာ ကျင်းပနိုင်ရေးသည်။ အရှင်ဓမ္မ၏ ပခုံးထက်သို့ ရောက်ရှိနေပြီ မဟုတ်ပါလား။ အရှင်ဓမ္မအနေဖြင့်လည်း သူ၏ ဆရာရဟန်းမြတ်အတွက် ဤစိန်ရတုသဘင်ကိုသာမက အခွင့်သင့်အခါကြုံကြိုက်ရဦးမည် ဆိုလျှင် သက်တော်ရာပြည့်ပွဲကိုပါ အားတက်သရော ပြုလုပ်ပေးချင်သည်မှာ အရှင်ဓမ္မ၏ မဟာဆန္ဒတော်။ သို့ဖြစ်၍လည်း အရှင်သူမြတ်သည် မျက်လုံးကို မှေးမှိတ်ကာ လှိုက်လှိုက်လှဲလှဲ ဆုတောင်းလိုက်ပါ၏။

'ဆရာရဟန်းမြတ်၏ ဤစိန်ရတု မွေးနေ့မှသည် သက်တော်ရာကျော်ရှည်၍ သာသနာ့အကျိုးကို ဆတက်ထမ်းပိုးတိုး၍ထမ်းဆောင်နိုင်ပါစေ' ဟု။

**ဝန်ခံချက်**

ကျွှာချောင်၊ ဝိဇယရုံသီတာသင်တိုက်၏ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မဓဇ၏ ပြောကြားသည်ကို ခံစားဖွဲ့ဆိုပါသည်။

* * *

*ကြည်နူးဖွယ် (ကျွှာ)*

မြနှင်းဆီ

# ဗုဒ္ဓစွမ်းရည်နှင့် ကျွန်ုပ်တို့ သားအာဗ



ကျွန်ုပ်က မဋ္ဌကုဏ္ဍလီ အမည်ရှိတဲ့ အမျိုးသားငယ်တစ်ဦးပါ။ နေတဲ့တိုင်းပြည်ကတော့ "သာဝတ္ထိ" ပြည်မှာပါ။ ကျွန်ုပ်ရဲ့ဖခင်က အလွန်ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးတစ်ဦးဖြစ်ပြီး အမည်ကတော့ "အဒိန္နပုဗ္ဗက" တဲ့။ တိုင်းပြည်တွင်းမှာ တစ်စုံတစ်ယောက်သောသူကိုမျှ အနည်းငယ်သောပစ္စည်းကို ပေးဘူးတာမရှိလို့ အဲဒီ "အဒိန္နပုဗ္ဗက" ဆိုတဲ့ အမည်ကို ရရှိထားတာပါ။ ဟုတ်ပါတယ်။ ကျွန်ုပ်ရဲ့ဖခင်က သိပ်ကိုတွန့်တိုပါတယ်။ တွန့်တိုပုံကတော့ သူရဲ့ရင်သွေးရတနာဖြစ်တဲ့ ကျွန်ုပ်အပေါ်မှာတောင် တွန့်တိုစေးနဲ နှမြောပါတယ်။ ဘယ်လို တွန့်တိုစေးနဲနှမြောသလဲဆိုတော့ ကျွန်ုပ်ဝတ်ဆင်ဖို့ နားဋ္ဌောင်းကို ပန်းတိမ်ဖိုမှာအပ်ရင် အပ်ခကုန်မှာစိုးရိမ်လို့ သူကိုယ်တိုင်ဘဲ ပြုလုပ်ပြီး ကျွန်ုပ်ရဲ့ နားမှာ ဆင်ပေးခဲ့ပါတယ်။ အဲဒါကြောင့်လည်း ကျွန်ုပ်ရဲ့ အမည်ဟာ မဋ္ဌကုဏ္ဍလီလို့ ထင်ရှားရခြင်း ဖြစ်ပါတယ်။

ကျွန်ုပ်ရဲ့ဖခင် သူ၏ဥစ္စာတွေကို တွန့်တိုစေးနဲပုံတွေကို ကျွန်ုပ်ဆက်လက် ပြောပြပါဦးမယ်။ ကျွန်ုပ်ဟာ အသက်(၁၆)နှစ်အရွယ်ရောက်တော့ ကိုယ်တွေလက်တွေ ဖျော့တော့အားနည်းတဲ့ ပဏ္ဍုရောဂါဖြစ်ပါတယ်။ မိခင်ကတော့ ကျွန်ုပ်ကို ကျွမ်းကျင်တဲ့ ဆေးဆရာကြီးများနှင့် ပြသပြီးကုသပေးဖို့ ဖခင်ကို တိုက်တွန်းပါတယ်။ ဒါပေမယ့် ဖခင်က ဆေးဆရာကိုခေါ်ပြီးကျွန်ုပ်ကို ကုသပေးရင် သူ့ရဲ့ပစ္စည်းတွေ ကုန်မှာကို မကြည့်တော့ဘူးလားလို့ မိခင်ကို ပြန်မေးပါတယ်။ မိခင်က ဖခင်အား "သားကို ဆေးမကုရင် ဘယ်လိုလုပ်မလဲ" ပြောတော့ ဖခင်က မိခင်အား "ငွေမကုန်တဲ့ နည်းနဲ့ငါကုမယ်" လို့ ပြောပြီး ဆေးဆရာတို့ထံ သွားကာ ကျွန်ုပ်ရောဂါရဲ့ အမည်ကိုပြောပြီး ဆေးဆရာတို့ထံမှ ဆေးနည်းကို တောင်းပါတယ်။ နောက်တော့ သူကိုယ်တိုင်ကျွန်ုပ်ကို ကုသပေးပါတယ်။ ဖခင်က ကျွမ်းကျင်တဲ့ ဆေးဆရာကြီးမှမဟုတ်တာ။ ဒါကြောင့်ကျွန်ုပ်ရဲ့ ရောဂါဟာ တဖြည်းဖြည်းနဲ့ ဆိုးရွားပြီးလာပါတယ်။ ကျွန်ုပ်ရဲ့ ရောဂါအခြေအနေ သိပ်ဆိုးနေမှန်းသိမှ ဆေးဆရာတစ်ဦးကို ခေါ်ပါတယ်။ အဲဒီဆေးဆရာက ကျွန်ုပ်ရောဂါရဲ့ ကုလို့မရတော့တဲ့ အခြေအနေကို သိသွားတော့ ကျွန်ုပ်ကို မကုသတော့ဘဲ "အခြားသောဆေးဆရာကိုခေါ်ပါ" လို့ပြောပြီး ကျွန်ုပ်ကို စွန့်ခွာသွားပါတယ်။ အဲဒီလောက်ထိကို ကျွန်ုပ်ရဲ့ဖခင်ဟာ တွန့်တိုစေးနဲလှပါတယ်။ ဖခင်ဟာ ကျွန်ုပ်သေတော့မယ်ဆိုတာကိုလည်း သိသွားပါတယ်။ အဲဒီတော့ သူဟာ ဘာလုပ်သလဲဆိုရင် ကျွန်ုပ်ရဲ့ ကျန်းမာရေးအခြေအနေကို လာကြည့်တဲ့ ဧည့်သည်တွေက အိမ်ထဲကို ဝင်ကြရင် သူ့ရဲ့ ပစ္စည်းတွေကို တွေ့မြင်သွားကြမှာ ကြောက်ပြီး သူ့သား ကျွန်ုပ်ကို အိမ်ပြင်သို့ ထုတ်ထားလိုက်ပါတော့တယ်။

အဲဒီလိုနဲ့ ကျွန်ုပ်က အိမ်အပြင်ဘက်မှာ လဲလျောင်းလျှက် ရှိနေစဉ် နံနက်အခါမှာ ထူးဆန်းလှတဲ့ ရောင်ခြည်တွေကို မြင်ရတဲ့အတွက် ကြည့်လိုက်တဲ့အခါမှာ သဗ္ဗညုမြတ်စွာဘုရားကို ထင်ထင်ရှားရှား ဖူးမြင်လိုက်ရပါတယ်။ ကျွန်ုပ်ရဲ့ စိတ်ထဲမှာ "ငါဟာ အလွန်တရာမိုက်မဲလှတဲ့ ဖခင်ကို အမှီပြုရလို့ ဒီလိုဟန်ခိုးကြီးအာနုဘော်ကြီးမားလှတဲ့ မြတ်စွာဘုရားကို ညွတ်တွားဆည်းကပ်ပြီး ကိုယ်ဖြင့် အမှုကြီးငယ် ဝေယျာဝစ္စတွေကိုလည်း မလုပ်ပေးရပါလား လျှူဖွယ်ဝတ္ထုတွေနဲ့လည်း မလှူဒါန်းရပါလား။ ငါ့မှာ တရားတော်ကိုလည်း ကြားနာဖို့ အခွင့်မရပါလား။ ငါဟာ ရောဂါဝေဒနာကို ပြင်းပြင်းထန်ထန်ခံ စားနေရပါလား" လို့ တွေးကာ စိတ်ထဲမှာဘဲ မြတ်စွာဘုရားကို အလွန်ကြည်ညိုတဲ့ စိတ်တွေ တဖွားဖွားပေါ်ပေါက်နေပါတယ်။ မြတ်စွာဘုရားကို ဖူးတွေ့နေသမျှကာလလေးမှာ ကြည်ညိုတဲ့ စိတ်လေးဖြစ်ပြီး မြတ်စွာဘုရားလည်း ကျွန်ုပ်ရဲ့ မြင်ရာဌာနက လွန်သွားရော ကျွန်ုပ်က မိမိရဲ့ အဖြစ်အပျက်တွေကို ဘာမှမသိရတော့ပါဘူး။

ကျွန်ုပ်ဟာ မိမိကိုယ်မိမိ ပြန်သိလိုက်ရတဲ့ အခါမှာတော့ တာဝတိံသာလို့ခေါ်တဲ့ နတ်ပြည်မှာ ယူဇနာသုံးဆယ်ရှိတဲ့ ရွှေဗိမာန်ပိုင်ရှင် နတ်သားတစ်ဦးဖြစ်နေတာကို သိလိုက်ရပါတယ်။ ကျွန်ုပ်ဟာ အလွန်ကြီးကျယ်ခမ်းနားတဲ့ စည်းစိမ်ကို ရရှိနေတော့ ငါဟာ ဒီစည်းစိမ်ကြီးကို ဘယ်လို ကံကြောင့် ရရှိခံစားပျော်ပါး ရသလဲလို့ ပြန်လည်ဆင်ခြင် ကြည့်ရှုလိုက်တော့ မြတ်စွာဘုရားကို အလွန်ကြည်လင်ညွတ်ရှိုင်းသော စိတ်ကြောင့် ဒီစည်းစိမ်ကြီးကို ရတယ်ဆိုတာ သိလိုက်ရပါတယ်။ လူ့ဘဝ ကျွန်ုပ်ရဲ့ဖခင် ကျွန်ုပ်ကို ဆေးမကုပေးဘဲ ကျွန်ုပ်သေမှ သုသာန်သို့လာပြီး ပြင်ထန်စွာငိုကြွေးနေတာကိုလည်း ကျွန်ုပ်သိနေပါတယ်။ ကျွန်ုပ်ဟာ ကျွန်ုပ် ရဲ့ဖခင်ကို ပညာပေးလိုတဲ့စိတ် ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်ုပ်ဟာ လူ့ဘဝက မဋ္ဌကုဏ္ဍလီ သတို့သား အသွင်နဲ့ဘဲ လူ့ပြည်ကိုသွားပြီး ဖခင်ငိုနေရာ သုသာန်မှာ လက်မောင်းနှစ်ဘက်ကို မြှောက်ပင့်ပြီး သည်းထန်စွာငိုကြွေးကာ ရပ်လျှက် နေလိုက်ပါတယ်။ ကျွန်ုပ်ထင်တဲ့အတိုင်းပါဘဲ။ ကျွန်ုပ်ရဲ့ ဖခင်ဟာ ကျွန်ုပ်ကို လာရောက်မေးမြန်းပါတော့တယ်။ ကျွန်ုပ်နဲ့ ကျွန်ုပ်ရဲ့ဖခင်ဟောင်းသုသာန်မှာ အပြန်အလှန် စကားပြော ဖြစ်ပါတယ်။

ပုဏ္ဏားကြီး။ ။ အသင်လုလင်၊ အသင်လုလင်ဟာ လက်မောင်းကို မြှောက်မြှောက်ပြီး ဘယ်လိုဆင်းရဲကိုကြုံလို့ ငိုကြွေးမြည်တမ်းနေရပါသလဲ?

နတ်သား။ ။ အသင်ပုဏ္ဏား၊ ငါ့မှာ ရွှေနဲ့လုပ်ထားတဲ့ ပြိုးပြိုးပြက်ပြက်အရောင်ရှိတဲ့ ရထားအိမ် ရှိပါတယ်။ ဒါပေမယ့် အဲဒီ့ရထားအိမ်အတွက် လှည်းဘီးအစုံကို မရလို့ အသက်ကို စွန့်ရပါတော့မယ်။

ပုဏ္ဏားကြီး။ ။ ရွှေနဲ့လုပ်ထားတဲ့လှည်းဘီးအစုံ၊ ပတ္တမြား၊ သံ၊ ငွေတို့နဲ့ လုပ်ထားတဲ့ လှည်းဘီးအစုံကို ပြောတာလား။ သင်လုလင် ရပါစေမယ်။

ပုဏ္ဏားကြီးက အဲဒီလိုပြောတော့ ကျွန်ုပ်ရောဂါပြင်ထန်စွာဖြစ်ခဲ့စဉ်က ဆေးတော့ကုမပေးဘဲနဲ့ အခု ကျွန်ုပ်ဟာ သူ့သားနဲ့ တူတာမို့ ရွှေ၊ ငွေ၊ ပတ္တမြား၊ သံတို့နဲ့ လုပ်တဲ့ လှည်းဘီးတွေကို လုပ်ပေးမယ်လို့ ဝန်ခံပြောတော့ ကျွန်ုပ်ဟာ ဖခင်ဟောင်းပုဏ္ဏားကြီးကို နှိပ်ကွပ်ချင်လာတယ်။ ဒါနဲ့ ကျွန်ုပ်ဟာ ဖခင်ဟောင်း ပုဏ္ဏားကြီးကို ဆက်လက်မေးမြန်းလိုက်တယ်။

နတ်သား။ ။ အသင် ပုဏ္ဏား၊ သင်ဟာ ဘယ်လောက်ပမာဏရှိတဲ့ လှည်းဘီးအစုံကိုပေးမှာလဲ?

ပုဏ္ဏားကြီး။ ။ အသင်လုလင်၊ အသင်အလိုရှိတဲ့ ပမာဏအတိုင်းပေးပါ့မယ်။

ဒါနဲ့ကျွန်ုပ်လည်း ဖခင်ဟောင်းပုဏ္ဏားကြီးကို နှိပ်ဖို့ အကွက်ဝင်လာပြီးဖြစ်တဲ့အတွက် ပုဏ္ဏားကြီးကိုဆက်လက်ပြောရတယ်။

နတ်သား။ ။ အသင်ပုဏ္ဏားကြီး၊ ကောင်းကင်မှာ လ၊ နေတို့ဟာ ထင်ထင်ရှားရှား ရှိနေတယ်။ ထို လ၊ နေတို့ဆိုတဲ့ လှည်းဘီးအစုံနဲ့ဆိုရင် ငါ့ရွှေရထားဟာ လှပတင့်တယ်မှာဘဲ။

ပုဏ္ဏားကြီး။ ။ အသင်လုလင် မတောင့်တအပ်သော လ၊ နေ တို့ကို တောင့်တတဲ့သင်ဟာ လူမိုက်ဘဲ။ သင်တော့ သေရမှာဘဲလို့ ငါထင်တယ်။ သင်လုလင် လ၊ နေတို့ကို ရမှာမဟုတ်ဘူး။

နတ်သား။ ။ ပုဏ္ဏားကြီး မိမိမရနိုင်သော်လည်း မျက်ဝါးထင်ထင် ရှုကြည့်၍ မြင်ရသည်ကို လိုချင်တောင့်တ ငိုကြွေးသောသူနဲ့ မိမိလည်းမရ၊ အရိပ်မျှမထင်၊ မမြင်သောအရာကို အခါခါတောင့်တ ငိုကြွေးသော ထိုနှစ်ဦးတွင် အဘယ်သူကပို၍ မိုက်ပါသလဲ...?

ပုဏ္ဏားကြီး။ ။ အသင်လုလင် အသင်ဟာ ကောင်းသော စကားကိုပြောပေတယ်။ ကောင်းကင်က လ၊ နေကို တောင့်တသကဲ့သို့ သေပြီးတဲ့သားကို တောင့်တငိုကြွေးရတာ အလွန်မိုက်မဲလှပါတယ်။

ကျွန်ုပ်ရဲ့ ဖြေသိမ့်တဲ့ စကားကြောင့် ဖခင်ပုဏ္ဏားကြီး သက်သာရာရကြောင်းကို ဖခင်ကြီးရဲ့ အောက်ပါစကားများကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါသည်။

ပုဏ္ဏားကြီး။ ။ အသင်လုလင် အလျှံ တပြောင်ပြောင် တောက်နေတဲ့ ထောပတ်ဆီလောင်းထားတဲ့မီးကို ရေနဲ့ ငြိမ်းလိုက်သလို သောကမီးတောက်လောင်နေတဲ့ ငါ့ကို တရားရေစင်သွန်းလောင်းပြီး အလုံးစုံပူလောင်ခြင်း ငြိမ်းစေလိုက်ပြီ။

လုလင် သောကနှိပ်စက်သော ငါ့ရဲ့သား၌ဖြစ်သော စိုးရိမ်ခြင်းကို ပယ်ဖျောက်ပေးတဲ့ သင်လုလင်ဟာ ငါ့ရဲ့နှလုံးသားမှာ စူးနေတဲ့ ငါ့ရဲ့စိုးရိမ်မှုငြောင့်ဆူးကို နုတ်ပစ်လိုက်ပြီလုလင် ငါဟာ အသင်လုလင်ရဲ့ စကားကို ကြားရလို့ စိုးရိမ်ခြင်း ငြောင့်တတင်းကိုနုတ်လိုက်ပြီး ငြိမ်းအေးပြီ၊ ငြိမ်းချမ်းပြီ။

အဲဒီလိုဖခင်ကြီးက ရေရွတ်မြည်ပြီးမှ အကျွန်ုပ်ကို ''သင့်ရဲ့နာမည် ဘယ်လိုခေါ်လဲ သင်ဟာဘယ်သူ့သားလဲ'' လို့ မေးဖော်ရပါတော့တယ်။ အဲဒီတော့မှ ကျွန်ုပ်ကလည်း ဖခင်ဟောင်းပုဏ္ဏားသူဌေးကြီးကို ''သင်ပုဏ္ဏားသူဌေးကြီးရဲ့သား ဖြစ်ကြောင်း၊



ကုသိုလ်ကောင်းမှုကိုလုပ်၍ တာဝတိံသာနတ်ပြည်သို့ ရောက်ရှိနေကြောင်း''ကို ပြောပြပါသည်။

အဲဒီအခါမှာ ပုဏ္ဏားကြီးက ''အို လုလင်… ငါတို့မှာ အလှူဆိုရင် နည်းတာလည်း မလှူခဲ့၊ များတာလည်းမလှူခဲ့ပါ။ ဥပုသ် စောင့်သုံးမှုလည်းမရှိခဲ့ပါ။ ဘယ်လို ကောင်းမှုကံကြောင့် ယခုလို နတ်ပြည်ကို ရောက်ရပါသလဲ'' လို့ တစ်ဖန် မေးမြန်းပါတယ်။ ထိုအခါမှာ ပုဏ္ဏားကြီးကို ''ပုဏ္ဏားကြီး ငါဟာ အနာရောဂါ ပြင်းထန်စွာခံစားနေရစဉ်မှာ သစ္စာလေးပါးကို သိတော်မူတဲ့၊ ကိလေသာ မြူကင်းတဲ့၊ ယုံမှားခြင်းတွေကို ပြီးမြောက်ပြီးတဲ့၊ မနှိုင်းယှဉ်နိုင်တဲ့ မြတ်တဲ့ပညာတွေရှိတဲ့ မြတ်စွာဘုရားကို ဖူးမြင်လိုက်ရတယ်။ အဲ့ဒီငါဟာ ဝမ်းမြောက်တဲ့စိတ်နှလုံး၊ ကြည်ညိုတဲ့ စိတ်နှလုံးရှိခဲ့ပြီး မြတ်စွာဘုရားကို လက်အုပ်ချီခဲ့တယ်။ ငါဟာ ထိုကုသိုလ်ကံကို ပြုပြီး တာဝတိံသာနတ်ပြည်ကို ရောက်ရပါတယ်'' လို့ပြန်လည် ပြောပြရပါတယ်။

ကျွန်ုပ်က ထိုသို့ ပြောနေစဉ်မှာဘဲ ပုဏ္ဏားကြီးဟာ ကျေနပ်နှစ်သက်ပြီး ပီတိတွေဖြစ်နေပါတယ်။သူ့ရဲ့ ပီတိအဟုန်ကြောင့် ထွက်ပေါ်လာတဲ့ စကားတွေကတော့…

''လုလင် လက်အုပ်ချီမိုးရှစ်ခိုးမှုကံကြောင့် ဒီလိုနတ်ပြည်ကို ရောက်ရတာဟာ အံ့ဩဖို့ကောင်းပါတယ်။ ထူးဆန်းပါပေတယ် ငါလည်းဘဲ ဝမ်းမြောက်သော စိတ်နှလုံးရှိပြီး၊

ကြည်ညိုသောစိတ်ရှိပြီး ဒီနေ့မှာပဲ မြတ်စွာဘုရားကို ကိုးကွယ်ပါတော့မယ်'' ဆိုတဲ့စကားတွေပါ။

အဲဒီတော့ ကျွန်ုပ်ကလည်း ပုဏ္ဏားကြီးကို သံသရာမှာ ချမ်းသာစေလို၍၊ ကောင်းစားစေလို၍ ''အိုပုဏ္ဏားကြီး ဒီနေ့ကစပြီး ကြည်ညိုတဲ့စိတ်နဲ့ မြတ်စွာဘုရားကိုလည်းကောင်း၊ တရားကိုလည်းကောင်း၊ သံဃာကိုလည်းကောင်း၊ ကိုးကွယ်ပါ ငါးပါးသီလကို မကျိုးမပေါက် ကောင်းစွာစောင့်ထိန်းပါ ပုဏ္ဏားကြီး သင့်အိမ်မှာ စည်းစိမ်ဥစ္စာတွေ အများကြီးရှိတယ်၊ ဘုရားရှင်ကို ဆည်းကပ်ပြီး အလှူဒါနတွေ ပြုလုပ်လှူဒါန်းပါ။ တရားတော်မြတ်ကို နာကြားပါ။ အမေးပုစ္ဆာများကို မေးလျှောက်ပါလို့'' တိုက်တွန်း ပြောဆိုပါတယ်။

ကျွန်ုပ်လည်း ဖခင်ဟောင်းကို ထိုကဲ့သို့ ပြောဆို တိုက်တွန်းပြီး မိမိနေရာ တာဝတိံသာနတ်ပြည်သို့ ပြန်လာခဲ့ပါတယ်။

သိပ်မကြာပါဘူး။ မြတ်စွာဘုရားက ကျွန်ုပ်ကို ကျွန်ုပ်ရဲ့ ဗိမာန်ချွေရံစည်းစိမ်နှင့်တကွ လာစေသတည်းလို့ မိန့်ဩန်တော်မူလို့ ကျွန်ုပ်ဟာ နတ်တို့ခန္ဓာကိုယ်၊ နတ်တို့တန်ဆာ၊ နတ်တို့ဗိမာန်နှင့်တကွ လူ့ပြည်ကိုလာပြီး ဗိမာန်မှဆင်းကာ မြတ်စွာဘုရားကို ရှိခိုးပြီး သင့်တော်တဲ့နေရာမှာနေ ၊ နေလိုက်ပါတယ်။ မြတ်စွာဘုရားကို သံဃာတော်နှင့်ကွ ဖခင်ဟောင်းပုဏ္ဏားကြီးက ပင့်ဖိတ်ပြီးဆွမ်းခဲဖွယ် ဘောဇဉ်တွေကို လှူဒါန်းဆက်ကပ်တဲ့ပွဲမှာပါ။ လူတွေအများကြီးလည်း ဒီပွဲကိုစုဝေးရောက်ရှိနေကြပါတယ်။ ကျွန်ုပ်ရောက်လာတော့ မြတ်စွာဘုရားရှင်က ကျွန်ုပ်ကို ''သင်နတ်သားသည် ဤစည်းစိမ်ကို ဘယ်လို ကောင်းမှုကံကို ပြုလုပ်၍ ရသနည်း'' လို့ မေးတော်မူပါတယ်။

ကျွန်ုပ်ကလည်း မြတ်စွာဘုရားကို...

''မြတ်စွာဘုရား တပည့်တော်သည် ဤစည်းစိမ်ချမ်းသာကို မြတ်စွာဘုရားတို့၌ စိတ်ကိုကြည်ညိုစေ၍ ရအပ်ပါသည်'' လို့ လျှောက်ပါတယ်။

မြတ်စွာဘုရားကတဖန် ကျွန်ုပ်ကို ''အသင်သည် ငါဘုရား၌ စိတ်ကို ကြည်ညိုစေခြင်းကြောင့် ဤစည်းစိမ်ချမ်းသာကို ရလေသလော'' ဟုထပ်မံ၍ မေးတော်မူသောအခါ ကျွန်ုပ်က မြတ်စွာဘုရားကို ''ဟုတ်မှန်လှပါ၏ အရှင်ဘုရား'' ဟု ထပ်မံ လျှောက်ထားပါတယ်။

ထိုအခါ လူအပေါင်းဟာ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတော်သည် အလွန်အကျူးအထူးသဖြင့် ချီးမွမ်းဖွယ်ကြီးပါတကား၊ အဒိန္နပုဗ္ဗက ပုဏ္ဏားကြီးရဲ့သား မဋ္ဌကုဏ္ဍလီဟာ အခြားသော ကုသိုလ်ကောင်းမှုကိုမလုပ်ဘဲ မြတ်စွာဘုရားကို စိတ်ထဲ၌ ကြည်ညိုစေခြင်းကြောင့် ဤကဲ့သို့ စည်းစိမ်ချမ်းသာကို ရလေတယ်လို့ ချီးမွမ်းစကား ပြောကြားကြပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားရှင်က ပရိတ်သတ် လူအများတို့ကို ''ကုသိုလ်ကံစီမံအားထုတ်ပြုလုပ်သောအခါ၌ စိတ်သာလျှင် ပြဋ္ဌာန်းတယ်၊ စိတ်သာလျှင်မြတ်တယ်။ ကြည်ညိုမြတ်နိုးတဲ့စိတ်နဲ့ ပြုအပ်သောကောင်းမှုကုသိုလ်ကံဟာ နတ်ပြည်သို့လည်းကောင်း၊ လူ့ပြည်သို့လည်းကောင်း ကျင်လည်ပြောင်းရွှေ့ရတဲ့ ပုဂ္ဂိုလ်သို့ အရိပ်ပမာ မိမိကိုယ်ကိုမစွန့်ဘဲနဲ့ ထပ်ကြပ်မကွာ အစဉ်လိုက်တယ်'' လို့ အမိပ္ပါယ်ရတဲ့အောက်ပါ ပါဋိဂါထာတော်လေးကို ဟောတော်မူလိုက်ပါတယ်။

*မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။*
*မနသာ စေ ပသန္နေန ၊ ဘာသတိ ဝါ ကရောတိ ဝါ။*
*တတော နံ သုခမန္ဝေတိ၊ ဆာယာဝ အနပါယိနီ။*

ဟူ၍ဖြစ်ပါသည်။

မြတ်စွာဘုရားဟောတော်မူတဲ့ဒီဂါထာလေးအဆုံးမှာတော့ အကျွန်ုပ်မဋ္ဌကုဏ္ဍလီ နတ်သားသည်မြတ်စွာဘုရားရဲ့တရားတော်ကိုနာယူရင်း မိမိရဲ့ခန္ဓာကိုယ်ကို စိတ်စိုက်ပြီးရှုမှတ်ခဲ့တော့ တရားတော်လဲ ဆုံးကော စက္ကူတစ်ထပ်ကို ဖောက်စက်နဲ့ ဖောက်ချလိုက်ပြီး အဲဒီစက္ကူတွေကိုပြန်ခွာလိုက်ရင် စက္ကူရွက်တိုင်းမှာ အပေါက်လေးတွေ အကုန်ဖြစ်နေသလို ဝိပဿနာဉာဏ်တွေဟာ တစ်ချက်ထဲ အဆင့်ဆင့်တက်ချသွားခဲ့ပြီး သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ် ကိုရရှိသွားပါတယ်။

ကျွန်ုပ်ရဲ့ ဖခင်ဟောင်း ပုဏ္ဏားကြီးလည်း ကျွန်ုပ်လိုဘဲ သောတာပတ္တိမဂ်ဖိုလ်ကို ရရှိသွားပါတယ်။ ဖခင်ဟောင်းကြီးဟာ သူ့ရဲ့ ကြီးစွာသောစည်းစိမ်ဥစ္စာကို မြတ်စွာဘုရားရဲ့ သာသနာတော်မှာ စွန့်လွှတ်လှူဒါန်းတော့မှာပါ။ ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတွေလည်း အကျွတ်တရား ရကုန်ကြပါတယ်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ဆည်းကပ်ကိုးကွယ်ပူဇော်မှုကြောင့် ကျွန်ုပ်တို့သားအဖဟာ စကြာဝတေးမင်းစည်းစိမ်ထက် တစ်ဆယ့်ခြောက်ဆသာလွန်တဲ့ သောတပန်ပုဂ္ဂိုလ်များ အဖြစ်သို့ ရောက်ရခြင်းပါ။ မြတ်စွာဘုရားရှင်ကို ကျွန်ုပ်တို့ သားအဖဟာ ရုပ်နာမ်ခန္ဓာ ချုပ်ငြိမ်းတဲ့အထိ ကြည်ညိုဆည်းကပ် ကိုးကွယ်သွားမှာပါ။ ဗုဒ္ဓရဲ့ စွမ်းရည်ဟာ ကျွန်ုပ်တို့ သားအဖအပေါ် အလွန်အကျိုးကြီးမားတယ်ဆိုတာ ကျွန်ုပ်တို့ သားအဖ ရရှိခံစားလိုက်တဲ့ တရားထူးများကြောင့် ကိုယ်တွေ့ဘဲ ဖြစ်ပါတော့တယ်။

* * *

*မြနှင်းဆီ*


သောင်းဝေဦး
ကျစ္စာချောင်ကို သတိရသည်

"ကိုရေ ဆရာတော် ဦးလက္ခဏ ရန်ကုန်ရောက်နေတယ်တဲ့"

"ဟေ"

ဇနီးသည်က သတင်းပေးသည်။ နောက်တစ်နေ့ ဆရာတော်သီတင်းသုံးရာ ဒဂုံမြို့သစ်က လက္ခဏာရာမကျောင်းတိုက်သို့ သွားခဲ့၏။ ဆရာတော်အလုပ်များနေသဖြင့် ချက်ချင်းသတိမထားမိ၊ အခြားသောဒကာ၊ ဒါယိကာမများရောက်လာမှ ဆရာတော်က -

"ဗိုလ်မှူးကြီးသောင်းဝေလဲ ခေါ်ထားတယ်" ဟု အမိန့်ရှိရာ

"တပည့်တော်ရောက်နေပါပြီဘုရား" ဟု လျှောက်ရတော့သည်။

ထိုအခါ ဆရာတော်က ပြုံးတော်မူသည်။

"ဒကာဗိုလ်မှူးကြီးက ခေါင်းတုံးနဲ့ကိုး၊ ရုတ်တရက်ဆိုတော့ မမှတ်မိဘူး" ဟု အမိန့်ရှိလေသည်။

လွန်ခဲ့သည့် ၂ နှစ်၊ ၃ နှစ်က ဒုလ္လဘက လူထွက်ခဲ့သော်လည်း ဆံပင်ကိုတော့ မထားတော့။ ခေါင်းတုံးဖြင့် နေရတာခေါင်းရှင်း၍ ခေါင်းတုံးဖြင့်ပင်နေခဲ့သည်။ ထို့ကြောင့် ဆံပင်ရှည်ဖြင့်မြင်နေကျ လူများ ချက်ချင်းမမှတ်မိကြ။ ဆရာတော်ကား ယခုအခါသက်တော် (၇၅) နှစ်ပင်ရှိနေပြီ။ အမြင်အာရုံများ လျော့မည်ဆိုလည်း လျော့နိုင်ပါ၏။ ထို့ကြောင့် မမှတ်မိခြင်းလည်း ဖြစ်နိုင်၏။ ဒကာ၊ ဒါယိကာမ လူစုံသည့်အခါ ဆရာတော်က ရန်ကုန်ရောက်တုံးဆောင်ရွက်လိုသည်များကို အမိန့်ရှိ၏။

စာရေးသူ ကျွန်တော်နှင့်တော့ သီးခြားပြောဆို အမိန့်ရှိပါသည်။ ဆရာတော်အား လာရောက်တွေ့ဆုံသူ တပည့်ဒါယကာများများနေသဖြင့် စကားပြောချိန် ခေတ္တသာရ၏။ ဆရာတော်ပြောစရာရှိသည်များ အမိန့်ရှိပြီးသည်နှင့် ဦးချကာ ပြန်ခဲ့ပါသည်။

လမ်းတွင်တော့ ဆရာတော်နှင့် မိမိစတင်တွေ့ဆုံပုံကို ပြန်လည်စဉ်းစားမိ၏။

* * *

၁၉၉၂ ခုနှစ်က ဖြစ်ရပ်များ -

မြန်မာ့တပ်မတော်က KNU ဗဟို မာနေပလောအား ထိုးစစ်ဆင်သည်။ မဆင်လို့ကလဲမရ၊ KNU ဗဟို မာနေပလော၌ တပ်မတော်အစိုးရကို ဆန့်ကျင်နေသည့် အဖွဲ့အစည်းအကုန်ရှိနေသည်။ KNU, ABSDF, NLD (L.A), DAB, NCGUB စသည်တို့ဖြစ်၏။ ရှာသာသာ မာနေပလောအား မြို့အဖြစ် အမွမ်းတင်ကာ နိုင်ငံခြားအသံလွှင့်ဌာနများက သိဒ္ဓိတင်ပေးနေသည့် ကာလလည်းဖြစ်၏။

ထို့ကြောင့် သောင်းကျန်းသူ ပေါင်းစုံတို့ စုဝေးရာ မာနေပလောအား တပ်မတစ်ခုဖြင့် အနောက်ဘက်မှ စစ်မျက်နှာဖွင့်ပြီး တိုက်ရ၏။ ရက်ပေါင်းအတော်ကြာသည်အထိ မိမိတို့တပ်များ သံလွင်ကို မကျော်နိုင်ပါ။ သံလွင်အနောက်ဘက်မှာရှိနေသည့် ရန်သူစခန်းများကိုပင် အသဲအသန် ထွေးလုံးရစ်ပတ်တိုက်နေရသည်။ အဓိကစခန်းဖြစ်သည့် ထွီဖားဝီကျိုးခေါ် ခွေးအိပ်တောင်ကိုပင် မသိမ်းနိုင်သေးပါ။

မာနေပလောက သံလွင်အရှေ့ဘက်ကမ်းမှာ ရှိနေသည်။ အနောက်ဘက်ကမ်းက ခွေးအိပ်တောင်ပင်မရသေး၍ စစ်ရုံးကအားမလို အားမရဖြစ်လာသည်။

"ဒီအတိုင်းဆိုရင် နောက်ထပ် တပ်မတစ်ခု သွင်းမှရမယ်"

တောင်ဘက်မှ တပ်မတစ်ခု ထပ်သွင်းပြီး မာနေပလောအားအနောက်ဘက်နှင့် တောင်ဘက်မှ စစ်မျက်နှာနှစ်ခု ဖွင့်ကာ တိုက်တော့၏။ တိုက်တော့လည်း အတင်းဒလကြမ်းတိုက်ကြရသည်။

တောင်ဘက်မှ ဝင်တိုက်ရသည့် တပ်မကား စာရေးသူပါဝင်သည့် တပ်မဖြစ်၏။ နည်းဗျူဟာမှူးဖြစ်ပြီး ရက်ပိုင်းကာလမှာပင်တပ်ရင်းသုံးရင်းဖြင့် ရှေ့တန်းပါသွားသည်။ ဟိုရောက်တော့ -

"ကိုင်း ဗျူဟာမှူးအသစ်ကလေး၊ အဲ့ဒါ ရန်သူ့စခန်းတွေဘဲ၊ တိုက်တော့" ဟု တပ်မမှူးက လက်ညှိုးထိုးကာ တာဝန်ပေး



တော့သည်။

စာရေးသူကား လူလိမ္မာ မဟုတ်ပါ။ လူမိုက်ဖြစ်ပါ၏။

ဒုတပ်မမှူးညွှန်ပြသည့် ဘီန၊ နော်တ၊ ကျောကနှံလန့်တို့ကို အတင်းဝင်တိုက်သည်။ ပထမပွဲအငိုက်ရ၍ အောင်ပါသည်။ ဒုတိယပွဲကျတော့ ရန်သူ့ခံစစ်က အလွန်ကောင်းနေသည်။ ကောင်းမှာပေါ့ ခင်ဗျာ၊ ရန်သူက ပတ်ဝန်းကျင်ကျေးရွာများ အကူအညီဖြင့် ခံစစ်ကို ၂ မိုင် ၃ မိုင်ရှည်သည့် ကျင်းအရှည်ကြီးများကို နိုင်ငံခြားစစ်ဗဟိုများ လမ်းညွှန်ချက်ဖြင့် တူး၍ အသေအကျေခုခံတော့သည်။ စာရေးသူကလည်း မရမက ရှေ့ကနေပြီးတိုက်သည်။ ရန်သူ့မိုင်းကွင်းများဖြတ်၍ တိုက်ရရာ အကျအဆုံးများပြားလှ၏။ နေ့စဉ် သွေးချင်းချင်းနီနေတော့၏။

စာရေးသူသည် အတ္တမာနအလွန်ကြီးသူဟု ဆိုနိုင်ပါသည်။ ငါတိုက်ရင် ရရမယ်၊ နိုင်ရမယ်ဆိုသည့် စိတ်ဖြင့် ကိုယ်တိုင်တိုက်ပွဲဝင် တပ်များကို အနီးကပ်ကြီးကြပ်ပြီး ဝင်တိုက်သည်။ ရန်သူ၏ အဓိက ခံစစ်ဘီနကို တိုက်ခြင်းဖြစ်ပါသည်။ ဘီနက မာနေပလောနှင့် ဘာမျှမဝေးတော့၊ မိုင်အနည်းငယ်သာ ကွာတော့သည်။ ဘီနကား မြေအောက်ဂလိုဏ်ကျင်းများ၊ foxhole များနှင့် တကယ့်ခံစစ်ကြီးဖြစ်၏။ သုံးကြိမ်တိုက်ပြီးသည့် နောက်တွင်ကား စာရေးသူဘက်မှ တပ်ရင်းတစ်ရင်းစာမျှ ပြုံးတီးသွားတာတောင် စခန်းက မကျပါ။ မရပါ။ အားမလိုအားမရနှင့် တောက်တစ်ခေါက်ခေါက်ဖြစ်နေချိန်မှာပင် စာရေးသူ မမျှော်လင့်သော ကြီးမားသည့် အပြောင်းအလဲကြီးတစ်ခု ပေါ်လာ၏။

ထိုအပြောင်းအလဲကြီးကား တပ်မတော် ဦးစီးချုပ် အပြောင်းအလဲပင်တည်း။ နောက်တတ်လာသည့် ဦးစီးချုပ် အသစ်က -

" တိုက်ပွဲတွေ အားလုံးရပ်၊ တွေ့ဆုံဆွေးနွေးပြီး အဖြေရှာမယ်" ဟု လမ်းညွှန်ချက်ပေးလိုက်ရာ တိုက်ပွဲများလုံးဝရပ်လိုက်ရ၏။ အောင်ခါနီးမှ ရပ်လိုက်ရ၍ စိတ်ထဲတွင်တော့ ဘဝင်မကျမိပါ။ သို့ရာတွင် အမိန့်က အမိန့်ပေဘဲ၊ နာခံရမည်သာ။

လေးလခန့် စစ်မြေပြင်တွင် တာဝန်ထမ်းဆောင်ပြီး ရှေ့တန်းမှ ပြန်ခဲ့ရပါသည်။ တပ်မဌာနချုပ်ရောက်တော့ သူ့ဘက်ကိုယ့်ဘက် သေကြေကျကြသူများအတွက် တနုံ့နုံ့စဉ်းစားရင်း စိတ်မကောင်းဖြစ်မိပါသည်။ ရက်ပေါင်းအတော်ကြာ ငူငူငိုင်ငိုင် ဖြစ်နေ၏။

'ကျသွားတဲ့ ကိုရဲဘော်တွေ စိတ်မကောင်း ဖြစ်သလားကို၊ ဒါဆိုရင်လဲ သူတို့အတွက် အလှူအတန်းလုပ်ပြီး အမျှအတန်း ဝေပေါ့ ကိုရယ်'

ဟု ဇနီးသည်က အကြံပြုသည်။

'ဒါဆိုရင် ဘယ်မှာသွား အလှူလုပ်ကြမလဲ'

စာရေးသူတို့တပ်မက စစ်ကိုင်းတွင်ဖြစ်ရာ စစ်ကိုင်းတောင်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံ တစ်ခုခုတွင် အလှူလုပ်ရန် ဇနီးသည်နှင့် ညှိနှိုင်းသဘောတူကြ၏။

ဤတွင် စစ်ကိုင်းတောင်ရိုးရှိ ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံတွင် အလှူလုပ်ဖြစ်ပါတော့သည်။ ဆေးရုံ တည်ထောင်သူကား ကျစွာချောင် ဆရာတော် ဦးလက္ခဏပေတည်း။

"တပည့်တော် စစ်ကိုင်းတပ်မက ဗျူဟာမှူးပါဘုရား၊ ရှေ့တန်းမှာ ကျဆုံးခဲ့တဲ့ ရဲဘော်တွေအတွက် အလှူလုပ်ခြင်းဖြစ်ပါတယ်ဘုရား"

ဟု ဆရာတော်ကိုလျှောက်ထားသည်။ ဆရာတော်က သူ့တော်ကောင်းပီပီ သိမ်မွေ့စွာပြုံး၍ မေတ္တာတရားကို ဟောကြားကာ စာရေးသူ၏ အလှူအားလက်ခံခဲ့၏။ ထိုအချိန်မှစ၍ ဆရာတော်နှင့် ဆရာဒကာဖြစ်သွားပါသည် ခင်ဗျား။

စစ်ကိုင်းမှာ ဗျူဟာမှူးတာဝန်နှင့် လေးနှစ်ကြာခဲ့၏။ ထိုလေးနှစ်တာကာလ၌ ဆရာတော်နှင့် မကြာမကြာတွေ့ဆုံဖြစ်သည်။

"ဒကာ ဗျူဟာမှူး၊ စစ်ရေးတာဝန်ထမ်းဆောင်တဲ့အခါမှာ မေတ္တာတရားရှေ့ထားပါ။ တာဝန်အရ ဆောင်ရွက်ရပေမဲ့ ဘယ်သူ့ကိုမှ မေတ္တာမပျက်နဲ့၊ ဗိမ္ဗိသာရမင်းကြီး စစ်တိုက်သလို တိုက်ပါ"

'အမိန့်ရှိပါဘုရား'

"ဗိမ္ဗိသာရမင်းကြီးက သူ့စစ်သားတွေကို မှာတဲ့အခါ ဒုက္ခရောက်နေတဲ့ သူတွေကို ကယ်တင်တယ်လို့ သဘောထား၊ ကိုယ်နဲ့မတည့်တဲ့ ကိုယ့်ရန်သူတွေ သေကျေပျက်စီးပါစေဆိုတဲ့ စိတ်မထားပါနဲ့လို့ မှာတယ်။ ဒါကြောင့် သူတို့ တိုက်ပွဲတွေ အားလုံးလိုလို မေတ္တာနဲ့ နိုင်ခဲ့တယ်" ဟု အမိန့်ရှိလေသည်။

ဆရာတော်၏ မှာကြားချက်အတိုင်း အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့်ထင်ပါ၏။ ၁၉၉၅ ဒုတိယအကြိမ် မာနေပလောတိုက်တော့ လုံးဝသွေးထွက်သံယိုမဖြစ်ဘဲ စာရေးသူတို့ အောင်ပွဲရခဲ့ပါသည်။ မာနေပလော သိမ်းပြီးသည်အထိ အကျအဆုံး တစ်ဦးတစ်ယောက်မျှမရှိခဲ့ပါ။ 'အင်း… မေတ္တာတန်ခိုးက အတော်ကြီးမားပါလား' ဟု အထက်ပါအတိုင်း တွေးမိခဲ့ပါသည်။

၁၉၉၅ နှစ်ကုန်တွင် နည်းဗျူဟာမှူး တာဝန်မှ နယ်ဘက်သို့ လွှဲပြောင်းတာဝန်ထမ်းဆောင်ရပါသည်။ ထိုအခါ ဆရာတော်နှင့် ဝေးကွာသွားတော့၏။

သို့ရာတွင် ရေစက်မကုန်၍ ပြန်ဆုံကြပြန်သည်။ ပြန်လည်တွေ့ဆုံပုံမှာ -

* * *

သက္ကရာဇ် ၂၀၀၀ ပြည့်နှစ် မိုးကုန်ခါနီးကာလ-

စာရေးသူသည် ရန်ကုန်နှင့် မိုင် ၅၀ ကျော် ဝေးကွာသည့် စီမံကိန်းဝင် စိုက်မွေးစခန်းကြီးတစ်ခုကို ကြီးကြပ်နေရ၏။ စခန်းကြီးကား စတုရန်းမိုင် ၁၀၀ ကျော်ပါသည်။ မြေလွတ်မြေရိုင်းများကို ရှင်းလင်းပြီး မြေယာသစ်များ ဖော်ထုတ်ကာ စပါးစိုက်ပျိုးရခြင်းဖြစ်ပါ၏။

ရေးကြီးရေလျှံကွင်းကြီးမို့ အခက်အခဲများ တစ်ပုံတစ်ပင်ပါပင်။ အဆိပ်ရှိသော မြွေနှင့် ကင်းများလည်းပေါလှ၏။ စီမံကိန်းကာလ ၂ နှစ် ၃ နှစ်အတွင်းမှာပင် လူ ၂၀ ကျော်သေဆုံးခဲ့ရသည်။ ရေနစ်သေ၏၊ မြွေကိုက်သေ၏၊ မတော်တဆယာဉ်အန္တရာယ်များနှင့် သေ၏။ အသေအပျောက်များလှသဖြင့် တတ်ကျွမ်းနားလည်သူများနှင့် တိုင်ပင်တော့ ဘုရားတစ်ဆူတည်ထားကိုးကွယ်မှ အသေအပျောက်များကင်းသွားမည်ဟု အဖြေထွက်လေသည်။

စာရေးသူ ဘုရားဒကာ ဖြစ်ရပြန်၏။ တာဝန်ရှိသူများ ခွင့်ပြုချက်ဖြင့် စာရေးသူ တာဝန်ကျရာ UDO ဒေသရှိ 'အေးချမ်းစည်ပင် ဆုတောင်းပြည့် စေတီတော်' အား တည်ဖြစ်သည်။

ဘုရားထီးတင်မယ်လုပ်တော့ ထီးတင်မည့် ဆရာတော် သံဃာတော်များက -

'ဘုရားဒကာ ငါးပါးသီလလုံရမယ်၊ သီလစင်ကြယ်မှ ထီးတင်ပွဲအောင်မယ်' ဟု အမိန့်ရှိပြန်ပါသည်။

စာရေးသူကား ထိုအချိန်က ကိလေသာများ တဟုန်းဟုန်း လောင်မြိုက်နေသူဖြစ်ရာ ငါးပါးသီလ မလုံခြုံပါခင်ဗျာ၊ တစ်ပါး နှစ်ပါးကတော့ အမြဲတန်းကျိုးပေါက်နေပါသည်။ ဒါတွေကင်းသွားအောင် ဘာလုပ်ရမလဲ။ ဒုလ္လဘဝတ်လိုက်မှ ရမယ်ဆို၏။ ဒါဆို ဘယ်မှာဝတ်မှာလဲ၊ ရန်ကုန်မှာဝတ်ရင်တော့ ကိစ္စဝိစ္စတွေများနေဦးမယ်။ ခပ်လှမ်းလှမ်းနေရာ စဉ်းစားလိုက်တော့ ဆရာတော် ဦးလက္ခဏကို သတိရမိတော့သည်။ ဖုန်းဖြင့် လှမ်းလျှောက်ထားကြည့်သည်။

'ဒကာ ဗိုလ်မှူးကြီးလာခဲ့ပါ'

ဟု ခွင့်ပြုချက်ရသဖြင့် ထိုနှစ် အောက်တိုဘာတွင် ဆရာတော် ဦးလက္ခဏ၏ ကျစ္စာချောင်၌ ဒုလ္လဘ ရဟန်းဝတ်ဖြစ်ပါတော့သည်။ ဆရာတော်က ရဟန်းဝတ်ကာလခုနစ်ရက်၌ တရားပါ မှတ်ရန် လမ်းညွှန်၏။ တရားမှတ်ပါသည်။ မနက် တရားမှတ်၊ နေ့လယ် တရားမှတ်၊ ည တရားမှတ်ဖြစ်၏။ စိတ်ကပျံ့လွင့်နေ၍ တရားမရပါ။ အကုသိုလ် အစွဲများက တော်တော်နဲ့မကျွတ်။

မနက်အရုဏ်ဆွမ်းစားချိန်၌ ဆရာတော်က -

'ဦးပဥ္စင်းကြီး တရားရလား' ဟု မေးတော်မူရာ၊ ဘာတရားမှ မရသည့် စာရေးသူက အမှန်အတိုင်းပင် -

'ဘာတရားမှ မရပါဘုရား' ဟု လျှောက်တော့ ပြုံးတော်မူလေသည်။

ဤ နေရာတွင် မမျှော်လင့်သော ကိစ္စတစ်ခုက ဖြစ်လာပြန်၏။ ထိုကိစ္စမှာ ဒုလ္လဘ ၂ ရက်မြောက်နေ့တွင် စာရေးသူ မျက်စိ အကြီးအကျယ် ကျိန်းတော့သည်။ မျက်လုံး ၂ လုံးလုံး ရဲရဲနီကာ ဖွင့်၍ပင် မရတော့။ ဆရာတော့် ဝါးချက်ဆေးရုံက ဆရာဝန်ကြီးများမှ ကုသပေးကြသည်။ မပျောက်ပါခင်ဗျာ။ စာရေးသူ၏ မျက်စိနာက ဝဋ်နာကံနာထင်ပါ၏။

'ရန်ကုန်ပြန်ပြီး အထူးကုဆရာဝန်ကြီးတွေနဲ့ ကုပါ'

တတ်ကျွမ်းနားလည်သူများက အကြံပြုသည်။

ဆရာတော်က -

"ဦးပဥ္စင်းကြီး လူထွက်ပြီး ရန်ကုန်ပြန်ကုချင်သလား" ဟု မေးတော်မူသည်။

ခုနစ်ရက် မပြည့်မချင်း လူမထွက်ဟု သံန္နိဋ္ဌာန်ချထားသည့် စာရေးသူက -

'တပည့်တော် ခုနစ်ရက်မပြည့်မချင်း လူမထွက်ပါဘူး ဘုရား' ဟု ပြန်လည်လျှောက်ထားသည်။ အမှန်လည်း ခုနစ်ရက်ပြည့်အောင် ဝေဒနာကို ရှုမှတ်ရင်း သည်းခံ၍ နေခဲ့ပါသည်။ ခုနစ်ရက်ပြည့်ပြီးမှ လူထွက်ပြီး ရန်ကုန်ကို လေယာဉ်ဖြင့် ပြန်ခဲ့၏။ ရန်ကုန်ရောက်တော့ မျက်စိနာရောဂါ အထူးကုဆရာဝန်ကြီးများနှင့် တစ်လခန့်ကုလိုက်မှ ရောဂါရှင်းရှင်းပျောက်တော့၏။

ထိုအခါကျမှ ထီးတင်ပွဲကြီးလည်း အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည် ခင်ဗျာ။

ဆရာတော်၏ ကျေးဇူးတရားများပါပေ။

* * *

ဆရာတော်၏ အခြား ကျေးဇူးတရား များလည်း ရှိသေး၏။

ဒုလ္လဘရဟန်းဘဝ၌ စာရေးသူအား နံနက်စောစော အိပ်ရာထစ အရုဏ်ဆွမ်းမစားမီ တရားရေအေး တိုက်ကျွေး၏။ ဟောသင့် ပြောသင့်သည်များ ပြောဆိုမှာကြားသည်။ ဆွမ်းအတူတူစားသည်။ တစ်ပါးတည်း သီတင်းသုံးစေကာ ချမ်းသာစွာထားသည်။ နေမှု ထိုင်မှု အစစအရာရာ အားလုံး လိုလေသေးမရှိပါပေ။

ဆရာတော်၏ ကျစ္စာချောင်ကလည်း ငြိမ်းအေးချမ်းသာသည့် သုတော်ကောင်းတို့ စံပျော်ရာမို့ နေရတာ စိတ်ချမ်းသာလှသည်။ စာရေးသူ၏ လောင်မြိုက်နေသော စိတ်ကို အတော်ပင် အေးငြိမ်းစေသည်။ အပူများလျှော့နည်းစေသည်။ စစ်ကိုင်းတောင်၊ ဧရာဝတီမြစ်ကြီးနှင့် စိမ်းလန်းစိုပြည်သော ကျစ္စာချောင်ကား စာရေးသူ၏ ဘဝတွင် မမေ့စရာဖြစ်ခဲ့ရသည်။ သင်္ကန်းဝတ်ဆို၍ ငယ်စဉ်တောင်ကျေး ကလေးဘဝ ခုနစ်နှစ်၊ ရှစ်နှစ်အရွယ်က တစ်ရက်နှစ်ရက်သာ ကိုရင်ဝတ်ခဲ့ဘူးပြီး အသက် (၆၀) နားနီးမှ ယခုပထမဆုံးအကြိမ် ဒုလ္လဘ ရဟန်းဘဝကို ကျစ္စာချောင်မှာ ခံယူခဲ့ရာ ကျစ္စာချောင် ဆရာတော်ဦးလက္ခဏကား စာရေးသူ၏ ဦးပဇ္ဈယ်ဆရာတော် ဖြစ်ခဲ့ပါ၏။

ယခုအခါ စာရေးသူလည်း အသက် (၆၆) နှစ် ရှိပါပြီ။ ဆရာတော်လည်း (၇၅) နှစ်ရှိပြီ။

ပြန်စဉ်းစားတော့ ၁၀ နှစ်တောင် ရှိသွားပြီဘဲ။ အချိန်တွေ အတော်ကြာခဲ့ပြီပေါ့။

ဆယ်စုနှစ်တစ်ခု ရှိသွားပြီ ဆိုသော်လည်း ကျစ္စာဆရာတော်နှင့် ကျစ္စာချောင်ကိုတော့ စာရေးသူ၏ ဘဝတွင် Mile Stone တစ်ခုအနေဖြင့် မမေ့မလျော့ သတိတရ အမှတ်ရနေဆဲပါတည်း။

* * *

*သတ္တဝါအပေါင်း ကျန်းမာချမ်းသာကြပါစေ*

*သောင်းဝေဦး*

